
# LIVINGCOLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်
စီးပွားရေးသတင်းမဂ္ဂဇင်း

No. 158, September, 2008

## ပြဿနာမီးထွန်းရှာသူများ



www.foreverspace.com.mm

www.foreverspace.com.mm

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

HOLLYWOOD
SINGAPORE
YANGON

This magazine is founded and managed by
board of directors of Myanmar Partners Think Tank Group
in june, 1995 underlicensed of Living Color.

RECYCLE
KEEP THE WORLD GREEN.

၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ ဆောင်းပါး ကာတွန်းများနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲ ထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။
၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။
၃။ ဤစာအုပ်၏ မြန်မာစီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဈေးကွက် ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားသားများအား [illegible] အပိုင်းလိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm

## Editorial

# နိုင်ငံသားအဖွဲ့အစည်းများ သန်စွမ်းရေး

ပြီးခဲ့သော မေလက ဖြစ်ပေါ်ခဲ့သော နာဂစ်မုန်တိုင်းအပြီးတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာတွင် အထူးကျော်ကြားသွားခဲ့ပြီး ကမ္ဘာပေါ်ရှိအင်အားကြီးသည်ဟု မိမိကိုယ်မိမိယူဆထားသည့် အဖွဲ့အစည်းအားလုံး မိမိတို့အဖွဲ့အစည်းအတွက် ကိုယ်စီမှတ်တိုင်စိုက်ထူရန် မြန်မာနိုင်ငံသို့လာရောက်ခဲ့ကြရသည်ကို တွေ့ရပါသည်။

မိမိတို့သည် လူသားချင်းစာနာထောက်ထားသည့်စိတ်ထား အပြည့်အဝရှိသည့်အဖွဲ့အစည်းဖြစ်သည်ဟု ပြသနိုင်ရန်အတွက်လည်းကောင်း၊ ထိုသို့ပြသသည့် အဖွဲ့အစည်းများတွင် ကျန်ရစ်ဖြစ်မနေခဲ့စေရန်အတွက်လည်းကောင်း လာခဲ့ကြသော နိုင်ငံတကာအဖွဲ့အစည်းမျိုးစုံသည် ယခုအခါ မြန်မာနိုင်ငံ ဧရာဝတီတိုင်းရှိဒေသအသီးသီးတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။ ထိုသို့ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ရန်ကုန်မြို့တော်တွင် Cluster Meeting ခေါ် လုပ်ငန်းမျိုးစုအလိုက် အစုအဖွဲ့အစည်းအဝေးများ ကျင်းပနေခဲ့ကြသည်ကိုလည်း တွေ့မြင်နိုင်ပါသည်။

သို့သော်လည်း ထိုသို့သော Cluster Meeting ခေါ် လုပ်ငန်းမျိုးစုအလိုက် အစည်းအဝေးပွဲများကိုကြည့်လျှင် နိုင်ငံခြားသားအများစုဖြစ်ပြီး နိုင်ငံသားအနည်းအကျဉ်းသာပါဝင်သည်ကို တွေ့ရပေသည်။ နိုင်ငံခြားသားများအနေဖြင့် ရေခြား၊ မြေခြားမှ မြန်မာနိုင်ငံသို့ လာရောက်ကူညီသည်ကို ကျေးဇူးတင်ရှိရမည်မှန်သော်လည်း မြန်မာနိုင်ငံသားများ အိပ်မက်မမက်နိုင်သော လစာ ရိက္ခာနှင့် အခွင့်အရေးများရရှိ၍ လာရောက်သူများဖြစ်ကြပါသည်။ ထိုစရိတ်စကများသည်လည်း ဧရာဝတီတိုင်းမှ ပြည်သူလူထုအတွက် မည်မျှထောက်ပံ့ထားပါသည်ဆိုသော အလှူငွေစာရင်းတွင် ထည့်ပေါင်းသွား လိမ့်မည်ဆိုသောအချက်ကိုလည်း စာဖတ်သူများ သတိပြုစေလိုပါသည်။

ဆိုလိုသည်မှာ လာရောက်ကူညီသူများကို ကျေးဇူးမတင်လိုသည့်သဘောမဟုတ်ဘဲ မြန်မာနိုင်ငံသို့ ကူညီထောက်ပံ့မှုများသည် နိုင်ငံသားအဖွဲ့အစည်းများ သန်စွမ်းမှုရှိခဲ့လျှင် ပိုမို၍ ထိရောက်လိမ့်မည်ဆိုသောသဘောကို ဆိုလိုရင်းဖြစ်ပါသည်။

**အယ်ဒီတာ**
**၁၁-၈-၂၀၀၈**

LIVING COLOR

LIVING COLOR. No.158, SEPTEMBER. 2008.

www.foreverspace.com.mm

၁ အယ်ဒီတာ့အာဘော်

၄ ယခုလအကြိုက်ဆုံးကြော်ငြာ

၅ ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

၆ ယခုလသတင်းအညွှန်း

၈ မြန်မာ့စီးပွားရေးသတင်း

၃၄ မျက်နှာဖုံးဆောင်းပါး
ပြဿနာစီးထွန်းရှာသူများ
ဘုန်းမေညွန့်လူ

၃၈ စွန့်ဦးတီထွင်စီးပွားဖြင့် နိုင်ငံတည်ဆောက်ခြင်း
မင်းညိုစံ

၄၈ မြန်မာ့စီးပွားရေးအမြင်
လူမှုရေးစွန့်ဦးတီထွင်
ရဲမင်းဦး

၅၂ အမှားများနှင့်ဖွံ့ဖြိုးရေး
နွဲ့ကေခိုင်

၅၆ မြန်မာ့စီးပွားရေးမြင်ကွင်း
စီးနစ်ငှက်ပြစ်ရို့ သွေးသစ်လောင်းရမယ် မန်းအိုင်တီ
ကျော်ကျော်မင်း

၆၂ မသန်စွမ်းကြသူများ
ကျော်ဇေယျာထွန်း

၆၈ ရန်ကုန် ကုန်စည်ဈေးကွက်
နိုင်မင်းဓေ ၊ ဇာလီကျော်



# CONTENTS

LIVING COLOR. 158, SEPTEMBER. 2008.

www.foreverspace.com.mm


၇၆ ညနေဦးယံတကမ်းမည့်ဒီရေနှင့်အတူ လိုက်ပါမည့်သူများ

နိုင်မင်းဝေ

၈၂ ထင်ရှားကျော်ကြားမြန်မာ့စီးပွား

၈၄ ရက်စွဲမှတ်တမ်း

၈၆(A) ဘယ်ပစ္စည်းဘာ့ကြောင့်

၈၈ ဈေးဝယ်လမ်းညွှန်

၉၀ ကာတွန်း

ဒါရိုက်တာအောင်ကြူကြူ

နိုးဒေသာ်တာ

၁၁၂ ကုန်ဈေးနှုန်း

၁၁၈ အထူးဆောင်းပါး/စကားဝိုင်း

"လူငယ်တွေမှာ မဖော်ပြနိုင်တဲ့အားတွေရှိပြီးသား"

မကျော်နိုင်

၁၂၅ တွေ့ဆုံဆွေးနွေးမှုများ

၁၂၆ မြန်မာပြည်တွင်လုပ်သည်

၁၂၉ တစ်ဦးတည်းကိုယ်စားလှယ်

၁၃၀ အတွေးအမြင်

နှာခေါင်းသင်စန်းဓာ

မြသန်းသန်းနု

၁၃၈ ကျွန်းမာရေးအတွေ့အကြုံများ

သခင်တင်မြ

၁၄၆ သူတို့ဆီက အိုးအိမ်ကိစ္စ

ကိုဝမ်း

၁၅၀ သူတို့လိုလူများ

မောင်မောင်တင်

၁၅၄ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၁၂)

ဦးလှဝင်း(လေသူရဲတစ်ဦး)




www.foreverspace.com.mm


# ADVERTISEMENT OF THE MONTH


# ယခုလအကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် ရုပ်သံမီဒီယာများနှင့် အပတ်စဉ်ထုတ်ဂျာနယ်များတွင် ဖော်ပြပါရှိသော Ovaltine ကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ ကြည့်ရှုသူများ စိတ်ဝင်စားမှုရှိစေရန် ကြော်ငြာလိုသည့်ကုန်ပစ္စည်းကို ထိရောက်သောပံ့ပိုးမှုများဖြင့် ဖော်ပြထားခြင်း၊ ပဟေဠိပုံစံဖြင့် အပိုင်းနှစ်ပိုင်းခွဲ၍ တင်ဆက်ထားခြင်း၊ ကြော်ငြာတွင် ပါဝင်သောသရုပ်ဆောင်များမှာ ပြည်ပမှကလေးသရုပ်ဆောင်များဖြစ်သည့်အတွက် အမြင်ဆန်းသစ်မှုရှိခြင်း၊ ကြော်ငြာတွင်အသုံးပြုထားသောအရောင်များမှာ အခြားကြော်ငြာများနှင့်မတူဘဲ ကွဲပြားစွာဆွဲဆောင်နိုင်ခြင်း စသည့်အချက်များကြောင့် ရွေးချယ်ဖော်ပြရခြင်း ဖြစ်ပါသည်။

စီစဉ်သည့်အဖွဲ့အစည်း – Future Com. Advertising Co., Ltd.
နှင့်ထုတ်လွှင့်သည့်မီဒီယာ
ပြသချိန် – ၁၅ စက္ကန့် (ပထမပိုင်း – ပဟေဠိမေးခွန်း)
၃၀ စက္ကန့် (ဒုတိယပိုင်း – ပဟေဠိ၏အဖြေ)

**အယ်ဒီတာ**



www.foreverspace.com.mm




# SERVICE OF THE MONTH

# ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

ယခုလအကြိုက်ဆုံးဝန်ဆောင်မှုအဖြစ် စိတ်ကူးချိုချိုအနုပညာလုပ်ငန်း၏ မိတ်ဆွေဖြစ်စာဖတ်သူများ အစီအစဉ်ကိုရွေးချယ်လိုက်ပါသည်။ အဆိုပါအစီအစဉ်တွင် စာအုပ်အရောင်းဆိုင်မဟုတ်ဘဲ တစ်ဦးချင်းစာဖတ်ပရိသတ်များအနေဖြင့် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ လောကနတ်ပြခန်း၌ ဇူလိုင်လ ၃၀ ရက်မှ ဩဂုတ်လ ၅ ရက်အထိ ကျင်းပခဲ့သော စိတ်ကူးချိုချိုစာအုပ်အရောင်းပွဲ၌ဖြစ်စေ၊ စိတ်ကူးချိုချိုပင်ရင်းတိုက်တွင်ဖြစ်စေ ကျပ် ၂၀၀၀၀ ဖိုးနှင့်အထက် စာအုပ်ဝယ်ယူသူများကို မိတ်ဆွေဖြစ်အစီအစဉ်အရ တစ်နှစ်စာသက်တမ်းရှိသည့် အသိအမှတ်ပြုကတ်ပြား ထုတ်ပေးမည်ဖြစ်ပြီး အဆိုပါအသိအမှတ်ပြုကတ်ပြားရရှိလျှင် စိတ်ကူးချိုချို၏ စာအုပ်သတင်း၊ ပို့စကတ်၊ ပြက္ခဒိန်နှင့် လက်ကမ်းစာစောင်များကို အခါအားလျော်စွာရရှိမည့်အပြင် ၁၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် စာအုပ်များဝယ်ယူနိုင်မည်ဖြစ်သည့်အတွက် စာအုပ်တိုက်တစ်ခု၏ ထူးခြားသောဝန်ဆောင်မှုအဖြစ် ရွေးချယ်လိုက်ရခြင်းဖြစ်ပါသည်။

**အယ်ဒီတာ**



www.foreverspace.com.mm

## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကို မူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူနှင့် အဖွဲ့သည် ညနေ ၆ နာရီတွင် မြောက်ဥက္ကလာပမြို့နယ်ရှိ ရေဝေးသုသာန်သို့ သွားရောက်သည်။

Mr. Tomas Ojea Quintana သည် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် ဘုရင့်နောင်ခန်းမ၌ အဖွဲ့အားလုံးနှင့် စုပေါင်းတွေ့ဆုံ၍ ပဏာမမိတ်ဆက်စကားပြောကြားပြီး မွန်းလွဲ ၁ နာရီ ၅၅ မိနစ်မှ ညနေ ၃ နာရီ ၄၅ မိနစ်အထိ နိုင်ငံရေး ပါတီများ၊ နိုင်ငံရေးအဖွဲ့အစည်းများဖြစ်ကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ့်အမျိုးသားအဖွဲ့ချုပ်၊ တစ်သီးပုဂ္ဂလအဖွဲ့ ဝံသာနု NLD၊ ၈၈-မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)၊ ခေတ်သစ် သိပ္ပံနိုင်ငံရေးဘောဂဗေဒလေ့လာရေးကျောင်းတော်သားစု၊ နိုင်ငံရေးဘောဂဗေဒလေ့လာရေး (မျိုးဆက်သစ်) ကျောင်းတော်သားစုနှင့် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေထောက်ခံရေးအင်အားစုတို့မှ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံသည်။

ဩဂုတ်လ ၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၉ တွင် ဖော်ပြထားသည့် "မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ . . . ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ" ဆိုသော သတင်းမှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

www.foreverspace.com.mm



# Contents

## Board of Editors

**Chief Editor** – ကျော်မင်းဆွေ

**Deputy Chief Editor** – စေယျာသူ

**Editor In Charge (Production)** – မင်းစင်

**Editor In Charge** – ကျော်နိုင်

**Senior Executive Editor** – ရဲမင်းဦး

**Research & Development Editor** – မေနှင်းအိမြင့်

**Executive Editors** – နိုင်ချိုဇော်ဝင်းတင်၊ ခင်ခင်သော်၊ နွဲ့ကောနိုင်၊ သီရိဇော်

**Editors** – မိုးကျော်လွင်၊ စန်းဇော်အောင်၊ သီဟိုထိုက်၊ မြနှင်းအေး

**Senior Reporters** – တင်လင်း၊ မိုးယုဝေ၊ ကျော်ဆန်းမင်း၊ လှိုင်းသစ်ခင်ဝေ၊ ကျော်ကျော်မင်း၊ နိုင်မင်းဝေ၊ ကောနိုင်ကျော်၊ ဇာလီကျော်

**Staff Reporters** – ကျော်စေယျာထွန်း၊ အောင်မိုး၊ ထွန်းနိုင်လင်း၊ နိုင်လင်း၊ အိမ္မာန်ကျော်၊ ခင်ရွှေကြွယ်၊ ဟန်မိုးထိုက်၊ ကျော်စေယျာဝင်း

## DTP Department

**Supervisor** – မနိုင်

**Staff Operators** – ငုဝါနိုင်၊ အေးမို့မို့အောင်၊ ခင်မာလွင်၊ သီတာစန်း

## Finance Department

**General Manager** – ဝေအောင်စင်

**Manager (Admin and Finance)** – စန်းသီတာ

**Manager (Account)** – အေးအေးဆင့်

**Deputy Manager (Account)** – ပြည့်ပြည့်ဝန်းအေး

**Assistant Manager** – နိုင်ရတနာထိုက်

**(Marketing/Distribution Accounts)**

## Marketing Department

**Manager** – ကျော်သန်း

**Assistant Manager** – ဖြူဖြူသီ

**Designer** – သိန်းအောင်ထွဋ်

**Marketing Supervisor** – စန္ဒာလှိုင်

**Marketing Assistants** – ခင်မျိုးချစ်၊ မင်းအောင်၊ ပြည့်ဖြိုးအောင်

**Receptionist** – ဆုအိမ်မြဦး

## Printing Department

**Manager** – ဇော်မိုးဇက်

## Production Department

**Manager (Production & External Relation)** – အောင်ကျော်ဆန်း

**Assistant Manager** – ဟန်မြင့်

## Distribution Department

**General Manager** – မင်းစင်

**Assistant Manager** – ထက်ခေါင်

**Assistants** – ရွှေခြိမ်းအေး၊ ကြည်သာဝင်းမြ

## Creation Department

**Art Director** – နိုးသော်တာ

**Cover Idea** – KMS

**Cover Logo** – အောင်မင်း၊ ဘရွေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – နိုးသော်တာ၊ မေသစ်တည်

## Publisher

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်-၁၁၅၉)
အမှတ် ၁၄၈-B၊ အေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Press

Living Color ပုံနှိပ်တိုက် (မြဲ-၀၆၃၄၈)
အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

## Office

သခ္ဓာဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၄၂၄၂၄၊ ၀၉-၅၀၀၀၉၉၇၊ ၀၉-၈၉၇၄၃၄၃
ဖက်စ် – ၂၄၂၄၂၄၊ ၃၃၃၅၉၂၈၊
hot line – ၀၉-၈၉၇၄၃၄၃

## E-mail

Chief Editor - c-editor@myanmar.com.mm
News Room - myanfo@myanmar.com.mm
Marketing - paz@myanmar.com.mm
livingcolor@mail4u.com.mm

## Web Site - www.foreverspace.com.mm

Photographers – မိုးကျော်လွင်
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။
Cover Permission – ၅၄၀၈၅၁၀၉၀၈
Circulation – ၁၀၀၀
Distribution Price – ၁၃၅၀ ကျပ်
Copyright – Living Color ( ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် )

### ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမ္ဘီရကုန်တိုက်၊ ကျောက်မြောင်းဈေး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်းဆိုင် (သက်နှင်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာ ဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်း ဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ် သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေး အတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm



## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကို မူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

မြန်မာနိုင်ငံအနေဖြင့် လွန်ခဲ့သည့်ဇူလိုင်လက အာဆီယံပဋိညာဉ်စာတမ်းအား အတည်ပြုချုပ်ဆိုနိုင်ခဲ့ခြင်းကိုလည်း ကျွန်ုပ်အနေဖြင့် များစွာဂုဏ်ယူမိပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်နိုင်ရေးအတွက် ပြင်ဆင်လျက်ရှိခြင်းကြောင့် ယခုနှစ်သည် အာဆီယံအဖွဲ့ကြီးအတွက် အထူးအရေးပါသည့် အသွင်ကူးပြောင်းရေးကာလတစ်ရပ်ဖြစ်ပါသည်။ အာဆီယံ၏ အရေးပါသည့်သမိုင်းမှတ်တိုင်တစ်ရပ်အဖြစ် တွင်ကျန်ခဲ့မည့် အာဆီယံပဋိညာဉ်စာတမ်းသည် အာဆီယံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပဋိညာဉ်စာတမ်း၏ ရည်ရွယ်ချက်များနှင့်အညီ အဖွဲ့ကြီး၏အနာဂတ်အတွက် ပူးပေါင်းဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့ မြန်မာပြည်သူပြည်သားများအနေဖြင့်လည်း "တစ်ခုတည်းသော အသွင်လက္ခဏာ၊ တစ်ခုတည်းသောအသိုက်အဝန်းသို့ ၂၀၁၅ ခုနှစ်တွင် အရောက်လှမ်းရန်" ဆိုသည့် ယခုနှစ်ဆောင်ပုဒ်နှင့်အညီ အာဆီယံအသိုက်အဝန်း ထူထောင်ရာတွင် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဩဂုတ်လ ၈ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည့် "(၄၁) နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ" မှ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်။

# မြန်မာ့စီးပွားရေးသတင်း

## BUSINESS NEWS

အမှတ် ၁၅၈
၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ

- **နာဂစ်ဒဏ်ခံမြစ်ဝကျွန်းပေါ်ဒေသ၏ ကယ်ဆယ်ရေးလုပ်ငန်း အနည်းဆုံး တစ်နှစ် အချိန်ယူရန်လိုအပ်**
- **စင်ကာပူပညာရေးဆိုင်ရာ သတင်းအချက်အလက်များ RV Centre စာကြည့်တိုက်တွင် အခမဲ့လေ့လာနိုင်**
- **မဟာမုနိဘုရား ရိုးရာခြင်းပွဲ ဘရာဇီးနိုင်ငံသား ဒုတိယအကြိမ်လာရောက်လေ့လာ**
- **မေယုသစ်တောကြိုးဝိုင်းမှ ကျွန်းသစ်များထုတ်ယူမည်**
- **စာသင်ကျောင်းများတည်ဆောက်ရန် မြို့တော်စည်ပင် ကျပ်တစ်ဘီလီယံသုံးစွဲ**

## မြန်မာနိုင်ငံတွင် မုန်တိုင်းအန္တရာယ်သတိပေး ကွန်ရက်စနစ်တစ်ခု ထူထောင်မည်

**ရန်ကုန်၊ ဇူလိုင် ၁၀**

မြန်မာနိုင်ငံ၌ မုန်တိုင်းအန္တရာယ်သတိပေးကွန်ရက်စနစ်တစ်ခု ထူထောင်ပေးမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ သတင်းပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် နည်းပညာဝန်ကြီးဌာနဝန်ကြီး မန်ပါတာနိုထိုင်းက ပြောကြားသည်။

အဆိုပါကွန်ရက်စနစ်ကို ထိုင်းနိုင်ငံအနေနှင့် မကြာမီကာလများအတွင်း ထူထောင်ပေးရေးအတွက် မစ္စတာပါတာနိုထိုင်းမှာ ဇူလိုင်လ ၇ ရက်နေ့က မြန်မာနိုင်ငံမှ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးခဲ့သည်။ မိမိတို့ထူထောင်ပေးမည့်ကွန်ရက်စနစ်မှာ ကုလသမဂ္ဂက ရန်ကုန်မြို့တွင် ထူထောင်ထားရှိပေးမည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာအရေးပေါ်ဆက်သွယ်ရေးစင်တာ (ETC) နှင့် ဆက်နွှယ်မှုမရှိသော်လည်း လုပ်ငန်းသဘောအရ လက်တွေ့ပူးပေါင်းလုပ်ဆောင်မှုများ ရှိနေမည်ဖြစ်ကြောင်း မစ္စတာပါတာနိုထိုင်းက ဆိုသည်။ အဆိုပါ မုန်တိုင်းအန္တရာယ်သတိပေးကွန်ရက်စနစ်ထူထောင်မည့် အသေးစိတ်အစီအစဉ်များကိုမူ သက်ဆိုင်ရာနှစ်နိုင်ငံက ဆက်လက်သတင်းထုတ်ပြန်မှုမပြုသေးပေ။

## ရေကြောင်းအာမခံလျော်ကြေး သန်း ၅၀၀ ပေးမည်

**ရန်ကုန်၊ ဩဂုတ် ၁**

နာဂစ်မုန်တိုင်းအတွင်း နစ်မြုပ်သွားသော ရေယာဉ်များအနက် ရေကြောင်းအာမခံထားရှိသော ရေယာဉ်များကို မြန်မာ့အာမခံလုပ်ငန်းက လျော်ကြေး ကျပ်သန်း ၅၀၀ ပေးမည်ဟု မြန်မာ့အာမခံလုပ်ငန်းအထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက ပြောကြားသည်။

အာမခံထားရှိကြသော ပြည်တွင်းမြစ်ကြောင်းသွားသင်္ဘောတစ်စင်းနှင့် ကမ်းရိုးတန်းသွားသင်္ဘောငါးစင်း စုစုပေါင်းခြောက်စင်း နစ်မြုပ်ခဲ့ပြီး ထိုသင်္ဘောများမှာ အာမခံလျော်ကြေးရရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဧရာတိုင်းအတွင်း မြန်မာ့အာမခံလုပ်ငန်းဌာနခွဲများ များစွာရှိသော်လည်း အာမခံထားခြင်း၏အကျိုးကို ယုံကြည်မှုနည်းသောကြောင့်လည်းကောင်း၊ ယင်းကဲ့သို့ ဘေးအန္တရာယ်မျိုးမကြုံတွေ့နိုင်ဟုဆိုကာ ကံကိုယုံကြည်သူများကြောင့်လည်းကောင်း အာမခံထားရှိသည့် စီးပွားရေးလုပ်ငန်းအရေအတွက် နည်းပါးလှကြောင်း၊ အဆိုပါနစ်မြုပ်ရေယာဉ်များသည် နစ်မြုပ်ဆုံးရှုံးသွားသောကုန်စည်များအတွက်သာ လျော်ကြေးငွေပြန်ရမည်ဖြစ်ပြီး ရေယာဉ်ကိုယ်ထည်အာမခံမထားရှိသည့်အတွက် ရေယာဉ်အတွက် လျော်ကြေးမရနိုင်ကြောင်း ၎င်းထံမှ သိရသည်။

**ဇွန်စပယ်ဖြူ**

www.foreverspace.com.mm



# နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိကြသည့် နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်း (INGO) များ

မြန်မာနိုင်ငံ၌ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရသော ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းရှိ မြို့နယ်များ၌ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပံ့ပိုးကူညီဆောင်ရွက်နေကြသည့် နိုင်ငံတကာအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်း (INGO) များ၏စာရင်းကို ထပ်မံဖြည့်စွက်စုစည်းဖော်ပြလိုက်ပါသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံတကာမှ အစိုးရအချို့ကလည်း အဆိုပါ INGO များမှတစ်ဆင့် မုန်တိုင်းဒဏ်သင့်ဒေသများသို့ နည်းပညာ၊ ငွေကြေးအကူအညီနှင့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို တိုက်ရိုက်ပေးပို့လျက်ရှိပါသည်။ [ပြီးခဲ့သည့် ဇူလိုင်လထုတ် Living Color မဂ္ဂဇင်း အမှတ် (၁၅၆) မျက်နှာဖုံးဆောင်းပါးပါ အဆိုပါ INGO များစာရင်းတွင် INGO အဖွဲ့အစည်းအချို့၏အမည်များ ထည့်သွင်းဖော်ပြရန် ကျန်ရစ်ခဲ့သဖြင့် ပိုမိုပြည့်စုံစေရန် ထပ်မံဖြည့်စွက်စုစည်းဖော်ပြထားပါသည်။]

**List of International NGOs Supporting / Implementing Disaster Response in Delta and Yangon Division**

1 - Action Aid
2 - Action by Churches Together (ACT)
3 - Action Contre la Faim/ Action Against Hunger (ACF)
4 - Adventist Development and Relief Agency Interntional (ADRA)
5 - Aide Médicale Internationale (AMI)
6 - AmeriCares Foundation
7 - Association of Medical Doctors of Asia (AMDA)
8 - American Red Cross (ARC)
9 - Association François-Xavier Bagnoud (AFXB)
10 - Australian Aid International
11 - Baptist World Aid (BWAid)
12 - Burnet Institute
13 - British Red Cross (BRC)
14 - CARE
15 - Caritas Internationalis
16 - Cesvi
17 - Christian Aid
18 - Concern Worldwide
19 - Danish Church Aid
20 - Direct Relief International (DRI)
21 - Emergency Assistance Team (EAT-BURMA)
22 - European Commission - Humanitarian Aid Office (ECHO)
23 - French Red Corss
24 - Gates Foundation
25 - Global Refugee International
26 - HelpAge International
27 - Hong Kong Red Cross
28 - International Committee of the Red Cross (ICRC)
29 - International Development Enterprises (IDE)
30 - International Federation of Red Cross and Red Crescent Societies (IFRC)
31 - International HIV/AIDS Alliance (Alliance)
32 - International Medical Corps (IMC)
33 - International Organization for Migration (IOM)
34 - International Rescue Committee (IRC)
35 - Malaysian Red Crescent Society (MRCS)
36 - Malteser International
37 - Marie Stopes International (MSI)
38 - Médecins du Monde (MDM)
39 - Médecins Sans Frontières (MSF, or Doctors Without Borders)
40 - Medical Emergency Relief International (Merlin)
41 - Medical Teams International (MTI)
42 - Mercy Corps (MC)
43 - MERCY Malaysia
44 - Muslim Aid
45 - Norwegian Church Aid
46 - Norwegian People's Aid
47 - Oxfam International
48 - PACT Myanmar
49 - Plan
50 - Project HOPE
51 - Relief International (RI)
52 - Save the Children (SC)
53 - Sheikh Khalifa Bin Zayed Al Nehayan Foundation,
54 - Solidarites
55 - Swiss Aid
56 - Tearfund
57 - Telecoms Sans Frontieres
58 - Trócaire
59 - Tzu Chi Foundation
60 - Welthungerhilfe -- [German Agro Action (GAA)]
61 - World Concern (WC)
62 - World Vision (WV)
63 - Enfants du monde (EMDH)

**List of International Donor Agencies/Offices Active in Disaster Response**

1 - Asian Development Bank (ADB)
2 - Australian Agency for International Development (AusAID)

www.foreverspace.com.mm

3 - Canadian Embassy/Government
4 - Department for International Development (DfID)
5 - European Commission's Humanitarian Aid Office (ECHO)
6 - Gates Foundation
7 - Hewlett Foundation
8 - Japan International Cooperation Agency (JICA)
9 - Latet - Israel Humanitarian Aid
10 - Royal Norwegian Embassy/Government
11 - STB Foundation
12 - Swedish International Development Cooperation Agency (SIDA)
13 - Swiss Agency for Development and Cooperation (SDC)
14 - Three Diseases Fund (3DF)
15 - United Nations Office for the Coordination of Humanitarian Affairs (OCHA)
16 - United States Agency for International Development (USAID)
17 - World Bank

**List of UN Organizations Active in Disaster Response**

- FAO (Food and Agriculture Organization)
- UNAIDS (The Joint United Nations Programme on HIV and AIDS)
- UNDP (United Nations Development Programme)
- UNFPA (United Nations Population Fund)
- UN Habitat (United Nations Human Settlements Programme)
- UNHCR (United Nations High Commissionor for Refugees)
- UNICEF (United Nations Children's Fund)
- UNOCHA (United Nations Office for the Coordination of Humanitarian Affairs)
- WFP (World Food Programme)
- WHO (World Health Organization)

# နာဂစ်ဒဏ်ခံမြစ်ဝကျွန်းပေါ်ဒေသ၏ ကယ်ဆယ်ရေးလုပ်ငန်း အနည်းဆုံး တစ်နှစ်အချိန်ယူရန်လိုအပ်

**ရန်ကုန်၊ ဩဂုတ် ၂**

**UNICEF ဌာနေကိုယ်စားလှယ်**

နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်း ပြင်းထန်စွာထိခိုက်ခဲ့သည့် မြစ်ဝကျွန်းပေါ်ဒေသတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) က ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ အနည်းဆုံးတစ်နှစ်ခန့် အချိန်ယူရန်လိုအပ်ကြောင်း အဆိုပါအဖွဲ့၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် မစ္စတာရာမက်ရှ်ရှရက်စ်သာက ဇူလိုင်လနောက်ဆုံးပတ်အတွင်း ပြောကြားသည်။

၎င်းက "အခုဆိုရင် နာဂစ်မုန်တိုင်းသွားခဲ့တာ သုံးလရှိနေပြီ။ ဒါပေမဲ့ မိသားစုသုံးပစ္စည်းတွေ ဖြန့်ဝေပေးဖို့၊ ကလေးပျော်တဲ့နေရာတွေစီစဉ်ပေးဖို့၊ ရေသန့်ပစ္စည်းတွေပေးအပ်ဖို့၊ ကာကွယ်ဆေးထိုးဖို့ စတဲ့လုပ်စရာတွေက အများကြီးကျန်နေပါသေးတယ်။ ဒီလုပ်ငန်းက အနည်းဆုံး တစ်နှစ်လောက်တော့ အချိန်ယူရမယ်။ မုန်တိုင်းဒဏ်ခံထားရတဲ့ဒေသတွေကို သွားနိုင်တဲ့အနေအထားပေါ်မှာလည်း မူတည်နေပါတယ်" ဟု ဆိုသည်။

UNICEF ၏ လတ်တလောဆောင်ရွက်နေသည့် ကယ်ဆယ်ရေးလုပ်ငန်းများကို လေ့လာရန် ဇူလိုင်လ ၂၀ ရက်မှ ၂၄ ရက်အထိ မြန်မာနိုင်ငံသို့လာရောက်ခဲ့သော အရေးပေါ်အစီအစဉ်များဆိုင်ရာညွှန်ကြားရေးမှူး မစ္စတာ လူဝီ-ယော့ချ် အာဆီနိုလ်ကလည်း "ကလေးတွေနဲ့ သူတို့ရဲ့မိသားစုတွေ ရယူခံစားနိုင်တဲ့ လူမှုရေးလုပ်ငန်းတွေမှာ သိသိသာသာတိုးတက်ကောင်းမွန်လာအောင်လုပ်ပေးခြင်းအားဖြင့် မုန်တိုင်းဒဏ်ခံစားရတဲ့လူတွေရဲ့ဘဝတွေ ပိုကောင်းအောင် ပြန်လည်တည်ဆောက်နိုင်တဲ့အခွင့်အရေးတွေ UNICEF မှာရှိနေပါတယ်" ဟု ဖြည့်စွက်ပြောဆိုသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ အားရစရာကောင်းကြောင်း၊ စိန်ခေါ်မှုများစွာရှိနေသေးသော်လည်း UNICEF အနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို လိုအပ်နေသရွေ့ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးစဉ်အတွင်း မုန်တိုင်းဒဏ်ခံဒေသတစ်ခုဖြစ်သည့် ဧရာဝတီတိုင်း ဘိုကလေးမြို့သို့ သွားရောက်ခဲ့သူ မစ္စတာအာဆီနိုလ်က ဆိုသည်။

မုန်တိုင်းဒဏ်ခံမိသားစုများ၏အခြေအနေများ အပြည့်အဝပြန်လည်ကောင်းမွန်လာသည်အထိ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဟု ဆိုထားသော အဆိုပါ UNICEF သည် မြန်မာနိုင်ငံသို့ ၁၉၅၀ ပြည့်နှစ်ကတည်းက ရောက်ရှိခဲ့ပြီး အခြေခံပညာရေး၊ ကလေးသူငယ်ကာကွယ်ရေး၊ ကျန်းမာရေးနှင့် အာဟာရ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး စသည်တို့ကိုဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

www.foreverspace.com.mm



# ပြည်တွင်းထွက်ကုန်များ အင်ဒိုနီးရှားသို့တင်ပို့ပါက ၂၀၀၉ ခုနှစ်ထိ အခွန်ကင်းလွတ်ပေးမည်

**ရန်ကုန်၊ ဇူလိုင် ၈**

ပြည်တွင်း၌သာထုတ်လုပ်သည့် မြန်မာနိုင်ငံထွက်ကုန်ပစ္စည်းများကို အင်ဒိုနီးရှားသို့တင်ပို့ပါက ၂၀၀၉ ခုနှစ်အထိ အခွန်ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

ယင်းသို့တင်ပို့ရာတွင် ပြည်တွင်းမှ ထွက်ရှိသော ကုန်ပစ္စည်းများသာဖြစ်ရမည်ဖြစ်ပြီး ပြည်ပမှကုန်ကြမ်းများ ပါဝင်ပါက ၄၀ ရာခိုင်နှုန်းထက်မနည်းသော ဒေသထွက်ကုန်များ ပါဝင်ရမည်ဖြစ်ကြောင်း၊ တင်ပို့ရရှိသောကုန်ပစ္စည်းများမှာ စုစုပေါင်း ၁၇၈ မျိုးရှိကြောင်း၊ ယင်းအစီအစဉ်မှာ အာဆီယံဒေသတွင်း အထူးအခွင့်အရေးဆိုင်ရာ AISP (ASEAN Integration System of Preference) အရဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။

ယင်းသို့ အခွန်ကင်းလွတ်ခွင့်ရရှိခြင်းမှာ လွတ်လပ်သောအာဆီယံကုန်သွယ်မှုနယ်မြေ (AFTA) မူဝါဒအရ အဖွဲ့ဝင်သစ်လေးနိုင်ငံဖြစ်သော မြန်မာနိုင်ငံ၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတို့အတွက် သီးသန့်ရည်ရွယ်ထားကြောင်း၊ ယင်းသဘောတူညီချက်ကို ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အာဆီယံမူလအဖွဲ့ဝင်ခြောက်နိုင်ငံတို့က လက်မှတ်ရေးထိုးခဲ့ကြောင်း စုံစမ်းသိရှိရသည်။

လက်ရှိတွင် အာဆီယံနိုင်ငံများ၏ ကုန်သွယ်မှုပမာဏသည် ဥရောပနိုင်ငံများ၏ကုန်သွယ်မှုထက် ကျော်လွန်လျက်ရှိကြောင်း အာဆီယံနိုင်ငံများအကြား AFTA ကို ၂၀၀၈ ခုနှစ်တွင် အပြီးတည်ဆောက်နိုင်ရန် ဆုံးဖြတ်ချက်ချမှတ်ထားသည်။

# ခိုကိုးရာမဲ့နှင့် မိဘမဲ့ကလေးများကို ဂေဟာနှင့်သင်တန်းကျောင်းတွင်စောင့်ရှောက်ခြင်းထက် ရပ်ရွာအခြေပြုလူ့အဖွဲ့အစည်းတွင် စောင့်ရှောက်ခြင်းက အကောင်းဆုံးဖြစ်ဟုဆို

**သတင်းဆောင်းပါး - Mass Peafowl News၊ ၃၁–၇–၂၀၀၈**

**အခြေအနေအမျိုးမျိုးကြောင့် ခိုကိုးရာမဲ့နှင့် မိဘမဲ့ဖြစ်သွားရသည့်ကလေးငယ်များကို ပြုစုစောင့်ရှောက်ရာတွင် ပရဟိတဂေဟာများနှင့် သင်တန်းကျောင်းတွင် စောင့်ရှောက်ခြင်းထက် ရပ်ရွာအခြေပြု လူ့အဖွဲ့အစည်းအသိုင်းအဝိုင်းတွင် ကြီးပြင်းရှင်သန်စေခြင်းက စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားရမှုများကို သက်သာကောင်းမွန်စေပြီး ဘဝရှေ့ရေး အောင်မြင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေနိုင်ကြောင်း မြန်မာနိုင်ငံတွင် ကလေးသူငယ်ကာကွယ်ရေးစောင့်ရှောက်ရေးဆောင်ရွက်နေသည့် INGO များနှင့် ပြည်တွင်း NGO များ၏ သုတေသနပြုချက်များအရ သိရှိရသည်။**

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၊ World Vision၊ Save the Children ကဲ့သို့သော INGO များနှင့် ပြည်တွင်း NGO များဖြစ်သည့် ရတနာ့မေတ္တာအဖွဲ့အပါအဝင် ပရဟိတဂေဟာများက အဆိုပါ သုတေသနပြု တွေ့ရှိချက်ကို ရန်ကုန်မြို့တော် မီကာဆာဟိုတယ်တွင် ဇူလိုင်လအတွင်း ပြုလုပ်ခဲ့သည့် ကလေးသူငယ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတွင် တညီတညွတ်တည်း သဘောတူခဲ့ကြောင်း အစည်းအဝေးတက်ရောက်သူ ပြည်တွင်း NGO အဖွဲ့အစည်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



www.foreverspace.com.mm

ဂေဟာနှင့် သင်တန်းကျောင်းများတွင် ကလေးငယ်များကို စောင့်ရှောက်ခြင်းသည် မိရိုးဖလာအရ စောင့်ရှောက်မှုမဟုတ်ဘဲ အခပေးဝန်ထမ်းများက ကြီးကြပ်ပြီး တာဝန်ရှိအဖွဲ့အစည်းများက စီမံပေးထားသော အဆောက်အအုံတွင် ကလေးငယ်များ အဖွဲ့လိုက်နေထိုင်ခြင်းဖြစ်ကြောင်း၊ ယင်းသို့စောင့်ရှောက်ရာတွင် မိဘမဲ့ကလေးများအချင်းချင်း စုစည်းနေထိုင်ရခြင်းဖြစ်သည့်အတွက် ရပ်ရွာ၊ လူမှုအဖွဲ့အစည်းများနှင့် ကွဲကွာပြီး လူအချင်းချင်း အဓိပ္ပာယ်ပြည့်ဝသည့် အပြန်အလှန်အကျိုးပြုမှုများနှင့်ပါ ကင်းကွာရကြောင်း၊ ဂေဟာနှင့် သင်တန်းကျောင်းစောင့်ရှောက်မှုတွင် နေထိုင်သောကလေးငယ်များတွင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုအများအပြားကို ပြင်းထန်စွာခံစားရသည်ကို တွေ့ရှိရကြောင်း၊ သုတေသနပြုချက်များအရ ဂေဟာနှင့် သင်တန်းကျောင်းများတွင် စောင့်ရှောက်မှုများက ကလေးငယ်များအပေါ် အကျိုးမဲ့၍ အနုတ်ဆန်သော အကျိုးသက်ရောက်မှုများ အများအပြားရှိနေကြောင်း ပြည်တွင်းသတင်းမီဒီယာကြီးတစ်ခုမှ ကလေးသူငယ်ရေးဆောင်ရွက်နေသူ အကြီးတန်းအယ်ဒီတာတစ်ဦးက ပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က ဂေဟာများနှင့် သင်တန်းကျောင်းများတွင် စောင့်ရှောက်မှုက ကလေးငယ်များ၏ဘဝ အောင်မြင်တိုးတက်ရေး နည်းပါးစေကြောင်း၊ ဥပမာအနေဖြင့် ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုသူများရှိသော်လည်း အောင်မြင်သူနည်းပါးသည်ကို တွေ့ရကြောင်း၊ ခိုကိုးရာမဲ့ကလေးငယ်များ၏ စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားမှုများက ကလေးငယ်၏ ဘဝရှေ့ရေးအောင်မြင်မှုကို ထိခိုက်စေကြောင်း ရန်ကုန်မြို့ မိကာဆာဟိုတယ်တွင် ပြုလုပ်သည့် ကလေးသူငယ်ဆိုင်ရာအစည်းအဝေးတွင် ပြောကြားသည်။

“ကျိုက်ဝိုင်းလူငယ်ကျောင်းမှာ ဒီနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲ မအောင်မြင်ကြဘူး။ ဒါကို ကျွန်တော်ပြန်သုံးသပ်နေပြီ။ သူတို့ကို ဘယ်လိုပြုစုစောင့်ရှောက်ပေးရမလဲဆိုတာ နည်းလမ်းရှာနေတယ်” ဟု ၎င်းကဆိုသည်။

သာကေတမြို့နယ်ရှိ မိဘမဲ့နှင့် ခိုကိုးရာမဲ့ကလေးငယ် ရာဂဏန်းနီးပါး ပြုစုစောင့်ရှောက်နေသည့် သီလရှင်ကျောင်းတိုက်မှ ကျောင်းထိုင်သီလရှင်ဆရာကြီးတစ်ပါးက...

“ကလေးအများစုက အားငယ်နေကြတယ်။ တတ်နိုင်သမျှတော့ ဆရာလေးတို့က ဖေးဖေးမမ ကြင်ကြင်နာနာပြုစုစောင့်ရှောက်ပေမယ့် ကလေးအများနဲ့ဆိုတော့ အရမ်းကြီးဂရုမစိုက်နိုင်ဘူး။ ပြီးတော့ သူတို့လေးတွေရဲ့ စားဝတ်နေရေးစရိတ်နဲ့ ပညာသင်ကြားရေးကိစ္စတွေကလည်းရှိနေတော့ တစ်ဦးချင်းစီလိုက်ပြီး ကြင်နာဂရုစိုက်ဖို့ကတော့ မလွယ်ဘူးပေါ့” ဟု မိန့်ကြားသည်။

နာဂစ်မုန်တိုင်းကြောင့် မော်လမြိုင်ကျွန်းမြို့နယ်တွင် မိဘဆွေမျိုးများ လုံးဝကွယ်လွန်ပြီး ခိုကိုးရာမဲ့ကလေးငယ်များကို စောင့်ရှောက်နေသည့် ဘုန်းတော်ကြီးကျောင်းမှ ပညာသင်ကြားရေးတာဝန်ယူထားရသည့် အသက် ၃၀ အရွယ်အမျိုးသမီး

# စင်ကာပူပညာရေးဆိုင်ရာ သတင်းအချက်အလက်များ RV Centre စာကြည့်တိုက်တွင် အခမဲ့လေ့လာနိုင်

**ရန်ကုန်၊ ဇူလိုင် ၁၈**

စင်ကာပူနိုင်ငံမှ ပညာရေးဆိုင်ရာသတင်းအချက်အလက်များကို RV Centre ၏စာကြည့်တိုက်တွင် အခမဲ့လာရောက်လေ့လာဖတ်ရှုနိုင်ကြောင်း RV Centre (ရန်ကုန်) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စင်ကာပူနိုင်ငံမှ တက္ကသိုလ်များ၊ ကောလိပ်များ၊ ကျောင်းများ၏အခြေအနေ၊ သင်ကြားလေ့လာနိုင်သောဘာသာရပ်များ၊ ပညာသင်ဆုများ စသည့်သတင်းအချက်အလက်များအပြင် လက်ရှိဖြစ်ပေါ်နေသော သတင်းအချက်အလက်များကို ယင်းစာကြည့်တိုက်တွင် လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

RV Centre စာကြည့်တိုက်ကို ရန်ကုန်မြို့ Parkroyal Hotel ဒုတိယထပ်တွင် ဇူလိုင်လ ၁၂ ရက်နေ့မှ စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ RV Centre တွင် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများအတွက် အဓိကရည်ရွယ်ဖွင့်လှစ်ခဲ့သော်လည်း မည်သူမဆို လာရောက်လေ့လာဖတ်ရှုနိုင်ကြောင်း ၎င်းကဆိုသည်။

စာအုပ်စာတမ်းများကို အိမ်သို့ငှားရမ်းဖတ်ရှုခွင့်ပြုရာတွင် စာကြည့်တိုက်အသင်းဝင်ထားသူများကိုသာ ငှားရမ်းခွင့်ပြုမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်အသင်းဝင်ရာတွင် စာကြည့်တိုက်အသင်းဝင်ထားသူနှစ်ဦး၏ ထောက်ခံချက်ဖြင့် အသင်းဝင်နိုင်ပြီး ရက်သတ္တပတ်နှစ်ပတ်လျှင် စာအုပ်လေးအုပ် ငှားရမ်းဖတ်ရှုနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

www.foreverspace.com.mm



ဝန်ထမ်းတစ်ဦးကလည်း “ကလေးတွေက ကြောက်ပြီး အားပေးဖော်မရှိဘူး။ တစ်ယောက်က သူတို့ကို ဂရုစိုက်ကြင်နာပြရင် ဒီလူနားကိုပဲ ကပ်ကြတယ်။ ပြီးတော့ တစ်နေ့တစ်နေ့ မိဘမဲ့ကလေးအချင်းချင်းမြင်ရတာက သူတို့ ပိုပြီးစိတ်ထိခိုက်စေတယ်။ ဂေဟာသင်တန်းကျောင်းတွေမှာနေတဲ့ ကလေးတွေမှာ အားငယ်သိမ်ငယ်မှုတွေနဲ့ သူတို့မျက်နှာလေးတွေက ညှိုးနွမ်းနေကြတယ်။ လူ့အဖွဲ့အစည်းမှာကြီးပြင်းတဲ့ကလေးနဲ့ ဂေဟာသင်တန်းကျောင်းတွေမှာ ကြီးပြင်းတဲ့ကလေးတွေမှာ ကွဲပြားချက်တွေ အများကြီးရှိနေပါတယ်”ဟု ၎င်း၏အတွေ့အကြုံများကို ရှင်းပြသည်။

ပြည်တွင်း၊ ပြည်ပ NGO များ၏ သုတေသနပြုချက်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၏ ပြောဆိုချက်နှင့် ခိုကိုးရာမဲ့နှင့် မိဘမဲ့ကလေးငယ်များကို လက်တွေ့ပြုစုစောင့်ရှောက်နေသော စေတနာရှင်များ၏ ပြောပြချက်များအရ ဂေဟာနှင့် သင်တန်းကျောင်းတွင် စောင့်ရှောက်မှုက ကလေးငယ်၏စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို ယုတ်လျော့စေသည်ကို သိရှိရသည်။

မိရိုးဖလာစောင့်ရှောက်မှုဟုဆိုနိုင်သည့် ဆွေမျိုးသားချင်းနှင့် ရပ်ဆွေရပ်မျိုး လူ့အသိုင်းအဝိုင်းက ပြုစုစောင့်ရှောက်ခြင်းသည် ခိုကိုးရာမဲ့နှင့် မိဘမဲ့ကလေးများအတွက် အထူးသင့်လျော်ကြောင်း အဆိုပါ သုတေသနစာတမ်းက ဆိုသည်။

ရပ်ရွာလူထုကိုအခြေခံစောင့်ရှောက်မှုသည် ဂေဟာ၊ သင်တန်းကျောင်း၊ အဖွဲ့အစည်းနှင့် ဆန့်ကျင်ဘက်ဖြစ်ကြောင်း၊ ရပ်ရွာလူထုအခြေခံသော စောင့်ရှောက်မှုတွင် ကလေးသူငယ်များ တကွဲတပြားဖြစ်ခြင်းမှကာကွယ်ပြီး နီးစပ်ရာမိသားစု၊ ဆွေမျိုးသားချင်းများနှင့်နေထိုင်နိုင်ခြင်း သို့မဟုတ် ဖြစ်နိုင်လျှင် ကလေးငယ်၏ရပ်ရွာလူထုအတွင်းမှာပင် အခြားသောမိသားစုနှင့်အတူထားရှိကြီးပြင်းစေခြင်းဖြစ်ကြောင်း၊ ယင်းသို့ လူမှုအသိုင်းအဝိုင်းတွင် ကြီးပြင်းစေခြင်းက ကလေးငယ်၏ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးမှုနှင့် ဘဝရှေ့ရေးအတွက် အထောက်အကူပြုစေနိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ အငယ်တန်းအရာရှိတစ်ဦးက သုံးသပ်သည်။

“ဒီခိုကိုးရာမဲ့ကလေးတွေကို ရပ်ရွာအခြေခံစောင့်ရှောက်တာက ပိုကောင်းတယ်။ ဒါပေမဲ့ အပြောလွယ်သလောက် အလုပ်ခက်ပါတယ်။ ဥပမာ–ရပ်ထဲရွာထဲမှာ ကလေးငယ်တစ်ဦး စွန့်ပစ်တာတွေ့ရင် မွေးစားဖို့ထက် မိဘမဲ့ဂေဟာနဲ့ လူမှုဝန်ထမ်းဌာနပဲပို့ဖို့ တိုင်ပင်ကြတယ်။ မွေးစားတယ်ဆိုတာ တော်တော်ရှားပါးတယ်”ဟု အထက်ပါ ပြည်တွင်းသတင်းမီဒီယာမှ အကြီးတန်းအယ်ဒီတာက သုံးသပ်သည်။

ဒဂုံတက္ကသိုလ်မှ တတိယနှစ်ဥပဒေကျောင်းသားတစ်ဦးကလည်း မြန်မာ့ယဉ်ကျေးမှုတွင် ရပ်ရွာအခြေပြုကလေးငယ်များ စောင့်ရှောက်မှုများရှိသော်လည်း ယခုအခါ ယင်းအလေ့အကျင့်နည်းပါးလာကြောင်း၊ ကလေးငယ်ကို ဂရုဏာသက်ပြုစုစောင့်ရှောက်မှုသက်သက်ထက် အလုပ်ခိုင်းစေရန်နှင့် အမြတ်ထုတ်ရန် သဘောထားများဖြင့်ခေါ်ယူပြီး ကျွေးမွေးမှုက အများစု



# ရဲရွာရေအားလျှပ်စစ်စီမံကိန်း ၆၅ ရာခိုင်နှုန်းပြီးစီး

**မန္တလေး၊ ဇွန် ၁၁**

မန္တလေးမြို့တောင်ဘက် မိုင် ၃၀ ခန့်တွင်ရှိပြီး ဒုဋ္ဌဝတီမြစ်ငယ်မြစ်ပေါ်တွင် အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသော မြန်မာနိုင်ငံ၏ အကြီးဆုံး ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှာ ၆၅ ရာခိုင်နှုန်းခန့် ပြီးစီးလျက်ရှိကြောင်း တည်ဆောက်ရေးစီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ဆောက်လုပ်ရေးအင်ဂျင်နီယာတစ်ဦးက Living Color သို့ပြောကြားသည်။

အဆိုပါရေအားလျှပ်စစ်စီမံကိန်းကို ဒုဋ္ဌဝတီမြစ်ပေါ်တွင် ၁၉၉၉ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများပြီးစီးပါက ယင်းအကြီးစားရေအားလျှပ်စစ်စက်ရုံမှ ၇၉၀ မဂ္ဂါဝပ် ထုတ်လွှတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ ပတ်ဝန်းကျင်ကျေးလက်ဒေသများ၌လည်း လျှပ်စစ်ဓာတ်အားကို အသုံးပြုကြရာ ယင်းရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား ပုံမှန်ရရှိမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

www.foreverspace.com.mm

ဖြစ်ကြောင်း၊ ယင်းသို့ ရပ်ရွာအခြေခံပြုစုစောင့်ရှောက်မှုများ တွင်တွင်ကျယ်ကျယ် ဖြစ်ပေါ်လာရန်မှာ စီးပွားရေးအပါအဝင် အခြေအနေအရပ်ရပ်ကောင်းမွန်မှသာ ဖြစ်နိုင်ကြောင်း သုံးသပ်ပြောကြားသည်။

ပြည်တွင်းသတင်းမီဒီယာမှ အကြီးတန်းအယ်ဒီတာတစ်ဦးကမူ "ကရုဏာတရားနဲ့ စာနာနားလည်မှုတွေရှိလာရင် ဒီရပ်ရွာလူထုအခြေခံပြုစုစောင့်ရှောက်မှုဆိုတာ သေချာပေါက်အောင်မြင်မှာပါ။ စုတ်ပြတ်နာကျင်နေတဲ့ ကလေးငယ်တွေရဲ့ဘဝကို ရပ်ရွာလူ့အဖွဲ့အစည်းတွေမှာ ကြည်ကြည်ဖြူဖြူလက်ခံရှင်သန်ကြီးပြင်းခွင့်ပေးဖို့က ကျွန်တော်တို့ရဲ့တာဝန်ပါပဲ" ဟု ပြောကြားသည်။



## မဟာမုနိဘုရား ရိုးရာခြင်းပွဲ ဘရာဇီးနိုင်ငံသား ဒုတိယအကြိမ် လာရောက်လေ့လာ

**မန္တလေး၊ ဇူလိုင် ၂၄**

မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည့် မဟာမြတ်မုနိဘုရားတွင်ကျင်းပသော နှစ် (၈၀) မြောက် ရိုးရာခြင်းအလှခတ်ပြိုင်ပွဲသို့ ဘောလုံးအကျော်အမော်ထွက်ပေါ်သည့် ဘရာဇီးနိုင်ငံမှ နိုင်ငံသားတစ်ဦး ဒုတိယအကြိမ် လာရောက်လေ့လာခဲ့ကြောင်း ဇူလိုင် ၁၇ ရက်နေ့တွင် ရိုးရာခြင်းလုံးခတ်သူများထံမှ စုံစမ်းသိရှိရသည်။

ကြိမ်ဖြင့်ရက်လုပ်ထားသည့် ခြင်းလုံးတစ်လုံးကို ဝိုင်းဖွဲ့၍ခတ်ရသည့် ယင်းကစားနည်းမှာ ကမ္ဘာပေါ်တွင် မြန်မာတစ်နိုင်ငံတည်းရှိသောကြောင့် လာရောက်လေ့လာခြင်းဖြစ်ကြောင်း အဆိုပါ လာရောက်လေ့လာသော ဘရာဇီးနိုင်ငံသားက ဆိုသည်။ မဟာမုနိ ရိုးရာဝိုင်းခြင်းခတ်ခြင်းကို အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ထိုင်းနှင့် ဂျပန်နိုင်ငံသားများလည်း ပုံမှန်လာရောက်ကစားကြသည်ဟု ပွဲတော်တွင်ဝင်ရောက်ယှဉ်ပြိုင်နေသည့် ခြင်းလုံးအားကစားသမားများထံမှ စုံစမ်းသိရှိရသည်။

မိမိတို့၏ရိုးရာအားကစားနည်းကို ဘရာဇီးနိုင်ငံကပင် လာရောက်လေ့လာသောကြောင့် ရိုးရာခြင်းလုံးကစားနည်းကို ယခုထက်ပိုမိုတိုးတက်ရန်နှင့် ခြင်းလုံးခတ်ပညာရှင်များ ပိုမိုပေါ်ထွက်စေလိုကြောင်း အားကစားသမားတစ်ဦးက သုံးသပ်ပြောကြားသည်။

ပွဲတော်ဝါဆိုခြင်းပွဲကို ၁၉၂၀ ခုနှစ်ခန့်မှ စတင်ကျင်းပခဲ့သည်။

**Mdy News**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ စီးပွားရေးကွန်ဖရင့် တက်ရောက်နိုင်

**ရန်ကုန်၊ မတ် ၁၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းကကြီးမှူး၍ အပြည်ပြည်ဆိုင်ရာစီးပွားရေးကွန်ဖရင့်တစ်ရပ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အောက်တိုဘာလ ၃၀ ရက်မှ နိုဝင်ဘာလ ၁ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်ကြကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ စုံစမ်းသိရှိရသည်။

ယင်းကွန်ဖရင့်သို့ တက်ရောက်နိုင်ရန်အတွက် မြန်မာနိုင်ငံမှ စီးပွားရေး၊ ပညာရေး၊ ပြန်ကြားရေး၊ လူမှုအဖွဲ့အစည်းများမှ လုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများအား ဖိတ်ခေါ်လျက်ရှိပြီး အသေးစိတ်အချက်အလက်များကို ရန်ကုန်မြို့ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးတွင် စုံစမ်းနိုင်ကြောင်း ယင်းသံရုံး၏ကြေညာချက်အရ သိရှိရသည်။

**လင်းကိုကို (စက်မှုတက္ကသိုလ်)**

www.foreverspace.com.mm



# မိခင်မေတ္တာဓာတ်ပုံပြိုင်ပွဲ မန္တလေးမြို့တွင် ကျင်းပမည်

**မန္တလေး၊ ဇူလိုင် ၁၈**

မြန်မာနိုင်ငံတစ်နိုင်ငံလုံးဆိုင်ရာ အထူးဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲအဖြစ် မန္တလေးမြို့တော်တွင်ကျင်းပမည့် မိခင်မေတ္တာအမည်ရှိ ဓာတ်ပုံပြိုင်ပွဲတွင် မိခင်နှင့်သားသမီးတို့၏ မေတ္တာတရားကို ထင်ဟပ်ဖော်ကျူးသော ဓာတ်ပုံလက်ရာများ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ပြိုင်ပွဲစီစဉ်သူ Mother Foodstuff Co., Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးမိုးနိုင်က ပြောကြားသည်။

Mother Foodstuff Co., Ltd. က ယင်းဓာတ်ပုံပြိုင်ပွဲကို ပထမဆုံးအကြိမ်စီစဉ်ကျင်းပခြင်းဖြစ်ပြီး စဉ်ဆက်မပြတ်ကျင်းပရန်လည်းရှိကြောင်း၊ ဆုကြေးကို ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်းနှင့် နှစ်သိမ့်ဆု သုံးဆု၊ အထူးဆု ၁၀ ဆုချီးမြှင့်မည်ဖြစ်ကြောင်း၊ ဓာတ်ပုံအရွယ်အစားမှာ ၁၀"× ၁၄"၊ ၁၀"× ၁၅"အရွယ် ပြိုင်ပွဲဝင်ဓာတ်ပုံများဖြစ်ပြီး ၂၀၀၈ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့ နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ယင်းပြိုင်ပွဲသို့ တစ်နိုင်ငံလုံးမှဓာတ်ပုံဝါသနာရှင် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး အသေးစိတ်သိရှိလိုပါက အောင်စည်သံ ဓာတ်ပုံဗီဒီယိုရိုက်ကူးရေး အမှတ်–၈၈/၅၊ ၈၄ လမ်း၊ ၂၉× ၃၀ လမ်းကြား၊ ခတ္တိယဝင်း၊ မန္တလေးမြို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြကြောင်း ယင်းကုမ္ပဏီမှ စုံစမ်းသိရသည်။

**Mdy.News**

LIVING COLOR MEDIA

၂၄၂၄၂၄၊ ၀၉ ၆၆၇၄၃၄၃

# မေယုသစ်တောကြိုးဝိုင်းမှ ကျွန်းသစ်များထုတ်ယူမည်

**မောင်တော၊ ဩဂုတ် ၉**

ရခိုင်ပြည်နယ်ရှိ မေယုသစ်တောကြိုးဝိုင်းတွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိနေသည့် ကျွန်းစိုက်ခင်းများမှ ကျွန်းသစ်များမှာ ထုတ်ယူနိုင်သည့်အဆင့်တွင်ရောက်ရှိနေပြီဖြစ်သဖြင့် ၂၀၀၈ ခုနှစ် ပွင့်လင်းရာသီမှစ၍ လုံးပတ် ခြောက်ပေအထက်ရှိ ကျွန်းပင် ၂၀၀၀ ကို ခုတ်လှဲထုတ်ယူတော့မည်ဖြစ်ကြောင်း ပြည်နယ်သစ်တောဦးစီးဌာနထံမှ သိရသည်။

မေယုတောင်တန်းတွင် သစ်တောဦးစီးဌာနက ကျွန်းစိုက်ခင်းများကို ၁၉၆၅ ခုနှစ်မှ စတင်ထူထောင်စိုက်ပျိုးခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ကြေညာကာ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ မေယုသစ်တောကြိုးဝိုင်းအတွင်း ကျွန်းစိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးခဲ့ရာ ကျွန်းစိုက်ခင်း ၅၆၀၉၅ ဧကရှိကြောင်း၊ ခုတ်လှဲထုတ်ယူမည့်ကျွန်းသစ်များကို အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရန်ရှိကြောင်း ယင်းဌာနမှ စုံစမ်းသိရှိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံမှ ဝါး၊ ကြိမ်၊ မျှောတိုင် စသည့် သစ်တောထွက်ပစ္စည်းများကို နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ဝယ်ယူလျက်ရှိသည်။

**သတင်းထောက်ကောင်း**

# ပြည်ပရေကြောင်းပို့ဆောင်ရေးတွင် သင်္ဘောရှစ်စင်း ထပ်မံထည့်သွင်း၍ လိုင်းသစ်များတိုးချဲ့မည်

**ရန်ကုန်၊ ဇူလိုင် ၈**

ရန်ကုန်မြို့တော်မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ ပြေးဆွဲနေသည့် ပြည်ပရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် သင်္ဘောရှစ်စင်း ထပ်မံထည့်သွင်း၍ လိုင်းသစ်များ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စုံစမ်းသိရှိရသည်။

အဆိုပါသင်္ဘောလိုင်းသစ်များ တိုးချဲ့ပြေးဆွဲမှုကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကတိုင်းရင်းသားလုပ်ငန်းရှင်များကို လုပ်ကိုင်ခွင့်ပြုခြင်းဖြစ်ကြောင်း၊ သင်္ဘောလိုင်းသစ်အားလုံးမှာ တိုင်းရင်းသားပိုင် ပုဂ္ဂလိကသင်္ဘောလိုင်းများသာဖြစ်ကြောင်း၊ ယင်းလိုင်းသစ်များကို ဇွန်လဆန်းမှစ၍ စမ်းသပ်ပြေးဆွဲလျက်ရှိပြီး ဇူလိုင်လလယ်ပိုင်းမှစ၍ ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ ယခင်ပြေးဆွဲရာတွင် ကြယ်ငါးပွင့်သင်္ဘောခြောက်စင်းအပါအဝင် စုစုပေါင်း ၁၉ စင်းသာရှိခဲ့ပြီး ယခုအခါ သင်္ဘော ၂၇ စင်းဖြင့် ပြေးဆွဲသွားမည်ဖြစ်၍ ပို့ကုန်၊ သွင်းကုန်များ ပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း အမည်မဖော်လိုသူသင်္ဘောလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

သင်္ဘောလိုင်းသစ်များကို ရန်ကုန်မြို့တော်မှ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့သို့လည်းကောင်း၊ ရန်ကုန်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံ (ရှင်းနိုင်) ဒေသများသို့လည်းကောင်း ပြေးဆွဲမည်ဖြစ်ပြီး မကြာမီ သီရိလင်္ကာနိုင်ငံသို့ပါ တိုးချဲ့ပြေးဆွဲမည်ဖြစ်ကြောင်းနှင့် အာရှဒေသတွင်းနိုင်ငံများသို့လည်း တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။ ■

www.foreverspace.com.mm



# စာသင်ကျောင်းများတည်ဆောက်ရန် မြို့တော်စည်ပင် ကျပ်တစ်ဘီလီယံသုံးစွဲ

**ရန်ကုန်၊ ဩဂုတ် ၅**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့တော်အတွင်းရှိ စာသင်ကျောင်းများ ပြုပြင်တည်ဆောက်ရာတွင် ကျပ်တစ်ဘီလီယံ သုံးစွဲမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းမှ ပြောကြားသည်။

ယင်းသို့ စာသင်ကျောင်းများ တည်ဆောက်ရာတွင် နာဂစ်မုန်တိုင်းဒဏ်ကြောင်း ပျက်စီးသွားသော ကျောင်းပေါင်း ၅၉ ကျောင်းကို ပြန်လည်တည်ဆောက်ပေးလျက်ရှိပြီး လာမည့် အောက်တိုဘာလအတွင်း ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသွားသည်။ အဆိုပါကျောင်းများကို တည်ဆောက်ရာတွင် ရာသီဥတုဒဏ်ခံနိုင်ရန် (Steel Structure) များဖြင့် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ပြန်လည်တည်ဆောက်ရာ၌ အခြေခံပညာအထက်တန်းကျောင်း ငါးကျောင်း၊ အလယ်တန်းကျောင်း ခြောက်ကျောင်း၊ မူလတန်းကျောင်း ၄၈ ကျောင်း ပါဝင်ကြောင်း ၎င်းက ရှင်းပြသည်။

မေလ ပထမပတ်ကဖြစ်ပွားခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရန်ကုန်မြို့တော်၌ စာသင်ကျောင်း ၁၃ ကျောင်း ပြိုကျပျက်စီးခဲ့ပြီး ၄၆ ကျောင်းမှာ အလုံးစုံပျက်စီးခဲ့သည်။

# ဘင်္ဂလားဒေ့ရှ်သို့ ရေငန်ပုစွန်တင်ပို့မှုများပြား

**မောင်တော၊ ဩဂုတ် ၉**

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေငန်ပုစွန်တင်ပို့ရောင်းချမှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာကြောင်း နယ်စပ်ကုန်သွယ်ရေးစာရင်းများအရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ရာတွင် မွေးမြူရေးပုစွန်နီကျားများကိုသာ အဓိကထားတင်ပို့ရောင်းချရခြင်းဖြစ်ပြီး၊ ရေဗာပင့်ခေါ် ခွံကြမ်းပုစွန်များကိုမူ ရိုးမအရှေ့စက်ရုံများသို့သာ တင်ပို့ရောင်းချရကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နယ်စပ်ကုန်သွယ်ရေးဖြင့် ပုစွန်များဝယ်ယူရာတွင် ခေါင်းပါဝယ်ယူလေ့ရှိကြောင်း ပုစွန်ကုန်သည်တစ်ဦးက ပြောကြားသည်။ ရေငန်လုပ်ငန်း ပုစွန်များတင်ပို့ရာ၌ မောင်တောမွေးမြူရေးကန်များမှ ရရှိသည့်ပုစွန်များနှင့်အတူ စစ်တွေပတ်ဝန်းကျင်မှ ပုစွန်များကိုလည်း တင်ပို့ကြောင်း၊ မောင်တောနယ်စပ်မှ ပုစွန်များကို ခေါင်းပါတင်ပို့ရန်လွယ်ကူသော်လည်း စစ်တွေဒေသမှ ပုစွန်များကိုမူ ခေါင်းမဲ့တင်ပို့နေရကြောင်း ၎င်းက ဆိုသည်။

**မြန်မာနိုင်ငံမှ ရေငန်ပုစွန်ကျားတင်ပို့မှု**

| | | |
|---|---|---|
| ၂၀၀၅ – ၂၀၀၆ | ၂၉၀၀၄၇ – ကီလို | ၁.၇၉၀ သန်း (ဒေါ်လာ) |
| ၂၀၀၆ – ၂၀၀၇ | ၄၁၉၉၃၇ – ကီလို | ၂.၅၉၂ သန်း (ဒေါ်လာ) |
| ၂၀၀၇ – ၂၀၀၈ | ၉၇၇၁၂၃ – ကီလို | ၆.၀၅၅ သန်း (ဒေါ်လာ) |
| ၂၀၀၈ – ၂၀၀၉ (ဧပြီမှဇွန်လအထိ) | ၃၅၂၆၁၇ – ကီလို | ၂.၂၁၁ သန်း (ဒေါ်လာ) |

**သတင်းထောက်ကောင်း**

# ရသေ့ကြီးဦးခန္တီကျောက်စာ သထုံရှေးစာရုံ ပြန်ပို့မည်

**မန္တလေး၊ ဇူလိုင် ၂၈**

မန္တလေးမြို့တည် မင်းတုန်းမင်း တည်ထားကိုးကွယ်ခဲ့သည့် ကျောက်တော်ကြီးဘုရားဝင်းအတွင်း ရသေ့ကြီးဦးခန္တီ ထုဆစ်ခဲ့သော ကျောက်စာ ၁၂၅ ချပ်ကို သထုံရှေးစာရုံစေတီသို့ ပြန်ပို့ရန် စီစဉ်နေသည်ဟု အဆိုပါစေတီဂေါပကအဖွဲ့ဥက္ကဋ္ဌက ဇူလိုင် ၂၅ ရက်နေ့တွင် ပြောကြားသည်။

ကျောက်တော်ကြီးဘုရားဝင်းအတွင်းရှိ ကျောက်စာချပ်များသည် ဘုရားဟောပါဠိအဋ္ဌကထာများဖြစ်ပြီး သထုံရှေးစာရုံဘုရားအတွက် ထုဆစ်ခဲ့ခြင်းဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးတို့ကြောင့် သယ်ယူခြင်းမပြုနိုင်ခဲ့သည့်အတွက် ဘုရားဂေါပကအစဉ်အဆက်က စောင့်ရှောက်လာခဲ့သည်မှာ နှစ်ပေါင်း ၉၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ အဆိုပါကျောက်စာ ထုဆစ်ခဲ့သည့်အကြောင်းရင်းကို လိုက်လံရှာဖွေရာ သထုံ ရှေးစာရုံစေတီအတွက် ရည်ရွယ်ထုဆစ်ခဲ့သည်ဟု သိရှိရသဖြင့် အလှူရှင်များရှာဖွေပြီး မူလနေရာသို့ပြန်ပို့ရန် စီစဉ်ခြင်းဖြစ်ကြောင်း ကျောက်စာပညာရှင်ဦးအောင်သူက ဆိုသည်။

သထုံရှေးစာရုံသို့ပို့မည့် ကျောက်စာ ၁၂၅ ချပ်အနက် ၁၀၅ ချပ်သည် လက်ရာမပျက်ဘဲ မူလအတိုင်းရှိပြီး အချပ် ၂၀ မှာ နှစ်ပေါင်းများစွာ မိုးထဲရေထဲတွင် တည်ရှိနေခဲ့ရာ ပျက်စီးချို့ယွင်းနေသဖြင့် အသစ်ပြန်လည်ထုဆစ်နေကြောင်း ဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးက ရှင်းပြသည်။

LIVING COLOR MEDIA

၂၄၂၄၂၄

၃၉၃၁၉၂

www.foreverspace.com.mm



# မြန်မာတစ်နိုင်ငံလုံး ဇွန်လအတွင်း ယာဉ်တိုက်မှု ၄၈၈ ခု ဖြစ်ပွားပြီး ၁၁၄ ဦးသေဆုံး

**ရန်ကုန်၊ ဇူလိုင် ၂၄**

မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၀၈ ခုနှစ် ဇွန်လအတွင်း ယာဉ်တိုက်မှုပေါင်း ၄၈၈ ခု ဖြစ်ပွားခဲ့ပြီး ၁၁၄ ဦး သေဆုံးခဲ့ ကြောင်း ဇွန်လ ၂၄ ရက်နေ့ထုတ် နိုင်ငံပိုင်မီဒီယာများ၏ဖော်ပြချက်အရ သိရသည်။

**ယာဉ်တိုက်မှုအခြေပြဇယား (ဇွန်လ ၂၀၀၈)**

| ဒေသ | အမှုအရေအတွက် | သေဆုံးသူ(ဦး) | ဒဏ်ရာရသူ (ဦး) |
|---|---|---|---|
| ကချင်ပြည်နယ် | ၂၁ | ၆ | ၄၀ |
| ကရင်ပြည်နယ် | ၁၄ | ၁ | ၃၂ |
| စစ်ကိုင်းတိုင်း | ၆၇ | ၉ | ၁၄၅ |
| တနင်္သာရီတိုင်း | ၉ | ၁၀ | ၆ |
| ပဲခူးတိုင်း(အရှေ့) | ၅၃ | ၇ | ၈၆ |
| ပဲခူးတိုင်း(အနောက်) | ၂၉ | ၃ | ၄၂ |
| မန္တလေးတိုင်း | ၁၂၄ | ၃၀ | ၂၃၈ |
| မွန်ပြည်နယ် | ၂၂ | ၁၃ | ၂၇ |
| ရခိုင်ပြည်နယ် | ၇ | ၁ | ၆ |
| ရန်ကုန်တိုင်း | ၆၁ | ၁၅ | ၁၂၂ |
| ရှမ်းပြည်နယ် | ၁၇ | ၃ | ၂၀ |
| ရှမ်းပြည်နယ်(မြောက်) | ၁၈ | ၈ | ၃၃ |
| ရှမ်းပြည်နယ်(အရှေ့) | ၇ | ၂ | ၁၂ |
| ဧရာဝတီတိုင်း | ၁၅ | ၄ | ၁၁ |

ထို့အတူ ဒဏ်ရာရသူ ၈၅၃ ဦးနှင့် ဆုံးရှုံးမှုတန်ဖိုးကျပ် ၂၉၄ သိန်းရှိကြောင်း ယာဉ်တိုက်မှုများအနက် ရန်ကုန်တိုင်းတွင် ယာဉ်တိုက်မှု ၆၁ မှုဖြစ်ပွားခဲ့ပြီး ၁၅ ဦး သေဆုံးခဲ့ကာ ဒဏ်ရာရသူ ၁၂၂ ဦးရှိကြောင်း၊ စစ်ကိုင်းတိုင်းတွင် ယာဉ်တိုက်မှု ၆၇ မှုဖြစ်ပွားပြီး ဒဏ်ရာရသူ ၁၄၅ ဦးနှင့် သေဆုံးသူကိုးဦးရှိကြောင်း၊ ကယားပြည်နယ်တွင် ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူနှစ်ဦးရှိကြောင်း၊ ယာဉ်တိုက်မှုအများဆုံး ဖြစ်ပွားခဲ့သည့်ဒေသမှာ မန္တလေးတိုင်းဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယင်းယာဉ်တိုက်မှုများမှာ ယာဉ်မဆင်မခြင်မောင်းနှင်မှုနှင့် ပေါ့ဆစွာမောင်းနှင်မှုများကြောင့်ဖြစ်ကြောင်း၊ ရုံဖန်ရံခါ ခြေလျင်လျှောက်ခရီးသည်များ၏ ပေါ့ဆမှုများကြောင့်လည်း ဖြစ်ပွားတတ်ကြောင်း ရန်ကုန်တိုင်းယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

# မြစ်ဝကျွန်းပေါ်ဒေသ ဒီရေတောများနှင့် ကမ်းခြေဂေဟစနစ် ပြန်လည်ပြုပြင်ထိန်းသိမ်းရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး NGO များပူးပေါင်း

**သတင်းဆောင်းပါး– ကျော်နိုင်၊ ၃၁–၇–၂၀၀၈**

**မြန်မာနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပထမဦးဆုံးအကြိမ် အင်အားအကြီးမားဆုံးပူးပေါင်းဆောင်ရွက်သည့်အစီအစဉ်ဟုဆိုရမည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးသွားခဲ့သောဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများအပါအဝင် ကမ်းခြေဒေသဂေဟစနစ်တစ်ခုလုံးကို ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန် ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) များနှင့် သုတေသီများပူးပေါင်းပါဝင်သည့် Assessment of Impact of Nargis အစီအစဉ်ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ယင်းအစီအစဉ်တွင်ပါဝင်သည့် မြန်မာ့ငှက်ဝါသနာရှင်အသင်းဥက္ကဋ္ဌ ဦးစိုးညွန့်က ပြောကြားသည်။**

အဆိုပါအစီအစဉ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင် **(NCEA)**၊ သစ်တောသယံဇာတနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့်အသင်း **(FREDA)**၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း **(BANCA)**၊ မြန်မာ့ငှက်ဝါသနာရှင်အသင်း **(MBNS)**၊ သစ်တောမိတ်ဆွေအသင်း **(FORM)**၊ မြန်မာပြန်ပြည့်မြစ္စမ်းအင်အသင်း **(REAM)**၊ သစ်တောဦးစီးဌာန၊ ရန်ကုန်တက္ကသိုလ်၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

www.foreverspace.com.mm



စသည့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ နှင့် ပညာရှင်များပါဝင်ကြကြောင်း၊ "Resilience & Recovery of The Mangrove and Costal Ecosystem in Ayeyarwaddy & Yangon" ဟု အမည်ပေးထားသည့် ယင်းအစီအစဉ်ကို မင်္ဂလာမြန်မာအဖွဲ့အစည်းက ဦးစီးစီစဉ်ခြင်းဖြစ်ပြီး မြန်မာ့ဖွံ့ဖြိုးမှုဖောင်ဒေးရှင်း(MDF) နှင့် Myanmar Costal Conservation Society တို့က ပံ့ပိုးကူညီခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

"သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံမှာ အင်အားအကြီးဆုံးနဲ့ ပထမဆုံး ပူးပေါင်းဆောင်ရွက်မှုပါပဲ။ အားရစရာကောင်းပါတယ်" ဟု ၎င်းက ပြောကြားသည်။

အဆိုပါအစီအစဉ်၏ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင်လ ၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ Parkroyal ဟိုတယ်၌ကျင်းပခဲ့ရာ ပူးပေါင်းပါဝင်ကြမည့်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ဒီရေတောများသည် ဒေသခံပြည်သူများအတွက် ဟင်းအိုးကြီးဖြစ်ကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် အသက်အိုးအိမ်ဆုံးရှုံးမှုကြီးမားရခြင်းသည် ကမ်းခြေဒီရေတောများ၏အကာအကွယ် ကင်းမဲ့သည့်အတွက်ဖြစ်ကြောင်း၊ မိန်းမလှကျွန်း ဘေးမဲ့တောရှိ ဒီရေတောပင်များ၏ လက်ရှိအခြေအနေမှာ ကျွန်းအနောက်ဘက်ခြမ်းကမ်းခြေရှိ ဒီရေတောပင်များနေရာတွင် မုန်တိုင်းဒီရေလှိုင်းကသယ်ဆောင်လာသောအပျက်အစီးများကြောင့် အမှိုက်ပုံကြီးသဖွယ်ဖြစ်နေကြောင်း၊ ကုန်းတွင်းပိုင်း ဒီရေတောများ၏အခြေအနေကို မသိရသေးကြောင်း၊ နာဂစ်မုန်တိုင်းအပြီး မည်မျှကျန်ရှိနေသည်ကို သိရှိရန်လိုအပ်ကြောင်းနှင့် ယင်းအခြေအနေသည် ဂေဟစနစ်ပျက်သုဉ်းမှုကိုဦးတည်နေကြောင်း ယင်းဆွေးနွေးပွဲ ကောက်နုတ်ချက်များအရ သိရသည်။

အဆိုပါဒေသသည် ဇီဝမျိုးစုံကြွယ်ဝသည့်ဂေဟစနစ်ဖြစ်သည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဂေဟဗေဒပညာရှင်များ၏ အကြံဉာဏ်များကို ရယူသင့်ကြောင်း၊ ယင်းသို့ ဂေဟစနစ်ပြန်လည်တည်ဆောက်ရာတွင် ဒေသခံတို့၏ လူမှုရေးလိုအပ်ချက်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း ၎င်းတို့ကဆိုသည်။

ဒီရေတောအရေးပါပုံကို ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သဘောပေါက်လာစေရန် မုန်တိုင်းပြီးခါစသွေးမအေးမီ Mass Media (ရုပ်မြင်သံကြား၊ သတင်းစာ၊ ရေဒီယို) တို့မှတစ်ဆင့် အသိပညာပေးဖြန့်ချိပေးသင့်ကြောင်း၊

# မုန်တိုင်းအပြီးသုံးလအတွင်း သဘာဝဘေးအန္တရာယ် အာမခံပြုလုပ်သူ ၆၀ ရာခိုင်နှုန်းတိုးတက်

**ရန်ကုန်၊ ဩဂုတ် ၇**

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်အပြီး သုံးလတာကာလအတွင်း မြန်မာ့အာမခံလုပ်ငန်း၌ သဘာဝဘေးအန္တရာယ် အာမခံလာရောက်ပြုလုပ်မှုသည် ယခင်ကထက် ၆၀ ရာခိုင်နှုန်းမျှတိုးတက်လာခဲ့ကြောင်း အဆိုပါလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက ပြောကြားသည်။

ပြင်းထန်သောရာသီဥတုပြောင်းလဲမှုများ တစ်နေ့တခြားဖြစ်ပေါ်လာသည်ကို သိရှိလာကြခြင်း၊ သဘာဝဘေးအန္တရာယ် မည်မျှပင်ကြောက်မက်ဖွယ်ရာကောင်းသည်ကို သိမြင်သွားကြခြင်း၊ မြန်မာ့အာမခံလုပ်ငန်း၏ လျော်ကြေးပေးအပ်မှုအပေါ် ယုံကြည်လာကြခြင်းတို့ကြောင့် ရာခိုင်နှုန်းများ တိုးတက်လာရခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

သုံးလတာကာလအတွင်း တိုးတက်လာမှုများတွင် စီးပွားရေးလုပ်ငန်းရှင်များသာ အများဆုံးအာမခံထားသည်ကိုတွေ့ရပြီး ပုဂ္ဂလိကပိုင်အိမ်များသည် သဘာဝဘေးအန္တရာယ် အာမခံထားရှိမှုနည်းပါးကြောင်း၊ သဘာဝဘေးအန္တရာယ်အာမခံကို လွန်ခဲ့သည့် နှစ် ၅၀ ကျော် မြန်မာ့အာမခံလုပ်ငန်းစတင်ချိန်ကတည်းက လက်ခံပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး စိတ်ပါဝင်စားမှုနည်းပါးသော အာမခံအမျိုးအစားဖြစ်ခဲ့ကြောင်း ၎င်းက ရှင်းပြသည်။

**စိုင်းအောင်**

www.foreverspace.com.mm

ဒေသခံပြည်သူများအနေဖြင့် ဒီရေတောများ၏တန်ဖိုးကို သိနေကြပြီးဖြစ်သည့်အတွက် ယခုအချိန်သည် ပညာပေးလုပ်ငန်းများဆောင်ရွက်ရန်အကောင်းဆုံးအချိန်ဖြစ်ကြောင်း ထည့်သွင်းဆွေးနွေးသဘောတူခဲ့ကြသည်။

ဒီရေတောပြန်လည်ထူထောင်ဆောင်ရွက်ရာတွင် လက်ရှိဒီရေတောများအခြေအနေ မပျက်စီးသွားစေရန် ဂရုပြုရမည်ဖြစ်ကြောင်း၊ ထို့ပြင် လက်ကျန်ဒီရေတောများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ တရားမဝင် ကျူးကျော်ပုစွန်ကန်များကို ဒီရေတောဒေသများမှ တားမြစ်ဖယ်ရှားရန်၊ ဒီရေတောများ ပြန်လည်ပျိုးထောင်ခြင်းလုပ်ငန်းကို ၂၀၁၀ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်ရန် သဘောတူခဲ့ကြကြောင်း ဆွေးနွေးပွဲတက်ရောက်ခဲ့သူ NGO တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"ဒီရေတောပင်တွေမှ မဟုတ်ပါဘူး။ ကမ်းရိုးတန်းဒေသပတ်လည်မှာ ဘာအပင်မဆို ပြန်စိုက်သင့်ပြီ။ အုန်းပင်၊ ကွမ်းပင်၊ ဓနိပင်တို့လို နှစ်မျိုးနှစ်ဖက်အကျိုးဖြစ်ထွန်းတဲ့အပင်တွေ ပိုစိုက်သင့်တယ်" ဟု မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းမှ အမှုဆောင်တစ်ဦးက အကြံပြုပြောကြားသည်။

"ကျွန်တော်တို့ ဒီအစီအစဉ်ကို ဘို

# ရန်ကုန် စက်မှုဇုန်များသို့ ဒေါ်လာငါးသောင်း အာမခံပေးလျော်

**ရန်ကုန်၊ ဩဂုတ် ၁**

နာဂစ်မုန်တိုင်းအပြီး အပျက်အစီးများအတွက် အာမခံထားရှိသော ရန်ကုန်မြို့ရှိ စက်မှုဇုန်များအား မြန်မာ့အာမခံလုပ်ငန်းက အမေရိကန်ဒေါ်လာ ငါးသောင်းခန့် လျော်ကြေးပေးမည်ဟု မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက ပြောကြားသည်။

အဆိုပါစက်မှုဇုန်များတွင် အဓိကအားဖြင့် မီးနှင့်သဘာဝဘေးအန္တရာယ်၊ ရေကြောင်းနှင့် မော်တော်ယာဉ်အာမခံလျော်ကြေးများ ပေးရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် မီးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အာမခံလျော်ကြေးကို အဆောက်အအုံ၊ စက်ရုံ၊ အလုပ်ရုံ၊ အိမ်၊ ဂိုဒေါင်၊ ကုန်စည်၊ ယန္တရား စသည်တို့၏ ပျက်စီးမှုအနည်းအများအပေါ် ပေးလျော်မည်ဟု ၎င်းက ရှင်းပြသည်။

"စက်ယန္တရားတွေ၊ အီလက်ထရွန်နစ်ပစ္စည်းတွေ ရေစိုပျက်စီးလို့ ပစ်လိုက်ရတာတွေ များများပေးလျော်ရမယ့်အနေအထားရှိပေမယ့် နည်းပါတယ်" ဟု ၎င်းကဆိုသည်။

ရန်ကုန်စက်မှုဇုန်များတွင် အချို့လုပ်ငန်းများ၏ အာမခံထားရှိမှုမှာ လျော်ကြေးငွေကျပ်သိန်းဂဏန်းပင်မရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဇွန်စပယ်ဖြူ**

ကလေးမြို့နယ်က စအကောင်အထည်ဖော်ကြမယ်။ မိန်းမလှကျွန်းဘေးမဲ့တောတည်ရှိနေတာရယ်၊ မင်္ဂလာမြန်မာအဖွဲ့က တာဝန်ယူကယ်ဆယ်ရေးဆင်းနေတဲ့ မြို့နယ်ဖြစ်နေတာရယ်ကြောင့်ပဲ" ဟု ဦးစိုးညွန့်က ရှင်းပြသည်။

"တခြားရုပ်ဝတ္ထုပစ္စည်းတွေဆုံးရှုံးတာက ဘယ်လောက်အတိုင်းအတာထိဆိုတာ တွက်လို့ရတယ်။ ဒီသဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်ပျက်စီးဆုံးရှုံးတာကျတော့ ပြောရခက်တယ်။ သေသေချာချာ Assessment (စူးစမ်းလေ့လာသုံးသပ်) ပြီးမှပဲ ပြောလို့ရမယ်။ အရင်ကမှတ်ထားတဲ့ Data တွေနဲ့ အခု Assessment လုပ်ပြီးရင် ရလာမယ့် Data တွေယှဉ်ကြည့်ပြီးမှပဲ ပြောလို့ရမယ်" ဟု အဖွဲ့ဝင်တစ်ဦးဖြစ်သူ BANCA မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာထင်လှက ဆိုသည်။

မုန်တိုင်းဖြတ်သန်းတိုက်ခတ်သည့်ကာလသည် မြန်မာနိုင်ငံ၌ ရေပျော်ငှက်များ သားပေါက်သည့်ရာသီဖြစ်သောကြောင့် အသိုက်ပြုလုပ်သားပေါက်နေကြသည့် ငှက်အများအပြားမှာ သေကျေပျက်စီးနိုင်ကြောင်း၊ အသက်ရှင်ကျန်ရစ်ပါကလည်း ၎င်းတို့နေထိုင်ကျက်စားရာ ဂေဟစနစ်တစ်ခုလုံး ပျက်စီးသွားသဖြင့် နေရာ



www.foreverspace.com.mm

သစ်များသို့ ပြောင်းရွှေ့သွားကြဖွယ်ရှိကြောင်း၊ ကောင်ရေနည်းပါးလာသည့် ငှက်ကြီးဒုံးစပ်၊ မြီးကွက်ဒုံ၊ ကြိုးကြာစသည့် ရေပျော်ငှက်ကြီးများ၏ အခြေအနေမှာလည်း စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း မြန်မာငှက်ဝါသနာရှင်အသင်း အမှုဆောင်တစ်ဦးက သုံးသပ်သည်။

"အခု Delta မှာ Relief (ကယ်ဆယ်ရေး) နဲ့ ပြန်လည်ထူထောင်ရေး တာဝန်ယူနေကြတဲ့အဖွဲ့အစည်းတွေအားလုံးက ဒေသခံတွေအတွက် စားဝတ်နေရေး၊ ကျန်းမာရေးနဲ့ နေအိမ်တည်ဆောက်ရေးတွေကိုပဲ အဓိကထားလုပ်နေကြတာ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်လို့ တာဝန်ယူပြီးလုပ်နေတဲ့ NGO အဖွဲ့တစ်ဖွဲ့မှမရှိသေးဘူး။ ကျွန်တော်တို့နိုင်ငံမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်နေတဲ့ NGO တွေ ရှိပြီးသား။ ကိုယ့်အားကိုယ်ကိုးပြီး တစ်နိုင်တစ်ပိုင် လုပ်သင့်လုပ်ထိုက်တာတွေ လုပ်နေကြတယ်။ အခုကိစ္စက တစ်ဖွဲ့တည်းလုပ်ရမယ့်ကိစ္စမဟုတ်တော့ဘူး။ အားလုံးစုပေါင်းလုပ်ရမယ့်ကိစ္စပဲ" ဟု ဒေါက်တာထင်လှက ဆိုသည်။



အဆိုပါအစီအစဉ်ကို လာမည့်ပွင့်လင်းရာသီတွင် အမြန်ဆုံးစတင်အကောင်အထည်ဖော်ရန်အတွက် အဖွဲ့အစည်းတစ်ခုချင်းအလိုက် ကျွမ်းကျင်သည့်နယ်ပယ်အလိုက် တာဝန်များခွဲဝေဆောင်ရွက်သွားမည်ဖြစ်ပြီး၊ အပတ်စဉ် သောကြာနေ့တိုင်း မင်္ဂလာမြန်မာအဖွဲ့တည်ရှိရာ ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းဆုံ ဒဂုံတာဝါ၌ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပလျက်ရှိကြောင်း စီစဉ်သူများထံမှ သိရှိရသည်။

# ရတနာပုံဈေးသစ်ကြီးပြီးစီးမှသာ မန္တလေး IT ကုမ္ပဏီများ တစ်စုတစ်ဝေးတည်းဖြစ်မည်

**မန္တလေး၊ ဩဂုတ် ၆**

မန္တလေးမြို့တော် ရတနာပုံဈေး မီးလောင်ပြီးနောက်ပိုင်း မြို့တော်၏ IT နည်းပညာဖွံ့ဖြိုးရေးကဏ္ဍသည် Zegyo IT Zone နှင့် ၇၇ လမ်း × ၇၈ လမ်းကြား Ray World Complex တို့တွင် ပြန့်ကျဲစွာ လုပ်ငန်းများလည်ပတ်လျက်ရှိသော်လည်း ပြန်လည်တည်ဆောက်မည့် ရတနာပုံဈေးသစ်ကြီး ပြီးစီးမှသာ ယခင်ရတနာပုံဆိုက်ဘာကော်ပိုရေးရှင်းကဲ့သို့ သတင်းအချက်အလက်နှင့် နည်းပညာအဆောက်အအုံ (ICT Park) ကြီးအဖြစ် တစ်စုတစ်ဝေး ပြန်လည်ရှင်သန်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (မန္တလေးတိုင်း) အမှုဆောင်တစ်ဦးက ပြောကြားသည်။

မန္တလေးမြို့တော်ရှိ မြေနေရာကောင်းတစ်ခုကို သက်ဆိုင်ရာက ခွင့်ပြုနေရာချထားပေးလျှင် နိုင်ငံတကာအဆင့်မီအဆောက်အအုံများပါဝင်မည့် MICT Park ကို တည်ထောင်ဖွင့်လှစ်ရန် ဆန္ဒရှိပါကြောင်း Zegyo IT Zone ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွတ်က ပြောကြားသည်။

ဩဂုတ်လ ၁ ရက်နေ့က ပြုလုပ်သော Zegyo IT Zone ဖွင့်ပွဲနှင့် ICT Exhibition တွင် ၎င်းက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ ၂၀၀၀ ပြည့်နှစ် e-ASEAN Framework Agreement သဘောတူညီချက်အရ ICT Park များကို ထူထောင်ခဲ့ရာ မန္တလေးမြို့တော် MICT Park ကို ရတနာပုံဈေး တတိယထပ်တွင် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့သော်လည်း ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့နံနက်ပိုင်းက ဖြစ်ပွားခဲ့သော ရတနာပုံဈေးမီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဇူလိုင်လအတွင်းကကျင်းပခဲ့သည့် Zegyo IT Zone ဖွင့်လှစ်ပွဲအခမ်းအနားတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေက ထည့်သွင်းပြောကြားသည်။

Zegyo IT Zone ကို ဈေးချိုပလာဇာ စတုတ္ထထပ်နှင့် ပဉ္စမထပ်တို့တွင် ဖွင့်လှစ်ထားပြီး ယခုဖွင့်လှစ်ထားသောကုမ္ပဏီများတွင် Man၊ MIT၊ Royal Ayawadi၊ MRS၊ EVO Cyber Mandalar၊ Cyber City (S'pore)၊ AZURE၊ SMART-Pro-Active၊ MCC၊ Techno Mandalar၊ Myanmar Insiprations၊ GEO၊ Excellent Model Agency တို့ ပါဝင်ကြသည်။

**Mdy.News**

LIVING COLOR. No.158, SEPTEMBER. 2008.

www.foreverspace.com.mm

# မြန်မာနိုင်ငံအပါအဝင် အာဆီယံ ခုနစ်နိုင်ငံ အာဆီယံပဋိညာဉ် အတည်ပြုပြီးဟုဆို

**စင်ကာပူ၊ ဇူလိုင် ၁၉**

တစ်ပေါင်းတစ်စည်းတည်းသော အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) အဖြစ်ရပ်တည်၍ ၂၀၁၅ ခုနှစ်တွင် ဘုံဈေးကွက်ထူထောင်မည့်အစီအစဉ်ပါဝင်သော အာဆီယံပဋိညာဉ်ကို မြန်မာနိုင်ငံအပါအဝင် အာဆီယံခုနစ်နိုင်ငံက အတည်ပြုပြီးဖြစ်ကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဂျော့ဂျ်ယိုးက ပြောကြားသည်။

အာဆီယံပဋိညာဉ်ကို အတည်မပြုရသေးသည့် အဖွဲ့ဝင်နိုင်ငံများမှာ အင်ဒိုနီးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်တို့ဖြစ်ကြောင်း၊ ယင်းသုံးနိုင်ငံမှာ ယခုနှစ်ကုန်ပိုင်းတွင် ပဋိညာဉ်မူကြမ်းကို အတည်ပြုနိုင်ကြမည်ဟု မျှော်လင့်ကြောင်း၊ အာဆီယံနိုင်ငံအသီးသီးတွင် ပြည်တွင်းရေးပြဿနာများရှိနေသော်ငြား ၂၀၀၉ ခုနှစ်မတိုင်မီ အာဆီယံပဋိညာဉ် တရားဝင်ပေါ်ထွက်လာမည်ဖြစ်ကြောင်း မစ္စတာဂျော့ဂျ်ယိုးက ဆိုသည်။

အာဆီယံပဋိညာဉ်မူကြမ်းကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလအတွင်းက စင်ကာပူတွင် အာဆီယံအစိုးရအကြီးအကဲများ အတည်ပြုခဲ့ကြခြင်းဖြစ်သည်။ အဆိုပါပဋိညာဉ်တွင် တူညီသောစီးပွားရေးစံနှုန်း ချမှတ်ကျင့်သုံးရေး၊ လူ့အခွင့်အရေးကာကွယ်ပေးရေးတို့ အပါအဝင် အာဆီယံနိုင်ငံများ တစ်ပြေးညီ လိုက်နာဆောင်ရွက်ရမည့်စည်းမျဉ်းများ ပါရှိသည်။ အာဆီယံပဋိညာဉ် ပေါ်ထွက်လာသည့်အခါ အာဆီယံမှာ ဥရောပသမဂ္ဂကဲ့သို့ တရားဝင်ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်နိုင်မည် ဖြစ်သည်။

# အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများကျဆင်း၍ ဈေးကွက်ဝေစုပုံသဏ္ဌာန်ပြောင်းလဲ

**သတင်းဆောင်းပါး–ကျော်ဆန်းမင်း**

**ပြည်တွင်း အိမ်သုံးအီလက်ထရွန်နစ်ပစ္စည်းဈေးကွက်တွင် နာမည်ရ အီလက်ထရွန်နစ်ပစ္စည်းများ၏ဈေးနှုန်းများ သိသာစွာကျဆင်းမှုကြောင့် ဈေးကွက်အတွင်း ဈေးကွက်ဝေစုပုံသဏ္ဌာန်ပြောင်းလဲမှု ကြီးမားစွာဖြစ်ပေါ်နေသည်ကို တွေ့ရသည်။**

ပြည်တွင်း အိမ်သုံးအီလက်ထရွန်နစ်ဈေးကွက်တွင် ရုပ်မြင်သံကြားစက်နှင့် DVD စက်များ ရောင်းဝယ်မှုပမာဏအမြင့်ဆုံးဖြစ်ပြီး ဈေးကွက်ဝေစုအားဖြင့် လူကြိုက်များသည့် နာမည်ကြီးတံဆိပ်များဖြစ်သော ကိုရီးယားနိုင်ငံလုပ် Samsung၊ LG၊ Panasonicတို့ပါဝင်သည့် အုပ်စု (၁)၊ စင်ကာပူ၊ မလေးရှား၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့မှဝင်ရောက်ပြီး လူသိများသည့် Polytron၊ Master တို့ပါဝင်သည့် အုပ်စု (၂) နှင့် ပြည်တွင်း၌တပ်ဆင်ထုတ်လုပ်သည်ဟု တရားဝင်ကြေညာထားသည့် Star၊ Fuji တို့ပါဝင်သည့် အုပ်စု (၃) ဟူ၍ အုပ်စုသုံးခုအကြမ်းဖျင်းခွဲနိုင်သည်။



ယင်းအုပ်စုသုံးခုတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအနေအထားအရ လူသုံးများသည့် အုပ်စု (၁) ဝင် Samsung နှင့် LG တို့သည် ပြည်တွင်းအီလက်ထရွန်နစ်ပစ္စည်းများ၏ ဈေးကွက်ဈေးနှုန်းကို ပြဋ္ဌာန်းထားသကဲ့သို့ဖြစ်နေရာ မေလ (၂) ရက်နှင့် (၃) ရက်နေ့များတွင် တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းအပြီး ယင်းတံဆိပ်ပစ္စည်းများ၏ ဈေးနှုန်းများမှာ သိသိသာသာကျဆင်းသွားသဖြင့် ကျန်အုပ်စုဝင်တံဆိပ်များလည်း သိသိသာသာ လိုက်လံဈေးနှုန်းလျှော့ချရသည့်အနေအထားတစ်ရပ်ဖြစ်ပေါ်ခဲ့ရာမှ ဈေးကွက်ဝေစုအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အိမ်သုံးအီလက်ထရွန်နစ်ဈေးကွက်ကို ခြေရာကောက်ကြည့်ရာတွင် ယခုနှစ် ဧပြီလ မဟာသင်္ကြန်ပွဲတော်ကာလအတွင်းက သင်္ကြန်အထူးအရောင်းမြှင့်တင်ရေး

www.foreverspace.com.mm



အဖြစ် အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများလျှော့ချ၍ အရောင်းမြှင့်တင်ခဲ့သဖြင့် ယင်းကာလကစ၍ ပထမအဆင့်အဖြစ် အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ ကျဆင်းခဲ့သည်ကို တွေ့ရသည်။

ယင်းကာလအလွန် မေလဆန်းတွင် အမှတ်မထင် ဝင်ရောက်လာသည့် နာဂစ်မုန်တိုင်းကြောင့် စီးပွားရေးဟန်ချက်ပျက်သွားပြီး အရောင်းအဝယ်အေးနေသဖြင့် အရောင်းမြှင့်တင်ရေးအတွက် ဈေးနှုန်းတစ်ဆင့် ထပ်မံလျှော့ချရာမှ ယခုနှစ်ဆန်းပိုင်းကရောင်းချသည့် ဈေးနှုန်းများထက် ယေဘုယျအားဖြင့် ကျပ်လေးသောင်းခန့် ဈေးနှုန်းလျှော့ကျသွားခြင်းဖြစ်သည်။

"ပုံမှန်ဈေးကွက်အနေအထားအရဆိုရင် Samsung တို့၊ LG တို့၊ Sony တို့က လည်း သူတို့အတန်းအစားအလိုက် ဈေးကွက်ဝေစုအတော်ရထားတယ်။ ဒုတိယဈေးကွက်ဝေစုရထားတဲ့ Brand တွေက Polytron တို့ Master တို့ပေါ့။ ဒါပေမဲ့ ဧပြီလောက်မှာ T-home နဲ့ Fuji က ဈေးကွက်ဝေစု တော်တော်ရလာတယ်။ ဂျပန်ပြည်တွင်းသုံး ၁၁၀ ဗို့ တီဗီအဟောင်းဈေးကွက်ကတော့ အဲဒီအချိန်မှာ လုံးဝနားသွားပြီ။ အခု ဇွန်လမှာကျတော့ ဈေးကွက်က ချက်ချင်းပြောင်းသွားတယ်။ ဘာလို့လဲဆိုတော့ တံဆိပ်အမြင့်တွေက ဈေးထိုးကျလာတော့ အုပ်စု (၂) နဲ့ (၃) က တံဆိပ်တွေကလည်း ဈေးလိုက်ချရတယ်။ ပြည်တွင်းထုတ် အုပ်စု (၃) တံဆိပ်တွေက ဈေးချနိုင်ပေမယ့် နယ်စပ်ကသွင်းရတဲ့ပစ္စည်းတွေကတော့ နယ်စပ်ကနေတင်သွင်းရတဲ့ လမ်းကြောင်းအနေအထား၊ အရင်းအနှီးအခြေအနေတွေကြောင့် ဈေးတစ်အားသွားချလို့မရဘူး ဖြစ်နေတယ်။ ဒီတော့ ဈေးကွက်ဝေစုက အုပ်စု (၁) နဲ့ အုပ်စု (၃) က သက်သာသွားတာပေါ့" ဟု လုပ်သက်ရင့် အီလက်ထရွန်နစ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

ပြည်တွင်းအီလက်ထရွန်နစ်ပစ္စည်းဈေးကွက်တွင် နယ်စပ်မှတင်သွင်းသည့် တံဆိပ်အများစုသည် တစ်ဦးတည်း တင်သွင်းခြင်းမဟုတ်ဘဲ အရင်းအနှီးပမာဏများစေရန် အုပ်စုဖွဲ့၍ တင်သွင်းကြခြင်းဖြစ်ပြီး တံဆိပ်တစ်မျိုးတည်းကို ရေရှည်တင်သွင်းကြခြင်းမဟုတ်ကြောင်း ဈေးကွက်အနေအထားပေါ်လိုက်၍ တံဆိပ်အမျိုးမျိုးပြောင်းလဲတင်သွင်းနေခြင်းဖြစ်ကြောင်း၊ လက်ရှိဈေးနှုန်းအနေအထားအရ အုပ်စု (၃) ဝင်ပစ္စည်းများ၏ ဈေးနှုန်းများ သိသိသာသာလျှော့ချလိုက်ခြင်းကြောင့် ဈေးကွက်ပိုမိုရရှိသွားကြောင်း၊ Star တံဆိပ်သည် Fuji တံဆိပ်နှင့် ဈေးနှုန်းကွာဟချက် ကျပ်ထောင်ဂဏန်း

# ပင်လယ်ပြင်လုပ်သက်မပြည့်သေးသူများ ယာယီအသင်းသားကတ်ထုတ်ပေး

**ရန်ကုန်၊ ဇူလိုင် ၂၆**

ပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်နေသော မြန်မာသင်္ဘောသားများ အခက်အခဲမရှိစေရေးအတွက် ပင်လယ်ပြင်လုပ်သက် (Sea Service) တစ်နှစ်မပြည့်သေးသူများကို ယာယီအသင်းသားကတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်းမှ တာဝန်ရှိသူတစ်ဦးက Living Color သို့ ပြောကြားသည်။

အဆိုပါအသင်းအနေဖြင့် ယခင်ကာလများက ပင်လယ်ပြင်လုပ်သက် တစ်နှစ်ပြည့်ပြီးသူများကိုသာ အသင်းသားကတ်များထုတ်ဝေပေးခဲ့သော်လည်း ယခုအခါ မြန်မာသင်္ဘောသားများ ပင်လယ်ပြင်တွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း အခက်အခဲတစ်စုံတစ်ရာမဖြစ်ပေါ်စေရေးအတွက် ယာယီအသင်းသားကတ်များထုတ်ပေးရန် စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယင်းကဲ့သို့ ယာယီအသင်းသားကတ်ပြုလုပ်လိုသူများအနေဖြင့် သက်ဆိုင်ရာသင်္ဘောလိုင်းမှ ခံဝန်ချက်၊ SECD မှ ထွက်စာမူရင်းနှင့် မိတ္တူတို့နှင့်တကွ လာရောက်ပြုလုပ်နိုင်ကြောင်း အသင်းမှ စုံစမ်းသိရှိရသည်။

**လင်းကိုကို (စက်မှုတက္ကသိုလ်)**

www.foreverspace.com.mm




သာရှိ၍ Star တံဆိပ်မှာ ဈေးကွက်အားသာချက်ရှိလာကြောင်း လေ့လာတွေ့ရှိရသည်။

"လက်ရှိဈေးနှုန်းကနေ ချက်ချင်းပြန်တက်ဖို့ မဖြစ်နိုင်သလို ဆက်ပြီးထပ်ကျဖို့လည်း မဖြစ်နိုင်တော့ဘူး။ အုပ်စု (၁) ဝင်တံဆိပ်တွေက ဈေးကွက်တော်တော်ရသွားပြီး ဒီအခြေအနေတိုင်း ရေရှည်သွားရင်တော့ နယ်စပ်လမ်းကြောင်းကဝင်တဲ့ ပစ္စည်းတွေ ဈေးကွက်ဝေစုလျော့ကျသွားဖို့ရှိတယ်။ အခု DVD ဆိုရင် တရုတ်နိုင်ငံလုပ် DVD နဲ့ ပစ္စည်းမဲ့ လက်ခမဲ့အာမခံပေးတဲ့ ပြည်တွင်းထုတ် DVD က ဈေး ၅၀၀၀ ကျပ်လောက်ပဲကွာတော့တာဆိုတော့ ပစ္စည်းနဲ့ လက်ခမဲ့ အာမခံပေးတဲ့ ပြည်တွင်းထုတ် DVD စက်တွေက အားသာသွားတာပေါ့" ဟု အီလက်ထရွန်နစ်ပစ္စည်း အရောင်းဆိုင်တစ်ခုမှ အရောင်းဝန်ထမ်းတစ်ဦးက ရှင်းပြသည်။

ယခုဖြစ်ပေါ်နေသည့် ဈေးကွက်အပြောင်းအလဲပုံသဏ္ဌာန်ကြောင့် ပြည်တွင်းထုတ်တံဆိပ်များအနေဖြင့် အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ပါက ဈေးကွက်ဝေစုပိုမိုရနိုင်သကဲ့သို့ အုပ်စု (၁)ဝင်တံဆိပ်များမှာလည်း ဈေးကွက်ဝေစုဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း၊ နယ်စပ်လမ်းကြောင်းမှတင်သွင်းလာသည့် တံဆိပ်များ ဈေးကွက်မပျောက်ရန် ရုန်းကန်ရဖွယ်ရှိပြီး တံဆိပ်အများစုသည် ဈေးကွက်မှ ပျောက်သွားဖွယ်ရှိကြောင်း အီလက်ထရွန်နစ်ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

## ၂၀၀၈ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့က ဈေးကွက်တွင်းမှ ကောက်ယူရရှိသည့် ရုပ်မြင်သံကြားစက်နှင့် DVD ဈေးနှုန်းများ

| | | |
|---|---|---|
| **Samsung (TV)** | | |
| CS - 21 K 30 ml | - | ၁၇၃၃၀၀ ကျပ်(21") |
| CS - 21 M 40 ml | - | ၁၆၉၄၀၀ ကျပ် (21") |
| CS - 21 Z 50 ml | - | ၁၉၀၆၀၀ (Slim) (21") |
| CS - 21 T 20 El | - | ၂၂၁၀၀၀ ကျပ် (21") |
| **Star (TV)** | | |
| 21 T 07 | - | ၁၂၆၄၀၀ ကျပ် (21") |
| 21 T 50 | - | ၁၃၂၄၀၀ ကျပ် (21") |
| **Fuji (TV)** | | |
| T- 2107 B | - | ၁၁၈၀၀၀ ကျပ် (21") |
| Fuji 29" | - | ၂၄၅၀၀၀ ကျပ် |
| Fuji 14" | - | ၈၀၀၀၀ ကျပ် |
| **Sony (ရောင်စုံ) (TV)** | | |
| KVBZ 213 m 50 (21") | - | ၂၃၅၀၀၀ ကျပ် |
| KVSZ 252 m 80 (21") | - | ၃၉၉၀၀၀ ကျပ် |
| KVAZ 213 m 61 (21") | - | ၂၉၉၀၀၀ ကျပ် |
| KVSZ 292 m 80 (29") | - | ၄၇၉၀၀၀ ကျပ် |
| **LG (TV)** | | |
| FB 5 RG (21") | - | ၁၇၉၀၀၀ ကျပ် |
| FS2 CL (21") | - | ၁၉၅၀၀၀ ကျပ် |
| 21 FU 6RL (21") | - | ၂၂၉၀၀၀ ကျပ် |
| FD 4 ALM (29") | - | ၃၅၉၀၀၀ ကျပ် |
| FG 1 RL (29") | - | ၃၇၉၀၀၀ ကျပ် |
| **Panasonic (TV)** | | |
| 21 G x 20 m | - | ၂၁၁၅၀၀ကျပ် |
| Master (21") | - | ၂၆၈၀၀၀ ကျပ် |
| Polytron (21") | - | ၁၂၅၀၀၀ ကျပ် |
| **T-home** | | |
| SS21T02 (21") | - | ၁၄၉၀၀၀ ကျပ် |
| E2126 (21") | - | ၁၃၉၀၀၀ ကျပ် |
| ST29T02 (29") | - | ၂၇၉၀၀၀ ကျပ် |
| **DVD** | | |
| Sumsung P365K | - | ၇၄၄၀၀ ကျပ် |
| Sumsung P260K | - | ၇၀၅၀၀ ကျပ် |
| Sony DVP.NS508 | - | ၉၉၀၀၀ ကျပ် |
| LG K276 | - | ၇၅၀၀၀ ကျပ် |
| Star | - | ၄၉၈၀၀ ကျပ် |
| Fuji | - | ၄၈၂၀၀ ကျပ် |
| တံဆိပ်မျိုးစုံ | - | ၄၅၀၀၀ - ၅၀၀၀၀ ဝန်းကျင် |
| **T-home** | | |
| DVD 801K | - | ၅၅၉၀၀ ကျပ် |
| DVD 711K | - | ၄၉၉၀၀ ကျပ် |
| TV SS21 TO2 | - | ၁၄၅၀၀ ကျပ် |
| TH-E2926 M20 | - | ၂၉၉၀၀ ကျပ် |

■

www.foreverspace.com.mm



# နေပြည်တော် ပျဉ်းမနား ဘရာဇီးငှက်ပျောဈေးကွက်ထိုးဖောက်

**နေပြည်တော်–ပျဉ်းမနား၊ ဇူလိုင် ၃**

နေပြည်တော် မြို့မဈေးနှင့် နေပြည်တော် ပျဉ်းမနားဈေးတို့တွင် ဘရာဇီးငှက်ပျောသီးများ ဈေးကွက်ထိုးဖောက်ဝင်ရောက်လာပြီး ဥယျာဉ်ခြံဖြင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လာကြကြောင်း နေပြည်တော်–ပျဉ်းမနားမြို့ စောငုဝါစိုက်ပျိုးရေးခြံမှ ဦးစောလင်းက ပြောကြားသည်။

သာဝတ္ထိမြို့ရှိ ဘရာဇီးငှက်ပျောစိုက်ပျိုးရေးခြံမှ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သူတစ်ဦးက ဘရားဇီးငှက်ပျောအပင် ၆၀၀၀ ကို စမ်းသပ်စိုက်ပျိုးခဲ့ရာ ယခုအခါ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ ဖြန့်ချိနိုင်ပြီဖြစ်ကြောင်း၊ ပြည်ပဈေးကွက်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့နေပြီး ငှက်ပျောသီးတစ်ခိုင်လျှင် ၁၀၀၀၀ ကျပ်ကျော်မှ အရည်အသွေးကောင်းပြီး အခိုင်လှလျှင် ၃၀၀၀၀ ကျပ်အထိဈေးရရှိကြောင်း ရှင်းပြသည်။

ဘရာဇီးငှက်ပျောကို စိုက်ဧက တိုးချဲ့စိုက်ပျိုးပါက Export ဈေးကွက်တွင် ဈေးကောင်းနေသည့်အတွက် စီးပွားဖြစ်လုပ်ငန်းတစ်ခုဖြစ်လာနိုင်ကြောင်း၊ ဘရာဇီးငှက်ပျောမျိုးစိတ်သစ်သည် မြန်မာနိုင်ငံသို့ ၂၀၀၂–၂၀၀၃ ခုနှစ်ခန့်တွင် စတင်ရောက်ရှိလာပြီး စိုက်ပျိုးထုတ်လုပ်လာကြောင်း ဦးစောလင်းက ပြောကြားသည်။

ဘရာဇီးငှက်ပျောတစ်ပင်၏ သက်တမ်းမှာ အပင်စတင်စိုက်ပျိုးသည့်အချိန်မှ အခိုင်ထွက် အသီးထုတ်လုပ်သည်အထိ ရှစ်လမှ တစ်နှစ်အကြား ကြာတတ်ပြီး နှစ်စဉ်အသီးထွက်ရှိကြောင်း၊ စိုက်ပျိုးပြုစုမှုအပေါ်မူတည်ပြီး ဘရာဇီးငှက်ပျော တစ်ခိုင်ကို ၁၄ ဖီး၊ ၁၅ ဖီးနှင့်အထက် ပါရှိကြောင်း၊ ဘရာဇီးငှက်ပျောမျိုးပွားရာ၌ တစ်သျှူးမျိုးပွားစိုက်ပျိုး၍ရသကဲ့သို့ ပင်ပွားသားတက်မှ မြန်မာ့နည်းဖြင့် မျိုးပွားစိုက်ပျိုးကြကြောင်း၊ ကျောက်ဆည်မြို့ရှိ စိုက်ပျိုးရေးခြံတွင် ဘရာဇီးငှက်ပျောကို တစ်သျှူးမှမျိုးပွားထုတ်လုပ်ကာ မျိုးရောင်းသည့်ဈေးကွက်ရှိကြောင်း ၎င်းကဆိုသည်။

နေပြည်တော်နှင့် နေပြည်တော်–ပျဉ်းမနားမြို့တွင် ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်းများနှင့်အတူ ဘရာဇီးငှက်ပျောစိုက်ပျိုးရေးခြံများ တိုးချဲ့ဆောင်ရွက်လာကြောင်း ဒေသခံများထံမှ သိရသည်။

**မင်းသုခိုင်**

# မြဝတီအထူးစီးပွားရေးဇုန်နှင့်အတူ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးစနစ်များ တိုးတက်လာမည်ဟု ဒေသခံများမျှော်လင့်

**သတင်းဆောင်းပါး – သိင်္ဂီတိုက်၊ ၂၂–၇–၂၀၀၈**

**မကြာမီဖွင့်လှစ်တော့မည့် မြဝတီအထူးစီးပွားရေးဇုန်နှင့်အတူ မြဝတီမြို့တွင် အော်တိုတယ်လီဖုန်းများပြောင်းလဲတပ်ဆင်ပေးရန် အစိုးရကဆောင်ရွက်နေရာ ယခင် လက်လှည့်အိတ်ချိန်းဖုန်းနှင့် iPSTAR ဂြိုဟ်တုဖုန်းများကိုသာ အသုံးပြုနေရရာမှ ယင်းအော်တိုတယ်လီဖုန်းများ တပ်ဆင်ပြီးပါက ဒေသ၏ဆက်သွယ်ရေးကဏ္ဍမှာ ပိုမိုကောင်းမွန်လာဖွယ်ရှိသည်ဟု ဒေသခံများကဆိုသည်။**



လက်ရှိအနေအထားတွင် ထိုင်းနိုင်ငံဘက်မှမိုဘိုင်းလ်ဖုန်းများကို မြဝတီ၊ ကော့ကရိတ် စသည့်မြို့များတွင် အသုံးပြုနေကြပြီး ဖုန်းကတ်များလည်း အလွယ်တကူဝယ်ယူရရှိသော်လည်း ထိုင်းနိုင်ငံဘက်နှင့် မြဝတီ၊ ကော့ကရိတ်မြို့တို့တွင်သာ အသုံးပြုနိုင်ကြောင်း၊ ပြည်တွင်းဒေသအနှံ့အပြားသို့ ဆက်သွယ်ရန်အတွက် အဓိကအသုံးပြုကြရသည့် ADSL Broadband အင်တာနက်စနစ်ကဲ့သို့ ပိုမိုစိတ်ချရသည့် အင်တာနက်ဆက်သွယ်ရေးစနစ်ကို အသုံးမပြုနိုင်

www.foreverspace.com.mm

ပေးကြောင်း ၎င်းကဆိုသည်။

ထိုင်းနိုင်ငံဘက်ခြမ်း မဲဆောက်မြို့တွင်မူ အင်တာနက်ဆက်သွယ်ရေးကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေပြီဖြစ်သော်လည်း ချောင်းတစ်ခုသာခြားသော မြန်မာနိုင်ငံဘက်ကမ်းတွင် အင်တာနက်အသုံးပြုမှုမရှိသည်နှင့်ပတ်သက်၍ “ဒီမှာက အဓိက,က မအားကြဘူး။ Knowledge တို့ အတန်းပညာရေးတို့ထက်ကို စီးပွားရေးကိုပဲ အားလုံးက လုပ်နေကြတာ။ မိဘတွေကလည်း ကိုယ့်သားသမီးပညာရေးထက် စီးပွားရေးကိုပဲ အချိန်ပေးနေကြတာ”ဟု ဒေသခံလူငယ်တစ်ဦးက ပြောကြားသည်။

ဒေသခံများ၏အဆိုအရ မကြာမီ အော်တိုတယ်လီဖုန်းများ တပ်ဆင်ပေးရန်အတွက် ယခင်လက်လှည့်အိတ်ချိန်းဖုန်းလက်ဝယ်ရှိသူများကို ကျပ်ငွေ ငါးသိန်း ကောက်ခံရန် သတ်မှတ်ထားသည်ကို တွေ့ရကြောင်းသိရသည်။ တိုးတက်လာသည့် ကုန်စည်ကူးသန်းရောင်းဝယ်မှုစနစ်တွင် သတင်းအချက်အလက်ကို ပြည့်စုံစွာရရှိခြင်းသည် အရေးကြီးသည့်အချက်တစ်ခုဖြစ်ပေရာ မြဝတီကဲ့သို့ နယ်စပ်ကုန်သွယ်ရေးမြို့မှဒေသခံများအတွက် အင်တာနက်ကွန်ရက် ဆက်သွယ်အသုံးပြုမှု ပိုမိုလိုအပ်လာကြောင်း ကွန်ပျူတာပညာရှင်တစ်ဦးက သုံးသပ်သည်။

“မသုံးကြဘူးတော့ မဟုတ်ဘူး။ တကယ့်တကယ် စီးပွားရေးလုပ်ငန်းအတွက် Information အတွက် သုံးကြတာတော့ နည်းတယ်။ G-Talk လောက်ပဲ လူငယ်တွေ သုံးကြတာတော့ရှိတယ်။ ဟိုဘက်ကမ်း (မဲဆောက်) ကို သွားသုံးကြတာပေါ့။ တံတားကဖြတ်ရင် မြန်မာငွေ ၁၀၀၀ ကျပ်ပေးရင် ကူးလို့ရတယ်ဆိုတော့ လွယ်တာပေါ့။ နောက်ပိုင်းတော့ PAC လိုမျိုးတွေ လုပ်လာကြမှာပါ။ အော်တိုဖုန်းတွေလည်း ချပေးတော့မှာဆိုတော့ တဖြည်းဖြည်းတော့ ဖြစ်လာမှာပေါ့”ဟု ဒေသခံလူငယ်တစ်ဦးဖြစ်သူ ကိုကျော်စွာက ဆိုသည်။

ပြည်တွင်းဈေးကွက်သို့ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ အဓိကဝင်ရောက်နေသည့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သော မြဝတီမြို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ လက်ရှိကာလတွင် သတင်းအချက်အလက်ပေါ်တွင် အခြေခံလုပ်ကိုင်ကြခြင်းမဟုတ်ဟု စီးပွားရေးလုပ်ငန်းရှင်များကဆိုကြသော်လည်း အကယ်၍ သတင်းအချက်အလက် လွယ်ကူလျင်မြန်စွာစီးဆင်းလာပါကမူ ယခုထက် ကုန်သွယ်ရေးကိစ္စရပ်များ ပိုမိုဖွံ့ဖြိုးလာမည်ဟုလည်း ကုန်သည်တစ်ဦးက သုံးသပ်သည်။

ကုန်စည်ကူးသန်းရောင်းဝယ်မှုတွင် အရေးပါသည့် လမ်း၊ တံတားများ၊ သတင်းအချက်နည်းပညာနှင့်ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အဦများမှာ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် သိသာစွာဖွံ့ဖြိုးတိုးတက်လာရာ နယ်စပ်ကုန်သွယ်ရေးပမာဏသည်လည်း လိုက်ပါတိုးတက်လျက်ရှိသည့်အပြင် ယင်းလုပ်ငန်းအပေါ်တည်မှီ အလုပ်လုပ်ကိုင်သူဦးရေ တိုးပွားလာကြောင်း၊ အခြေခံအဆောက်အဦများ ပြည့်စုံကောင်းမွန်လာသည်နှင့်အမျှ ကုန်သွယ်ရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်သည်။ ■



# မြန်မာသစ်မဂ္ဂဇင်း အသွင်သစ်ဖြင့် ပြန်လည်ထွက်ရှိမည်

**မန္တလေး၊ ဇူလိုင် ၁၈**

လစဉ်ထုတ်မဂ္ဂဇင်းအဖြစ် ထုတ်ဝေခဲ့ပြီး နှစ်အတန်ကြာရပ်နားထားသော မြန်မာသစ်မဂ္ဂဇင်းကို အသွင်သစ်ဖြင့် လာမည့်စက်တင်ဘာလအတွင်း ထုတ်ဝေမည်ဖြစ်ကြောင်း ယင်းမဂ္ဂဇင်းကို တာဝန်ယူလုပ်ကိုင်မည့် အယ်ဒီတာတစ်ဦးထံမှ သိရသည်။

ယင်းမဂ္ဂဇင်းတွင် ကဗျာ၊ ဝတ္ထုတို၊ စာပေဆောင်းပါး၊ သိပ္ပံဆောင်းပါးများ ပါဝင်ပြီး စာဖတ်သူများ သိမ်းဆည်းထားရမည့် စာပေဆိုင်ရာမဂ္ဂဇင်းတစ်စောင်အဖြစ် ကြိုးပမ်းထုတ်ဝေသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါမြန်မာသစ်မဂ္ဂဇင်းကို ယခင်က မောင်မောင်ထွန်းအောင် (ကျန်းမာရေး) က တာဝန်ယူဆောင်ရွက်ခဲ့ပြီး လေးနှစ်ခန့် ထုတ်ဝေခဲ့သည်။ ယခုထွက်ရှိမည့် မြန်မာသစ်မဂ္ဂဇင်း၏ အယ်ဒီတာချုပ်အဖြစ် ပိတောက်ပွင့်သစ်မဂ္ဂဇင်းတွင် အယ်ဒီတာအဖြစ်လုပ်ကိုင်ခဲ့သော မောင်တင်သစ်က တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

**Mdy.News**

www.foreverspace.com.mm



# (၁၀) ကြိမ်မြောက် ခွာနာလျှာနာကင်းရှင်းရေးဇုန် အစည်းအဝေး မြန်မာ၌ကျင်းပမည်

**ရန်ကုန်၊ ဇူလိုင် ၂၇**

မြန်မာ–ထိုင်း–မလေးရှားနိုင်ငံ ခွာနာလျှာနာကင်းရှင်းရေးဇုန်ဆိုင်ရာ (၁၀) ကြိမ်မြောက်အစည်းအဝေးကို မြန်မာနိုင်ငံ မန္တလေးမြို့၌ ၂၀၀၉ ခုနှစ် ဇွန်လတွင် ကျင်းပမည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အကြီးတန်းအရာရှိ တစ်ဦးက Living Color သို့ ပြောကြားသည်။

အစည်းအဝေးတွင် ခွာနာလျှာနာရောဂါကင်းရှင်းရေးဇုန်များအတွက် ရောဂါပိုးနှံ့စူးစမ်းရှာဖွေခြင်းဆိုင်ရာ ကွန်ရက်၊ ရောဂါစူးစမ်းရှာဖွေမှုမှရရှိသည့်အချက်အလက်များကို လေ့လာဆန်းစစ်ခြင်း၊ သုံးနိုင်ငံဒေသတွင်း ဆောင်ရွက်နေမှု တိုးတက်မှုအခြေအနေများ၊ ကာကွယ်ဆေးထိုးမည့် နည်းဗျူဟာများ၊ တိရစ္ဆာန်ရွှေ့ပြောင်းသွားလာမှုအစီအမံများ၊ လူထုပညာပေးရေး အစီအစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

ယင်းအစည်းအဝေးကို မူလက ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပရန် စီစဉ်ထားသော်လည်း နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိုင်းနိုင်ငံ၌ ဇွန်လ ၂၄ ရက်နေ့မှ ဇူလိုင်လ ၂၇ ရက်နေ့အထိ ရွှေ့ပြောင်းကျင်းပခဲ့ကြောင်း၊ ခွာနာလျှာနာကင်းရှင်းရေးဇုန်အဖြစ် မြန်မာနိုင်ငံတွင် တနင်္သာရီတိုင်း၊ ထိုင်းနိုင်ငံတွင် ဒေသ ၈၊ ၉ နှင့် မလေးရှားနိုင်ငံတွင် Parlis, Perak, Kalantan ပြည်နယ်တို့ကို သတ်မှတ်ထားကြောင်း၊ မြန်မာနိုင်ငံတွင် ခွာနာလျှာနာကင်းရှင်းရေးဇုန်နယ်မြေသစ်များ ဖော်ထုတ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆိုသည်။

**ကြူကြူသင်း (မိုးမြေ)**

# မျက်စိဝေဒနာသည်များ ကုသမှုနှင့်ကာကွယ်မှု အမြဲလိုအပ်

**သတင်းဆောင်းပါး–ကျော်ဇေယျာထွန်း ၊ ၁–၈–၂၀၀၈**

**မျက်စိရောဂါတွင် အဖြစ်အများဆုံးသော အတွင်းတိမ်ရောဂါသည် အသက်အရွယ်ကြီးမြင့်လာသည်နှင့်အမျှ ဖြစ်ပွားမှုများလာတတ်ခြင်းကြောင့် မျက်စိရောဂါကုသခြင်းနှင့် ကာကွယ်ခြင်းသည် အမြဲလိုအပ်နေမည်ဖြစ်ကြောင်း မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ငြိမ်းလင်းက ပြောကြားသည်။**

မျက်လုံးတွင် အဓိကဖြစ်တတ်သော ရောဂါများမှာ မျက်ခမ်းစပ်ဖြစ်ခြင်း၊ မျက်လုံးကိုထိခိုက်ဒဏ်ရာရခြင်း၊ မျက်လုံးအိမ်မှအာရုံကြောများထိခိုက်ခြင်း၊ အတွင်းတိမ်၊ ရေတိမ်ဖြစ်ခြင်း စသည်တို့ဖြစ်ကြောင်း၊ အတွင်းတိမ်သည် မွေးရာပါအတွင်းတိမ်ရှိသကဲ့သို့ အသက်ကြီး၍ဖြစ်ခြင်းများလည်းရှိကြောင်း၊ ဆီးချို၊ သွေးတိုးရောဂါများကြောင့်လည်း အတွင်းတိမ်၊ ရေတိမ်ဖြစ်တတ်ကြောင်း၊ ရေတိမ်မျက်စိရောဂါတွင် နာကျင်ကိုက်ခဲသည့် ထောင့်ကျဉ်းရေတိမ်နှင့် နာကျင်ကိုက်ခဲမှုကိုမသိရဘဲ အာရုံကြောကိုထိခိုက်သည့် ထောင့်ကျယ်ရေတိမ်တို့မှာ ကြောက်မက်ဖွယ်ရာကောင်းသည့် မျက်စိရောဂါများဖြစ်ကြောင်း၊ အချို့သော မျက်စိရောဂါများသည် မျိုးရိုးဗီဇနှင့်ဆိုင်သလို မျက်စိဖွဲ့စည်းပုံနှင့်လည်းသက်ဆိုင်ကြောင်း၊ စိတ်ပူပန်တတ်သူများလည်း ရေတိမ်ဖြစ်တတ်ကြောင်း ၎င်းက ရှင်းပြသည်။



“မျက်စိရောဂါမှာ အတွင်းတိမ်က အဖြစ်အများဆုံးပါ။ အသက်အရွယ်ကြီးလာတာနဲ့အမျှ အတွင်းတိမ်ဖြစ်တတ်ကြတယ်။ အသက်ကြီးလို့ ဆံပင်ဖြူလာသလိုမျိုးပေါ့။

www.foreverspace.com.mm

အသက်ကြီးတဲ့သူတွေမှာ အများဆုံးတွေ့ရတယ်။ ဒီမျက်စိရောဂါနဲ့ပတ်သက်ပြီး မျက်ခမ်းစပ်နဲ့ မျက်မမြင်ကာကွယ်ရေးစီမံကိန်းဆိုပြီး ၁၉၉၄ ခုနှစ်က စပြီးဆောင်ရွက်ခဲ့တာရှိတယ်။ ချောက်၊ မိတ္ထီလာ၊ မုံရွာ၊ ပဲခူး၊ စဉ့်ကိုင်ဆိုပြီး ဒေသကြီးငါးခု သတ်မှတ်ခဲ့တာပေါ့။ အဲဒီဒေသကြီးငါးခုမှာ ဌာန ၁၇ ခုခွဲပြီး မျက်စိရောဂါကုသရေး၊ ပညာပေးရေးတွေကို မပြတ်ဆောင်ရွက်ခဲ့တယ်။ အခုဆိုရင် မြန်မာနိုင်ငံဟာ မျက်စိရောဂါကို Elimination အဖြစ် ကြေညာလို့ရနေပြီဆိုတာ WHO အဖွဲ့က ပြောတာရှိပါတယ်" ဟု မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာခင်ငြိမ်းလင်းက ဆက်လက်ပြောကြားသည်။

မျက်စိရောဂါနှင့်ပတ်သက်၍ တစ်နှစ်လျှင် နှစ်ကြိမ်ခန့် ကျေးရွာများတွင် ကွင်းဆင်း၍ကုသခြင်း၊ ပညာပေးခြင်းတို့ကို ပုံမှန်လာရောက်ဆောင်ရွက်ပေးသည်ကို တွေ့ရကြောင်း၊ မျက်ခမ်းစပ်ရောဂါများအတွက် မျက်စင်းခပ် ဆေးပေးပြီး၊ ခွဲစိတ်ကုသရန် လိုအပ်သောလူနာများကို ဆေးရုံတက်ရောက်ရန်ညွှန်ကြားကြောင်း ချောက်မြို့ပြည်သူ့ဆေးရုံတွင်ကျင်းပသည့် အခမဲ့မျက်စိကုသအဖွဲ့တွင် လာရောက်မျက်စိခွဲစိတ်ကုသသူ အတွင်းတိမ်ဝေဒနာရှင် ဒေါ်ခင်ငြိမ်းက ပြောကြားသည်။

"အဒေါ်မျက်စိတစ်ဖက်ကွယ်နေတာက လေးနှစ်လောက်ရှိပြီ၊ အတွင်းတိမ်ဖြစ်တာပါ။ အဒေါ့်အိမ်သားလည်း မျက်စိတစ်ဖက်က အတွင်းတိမ်ဖြစ်နေတယ်၊ သူကတော့ အခု မခွဲနိုင်သေးဘူး။ သူပါမျက်စိခွဲမယ်ဆိုရင် အိမ်မှာပါ အလုပ်လုပ်မယ့်သူ မရှိဘူး။ သူက ထန်းတက်ပြီး ရှာကျွေးနေတာပါ။ အဒေါ်တို့ဆီမှာက မိုးရွာရွာ၊ နေပူပူ အမြဲအလုပ်လုပ်နေရတော့ မျက်စိလည်း ဂရုမစိုက်နိုင်ဘူး၊ လက်ကိုလည်း မြို့နေတဲ့လူတွေလို သန့်သန့်ပြန့်ပြန့်ထားလို့မှမရတာ။ အခု ဆေးလည်း ခဏပဲ၊ တော်ကြာ ပြန်ပေတာ။ အဲဒီဒဏ်တွေကြောင့် ဒီလိုဖြစ်နေတာပေါ့။ စားဖို့အတွက်ကိုပဲ ဂရုစိုက်နေရတယ်။ အခုလို အခမဲ့စီစဉ်ပေးလို့သာ လာခွဲနိုင်တာ။ ကျန်အချိန်ဆို ဘယ်ခွဲနိုင်မလို့တုန်း" ဟု IBTC ကုမ္ပဏီလီမိတက်က ပံ့ပိုးသည့် အခမဲ့မျက်စိခွဲစိတ်ကုသအဖွဲ့တွင် လာရောက်မျက်စိခွဲသူ ဒေါ်ခင်ငြိမ်းက ရှင်းပြသည်။

"ကျွန်တော်တို့ကုမ္ပဏီရဲ့ ဒီလိုမျက်စိအခမဲ့ခွဲစိတ်ကုသရေးခရီးစဉ်ဟာ ချောက်မြို့က ပထမဆုံးပါ။ လာသမျှမျက်စိဝေဒနာရှင်တွေအားလုံးကို ခွဲစိတ်ကုသပေးသွားမှာပါ။ ကျွန်တော်တို့ပြန်သွားလို့ မျက်စိခွဲစိတ်မယ့်သူတွေကျန်သေးတယ်ဆိုရင်လည်း ခွဲစိတ်ကုသတဲ့စရိတ်ကို ဒီကဆရာဝန်တွေနဲ့ လွှဲအပ်ပေးခဲ့မှာပါ။ ကျွန်တော်တို့ ဒီချောက်ခရီးစဉ်ပြီးရင် တောင်ကြီးနဲ့ မန္တလေးကို ထပ်သွားဖို့စီစဉ်ထားပါတယ်။ တောင်ကြီး၊ မန္တလေးလို့ဆိုပေမယ့် ဘယ်ဒေသက မျက်စိဝေဒနာရှင်ပဲဖြစ်ဖြစ် လက်ခံကုသသွားမှာပါ။ ကုမ္ပဏီအနေနဲ့ ရှိလာတဲ့အကျိုးအမြတ်ကို နိုင်ငံရဲ့ကျန်းမာရေး၊ ပညာရေးနဲ့ အားကစားကဏ္ဍတွေမှာ



# မန္တလေးမြို့ ထီဆိုင်ကြီးများ လစဉ်ကံစမ်းဖွင့်လှစ်ဆွဲဆောင်

**မန္တလေး၊ ဇူလိုင် ၁၈**

မန္တလေးမြို့တော်ရှိ ပင်ရင်းထီဆိုင်ကြီးများအနေဖြင့် ထီအရောင်းမြှင့်တင်ရေး အစီအစဉ်အဖြစ် လစဉ်ကံစမ်းမဲဖွင့်လှစ်၍ လက်ဆောင်ပေးခြင်းပြုလုပ်ကာ ထီဝါသနာရှင်များကို ဆွဲဆောင်လျက်ရှိကြောင်း လစဉ် အောင်ဘာလေထီကံစမ်းသူ မန္တလေးမြို့ခံတစ်ဦးက Living Color သို့ ပြောကြားသည်။

အောင်ဘာလေထီထိုးရင်း ချက်ချင်းကံစမ်းမဲနှိုက်ကာ လက်ဆောင်ပစ္စည်းများ ချက်ချင်းပေးသည့်ထီဆိုင်များရှိသကဲ့သို့ တန်ဖိုးအသင့်အတင့်ရှိသော TV ကဲ့သို့ လက်ဆောင်များကို လစဉ်မဲဖောက်ပေးခြင်းများလည်းရှိကြောင်း ထီအရောင်းကိုယ်စားလှယ်အချို့ထံမှ သိရသည်။

ဇူလိုင်လအတွက် လစဉ်ကံစမ်းမဲတွင် TV တစ်ဆု၊ DVD ငါးဆု၊ စက်ဘီး ခုနစ်ဆုနှင့်အတူ စတီးချိုင့်၊ တီရှပ်၊ ဦးထုပ်၊ လက်ဆွဲအိတ်၊ ငွေကလပ်၊ ငွေဖလား အပါအဝင် ဆုမဲပေါင်း ၂၀၀ ကျော် ကံစမ်းဖွင့်လှစ်ပေးခဲ့ကြောင်း မန္တလေးမြို့ပေါ်ရှိ ရတနာသိန်းထိုက် အောင်ပင်ရင်းထီဆိုင်ထံမှ စုံစမ်းသိရှိရသည်။

**Mdy.News**

www.foreverspace.com.mm

အကျိုးပြုတဲ့အလုပ်တွေကို လုပ်ဆောင်သွားမှာပါ”ဟု ချောက်မြို့၌ အခမဲ့မျက်စိကုသအဖွဲ့ကိုပံ့ပိုးသည့် Internaional Beverages Tradind Co., Ltd. (IBTC) မှ Design and Development ဒါရိုက်တာ ဦးတင့်ဦးက ရှင်းပြသည်။

“မြန်မာနိုင်ငံမှာ မျက်မမြင်ဖြစ်ပွားမှုနှုန်းဟာ ၁၉၉၈ ခုနှစ်ကပြုစုတဲ့ စစ်တမ်းအရ လူ ၁၀၀၀ မှာ ခြောက်ယောက်ဖြစ်နေတာကို တွေ့ရတယ်။ ခုနောက်ပိုင်းတော့ ထပ်မံစစ်တမ်းကောက်ခံတာမျိုးတော့ မရှိသေးဘူး။ မျက်ခမ်းစပ်နဲ့ မျက်မမြင်ကာကွယ်ရေးစီမံကိန်းတွေကို ဆောင်ရွက်ခဲ့တာကြောင့် အောင်မြင်မှုတွေ ရခဲ့ပါတယ်။ ဒါပေမဲ့ တစ်နိုင်ငံလုံးအတိုင်းအတာအရ မျက်စိဝေဒနာဖြစ်ပွားတဲ့သူကို ကုသနိုင်မှုဟာ လိုအပ်နေပါသေးတယ်။ ဒီလိုစေတနာရှင် ကုမ္ပဏီတွေက ကုသပေးမယ်ဆိုရင်လည်း ကျွန်မတို့ကျန်းမာရေးဌာနက ကူညီဖို့ အသင့်ပါပဲ”ဟု ဒေါက်တာခင်ငြိမ်းလင်းက ပြောကြားသည်။



# မန္တလေးမြို့တော် ဓာတ်ပုံလုပ်ငန်းများဖွံ့ဖြိုး

**ရန်ကုန်၊ ဇူလိုင် ၁၈**

မန္တလေးမြို့တော်တွင် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးမှုနှင့်အတူ ဓာတ်ပုံရိုက်ကူးရေး (စတူဒီယို) နှင့် ဆေး/ ကူးရေး အပါအဝင် ဓာတ်ပုံလုပ်ငန်းဖွံ့ဖြိုးလာကာ မကြာခဏဆိုသလို ဓာတ်ပုံရိုက်ကူးရေးဆိုင်သစ်များ တိုးချဲ့ဖွင့်လှစ်လာကြောင်း မန္တလေးမြို့ခံတစ်ဦးက ပြောကြားသည်။

ယင်းသို့ မန္တလေးမြို့တော်တွင် ဓာတ်ပုံလုပ်ငန်းများ ဖွံ့ဖြိုးလာရခြင်းမှာ ကွန်ပျူတာနှင့် ဒစ်ဂျစ်တယ်ကင်မရာများ ပေါ်ပေါက်လာသည့်နည်းတူ မန္တလေးမှ လူငယ်များအနေဖြင့် ဓာတ်ပုံအနုပညာအပေါ် စိတ်ဝင်စားမှုများလာခြင်းကြောင့် ဖြစ်ကြောင်း ဓာတ်ပုံပြခန်းဖွင့်လှစ်ထားသည့် ဓာတ်ပုံပညာရှင်တစ်ဦးက Living Color ၏မေးမြန်းမှုကို သုံးသပ်ပြောကြားသည်။

မန္တလေးမြို့တော်တွင် ခေတ်မီဒစ်ဂျစ်တယ်ဓာတ်ပုံကူးစက်များဖြင့် ဝန်ဆောင်မှုပေးသော ဓာတ်ပုံကူးဆိုင် ၁၀ ဆိုင်ခန့်ရှိပြီး ဓာတ်ပုံဆေးကူးခများကိုလည်း လျှော့ချဆောင်ရွက်ပေးကြောင်း၊ 4" x 6" တစ်ပုံလျှင် သုံးရာကျပ်ဖြင့် ရိုက်ကူးပေးသကဲ့သို့ ဆေးကူးခ ၈၀ ကျပ်၊ ၉၀ ကျပ် စသည်ဖြင့် ဝန်ဆောင်ခယူကြောင်း မန္တလေးမြို့ ဓာတ်ပုံကူးဆိုင်တစ်ဆိုင်သို့ ပုံမှန်ဓာတ်ပုံကူးလေ့ရှိသူ ပလိပ်မြို့မှ ဓာတ်ပုံဆရာတစ်ဦးက ဆိုသည်။

**Mdy.News**

# Stanford တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ပြည်တွင်းတွင် ဖြေဆိုနိုင်

**ရန်ကုန်၊ ဩဂုတ် ၇**

ထိုင်းနိုင်ငံအခြေစိုက် Stanford တက္ကသိုလ်တွင် တက်ရောက်လိုသော မြန်မာကျောင်းသားလူငယ်များအနေဖြင့် ဝင်ခွင့်စာမေးပွဲ (Replacement Test) ကို ထိုင်းနိုင်ငံသို့သွားရောက်ရန်မလိုဘဲ ပြည်တွင်း၌ပင်ဖြေဆိုနိုင်ပြီဖြစ်ကြောင်း အဆိုပါတက္ကသိုလ် အသိအမှတ်ပြုကိုယ်စားလှယ် Global Education Link (GEL) မှ ဒါရိုက်တာ ဦးသက်တင်စိုးက ပြောကြားသည်။

ဖြေဆိုလိုသောကျောင်းသားများအနေဖြင့် Replacement Test တွင် အင်္ဂလိပ်စာသဒ္ဒါကျွမ်းကျင်မှု နားထောင်မှုစွမ်းရည်၊ ရေးသားမှုစွမ်းရည်၊ ဝေါဟာရကြွယ်ဝမှုစွမ်းရည်၊ စာဖတ်နိုင်မှုစွမ်းရည်တို့ကို အဓိကထား ရွေးချယ်စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ယခင်ကကဲ့သို့ လေယာဉ်စရိတ်၊ စားသောက်နေထိုင်စရိတ် စသည့်ကုန်ကျစရိတ်များကုန်ကျခံ၍ ထိုင်းနိုင်ငံရှိတက္ကသိုလ်သို့ သွားရောက်ဖြေဆိုရန်မလိုတော့သဖြင့် စရိတ်သက်သာသွားကြောင်း ၎င်းကဆိုသည်။

အဆိုပါဝင်ခွင့်စာမေးပွဲတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အမှတ်စာရင်းကိုသာ တင်ပြရန်လိုပြီး IELTS နှင့် TOEFL ရမှတ်များကိုတင်ပြရန်မလိုကြောင်း၊ စာမေးပွဲကြေးကိုလည်း ယင်းတက္ကသိုလ်ကသတ်မှတ်ထားသောနှုန်းအတိုင်းသာ ပေးသွင်းရမည်ဖြစ်ပြီး ဝန်ဆောင်ခပေးရန်မလိုကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**သင်းမာသန်း၊ ဇာနည်ထွဏ်း**

www.foreverspace.com.mm



# ကိုရီးယားခေါက်ဆွဲခြောက် ဈေးနှုန်းမြင့်သော်လည်း ဈေးကွက်ခိုင်မာ

**ရန်ကုန်၊ ဇူလိုင် ၂၄**

ပြည်တွင်းစားသောက်ကုန်ဈေးကွက်အတွင်း၌ ကိုရီးယားခေါက်ဆွဲခြောက်ထုပ်များ ဈေးနှုန်းမြင့်မားနေသော်လည်း ဈေးကွက်ခိုင်မာလာကြောင်း ရန်ကုန်မြို့ မင်္ဂလာဈေးရှိ စားသောက်ကုန် လက်လီလက်ကားဖြန့်ချိရောင်းဝယ်ရေးလုပ်ငန်းများထံမှ စုံစမ်းသိရှိရသည်။

လက်ရှိစားသောက်ကုန်ဈေးကွက်တွင် ဈေးကွက်အခိုင်အမာရရှိထားသော Yum Yum, MAMEE, MAMA, Shin Shin စသည့်အမှတ်တံဆိပ်များသည် ဈေးနှုန်းသက်သာပြီး တစ်ထုပ်လျှင် ၁၅၀ ကျပ်မှ ၂၀၀ ကျပ်ဝန်းကျင်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်အတွင်းသို့ မကြာသေးခင်က ဝင်ရောက်လာသော ကိုရီးယားခေါက်ဆွဲခြောက်ထုပ်များသည် တစ်ထုပ်လျှင် ၇၀၀ ကျပ်ရှိသော်လည်း လက်ရှိဈေးကွက်တွင်ရောက်ရှိနေသောခေါက်ဆွဲခြောက်များနှင့် ဈေးကွက်ယှဉ်ပြိုင်နေကြောင်း ညောင်ပင်လေးဈေးမှ စုံစမ်းသိရှိရသည်။

ယင်းကိုရီးယားခေါက်ဆွဲခြောက်ထုပ်များသည် အမဲသားအရသာ၊ ကင်ချီအရသာနှင့် ပုစွန်အရသာခေါက်ဆွဲခြောက်ထုပ်များဖြစ်ပြီး ပြည်တွင်းဈေးကွက်၌ ကင်ချီအရသာခေါက်ဆွဲခြောက်ထုပ်များ ပိုမိုအရောင်းသွက်လျက်ရှိကြောင်း၊ ပြည်တွင်း၌ ကိုရီးယားရုပ်ရှင်ဇာတ်လမ်းတွဲများ မကြာခဏပြသနေမှုကြောင့် ကိုရီးယားယဉ်ကျေးမှု၊ အစားအစာနှင့် အဝတ်အထည်များကို မြန်မာနိုင်ငံအတွင်းရှိ ဆယ်ကျော်သက်များစွာ နှစ်သက်လာကြကြောင်း၊ ကိုရီးယားနိုင်ငံထုတ်ခေါက်ဆွဲခြောက်ထုပ်များ၊ ပဲခေါက်ဆွဲခြောက်များမှာ လက်ရှိဈေးကွက်အတွင်းရှိ ခေါက်ဆွဲခြောက်များနှင့် အရသာမတူသဖြင့် ဈေးကွက်ရရှိလာကြောင်း အသင့်စားကိုရီးယားခေါက်ဆွဲခြောက်ရောင်းချသူတစ်ဦးက ပြောကြားသည်။

မင်္ဂလာဈေးအတွင်း၌ ကိုရီးယားခေါက်ဆွဲခြောက်ထုပ်ဝယ်ယူနေသည့် အမျိုးသမီးငယ်တစ်ဦးက လက်ရှိခေါက်ဆွဲခြောက်ထုပ်များထက် ဂရမ်ပိုများပြီး အခြားအမှတ်တံဆိပ် ခေါက်ဆွဲထုပ်များတွင်မရရှိသော ကင်ချီအရသာကြောင့် ကိုရီးယားခေါက်ဆွဲထုပ်များကို မကြာခဏဝယ်ယူစားသုံးဖြစ်ကြောင်း၊ အခြားအမှတ်တံဆိပ်များတွင်လည်း ကင်ချီအရသာဖြင့် ထုတ်လုပ်လာမည်ဆိုလျှင် ဈေးနှုန်းသက်သာသည့် အမှတ်တံဆိပ်ကို ရွေးချယ်စားသုံးကြမည်ဖြစ်ကြောင်း ပြောဆိုသည်။

# နေပြည်တော် ပျဉ်းမနားခရိုင် အချက်ပြမီးဝါ ၁၄ ခုတပ်ဆင်ပြီး

**နေပြည်တော် ပျဉ်းမနား၊ ဇူလိုင် ၂၂**

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက နေပြည်တော် ပျဉ်းမနားခရိုင်အတွင်း ၂၀၀၈ ခုနှစ် နှစ်ဝက်ကာလတွင် ယာဉ်စည်းကမ်းလမ်းစည်းကမ်းထိန်းသိမ်းပညာပေးခြင်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ နေပြည်တော် ပျဉ်းမနားမြို့ရှိ ပင်လောင်းလမ်းဆုံတွင် မီးပွိုင့်လေးခု၊ အချက်ပြမီးဝါငါးခု၊ နေပြည်တော် လယ်ဝေးမြို့နယ်တွင် အချက်ပြမီးဝါငါးခု၊ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် အချက်ပြ မီးဝါလေးခု စုစုပေါင်း နေပြည်တော်ခရိုင်အတွင်း အချက်ပြမီးဝါ ၁၄ ခု တပ်ဆင်ပြီးဖြစ်ကြောင်း ယင်းကော်မတီ၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

အဆိုပါနေပြည်တော်ခရိုင်တွင် အချက်ပြမီးဝါတပ်ဆင်ထားသည့်နေရာများမှာ နေပြည်တော်တိုင်းစစ်ဌာနချုပ်ရုံးရှေ့ (တိုင်းရုံးရှေ့) တွင်တစ်ခု၊ ပြန်ကပြေးလမ်းကွေ့တွင် နှစ်ခု၊ ရာဇဌာနီလမ်း ပန်းခင်းလမ်းဆုံတွင် နှစ်ခု၊ အရုပ်ကြီးသုံးရုပ်ရှေ့တွင်တစ်ခု၊ ဇောဓိကုန်းလမ်းဆုံတွင်တစ်ခု၊ အင်းသာစစ်ဆေးရေးဂိတ်အနီးတွင်တစ်ခု၊ နေပြည်တော် လယ်ဝေးမြို့ အ.ထ.က (၃) အနီးတွင်တစ်ခု၊ အေလာမြို့ လမ်းဆုံတွင်တစ်ခု၊ နေပြည်တော် တပ်ကုန်းမြို့ ဦးရှောင်ဟုန်းလမ်းဆုံတွင်နှစ်ခု၊ ရှားပင်ဆိတ်လမ်းဆုံတွင် နှစ်ခုတို့ဖြစ်ကြောင်း ဒေသခံလမ်းအသုံးပြုသူများထံမှ စုံစမ်းသိရသည်။

နေပြည်တော် ပျဉ်းမနားမြို့ရှိ ဆင်ရတနာ၊ မြင်းရတနာ အပါအဝင် လမ်းဆုံနေရာများတွင် မီးပွိုင့်ရှစ်ခုထပ်မံတပ်ဆင်ထားရှိရန် ဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**မင်းသုခိုင်**

LIVING COLOR MEDIA

၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm

# ပင်လယ်ပြင်သို့ ဩဂုတ်လကုန်အတွင်း ငါးဖမ်းစက်လှေများအားလုံး ပုံမှန်ပြန်လည်ထွက်ခွာ၍ လုပ်ငန်းများဆောင်ရွက်မည်

ရန်ကုန်၊ ဇူလိုင် ၂၁



နာဂစ်မုန်တိုင်းတိုက်ခတ်မှု သုံးလလွန်ကာလ နယ်ပယ်အသီးသီးရှိလုပ်ငန်းများ ပုံမှန်လည်ပတ်လာချိန် ပျက်စီးမှုများပြားခဲ့သော ရေလုပ်ငန်းကဏ္ဍ ပုံမှန်ပြန်လည်ဖြစ်လာစေရန် ပင်လယ်ပြင်သို့ ဩဂုတ်လကုန်အတွင်း ငါးဖမ်းစက်လှေများအားလုံး ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးကပြောကြားသည်။

မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းဆီးသော လှေအစင်းပေါင်း ၄၀၀ ခန့်အနက် ယခုလက်ရှိတွင် ပင်လယ်ပြင်သို့ တရွတ်ဆွဲစက်လှေအစင်း ၂၀၀၊ ဘုံကျောင်း ငါးဖမ်းလှေအစင်း ၅၀ ခန့် ငါးဖမ်းထွက်နေပြီဖြစ်ကြောင်း၊ ကျန်ရှိသည့် တရွတ်ဆွဲ အစင်း ၁၀၀ ကျော်မှာ နာဂစ်လေမုန်တိုင်းတိုက်ဒဏ်ကြောင့် ပျက်စီးမှုများအတွက် အကြီးစားပြင်ဆင်မှုများပြုလုပ်လျက်ရှိကြောင်း ၎င်းကဆိုသည်။

ရန်ကုန်တိုင်း ဒီဇယ်ဆီဖြန့်ဖြူးရေးကော်မတီ (ယာယီ) က ၎င်းတို့ရရှိသည့် စက်သုံးဆီများမှ ၃၅ ရာခိုင်နှုန်းကို မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသော်လည်း လက်ရှိအခြေအနေတွင် အသင်းအနေဖြင့် ဒီဇယ်ဆီလိုအပ်ချက်၏ ၂၀ ရာခိုင်နှုန်းခန့်သာရရှိနေသေးကြောင်း၊ ဒီဇယ်ဆီပိုမိုဝယ်ယူရရှိနိုင်ရန်အတွက် ဒီဇယ်ဆီဖြန့်ဖြူးရောင်းချသူများနှင့် တိုင်ပင်ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ဇူလိုင်လနောက်ဆုံးပတ်မှစ၍ ဒီဇယ်ဆီလိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရရှိလာမည့်အနေအထားများရှိကြောင်း အသင်းဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

မြန်မာ့ပင်လယ်ပြင်သို့ ငါးဖမ်းစက်လှေအားလုံးနီးပါး ပြန်လည်ထွက်ရှိမည်ဆိုပါက ပင်လယ်ငါးဖမ်းစက်လှေ အစင်း ၄၀၀ အတွက် တစ်လလျှင် ဒီဇယ်ဆီဂါလန် ၁၀ သိန်းခန့်ရရှိရန် လိုအပ်ကြောင်း မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးက Living Color သို့ ပြော ကြားသည်။

ပင်လယ်ငါးဖမ်းလုပ်ငန်းများတွင် အဓိကကြုံတွေ့ရသည့်အခက်အခဲမှာ ဒီဇယ်ဆီလိုအပ်ချက်ပင်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ဒီဇယ်ဆီဈေးနှုန်းမြင့်တက်လာနေပြီး အသင်းအနေဖြင့် ငါးဖမ်းစက်လှေများအတွက် အထူးလိုအပ်နေသည့် ဒီဇယ်ဆီလိုအပ်ချက်ကို အတိုင်းအတာတစ်ခုအထိ လုံလောက်စွာရရှိနိုင်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ရှင်းပြသည်။

ငါးဖမ်းလုပ်ငန်းရှင်တစ်ဦး၏ အဆိုအရ လက်ရှိမြိတ်မြို့တွင် ဒီဇယ်ဆီ တစ်ပီပါလျှင် ကျပ်သုံးသိန်းနှစ်သောင်းဖြစ်ပြီး ကော့သောင်း၌ တစ်ပီပါလျှင် ကျပ်သုံးသိန်းတစ်သောင်းဈေးဖြင့် ဝယ်ယူနေရကြောင်း၊ ရန်ကုန်မြို့၏ ပြင်ပဒီဇယ်ဆီဈေးမှာ တစ်ပီပါလျှင် သုံးသိန်းတစ်သောင်းငါးထောင်မှ သုံးသိန်းတစ်သောင်းရှစ်ထောင်အထိ ပေးဝယ်ယူရကြောင်း၊ ယခင်က မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏စီစဉ်ပေးမှုဖြင့် ဒီဇယ်ဆီ တစ်ပီပါလျှင် သုံးသိန်းရှစ်ထောင်ဈေးဖြင့် ဝယ်ယူရရှိနေရာမှ ယခုအချိန်တွင် သုံးသိန်းတစ်သောင်းဝန်းကျင်ဖြစ်သွားကြောင်း၊ ပြင်ပ၌ ဒီဇယ်ဆီဈေးများ မြင့်တက်နေသည်နှင့် အမျှ ဒီဇယ်ဆီဝယ်ယူရရှိနိုင်ရန် အခက်အခဲဖြင့်ရင်ဆိုင်နေရကြောင်း၊ ဒီဇယ်ဆီဈေးနှုန်းမြင့်တက်မှုကြောင့် ငါးဖမ်းစက်လှေများ၏ ကုန်ထုတ်စရိတ်များမှာ ၃၀ ရာခိုင်နှုန်းအထိ မြင့်တက်သွားကြောင်း ၎င်းကဆိုသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဒီဇယ်ဆီများကို နိုင်ငံခြားငွေဖြင့် ရောင်းချပေးနေရာမှ ယခုအခါ နေ့စဉ် နိုင်ငံတကာပေါက်ဈေးများကို လိုက်၍ နှုန်းရှင်မျှောဖြင့် ပြောင်းလဲရောင်းချပေးလျက်ရှိနေပြီဖြစ် (The Voice Weekly Vol.4/ No.36 သတင်းဖော်ပြပြီး) သည်။

**ကြူကြူသင်း (မိုးမြေ)**

www.foreverspace.com.mm



# ရန်ကုန်ဆိုင်းအဖွဲ့များ မန္တလေးဈေးကွက်ချဲ့

**ရန်ကုန်၊ ဇူလိုင် ၁၈**


ယခုနှစ် အလှူတော်မင်္ဂလာပွဲတော်ရာသီမှစကာ ရန်ကုန်မြို့တော်မှ မြန်မာ့ရိုးရာဆိုင်းပညာရှင်အချို့သည် ယဉ်ကျေးမှုအနုပညာထွန်းကားရာ မန္တလေးမြို့တော်သို့လာရောက်၍ ဈေးကွက်ချဲ့ထွင်ဖျော်ဖြေလာကြကြောင်း မန္တလေးမြို့ခံဆိုင်းပညာရှင်များအသိုင်းအဝိုင်းထံမှ သိရသည်။

ရန်ကုန်ဆိုင်းလောကမှ ဖိုးသကြိန်နှင့် မြန်မာပြည်ကျောက်စိမ်းတို့မှာ မန္တလေးမြို့၌ အခြေစိုက်ကာ အလှူပွဲ၊ ဧည့်ခံပွဲများတွင် ဧည့်ခံဖျော်ဖြေသွားမည်ဖြစ်ကြောင်း၊ ၎င်းတို့အနက် မြန်မာပြည်ကျောက်စိမ်းအဖွဲ့တွင် မန္တလေးမှ လူရွှင်တော် ဘိသိက်ကိုမော် ထူထောင်သည့် ဆိုင်းအဖွဲ့က ညကြေးဖြင့် ပါဝင်ဖျော်ဖြေမည်ဖြစ်ကြောင်း၊ ညကြေးပေးရာတွင် မြို့ပေါ် ကျပ်တစ်သိန်းခွဲနှင့် နယ် ကျပ်နှစ်သိန်း သတ်မှတ်ထားကြောင်း ဆိုင်ပညာရှင်များနှင့် ဆက်စပ်နေသော အနုပညာရှင် ဦးထွန်းပိုက ဆိုသည်။

ယခုနှစ်တွင် ရန်ကုန်မှ ဆိုင်းလောကသားအချို့ မန္တလေးသို့ လာရောက်ပြီး အခြေစိုက်ဖျော်ဖြေရာ မန္တလေးနှင့် အထက်မြန်မာနိုင်ငံ၌ ပွဲခွင်များပြားခြင်းသည်တစ်ကြောင်းအပါအဝင်ဖြစ်ပြီး ရန်ကုန်ဆိုင်းအဖွဲ့များ၏ ဈေးကွက်တည်မှီရာ မြစ်ဝကျွန်းပေါ်ဒေသမှာ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရခြင်းသည်လည်းတစ်ကြောင်း ပါဝင်ဖွယ်ရှိကြောင်း မန္တလေးမြို့ဆိုင်းလောကသားတစ်ဦးက သုံးသပ်ပြောကြားသည်။

မန္တလေးမြို့တော်တွင် ဆိုင်းအဖွဲ့ ၄၀ ကျော်ရှိပြီး ပွဲရာသီ ဇွန်၊ ဇူလိုင်လများ၌ ပွဲချီ ၉၀ နီးပါး ဧည့်ခံရကြောင်း၊ ဆိုင်းအဖွဲ့များ၏ နာမည်ထင်ရှားကျော်ဇောမှုအပေါ် မူတည်ကာ ဆိုင်ငှားရမ်းခများမှာ ကျပ်လေးသိန်းမှ ငါးသိန်းအထိရှိကြောင်း ဆိုင်းအဖွဲ့များထံမှ စုံစမ်းသိရှိရသည်။

**Mdy.News**




# မြန်မာ Wiki တွင်ရေးသားရန် အခက်အခဲရှိသူများအတွက် Solveware Solution ကူညီပေးမည်

**ရန်ကုန်၊ ဇူလိုင် ၂၉**

Online စွယ်စုံကျမ်း မြန်မာ Wiki Website ဖြစ်သည့် www.my.wiki.org တွင် ပါဝင်ရေးသားလိုသော်လည်း ပိတောက် Font ကဲ့သို့ မြန်မာ Font များဖြင့်ရေးသားရန် အခက်အခဲရှိသူများအတွက် Solveware Solution က ကူညီပေးမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီမှ CEO ဦးဌေးထွန်းက ပြောကြားသည်။

အဆိုပါ Website တွင် မြန်မာလိုရေးသားရန်အခက်အခဲရှိသူများမှာ ၎င်းတို့၏ လက်ရေးစာမူများကို Solveware Solution သို့ ပေးပို့နိုင်ကြောင်း၊ အဆိုပါစာမူများကို အဆိုပါကုမ္ပဏီမှရေးသား၍ ယင်း Website သို့ တင်ပေးမည်ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

မြန်မာ Wiki ကို ၂၀၀၈ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်ဆောင်ရွက်ခဲ့ပြီး အင်တာနက်အသုံးပြုသူများမှ ဝင်ရောက်ရေးသားရန်ဖိတ်ခေါ်ထားကြောင်း၊ မြန်မာ Wiki တွင် ရေးသားရာ၌ မြန်မာယူနီကုတ် Font များဖြစ်သည့် ပိတောက်၊ ပုရပိုဒ်၊ မြန်မာ ၃ တို့ဖြင့်ရေးသားနိုင်ကြောင်း၊ သို့ရာတွင် Font အခက်အခဲရှိသူများ၊ စာရိုက်ရန်အခက်အခဲရှိသူများ ပါဝင်ရေးသားလိုပါက ယင်းကုမ္ပဏီသို့ စာတိုက်၊ E-mail တို့ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်လာရောက်ပေးပို့၍ဖြစ်စေ စာမူများပေးပို့ပါက ၎င်းတို့ကုမ္ပဏီက ယင်းစာမူများကို အင်တာနက်ပေါ်တွင် ရေးသားဖော်ပြပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ရေးသားလိုသူများအနေဖြင့် Online စွယ်စုံကျမ်းဖြစ်သည့်အတွက် ဝတ္ထု၊ ကဗျာများကဲ့သို့ရေးသား၍မရဘဲ အကြောင်းအရာတစ်ခုကို အချက်အလက်အပြည့်အစုံဖြင့် ရေးသားရန်လိုအပ်ကြောင်း၊ မြန်မာ Wiki တွင် အချက်အလက်ပေါင်း ၂၁၅ ခုရှိပြီဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံများလွှင့်တင်ထားသည့် Wiki များနှင့်နှိုင်းယှဉ်လျှင် အချက်အလက်များ လွန်စွာနည်းပါးနေသေးပြီး ပါဝင်ရေးသားရန် လိုအပ်လျက်ရှိကြောင်း၊ မြန်မာWiki နှင့် သက်ဆိုင်သည့်အကြောင်းအရာများနှင့် စာမူများပေးပို့လိုပါက Solveware Solution၊ အခန်း (၂)၊ တိုက် (၄)၊ Myanmar Info-Tech၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၆၅၂၂၉၀၊ E-mail- info@ solvewaresolution. net သို့ ဆက်သွယ်နိုင်ကြောင်း ယင်းကုမ္ပဏီမှသိရှိရသည်။

www.foreverspace.com.mm



# မုန်တိုင်းသင့်ဒေသခံများ စားသောက်မှုပုံစံပြောင်း

**ရန်ကုန် ၊ ဇူလိုင် ၂၇**



နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ် အဆိုးရွားဆုံးခံစားခဲ့ရသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများရှိ မုန်တိုင်းသင့်ပြည်သူများ၏ စားသောက်မှုပုံစံမှာ သိသိသာသာ ပြောင်းလဲသွားခဲ့ကြောင်း စာရေးဆရာမဂျူးက ဇူလိုင်လ ၂၆ ရက်နေ့တွင် ပြောကြားသွားသည်။

[Nargis Action Group (Myanmar)] ၏ပံ့ပိုးမှုဖြင့် (ရန်ကုန်မြို့ အနောက်ကြို့ကုန်းရှိ) မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ခန်းမ၌ ထိုနေ့မွန်းလွဲပိုင်းက ကျင်းပသော 'နာဂစ်နှင့် သဘာဝပတ်ဝန်းကျင်' ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲတွင် စာရေးဆရာမဂျူးက အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

သဘာဝသီးပင်စားပင်များနှင့် စိုက်ပျိုးသီးနှံဟင်းသီးဟင်းရွက်များ လှိုင်လှိုင်ပေါများခဲ့သော အဆိုပါဒေသတွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဖြတ်ကျော်တိုက်ခတ်ပြီးနောက်ပိုင်း ပင်လယ်ဆားငန်ရေဖုံးလွှမ်းခဲ့သောကြောင့် အပင်များသေကျေပျက်စီးခဲ့ပြီး အချိန်တိုအတွင်း ပြန်လည်စိုက်ပျိုးရန် မလွယ်ကူတော့သဖြင့် မုန်တိုင်းသင့်ဒေသခံပြည်သူများသာမက ကယ်ဆယ်ရေး သွားရောက်နေသူများပင် အဆိုပါဟင်းသီးဟင်းရွက်များကို မစားသုံးဖြစ်ကြတော့သည်မှာ လနှင့်ချီ၍ ကြာမြင့်နေပြီဖြစ်ကြောင်း၊ မုန်တိုင်းတိုက်ခတ်ပြီးစကာလ ကယ်ဆယ်ရေးအဖွဲ့များမရောက်ရှိမီနှင့် ကယ်ဆယ်ရေးအဖွဲ့များမရောက်ရှိနိုင်သော ဒေသများတွင် ၎င်းတို့မှာ အသက်ရှင်သန်ရန် ကဏန်းနှင့် အုန်းသီးကိုပင် သုံးပတ်ခန့် အာဟာရပြုစားသောက်ခဲ့ရသည့် သာဓကများရှိကြောင်း၊ ယင်းကဲ့သို့ ဟင်းသီးဟင်းရွက်လတ်လတ်ဆတ်ဆတ်ကို မစားသုံးရဲဘဲ စားသောက်မှုပုံစံပြောင်းလဲလာသဖြင့် နို့တိုက်မိခင်များမှာ နို့ထွက်နှုန်းနည်းလာနိုင်ပြီး ငါးနှစ်အောက်ကလေးငယ်များမှာလည်း အာဟာရချို့တဲ့လာနိုင်ကြောင်း ဆရာဝန်တစ်ဦးလည်းဖြစ်သူ သူမက ထောက်ပြပြောကြားသွားသည်။

"ဒေသခံတွေမပြောပါနဲ့။ ကယ်ဆယ်ရေးသွားခဲ့ကြတဲ့ ကျွန်မအဖွဲ့တွေတောင် ဟင်းသီးဟင်းရွက်ကို မမြင်ခဲ့ရဘူး။ မြို့တက်ဝယ်ဖို့ကလည်း အလှမ်းဝေးတဲ့ရွာတွေ အနေနဲ့ မလွယ်ဘူးလေ။ မြို့ပေါ်မှာတော့ ရန်ကုန်နဲ့ အဆက်အသွယ်မပြတ်လို့ ဟင်းသီးဟင်းရွက်စားရသေးတယ်" ဟု သူမက ဆိုသည်။

# သာကေတမိကျောင်းမွေးမြူရေးစခန်း တစ်နှစ်အစာစရိတ် ၁၄၄ သိန်း လိုအပ်

**ရန်ကုန်၊ ဇူလိုင် ၂၅**

ကမ္ဘာ့အကြီးဆုံးမျိုးစိတ်စာရင်းဝင် ရေငန်မိကျောင်း (ငမိုးရိပ်) များကို မွေးမြူထားရှိသည့် သာကေတမိကျောင်းမွေးမြူရေးစခန်းမှ လက်ရှိမိကျောင်းကောင်ရေ ၇၃၁ ကောင်အတွက် တစ်နှစ်လျှင် အစာစရိတ် ကျပ် ၁၄၄ သိန်းခန့် သုံးစွဲရန်လိုအပ်ကြောင်း ယင်းစခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအန်ကြည်က ပြောကြားသည်။

ယင်းမိကျောင်းမွေးမြူရေးစခန်း၌ ၂၀၀၈ ခုနှစ် မေလမတိုင်ခင်အထိ အစာလှူဒါန်းသူများသည် တစ်လလျှင် တစ်ဦးမှ နှစ်ဦးအထိသာ လာရောက်လေ့ရှိပြီး နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းမှစ၍ တစ်ပတ်လျှင် နှစ်ဦးခန့် ပုံမှန်လာရောက်ကြောင်း အဆိုပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

လှူဒါန်းသည့်အစာများသည် မိကျောင်းများစားသုံးရန် သင့်၊ မသင့်ကိုသာ စစ်ဆေးခြင်းရှိပြီး အခြားကန့်သတ်ချက်များမရှိကြောင်း၊ လာရောက်လှူဒါန်းသူများအနေဖြင့် စေတနာရှိသရွေ့ လှူဒါန်းနိုင်ကြကြောင်းနှင့် နာဂစ်မုန်တိုင်းတိုက်ခတ်မှုပြီးသည့်နောက်ပိုင်းမှစ၍ မိကျောင်းအစာလှူဒါန်းသူ ပုံမှန်ရှိနေခြင်းကြောင့် မိကျောင်းကောင်ရေအများဆုံးဖြစ်သည့် သဘာဝကန်အတွက် အစာဖူလုံမှုရှိကြောင်း ၎င်းကဆိုသည်။

အဆိုပါမွေးမြူရေးစခန်းရှိမိကျောင်းများကို အရိုးသန်မာစေသည့် ကယ်လ်စီယမ်ကြွယ်ဝသော ငါး၊ ပုစွန် စသည့် ရေငန်ငါးမျိုးစုံကိုသာကျွေးမွေးလေ့ရှိကြောင်း၊ တစ်ပတ်လျှင်သုံးကြိမ်ခန့် အစာကျွေးလေ့ရှိပြီး တစ်ကြိမ်ကျွေးရန် ရေငန်ငါးမျိုးစုံ ပိဿာချိန် ၃၀၀ ခန့်လိုအပ်ကြောင်းနှင့် တစ်လလျှင် အစာစရိတ် ကျပ် ၁၁ သိန်းခန့် ကုန်ကျကြောင်း အဆိုပါပုဂ္ဂိုလ်ထံမှ သိရသည်။

သာကေတမိကျောင်းမွေးမြူရေးစခန်းတွင်းရှိ မိကျောင်းများကို ကန်-၁၊ ကန်-၂၊ ကန်-၃၊ သဘာဝကန်နှင့် သောက်ရေကန်ဟူ၍ ခွဲခြားမွေးမြူထားပြီး သဘာဝကန်အတွင်းတွင် ခုနစ်ပေနှင့်အထက်မိကျောင်းများ ကောင်ရေပိုများကြောင်းနှင့် အဆိုပါကန်သည် ကန်များအားလုံးအနက် မိကျောင်းကောင်ရေအများဆုံးရှိသည့်ကန်ဖြစ်သည်ဟု ယင်းစခန်းမှသိရှိရသည်။

www.foreverspace.com.mm



# နေပြည်တော် ပျဉ်းမနား အာဟာရသုခဈေးဆိုင်ခန်းများ ငွေထက်ဝက်ထုတ်ချေး

**နေပြည်တော်၊ ဇူလိုင် ၃၁**

နေပြည်တော် ပျဉ်းမနားမြို့ရှိ ကုန်စိမ်း၊ အသားငါး၊ စားသောက်ကုန်၊ ကုန်ခြောက်ကုန်စုံဆိုင်များ တစ်စုတစ်စည်း ရောင်းချရာဈေးသစ်ကြီးဖြစ်သည့် အာဟာရသုခဈေးသစ်တွင် ဈေးဆိုင်ဖွင့်လှစ်သူများကို ဆိုင်ခန်းတန်ဖိုးထက်ဝက် ငွေထုတ်ချေးပေးနေကြောင်း ဆိုင်ခန်းဖွင့်လှစ်ရောင်းချသူဒေသခံတစ်ဦးက ပြောကြားသည်။

ယင်းသို့ထုတ်ချေးရာတွင် တစ်နှစ်လျှင် ၁၇ ကျပ် အတိုးနှုန်းဖြင့် ငွေကျပ်ခြောက်သိန်း တန်ဖိုးရှိ ဆိုင်ခန်းတစ်ခန်းအတွက် ကျပ်သုံးသိန်း၊ ကျပ်သိန်း ၉၀ တန်ဖိုးရှိ ဆိုင်ခန်းတစ်ခန်းအတွက် ကျပ် ၄၅ သိန်းကို နေပြည်တော် စည်ပင်သာယာရေးကော်မတီက ငွေထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ၎င်းကဆိုသည်။



အာဟာရသုခဈေးသစ်တွင် ဈေးဆိုင်ခန်းနှင့် ပွဲရုံတိုက်ခန်း ဆိုင်ခန်းများကို ထပ်မံတိုးချဲ့ဆောက်လုပ်နေပြီး ဆောက်လုပ်ဆဲဆိုင်ခန်းများကို နေပြည်တော် ပျဉ်းမနားမြို့ အမှတ် (၁) ဈေးကြီးရှိ ကုန်စိမ်း၊ အသားငါး၊ စားသောက်ကုန်၊ ကုန်ခြောက်ကုန်စုံပစ္စည်းများရောင်းချသည့် ဈေးရောင်းချသူများမှ ဆိုင်ခန်းမဝယ်ရသေးသူ ကျန်ရှိသည့် ဈေးရောင်းချသူများအတွက် ရောင်းချပေးမည်ဖြစ်ကြောင်း အဆိုပါကော်မတီမှ စုံစမ်းသိရှိရသည်။

ဆိုင်ခန်းတစ်ခန်းလျှင် ကျပ်ခြောက်သိန်းတန်ဖိုးရှိ ဆိုင်ခန်းပေါင်း ၈၄၀ ခန်းနှင့် ကျပ်သိန်း ၉၀ တန်ဖိုးရှိ ပွဲရုံတိုက်ခန်းဆိုင်ခန်းပေါင်း ၆၀ ပါရှိသည့် အဆိုပါ အာဟာရသုခဈေးသစ်ကို နေပြည်တော် ပျဉ်းမနားမြို့တွင် မေလအတွင်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**မင်းသုခိုင်**

# အိန္ဒိယသို့ ဝက်အရှင်တင်ပို့ခွင့်ရပြီးနောက်ပိုင်း တင်ပို့ပမာဏ လစဉ်တိုး

**ရန်ကုန်၊ ဇူလိုင် ၂၃**

အိန္ဒိယ–မြန်မာကုန်သွယ်ရေးတွင် ဝက်သားတင်ပို့ခြင်းကို ပြန်လည်ခွင့်ပြုပေးခဲ့ပြီးနောက် မြန်မာနိုင်ငံမှ ဝက်သားတင်ပို့မှု လစဉ်တိုးမြင့်လာကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ညီနောင်အသင်းဖြစ်သော ဝက်မွေးမြူသူများနှင့်ထုတ်လုပ်ရောင်းချသူများအသင်း၏ပြောကြားချက်အရ သိရသည်။

"အိန္ဒိယကို ဝက်အရှင်တင်ပို့ခွင့်ရပြီး နောက်ပိုင်း ဇန်နဝါရီလမှာ ကီလိုနှစ်ထောင်ကျော်၊ ဖေဖော်ဝါရီမှာ ကီလိုသုံးထောင်ကျော်၊ မတ်လမှာ ကီလိုလေးထောင်ကျော် စသဖြင့် တင်ပို့ရတဲ့ ပမာဏ တဖြည်းဖြည်း တိုးလာပါတယ်။ ဧပြီလကနေ ဇူလိုင်လလယ်အထိဆိုရင် ကီလိုပေါင်း ခြောက်သောင်းကျော်၊ တန်ဖိုးအနေနဲ့ ကျပ်သန်း ၉၀ နီးပါးဖိုး တင်ပို့နိုင်ခဲ့တာရှိပါတယ်" ဟု အသင်းဝင် ဝက်ကုန်သည်တစ်ဦးက ပြောကြားသည်။

အဆိုပါအခြေအနေကြောင့် ဝက်မွေးမြူသူများနှင့် ထုတ်လုပ်ရောင်းချသူများအသင်းသည် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ဦးဆောင်မှုဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အကူအညီရယူကာ ထိုင်းနိုင်ငံမှ မျိုးအဆင့်ဝက်မျိုးစပ်ကို တာချီလိတ်နယ်စပ်မှတင်သွင်းခဲ့ကြောင်း၊ အဆိုပါဝက်မျိုးမှာ အသားများသောဝက်မျိုးဖြစ်ကြောင်းနှင့် ၂၀၀၉ ခုနှစ်အတွင်း ဝက်မွေးမြူသူများထံ ဖြန့်ဝေပေးသွားရန်ရှိကြောင်း အသင်းမှသိရသည်။ အိန္ဒိယနိုင်ငံသည် ယင်းနိုင်ငံအတွင်းသို့ ဝက်တင်သွင်းခြင်းကို ၂၀၀၇ ခုနှစ်ဩဂုတ်လတွင်ရပ်ဆိုင်းခဲ့ရာမှ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် ပြန်လည်ခွင့်ပြုပေးခဲ့ကြောင်း၊ ယင်းကိစ္စများကို မန္တလေးမြို့တော်တွင် ရုံးစိုက်ထားသည့် အိန္ဒိယကောင်စစ်ဝန်ချုပ် MYP Singh နှင့် တမူး–ကလေး–ကလေးဝနယ်စပ်ကုန်သည်ကြီးများ ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်းနှင့် ၂၀၀၇–၂၀၀၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၏ ဝက်သားထုတ်လုပ်မှုမှာ ပိဿာချိန် သိန်းပေါင်း ၁၇၀၀ ရှိခဲ့ပြီး လစဉ်ပျမ်းမျှပိဿာချိန် သုံးသိန်းနီးပါးရှိကြောင်း အသင်းမှ စုံစမ်းသိရှိရသည်။

**စိုင်းအောင်**

www.foreverspace.com.mm

# မွန်ပြည်နယ်မှ ရော်ဘာ မန္တလေးမှတစ်ဆင့် တရုတ်သို့ပို့

**ရန်ကုန်၊ ဇူလိုင် ၂၃**

မွန်ပြည်နယ်မှ ရော်ဘာများကို မန္တလေးနှင့် မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းတို့မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း မွန်ပြည်နယ် ရော်ဘာလုပ်ငန်းရှင်များအသင်း၏အသင်းဝင်တစ်ဦးက ပြောကြားသည်။

ယင်းကဲ့သို့တင်ပို့ရာ၌ မွန်ပြည်နယ်အတွင်း ရော်ဘာစေးထုတ်ချိန်မဟုတ်သဖြင့် လုပ်ငန်းရှင်တို့၏လက်တွင်ရှိသော ရော်ဘာလက်ကျန်များကို တင်ပို့နေခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

"မန္တလေးကို မော်တော်ယာဉ်တွေနဲ့ တင်ပို့ပါတယ်။ အရင်က တစ်ရက်ကို ခြောက်စီး၊ ခုနစ်စီးလောက်ပို့နိုင်ခဲ့ပေမယ့် အခုချိန်မှာတော့ တစ်ရက်ကို နှစ်စီးလောက်ပဲ တင်ပို့နိုင်ပါတော့တယ်။ လက်ကျန်ရော်ဘာတွေကို ကုန်သလောက်တင်ပို့သွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။ တရုတ်ဈေးကွက်သို့ ပြည်တွင်းရော်ဘာအဆင့်များဖြစ်သည့် RSS ၊ $RSS_3$ ၊ $RSS_5$ စက်များကို တင်ပို့လျက်ရှိပြီး $RSS_3$နှင့် $RSS_5$ကို ပို၍ဝယ်ယူကြကြောင်း သိရသည်။

"$RSS_3$က တစ်ပေါင်ကို ၁၃၀၀ ကျပ်၊ $RSS_5$ က တစ်ပေါင်ကို ၁၂၀၀ ကျပ်အထိ ဈေးပေါက်ပါတယ်"ဟု အထက်ပါအသင်းဝင်က ဆိုသည်။ မြန်မာနိုင်ငံမှ ရော်ဘာများကို တရုတ်နှင့် ထိုင်းနိုင်ငံတို့က အများဆုံးဝယ်ယူလျက်ရှိပြီး ယခုကဲ့သို့ မွန်ပြည်နယ်မှရော်ဘာများကို မန္တလေးမှတစ်ဆင့် တရုတ်သို့တင်ပို့ရခြင်းမှာ ဈေးကွက်လိုလားချက်ရှိနေခြင်းနှင့် ဈေးအသင့်အတင့်ရနေခြင်းတို့ကြောင့်ဖြစ်ကြောင်း ယင်းအသင်းမှ စုံစမ်းသိရှိရသည်။

**စိုင်းအောင်**

# နာဂစ်မုန်တိုင်း အာမခံလျော်ကြေး ခန့်မှန်းသည်ထက်ပိုနည်း

**ရန်ကုန်၊ ဩဂုတ် ၁**

နာဂစ်မုန်တိုင်းကြောင့် ဆုံးရှုံးနစ်နာမှုများအတွက် မြန်မာ့အာမခံလုပ်ငန်းက ပေးလျော်ရမည့် လျော်ကြေးငွေပမာဏသည် စီးပွားရေးလုပ်ငန်းများကို အာမခံမထားကြခြင်း၊ အာမခံထားခြင်း၏အကျိုးကို ယုံကြည်မှုနည်းခြင်း၊ ကံကိုသာယုံကြည်ကြခြင်းတို့ကြောင့် ခန့်မှန်းထားသည်ထက် ပို၍လျော့နည်းခဲ့ကြောင်း မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက ပြောကြားသည်။

မြန်မာ့အာမခံလုပ်ငန်းသည် ဧရာဝတီတိုင်းအတွင်း ဖျာပုံ၊ ဟင်္သာတ၊ ပုသိမ် စသောမြို့များတွင် အာမခံဌာနခွဲများ ဖွင့်လှစ်ထားပြီး မုန်တိုင်းမဖြစ်ခင် ယခင်ကတည်းက အာမခံထားရန် လူထုကို အမြဲတမ်းစည်းရုံးခဲ့ကြောင်း၊ စည်းရုံးတိုင်းမရဘဲ လူအနည်းစုသာ အာမခံထား၍ အာမခံသဘောတရားကို လူထုအတွင်းထိုးဖောက်ရန်ခက်ခဲကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဧရာဝတီတိုင်းအတွင်း မီးအာမခံအများဆုံးထားကြပြီး ဆန်စက် ၂၀ ကျော်မှာ စက်ပစ္စည်းအာမခံထားကြောင်း၊ လပွတ္တာမြို့နယ်မှ ဆားကန်များပင် အာမခံထားခြင်းမရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

မီးအာမခံနှင့် အခြားသောသဘာဝဘေးအန္တရာယ်အာမခံတို့ကို သီးခြားစီထားရကြောင်း ၎င်း၏အဆိုအရ သိရသည်။

**ဇွန်စပယ်ဖြူ**

# မန္တလေးတောင်ဘိုးဘွားရိပ်သာ ဘိုးဘွား ၁၀၀ တိုး၍ လက်ခံမည်

**မန္တလေး၊ ဩဂုတ် ၈**

မန္တလေးတောင်ခြေတွင် နှစ်ပေါင်း ၃၀ ကျော်သက်တမ်းရှိသော မန္တလေးတောင်ဘိုးဘွားရိပ်သာ၌ ဘိုးဘွားဦးရေ ၁၀၀ အထိ တိုး၍လက်ခံသွားရန် စီစဉ်လျက်ရှိသည်ဟု ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ဘိုးဘွားများလက်ခံရန် အဆောက်အအုံ အဆင်သင့်ရှိကြောင်း၊ ယခုလောလောဆယ်တွင် အဘွားဆောင်ကို တိုးချဲ့တည်ဆောက်နေသည့်အပြင် အဆောက်အအုံသစ်များ ထပ်မံတည်ဆောက်ရန် မြေနေရာများလည်း အလုံအလောက်ကျန်ရှိနေသေးကြောင်း ဘိုးဘွားရိပ်သာ၏စည်းမျဉ်းအရ အသက် ၇၀ ကျော် ခိုကိုးရာမဲ့နှင့် အကျင့်စာရိတ္တကောင်းမွန်၍ ကိုယ်တိုင်ကျင်ကြီးကျင်ငယ်စွန့်နိုင်သူများကို လက်ခံကြောင်း၊ ဘိုးဘွားရိပ်သာသို့ လာရောက်လှူဒါန်းသည့် ငွေသိန်းပေါင်း ၈၀၀ ကျော် စုဆောင်းထားပြီး ရရှိသော အတိုးငွေများဖြင့် ဘိုးဘွားများကို ကူညီစောင့်ရှောက်နေသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

မန္တလေးတောင်ခြေဘိုးဘွားရိပ်သာကို ၁၉၇၅ ခုနှစ်တွင်ဖွင့်လှစ်ခဲ့ပြီး အသားစားရှောင်ကြဉ်ရေး ဦးကျော်လှက ငွေနှစ်သောင်းမတည်၍ ဘိုးဘွား ၃၅ ဦးနှင့် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ယခုအခါ ရိပ်သာ၌ လက်ခံစောင့်ရှောက်ထားသော အဘိုး ၁၇ ဦးနှင့် အဘွား ၄၅ ဦးအထိရှိကြောင်း ယင်းရိပ်သာမှ စုံစမ်းသိရသည်။

www.foreverspace.com.mm

# နေပြည်တော် ပျဉ်းမနား ဓာတ်ပုံ၊ ဗီဒီယို ရိုက်ကူးရေးလုပ်ငန်း တိုးပွား

**နေပြည်တော် ပျဉ်းမနား၊ ဩဂုတ် ၁**

နေပြည်တော် ပျဉ်းမနားမြို့ အလှူ၊ မင်္ဂလာဆောင်အခမ်းအနားတွင် မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းများ တစ်စတစ်စ ရေပန်းစားလာရာ ယခုအခါ မှတ်တမ်းဓာတ်ပုံ ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း ခြောက်ခုရှိလာပြီဖြစ်ကြောင်း နေပြည်တော် ပျဉ်းမနားမြို့ ဘဲလေးဗီဒီယိုရိုက်ကူးရေးမှ ဦးဝင်းဖေက ပြောကြားသည်။

နေပြည်တော် ပျဉ်းမနားမြို့တွင် အလှူ၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားများအတွက် မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းကို ၁၉၉၀ ပြည့်နှစ်ခန့်မှစတင်လုပ်ကိုင်ခဲ့ကြပြီး ထိုစဉ်က ဘဲလေးဗီဒီယိုရိုက်ကူးရေးအဖွဲ့တစ်ခုသာရှိခဲ့ကြောင်း၊ ယခုအခါ နေပြည်တော် ပျဉ်းမနားမြို့တွင် မှတ်တမ်းဓာတ်ပုံဗီဒီယိုရိုက်ကူးရေးအဖွဲ့အရေအတွက်မှာ များပြားလာပြီး ယင်းလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် နေပြည်တော်တစ်ဝိုက်ရှိ ရှုခင်း၊ အဆောက်အအုံ၊ လမ်းများ၏ အလှအပပုံများကို ဒေသတွင်း အလှူပွဲ၊ မင်္ဂလာဆောင်ပွဲ အခမ်းအနားပွဲများအတွက် ဗီဒီယိုမှတ်တမ်းဓာတ်ပုံ CD ချပ်များတွင် ရှေ့မျက်နှာစာ အလှတစ်မျက်နှာဓာတ်ပုံများအဖြစ် အသုံးပြုလာကြကြောင်း ၎င်းက ပြောကြားသည်။

**မင်းသုခိုင်**

---

# နာဂစ်မုန်တိုင်းကြောင့် အသက်အာမခံလျော်ကြေး ပေးရခြင်းမရှိ

**ရန်ကုန် ဩဂုတ် ၁**

နာဂစ်မုန်တိုင်းကြောင့် မြန်မာ့အာမခံလုပ်ငန်းကပေးလျော်ရမည့် လျော်ကြေးငွေ ကျပ်ငါးဘီလီယံခန့်တွင် အသက်အာမခံလျော်ကြေးတစ်ခုမှမပါကြောင်း မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက ပြောကြားသည်။

မြန်မာနိုင်ငံ၌ အသက်အာမခံထားခြင်း၏အကျိုးကိုမသိဘဲ အသက်ပေါင်နှံခြင်းဟု အမြင်အစွဲမှားမှုကြောင့် အသက်အာမခံထားသူနည်းကြောင်း၊ နာဂစ်မုန်တိုင်းအပြီး မရေးမနှောင်းဖြစ်ပွားခဲ့သော တရုတ်နိုင်ငံ စီချွန်ပြည်နယ်ငလျင်ကြောင့် ပေးလျော်ရသော အာမခံလျော်ကြေးငွေ ၃၃၇ သန်းတွင် အသက်အာမခံကုမ္ပဏီများသည် အသက်အာမခံလျော်ကြေးအဖြစ် ဒေါ်လာ သန်း ၁၄၀ ပေးလျော်ခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံရှိအာမခံအမျိုးအစားပေါင်း ၄၆ မျိုးတွင် မီးနှင့် သဘာဝဘေးအန္တရာယ်တို့ကိုသာ အာမခံအများဆုံးထားရှိပြီး အသက်အာမခံထားခြင်းမရှိသလောက်နည်းကာ ဆုံးပါးသွားသော အသက်အာမခံထားသူဝန်ထမ်းအချို့မှာ ငွေကျပ် ငါးထောင်၊ တစ်သောင်းအထိသာ အာမခံထားခဲ့ကြကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အသက်အာမခံထားရှိခြင်းဖြင့် ဝင်ငွေရှာဖွေသူအိမ်ထောင်စုဝင် ရုတ်တရက် ဆုံးပါးပါက အသက်အာမခံလျော်ကြေးငွေ ရသဖြင့် ကျန်ရစ်သူများသည် ငွေကြေးအားဖြင့် အားကိုးရာမမဲ့နိုင်တော့ပေ။

**ဇွန်စပယ်ဖြူ**

---

# မြန်မာနိုင်ငံ၌ Capacity Building ဦးစားပေးဆောင်ရွက်သင့်

**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**

**ရန်ကုန်၊ ဩဂုတ် ၂**

မြန်မာနိုင်ငံ၌လူငယ်များ၏ Capacity Building ကို ဦးစားပေးဆောင်ရွက်သင့်ပြီဖြစ်ကြောင်း စီမံခန့်ခွဲမှုပညာရှင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ဩဂုတ်လ ၂ ရက်နေ့တွင် ပြောကြားသွားသည်။

ကမ္ဘာ့စီးပွားရေးဂျာနယ် နှစ်ပတ်လည်အထိမ်းအမှတ် ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Tech ခန်းမ၌ 'Individual Capacity Development' ခေါင်းစဉ်ဖြင့် ကျင်းပသော ဟောပြောဆွေးနွေးပွဲတွင် ၎င်းက အထက်ပါအတိုင်း တိုက်တွန်းပြောကြားသွားခြင်းဖြစ်သည်။ "မြန်မာနိုင်ငံမှာက Capacity သိပ်မရှိတော့ဘူး။ ရှိတဲ့ Capacity တွေကလည်း အားနည်းနေပြီ။ လုပ်ချင်တာကိုလုပ်လို့မရတာ အဲဒီ Capacity တွေကြောင့်ပဲ" ဟု ၎င်းကဆိုသည်။

နိုင်ငံတစ်နိုင်ငံ၏တိုးတက်မှုကို မြင်တွေ့နိုင်သော Physical Capacity တိုးတက်မှုနှင့်တိုင်းတာရုံဖြင့် မလုံလောက်ဘဲ မမြင်တွေ့နိုင်သော Soft Capacity ပါ တိုးတက်ရန်လိုကြောင်း၊ Capacity မြှင့်တင်ရာ၌ ယခင်သိထားတတ်ထားပြီး အတွေးအခေါ်နှင့် အသိပညာဟောင်းများကို ဖယ်ထုတ် (Unlearn) ပြုလုပ်ပစ်ရန်လိုကြောင်း၊ ထိုသို့မြှင့်တင်ရာ၌ စဉ်းစားတွေးခေါ်မှု၊ ပြောဆိုမှုနှင့်ဆောင်ရွက်မှု သုံးခုစလုံး Hermony (အညီအမျှ) မရှိပါကလည်း Capacity တိုးတက်မည်မဟုတ်ကြောင်း၊ တစ်ဦးချင်း၏ Capacity တိုးတက်မှသာ ယင်းလုပ်ငန်းရေရှည်ရပ်တည်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

■

www.foreverspace.com.mm



# မန္တလေးတွင် အမှိုက်များကို တစ်ရက်လျှင် ၁၀ တန် တိုး၍သိမ်းဆည်းမည်

**မန္တလေး၊ ဇူလိုင် ၂၂**

မန္တလေးမြို့ပေါ်ထွက် အမှိုက်သရိုက်များကို တစ်ရက်လျှင် ၁၀ တန် ပမာဏ ထပ်မံတိုးချဲ့၍ သိမ်းဆည်းမည်ဟု ဇူလိုင်လ ၂၁ ရက်နေ့တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (MCDC) သန့်ရှင်းရေးဌာနမှ စုံစမ်းသိရှိရသည်။

မန္တလေးစည်ပင်သာယာရေးနယ်နိမိတ်အတွင်း ငါးမြို့နယ်ဖြစ်သည့် ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အောင်မြေသာစံမြို့နယ်တို့တွင် ထွက်ရှိသော စွန့်ပစ်အမှိုက်များကို နေ့၊ ညဝန်ထမ်း ၁၀၀၀ ခန့်နှင့် အမှိုက်သယ်ယာဉ်ငါးစီးဖြင့် မြို့တော်စည်ပင်သာယာလှပစေရန်ဆောင်ရွက်လျက်ရှိကြောင်း ယင်းဌာနမှတာဝန်ရှိသူတစ်ဦးက Living Color သို့ ပြောကြားသည်။

မန္တလေးစည်ပင်သာယာရေးနယ်နိမိတ်ငါးမြို့နယ်မှ တစ်လလျှင် အမှိုက် ၃၂၅ တန်ခန့် သိမ်းဆည်းရှင်းလင်းလျက်ရှိကြောင်း၊ ချမ်းအေးသာစံမြို့နယ်မှာ စွန့်ပစ်အမှိုက်ထွက်ရှိမှု အများဆုံးဖြစ်ပြီး တစ်လလျှင် တန် ၆၀ ခန့်ထွက်ရှိကြောင်း ၎င်းက ဆိုသည်။

**Living Color၊ Mdy. News**

# မန္တလေးဆိုင်ကယ်ဈေးကွက်သွက်

**မန္တလေး၊ ဇူလိုင် ၁၀**




စက်ဘီးနှင့် မော်တော်ဆိုင်ကယ်အသုံးပြုမှုအများဆုံးမြို့ကြီးဖြစ်သည့် မန္တလေးမြို့တွင် တင်သွင်းမော်တော်ဆိုင်ကယ်များကို သက်ဆိုင်ရာက တရားဝင်လိုင်စင်ထုတ်ပေးနေခြင်းကြောင့် ဒေသတွင်းဆိုင်ကယ်အရောင်းအဝယ်ဈေးကွက်မှာ ယခင်ကထက် သွက်လက်လာကြောင်း ချမ်းအေးသာစံမြို့နယ်တွင် ဆိုင်ကယ်အရောင်းဆိုင်ဖွင့်ထားသူ ဦးသန်းဆွေက ပြောကြားသည်။

မန္တလေးမြို့တွင် ဇူလိုင်လ ၁ ရက်နေ့မှစ၍ လေးလကြာအထိ ဆိုင်ကယ်သစ်လိုင်စင်ထုတ်ပေးမည်ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် ဆိုင်ကယ်များအတွက် လိုင်စင်ကြေး ၁၆၀,၀၀၀ ကျပ်၊ ထိုင်းနိုင်ငံထုတ်ဆိုင်ကယ်များအတွက် လိုင်စင်ကြေး ၂၄၀,၀၀၀ ကျပ်၊ ဂျပန်နိုင်ငံထုတ်ဆိုင်ကယ်များအတွက် လိုင်စင်ကြေး ၄၅၀,၀၀၀ ကျပ် ပေးသွင်းရမည်ဖြစ်ပြီး ဆိုင်ကယ်အသစ်များအတွက် ဆီစာအုပ်ရရှိမည်မဟုတ်သော်လည်း ဒေသခံများမှာ တရားဝင်ပိုင်ဆိုင်အသုံးပြုခွင့်ရရှိမည်ဖြစ်၍ အထူးစိတ်ဝင်စားကြကြောင်း၊ ဆိုင်ကယ်ဈေးကွက်ပြန်လည်သွက်လက်လာသဖြင့် မိမိတို့အနေဖြင့်လည်း သင့်တင့်သောအကျိုးအမြတ်များ မြင်တွေ့ခံစားရကြောင်း ဆိုင်ကယ်ဈေးကွက်အတွင်းရှိ ဝယ်ရောင်းများက ဆိုသည်။ သို့သော် သက်ဆိုင်ရာက ဆိုင်ကယ်လိုင်စင်အရေအတွက် ကန့်သတ်လိုက်လျှင်မူ ဈေးကွက်သွက်လက်မှုမှာ ယာယီသာဖြစ်နိုင်ကြောင်း မန္တလေးကုန်စည်ဒိုင်မှ ကုန်သည်ကြီးတစ်ဦးက မှတ်ချက်ပြုသည်။

မန္တလေးမြို့၌ ဆိုင်ကယ်လိုင်စင်ထုတ်ပေးမှုကြောင့် ယခင်က ရောင်းဈေးကျပ် ၂၃ သိန်းဝန်းကျင်ရှိသော ထိုင်းနိုင်ငံထုတ်မော်ဒယ်မြင့်ဆိုင်ကယ်များမှာ ယခုအခါ ကျပ် ၂၁ သိန်းဝန်းကျင်အထိ ဈေးကျသွားသော်လည်း အရောင်းအဝယ်ဖြစ်မှုမှာ ယခင်ကထက် ၂၀၀ ရာခိုင်နှုန်း ပိုမိုတိုးပွားလာကြောင်း၊ တရုတ်ဆိုင်ကယ်များကိုစိတ်ဝင်စားသူနည်းပါးနေကြောင်း မန္တလေးဆိုင်ကယ်ဈေးကွက်ကျွမ်းကျင်သူများ၏ အဆိုအရ သိရသည်။

www.foreverspace.com.mm


# ယခုနှစ် သာကေတမိကျောင်းမွေးမြူရေးစခန်း ဘဏ္ဍာငွေကျပ်သိန်း ၁၀၀ ရရှိရန်လျာထား

**ရန်ကုန်၊ ဇူလိုင် ၂၃**

မြန်မာတစ်နိုင်ငံ၏ တစ်ခုတည်းသော မိကျောင်းမွေးမြူရေးစခန်းဖြစ်သည့် သာကေတမိကျောင်းမွေးမြူရေးစခန်းမှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာငွေကျပ်သိန်း ၁၀၀ ရာဖွေရရှိရန် လျာထားကြောင်း အဆိုပါမွေးမြူရေးစခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအန်ကြည်က ပြောကြားသည်။

အဆိုပါလျာထားငွေကို ဂိတ်ဝင်ကြေးနှင့် မိကျောင်းရောင်းချခြင်းတို့မှ ရှာဖွေသွားမည်ဖြစ်ကြောင်းနှင့် စခန်းတွင်း၌ အသုံးမပြုဘဲရှိသည့်ရေအိမ်များကို ပြန်လည်ပြုပြင်၍ အခပေးစနစ် အများသုံးရေအိမ်အဖြစ် ပြုလုပ်စီစဉ်လျက်ရှိကြောင်း ၎င်းကဆိုသည်။

သာကေတမိကျောင်းမွေးမြူရေးစခန်းအနေဖြင့် ယမန်နှစ် (၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်)တွင် ဝင်ကြေးကောက်ခံမှုမှ ငွေကျပ် ၃၁ သိန်းနှင့် မိကျောင်းရောင်းချမှုမှ ကျပ်သိန်း ၂၀ စုစုပေါင်း ကျပ် ၅၁ သိန်းရရှိခဲ့ကြောင်း၊ ယင်းမတိုင်မီနှစ်များမှာမူ နှစ်စဉ် ကျပ်ရှစ်သိန်းမှ ၁၀ သိန်းအထိသာရရှိခဲ့ကြောင်း အဆိုပါမွေးမြူရေးစခန်းမှ သိရသည်။



**သာကေတမိကျောင်းမွေးမြူရေးစခန်း ဝင်ကြေးနှုန်းထားများ**

| နိုင်ငံခြားသား | | | မြန်မာ | | |
|---|---|---|---|---|---|
| လူကြီး | - | ၂၀၀၀ကျပ် | လူကြီး | - | ၂၀၀ကျပ် |
| ကလေး | - | ၁၀၀၀ကျပ် | ကလေး | - | ၁၀၀ကျပ် |
| | | | ကား | - | ၂၀၀ ကျပ် |
| | | | စက်ဘီး | - | ၁၀၀ ကျပ် |

# ဘုရင့်နောင်ကုန်တင်ယာဉ်များ CNG ပြောင်းလဲရန်စိတ်ဝင်စား

**ရန်ကုန်၊ ဇူလိုင် ၂၂**

မြန်မာနိုင်ငံအနှံ့အပြားသို့ ကုန်ပစ္စည်းများ အဓိကဖြန့်ဖြူးရာနေရာဖြစ်သော ရန်ကုန်မြို့တော် ဘုရင့်နောင်ပွဲရုံမှ ကုန်တင်ယာဉ်များသည် ဒီဇယ်သုံးမော်တော်ယာဉ်မှ CNG သဘာဝဓာတ်ငွေ့သုံးယာဉ်အဖြစ်သို့ ပြောင်းလဲတပ်ဆင်သွားရန် ပိုမိုစိတ်ဝင်စားလာကြကြောင်း အဆိုပါပွဲရုံရှိ ကုန်တင်ယာဉ်မောင်းများက ပြောကြားသည်။

ယခုအခါ ကုန်တင်ယာဉ်များသည် ဒီဇယ်ဈေးနှုန်းများ မြင့်တက်လာနေခြင်းကြောင့် ကုန်ကျစရိတ်သက်သာသည့် CNG သဘာဝဓာတ်ငွေ့ကိုအသုံးပြုရန် ပိုမိုစိတ်ဝင်စားလာကြခြင်းဖြစ်ကြောင်း၊ ခြောက်ဘီးကုန်တင်ယာဉ်တစ်စီးသည် ရန်ကုန်-ဟင်္သာတ ၉၄ မိုင်ခရီးကို သွားရောက်မည်ဆိုပါက အသွားအပြန်ခရီးအတွက် ဒီဇယ် ၃၀ ဂါလန် အသုံးပြုရပြီး ကာလတန်ဖိုး ကျပ်နှစ်သိန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ သဘာဝဓာတ်ငွေ့သုံးယာဉ်ဖြစ်ပါက အဆိုပါခရီးစဉ်အတွက် CNGအိုး ၁၄ လုံးခန့်အသုံးပြုရပြီး ကာလတန်ဖိုးကျပ် ၃၀,၀၀၀ ကျော်ခန့်သာ ကုန်ကျမည်ဖြစ်ကြောင်း၊ အဆိုပါယာဉ်နှစ်စီး၏ တူညီသောခရီးစဉ်အတွက် ကုန်ကျစရိတ်သည် ကျပ်တစ်သိန်းခွဲကျော်ခြားနားသည်ကို တွေ့ရကြောင်း၊ နောက်ပိုင်းတွင် နိုင်ငံတကာဈေးကွက်၌ စက်သုံးဆီဈေးနှုန်းများလည်း မြင့်တက်လာဖွယ်ရှိ၍ ယခုအချိန်မှစ၍ ကုန်တင်ယာဉ်များကို CNGယာဉ်အဖြစ်ပြောင်းလဲနိုင်မည်ဆိုပါက များစွာအဆင်ပြေနိုင်မည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ဒီဇယ်ဆီသုံးကုန်တင်ယာဉ်များကို CNGယာဉ်အဖြစ်ပြောင်းလဲနိုင်မည်ဆိုပါက ကုန်ပစ္စည်းပို့ဆောင်ခများ ကျဆင်းလာနိုင်ဖွယ်ရှိကြောင်း၊ ယခုအခါ ဘုရင့်နောင်ပွဲရုံအတွင်း၌ ရန်ကုန်မှ ဟင်္သာတ၊ ကျောင်းကုန်း၊ ပုသိမ်မြို့တို့သို့ ပြေးဆွဲနေသော CNG သဘာဝဓာတ်ငွေ့သုံးယာဉ် စုစုပေါင်း ၂၀ စီးဝန်းကျင်ခန့်ရှိကြောင်း၊ ဧရာဝတီတိုင်းအတွင်း CNG အရောင်းဆိုင်တည်ဆောက်မည်ဆိုပါက ညောင်တုန်းမြို့သည် အကောင်းဆုံးနေရာဖြစ်ပြီး လှိုင်သာယာ အသုတ်မြို့ မဟာဓာတ်အားလိုင်းသွယ်တန်းထားခြင်းကြောင့်လည်း များစွာအဆင်ပြေနိုင်ကြောင်း ဘုရင့်နောင်ပွဲရုံရှိ ပွဲရုံလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

www.foreverspace.com.mm

# မြို့တွင်းခရီးသွား ထက်ဝက်ကျော် မ.ထ.သ တာဝန်ယူပြေးဆွဲနေဟုဆို

**ရန်ကုန်၊ ဩဂုတ် ၂**

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မထသ) ၏ ယာဉ်လိုင်းများသည် ရန်ကုန်မြို့တော်တွင်း ပို့ဆောင်ရေးကဏ္ဍ၏ ၆၅ ရာခိုင်နှုန်းကို တာဝန်ယူပြေးဆွဲပေးနေကြောင်း ယင်းကော်မတီဥက္ကဋ္ဌ ဦးတင်ထွဋ်က ရန်ကုန်မြို့တော် ကန်တော်မင်္ဂလာပန်းခြံ ရွှေဘဲစားတော်ဆက်၌ ဩဂုတ်လ ၂ ရက်နေ့တွင် ပြုလုပ်သော ရန်ကုန်ခရီးသွားဂျာနယ် မိတ်ဆက်ပွဲအခမ်းအနား၌ ပြောကြားသည်။

လူဦးရေ ခြောက်သန်းခြောက်သိန်း ကျော်နေထိုင်လျက်ရှိသော ရန်ကုန်မြို့တော်တွင် လူဦးရေ သုံးသန်းခွဲခန့်သည် နေ့စဉ်မြို့တွင်းခရီးသွားလာလျက်ရှိကြောင်း၊ ၎င်းတို့သွားလာရေးအတွက် မြို့တွင်းပြေးဆွဲသည့်မော်တော်ယာဉ်အစီးရေ ၅,၀၀၀ ကျော်သည် နေ့စဉ် အခေါက်ပေါင်း ၃၃,၄၀၀ ကျော်ဖြင့် ပြေးဆွဲပေးနေကြောင်း၊ ယင်းတို့အနက်မှ မ.ထ.သ အနေဖြင့် ယာဉ်အစီးရေ ၂,၀၀၀ နီးပါးဖြင့် ခရီးသည်ဦးရေ သိန်း ၂၀ ခန့်ကို နေ့စဉ် တာဝန်ယူပို့ဆောင်ပြေးဆွဲပေးနေကြောင်း ၎င်းကဆိုသည်။

အဆိုပါကော်မတီကို ဌာနခွဲ ကိုးခုဖြင့်ဖွဲ့စည်းထားပြီး ယာဉ်လိုင်းပေါင်း ၁၃၁ လိုင်း၊ ယာဉ်အစီးရေ ၂၃၄၅ စီး ပြေးဆွဲနေကာ ဝန်ထမ်းပေါင်း ၁၃၈၅ ဦးရှိကြောင်း၊ မ.ထ.သ သည် ယာဉ်ကြီး ၁၀၅၁ စီး၊ မိနီဘတ်စ် ၁၆၁ စီး၊ ဘီအမ်ဟီးနိုး ၄၃ စီး၊ ကေအမ်ဟီးနိုး (ရိန်းဂျား) ၁၂ စီး၊ စစ်ကျန်ဘတ်စ် ၁၃၇ စီး၊ ယာဉ်လတ် ၅၂၈ စီး၊ သီးသန့် ၁၁၃ စီးနှင့် ယာဉ်ငယ်လိုင်း ၆၃ စီးတို့ဖြင့် ပြေးဆွဲနေကြောင်း အဆိုပါကော်မတီမှ ဌာနမှူးတစ်ဦးက ပြောကြားသည်။

"ခရီးသွားပြည်သူတွေအတွက် အထူးလိုင်းတွေကိုလည်း မ.ထ.သ အနေနဲ့ တိုးချဲ့သွားဖို့ရှိပါတယ်" ဟု ဦးတင်ထွဋ်က အတည်ပြုပြောကြားသည်။

# နိုင်ငံတကာအသိအမှတ်ပြု Online Test Center ငါးခုအထိ ပြည်တွင်း၌ ဖြေဆိုနိုင်

**ရန်ကုန်၊ ဇူလိုင် ၂၅**

မြန်မာနိုင်ငံ၌ Online မှတစ်ဆင့်ဖြေဆိုနိုင်သော နိုင်ငံတကာအသိအမှတ်ပြု အသက်မွေးဝမ်းကျောင်းနှင့် ပညာရပ်ဆိုင်ရာ အောင်လက်မှတ်စာမေးပွဲများကို လက်ခံစစ်ဆေးပေးနေသည့် စာစစ်ဌာနတစ်ခုဖြစ်သည့် Myanmar Inspirations တွင် နိုင်ငံတကာစာမေးပွဲအမျိုးမျိုးကို ဖြေဆိုနိုင်သည့် Online Test Center ငါးခုအထိ ရှိသွားပြီဖြစ်ကြောင်း အဆိုပါစင်တာမှ Cheif Information Officer ဦးလှမျိုးထွန်းက ပြောကြားသည်။

အဆိုပါ Online Test Center များမှ Microsoft, Sun, Oracle, Comp TIA, Adobe, Linux, CIW စသည့် ICT ကုမ္ပဏီကြီးများက အသိအမှတ်ပြုလက်မှတ် ထုတ်ပေးသည့်စာမေးပွဲများကို စစ်ဆေးပေးလျက်ရှိသော Prometric မှ လိုင်စင်ရယူထားသည့် Outhorized Prometric Testing Center, Linux နည်းပညာအပေါ် လက်တွေ့စမ်းသပ်စစ်ဆေးပြီး အသိအမှတ်ပြုလက်မှတ်ပေးသည့် Novell မှ လိုင်စင်ရယူထားသည့် Novell Practicum Test Center ၊ အင်္ဂလိပ်စာအရည်အချင်းစစ်ဆေးသည့် TOEFL ဘာသာရပ်ကို Online မှ ဖြေဆိုနိုင်မည့် ETS မှ လိုင်စင်ရယူထားသည့် TOEFL iBT Test Center ၊ ရုံးလုပ်ငန်းသုံးကွန်ပျူတာကျွမ်းကျင်မှုအရည်အချင်းကိုစစ်ဆေးပေးသည့် Non Professional IT Exam တစ်ခုဖြစ်သော ICDL (International Computer Driveing License ) ကို ဖြေဆိုနိုင်သည့် ECDL မှ လိုင်စင်ရယူထားသည့် စာစစ်စင်တာနှင့် နိုင်ငံတကာ၌ Online စာမေးပွဲများကိုစစ်ဆေးပေးနေသော အကြီးဆုံးကုမ္ပဏီကြီးဖြစ်သည့် Pearson VUE မှ လိုင်စင်ရယူထားသည့် စာစစ်စင်တာတို့ဖြစ်ကြကြောင်း ၎င်းကဆိုသည်။

အဆိုပါ Test Center ငါးခုမှ ICT နည်းပညာဆိုင်ရာအသက်မွေးဝမ်းကျောင်းလက်မှတ်ရစာမေးပွဲများ၊ အဂလိပ်စာဘာသာရပ်ဆိုင်ရာအရည်အချင်းစစ်စာမေးပွဲများ၊ ကွန်ပျူတာအခြေခံကျွမ်းကျင်မှုဆိုင်ရာအသိအမှတ်ပြု လက်မှတ်ရစာမေးပွဲများ၊ ပညာရေးဆိုင်ရာနိုင်ငံတကာအသိအမှတ်ပြု အရည်အချင်းစစ်စာမေးပွဲများအားလုံးကို နိုင်ငံတကာနှင့်တန်းတူ တစ်နေရာတည်းတွင်ဖြေဆိုနိုင်ပြီဖြစ်ကြောင်း၊ နည်းပညာနှင့်ပတ်သက်၍ ပြည်ပသို့သွားရောက်ဖြေဆိုရသည့်စာမေးပွဲအားလုံးနီးပါးကို ၂၀၀၈ ခုနှစ်မကုန်ခင် မြန်မာနိုင်ငံ၌ပင် ဖြေဆိုရရှိနိုင်ရန် ချိတ်ဆက်စီစဉ်သွားမည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

မြန်မာနိုင်ငံ၌ အဆိုပါနိုင်ငံတကာအသိအမှတ်ပြု Online စာမေးပွဲများကို Myanmar Inspirations က ၂၀၀၅ ခုနှစ် ဇန်နဝါရီလမှ စတင်လက်ခံစစ်ဆေးပေးခဲ့ရာ ဖြေဆိုသူ ၉၀ ရာခိုင်နှုန်းကျော်မှာ Microsoft ကုမ္ပဏီကစစ်ဆေးသည့်စာမေးပွဲများကို အဓိကဖြေဆိုကြခြင်းဖြစ်ကြောင်း ဆိုပါစင်တာမှ စုံစမ်းသိရှိရသည်။ ■

LIVING COLOR MEDIA
၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm



# စာကြည့်တိုက်နှင့် သုတပညာ ပါရဂူဘွဲ့ကြိုသင်တန်း ဖွင့်လှစ်

**ရန်ကုန်၊ ဩဂုတ် ၈**

ရန်ကုန်တက္ကသိုလ်၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော ဝိဇ္ဇာ၊ သိပ္ပံနှင့် ဥပဒေ အထူးပြုဘွဲ့လွန်သင်တန်းများအနက် စာကြည့်တိုက်နှင့် သုတပညာဌာနက စာကြည့်တိုက်နှင့် သုတပညာပါရဂူဘွဲ့ကြိုသင်တန်းကို ယခုနှစ် ၂၀၀၈–၂၀၀၉ ပညာသင်နှစ်မှစ၍ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ရန်ကုန်တက္ကသိုလ်က လက်ရှိသင်ကြားပို့ချနေလျက်ရှိသော ဘာသာရပ်အားလုံး ပါရဂူဘွဲ့အသီးသီးကို ချီးမြှင့်အပ်နှင်းနိုင်ပြီ ဖြစ်သည်။

ယင်းတက္ကသိုလ်၌ ယခုအခါ သတ္တဗေဒအထူးပြု ၃၃ ဦး၊ ရုပဗေဒအထူးပြု ၁၀၁ ဦး၊ ဓာတုဗေဒအထူးပြု ၂၉ ဦး၊ ကုန်ထုတ်ဓာတုဗေဒအထူးပြု တစ်ဦး၊ သမိုင်းအထူးပြု ၁၅ ဦး၊ ပထဝီဝင်အထူးပြု ၁၃ ဦး၊ မြန်မာစာအထူးပြု ၂၇ ဦး၊ မနုဿဗေဒအထူးပြု ခြောက်ဦး၊ ဥပဒေပညာအထူးပြု ၁၈ ဦး၊ အင်္ဂလိပ်စာအထူးပြု သုံးဦး၊ နိုင်ငံတကာဆက်ဆံရေးပညာ အထူးပြု ၁၃ ဦး၊ အရှေ့တိုင်းပညာအထူးပြု တစ်ဦး၊ ဒဿနိကဗေဒအထူးပြု ခုနစ်ဦး၊ စိတ်ပညာအထူးပြု ငါးဦး၊ ရှေးဟောင်းသုတေသနပညာအထူးပြု ခုနစ်ဦး၊ စာကြည့်တိုက်နှင့် သုတပညာအထူးပြု လေးဦး၊ ရုက္ခဗေဒအထူးပြု ၁၀ ဦး၊ ဘူမိဗေဒအထူးပြုလေးဦး၊ သင်္ချာအထူးပြု ငါးဦးနှင့် ကွန်ပျူတာသိပ္ပံအထူးပြု ငါးဦးတို့မှာ ပါရဂူဘွဲ့ကြိုသင်တန်း အသီးသီးတက်ရောက်နေကြပြီး အဆိုပါ ပါရဂူဘွဲ့ကြို သင်တန်းသား သင်တန်းသူများ၏ အင်္ဂလိပ်စာအရည်အချင်းကို မြှင့်တင်ရန်အတွက် မွမ်းမံသင်တန်းတစ်ရပ်ကို အင်္ဂလိပ်စာဌာနက ဇူလိုင်လနောက်ဆုံးပတ်တွင် ဖွင့်လှစ်ပို့ချခဲ့ကြောင်း ယင်းဌာနမှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံတွင် ပါရဂူ (Ph.D) သင်တန်းများကို ရန်ကုန်တက္ကသိုလ်၌ ၁၉၉၄–၉၅ ပညာသင်နှစ်တွင် ပထမဦးဆုံး ဖွင့်လှစ်သင်ကြားခဲ့ပြီး ယခု ၂၀၀၈ ခုနှစ် ဇူလိုင်လအထိ ယင်းတက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိသူအရေအတွက် စုစုပေါင်း ၁၈၆၇ ဦး မွေးထုတ်ခဲ့ပြီးဖြစ်သည်။

# ဂျပန်ဘာသာ အရည်အချင်းစစ်စာမေးပွဲဝင်ခွင့်သင်တန်း မနောရမ္မ ပညာဒါနသင်ကြား

**ရန်ကုန်၊ ဇူလိုင် ၃၁**

ဂျပန်နိုင်ငံသံရုံး၏စီစဉ်မှုဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသော ဂျပန်ဘာသာစကား အရည်အချင်းစစ်စာမေးပွဲဝင်ရောက်ဖြေဆိုမည့်သူများအတွက် ဝင်ခွင့်သင်တန်းကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မနောရမ္မ ပညာဒါနကျောင်း၌ သင်တန်းကြေးမယူဘဲ ပညာဒါန ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်ကြောင်း အဆိုပါကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါယမိန္တက မိန့်ကြားသည်။

အဆိုပါဝင်ခွင့်ပညာသင်ဒါနသင်တန်းကို ဇွန်လ ၃၀ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဂျပန်လူမျိုး သင်တန်းနည်းပြကိုယ်တိုင် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းတွင် ဂျပန်ဘာသာစကား Level II, III နှင့် III တို့ကို အခကြေးငွေမယူဘဲ လေ့ကျင့်သင်ကြားပေးပြီး သင်တန်းချိန်မှာ တနင်္လာနေ့မှ ဗုဒ္ဓဟူးနေ့ထိ နေ့စဉ် ညနေ ၅း၀၀ နာရီမှ ၆း၀၀ နာရီခွဲအထိ သတ်မှတ်ထားကြောင်းနှင့် ယင်းစာမေးပွဲဖြေဆိုလိုသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း ၎င်းကဆိုသည်။

ဂျပန်ဘာသာစကားကို နိုင်ငံတကာသို့ထိုးဖောက်နိုင်ရန်အတွက် အဆိုပါ ဂျပန်ဘာသာစကားအရည်အချင်းစစ်စာမေးပွဲ (Japanese Languages Proficiency Test) ကို ဂျပန်အစိုးရက နှစ်စဉ် ကမ္ဘာတစ်ဝန်းတွင် တစ်ပြိုင်နက်ကျင်းပစစ်ဆေးလျက်ရှိသည်။ မြန်မာနိုင်ငံ၌ ယခုနှစ် ၂၀၀၈ ခုနှစ်စာမေးပွဲကို လာမည့် ဒီဇင်ဘာလ ၇ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပစစ်ဆေးမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံသံရုံးမှ စုံစမ်းသိရှိရသည်။

# ဇုန်ထုတ်ကားဝယ်ယူပါက ပွဲစားအားမကိုးသင့်ဟုဆို

**ရန်ကုန်၊ ဇူလိုင် ၁၄**

စက်မှုဇုန်အသီးသီးကထုတ်လုပ်သည့် မော်တော်ယာဉ်အမျိုးမျိုးကို ဝယ်ယူလိုပါက ကားပွဲစားတန်းတွင် ဝယ်ယူခြင်းထက် ထုတ်လုပ်သည့်နေရာ သို့မဟုတ် အရောင်းပြခန်း (Show Room) တွင် ဝယ်ယူခြင်းက ပို၍ကောင်းမွန်ကြောင်း ရန်ကုန်မြို့ရှိ ဝါရင့်ကားဝယ်ရောင်းလုပ်ကိုင်သူများက အကြံပြုပြောကြားသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဝါရင့်ကားဝယ်ရောင်းတစ်ဦးက “ပွဲစားတန်းက ကားဈေး သက်သာတယ်ဆိုပြီး ပွဲစားတန်းထိုးထားတဲ့ကားကို လာဝယ်ကြတာတွေရှိတယ်။ တချို့စက်ရုံတွေက ဝယ်ပြီး ခြောက်လ၊ တစ်နှစ်အတွင်း Service အခမဲ့၊ အစားထိုးပြုပြင်ပေးတာတွေကို ဝန်ဆောင်ပေးတယ်။ ဒါက သူ့ဆီက တိုက်ရိုက်ဝယ်မှသာ လုပ်ပေးတာပါ။ ပွဲစားတန်းထိုးထားတဲ့ကားတွေကတော့ ဒီဝန်ဆောင်မှုတွေ မပါတော့ဘူး။ အချို့က ဝယ်ပြီးနှစ်လ၊

www.foreverspace.com.mm

သုံးလကြာလျှင် ပွဲစားတန်းလာထိုးတာတွေရှိတယ်။ လိုင်စင်ကိစ္စတွေမှာလည်း ကွာဟမှုတချို့ရှိတယ်။ စက်ရုံ Show Room ကဝယ်တဲ့ကာလတွေက လိုင်စင်ကိစ္စပါ ဆောင်ရွက်ပေးတဲ့အတွက် ကိုယ်ကဘာမှလုပ်စရာမလိုဘူး။ ပွဲစားတန်းထိုးထားတဲ့ကားကတော့ အစအဆုံးလိုက်လုပ်နေရမယ်။ ဒါကြောင့် ဇုန်ထုတ်ကား ဝယ်ချင်ရင် ပင်ရင်းထုတ်လုပ်တဲ့နေရာမှာဝယ်တာအကောင်းဆုံးပါပဲ" ဟု ဆိုသည်။

ဇုန်ထုတ်ကားအမျိုးမျိုးသည် ပွဲစားတန်းပေါက်ဈေးနှင့် စက်ရုံထုတ်ပေါက်ဈေး အနည်းငယ်ကွာဟမှုရှိရာ ဝယ်ယူလိုသူအချို့က ဈေးနှုန်းသက်သာမှုကိုသာကြည့်ပြီး ပွဲစားတန်းမှ ဝယ်ယူသွားတတ်ကြကြောင်း၊ ကွာဟမှုကြီးမားလျှင် ကိစ္စမရှိသော်လည်း ကွာဟမှုနည်းပါးက ဝယ်ပြီးနောက် ယာဉ်နှင့်ပတ်သက်သည့်ကိစ္စများ ဆောင်ရွက်ရာတွင် ယာဉ်အသစ်အတိုင်း ဆောင်ရွက်ရကြောင်း ၎င်းထံမှ ဆက်လက်သိရှိရသည်။

**စိုင်းအောင်**

# တောင်ကိုရီးယားသို့ ရေမှော်ခြောက်တင်ပို့

**ရန်ကုန်၊ ဇူလိုင် ၁၄**

ပင်လယ်ရေမှော်ပင်မှရရှိသည့် ရေမှော်ခြောက်များကို ကိုရီးယားနိုင်ငံသို့ တင်ပို့ရန်အတွက်စီစဉ်လျက်ရှိကြောင်း အဆိုပါလုပ်ငန်းလုပ်ကိုင်နေသည့် မြိတ်မြို့နယ်အခြေစိုက် MSC ကုမ္ပဏီက ပြောကြားသည်။

ယင်းကုမ္ပဏီသည် တောင်ကိုရီးယားကုမ္ပဏီတစ်ခုဖြစ်ပြီး မြိတ်ဒေသ၌ အခြေစိုက်ကာ ပင်လယ်ရေမှော်စမ်းသပ်မွေးမြူရေးကို လုပ်ဆောင်ခဲ့ကြောင်း၊ ရေမှော်ခြောက် တန် ၂၀ နီးပါးတင်ပို့နိုင်ရန် ဆောင်ရွက်နေပြီး လက်ရှိအချိန်တွင် ၁၀ တန်ကျော် စုဆောင်းပြီးဖြစ်ကြောင်း ယင်းလုပ်ငန်း၌ တွဲဖက်လုပ်ကိုင်နေသည့် ဇီဝနည်းပညာတစ်ဦးက ပြောကြားသည်။

"ရင်းနှီးမြှုပ်နှံထားတာကတော့ အမေရိကန်ဒေါ်လာ သန်း ၂၀ နီးပါး ရှိပါတယ်။ စမ်းသပ်မွေးမြူထုတ်လုပ်ရာက အောင်မြင်တဲ့အတွက် တင်ပို့ဖို့လုပ်နေတာပါ။ နောက်ပြီး ဒီပညာရပ်ကို ဒေသခံတွေဆီဖြန့်ဝေပေးဖို့အစီအစဉ်လည်း ရှိပါတယ်။ ဒေသခံ တော်တော်များများက ရေလုပ်ငန်းလုပ်ကိုင်နေကြပေမယ့် ဒီလုပ်ငန်းရဲ့ဝင်ငွေကို သိပ်မသိကြသေးပါဘူး။ အောင်မြင်လာတဲ့အချိန်မှာ ပင်လယ်ရေမှော်လုပ်သားတစ်ဦးရဲ့ တစ်ရက်ဝင်ငွေဟာ ရေလုပ်သားတစ်ဦးရဲ့တစ်ရက်ဝင်ငွေထက် အနည်းဆုံး သုံးဆပိုပါတယ်။ ဒါကိုသိတဲ့ ဒေသခံအချို့ကတော့ လုပ်ကိုင်ကြဖို့ ပြင်ဆင်နေပါပြီ" ဟု ၎င်းက ပြောကြားသည်။

ပင်လယ်ရေမှော်သည် ဂျပန်၊ ကိုရီးယားနိုင်ငံများ၌ နာမည်ကြီးသော ဆူရှီ (ငါးထမင်း) အစားအစာတွင် မဖြစ်မနေထည့်သွင်းပြုလုပ်ရသော စားသောက်ကုန်ဖြစ်သည့်အတွက် ဝယ်လိုအားရှိသောပစ္စည်းဖြစ်ကြောင်း၊ ယင်းရေမှော် ၁၀ တန်ကျော် ရရှိရန် တစ်နှစ်ကျော်ခန့်စုဆောင်းရကြောင်း ပြည်တွင်းရှိ ဂျပန်ရိုးရာ၊ ကိုရီးယားရိုးရာ စားသောက်ဆိုင်များကလည်း ပုံမှန်ဝယ်လိုအားရှိသော ရေထွက်ပစ္စည်းဖြစ်ကြောင်း သိရသည်။


**စိုင်းအောင်**

LIVING COLOR MEDIA

သမ္မတဟိုတယ် (Business Suite)
အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊
ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။

ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၃၂

www.foreverspace.com.mm



# ပြဿနာ မီးထွန်းရှာသူများ

ဘုန်းဝေညွန့်လူ

**Entrepreneur စွန့်ဦးတီထွင်စီးပွားရှင်ဆိုသည်မှာ ယေဘုယျအားဖြင့် စီးပွားရေးလုပ်ငန်းသစ်များကို စွန့်စွန့်စားစားနှင့် တီထွင်ကြံဆကာ လုပ်ကိုင်သောသူများကို ဆိုခြင်းဖြစ်သည်။ အရင်းစစ်လိုက်လျှင် Entrepreneur တို့မှာ ပြဿနာရှာသူများပင်ဖြစ်သည်။**

"ကလေးတွေက ကျောင်းကနေတန်းလာရတော့ ဘာမှမစားလာရတော့ ဗိုက်ဆာတာကိုမြင်ပြီး ဆိုင်လေးဖွင့်လိုက်တာပါ။ ရောင်းရပါတယ်။ တော်တော်လေး စားကြတယ်"

မန္တလေးမြို့၏ နာမည်အကြီးဆုံး အင်္ဂလိပ်စာအလွတ်သင်တန်းကျောင်းတစ်ခုအနီးတွင် လမ်းဘေးအကင်ဆိုင်ဖွင့်ထားသည့် ခြေတစ်ဖက်ဆာတာတာနှင့်သူက ပြောကြားခြင်းဖြစ်သည်။ မှန်ပါသည်။ သစ်ပင်ရိပ်အောက်တွင်ဖွင့်ထားသော သူ့ဆိုင်လေးအနီးတွင် ဆိုင်ကယ်လေးတွေ တစ်စီးပြီးတစ်စီး ထိုးဆိုက်ကြသည်။ သူ့ဆိုင်တွင် စားကြသောက်ကြသည်။ ခုံကအပြည့်။ ပြီးတော့ ဆိုင်ကယ်များကို ထားခဲ့ပြီး သင်တန်းတွင်း ဝင်ရောက်သွားကြသည်။ သူက ဆိုင်ကယ်များကို စောင့်ရှောက်ပေးသည်။ ကလေးတွေ ဗိုက်ဆာခြင်းဆိုသည့်ပြဿနာသည် ထိုသူ၏ မြင်တတ်သောမျက်စိကြောင့်

www.foreverspace.com.mm



အခွင့်အလမ်းအဖြစ်ပြောင်းလဲသွားကာ သူ့အတိုင်းအတာအလျောက် အောင်မြင်သောလုပ်ငန်းလေး ဖြစ်လာခဲ့ရသည်။

ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်းအတွင်း ဖြစ်ပေါ်နေသည့် ပြဿနာများကို Entrepreneur တို့က အမြဲလိုက်လံ ရှာဖွေနေတတ်ကြသည်။ အခြားသူများအတွက် ပြဿနာသည် စွန့်ဦးတီထွင် စီးပွားရှင်များအတွက် အခွင့်အလမ်းပင်ဖြစ်သည်။ ထိုပြဿနာကို ဖြေရှင်းပေးမည့် ကုန်ပစ္စည်းတစ်ခု၊ ဝန်ဆောင်မှုကို ဖန်တီးပေး လိုက်လျှင် အောင်မြင်သောစီးပွားရေးလုပ်ငန်း ဖြစ်လာနိုင်ပေ သည်။

နောက်ထပ် ဥပမာတစ်ခုလေ့လာကြည့်ရအောင်။ ကျွန်တော် အရက်မသောက်ပါ။ နိုင်ငံခြားလေယာဉ်ခရီးစဉ်များ စီးရလျှင် မကျေနပ်စိတ်များ ကျွန်တော့်တွင် ဖြစ်ပေါ်တတ်သည်။ ဝီစကီ၊ ဝိုင်များလာချလျှင် ကိုယ်မှမသောက်ရဘဲ။ တစ်ခါတစ်ရံ မိမိဘေးမှ ခရီးသည်က ဝီစကီရော ဝိုင်ပါ တစ်ခွက်ပြီးတစ်ခွက် မှာသောက်နေတတ်သည်။ ထိုလေကြောင်းလိုင်းတို့က ထိုစရိတ်များကို ထည့်တွက်ထားမည်မှာ သေချာသော်လည်း အရက်မသောက်သူအတွက် စရိတ်များကိုမူ လေယာဉ်လက်မှတ်ထဲတွင် လျှော့တွက်မထားပါ။ သည်တော့ ကိုယ်အကျိုးမခံစားရဘဲနှင့် ငွေအချောင်ကုန်နေသလို ဖြစ်သည်။ ထိုအချက်က ပြဿနာပင်။ စရိတ်နည်း Budget လေကြောင်းလိုင်းများပေါ်လာသည့်အခါ ထိုပြဿနာ ပြေလည်သွားသည်။ ဘာမျှ မကျွေး။ ရေကအစ ဝယ်သောက်ရသည်။ ကိုယ့်အကျိုးမရှိဘဲ ပိုက်ဆံမပေးရတော့။ Budget လေကြောင်းလိုင်းများ ပေါက်သွားပါသည်။ သမားရိုးကျလေကြောင်းလိုင်းများအချို့ပင် အတော်အခက်အခဲ တွေ့သွားသေးသည်။ ပြဿနာဖြေရှင်းပေးလိုက်သည့်အတွက် ခံစားရသောအကျိုးပင် ဖြစ်သည်။

## သုံးပိုင်း

Entrepreneurship တွင် ပြဿနာကို မြင်အောင်ရှာခြင်း၊ မြင်သောပြဿနာကို ဖြေရှင်းရန် နည်းရှာခြင်းနှင့် ဖြေရှင်းခြင်း ဟု သုံးပိုင်းခွဲနိုင်သည်။

## ပြဿနာဘယ်လိုရှာမလဲ


ပြဿနာရှာရန် ပတ်ဝန်းကျင်ကို ကြည့်တတ်မြင်တတ်သည့်အမြင် Observation ကောင်းရန် လိုသည်။ ပင်ကိုယ်သဘာဝဗီဇအရ မွေးရာပါ မြင်တတ်သူများ ရှိသော်လည်း Entrepreneur ဖြစ်လိုသူများ၊ ဖြစ်နေသူများသည် ကြည့်တတ်မြင်တတ်အောင် လေ့ကျင့်ထားရမည် ဖြစ်သည်။

သူတစ်ပါးကို ကူညီလိုသောသူသည် Entrepreneur ကောင်း ဖြစ်လာနိုင်ခြေများစွာရှိသည်။ လူအများ ပိုမိုအဆင်ပြေအောင် စဉ်းစားပေးခြင်းသည် အလားအလာကောင်းသော Entrepreneur ၏ လက္ခဏာကောင်းပင်။

ကမ္ဘာကျော် ချောထုပ်ကုန်ပစ္စည်းပို့ဆောင်ရေး FedEx မပေါ်မီက ချောစာထုပ်များ၊ စာများသည် အချိန်များစွာကြာမှ ပို့လိုသူလက်တွင်းသို့ ရောက်သွားကြသည်။ တည်ထောင်သူ Smith က အရေးကြီးချောစာထုပ်များ ယနေ့ပို့ မနက်ဖြန်ရောက်အောင် ပို့ဆောင်ပေးလျှင် လူသန်းပေါင်းများစွာကို ကူညီရာရောက်မည်ဟု တွေးမိသည်။ သူ၏အကြံဉာဏ်ကို အကောင်အထည်ဖော်လိုက်သည့်အခါတွင်မူ FedEx သည် စွန့်ဦးတီထွင်စီးပွားများထဲတွင် ရာဇဝင်စာတင်ရသည့်လုပ်ငန်းတစ်ခု ဖြစ်သွားသည်။ အမြန်ချောပို့လုပ်ငန်း၏ဈေးကွက်မှာ ထိုစဉ်ကပင် ငွေမှာ တစ်ဘီလီယံရှိသော်လည်း FedEx ကဲ့သို့ အမြန်ချောပို့စနစ်များ မရှိခဲ့လျှင်ဆိုသည့် မေးခွန်းကိုဖြေကြည့်လျှင် Entrepreneur အဓိပ္ပာယ်ကို ရှင်းခနဲ မြင်တွေ့ရမည်။ ငွေရခြင်းမှာ ဒုတိယနေရာတွင်ဖြစ်ပြီး လူအများ အဆင်ပြေအောင်လုပ်ဆောင်ပေးခြင်းက မူလပထမနေရာတွင် ရှိနေပေသည်။

## နားထောင်၊ နားထောင်

ပြဿနာရှာလိုသည့်သူတစ်ဦးသည် နားထောင်ရမည်။



နားကိုစွင့်ထားရမည်။ မကျေမနပ်နှင့် ပြောသံကြားလျှင် ပိုပြီးနားထောင်ရမည်။ ပြဿနာရှိသောကြောင့် မကျေမနပ်သံထွက်သည် မဟုတ်ပါလား။

"ကျွန်တော်တို့နားက အင်တာနက်ဆိုင်က ဂိမ်းကစားတဲ့သူတွေက အရမ်းဆူတယ်ဗျာ။ တစ်ခုခု အဆင်မပြေလို့ မေးမယ်ဆိုရင်လည်း ဆိုင်ကဝန်ထမ်းတွေက မသိ။ သိတဲ့သူတွေကတော့လည်း Chatting ပဲပြောနေတော့ မေးမယ်ဆို မရှိ။ တခြားဆိုင်မရှိလို့သာ သုံးနေရတာ"

ထိုသို့သောအသံနားထောင်မိပါက ထိုရပ်ကွက်၊ ထိုလမ်းတွင် ဂိမ်းကစားသူများ အသံမဆူအောင် ဖန်တီးပေးသည့် သို့မဟုတ် ဂိမ်းကစားခွင့်မပြုသည့် ဝန်ဆောင်မှုကောင်းပေးနိုင်သည့် အင်တာနက်ဆိုင်တစ်ဆိုင် သွားရောက်ဖွင့်လှစ်ပါက အောင်မြင်နိုင်ပေသည်။ အခြားမကျေမနပ်သံများ ကြားရပါကလည်း ပြဿနာရှိမရှိ လေ့လာနိုင်သည်။

## စာဖတ်ပါ

စာဖတ်ခြင်းဖြင့် ပြဿနာအများအပြားကို ရှာဖွေတွေ့ရှိနိုင်သည်။ စာအုပ်များထဲတွင် ပြဿနာရှာနည်းများကိုလည်း တွေ့နိုင်သည်။ အသိဉာဏ်ချင်းတူလျှင် စာဖတ်သော Entrepreneur က ခေါင်းတစ်လုံးမက ပခုံးတစ်ခြမ်းပါ သာပေသည်။ နိုင်ငံရပ်ခြားမှ ပြဿနာ ဖော်ထုတ်ရေးသားထားချက်များကို ဖတ်ရှုပြီး မိမိနိုင်ငံတွင် ထိုပြဿနာများ ရှိ၊ မရှိလေ့လာကာ ဖြေရှင်းသည့်လုပ်ငန်း တည်ထောင်နိုင်သည်။

## အနာဂတ်ပြဿနာ

ယခုလက်ရှိခေတ်တွင်ပင် ပြဿနာများတောင်လိုပုံနေသေးခြင်းက ပြဿနာကိုမြင်တတ်သည့်မျက်စိရှင်များ နည်းပါးနေသေးခြင်းကိုဆိုလိုသည်။ ယခုခေတ်လက်တွေ့မြင်ရသည့် အခက်အခဲများ၊ ပြဿနာများကိုပင် မျက်စိလျှမ်းနေကြလျှင် မဖြစ်ပေါ်သေးသည့် အနာဂတ်ရှိ ဖြစ်လာနိုင်သည့် ပြဿနာများကို ကြိုမြင်ဖို့ရန် မည်မျှခက်ခဲမည်ကို တွက်ဆနိုင်သည်။ ခက်ခဲလှသည့်အတွက် အနာဂတ်တွင်ဖြစ်မည့် ပြဿနာကိုမြင်ကာ အခွင့်အလမ်း မှန်းသိနိုင်ပြီး လုပ်ငန်းတည်ထောင်နိုင်ပါက အလွန့်အလွန်အောင်မြင်သော လုပ်ငန်း ဖြစ်သွားနိုင်သည်။ သတိထားရန်မှာ မိမိက အနာဂတ်အလားအလာကို ကြိုမြင်သော်လည်း မိမိပတ်ဝန်းကျင်ရှိသူများက မိမိကဲ့သို့မမြင်လျှင် မိမိအကြံအစည်အပေါ် အဟန့်အတားများ ပေါ်ပေါက်လာနိုင်ပါသည်။ မိမိကိုယ်ကိုယုံကြည်မှုရှိပြီး မိမိအမြင်မှန်ကန်လျှင် နောက်မဆုတ်ဘဲ လုပ်ကိုင်ရပေမည်။ ဆိုင်ရာနယ်ပယ်မှ တစ်ဖက်ကမ်းခတ်ပညာရှင်များက ကန့်ကွက်လျှင်ပင် အသေအချာ စဉ်းစားပြီး မှဆုံးဖြတ်သင့်သည်။ နယ်ပယ်အသီးသီးရှိ ဂုရုကြီးများအတွက်ပင် အနာဂတ်ကိုကြိုမြင်ရန် လုံးဝမလွယ်ကူကြောင်း အောက်ပါ ဥပမာများကို လေ့လာကြည့်လျှင် ထင်ရှားပါသည်။

'လေထက် ပိုလေးပြီး ပျံသန်းနိုင်တဲ့စက်ယန္တရားတွေဆိုတာ မဖြစ်နိုင်ပါဘူး။'

Lord Kelvin, ဗြိတိသျှ သင်္ချာပညာရှင်၊ ရူပဗေဒပညာရှင်နှင့် British Royal Society ၏ ဥက္ကဋ္ဌ၊ ၁၈၉၅ 'ရုပ်ရှင်ကားထဲမှာ သရုပ်ဆောင်တွေ စကားပြောတာကို ဘယ်ကောင်ကများ ကြားချင်လိမ့်မလဲ။'

Harry M.Warner, Warner Brothers ရုပ်ရှင်ကုမ္ပဏီ၊ ၁၉၂၇ 'ကမ္ဘာ့ကွန်ပျူတာဈေးကွက်က ကျွန်တော့်အထင်တော့ ကွန်ပျူတာငါးလုံးလောက်ပဲ ရှိတယ်။'

Thomas Watson, IBM ၏ ဥက္ကဋ္ဌ၊ ၁၉၄၃ 'အိမ်တစ်အိမ်မှာ ကွန်ပျူတာတစ်လုံးစီရှိဖို့ ဘယ်သူ့အတွက်မှ ဘာအကြောင်းမှ



www.foreverspace.com.mm

မရှိဘူး။'

Ken Olson, Digital Equipment ကော်ပိုရေးရှင်း၊ ၁၉၇၇

အထက်ပါ စကားများသည် ကမ္ဘာကျော်အလွဲများဖြစ်သည်။ သူတို့၏ခန့်မှန်းချက်များ တက်တက်စင်အောင်လွဲခဲ့ပါသည်။ ထူးခြားချက်မှာ ထိုသူအားလုံးသည် သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် ထိပ်သီးများဖြစ်ကြပြီး သူတို့ဟောကိန်းထုတ်ခဲ့သည့်စကားများအားလုံးသည် သူတို့ကျွမ်းကျင်ရာနယ်ပယ်တွင်ပင်ဖြစ်သည်။

ကွန်ပျူတာ ၉၀ ရာခိုင်နှုန်းကျော်တွင် မရှိမဖြစ်သုံးစွဲနေရသည့် နာမည်ကျော် Windows နှင့် Office Software များရောင်းချသည့် Mircrosoft တည်ထောင်သူ စွန့်ဦးတီထွင်လုပ်ငန်းရှင်ကမ္ဘာ့အချမ်းသာဆုံးနေရာကို ဆယ်စုနှစ်တစ်စုဆက်တိုက်ရယူထားခဲ့သည့် Bill Gates သည် အထက်ပါဂုရုစကားများထဲမှ ကွန်ပျူတာနှင့်သက်ဆိုင်သည့် နှစ်ခွန်းကို ယုံကြည်ခဲ့မိလျှင် လူတကာကပြောစမှတ်ပြုရသည့် Entrepreneur တစ်ဦးဖြစ်လာမည်မဟုတ် ပါ။ ထို့ကြောင့် Entrepreneur တစ်ဦးသည် အနာဂတ်ကိုကြိုမြင် ရန် အရေးကြီးပြီး မြင်နိုင်ပါကလည်း မိမိကိုယ်ကိုယုံကြည်ရန် ပိုမိုအရေးကြီးသည်။

## မသေချာ မရေရာချိန်

မသေချာ မရေရာသည့်ကာလများ၊ တည်ငြိမ်မှုနည်းပါးသည့်အချိန်များသည် အခြားသူများအတွက် စိတ်သောကမြင့်မားသလောက် Entrepreneur စစ်စစ်တို့အတွက်မူ အခွင့်ကောင်းပင်ဖြစ်သည်။ ကမ္ဘာ့စီးပွားပျက်ကပ်ဖြစ်ပွားချိန် ၁၉၃၀ နှစ်များဝန်းကျင်သည် လူသန်းပေါင်းများစွာ သောကပင်လယ်ဝေနေသည့်ကာလ ဖြစ်သည်။ ထိုအချိန်မျိုးတွင် ဝယ်ယူသုံးစွဲနိုင်အား လုံးဝမရှိသလောက်ဖြစ်နေသည့်အတွက် လုပ်ငန်းကြီးငယ်များစွာပျောက်ကွယ်သွားကြသည်။ သို့သော် လူတစ်ဦးက သင်တန်းတစ်ခုကိုဖွင့်လှစ်လိုက်ရာ အကြီးအကျယ်အောင်မြင်သွားပြီး သူ၏သင်တန်းများသည် ကမ္ဘာအနှံ့တွင် ယနေ့ထက်တိုင် အောင်မြင်နေဆဲဖြစ်သည်။ ထိုသူမှာ နာမည်ကျော် How to Win Friends and Influence People ရေးသူ Dale Carnegie ဖြစ်ပြီး သူ၏စာအုပ်များကို မြန်မာနိုင်ငံတွင် 'လူပေါ်လူဇော်လုပ်နည်း'၊ 'မိတ္တဗလဋီကာ'၊ 'သောကကင်းဝေးနေနိုင်ရေး' အမည်များဖြင့် ဘာသာပြန်ထုတ်ဝေခဲ့ရာ ရောင်းအကောင်းဆုံးစာအုပ်များ ဖြစ်ခဲ့သည်။ လူပေါင်းများစွာ စိတ်ဓာတ်ကျဆင်းနေချိန်၊ မျှော်လင့်ချက်မဲ့နေချိန်တွင် စိတ်ဓာတ်တက်ကြွစေပြီး ယုံကြည်မှုတက်စေသည့် သူ၏သင်တန်းများမှာ အောင်မြင်သွားခြင်းဖြစ်သည်။ မတည်ငြိမ်သည့်ကာလများသည် ပြဿနာအများဆုံးကာလများဖြစ်ရာ ပြဿနာဖြေရှင်းရန် လိုအပ်ချက်အများဆုံးလည်းဖြစ်သည်။

## ပြဿနာဖြေရှင်းခြင်း

ပြဿနာကိုမြင်သည်က ပထမဆင့်။ ပြဿနာကိုဖြေရှင်းရန်အကြံရခြင်းက ဒုတိယဆင့်။ ပြဿနာကိုဖြေရှင်းခြင်းက တတိယဆင့်။ ထိုအဆင့်မှာ ပထမနှစ်ဆင့်လောက် ထူးချွန်မှုမလိုအပ်၊ သမားရိုးကျဟုဆိုနိုင်သော်လည်း ယခုတတိယဆင့်ကို မပိုင်နိုင်သောကြောင့် Entrepreneur ဖြစ်မလာဘဲ ကျဆုံးသွားသည့် Entrepreneur လောင်းလျာများအများအပြားပင်။ အရေးကြီးသည့်အချက်မှာ မည်သူတစ်ဦးတစ်ယောက်မျှ မလုပ်ဖူးသည့်လုပ်ငန်း၊ တစ်ခါမျှ မပေါ်ဖူးသည့်လုပ်ငန်းဖြစ်လျှင် ထိုလုပ်ငန်းနှင့်ပတ်သက်က အတွေ့အကြုံရှိသူ မရှိနိုင်ကြောင်းပင်။ ထို့ကြောင့် Entrepreneur သည် လုပ်ငန်းကို သုညက စရတတ်သည်။

ထို့ပြင် ငွေအရင်းအနှီး၊ လူသားအရင်းအမြစ်တို့ မည်သို့ရမည်ကိုလည်း တွက်ချက်ထားရမည်။ ဘဏ်မှချေးမည်လား၊ အိမ်ပေါင်မည်လား၊ မိဘထံမှ ငွေရမည်လား၊ စပ်တူလုပ်ကိုင်မည်လား စသည့်လားပေါင်းများစွာကို အဖြေထုတ်ရမည်။

## စွန့်စားမှု

စွန့်ဦးတီထွင်စီးပွားဆိုသဖြင့် စွန့်စားလိုသူ၊ စွန့်စားသူဖြစ်ရမည်။ သို့သော် Entrepreneur များသည် မျက်ကန်းစွန့်စားသူ ကံယုံပြီး ဆူးပုံနင်းသူများ၊ လောင်းကစားသမားများ Gambler မဟုတ်ကြပါ။ အောင်မြင်သော Entrepreneur များကို လေ့လာကြည့်လျှင် လုပ်ငန်းအောင်မြင်နိုင်သည်၊ မအောင်မြင်နိုင်သည် အသေအချာတွက်ချက်ပြီးမှ စွန့်စားတတ်သူများ Calculated risk-taker ဖြစ်ကြောင်း တွေ့ရသည်။

## အောင်မြင်မှုနောက်

ငွေနောက်သို့လိုက်သူ၊ ငွေရလျှင်ပြီးရော သူဌေးမြန်မြန် ဖြစ်လိုသူများသည် စွန့်ဦးတီထွင်စီးပွားရှင်မဖြစ်နိုင်ပါ။ စွန့်ဦးတီထွင်သမားသည် အောင်မြင်မှုကို မက်မောသူများသာဖြစ်သည်။ သူတို့သည် ကိုယ်ပိုင်လုပ်ငန်းတည်ထောင်လိုကြသည်။ လွတ်လွတ်လပ်လပ် မိမိစိတ်ကူးအတိုင်း လုပ်ဆောင်လိုကြသည်။ အောင်မြင်သည့်အခါတွင် ငွေကြေးက အလိုလိုလိုက်လာပေသည်။

## သွားရာလမ်း

Entrepreneur တို့သည် ပြဿနာကို မီးထွန်းရှာဖွေသူများဖြစ်သည်။ သို့သော် ထိုမျှနှင့်ရပ်မနေဘဲ ပြဿနာကို ရှင်းလင်းပေးကြသည်။ Entrepreneur များစွာပေါ်ထွန်းလာလျှင် စီးပွားရေးတစ်ဟုန်ထိုးတက်ရုံမျှမက ပတ်ဝန်းကျင်လောကကြီးသည် များစွာအဆင်ပြေချောမွေ့လာပေလိမ့်မည်။ သူတို့ရှင်သန်ကြီးထွားစေရေးအတွက် ရေခံမြေခံကောင်းဖန်တီးပေးရန်မှု များစွာအရေးကြီးလှပါသည်။

**ဘုန်းဝေညွန့်လူ**

■

www.foreverspace.com.mm



# စွန့်ဦးတီထွင်စီးပွားဖြင့် နိုင်ငံတည်ဆောက်ခြင်း

မင်းညိုစံ

**ယနေ့ကမ္ဘာတွင် အမေရိကန်ပြည်ထောင်စုသည် စီးပွားရေးအင်အားအကြီးဆုံး Economic Superpower နိုင်ငံအဖြစ် တည်ရှိနေသည့်အတွက် မိမိနိုင်ငံ၏စီးပွားရေး တစ်ဟုန်ထိုးတိုးတက်အောင် တည်ဆောက်ရာတွင် အမေရိကန်ပုံစံ လွတ်လပ်သောဈေးကွက်စနစ်ကို အကောင်းဆုံးနည်းနာအဖြစ် နိုင်ငံအများစုက ပုံတူကူးယူကျင့်သုံးလာကြသော်လည်း မှန်းချက်နှင့်နှမ်းထွက်မကိုက်ဘဲ နိုင်ငံများ၏အခြေအနေမှာ ရှိရင်းစွဲမှ နောက်သို့ပင် ပြန်လျှောကျလာသည်ကို မကြာခဏ တွေ့ရတတ်သည်။ ဤသည်မှာ အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးအင်အားကြီးနေခြင်းသည် Free Market စနစ်ကို ကျင့်သုံးရုံသက်သက်ကြောင့်မဟုတ်ဘဲ စွန့်ဦးတီထွင်စီးပွား Entrepreneurship ကို ခိုင်ခိုင်မာမာ အားပေးထားခြင်းကြောင့်ဆိုသည်ကို သတိမထားမိ၊ အတုမယူမိသောကြောင့် ဖြစ်သည်။**

အမေရိကန်ပြည်ထောင်စုတွင် စီးပွားရေးလုပ်ငန်းသစ်များ ပေါ်ထွန်းမှုနှုန်း မြင့်မားသည်။ ထို့ပြင် High-impact Entrepreneur ခေါ် ထိရောက်အားပြင်း စွန့်ဦးတီထွင် စီးပွားလုပ်ငန်းများလည်း ပုံမှန်ပေါ်ပေါက်စီးဆင်းနေသည်။ ထိုလုပ်ငန်းများသည် ဈေးကွက်တွင်းသို့ Idea စိတ်ကူးစိတ်သန်းသစ်များကို ယူဆောင်လာပြီး ကြီးထွားဖွံ့ဖြိုးမှုကို လှုံ့ဆော်ပေးသည်။ ထို Idea များအထဲတွင် နည်းပညာသစ်များ၊ စီးပွားရေးလုပ်ဆောင်နည်းသစ်များ၊ လုပ်နေကျကိုင်နေကျ ပုံစံခွက်ဆန်ဆန်နည်းများကို ပိုသွက်လက်ကောင်းမွန်အောင် လုပ်ဆောင်နည်းများ ပါဝင်သည်။

အလုပ်ခန့်လုပ်ငန်းများ Employer Firm (အလုပ်သမားများကို အလုပ်ပေးနိုင်သည့်အလုပ်များ၊ မိမိဘာသာ တစ်ကိုယ်တော်ကျဲနေသည့် Self-employed Firm များမပါဝင်ပါ) များသည် အမေရိကန်ပြည်ထောင်စုတွင် တစ်နှစ်လျှင် ငါးသိန်းထက်မနည်း ပေါ်ထွန်းနေသည်။ အမေရိ

www.foreverspace.com.mm

ကန်ပြည်ထောင်စုရှိ အလုပ်လုပ်ကိုင်နေသူ အရွယ်ရောက်ပြီး ၁၀၀ လျှင် ၁၁ ဦးသည် စွန့်ဦးတီထွင်လုပ်ငန်းများတွင် ပါဝင်နေကြသည်။ ထိုသူများသည် စွန့်ဦးတီထွင်လုပ်ငန်းများကို စတင်တည်ထောင်နေသူများ သို့မဟုတ် ထိုသုံးနှစ်ခွဲအောက် သက်တမ်းရှိ လုပ်ငန်းများတွင် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်နေသူများ။ ထိုအချိုးအစားသည် ဥရောပရှိ မည်သည့်နိုင်ငံထက်မဆို မြင့်မားပြီး G8 ဝင် စီးပွားရေးအင်အားကြီး ဗြိတိန်နှင့် ဂျာမနီထက် နှစ်ဆနီးနီး ပိုမိုမြင့်မားသည်။ US Census Bureau အမေရိကန်စစ်တမ်းဌာနနှင့် အခြားသုတေသနအဖွဲ့အစည်းများကပြုလုပ်သည့် သုတေသနများအရ အလုပ်အကိုင်သစ်အများစုကို စတင်စလုပ်ငန်းများက ခန့်အပ်ထားသည်။

အမေရိကန်ပြည်ထောင်စုတွင် ထိုသို့သောကုမ္ပဏီများ အရေအတွက်ရောအရည်အချင်းအရပါ အားကောင်းစွာ တည်ရှိနေခြင်းမှာ လွတ်လပ်သောဈေးကွက်ဖြစ်ပေါ်စေသည့် လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းလိုက်ရုံဖြင့် ဦးဖွဲဆိုပြီး အလိုအလျောက်ပေါ်လာခြင်းမဟုတ်ပေ။ Entrepreneur များကို ပျိုးထောင်ပေးရန် စနစ်တကျတည်ဆောက်ထားသည့် ဘက်စုံထောင့်စုံ စနစ်တစ်ခု ရှိနေခြင်းကြောင့်ဖြစ်ပြီး ထိုကဲ့သို့သောစနစ်မျိုးကို လေ့လာသုံးသပ်ကာ မိမိရေမြေနှင့်လိုက်ဖက်အောင် တည်ဆောက်ခြင်းဖြင့် Entrepreneurial Economy ခေါ် စွန့်ဦးတီထွင် စီးပွားရေးဖွံ့ဖြိုးမှုကို အရှိန်မြှင့်တင်နိုင်ပေမည်။

## Entrepreneur များ၏ အခန်းကဏ္ဍ

Entrepreneur များသည် အမေရိကန်၏ စီးပွားရေးတွင် အဓိကကျသော အခန်းနှစ်ခန်းမှ ကပြကြသည်။ ပထမအချက်အနေဖြင့် သူတို့သည် တီထွင်ဖန်တီးမှုကို မောင်းနှင်သည့်အင်ဂျင်များဖြစ်သည်။ ဒုတိယ အချက်အနေဖြင့် သူတို့သည် စီးပွားရေးစက်ဝန်း၏ အရေးပေါ်လိုအပ်ချက်များကို အဆင်ပြေချောမွေ့အောင် ဖန်တီးသည်။ ကုမ္ပဏီသစ်များ၊ အလုပ်အကိုင်သစ်များနှင့် စီးပွားရေးနယ်ပယ်သစ်များ မွေးဖွားခြင်းတို့သည် ၁၉၉၀ ပြည့်နှစ်များတွင် တုံ့ဆိုင်းနေသည့် စီးပွားရေးကို ပြန်လည်ထူမတ်နိုင်ခဲ့သည်။ ဂျပန်သည် တီထွင်ဖန်တီးနိုင်စွမ်းမြင့်မားသည့် ကုမ္ပဏီကြီးများစွာရှိသော်လည်း လူတစ်ဦးချင်းစီ၏ စွန့်ဦးတီထွင် စီးပွားလုပ်ဆောင်မှုနှုန်းကို နိုင်ငံ ၃၇ နိုင်ငံတွင် တိုင်းတာခဲ့သည့်စစ်တမ်း၌ အောက်ဆုံးတွင် ရှိနေသည်။ ထိုအချက်က ဂျပန်သည် စီးပွားရေးတုံ့ဆိုင်းမှုကြာရှည်နေသော်လည်း ရုန်းမထွက်နိုင်သေးခြင်းကို ရှင်းပြသည်။

စွန့်ဦးတီထွင် စီးပွားသည် အမေရိကန်ပုံစံ အရင်းရှင်စီးပွားရေးစနစ်ကို အမြဲသစ်လွင်လတ်ဆတ်နေစေသည်။ အခြားနိုင်ငံများအနေဖြင့် အမေရိကန် စွန့်ဦးတီထွင်စီးပွား၏ အဓိကအကျဆုံး အစိတ်အပိုင်းများလည်းပါဝင်ပြီး တစ်ဖက်တွင်လည်း မိမိနိုင်ငံတွင် တိုက်ရိုက်အသုံးချနိုင်သည့် မော်ဒယ်လ်တစ်ခုကို ရှာဖွေရမည်။

## စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ အရွယ်ရောက် ကုမ္ပဏီကြီးများ၊ အစိုးရနှင့် တက္ကသိုလ်များ

ဖွံ့ဖြိုးတိုးတက်နေသော Entrepreneurial Economy စွန့်ဦးတီထွင် စီးပွားတစ်ခုဖြစ်ပေါ်ရေးတွင် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ အရွယ်ရောက်ကုမ္ပဏီကြီးများ၊ အစိုးရနှင့် တက္ကသိုလ်များဟူ၍ ဒေါက်တိုင်လေးခု ရှိသည်။

## စွန့်ဦးတီထွင်လုပ်ငန်းရှင်များ

ပထမဒေါက်တိုင်တွင် ကုမ္ပဏီသစ်များ၊ တည်ထောင်စလုပ်ငန်းများ တည်ရှိသည်။ ထိုကုမ္ပဏီများကို စတင်တည်ထောင်သူများသည် သိပ္ပံပညာရှင်များ၊ ကုန်ပစ္စည်းသစ်တစ်ခုကို တီထွင်သူများဖြစ်လေ့ရှိသော်လည်း အများအားဖြင့် ထိုသို့မဟုတ်ကြပါ။ ဟုတ်ရန်လည်း မလိုပါ။ ကားထုတ်လုပ်ရေးတွင် ဒဏ္ဍာရီဆန်ဆန် မော်ကွန်းတင်ခံရသူ Ford ကားကုမ္ပဏီတည်ထောင်သူ Henry Ford သည် မော်တော်ကားကို တီထွင်ခဲ့သူမဟုတ်ပါ။ ကွန်ပျူတာဖြင့်နာမည်ကျော်သူ Michael Dell သည်လည်း ကွန်ပျူတာနည်းပညာ တစ်ခုတလေကိုမျှ မတီထွင်ခဲ့ပါ။ သူတို့သည် သူတို့၏လုပ်ငန်းများကို ထုတ်လုပ်ရေးနှင့် ဈေးကွက်တင်ရေး စိတ်ကူးစိတ်သန်းများပေါ်တွင် အခြေခံကာ တည်ထောင်ခဲ့ကြသည်။ ထိုစိတ်ကူးစိတ်သန်းများမှာလည်း ရှိနှင့်နေပြီးသား သဘောတရားများကို ငှားရမ်း



www.foreverspace.com.mm

ပေါင်းစပ်ဖန်တီးထားခြင်း ဖြစ်သည်။

လုပ်ငန်းသစ်များ၊ ကုမ္ပဏီသစ်များ တည်ထောင်ရန် စိတ်ကူးစိတ်သန်းကောင်း ရှိရုံမျှနှင့် မလုံလောက်။ ငွေ၊ အရည်အချင်း ရှိဝန်ထမ်းများနှင့် အခြားလိုအပ်ချက်များစွာ ရှိနေပါသည်။ ထိုအရာများကို မည်သူ့ထံမှ ရမည်နည်း။

စွန့်ဦးတီထွင်များသည် အဆိုပါလို အပ်ချက်များကို ဒုတိယဒေါက်တိုင်ဖြစ်သည့် အရွယ်ရောက်ကုမ္ပဏီကြီးများထံမှ ရလေ့ရှိသည်။

စတင်စလုပ်ငန်းများသည် အခြေခိုင်ပြီး ကုမ္ပဏီကြီးများကို နောက်ကောက်ချမည့် ရန်သူသဖွယ် တင်စားလေ့ရှိသော်လည်း ဤအချက်သည် မမှန်ပါ။ သူတို့သည် ကျွန်းကိုင်းမှီကိုင်းကျွန်းမှီဖြစ်သည်။

စွန့်ဦးတီထွင်များနှင့် ကုမ္ပဏီကြီးများ အပြန်အလှန်အကျိုးပြုပုံ များစွာရှိသည်။

**ပထမအချက်။** ကုမ္ပဏီရင့်မကြီးများသည် တည်ထောင်စများကို တီထွင်ဖန်တီးမှုများရရှိရာ ရင်းမြစ်ကောင်းများအဖြစ် သတ်မှတ်လာပြီး ထိုလုပ်ငန်းသစ်၊ ကုမ္ပဏီသစ်များက ထုတ်လုပ်သောကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများကို ဝယ်ယူအားပေးသည့် ဖောက်သည်များဖြစ်လာသည်။ ဥပမာ–မိမိကုမ္ပဏီ၏စနစ်တွင် အစိတ်အပိုင်းတစ်ခုအဖြစ် တပ်ဆင်၍ရသည့် အထူးဆော့ဖ်ဝဲများ၊ စီးပွားရေးလည်ပတ်မှုပုံစံများကို ကုမ္ပဏီသစ်များထံမှဝယ်ယူသည်။

**ဒုတိယအချက်။** ကုမ္ပဏီကြီးများသည် တည်ထောင်စကုမ္ပဏီများကို လူသားအရင်း အမြစ်များ ထောက်ပံ့သည်။ ဉာဏ်ရည်မြင့်မြင့် ကြိုးကြိုးစားစား စွန့်ဦးတီထွင်သမားလူငယ်များသည် ကုမ္ပဏီကြီးများတွင် အလုပ်ဝင်လုပ်၊ ငွေကြေးနှင့် အဓိကအားဖြင့် အတွေ့အကြုံရရှိပြီးမှ ကိုယ်ပိုင်လုပ်ငန်း တည်ထောင်ကြခြင်းဖြစ်သည်။

**တတိယအချက်။** ကုမ္ပဏီကြီးများသည် မိမိတို့၏လုပ်ငန်း အစိတ်အပိုင်း အချို့ကို တည်ထောင်စများသို့ လွှဲအပ်လုပ်ကိုင် (Outsource) စေသည်။

**စတုတ္ထအချက်။** တည်ထောင်စတို့က ထုတ်လုပ်သည့် ကုန်ပစ္စည်းသစ်ပေါက်သွားပြီဆိုလျှင် ကုမ္ပဏီရင့်မကြီးတို့က ဝယ်ယူဝါးမျိုလိုက်သည်။ ထိုအခါ တည်ထောင်သူ Entrepreneur တို့သည် ငွေကြေးကြွယ်ဝသွားပြီး ယင်းတို့၏ စိတ်ကူးစိတ်သန်းသစ်များကို အကောင်အထည်ဖော်ခွင့် ရရှိသွားသည်။

Entrepreneurial Economy ၏ တတိယဒေါက်တိုင်မှာ အစိုးရဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ဗဟိုအစိုးရသည် အခွန်ကောက်ခံရရှိငွေမှ အချို့ကို သုံးစွဲပြီး လုပ်ငန်းသစ်များကို ပြုစုပျိုးထောင်သည်။ တီထွင်ဖန်တီးမှု အများအပြား ပေါ်ပေါက်စေသည့် ကာကွယ်ရေးနှင့် အာကာသစီမံကိန်းများသို့ ရန်ပုံငွေများ ထုတ်ပေးခြင်းသည် နည်းလမ်းတစ်လမ်းဖြစ်သည်။ အင်တာနက်သည် အမေရိကန် ကာကွယ်ရေး စီမံကိန်းတစ်ခုမှ ပေါက်ဖွားလာခဲ့သည်။ အစိုးရအေဂျင်စီများသည် Small Business Innovation Research



www.foreverspace.com.mm



Program ကဲ့သို့ အစီအမံများမှတစ်ဆင့် ကုမ္ပဏီသစ်များတွင် အမြောက်အမြားရင်းနှီးမြှုပ်နှံကြသည်။ ထို့ပြင် IT နည်းပညာ၊ ဆေးပညာ၊ သိပ္ပံပညာရပ်များ အစရှိသည့် ပညာရပ်မျိုးစုံ သုတေသနများအတွက် ရန်ပုံငွေများစွာ ထုတ်ပေးသည်။ အမေရိကန် GDP တစ်ထရီလီယံ (တစ်ထရီလီယံ = ဘီလီယံတစ်ထောင်၊ တစ်ဘီလီယံသည် သန်းတစ်ထောင်) ၏ တစ်ရာခိုင်နှုန်းကို သုတေသနနှင့် ဖွံ့ဖြိုးရေးအတွက် အသုံးပြုသည်။ ထိုရန်ပုံငွေများထဲမှ တချို့တစ်ဝက်သည် အစိုးရ၏ သုတေသနအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကသုတေသနအဖွဲ့အစည်းများသို့ ရောက်ရှိသွားသော်လည်း အများစုမှာ Entrepreneurial Economy ၏ စတုတ္ထဒေါက်တိုင်ဖြစ်သည့် အမေရိကန် တက္ကသိုလ်များသို့ စီးဆင်းသွားသည်။

အမေရိကန်တက္ကသိုလ်များသည် လုပ်ငန်းသစ်များပေါ်ထွန်းရေးတွင် အရေးအကြီးဆုံးဖြစ်သော စိတ်ကူးစိတ်သန်း Idea သစ်များကို ပုံမှန်ထုတ်လုပ်ပေးနေသည့် စက်ရုံကြီးများဖြစ်သည်။ တက္ကသိုလ်၏ သုတေသနကိုပြုလုပ်သည့် ကျောင်းသားနှင့် ဆရာ အရေအတွက်သည် ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုများကြောင့် ၁၉၆၀ နှစ်များမှစ၍ တစ်ဟုန်ထိုးတိုးတက်လာသည်။ တက္ကသိုလ်တစ်ခုမှ တွေ့ရှိချက်အသစ် သို့မဟုတ် တီထွင်မှုတစ်ခုသည် ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များက စီးပွားရေးတွင် အသုံးချရန် ကုမ္ပဏီတည်ထောင်လိုက်သည်နှင့် စွန့်ဦးတီထွင်စီးပွားနယ်ပယ် အတွင်းသို့ရောက်ရှိသွားသည်။ တက္ကသိုလ်သည် ယင်း၏ပရဝုဏ်တွင် ထုတ်လုပ်လိုက်သည့် တီထွင်တွေ့ရှိမှု မှတ်ပုံတင်မူပိုင်ခွင့်တိုင်းအတွက် ရှယ်ယာဝေစုရပိုင်ခွင့်ရှိပြီး ထိုတီထွင်မှုကို အသုံးချသည့်ကုမ္ပဏီသစ်တွင် ထိုရပိုင်ခွင့်အရ အမြတ်ဝေစုရှယ်ယာရမည် ဖြစ်သည်။

ထိုသို့ ကုမ္ပဏီသစ်များနှင့် တက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်မှုအရ ပေါ်ထွက်လာသော အကျိုးအမြတ်မှာ အံ့မခန်းများပြားလှသည်။ မက်ဆာချူးဆက်နည်းပညာတက္ကသိုလ် Massachusetts Institute of Technology-MIT တစ်ခုတည်း က ထွက်ပေါ်လာသည့် ကုမ္ပဏီများ၏ တန်ဖိုးစုစုပေါင်းသည် ကမ္ဘာတွင် GDP အမြင့်ဆုံးစာရင်းတွင် နံပါတ် ၂၄ ချိတ်သည့် နိုင်ငံတစ်ခု၏ GDP နှင့် တူညီသည်။ တက္ကသိုလ်များက ထိုကုမ္ပဏီများထဲမှ ရှယ်ယာအဖြစ်ရသည့် ဝင်ငွေသည်လည်း များပြားလှသည်။ Carnegie Mellon University မှ မြစ်ဖျားခံသည့် Lycos ကုမ္ပဏီမှရသည့်ငွေဖြင့် ယင်းတက္ကသိုလ်တွင် အဆောက်အအုံကြီးကြီးတစ်ခုနှင့် ဌာနသစ်တစ်ခု ဖွင့်လှစ်နိုင်ခဲ့သည်။ သုတေသနပါမောက္ခများသည်လည်း တက္ကသိုလ်မှ ခွင့်ယူပြီး ကုမ္ပဏီသစ်တစ်ခုထူထောင်ရာတွင် ပါဝင်တတ်သည်။ သူတို့၏ရာထူးမှာ နည်းပညာအရာရှိချုပ် Chief Technology Officer ဖြစ်လေ့ရှိပြီး ကုမ္ပဏီ၏လုပ်ငန်းများကို အတွေ့အကြုံရင့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဦးဆောင်သည်။

## စွန့်ဦးတီထွင်စီးပွားတည်ဆောက်ရန် အဆင့်များ

အမေရိကန်နိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်သည့် စွန့်ဦးတီထွင် စီးပွားတည်ဆောက်ရာတွင် အခြေခံအဆင့်များကို ဦးစွာတည်ဆောက်ရမည်။ စွန့်ဦးတီထွင်စီးပွားကိုအားပေးသည့် ရေခံမြေခံကို တည်ဆောက်ရမည်။ စီးပွားရေးလုပ်ငန်းတစ်ခုတည်ထောင်ရန် လွယ်ကူစေသည့် ဥပဒေ

**အမေရိကန်နိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်သည့် စွန့်ဦးတီထွင်စီးပွားတည်ဆောက်ရာတွင် အခြေခံအဆင့်များကို ဦးစွာတည်ဆောက်ရမည်။ စွန့်ဦးတီထွင်စီးပွားကိုအားပေးသည့် ရေခံမြေခံကို တည်ဆောက်ရမည်။ စီးပွားရေးလုပ်ငန်းတစ်ခုတည်ထောင်ရန် လွယ်ကူစေသည့်ဥပဒေများ၊ မူဝါဒများ ပြဋ္ဌာန်းပေးရမည်။ ကုမ္ပဏီသစ်ထူရန်လိုသည့် ငွေကြေးနှင့် လူသားအရင်းအမြစ်များ လက်လှမ်း မီအောင် ဖန်တီးပေးရမည်။ အမေရိကန်နိုင်ငံတွင် ကုမ္ပဏီတစ်ခုတည်ထောင်ရန်၊ ငွေကြေးထောက်ပံ့ရန်၊ ကြီးထွားရန်၊ ရောင်းချရန် လွယ်ကူအောင် အမေရိကန်ဥပဒေများက ဖန်တီးပေးထားသည်။**

များ မူဝါဒများ ပြဋ္ဌာန်းပေးရမည်။ ကုမ္ပဏီသစ်ထူရန် လိုသည့်ငွေကြေးနှင့် လူသားအရင်းအမြစ်များ လက်လှမ်းမီအောင် ဖန်တီးပေးရမည်။ အမေရိကန်နိုင်ငံတွင် ကုမ္ပဏီတစ်ခုတည်ထောင်ရန်၊ ငွေကြေးထောက်ပံ့ရန်၊ ကြီးထွားရန်၊ ရောင်းချရန် လွယ်ကူအောင် အမေရိကန်ဥပဒေများက ဖန်တီးပေးထားသည်။ အမေရိကန်ပြည်ထောင်စုတွင် အမေရိကန်နိုင်ငံသားတစ်ဦး ကုမ္ပဏီသစ်တစ်ခု ထူထောင်မှတ်ပုံတင်ရန် နေ့ဝက်သာ ကြာသည်။ ထို့ပြင် အမေရိကန်အခွန်ဥပဒေများသည် ကုမ္ပဏီသစ်များသို့ ငွေကြေးထောက်ပံ့ရန် ဆွဲဆောင်အားပေးထားသည်။ ဒေဝါလီခံဥပဒေ Bankruptcy Law များကလည်း အရှုံးပေါ်ကုမ္ပဏီတစ်ခုကို နည်းလမ်းတကျ ဖျက်သိမ်းရာတွင် လွယ်ကူစေရန် ပြုလုပ်ထားသည်။ ထို့ကြောင့် ငွေကြေးထောက်ပံ့လိုသူ ကြွေးရှင်များအတွက် ငွေကြေးဆုံးရှုံးမည့် အန္တရာယ်ကို လျော့ပါးစေပြီး ကုမ္ပဏီဖျက်ရမည့် စွန့်ဦးတီထွင်သမားအတွက်လည်း လုပ်ငန်းသစ် အမြန်စနိုင်စေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင်မူ အချိန်ကုန်ပြီး ဈေးကြီးသည့် ကြိုးနီစနစ်ကြောင့် စီးပွားရေးလုပ်ငန်းတစ်ခု စတင်ရန်မှာ ခက်ခဲလေ့ရှိသည်။ ထိုနိုင်ငံများရှိ စွန့်ဦးတီထွင်သမားများနှင့် ငွေရှင်ကြေးရှင်များသည် ထိုအခက်အခဲများကြောင့် စီးပွားရေးလုပ်နိုင်ရန်အတွက် ဥပဒေပြင်ပရှိ မျှဉ်းပြိုင်စီးပွားတစ်ခုကို တည်ထောင်လေ့ရှိသည်။ ထိုအခါတွင် အစိုးရသည် အခွန်အခမရရှိတော့ပေ။ သို့ရာတွင် စွန့်ဦးတီထွင်သမားများအတွက် အကြီးမားဆုံး ဆုံးရှုံးမှုတစ်ခုမှာ ထိုသို့ ဥပဒေအပတွင် ရောက်နေသောကြောင့် ထိုလုပ်ငန်းများသည် လိုအပ်သည့် ကြီးကြီးမားမားရင်း နှီးမြှုပ်နှံမှုများ မရရှိခြင်း၊ ကျွမ်းကျင်ပညာ ရှင်များ မရရှိနိုင်ခြင်း၊ သူတို့၏ပိုင်ဆိုင်မှုများကို အကာအကွယ်မရရှိခြင်း၊ ပိုင်ဆိုင်မှုများကို မရွှေ့ပြောင်းနိုင်ခြင်းစသည့် အခက်အခဲများပင်ဖြစ်သည်။ တစ်နည်းအားဖြင့် အစိုးရလည်း အခွန်အခများမရ၊ Entrepreneur များလည်း ထိုက်သင့်သလောက် အကျိုးခံစားခွင့်မရ မိအေးနှစ်ခါနာဖြစ်ရပ်။ Official Economy တရားဝင်စီးပွားရေးမှာမူ သီးသန့်ကုမ္ပဏီကြီးများ၊ တည်ဆဲလုပ်ငန်းများ၊ အတွင်းပုဂ္ဂိုလ်များသာလုပ်ကိုင်နိုင်လေ့ရှိသည်။





## ဘယ်မှာ ဖွံ့ဖြိုးသလဲ

Entrepreneurial Economy သည် ဒေါက်တိုင်လေးခုလုံးကို အလေးထား ဂရုစိုက်သည့်နိုင်ငံများတွင် ဖွံ့ဖြိုးသည်။ တရုတ်နိုင်ငံသည် ထိုကဲ့သို့အလေးထားသည့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည်။ Entrepreneurship ကို အားပေးသည့်မူဝါဒများချမှတ်သည့်အပြင် တက္ကသိုလ်တက်ရန် အရွယ်ရောက်နေသည့် လူငယ်များအား တက္ကသိုလ်ပညာရေး ရယူနိုင်ရန် တွန်းအားပေးသည်။ နည်းပညာနိမ့်လုပ်ငန်းများနှင့် နာမည်ရနေသည့် တရုတ်နိုင်ငံသည် နည်းပညာမြင့်လုပ်ငန်းများကို တည်ထောင်ရန် အထူးအားပေးသည်။

Four-sector model သည် မည်သည့်နိုင်ငံတွင်မဆို လက်တွေ့အသုံးချနိုင်သည်။ အနောက်တွင်သာ အသုံးချ၍ရသည်၊ အရှေ့တွင်အသုံးချ၍မရဟူ၍ မရှိပါ။ ရေခံမြေခံကောင်းစေရေး၊ မက်လုံးများ ဖန်တီးပေးရေးသာ အရေးကြီးပါသည်။

**မင်းညိုစံ**

Ref: Building Entrepreneurial Economies. Carl Schramm




www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .
၄၈ လူမှုရေးစွန့်ဦးတီထွင်
၅၂ အမှားများနှင့်ဖွံ့ဖြိုးရေး

# လူမှုရေးစွန့်ဦးတီထွင်

ရဲမင်းဦး

**ကမ္ဘာပေါ်ရှိ လူသားများစွာတို့မှာ ချို့ချို့ငဲ့ငဲ့မနေရရေး၊ ကြီးပွားချမ်းသာအောင်မြင်မှုများဖြင့် ရပ်တည်နိုင်ရေးအတွက် ပုံသဏ္ဍာန်အမျိုးမျိုးသော စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေကြရသကဲ့သို့ အသစ်ဖြစ်သော စီးပွားရေးလုပ်ငန်းများ ကြံဆဆောင်ရွက်နိုင်ရေးအတွက်လည်း စိတ်ရောကိုယ်ပါ ကြိုးစားအားထုတ်နေကြသည်ကို ယခင်၊ ယခုကာလများတွင်သာမက အနာဂတ်ကာလ၌လည်း ကြားသိမြင်တွေ့နေကြရဦးမည်မှာ ဧကန်ဖြစ်သည်။**



စီးပွားရေးလုပ်ငန်းအမျိုးအစားသစ်များကို ကြံဆစွန့်စား အများထက်ဦးစွာ အကောင်အထည်ဖော်နေသူများကို Business Entrepreneurs ဟု သတ်မှတ်ထားကြသည်။ အဆိုပါပုဂ္ဂိုလ်များတွင် ထုတ်ကုန်သစ်များဖန်တီးထုတ်လုပ်ရေး၊ ပုံစံသစ်ထွင်ရောင်းဝယ်ရေး၊ လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုပုံစံသစ် ချမှတ်ကျင့်သုံးရေး စသည်တို့နှင့်ပတ်သက်၍ အိုင်ဒီယာသစ်များစွာ ရှိနေ၏။ အနီပုဂ္ဂိုလ်များကြောင့် စီးပွားရေးနယ်ပယ်ကြီးမှာ လှုပ်ရှားသက်ဝင်နေသည်။ တွန်းအားသစ်များပေါ် ထွက်နေခြင်း ဖြစ်သည်။

သို့သော် . . . ကမ္ဘာပေါ်တွင် ရေးကာလများကထက် ရောဂါဘယထူပြောမှု၊ ဆင်းရဲနွမ်းပါးမှု၊ စားနပ်ရိက္ခာချို့တဲ့မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုတို့ ဖြစ်ပေါ်မှုရေချိန်မြင့်လာသောအခါ လူ့အဖွဲ့အစည်းကြီးအတွင်း၌ စွန့်ဦးတီထွင်ဆောင်ရွက်မည့်သူများ ပိုမိုပေါ်ထွက်လာရန် လိုအပ်နေပြီဖြစ်ပါသည်။ Business Entrepreneurs မဟုတ်ပါ။ Social Entrepreneur ခေါ် လူမှုရေးလုပ်ငန်း စွန့်ဦးတီထွင်ဆောင်ရွက်မည့်သူများ ပိုမိုလိုအပ်လာခြင်းပင်။

## လူမှုရေးစွန့်ဦးတီထွင်သူ

လူမှုရေးစွန့်ဦးတီထွင်သူတစ်ဦးဆိုသည်မှာ လူမှုရေးပြဿနာ၊ အကျပ်အတည်း၊ အခက်အခဲဖြစ်မှုတစ်ရပ်ကို ဖြစ်စဉ်သဘောသဘာဝနှင့်တကွ ကောင်းစွာနားလည်သဘောပေါက်ထားသူဖြစ်ပြီး ယင်းကိစ္စအပေါ် စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းဆိုင်ရာမှုများကို အသုံးချ၍ ချဉ်းကပ်ဖြေရှင်းမှုပြုနိုင်ရန် စုဖွဲ့မှုပြုခြင်း၊ အိုင်ဒီယာသစ်များဖော်ထုတ်ဆောင်ရွက်ခြင်း၊ Social Change ခေါ် လူမှုရေးဆိုင်ရာ သွင်ပြင်လက္ခဏာအပြောင်းအလဲဖြစ်လာစေရန် စီမံခန့်ခွဲကြိုးပမ်းခြင်းတို့ပြုလုပ်သောပုဂ္ဂိုလ်ဖြစ်သည်။ လူမှုရေးစွန့်ဦးတီထွင်သူဖြစ်ရေးတွင် အမျိုးသားဖြစ်နေခြင်း၊ အမျိုးသမီးဖြစ်နေခြင်းတို့မှာ အခရာမကျပေ။ Business Entrepreneur တစ်ဦးကဲ့သို့ အကျိုးအမြတ်ပြန်ရလိုသောစိတ်လည်းမရှိ။ ဦးတည်ရာလူ့အဖွဲ့အစည်းအတွင်း ကောင်းမြတ်သောရည်ရွယ်လုပ်ဆောင်မှုများဖြင့် ထိထိရောက်ရောက်အောင်မြင်ရေးကိုသာရှေးရှုတတ်သူဖြစ်သည်။ အကျိုးအမြတ်ကိစ္စ ထည့်မစဉ်းစားဘဲ ရည်ရွယ်ချက်တူရာ လူပုဂ္ဂိုလ်အသီးသီး၏ ထောက်ကန်ပူးပေါင်းမှုများဖြင့် ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်စွမ်းရှိသူဖြစ်သည်။ Social Entrepreneur တစ်ဦးသည် ပုဂ္ဂလိကကဏ္ဍမှသာ ပေါ်ထွက်လာမည် သို့မဟုတ် အစိုးရကဏ္ဍမှ ပေါ်ထွက်လာရမည်ဟူသော သတ်မှတ်ချက်မရှိ။

သက်ဆိုင်ရာ လူ့အသိုက်အဝန်းများ

www.foreverspace.com.mm



အတွင်း လူမှုရေးအခြေအနေများ ပြောင်းလဲတိုးတက်လာစေရန် ကြိုးပမ်းလုပ်ဆောင်လေ့ရှိသော လူမှုရေးစွန့်ဦးတီထွင်ပုဂ္ဂိုလ်များ၏ အန္တိမရည်မှန်းချက်မှာ အသိအမှတ်ပြုခံရရေးမဟုတ်။ ကမ္ဘာကျော်ဖြစ်ရေးမဟုတ်၊ ဆုတံဆိပ်ရရေးမဟုတ်၊ ဩဇာတက်ရေးမဟုတ်၊ လူအများ၏ဘဝများကို တိုးတက်ပြောင်းလဲကောင်းမွန်လာစေရေးသာဖြစ်သည်ဟု ကမ္ဘာ့ဘဏ်က ညွှန်းဆိုထားသည်။ ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံးဖြစ်သွားသည့် စွန့်ဦးတီထွင်သူများမှာ လူမှုရေးစွန့်ဦးတီထွင်သူများသာဖြစ်သည်ဟု ဟားဗတ်တက္ကသိုလ်မှ လူမှုရေးသိပ္ပံပညာရှင် ပါမောက္ခ ဒန်နီယယ်ဘဲလ်က ဆိုပါသည်။ ကမ္ဘာတစ်ခွင်၌ ၁၉၈၀ ပြည့်နှစ်လွန်ကာလများမှစ၍ Social Entrepreneurship ဆိုသောဘာသာရပ် တွင်ကျယ်လာသည်။ ဗြိတိန်၊ နယ်သာလန်၊ အမေရိကန်ပြည်ထောင်စုတို့တွင် Social Entrepreneur School များ ပေါ်ထွက်လာသည်။

အမှန်စင်စစ် လူမှုဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများနှင့်ပတ်သက်၍ လူမှုရေးစွန့်ဦးတီထွင်ဆောင်ရွက်မှုများမှာ ၁၉ ရာစုနှင့် ၂၀ ရာစုနှစ်များအတွင်း စတင်ဖြစ်ထွန်းအားကောင်းလာခြင်းဖြစ်ပါသည်။ Social Entrepreneur များမှာ Social Enterprise များထူထောင်၍ အလုပ်လုပ်ကြခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဖလောရင့်စ်နိုက်တင်ဂေးလ်က ကမ္ဘာ့ပထမဆုံး သူနာပြုသင်တန်းကျောင်းထူထောင်၍ ခေတ်မီသူနာပြုလုပ်ငန်းစဉ်များ ကြံဆတီထွင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရောဘတ်အိုဝင်က သမဝါယမလုပ်ငန်းများ ကြံဆဖန်တီးဆောင်ရွက်ခြင်း။

Social Entrepreneurship နှင့် ပတ်သက်၍ အမည်ကြားလျှင် မျက်ဝန်းထဲပုံဖော်ကြည့်နိုင်မည့်ပုဂ္ဂိုလ်တစ်ဦးကို ညွှန်းလိုပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Grameen Bank ထူထောင်သူနဲ့ စီမံခန့်ခွဲအုပ်ချုပ်သူ မိုဟာမက်ယူနွတ်စ် ဖြစ်သည်။ ၂၀၀၆ ခုနှစ် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုချီးမြှင့်ခံရသူ မစ္စတာယူနွတ်စ်၏ လူမှုရေးစွန့်ဦးတီထွင်လုပ်ဆောင်မှုမှာ စိတ်ဝင်စားဖွယ်ဖြစ်၏။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ဆင်းရဲနွမ်းပါးသည့် မိသားစုများစွာကို ကိုယ်ပိုင်စီးပွားရေးလုပ်နိုင်ရေးအတွက် ရှင်းလင်းကောင်းမွန်သော ဘဏ်လုပ်ငန်းစဉ်သစ်များ ဖော်ဆောင်ချမှတ်ပြီး ငွေကြေးအရင်းအနှီးကိစ္စနှင့်ပတ်သက်၍ မျက်နှာမငယ်ကြရစေရန် မိုဟာမက်ယူနွတ်စ်က စီမံအကောင်အထည်ဖော်ပေးသည်။ စီးပွားရေးမူများကို ပြုပြင်မွမ်းမံ၍ လူမှုရေးလုပ်ငန်းများ၌ ထိထိရောက်ရောက် အသုံးချလိုက်ခြင်းဖြစ်သည်။ (မစ္စတာ ယူနွတ်စ်၏ စီမံလုပ်ဆောင်မှုများ၊ အကျိုးရလဒ်များကို ဆောင်းပါးတစ်ပုဒ်ဖြင့် တင်ပြပါဦးမည်။) နိုင်ငံတကာတွင် လူမှုရေးစွန့်ဦးတီထွင်ဆောင်ရွက်မှုလုပ်လိုသူများ ယူနွတ်စ်ကို နမူနာယူသည်အထိဖြစ်နေဆဲ။

မျက်မှောက်ကမ္ဘာတွင် အကျိုးအမြတ်ရေးရှုခြင်းမရှိသော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ တစ်သီးပုဂ္ဂလလူမှုရေးရှုဆောင်ရွက်သူများ၊ လူမှုရေးရန်ပုံငွေအဖွဲ့များ၊ အစိုးရများ ကျောထောက်နောက်ခံပြု လူမှုရေးအဖွဲ့အစည်းများ အလွန်များပြားစွာရှိနေသည်ကို အလွယ်တကူ မြင်တွေ့နိုင်သည်။ လူမှုရေးစွန့်ဦးတီထွင်သူများကို အကြံပေးလုပ်နေသည့်အဖွဲ့အစည်းများမှာလည်း အရေအတွက်အတော်များသည်။ Social Entrepreneurship နှင့် ပတ်သက်၍ လေ့ကျင့်သင်ကြားပို့ချပေးနေသောတက္ကသိုလ်များ၊ ကောလိပ်များမှာလည်း တစ်ပုံတစ်ပင်။ လူမှုရေးစွန့်ဦးတီထွင်သူများကို Change-makers များဟု ကင်ပွန်းတပ်လျက်ရှိနေသည်။ Fast Company ဆိုသည့် မဂ္ဂဇင်းတစ်စောင်မှာ နှစ်စဉ် ကမ္ဘာ့အထူးချွန်ဆုံး လူမှုရေးစွန့်ဦးတီထွင်သူ ၂၅ ဦးစာရင်းကို ပုံမှန်ပြုစုထုတ်ပြန်ပေးသည်။ International Business Leaders Forum (IBLF) ဆိုသည့် NGO အဖွဲ့က Socail Entrepreneurship အပေါ် နိုင်ငံစုံစီးပွားရေးကုမ္ပဏီကြီးများက မည်သို့မည်ပုံထောက်ပံ့မှုပြုသင့်သည်၊ ပြု၍ရသည်၊ ပြုရန်တာဝန်ရှိသည် ဆိုသည်ကို ကြံဆဖော်ဆောင်ပေးလျက်ရှိသည်။

## စွမ်းဆောင်နိုင်မှု

လူမှုရေးစွန့်ဦးတီထွင် ပုဂ္ဂိုလ်တစ်ဦးအဖြစ် သတ်မှတ်၍ရနိုင်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် လူမှုရေးကဏ္ဍ၌ စွန့်ဦးတီထွင်သူတစ်ဦး ဖြေရှင်းလုပ်ဆောင်နိုင်မည့် လုပ်ငန်းပမာဏကျယ်ဝန်းမှုမှာ စီးပွားရေးစွန့်ဦးတီထွင်ပုဂ္ဂိုလ်တစ်ဦးထက် နက်ရှိုင်းသည်ဟု အတိအကျဆိုနိုင်သည်။ ပီတာဒရပ်ကား၏အဆိုက ရှင်းသည်။ Social Entrepreneur တစ်ဦးဖြစ်ရန်မှာ တက္ကသိုလ်တစ်ခုထူထောင်လိုက်ခြင်းဖြင့် မလုံလောက်ဟူ၏။ စီးပွားရေးစွန့်ဦးတီထွင် ပုဂ္ဂိုလ်က စီးပွားရေးလုပ်ငန်းသစ်တစ်ခုလုံးကို အိုင်ဒီယာသစ်ဖြင့် အသွင်ပြောင်းသည်။ လူမှုရေးစွန့်ဦးတီထွင်ပုဂ္ဂိုလ်များမှာကား လူ့အဖွဲ့အစည်းတစ်ရပ်ရပ်၏ Change Agent အဖြစ်တာဝန်ယူခြင်းဖြစ်သည်။ အကျိုးအမြတ်

**မျက်မှောက်ကမ္ဘာတွင် အကျိုးအမြတ်ရေးရှုခြင်းမရှိသော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ တစ်သီးပုဂ္ဂလလူမှုရေးရှုဆောင်ရွက်သူများ၊ လူမှုရေးရန်ပုံငွေအဖွဲ့များ၊ အစိုးရများ ကျောထောက်နောက်ခံပြုလူမှုရေးအဖွဲ့အစည်းများ အလွန်များပြားစွာရှိနေသည်ကို အလွယ်တကူမြင်တွေ့နိုင်သည်။ လူမှုရေးစွန့်ဦးတီထွင်သူများကို အကြံပေးလုပ်နေသည့် အဖွဲ့အစည်းများမှာလည်း အရေအတွက် အတော်များသည်။**

www.foreverspace.com.mm

ထက် လူမှုရေးတန်ဖိုး (Social Value) ကို အလေးထားရသည်။ Social Value အတွက် ကောင်းမွန်ထိရောက်သည့်အဖြေများကို ရှာပေးရသည်။ ဆိုင်ရာလူသားများအတွက် ရှုထောင့်သစ်တစ်ရပ်ဖြင့် အခွင့်အလမ်းသစ်များကို ဖော်ဆောင်ပေးရသည်။ ကူညီပံ့ပိုးပေးမှုသက်သက်ပြုလုပ်သူမဟုတ်။ Small-Scale Effect များကို စိတ်ဝင်စားနေ၍မရ။ ဆေးမြီးတိုဖြင့် ကုသလိုသူမဖြစ်ရ။ ရေရှည်ဖြစ်ထွန်းအောင် စွမ်းဆောင်နိုင်ရမည်။ လူ့အဖွဲ့အစည်း၏ မည်သည့်အစိတ်အပိုင်းတစ်ရပ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသည်၊ ယင်းလိုအပ်ချက်ဖြည့်ဆည်းရေးအတွက် မည်သည့်နည်းနိဿယအသစ်များဖြင့် အလုပ်လုပ်ရမည်၊ ထိုသို့လုပ်ခြင်းသည် လူ့အဖွဲ့အစည်း၏ ကျန်အစိတ်အပိုင်းများကိုပါ မည်သို့မည်ပုံ သက်ရောက်မှုရှိစေရမည်၊ လုပ်ဆောင်မှုသည် ကာလ၊ ဒေသ ကိုက်ညီမှုရှိနေရမည် စသည့်အချက်များကို ကောင်းစွာသိမှ Social Entrepreneurship လုပ်နိုင်မည်ဟု သတ်မှတ်ကြပါသည်။



လူမှုရေးစွန့်ဦးတီထွင်သူတစ်ဦး၌ Vision၊ Mission ကောင်းများ ရှိရမည်ဖြစ်သကဲ့သို့ ၎င်းအနေဖြင့် Committed Person တစ်ဦးဖြစ်နေရန်လည်း လိုအပ်သည်။ ကမ္ဘာ့လူ့အဖွဲ့အစည်းအတွက် ကောင်းကျိုးဆောင်ကြဉ်းပေးခဲ့သည့် လူမှုရေးစွန့်ဦးတီထွင်ပုဂ္ဂိုလ်အချို့နှင့် ၎င်းတို့၏ စွမ်းဆောင်ခဲ့မှုများကို အောက်ပါအတိုင်း တွေ့ရပါသည်။

(၁) ဆူဆန်ဘီအန်သွန်နီ (အမေရိကန်)–အမျိုးသမီးများ၏ ရပိုင်ခွင့်များရရှိရေးအတွက် ဆောင်ရွက်ခဲ့သည်။

(၂) ဗီနိုဘာဘီဟာဗီ (အိန္ဒိယ) အိန္ဒိယ နွမ်းပါးပြည်သူများအတွက် လယ်စိုက်မြေပေါင်း ခုနစ်သန်းရှိလာစေရန် Land Gift Movement ဖြင့် အကောင်အထည်ဖော်ခဲ့သည်။

(၃) ဒေးဗစ်ဘရောင်ဝါ (အမေရိကန်) – ကမ္ဘာပေါ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ကျယ်ပြန့်ဖြစ်ထွန်းလာစေရေး လုပ်ဆောင်ခဲ့သည်။

(၄) မာရီယာမွန်တက်ဆိုရီ (အီတလီ)–နိုင်ငံတကာ၌ ကလေးများပညာသင်ကြားနိုင်ရေး ဦးဆောင်အကောင်အထည်ဖော်ပြခဲ့သည်။

(၅) ဖလောရင့်စ်နိုက်တင်ဂေးလ် (ဗြိတိန်)– သူနာပြုလုပ်ငန်းများ ခေတ်မီထွန်းကားရေး စွမ်းဆောင်ခဲ့သည်။

(၆) ဂစ်ဖို့ဒ်ပင်းချော့ (အမေရိကန်)–သစ်တောကဏ္ဍအရေးပါပုံကို နိုင်ငံတကာသို့ သိမြင်စေခဲ့ပြီး သစ်ပင်သစ်တော ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။

(၇) ဖရက်ဒရစ်ဝီလ်ဟမ်ရိုင်ဖက်ဆန် (ဂျာမနီ)–ကျေးလက်ဒေသများတွင် အသေးစားချေးငွေလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် ကြွေးမြီခွဲဝေချထားမှုစနစ်ကောင်း ဖော်ဆောင်ခဲ့သည်။

(၈) အီဘရာဟင်အာဘူလီရှ် (အီဂျစ်) –စိုက်ပျိုးရေး၊ ဆေးဝါးထုတ်လုပ်ရေး၊ ပညာရေးလုပ်ငန်းများတွင် အီဂျစ်လူ့အဖွဲ့အစည်းအတွက် ထဲထဲဝင်ဝင်ဆောင်ရွက်နေသည်။

(၉) နီကိုလ်ပ်စ်ချန် (စင်ကာပူ)– အာရှတိုက်တွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများ လူမှုရေးကဏ္ဍတိုးတက်ရေးအတွက်ပါ ဝင်ပူးပေါင်းပံ့ပိုးလာစေရန် ထဲထဲဝင်ဝင်ဆောင်ရွက်နေသည်။

(၁၀) အီလာဘီဟတ် (အိန္ဒိယ)– အမျိုးသမီးများ ကိုယ်ထူကိုယ်ထလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် SEWA ဟူသော အဖွဲ့အစည်းထူထောင်၍ တစိုက်မတ်မတ် အကောင်အထည်ဖော်လျက်ရှိသည်။

လူ့အဖွဲ့အစည်းတစ်ခု၏ လိုအပ်ချက်များမှာ အမျိုးအစားစုံလင်များပြားသကဲ့သို့ ပမာဏအကန့်အသတ်ထား၍

www.foreverspace.com.mm



**လူ့အဖွဲ့ အစည်းလိုအပ်ချက်ကို နားလည်နိုင်စွမ်းရှိသော၊ လူ့ကျင့်ဝတ်နှင့်ညီညွတ်သော၊ စွမ်းဆောင်ပေးနိုင်မှုကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်သော၊ လူမှုရေးစွန့်ဦးတီထွင်ပုဂ္ဂိုလ်များက လူမှုရေးလိုအပ်ချက်များအတွက် အိုင်ဒီယာသစ်များဖြင့်ဖော်ဆောင်ပေးနိုင်စွမ်းရှိနေသောနိုင်ငံများ၏အနာဂတ်မှာ တစ်ချိန်ချိန်၌ စီးပွားရေးဖရိုဖရဲဖြစ်မှု ကြုံလာမည်ဆိုလျှင်ပင် ပြည်တွင်းလူမှုရေးကဏ္ဍ သန်စွမ်းနေမည်ဖြစ်၍ စိန်ခေါ်မှုများကိုရပ်ဆိုင်နိုင်မည်ဟု ကမ္ဘာ့ဘဏ်မှပညာရှင်များက ဆိုကြသည်။**

လည်းမရပါ။ Non profit ရေးရှုအဖွဲ့အစည်းအများစုမှာ အစိုးရများနှင့် ရန်ပုံငွေအဖွဲ့အစည်းများ၏ ထောက်ကူမှုဖြင့် ခရီးဆက်နေကြသည်။ စစ်မှန်သည့် Social Enterprise များအတွက် ရန်ပုံငွေရရေးကိစ္စမှာ အလုပ်ခက်လှသလို ရန်ပုံငွေနှင့် ယုံကြည်မှု ရရှိသည့်အနေအထားမှာလည်း ကျုံ့ဝင်လျက်ရှိနေသည်။ Business Enterprise များက Social Enterprise များနှင့်အပြိုင် လူ့အဖွဲ့အစည်းလိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးတွင် ဝင်ရောက်ဆောင်ရွက်မှုများလည်းရှိနေသည်။ အလှူရှင်များ၊ ရန်ပုံငွေမတည်ပေးသူများအတွက် တာဝန်ယူမှု၊ တာဝန်ခံနိုင်မှုတောင်းဆိုချက်များ ပြင်းထန်အားကောင်းနေသည်။ Social Entrepreneur များအတွက် စိန်ခေါ်မှုများစွာရှိနေခြင်း ဖြစ်ပါသည်။

တကယ်တမ်းဆိုရလျှင် နိုင်ငံအသီးသီး၌ စစ်မှန်သည့် လူမှုရေးစွန့်ဦးတီထွင်ပုဂ္ဂိုလ်များ ပိုမိုပေါ်ထွန်းလာရန် လိုအပ်နေပြီဖြစ်သည်။ လူ့အဖွဲ့အစည်းလိုအပ်ချက်ကို နားလည်နိုင်စွမ်းရှိသော၊ လူ့ကျင့်ဝတ်နှင့်ညီညွတ်သော၊ စွမ်းဆောင်ပေးနိုင်မှုကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်သော၊ လူမှုရေးစွန့်ဦးတီထွင်ပုဂ္ဂိုလ်များက လူမှုရေးလိုအပ်ချက်များအတွက် အိုင်ဒီယာသစ်များဖြင့် ဖော်ဆောင်ပေးနိုင်စွမ်းရှိနေသောနိုင်ငံများ၏အနာဂတ်မှာ တစ်ချိန်ချိန်၌ စီးပွားရေးဖရိုဖရဲဖြစ်မှု ကြုံလာမည်ဆိုလျှင်ပင် ပြည်တွင်းလူမှုရေးကဏ္ဍ သန်စွမ်းနေမည်ဖြစ်၍ စိန်ခေါ်မှုများကို ရပ်ဆိုင်နိုင်မည်ဟု ကမ္ဘာ့ဘဏ်မှ ပညာရှင်များက ဆိုကြသည်။ ကမ္ဘာ့ဘဏ်သည် Social Entrepreneurship ဖွံ့ဖြိုးရေးအတွက် အိုင်ဒီယာသစ်များရှိသည့်တိုင် လုပ်ငန်းစရန် ရန်ပုံငွေမရှိဖြစ်နေသူများအတွက် Development Marketplace ဟူသော အစီအစဉ်ဖြင့် ပံ့ပိုးပေးနေပါသည်။ (World Bank Website တွင် လေ့လာကြည့်ပါ။)

## ချိန်တန်ပြီ

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းလွန်ကာလဖြစ်သော မျက်မှောက်အချိန်၌ ပုံသဏ္ဌာန်အမျိုးမျိုးသော Social Enterprise များ ပိုမိုပေါ်ထွက်လာသည်မှာ အားလုံးအသိဖြစ်ပါသည်။ Pre-Nargis ကာလများကလည်းရှိခဲ့သည်။ သို့ရာတွင် လူ့အဖွဲ့အစည်း၏လိုအပ်ချက်တစ်ရပ်အတွက် ရည်ရွယ်ချက်ကောင်းရှိသော၊ ရည်မှန်းချက်နှင့်လုပ်ဆောင်မှုများ ပြည့်စုံကောင်းမွန်သော၊ မဟာဗျူဟာကောင်း ချမှတ်အကောင်အထည်ဖော်နိုင်စွမ်းရှိသော၊ ရင်းမြစ်ပြည့်စုံသော၊ ရလဒ်ကောင်းများရမည်ဟု အခိုင်အမာယုံကြည်ရသော လူမှုရေးစွန့်ဦးတီထွင်ပုဂ္ဂိုလ်များ ပေါ်ထွက်လာရန် လိုအပ်နေဆဲဖြစ်သည်ဟု ဆိုချင်ပါသည်။ တစ်သီးပုဂ္ဂလ လူမှုရေးစွန့်ဦးတီထွင်သူများ သို့မဟုတ် ရည်မှန်းချက်တူ ပူးပေါင်းထားသည့် လူမှုရေးစွန့်ဦးတီထွင်သူများ အခိုင်အမာရှိလာရေးအတွက် မည်သည့် Player များက မည်သို့သော အခင်းအကျင်းများဖြင့် ပုံဖော်ကြမည်ဆိုသည့်ကိစ္စအတွက် 'ချိန်တန်ပြီ' ဟု မီးမောင်းထိုးတင်ပြလိုပါသည်။

မြန်မာနိုင်ငံတွင်ရှိသော Social Entrepreneur များ (ဥပမာ–ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း) Social Entreprice များ (ဥပမာ–နာရေးကူညီမှုအသင်း) တို့ကဲ့သို့သော လူမှုရေးစွန့်ဦးတီထွင်လုပ်ဆောင်မှုများ ပိုမိုအားကောင်းမောင်းသန်တည်တံ့ဖြစ်ထွန်းရေးသာမက အိုင်ဒီယာအသစ်များ ဖော်ထုတ်ဆောင်ရွက်လာမည့် လူမှုရေးစွန့်ဦးတီထွင်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ လိုအပ်နေပြီဟု ဆိုလိုရင်းဖြစ်သည်။

သာဓကအားဖြင့် လယ်သမားများဝင်ငွေတိုးလာရေး၊ လစာနည်း အလုပ်သမားများ အပိုဝင်ငွေတိုးလာရေး၊ အမျိုးသမီးများ အိုးမကွာအိမ်မကွာ ကိုယ်ထူကိုယ်ထလုပ်ငန်းများ ဆောင်ရွက်နိုင်မှုရှိလာရေး၊ စွမ်းအင်သုံးစွဲမှုခြိုးခြံနိုင်မည့် နည်းလမ်းကောင်းများရှိလာရေး၊ သန့်ရှင်းသော သောက်သုံးရေများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူရရှိရေး၊ တစ်ပိုင်တစ်နိုင် စီးပွားရှာနိုင်မှုအခွင့်အလမ်းသစ်များ ပေါ်ထွက်လာရေး၊ ပညာရေးနှင့် အလုပ်အကိုင်ရရှိရေး ပေါင်းကူးလုပ်ငန်းသစ်များ ဖြစ်ထွန်းလာရေး၊ စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးအပြန့်ကျယ်လာရေး အစရှိသည့် ခေါင်းစဉ်များအောက်တွင် Social Entrepreneurship လုပ်ငန်းစဉ်များစွာကို လုပ်ဆောင်နိုင်ပါမည်။ လူမှုရေးစွန့်ဦးတီထွင်လုပ်ငန်းများမှာ ရေရှည်ဆောင်ရွက်နိုင်မှသာ ကောင်းမွန်ပေမည်။ ယင်းလုပ်ငန်းများပေါ်ထွန်းတည်တံ့ရေးအတွက် ဆိုင်ရာ Stakeholder အားလုံးအနေဖြင့် သုံးသပ်အဖြေရှာကြရန် လိုအပ်နေပြီဖြစ်ပါသည်။

**ရဲမင်းဦး**

www.foreverspace.com.mm

# အမှားများနှင့် ဖွံ့ဖြိုးရေး

နွဲ့ကေခိုင်

**Center for global development သည် ဝါရှင်တန်အခြေစိုက် Think Tank တစ်ခုဖြစ်သည်။ နိုင်ငံတကာဖွံ့ဖြိုးရေးနှင့်ပတ်သက်သော အကြောင်းအရာများစွာကို သုတေသနပြုနေသော အဖွဲ့အစည်းကြီးတစ်ခုဖြစ်ပြီး ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ နိုင်ငံများကြား ဓနကွာဟမှုကျဉ်းမြောင်းလာစေရေးအတွက် အမေရိကန်ပြည်ထောင်စုအပါအဝင် ချမ်းသာသောနိုင်ငံကြီးများ၏ အဓိကကျသောပေါ်လစီပြုပြင်ပြောင်းလဲရေးများကို ဦးဆောင်နှိုးဆော်နေသော ပညာရှင်အဖွဲ့တစ်ခုလည်း ဖြစ်သည်။ ၂၀၀၁ ခုနှစ်တွင် တည်ထောင်ခဲ့သော ဤ Think Tank အဖွဲ့ကြီးကို ဦးဆောင်ဖွဲ့စည်းရာတွင် ပါဝင်ခဲ့သော ယေးလ်တက္ကသိုလ်မှ ပါမောက္ခ နန်စီဘတ်ဆဲလ်သည် ဖွံ့ဖြိုးရေးအကူအညီများ၏ ထိရောက်မှုနှင့်ပတ်သက်၍ ချက်ကျလက်ကျ ဝေဖန်နိုင်သူလည်းဖြစ်သည်။ ၎င်းရေးသားခဲ့သော Seven Deadly Sins: Reflections on Donor Failings မှာ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ပေးနေသောအကူအညီများ ပို၍ထိရောက်လာစေရန်အတွက် အထောက်အပံ့ပေးသူ အလှူရှင်နိုင်ငံများ၊ အဖွဲ့အစည်းများအနေဖြင့် မှားတတ်သော အချက်ကြီးခုနစ်ချက်နှင့် ယင်းအချက်များကို မည်သို့ပြုပြင်ပြောင်းလဲသင့်ကြောင်း မညှာမတာဝေဖန်ထောက်ပြထားသော စာတမ်းတစ်စောင်ဖြစ်ပါသည်။**



Living Color အနေဖြင့် နန်စီ၏စာတမ်းကို မူလစာရေးသူ၏အာဘော် မပျက်စေဘဲ မြန်မာနိုင်ငံ၏ စာဖတ်ပရိသတ်များနှင့်လိုက်လျောညီထွေဖြစ်အောင် တင်ဆက်ရာတွင် တစ်လနှင့်အပြတ်ချုံ့၍ ရေးသားဖော်ပြနိုင်မည်ဟု မထင်သောကြောင့် ယခုလတွင် နန်စီထောက်ပြခဲ့သော Donor အမှားများထဲမှ အခြေခံအကျဆုံး ပထမဆုံးအမှားကြီးတစ်ချက်ကို ဖော်ပြလိုက်ရပါသည်။ ကျန်အမှားများကို နောင်လာမည့် Living Color မဂ္ဂဇင်းအတွဲများ၌ အလျဉ်းသင့်သလို ဆက်လက်ဖော်ပြသွားပါမည်။

၁၉၉၀ ခုနှစ်များကို ပြန်သုံးသပ်ကြည့်လျှင် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများမှာ စီးပွားရေးအရ သိသိသာသာ တိုးတက်လာသောကြောင့် အဆိုပါနိုင်ငံများကို ထောက်ပံ့နေသည့် နိုင်ငံကြီးများနှင့် အဖွဲ့အစည်းကြီးများအဖို့ ကျေနပ်ကောင်းကျေနပ်ပါလိမ့်မည်။ သို့သော် စီးပွားရေးအရဖွံ့ဖြိုးလာခြင်း၊ ကမ္ဘာ့ဈေးကွက်နှင့် ချိတ်ဆက်မိလာခြင်းသည် တစ်ကမ္ဘာလုံးကို လွှမ်းခြုံနိုင်ပြီဟု မဆိုနိုင်ပါ။ အထူးသဖြင့် အာဖရိကနိုင်ငံများ၊ လက်တင်အမေရိကနိုင်ငံများနှင့် အလယ်အာရှနိုင်ငံအချို့မှာ ဒုံရင်းဒုံရင်း အခြေအနေမှမတက်ဘဲ မွဲမြဲမွဲနေသေးသည်ကို တွေ့ရပါလိမ့်မည်။ သို့ကြောင့် ပင်လျှင် Donor များအနေဖြင့် ၎င်းတို့အထောက်အပံ့များမှာ 'ပေးကားပေး၏ မရ' ဟူသောအဖြစ်မှ လွတ်ကင်းရလေအောင် လက်ရှိတည်ဆဲအကူအညီပေးပုံပေးနည်းများကို ပြုပြင်ပြောင်းလဲရန် လိုအပ်နေကြောင်း ရိပ်စားမိလာကြပါသည်။ စစ်အေးကာလအပြီးနောက်တွင် ဖွံ့ဖြိုးရေးအကူအညီများမှာ ယခင်ထက်ပို၍ အစွမ်းထက်လာသင့်ကြောင်း သဘောပေါက်လာကြပြီးဖြစ်သည်။ အစွမ်းရှိရန်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများက ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပေးနေသော အထောက်အပံ့ပမာဏ ပိုကြီးလာရုံနှင့်မလုံလောက်ဘဲ အထောက်အပံ့ပေးပုံပေးနည်းကိုပါ ပြင်ရန်လိုအပ်နေပြီဖြစ်သည်။

www.foreverspace.com.mm

အထူးသဖြင့် Donor များအနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လုပ်လေ့လုပ်ထရှိသောအမှားများအနက် အရေးအကြီးဆုံး နံပါတ်တစ်အမှားကြီးတစ်ခုမှာ စိတ်မရှည်ခြင်းဖြစ်ပါသည်။

### ၁။ အထောက်အပံ့ယူနေရသော နိုင်ငံ၏ Institution များ ဖွံ့ဖြိုးလာအောင်လုပ်ရန်စိတ်မရှည်ခြင်း

သီအိုရီအရ နိုင်ငံတစ်ခုကိုဖွဲ့စည်းထားသော Institution များသည် ထိုနိုင်ငံစီးပွားရေးကိုမောင်းနှင်နေသော Software များဖြစ်ပါသည်။ အထူးသဖြင့် အစိုးရအဖွဲ့အစည်းများ၊ လေးစားလိုက်နာဖွယ်ကောင်းသော ဥပဒေဖွံ့ဖြိုးလာသော Social Capital အစရှိသည့်အရာအားလုံးသည် နိုင်ငံတစ်ခုကိုလည်ပတ်စေသည့် Software များဖြစ်ကြပါသည်။ ဤသို့ Software ကောင်းများမရှိလျှင် နိုင်ငံစီးပွားရေးတိုးတက်မှုနှင့် ဆင်းရဲမွဲတေမှုလျော့ချရေးတို့မှာ ရေရှည်တွင် အခက်ကြုံရပါမည်။ 'Software' ကောင်းတို့မည်သည် ပုံစံမျိုးစုံနှင့် ရှိနေနိုင်သည်။ ဥပမာ–ဥရောပသမဂ္ဂ (EU) ၏ လွတ်လပ်သောဗဟိုဘဏ်သည် Software တစ်ခုဖြစ်သကဲ့သို့ တရုတ်ကစမ်းသပ်သော ကျေးရွာအခြေပြုစီးပွားရေးစနစ်သည်လည်း Software တစ်ခုဖြစ်နိုင်ပါသည်။ အချို့သောနိုင်ငံများတွင်မူ Software ကို လက်ဆုပ်လက်ကိုင်ပြ၍မရနိုင်သောအရာတစ်ခုအဖြစ် မြင်ရပါမည်။ ဥပမာ–မလေးရှားစီးပွားရေး တစ်ဟုန်ထိုး တိုးတက်လာအောင် တွန်းအားပေးခဲ့သော တရုတ်အမျိုးသားအချင်းချင်း စောင့်ရှောက်၍ ပုဂ္ဂလိကစီးပွားရေးချေးငွေများ မတည်ပေးသော စီးပွားရေးအရ ယုံကြည်မှုကို ကြည့်နိုင်ပါသည်။ ဤဥပမာများက Software တစ်ခု၏အရေးပါပုံမှာ မည်မျှအရေးကြီးကြောင်း ပြနေသည်။ ဤသို့ Software ကောင်းများပိုင်ဆိုင်ခြင်းမှာ စီးပွားတိုးတက်စေသည်၊ ဆင်းရဲမှုကို လျော့စေသည်ဆိုလျှင် ပြောင်းပြန်အားဖြင့် ဤ Software များမပိုင်ဆိုင်သော လူ့အဖွဲ့အစည်းတစ်ခုသည် စီးပွားရေးကျဆင်းနေမည်ဟု ကောက်ယူနိုင်ပေသည်။ ဥပမာ–ဘဏ်များကိုကောင်းစွာကြီးကြပ်နိုင်သောစနစ်တစ်ခုမရှိလျှင် Bank Crisis များ ကြုံလာနိုင်သလို အစိုးရဌာနများရှိ ဝန်ထမ်းများအတွက် ဆုပေးဒဏ်ပေးစနစ်မရှိလျှင်၊ ၎င်းတို့ကပေးသောဝန်ဆောင်မှုအရည်အသွေးကို စစ်ဆေးနိုင်သည့် 'စံ' တစ်ခု မချမှတ်ထားလျှင် ပြည်သူ့ရေးရာဝန်ဆောင်မှုများ မွဲချာနေမည်မှာ အမှန်ပင်ဖြစ်သည်။

'နိုင်ငံဖွံ့ဖြိုးရေး' ဆိုသည်မှာ တစ်နည်းအားဖြင့် လူ့အဖွဲ့အစည်းတစ်ခု၏ ရေရှည်တိုးတက်မှု၊ ညီမျှမှုကို အထက်ပါ Institution များ၊ Software များ ခိုင်မာအောင် တည်ဆောက်ပေးခြင်းအားဖြင့် ရယူအပ်သောဖြစ်စဉ်တစ်ခုမဟုတ်ပါလော။ ယေဘုယျအားဖြင့် Failed State ဟုဆိုအပ်သော ကျရှုံးနိုင်ငံများစာရင်းတွင် ပါဝင်နေသည့် ဆိုမားလီးယား၊ အာဖဂန်နစ္စတန်၊ ဆီယာရာလီယွန်နှင့် လိုက်ဘေးရီးယားတို့ကဲ့သို့သောနိုင်ငံများတွင်သာမက ဖွံ့ဖြိုးဆဲအဆင့်တွင် စာရင်းဝင်နေသေးသော အခြားကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်တို့သည်လည်း 'Failed' ဟူသောအဆင့်တွင်မရှိသည့်တိုင် ယင်းတို့၏ Institution များမှာ 'Weak' ဟူသော နာမကျန်းသည့် ဂီလာနအဆင့်တွင် ရှိကြပါသည်။

ထိုကဲ့သို့သောနိုင်ငံများတွင် Donor များအနေဖြင့် ရေရှည်နိုင်ငံဖွံ့ဖြိုးရေးကို ဖြစ်ထွန်းစေသည့် Institution များ စိတ်ရှည်ရှည်ဖြင့် တည်ဆောက်ပေးသည့်အလုပ်ကို စိတ်မဝင်စားတတ်ကြပါ။ ဥပမာ–ဟေတီကဲ့သို့ ပဋိပက္ခများ ရပ်လိုက်၊ ပြန်စလိုက်ဖြစ်နေသည့်နိုင်ငံမျိုးတွင် Donor များကလည်း ဝင်စို့၊ ထွက်စို့ လုပ်တတ်ကြပါသည်။ ရေရှည်တွင် ဤသို့ ဝင်ကစွပ်လုပ်ခြင်းက နိုင်ငံဖွံ့ဖြိုးရေးကို အားပေးရာမရောက်ပါ။ အာဖဂန်နစ္စတန်တွင်လည်း ဤနည်းတူသာဖြစ်သည်။ Donor အများစု၏ဦးတည်ချက်မှာ ရေတိုအကျပ်အတည်းဖြေရှင်းရေးသာဖြစ်ပြီး ရေရှည်အရင်းကြီးကြီးပေးရမည့် Institution တည်ဆောက်ရေးမဟုတ်ပါ။

ဝင်စို့ထွက်စို့လုပ်သည့်အပြင် ပြဿနာတစ်ခုမှာ Donor များ၏ ငွေသုံးစွဲပုံနှင့်ဆိုင်ပါသည်။ အများအားဖြင့် Donor များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် တစ်နှစ်စာအသုံးစရိတ်ကို လျှ၍ချပေးလေ့ရှိပါသည်။ သို့သော် နိုင်ငံတည်ဆောက်ရေးကဲ့သို့သော ရေရှည်လုပ်ငန်းမျိုးမှာ တစ်နှစ်စာဘတ်ဂျက်အတွက်သာ အာမခံချက်ရှိပြီး နောင်နှစ်များအတွက် အာမခံချက်မရှိက ဆောင်ရွက်နိုင်သောလုပ်ငန်းမျိုးမဟုတ်ပါ။ လုပ်ငန်းသဘာဝအရ နိုင်ငံတစ်နိုင်ငံ၏ Software တည်ဆောက်ရေးသည် လူသားချင်းစာနာထောက်ထားရေးအကူအညီများ၊ Infrastructure တည်ဆောက်ရေးများထက်စာလျှင် ကာလတိုအတွင်း အကျိုးရလဒ်ကို မြင်နိုင်ရန်

**၁၉၉၀ ခုနှစ်များကို ပြန်သုံးသပ်ကြည့်လျှင် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများမှာ စီးပွားရေးအရ သိသိသာသာတိုးတက်လာသောကြောင့် အဆိုပါနိုင်ငံများကို ထောက်ပံ့နေသည့် နိုင်ငံကြီးများနှင့် အဖွဲ့အစည်းကြီးများအဖို့ ကျေနပ်ကောင်းကျေနပ်ပါလိမ့်မည်။ သို့သော် စီးပွားရေးအရဖွံ့ဖြိုးလာခြင်း၊ ကမ္ဘာ့စျေးကွက်နှင့် ချိတ်ဆက်မိလာခြင်းသည် တစ်ကမ္ဘာလုံးကို လွှမ်းခြုံနိုင်ပြီဟု မဆိုနိုင်ပါ။ အထူးသဖြင့် အာဖရိကနိုင်ငံများ၊ လက်တင်အမေရိကနိုင်ငံများနှင့် အလယ်အာရှနိုင်ငံအချို့မှာ ဒုံရင်းဒုံရင်း အခြေအနေမှမတက်ဘဲ မွဲမြဲမွဲနေသေးသည်ကို တွေ့ရပါလိမ့်မည်။**

www.foreverspace.com.mm

ခဲ့သေးပါသည်။


ဤသို့ရေရှည်ရင်းနှီးမြှုပ်နှံရမည့် Software Building တွင် စိတ်မဝင်စားသည့်အပြင် Donor များအနေဖြင့် အခြေခံကျန်းမာရေးမကောင်းသောနိုင်ငံများ၏ ရှိရင်းစွဲ Institution ကိုပင် ထိခိုက်အောင် တစ်ခါတစ်ရံ လုပ်တတ်ပါသေးသည်။ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံ၏ ရေတိုဖွံ့ဖြိုးရေးအထောက်အပံ့များဝင်လာပါက ထိုအထောက်အပံ့များကိုသုံးစွဲပေးမည့် NGO များပါ နိုင်ငံတွင်းသို့ ဝင်ရောက်လာတတ်ပါသည်။ အဆိုပါ NGO ကြီးများသည် လိုအပ်ချက်အရ စွမ်းအားမြင့်လူ့အရင်းအမြစ်ကိုသာ တောင်းဆိုစုဆောင်းလေ့ရှိသောကြောင့် State Institution အတွက် အသုံးချရန် အလားအလာရှိသော အရည်အသွေးမြင့် လူ့စွမ်းအားများမှာ လမ်းကြောင်းပြောင်း၍ NGO ၏လုပ်ငန်းများတွင် ဝင်ရောက်သွားပါသည်။ ဤသည်ကလည်း နိုင်ငံ၏ Software များ အခြေမခိုင်စေသည့်အကြောင်းတစ်ရပ် ဖြစ်ပါသည်။

## ၂။ အကျိုးရလဒ်မြန်မြန်ရရန် အလျင်စလိုဖြစ်ခြင်း၊ ရလဒ်အတွက်စိတ်မရှည်ခြင်း

ဤစိတ်မရှည်ခြင်းအမျိုးအစားကြောင့် ဖွံ့ဖြိုးရေးအကူအညီများသည် ကာလရှည် Project များထက် ကာလအတိုနှင့် အလတ် Project များသို့ စီးဝင်သွားတတ်ပါသည်။ ဥပမာ–ပစ္စည်းများဝယ်၍ ဒေသခံများကို ထောက်ပံ့ခြင်းမှာ အကျိုးရလဒ်ကို ခပ်မြန်မြန်မြင်ရသည်။ ထိုနည်းတူ အစိုးရ၏ ကျန်းမာရေးဌာနကို အထောက်အပံ့ပေးလိုက်ခြင်းအားဖြင့် ယင်းဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုစရိတ် များများသုံးစွဲနိုင်ခြင်းမှာလည်း ခပ်မြန်မြန်တွေ့ရသော အကျိုးရလဒ်ဖြစ်သည်။ သို့သော် ရေရှည်တွင် မိမိတို့ပေးလိုက်သောအထောက်အပံ့ကြောင့် နောင်ကာလအတော်ကြာမှ တွေ့မြင်ရသောရလဒ်မျိုးကို Donor များက စိတ်ဝင်စားမှု နည်းသည်။ ဥပမာ–မိမိတို့ပေးလိုက်သော ကျန်းမာရေးအထောက်အပံ့ကြောင့် ဒေသတစ်ခု၏ ကလေးသေပျောက်မှုနှုန်း လျော့နည်းသွားခြင်း၊ ပညာရေးအထောက်အပံ့ကြောင့် ချက်ချင်းတိုးတက်လာသော ကျောင်းအပ်နှံသည့် ကျောင်းသားဦးရေကို မကြည့်ဘဲ ကျောင်းတွင် ကျောင်းသားကလေးများက မည်သည့်ပညာရပ်များကို မည်သို့မည်ပုံ ပြောင်းလဲတိုးတက်လေ့လာခြင်း၊ လမ်းပြင်လိုက်သောကြောင့် လမ်းကောင်းသွားသဖြင့် ရေရှည်တွင် ဘတ်စ်ကားများ ပြင်ဆင်စရိတ်ပါ ကျဆင်းသွားခြင်းကြောင့် ဒေသခံများ ခရီးစရိတ်သက်သာလာခြင်းတို့ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် အထက်ပါရလဒ်များသည် အရင်းအနှီးကြီးမားသလို ကာလအတော်ကြာ စောင့်ကြည့်မှသာ တွေ့ရသည်။

## ၃။ အထောက်အပံ့ရထားသောငွေကို မြန်မြန်ကုန်အောင်သုံးပြရခြင်း၊ အကူအညီ၏ထိရောက်မှုထက် အစီရင်ခံစာမလုမည်ကို စိုးရိမ်ရခြင်း

အထောက်အပံ့ကို သတ်မှတ်ချိန်အတွင်း ခပ်မြန်မြန်ကုန်အောင်သုံးပြရခြင်းသည်လည်း Institution တည်ဆောက်မှုကို စိန်ခေါ်နေသောအခက်အခဲတစ်ခု ဖြစ်၏။ အများအားဖြင့် ဖွံ့ဖြိုးရေးအေဂျင်စီများသည် တစ်နှစ်စာ ဘတ်ဂျက်အပေါ်တွင် အခြေခံ၍လုပ်ငန်းဆောင်ရွက်ကြရာ ဘတ်ဂျက်ကုန်အောင် မသုံးပြနိုင်ခြင်းကြောင့် မိမိတို့၏လုပ်ငန်းထိရောက်မှုကို Donor အနေဖြင့် အားမလိုအားမရဖြစ်ကာ နောင်နှစ်များတွင် ဘတ်ဂျက်အလျှော့ခံရမည်ကို စိုးရိမ်သဖြင့် သတ်မှတ်ချိန်အတွင်း ကုန်အောင် ခပ်မြန်မြန်သုံးပြရလေသည်။ ဤကဲ့သို့သုံးစွဲပုံမျိုးသည် နိုင်ငံ၏အခြေခံအကျဆုံးသော Institution များဖြစ်သည့် ပညာရေး၊ ဘဏ္ဍာစနစ်၊ တရားစီရင်ရေးကဏ္ဍများနှင့် သာသက်ဆိုင်နေပါက ရေရှည်တွင် မအောင်မြင်မှုဆီသို့သာ ဦးတည်သွားနိုင်ပါ



www.foreverspace.com.mm

**တစ်ခါတစ်ရံ Donor များ၏ စိတ်မရှည်ခြင်းက နိုင်ငံကို အနိမ့်မှအမြင့်သို့ ပြောင်းလဲတိုးတက်ရန်ကြိုးစားနေသော ပြုပြင်ပြောင်းလဲရေးသမားများကို အထောက်အကူပေးရာမရောက်သည့်အပြင် ၎င်းတို့၏လုပ်ငန်းများကိုပင် ပို၍ထိခိုက်စေပါသည်။ Donor များ၏ စိတ်မရှည်ခြင်းကို ဥပမာပြရလျှင် ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) တို့က ချေးငွေများကိုလျှော့ပစ်ခဲ့ရသော ၁၉၈၀ နှင့် ၁၉၉၀ နှစ်များကို ပြရပေမည်။ ကမ္ဘာ့ဘဏ်နှင့် IMF သည် နိုင်ငံများကို ဖွံ့ဖြိုးရေးချေးငွေထုတ်ပေးချိန်တွင် ကတိကဝတ်အဖြစ် Structural Adjustment Program ခေါ် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ပါမည်ဟူသောအချက်ကို တောင်းဆိုခဲ့သည်။ နောက်တွင် ထိုကြွေးများကို မဆပ်နိုင်သောအခါ ချေးသူက စိတ်လိုလက်ရ လျှော့ပစ်လိုက်ရသည်။**

သည်။ ဤကဲ့သို့သော Donor ဖိစီးမှုမျိုးကို အသေးစားဖွံ့ဖြိုးရေးအေဂျင်စီများတွင်သာ တွေ့ရသည်မဟုတ်ဘဲ ကမ္ဘာ့ဘဏ်ကဲ့သို့သော ထိပ်သီးအေဂျင်စီများနှင့် အခြား နှစ်နိုင်ငံချင်းပေးသောအထောက်အပံ့နှင့် နိုင်ငံစုံအထောက်အပံ့များတွင်ပင် တွေ့ရလေ့ရှိပါသည်။

## ၄။ မူဝါဒအပြောင်းအလဲများအပေါ် စိတ်မရှည်ခြင်း

တစ်ခါတစ်ရံ Donor များ၏ စိတ်မရှည်ခြင်းက နိုင်ငံကို အနိမ့်မှအမြင့်သို့ ပြောင်းလဲတိုးတက်ရန် ကြိုးစားနေသော ပြုပြင်ပြောင်းလဲရေးသမားများကို အထောက်အကူပေးရာမရောက်သည့်အပြင် ၎င်းတို့၏လုပ်ငန်းများကိုပင် ပို၍ထိခိုက်စေပါသည်။ Donor များ၏ စိတ်မရှည်ခြင်းကို ဥပမာပြရလျှင် ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) တို့က ချေးငွေများကို လျှော့ပစ်ခဲ့ရသော ၁၉၈၀ နှင့် ၁၉၉၀ နှစ်များကို ပြရပေမည်။ ကမ္ဘာ့ဘဏ်နှင့် IMF သည် နိုင်ငံများကို ဖွံ့ဖြိုးရေးချေးငွေထုတ်ပေးချိန်တွင် ကတိကဝတ်အဖြစ် Structural Adjustment Program ခေါ် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ပါမည်ဟူသောအချက်ကို တောင်းဆိုခဲ့သည်။ နောက်တွင် ထိုကြွေးများကို မဆပ်နိုင်သောအခါ ချေးသူက စိတ်လိုလက်ရ လျှော့ပစ်လိုက်ရသည်။ ဤသို့စိတ်မရှည်ခြင်းသည် ရေရှည်တွင် နိုင်ငံ၏ Software ဖြစ်သော Institution ကောင်းများ တည်ဆောက်ရာတွင် အနှောင့်အယှက်တစ်ခုဖြစ်နေနိုင်ပါသည်။

## ၅။ စိတ်မရှည်ခြင်းအတွက်ကုထုံး

ဖွံ့ဖြိုးရေးလုပ်ရာတွင် စိတ်မရှည်ခြင်း၊ အလျင်လိုခြင်းသည် အခြေခံအကျဆုံး ပြဿနာဖြစ်သည်။ ဤသည်ကိုကုစားရန်အတွက် ပထမအဆင့်အနေဖြင့် Donor များသည် မိမိတို့၏ အတိတ်အမှားများကို ဝန်ခံရပါမည်။ မိမိတို့၏ စိတ်မရှည်ခြင်းကြောင့် ဖြစ်ခဲ့ရသော ဆုံးရှုံးမှုများကို ရဲရဲပြန်သုံးသပ်ရပါမည်။ Donor အချင်းချင်း စုပေါင်း၍ မိမိတို့အထောက်အပံ့များ ထိရောက်မှုရှိ မရှိကို ပြန်လည်စစ်တမ်းကောက်ယူသင့်ပါသည်။ အကယ်၍ စုပေါင်း၍ မလုပ်ဆောင်နိုင်ခဲ့သည်ရှိသော် နှစ်နိုင်ငံချင်း သို့မဟုတ် ဖွံ့ဖြိုးရေးအေဂျင်စီကြီးနှစ်ခုချင်း ပူးပေါင်း၍ဦးဆောင်ဆောင်ရွက်နိုင်ပါသည်။ ဥပမာ – Donor အကြီးစားများဖြစ်ကြသော အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန် နှစ်ခုပေါင်း သုံးသပ်ခြင်းမျိုးဖြစ်သည်။ ရေရှည်ဖွံ့ဖြိုးရေးရရှိရန်မှာ ဖွံ့ဖြိုးရေးအကူအညီပမာဏကို တိုးပေးရုံနှင့် မလုံလောက်ဘဲ စိတ်ရှည်ရန်လည်းလိုပါသည်။ ပွင့်လင်းမြင်သာမှုမရှိသော လူ့အဖွဲ့အစည်းနှင့် ဆက်ဆံရသောအခါမျိုးတွင် ကမ္ဘာ့ဘဏ်၏ Country Policy Institution Assessment (CPIA) နှင့် Milliennium Challenge Account (MCA) ပါ နည်းလမ်းများကိုသုံး၍ ပွင့်လင်းမြင်သာမှုကိုရယူရန် ကြိုးစားရပါမည်။ ဤသို့ကြိုးပမ်းရာတွင် ဖိအားပေးခြင်းထက်စာလျှင် ထိုလူ့အဖွဲ့အစည်းက ၎င်းတို့ဘာသာ စိတ်ပါလက်ပါ ဆောင်ရွက်လာခြင်းက အကောင်းဆုံးဖြစ်ပေသည်။ ပွင့်လင်းမြင်သာမှုအပြည့်ရှိလာသောတစ်နေ့တွင် အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ဩဇာရှိသောစီးပွားရေးလုပ်ငန်းရှင်များက တာဝန်ရှိသူများကို ပြင်ပ၏အကူအညီကို ရယူ၍ ပြုပြင်ပြောင်းလဲရေးကိုဖော်ဆောင်ရန် တွန်းအားပေးကြပါလိမ့်မည်။

Institution ပိုင်းတွင် အားနည်းချက်ရှိနေသောနိုင်ငံများနှင့် ဆက်ဆံရာတွင် ယနေ့ခေတ် Donor အချို့ စမ်းသပ်အသုံးပြုနေကြသော နည်းသစ်တစ်ခုမှာ အကော်ဒီယံနည်းဟု ခေါ်ပါသည်။ Institution ပိုင်းအားမကောင်း၍ ဖွံ့ဖြိုးရေးအကူအညီများကို အပြည့်အဝစုပ်ယူသုံးစွဲနိုင်ခြင်းမရှိပါက Donor အနေဖြင့် ကနဦးတွင် အနည်းငယ်သာပေးခြင်းဖြင့် စတင်ရပါမည်။ သို့သော် လက်ခံသည့်လူ့အဖွဲ့အစည်း၏ အကူအညီကိုစုပ်ယူနိုင်သည့်အား တိုးတက်လာခဲ့သော် ပွင့်လင်းမြင်သာမှုတို့ကို အမှတ်ပေးခြင်းအားဖြင့် နောင်တွင်လည်း အထောက်အပံ့သေချာပေးရန်ရှိကြောင်းကိုလည်း ပြသထားရပါမည်။ လက်ရှိတွင် ဖွံ့ဖြိုးရေးဘဏ်များကပေးနေသော ခုနစ်နှစ်အထက် ရေရှည်ဖွံ့ဖြိုးရေးစီမံကိန်းများမှာ ဤနည်းဖြင့်သွားနေခြင်းဖြစ်ပါသည်။ အဓိကမှာ ရေရှည်စီမံကိန်းများအတွက် စိတ်ရှည်ရန် လိုအပ်ပါသည်။

**နွဲ့ကေခိုင်**

www.foreverspace.com.mm



# ဖီးနစ်ငှက်ဖြစ်ဖို့ သွေးသစ်လောင်းရမယ့် မန်းအိုင်တီ

ကျော်ကျော်မင်း

www.foreverspace.com.mm



ဤကဏ္ဍတွင် . . . . .

၅၆ ဖီးနစ်ငှက်ဖြစ်ဖို့ သွေးသစ်လောင်းရမယ့် မန်းအိုင်တီ

၆၂ မသန်စွမ်းကြသူများ

၆၈ ရန်ကုန် ကုန်စည်ဈေးကွက်

၇၆ ညဥ့်ဦးယံတက်မည့်ဒီရေနှင့်အတူ လိုက်ပါမည့်သူများ

---

**မန္တလေး** မြို့တော်တွင် ပြောစမှတ်ပြုရအောင် သုံးရက်နီးပါးလောင်ကျွမ်းခဲ့သော ရတနာပုံအဆင့်မြင့်ဈေးကြီး မီးလောင်မှုသည် မန္တလေးမြို့၏ ICT Park ဖြစ်သော ရတနာပုံဆိုက်ဘာကော်ပိုရေးရှင်းကိုသာမက တိုးတက်ဖွံ့ဖြိုးနေသော မန္တလေးမြို့၏ အိုင်တီကဏ္ဍတစ်ရပ်လုံးနီးပါးကိုပါ ဝါးမျိုသွားခဲ့သည်။ မန္တလေးမြို့တော်သည် သမိုင်းတွင် စာတင်လောက်အောင် မီးဘေးဒဏ်အကြိမ်ကြိမ်ခံစားခဲ့ရပြီး မီးဘေးဒဏ်ခံခဲ့ရချိန်တိုင်းတွင်လည်း ဖီးနစ်ငှက်ကဲ့သို့ပင် အားနှင့်မာန်နှင့် ပြန်လည်နိုးထနိုင်ခဲ့သည်။ သို့သော် အဆိုပါ ရတနာပုံဈေးမီးလောင်ကျွမ်းမှုနောက်ပိုင်း မန္တလေးမြို့ အိုင်တီလုပ်ငန်းများမှာ ဖီးနစ်ငှက်ကဲ့သို့ နိုးထနိုင်ပါမည်လားဟု မန္တလေးမြို့ခံ အိုင်တီလုပ်ငန်းအသိုင်းအဝိုင်းက စိုးရိမ်နေကြသည်။

## စိုးရိမ်ရေမှတ် လတ်တလောအခြေအနေ

တစ်ချိန်က ရတနာပုံဈေး တတိယထပ်ရှိ ရတနာပုံ ဆိုက်ဘာကော်ပိုရေးရှင်းတွင်စုစည်းထားသော အိုင်တီလုပ်ငန်းများသည် ယခုအခါ တပြန့်တကျဲစီဖြစ်နေပြီး မန္တလေးအခြေစိုက် အိုင်တီလုပ်ငန်းများ၊ အသင်းများ၏ လုပ်ဆောင်နိုင်စွမ်းမှာလည်း သုညမှတ်အောက် ရောက်နေသည်။

“အိုင်တီနည်းပညာဖွံ့ဖြိုးရေးဆိုင်ရာ စာတမ်းဖတ်ပွဲ၊ နည်းပညာဟောပြောပွဲတွေ မလုပ်နိုင်တာ မီးလောင်ပြီးကတည်းကပါ” ဟု မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း (MCIA) (မန္တလေးတိုင်း) ၏ အတွင်းရေးမှူး ဒေါ်သီရိခေတ်က ပြောကြားသည်။

အချို့က ၇၇ လမ်းနှင့် ၇၈ လမ်းတွင်၊ အချို့က မန်းမြန်မာပလာဇာနှင့် အဆင့်မြင့်ဈေးချိုပလာဇာတို့တွင် အိုင်တီလုပ်ငန်းများ ပြန့်ကျဲအခြေစိုက်နေသည့် အခြေအနေတွင် အိုင်တီဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်မည့်အသင်းများအတွက် ရုံးစိုက်ရန်နေရာကား နတ္ထိဖြစ်နေသည်။

“ဈေးရောင်းတဲ့လုပ်ငန်းက ဝယ်သူရှိရင် ရောင်းနေရမှာပဲ။ ကွန်ပျူတာပစ္စည်းတွေရောင်းတာ အိုင်တီဖွံ့ဖြိုးတာနဲ့ မဆိုင်ပါဘူး” ဟု မန္တလေးမြို့တော်အခြေစိုက်



www.foreverspace.com.mm

အိုင်တီလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးရဲမြတ်သူပြောသကဲ့သို့ပင် ကွန်ပျူတာပစ္စည်းအရောင်းအဝယ်ဈေးကွက်မှာ ပုံမှန်အနေအထားသို့ တဖြည်းဖြည်းပြန်လည်ရောက် ရှိနေသည်ကို တွေ့ရသည်။

အိုင်တီအခြေခံဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် မိမိတို့နှင့် ဆက်ဆံနေသောဖောက်သည်များကို ဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ပေးနိုင်ရေးနှင့် မိမိဝန်ထမ်းများကို ပုံမှန်အတိုင်း အလုပ်ပေးနိုင်ရေးအတွက် အဓိကထားရုန်းကန်နေရကြောင်း ၎င်းကဆိုသည်။

"မန္တလေးမှာ အိုင်တီ နာဂစ်တိုက်ခတ်သွားတယ်ဆိုရမှာပေါ့။ အားလုံး ဆုံးရှုံးတာလေ။ ဧရာဝတီလိုပဲ လူ (H.R) ရော၊ ပစ္စည်းရော၊ ပတ်ဝန်းကျင် Environment ရောပေါ့" ဟု ရတနာပုံဆိုက်ဘာကော်ပိုရေးရှင်း၏ဥက္ကဋ္ဌ ဦးသိန်းထွတ်က ပြောကြားသည်။

လက်ရှိအခြေအနေမှာ ၂၀၀၃ ခုနှစ် မန္တလေးမြို့ MICT Park မပေါ်ပေါက်မီကအခြေအနေသို့ ပြန်လည်ရောက်ရှိသွားကြောင်း၊ ကွန်ပျူတာပညာအခြေခံသင်တန်းများ၊ ဖျော်ဖြေရေးအတွက် ဂိမ်းဆိုင်များ၊ အင်တာနက်ကဖေးများ၊ ကွန်ပျူတာအရောင်းဆိုင်များသာ သက်ဝင်လည်ပတ်နေသည့် အနေအထားဖြစ်ကြောင်း ဦးရဲမြတ်သူက ဆိုသည်။

## ဘာတွေဆုံးရှုံးခဲ့သလဲ

မန္တလေးမြို့တော်၌ ရတနာပုံဈေး မီးလောင်မှုကြောင့် အထိခိုက်ဆုံးဖြစ်ခဲ့ရသည့်နယ်ပယ်ကိုပြပါဆိုလျှင် အိုင်တီလုပ်ငန်းနယ်ပယ်ကို ပြရပါမည်။

"'ICT Park မီးလောင်တာ အိမ်တွေမီးလောင်တာနဲ့ မတူဘူး။ ကျွန်တော်တို့ရဲ့နေရာ၊ Communication စနစ်၊ Team Work ၊ Infrastructure (အခြေခံအဆောက်အဦ) တွေ အကုန်လုံးမရှိတော့ဘူး" ဟု ဦးရဲမြတ်သူက ပြောကြားသည်။

ICT Park ပြန်လည်တည်ဆောက်ရန်နေရာတစ်ခု အစားပြန်လည်ရရှိသည့်တိုင် အခြေခံအဆောက်အဦများဖြစ်သည့် Decoration ၊ အင်တာနက်၊ လျှပ်စစ်မီး၊ တယ်လီဖုန်းဆက်သွယ်ရေးစနစ်များ မူလအတိုင်း ပြန်လည်ရရှိရန် မလွယ်ကူကြောင်း၊ မူလအတိုင်းပြန်လည်ရရှိသည့်တိုင် လုပ်ငန်းရှင်များ ပြန်လည်ရင်းနှီးမြှုပ်နှံရန်မှာ မသေချာသည့်အချက်တစ်ရပ်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"စုစည်းထားတဲ့ နေရာလေးတစ်ခုတင်မဟုတ်ဘူး။ စုစည်းထားတဲ့ အားလေးတစ်ခုပါပျောက်ပျက်သွားတာပါ" ဟု ဒေါ်သီရိခေတ်က ဆိုသည်။

ICT Park တစ်ခုဖြစ်ပေါ်ရန်မှာ အင်တာနက်နှင့် တယ်လီဖုန်းရှိရုံ၊ အခန်းရှိရုံမျှဖြင့် မရပ်တည်နိုင်ကြောင်း၊ ICT ဖွံ့ဖြိုးရေးအတွက် ICT ကုမ္ပဏီများ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်နိုင်အောင် ဆောင်ရွက်နိုင်သည့် အခြေခံအဆောက်အဦ၊ သုတေသနလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဟောပြောပွဲများပြုလုပ်နိုင်သည့် လိုက်



www.foreverspace.com.mm



လျော်ညီထွေသောပတ်ဝန်းကျင်ရှိခြင်းနှင့် အခြေအနေအရ နိုင်ငံတကာကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်သော အခွင့်အလမ်းရှိခြင်း စသည့်အားသာချက်များစွာ လိုအပ်သေးကြောင်း ဦးသိန်းထွတ်က ပြောကြားသည်။

"အစစအရာရာ အဆင်ပြေနေတဲ့ ပတ်ဝန်းကျင်တစ်ခု ဆုံးရှုံးရတာပါပဲ" ဟု ၎င်းက ညည်းတွားသည်။

ICT Park တွင် အိုင်တီနည်းပညာဖွံ့ဖြိုးရေးအတွက် အကောင်းဆုံးပတ်ဝန်းကျင်အခြေအနေရှိနေကြောင်း၊ အင်တာနက်၊ တယ်လီဖုန်း စသည့် လိုအပ်ချက်များကို အလျင်အမြန်ဆုံး လျှောက်ထားရယူနိုင်ပြီး ဟောပြောပွဲများ၊ ဆွေးနွေးပွဲများလည်း အလွယ်တကူလုပ်နိုင်သောအနေအထားရှိကြောင်း ဦးရဲမြတ်သူက ဆိုသည်။

မန္တလေးတွင် အိုင်တီလုပ်ငန်းနယ်ပယ်ဖွံ့ဖြိုးတိုးတက်မှုသည် မန္တလေးမြို့ ICT Park အဖြစ်ပေါ်ပေါက်ခဲ့သည့် ၂၀၀၀ ပြည့်နှစ်တွင်မှ စတင်အရှိန်အဟုန်မြင့်လာခဲ့ခြင်းဖြစ်ပြီး ယခုအခါ IT Industry တစ်ခုလုံး ပြာဖြစ်လုနီးပါးအခြေအနေနှင့် ကြုံတွေ့ခဲ့ရကြောင်း ရတနာပုံဆိုက်ဘာကော်ပိုရေးရှင်းအဖွဲ့ဝင် ဒါရိုက်တာတစ်ဦးက ပြောကြားသည်။

"နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လျော့သွားတယ်။ ဂျပန်၊ အိန္ဒိယ၊ စင်ကာပူက Aid တွေ ရပ်သွားတယ်။ AOTS၊ CICC စတဲ့ အဖွဲ့အစည်းတွေက H.R Development သင်တန်းတွေအတွက် Bit တွေ မရတော့ဘူး" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

## MCPA နဲ့ MCIA

အိုင်တီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ကိုင်နေသော မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း (မန္တလေးတိုင်း) နှင့် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း MCPA (မန္တလေးတိုင်း) တို့၏ အခြေအနေက အဆိုးဝါးဆုံးအနေအထားရောက်နေကြောင်း



ရတနာပုံဆိုက်ဘာကော်ပိုရေးရှင်း၏ ဒါရိုက်တာ ဦးသိန်းထွတ်

မြို့ခံအိုင်တီလုပ်ငန်းရှင် အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

MCIA တွင် ကမကထပြုနေသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များကိုယ်တိုင် မိမိတို့လုပ်ငန်းပြန်လည်ရှင်သန်ရန် ဦးစားပေးနေရပြီး အသင်းလည်ပတ်ရေးကို ဒုတိယဦးစားပေးနေရသည့် အနေအထားရှိကြောင်း နေရာတစ်နေရာ ပြန်လည်ရရှိသည့်တိုင်း ယင်းအမှုဆောင်များ ပြန်လည်၍ တက်တက်ကြွကြွလုပ်ကိုင်နိုင်သည့် အနေအထားရရှိရန် မလွယ်ကြောင်း မန္တလေးတိုင်း MCIA ၏ဥက္ကဋ္ဌဖြစ်သူ ဦးရဲမြတ်သူက ပြောကြားသည်။

ထို့ပြင် ပြည်ပနိုင်ငံများနှင့် ပူးပေါင်းလုပ်ကိုင်နေသည့် Project များ၊ Aid များလည်း ရပ်ဆိုင်းနေပြီဖြစ်သောကြောင့် ပြန်လည်ထူထောင်ရန်မှာ နေရာနှင့် ရန်ပုံငွေလိုအပ်သည့်အပြင် တက်တက်ကြွကြွ ဆက်လက်ဆောင်ရွက်မည့်သူများကိုပါ ပြန်လည်စည်းရုံးရမည့်အနေအထား ရှိကြောင်း ၎င်းက ဆိုသည်။

MCPA အနေနှင့်လည်း လတ်တလောတွင် အလုပ်အမှုဆောင်အသစ်များဖြင့် ပြန်လည်ဖွဲ့စည်းရမည့်အနေအထားသို့ ရောက်ရှိနေပြီး ရုံးခန်းနေရာကို Ray World Complex တွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် ဦးစားပေးကြိုးစားနေရကြောင်း မန္တလေးတိုင်း MCPA ဥက္ကဋ္ဌ ဦးရဲနိုင်က ပြောကြားသည်။

"အခုက EC Member တွေက ပြည်ပရောက်နေပြီဆိုတော့ မဖြစ်မနေ Renew လုပ်လိမ့်မယ်" ဟု MCPA(မန္တလေး) နှင့်နီးစပ်သောအသိုင်းအဝိုင်းက ဆိုသည်။

## H.R ကို ဘယ်လိုထိန်းမလဲ

အိုင်တီလုပ်ငန်းများသည် လူသားအရင်းအမြစ် (Human Resources - HR) ကို အခြေခံဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်ရာ H.R ကို ထိန်းသိမ်းနိုင်ရန် အရေးကြီးလှပေသည်။

အိုင်တီအခြေခံလုပ်ငန်း အများစုမှာလည်း လုပ်ငန်းများ ဆက်လက်ရှင်သန်နိုင်ရေးနှင့် လက်ရှိဝန်ထမ်းများကို အခြေအနေမပျက် ပြန်လည်အလုပ်ပေးနိုင်ရေးမှာ ခေါင်းခဲစရာပြဿနာတစ်ရပ်ဖြစ်နေကြောင်း မြို့ခံအိုင်တီလုပ်ငန်းရှင်အများစုက ပြော

www.foreverspace.com.mm

ကြားကြသည်။

"ကျွန်တော့်အနေနဲ့ အိုင်တီနယ်ပယ်မှာ လုပ်ကိုင်နေကြတာ ထိုက်တန်တဲ့လစာဆိုတာထက် အတွေ့အကြုံ၊ မျှော်လင့်ချက်၊ မျှော်လင့်ချက်ဆိုတာမှာ မန္တလေးအခြေစိုက်အိုင်တီနယ်ပယ်အသင်းတွေက ပြည်ပနဲ့ပူးပေါင်းပြီးပေးနေတဲ့ Scholar တွေကအစ ပါတာပေါ့။ နောက်ပြီး အိုင်တီနယ်ပယ် Develop ဖြစ်လာရင် ကျွန်တော်ဘယ်အတိုင်းအတာနဲ့ ရပ်တည်ခွင့်ရမလဲဆိုတာမျိုးတွေနဲ့ ရပ်တည်နေရတာ။ အခု IT Industry ကြီးတစ်ခုလုံး ပြိုကျသွားသလိုဖြစ်တော့ ကျွန်တော့်မှာ ရွေးချယ်စရာကနိုင်ငံခြားထွက်ဖို့ပဲရှိတော့တယ်လို့ ထင်တယ်" ဟု အိုင်တီပညာရှင် လူငယ်တစ်ဦးက ၎င်း၏အမြင်ကို ဖွင့်ဟပြောကြားခဲ့သည်။

## ရတနာပုံမြို့သစ်နှင့် အချိတ်အဆက်

မန္တလေးမြို့တော်နှင့် မနီးမဝေးတွင် အခြေတည်ထားသော ရတနာပုံ အိုင်တီအခြေခံမြို့သစ်တွင်မူ စက်တင်ဘာလဆန်းမှစ၍ လုပ်ငန်းများလည်ပတ်ရန် အိုင်တီကုမ္ပဏီကြီးအချို့ အစပျိုးနေပြီဖြစ်သည်။ မန္တလေး ICT Park သည် ရတနာပုံအတွက် များစွာအထောက်အကူပေးစွမ်းနိုင်မည်ဟုယူဆနေသူများလည်းရှိနေကြောင်း မန္တလေးမြို့အခြေစိုက် အိုင်တီလုပ်ငန်းရှင်များထံမှ စုံစမ်းသိရှိရသည်။

မန္တလေးမြို့မှ အိုင်တီလုပ်ငန်းရှင်များနှင့် တွေ့ဆုံခွင့်ရရှိခဲ့သဖြင့် ၎င်းတို့၏ထင်မြင်ယူဆချက်၊ ယုံကြည်ချက်များကို သိရှိခွင့်ရခဲ့သည်။

"ရတနာပုံဖြစ်ရေးမှာ အနှောင့်အယှက်ဖြစ်မယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ Support (အထောက်အပံ့) ဖြစ်ဖို့ပဲ ရှိပါတယ်။ ရတနာပုံနဲ့ အနီးစပ်ဆုံး မန္တလေးမှာ အိုင်တီလုပ်ငန်းတွေကြီးထွားမှ အဲဒီမှာ တိုးတက်ဖို့ ပိုပြီး Supporting လုပ်နိုင်မှာပါ" ဟု ဦးရဲမြတ်သူက ပြောကြားသည်။

မန္တလေးအိုင်တီလုပ်ငန်းများက ရှာဖွေထုတ်လုပ်သော လူသားအရင်းအမြစ်များဖြင့် ရတနာပုံမြို့သစ်တွင် ရင်းနှီးမြှုပ်နှံမည့် အိုင်တီလုပ်ငန်းများကို များစွာအထောက်အပံ့ဖြစ်စေနိုင်ကြောင်း၊ ရတနာပုံတွင် အခြေစိုက်မည့်လုပ်ငန်းများအတွက် အသေးစားလိုအပ်ချက်များကိုပါ ကူညီဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း မန္တလေးမြို့ခံ အိုင်တီလုပ်ငန်းရှင်အသိုင်းအဝိုင်းမှ စုံစမ်းသိရှိရသည်။

"မန္တလေး ICT Park (ယခုရတနာပုံဆိုက်ဘာကော်ပိုရေးရှင်း) ဖြစ်လာတာက ရတနာပုံအိုင်တီမြို့သစ်ရဲ့ ပြိုင်ဘက်ဖြစ်ဖို့ မဟုတ်ပါဘူး။ ရတနာပုံရဲ့ဖြည့်ဖက် Complement ပဲဖြစ်လာမှာပါ။ International အဆင့်မှာ ယှဉ်ပြိုင်မယ့် ရတနာပုံအိုင်တီမြို့သစ်ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ပါ။ လိုအပ်တဲ့ရင်းမြစ်၊ Resource တွေကို အနီးစပ်ဆုံး မန္တလေးက ယူသုံးလို့ရမယ်ဆိုတာက ရှင်းပြစရာတောင် မလိုပါဘူး"ဟု မီးဘေးသင့်ခံ ရတနာပုံဆိုက်ဘာကော်ပိုရေးရှင်း၏ ဒါရိုက်တာ ဦးသိန်းထွတ်က ပြောကြားသည်။

"ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ ဆိုသလိုပဲ ရတနာပုံသာ ဖြစ်မြောက်အောင်မြင်ခဲ့ရင် မန္တလေးကလူငယ်တွေအတွက် ပျောက်သွားတဲ့ Future ပြန်ရမယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ သူတို့ကို Develop လုပ်ပေးနိုင်မယ့် ICT Park တစ်ခုလောက်မရှိတာကတော့ အားနည်းချက်တစ်ခုဖြစ်လာလိမ့်မယ်" ဟု အိုင်တီလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

## အဆိုးထဲကအကောင်း IT Zone

အိုင်တီနာဂစ်ဖြစ်ပြီးနောက်ပိုင်း အဆိုးထဲကအကောင်းဟုပြောရမည်မှာ ဈေးချို IT Zone ပင်ဖြစ်သည်။ မန္တလေးအခြေစိုက် အိုင်တီလုပ်ငန်းရှင်အချို့၏ကြိုးပမ်းမှု ဈေးချိုကြီးကြပ်ရေးကော်မတီ (Five Ocean) ၏ ပံ့ပိုးမှုဖြင့် အဆိုပါဈေးချို IT Zone ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဈေးချို IT Zone သည် အဆင့်မြင့်ဈေးချိုပလာဇာ တတိယထပ်နှင့် စတုတ္ထတွင် ဆိုင်ခန်းပေါင်း ၃၈ ခန်းဖြင့် ဖွဲ့စည်းထားပြီး ယခုအခါ ကုမ္ပဏီ ၁၆ ခုခန့် စုစည်းလုပ်ကိုင်လျက်ရှိကြောင်း အဆင့်မြင့်ဈေးချိုကြီးကြပ်ရေးကော်မတီမှ ကြီးကြပ်ရေးမှူး ဒေါ်ဝေဝေနွယ်က ပြောကြားသည်။

"ဒါကို အိုင်တီဇုန်လို့ပဲ ယူဆစေချင်တယ်။ ICT Park မဟုတ်ပါဘူး။ ICT Park ဖြစ်ဖို့ လိုအပ်ချက်ပေါင်းများစွာ ကျန်နေပါသေးတယ်" ဟု အိုင်တီဇုန်ဖြစ်ရေးအတွက် ကမကထပြုခဲ့ပြီး လက်ရှိ အိုင်တီဇုန်ကြီးကြပ်ရေးကော်မတီ၏ ဥက္ကဋ္ဌ တာဝန်ယူထားသူ ဦးသိန်းထွတ်က ပြောကြားသည်။

အဆိုပါဇုန်သည် မန္တလေး ICT Park မီးဘေးသင့်ခံရပြီးနောက်ပိုင်း ပထမ



www.foreverspace.com.mm






ဆုံးပေါ်ထွက်လာသော အိုင်တီကုမ္ပဏီများ၏ စုစည်းမှုတစ်ခုဖြစ်ပြီး ယင်းမှဆက်လက်၍ အိုင်တီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များ စုစည်းပူးပေါင်းလုပ်ကိုင်နိုင်မည့်အလားအလာကောင်းများ ရရှိနိုင်ကြောင်း အိုင်တီလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

## မန်းအိုင်တီသမားတွေရဲ့ဆန္ဒ

"ICT Park အတွက် နေရာတစ်ခုရပြီး အဆောက်အအုံဆောက်နိုင်ဖို့က ပထမအချက်ပါ။ တင်ပြထားပါတယ်။ မြေနေရာရဖို့ကလည်း ပံ့ပိုးကူညီဖို့လိုပါတယ်" ဦးသိန်းထွတ်က ဆိုသည်။

"လတ်တလောမှာ ကျွန်တော်တို့ရဲ့ Future ပျောက်နေတယ်။ အိုင်တီပညာရပ်သင်တန်းတက်တာ ကွန်ပျူတာပစ္စည်းအရောင်းဆိုင်မှာ အလုပ်ရရုံလောက်ဆိုရင်တော့ ကျွန်တော်တို့အတွက် ရင်းနှီးထားတဲ့အချိန်တွေ ဘယ်တန်မလဲ" ဟု အိုင်တီပညာရှင်လူငယ်တစ်ဦး၏စကား ဖြစ်သည်။

မန္တလေးမြို့ခံ အိုင်တီလုပ်ငန်းရှင်၊ ပညာရှင်များမှာ လတ်တလော မိမိတို့၏လုပ်ငန်းများ ရှင်သန်ရေးကို ဦးစားပေးနေရသော်လည်း အခွင့်အလမ်းရသည်နှင့် ICT Park တစ်ခုပေါ်ပေါက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် အဆင်သင့်အနေအထားရှိနေသည်။

## ဘယ်လောက်ကြာဦးမလဲ

"ရတနာပုံ ဆိုက်ဘာကော်ပိုရေးရှင်းလိုဖြစ်လာဖို့ ခုနစ်နှစ်၊ ရှစ်နှစ်လောက် ကျွန်တော်တို့ ကြိုးစားခဲ့ရတယ်။ အခု ပြန်ထူထောင်ဖို့ဆိုတာ အနိမ့်ဆုံး ၂ နှစ်၊ သုံးနှစ်ကြာမှာပဲ" ဟု ဦးသိန်းထွတ်က ပြောကြားသည်။

## နိဂုံး

မည်သို့ပင်ဆိုစေကာမူ မန္တလေးမြို့မှ အိုင်တီလုပ်ငန်းရှင်များသည် ဘာမှမရှိသော သုညဘဝမှ စလာသူများဖြစ်သည်။ ဆိုလိုသည်မှာ အင်တာနက်၊ ကွန်ပျူတာ၊ အိုင်တီ စသည့်စကားလုံးများနှင့်ပင် မရင်းနှီးသေးသောပတ်ဝန်းကျင်တွင် အိုင်တီလုပ်ငန်းနယ်ပယ် တစ်နည်းအားဖြင့် အိုင်တီကဏ္ဍဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြခြင်းဖြစ်သည်။

ယနေ့အချိန်တွင် မန္တလေးသည် များစွာ ခြားနားနေပေပြီ။ အင်တာနက်ကဖေးများ၊ အိုင်တီပြပွဲများတွင် စိတ်ဝင်စားသူများ အပြည့်ရှိနေသည်။ အိုင်တီနည်းပညာဟောပွဲ (Seminar) များတွင် လေ့လာနေသူများနှင့်အပြည့်ရှိနေသကဲ့သို့ ကွန်ပျူတာသုံးစွဲသူဦးရေကလည်း တရိပ်ရိပ်တိုးတက်လာနေသည်ကို ကွန်ပျူတာဆက်စပ်ပစ္စည်းအရောင်းဆိုင်များ တိုးပွားလာနေခြင်းက သက်သေခံနေသည်။

အစစအရာရာ တိုးတက်ပြောင်းလဲလာသောပတ်ဝန်းကျင်တွင် လုပ်ကိုင်ခဲ့ဖူးသော လုပ်ငန်းစဉ်တို့ကိုပင် ပြန်လည်လုပ်ကိုင်ရမည်ဖြစ်ရာ ယခင်ထက် အဆပေါင်းများစွာတိုးတက်ရန် အခွင့်အလမ်းရှိနေပေသည်။ တစ်နည်းဆိုလျှင် ဒဏ်ရာရသွားခြင်းသာဖြစ်၍ ဆေးကောင်းဝါးကောင်း (နည်းမှန်လမ်းမှန်နှင့် လုံလောက်သောပံ့ပိုးမှု) သာ ရရှိပါက မန္တလာ၏ ICT ကဏ္ဍအလျင်အမြန် ပြန်လည်ဖွံ့ဖြိုးနိုင်ပေသည်။

■ ကျော်ကျော်မင်း

www.foreverspace.com.mm



# မသန်စွမ်းကြသူများ

ကျော်ဇေယျာထွန်း

**ကွန်ပျူတာရှေ့ရှိ ထိုင်ခုံတွင် ဦးခေါင်းကိုတစ်ဖက်သို့စောင်းကာ လူတစ်ယောက်ထိုင်နေသည်။ သူ၏လက်များက ကွန်ပျူတာ Keyboard ပေါ်တွင် တစ်ချက်ချင်းရွေ့လျားနေသည်။ သူရိုက်နေသောစာများက မသန်စွမ်းသူများနှင့် ပတ်သက်သောအကြောင်းအရာများသာ ဖြစ်သည်။ သူကိုယ်တိုင်ကလည်း သန်မာသည်မဟုတ်။ သူသည် မွေးရာပါသူငယ်နာအကြောတင်းဖြစ်နေသည့် ကိုဇင်မင်းထက် ဖြစ်သည်။**

“ကျွန်တော့်ကိုမွေးတုန်းက ခြေထောက်ဘက်က စထွက်တာ။ မွေးချိန်ကြာသွားတော့ ဦးခေါင်းကိုထိခိုက်သွားတယ်။ ရန်ကုန်မြို့လိုနေရာများမှာဆိုရင်တော့ ခွဲမွေးလို့ရတာပေါ့။ နယ်မှာဆိုတော့ လျှပ်စစ်မီးမရှိဘူး။ အဲဒါကြောင့် အခုလိုဖြစ်သွားတာ”ဟု စကားတစ်ခွန်းနှင့်တစ်ခွန်းကြားအားယူကာ ကိုဇင်မင်းထက်က သူ့အကြောင်းကို ပြောပြသည်။ သူစကားပြောသည့်ပုံကိုမြင်ရသူအဖို့ ပင်ပန်းသည်ဟု ခံစားရသော်လည်း သူကိုယ်တိုင်က ဤသို့သာပြောရမည်ဆိုလျှင် တစ်နေကုန်ထိုင်၍ ပြောနိုင်သည်ဟု ဆိုသည်။

သူငယ်နာအကြောတင်းသည် ဦးနှောက်အစိတ်အပိုင်းအချို့ ချို့ယွင်းမှုကြောင့် ကိုယ်လက်အင်္ဂါလှုပ်ရှားမှုကြွက်သားများ ပုံမှန်မဟုတ်သော ကာယဆိုင်ရာ မသန်စွမ်းမှုတစ်မျိုးဖြစ်သည်။

ကိုဇင်မင်းထက် မွေးဖွားခဲ့သည့်အချိန်က ဦးနှောက်ကို ထိခိုက်မှုရှိခဲ့သည့်အတွက် ကိုယ်ခန္ဓာအစိတ်အပိုင်းတို့ မသန်ဘဲ သူငယ်နာအကြောတင်း ဖြစ်ခဲ့ရသည်။ သို့သော် ကိုဇင်မင်းထက်သည် လူမစွမ်းနတ်မခြင်းမျိုးမဟုတ်ဘဲ ကိုယ်ခန္ဓာ မသန်သော်လည်း ကိုယ်တိုင် လုံ့လ၊ ဝီရိယ ကြိုးစားအားထုတ်မှုကြောင့် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးသုံးဘာသာဖြင့် အောင်မြင်ခဲ့ပြီး စီးပွားရေးဘွဲ့ကို ရရှိထားသူဖြစ်သည်။ ထို့ပြင် အားလပ်သည့်အချိန်များတွင်လည်း ပန်းချီကားများကို ရေးဆွဲခဲ့ရာ ပန်းချီကားပေါင်း ၃၀၀ ကျော် ရေးဆွဲနိုင်ခဲ့ပြီး ပန်းချီပြပွဲများကိုလည်း ပြုလုပ်နိုင်ခဲ့သည်။

မသန်စွမ်းမှုသည် ပုံစံအမျိုးမျိုးရှိရာ အမြင်အာရုံချို့ယွင်းသူ၊ အကြားအာရုံချို့

www.foreverspace.com.mm



ပွင်းသူ၊ ကိုယ်လက်အင်္ဂါမပြည့်စုံသူနှင့် ဉာဏ်ရည်မမီသူများ စသည်ဖြင့် နားလည်ထားကြသည်။ လူသားအဖြစ် စပြီးမွေးဖွားလာကတည်းကလည်းကောင်း၊ မွေးဖွားပြီးမှ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်ခန္ဓာဖွဲ့စည်းပုံအစိတ်အပိုင်းများ ချို့ယွင်းအားနည်းခြင်းကြောင့်လည်းကောင်း မသန်စွမ်းသူများဖြစ်တတ်သည်။ မသန်စွမ်းသူများသည် ကမ္ဘာဦးကတည်းက လူ့အဖွဲ့အစည်းထဲတွင် အစိတ်အပိုင်းတစ်ခုအဖြစ် တည်ရှိလာခဲ့သည်။ လူ့သမိုင်းတစ်လျှောက်လုံးတွင်လည်း မသန်စွမ်းသူများနှင့် ပတ်သက်၍ လူအများစု၏သဘောထားအမြင်တို့သည်လည်း အချိန်ကာလ၊ ယဉ်ကျေးမှုစသည့်အချက်များပေါ်မူတည်၍ တဖြည်းဖြည်းပြောင်းလဲလာခဲ့သည်။

မသန်စွမ်းသူများ၏ လှုပ်ရှားမှုများ စတင်ပေါ်ပေါက်လာသည့် ၁၉၇၀ ပြည့်နှစ်မတိုင်မီကာလများက မသန်စွမ်းသူများကို ကံမကောင်းသူများ၊ အသုံးမကျသူများ၊ လူစဉ်မမီသူများ၊ မိသားစုနှင့် လူ့အဖွဲ့အစည်းအသိုင်းအဝိုင်း၏ ဝန်ထုပ်ဝန်ပိုးများစသဖြင့် ထင်မြင်ယူဆခဲ့ကြသည်။ သူတို့သည် လူအများစု၏ လူမှုဆက်ဆံရေးနယ်ပယ်အသိုင်းအဝိုင်းနှင့် အခြေအနေအမျိုးမျိုးတွင် ရောယှက်ပါဝင်မှုမရှိဘဲ သီးသန့်တစ်ကိုယ်တည်းနေသောအုပ်စုအဖြစ် လူ့သမိုင်းတစ်လျှောက်လုံး တည်ရှိလာခဲ့ရသည်။

သို့သော် နောက်ပိုင်းတွင် မသန်စွမ်းသူများ၏လှုပ်ရှားမှု စတင်ပေါ်ပေါက်လာချိန်မှစ၍ မသန်စွမ်းသူများအပေါ် ယခင်ကထက်ပို၍ နားလည်လာသည့်အပြင် အခြားသဘောထားတို့လည်း တစ်ဆင့်တိုးတက်လာခဲ့သည်။ မသန်စွမ်းသူများနှင့်ပတ်သက်သောပြဿနာကိုဖြေရှင်းရန်အတွက် မသန်စွမ်းသူ၏ ကိုယ်ခန္ဓာကို နည်းမျိုးစုံဖြင့် ခွဲစိတ်ကုသပြုပြင် လေ့ကျင့်ပြီး ပြန်လည်သန်စွမ်းလာစေရန် ပြုလုပ်ပေးခဲ့ကြသည်။

ယနေ့ ၂၁ ရာစု သတင်းခေတ်တွင် လူသားတစ်ဦး၏ စွမ်းဆောင်ချက်ကို အသုံးချနိုင်သော လွယ်ကူသည့်နည်းလမ်းမျိုးစုံရှိလာပြီဖြစ်သောကြောင့် မသန်စွမ်းသူများ၏ဘဝသည်လည်း ယခင်နှင့်မတူတော့ပေ။ မသန်စွမ်းသူများ၏အရေးသည်လည်း ရှုထောင့်အသစ်ဖြင့် နားလည်သဘောပေါက်လာပြီဖြစ်သည်။ လူမှုရေးလုပ်ငန်း၊ ပရဟိတလုပ်ငန်းများနှင့်သာ သက်ဆိုင်သည့်ကိစ္စမဟုတ်တော့ဘဲ အားလုံးနှင့်ဆိုင်သောအရေးကိစ္စဖြစ်လာခဲ့သည်။

"လူ့အဖွဲ့အစည်းမှာ မသန်စွမ်းတဲ့သူတွေ ခွဲခြားခံရတာဟာ သူတို့ရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေ ချို့ယွင်းလို့မဟုတ်ပါဘူး။ သူတို့အတွက် အဆင်ပြေမယ့် ပတ်ဝန်းကျင်မရှိလို့ ဖြစ်တာပါ။ အခု မသန်စွမ်းတဲ့လူတစ်ယောက် ရုပ်ရှင်ကြည့်ချင်တယ်။ ဒါပေမဲ့ ရုပ်ရှင်ရုံက သူတို့ကြည့်နိုင်တဲ့ဒီဇိုင်းနဲ့ တည်ဆောက်ထားတာ မဟုတ်ဘူး။ ဒါဟာ ခန္ဓာကိုယ်မသန်စွမ်းလို့မဟုတ်ဘူး။ ပတ်ဝန်းကျင်ကြောင့်ပါ။ ဒါကြောင့် လူတွေဖန်တီးတဲ့အဆောက်အအုံဒီဇိုင်း၊ ကားဒီဇိုင်း၊ ကွန်ပျူတာဒီဇိုင်း စတာတွေကို သာမန်လူကောင်းတစ်ယောက်သုံးနိုင်သလို မသန်စွမ်းသူတွေလည်း သုံးနိုင်အောင် ဖန်တီးပေးရမှာပေါ့။ ဒါကြောင့် မသန်စွမ်းမှုဆိုတာ မသန်စွမ်းသူတွေနဲ့ပဲ သက်ဆိုင်တာ မဟုတ်တော့ပါဘူး။ လူ့အဖွဲ့အစည်းတစ်ခုလုံးနဲ့ သက်ဆိုင်နေတာပါ" ဟု မသန်စွမ်းသူများနှင့် ပတ်သက်၍ ရုပ်ရှာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဒေဝရိပ်မြုံမှ မသန်စွမ်းသူတစ်ဦးဖြစ်သော မန်နေဂျာ ဦးနေလင်းစိုးက ပြောကြား



LIVING COLOR. No.158, SEPTEMBER . 2008.

www.foreverspace.com.mm

သည်။

"လမ်းတွေ၊ အဆောက်အအုံတွေ တည်ဆောက်တော့မယ်ဆိုရင် မသန်စွမ်းတဲ့သူတွေအတွက်ပါ အသုံးပြုနိုင်အောင် တည်ဆောက်ပေးရမှာပါ။ ဥပမာ–မီးပွိုင့် တပ်ဆင်မယ်ဆိုရင် မျက်မမြင်တဲ့သူတွေအတွက် အသံပါတဲ့မီးပွိုင့်ကို တပ်ဆင်ပေးတာမျိုး။ အရင်က မျက်မမြင်တဲ့သူတွေ ကွန်ပျူတာသုံးလို့မရဘူး။ အခုတော့ မျက်မမြင်တဲ့သူတွေပါသုံးနိုင်တဲ့ ကွန်ပျူတာတွေ ပေါ်နေပြီ။ အဲဒီလိုအဆောက်အအုံတွေ၊ ပစ္စည်းတွေကို အားလုံးသုံးနိုင်တဲ့ဒီဇိုင်းနဲ့ ပြောင်းလဲလိုက်တာဟာ မသန်စွမ်းသူတွေအတွက်ပဲ အကျိုးရှိတာမဟုတ်ပါဘူး။ အခြား သက်ကြီးရွယ်အိုတွေအတွက်ပါ အသုံးဝင်လာတာမျိုး ရှိပါတယ်။ နောက်ပြီး မသန်စွမ်းမှုဆိုတာက လူ့အဖွဲ့အစည်းနဲ့ အမြဲဒွန်တွဲနေတာ။ ဒီနေ့ လူတစ်ယောက် ကိုယ်လက်တွေကောင်းနေပေမယ့် နောက်နေ့ကျရင် မသန်စွမ်း ဖြစ်ရင်ဖြစ်သွားမှာ။ ဒါကြောင့် အဆောက်အအုံ၊ ပစ္စည်းဒီဇိုင်းတွေကို ပြောင်းလဲလိုက်တာဟာ ရေရှည်အတွက်ပါ ကောင်းပါတယ်"ဟု ဦးနေလင်းစိုးက ၎င်းကြုံတွေ့နေရသော အခြေအနေများကို နှိုင်းယှဉ်ကာ ရှေ့ဆက်လုပ်ရမည့် ပုံစံတစ်ခုကို ပြောပြသည်။

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် နေထိုင်ကြသော မသန်စွမ်းသူများ၏ လူနေမှုဘဝသည် အဆင့်မြင့်တိုးတက်ပြီး သက်သောင့်သက်သာရှိစေရန် အစိုးရက ဥပဒေများပြဋ္ဌာန်းကာ ကူညီထောက်ပံ့ပေးထားကြသည်။ မသန်စွမ်းသူများအတွက် လိုအပ်သောဝန်ဆောင်မှုများနှင့် အားပြုကိရိယာများကိုလည်း အဆင့်မြင့်နည်းပညာများသုံးကာ တီထွင်ကြံဆ၍ ထုတ်လုပ်ပေးကြပြီး အထောက်အကူပြုပစ္စည်းများကို အခမဲ့ဖြန့်ဝေပေးခြင်း၊ မသန်စွမ်းသူများ ဝယ်ယူနိုင်သည့် ဈေးနှုန်းများအဖြစ်လည်း သတ်မှတ်ပေးခြင်းများ ပြုလုပ်ပေးကြသည်။

"နိုင်ငံတစ်ခုဖွံ့ဖြိုးတာ တိုက်အမြင့်ကြီးတွေနဲ့ မဆိုင်ပါဘူး။ သူတို့နိုင်ငံမှာ မသန်စွမ်းသူတွေရဲ့ နေ့စဉ်လူမှုရေးဘဝမြင့်မားမှုကိုကြည့်ရင် သိနိုင်ပါတယ်။ မသန်စွမ်းသူတွေရဲ့လူနေမှုဘဝ မြင့်မယ်ဆိုရင် အခြားသူတွေရဲ့ လူမှုဘဝဟာလည်း မြင့်မှာပါပဲ"ဟု ကိုဇင်မင်းထက်က ရှင်းပြသည်။

ယင်းအပြင် နိုင်ငံတစ်ခုတွင် မသန်စွမ်းသူများကို အခြားပြည်သူများနည်းတူ လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများ ရရှိရေးနှင့် မသန်စွမ်းသူများ၏ ရပိုင်ခွင့်များ၊ မသန်စွမ်းသူများ၏အကျိုးစီးပွားကို ကာကွယ်ပေးမည့် ဥပဒေများ စသည်တို့ကိုလည်း အစိုးရအနေဖြင့် အမျိုးသားအဆင့် ဥပဒေများရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။

"တစ်ခါက ကျွန်တော့်အဖေနဲ့ လိုင်းကားစီးကြတယ်။ ကျွန်တော်က ကားခေါင်းခန်းမှာ။ အဖေကတော့ နေရာမရှိလို့ နောက်မှာစီးရတယ်။ ကားခေါင်းခန်းမှာက ကားမောင်းသမားရယ်၊ ကျွန်တော်ရယ်၊ အခြားအမျိုးသားတစ်ယောက်ရယ်ပေါ့။ ကျွန်တော်က အလယ်က။ ကျွန်တော့်ဘေးနားမှာရှိတဲ့ အမျိုးသားတစ်ယောက်က ကျွန်တော့်ကို စတယ်။ နောက်ပြီး ကျွန်တော့် လည်ပင်းကို ညှစ်တယ်။ သူက အားနဲ့ညှစ်တော့ အသက်ရှူကျပ်လာတာပေါ့။ ကျွန်တော်ရန်းတာ ရန်းလို့မရဘူး။ ကားမောင်းသမားကလည်း သူတို့အချင်းချင်းသိနေလို့လားမသိဘူး။ ဘာမှဝင်မပြောပါဘူး။ ကားဂိတ်ရင်းရောက်တော့ ကျွန်တော့်အဖေကို ပြောလိုက်တယ်။ ကျွန်တော်တို့ ဂိတ်မှာ တိုင်ကြတယ်။ ဒါပေမဲ့ သူတို့အချင်းချင်း ပြေလည်သွားကြတာပဲ။ ကျွန်တော်တို့က ဆက်တိုင်ဖို့လုပ်သေးတယ်။ ဘယ်ကိုတိုင်ရမှန်းမသိဘူး။ ဒါကြောင့် ဒီလိုကြုံတွေ့ရတဲ့မသန်စွမ်းတွေကို ကာကွယ်ပေးမယ့် ဥပဒေတွေက တကယ်လိုအပ်ပါတယ်"ဟု သူငယ်နာအကြောတင်းကြောင့် မသန်စွမ်းဖြစ်နေသော ကိုဇင်မင်းထက်က ၎င်း၏ အတွေ့အကြုံနှင့်နှိုင်းယှဉ်ကာ မသန်စွမ်းသူများကိုကာကွယ်ရန် ဥပဒေများလိုအပ်ကြောင်း ပြောကြားသည်။



ယင်းအပြင် မသန်စွမ်းသူများနှင့် ပတ်သက်သည့် ပြန်လည်ထူထောင်ရေး၊ လူထုပညာပေးရေးလုပ်ငန်းများကိုလည်း ဦးစွာကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားရန် လိုအပ်လျက်ရှိသည်။ ၎င်းတို့၏ အားနည်းချက်ကိုသာ ရှုမြင်ခြင်းထက် ၎င်းတို့၏အားသာချက်များကိုကြည့်ပြီး မည်သို့ပြန်လည်ပြုစုပျိုးထောင်ပေးရေးသာ အဓိကဖြစ်၍လာသည်။ ထို့ကြောင့် သာမန်ပညာရေးစနစ်ဖြင့် သင်ကြားရန်ခက်ခဲသော မသန်စွမ်းကလေးများကို အထူးပညာရေးစနစ်ဖြင့် သင်ကြားလာကြသည်။ အထူး

www.foreverspace.com.mm

ပညာရေးစနစ်တွင် သင်ယူသူတစ်ဦးချင်းစီ၏ သီးခြားလိုအပ်ချက်များအလိုက် ဖြည့်ဆည်းသင်ကြားပေးနိုင်သည့်နည်းစနစ်များ ပါဝင်ရာ အမြင်အားနည်းသူကို စာလုံးကြီးကြီးဖြင့် ရိုက်နှိပ်ထားသောစာအုပ်ဖြင့် သင်ကြားပေးခြင်း၊ ကိုယ်ခန္ဓာမသန်စွမ်းသောကလေးများအတွက် အထူးပြုလုပ်ထားသောစားပွဲနှင့် ထိုင်ခုံများဖြင့် သင်ကြားပေးခြင်း စသည်တို့ ပေါ်ပေါက်လာခဲ့ကြသည်။

"ကျွန်တော်တို့ ဧဒင်မသန်စွမ်းသက်ငယ်ကျောင်းကို ၂၀၀၀ ပြည့်နှစ်ကစပြီး ဖွင့်ဖြစ်ခဲ့တယ်။ ဒီမှာက ကိုယ်အင်္ဂါချို့တဲ့သူ၊ မသန်စွမ်းကလေး၊ ဉာဏ်ရည်မမီတဲ့ကလေးတွေလိုအပ်တဲ့ ပြန်လည်ထူထောင်ရေး၊ ပညာပေးရေးနဲ့ အခြားလူမှုရေးဝန်ဆောင်မှုတွေကို အဓိကလုပ်ပေးတာပေါ့။ ပြန်လည်ထူထောင်ရေး၊ ပညာပေးရေးနဲ့ပတ်သက်ပြီးတော့ ၂၀၀၁ ခုနှစ်ကစပြီး C.B.R (Community Based Rehabilitation) လို့ခေါ်တဲ့ မသန်စွမ်းသူများအတွက် ရပ်ကွက်အခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို လှိုင်သာယာမြို့နယ်ထဲမှာ လုပ်ခဲ့တယ်။ အောင်မြင်မှုလည်း ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ နယ်မှာ မသန်စွမ်းသူတွေနဲ့ပတ်သက်တဲ့ ပြန်လည်ထူထောင်ရေး၊ ပညာပေးရေးတွေကို စိတ်ဝင်စားတဲ့သူတွေရှိရင် ပံ့ပိုးပေးဖို့လည်း အစီအစဉ်ရှိပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်က နယ်မှာလုပ်ဖို့ မလွယ်သေးဘူး။ လူထုထဲမှာ မသန်စွမ်းနဲ့ပတ်သက်ပြီး Awareness ဖြစ်ဖို့ကတော့ အများကြီးလိုပါသေးတယ်" ဟု ဧဒင်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးထာအုပ်ကင်း၏အတွေ့အကြုံကို ရှင်းပြသည်။

"ကျွန်မတို့ကျောင်းမှာ ကိုယ်အင်္ဂါမသန်စွမ်းသူ၊ ဉာဏ်ရည်မမီသူကလေးတွေကို နေ့စဉ်လှုပ်ရှားမှုမှာလိုအပ်တဲ့အရာတွေကို အဓိကထားသင်ပေးတယ်။ ထမင်းစားတာ၊ အင်္ကျီဝတ်တာ၊ နောက်ဖေးသွားတာမျိုးပေါ့။ စာသင်လို့ရတဲ့ကလေးကျတော့ မူလတန်းအထိ ဆက်ထားပေးတယ်။ ယခုနောက်ပိုင်း ကျောင်းမှာ ကလေးကပိုများလာတယ်။ အဓိက မိဘတွေက မသန်စွမ်းနဲ့ ပတ်သက်ပြီး နားလည်လာကြလို့ပါ။ အရင်ကဆို အိမ်မှာ မသန်စွမ်းတဲ့ကလေးရှိရင် ရှက်ကြတယ်။ လူသိမခံချင်ဘူး။ တချို့ဆို ဥစ္စာစောင့်ဆိုတာမျိုးတောင် အယူအဆရှိကြတယ်။ အခုဆို ဒါမျိုးမရှိတော့ဘူး။ မိဘတွေကိုယ်တိုင်ကနားလည်ပြီး ကျောင်းကိုလာပို့ကြတယ်။ ကျွန်မတို့ကျောင်းက ကလေး ၁၀၀ လောက်ပဲလက်ခံတာ။ အခု ၁၅၀ ရှိတယ်။ ဒါတောင် ကျောင်းအပ်ချင်လို့ စောင့်နေတဲ့မိဘတွေ ရှိသေးတယ်။ ကျွန်မတို့က ကျောင်းအနေအထားနဲ့ ဆရာမအရေအတွက်ကြောင့် လက်မခံတာပါ" ဟု လူမှုဝန်ထမ်းဌာနလက်အောက်ရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းမှ ကျောင်းအုပ်ဒေါ်ရီမာတင်က ပြောကြားသည်။

ယင်းကဲ့သို့ အထူးပညာရေးစနစ်ဖြင့် သင်ကြားပေးသော မသန်စွမ်းသင်တန်းကျောင်းများ ပိုမိုဖွင့်လှစ်နိုင်ခြင်း၊ မသန်စွမ်းသူများနှင့်ပတ်သက်သည့် ပညာပေးအစီအစဉ်များ ကျယ်ပြန့်စွာဆောင်ရွက်လာနိုင်ခြင်း စသည့် ဆောင်ရွက်မှုများက မသန်စွမ်းသူများအပါအဝင် မိဘများကိုပါ အတွေးအမြင်တို့ပြောင်းလဲစေခဲ့သည်။ မသန်စွမ်းတစ်ယောက်ဖြစ်နေသော်လည်း ကြိုးစားပါက အောင်မြင်နိုင်သည့်အခွင့်အလမ်းများရှိသည်ကို သိရှိလာကြသည်။ လက်တွေ့၌လည်း နမူနာယူစရာ အောင်မြင်နေသည့် မသန်စွမ်းသူများ ရှိကြသည်။ ယင်းတို့တွင် မသန်စွမ်းသူတစ်ဦးဖြစ်သူ ရေကူးချန်ပီယံ



www.foreverspace.com.mm



ကိုဝင်းဆန်းအောင်က "ကျွန်တော် ဖြစ်ချင်တာက ဂီတသမား အခုဖြစ်နေတာက ရေကူးချန်ပီယံ။ ကျွန်တော်က ငယ်ငယ်ကတည်းက တီးဝိုင်းထောင်ဖို့ ရည်ရွယ်ချက်ရှိခဲ့တာ။ အခု ကျွန်တော် ရေကူးလို့ရတဲ့ရွှေတံဆိပ်ဆုတွေနဲ့ တီးဝိုင်းထောင်ဖို့စီစဉ်ထားတယ်။ ကျွန်တော်ကိုယ်တိုင်လည်း သီချင်းတွေရေးပါတယ်" ဟု မိမိ၏အနာဂတ်အိပ်မက်များ အကောင်အထည်ဖော်နေပုံကို ပြောပြသည်။ ကိုဝင်းဆန်းအောင်သည် ၁၉၉၉ ခုနှစ်မှစ၍ ဘန်ကောက်၌ကျင်းပခဲ့သော ဖတ်စဖစ်ရေကူးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယဆုကို ရရှိခဲ့သည်။ ယင်းနောက် ၂၀၀၀ ပြည့်နှစ် မလေးရှားနိုင်ငံ၌ ကျင်းပသည့် ပါရာလံပစ် ဖိတ်ခေါ်ပြိုင်ပွဲတွင် ရွှေခြောက်ခု၊ ငွေခြောက်ခု၊ ကြေးတစ်ခု၊ ၂၀၀၁ ခုနှစ် မလေးရှား အာဆီယံဂိမ်း အဆင့်မြင့်ပြိုင်ပွဲတွင် ရွှေငါးခု၊ ငွေနှစ်ခု၊ ၂၀၀၂ ခုနှစ် တောင်ကိုရီးယားနိုင်ငံ ပူဆန်မြို့တွင်ကျင်းပခဲ့သောပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုတစ်ခု၊ ၂၀၀၃ ခုနှစ် ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့်ပွဲ၌ ရွှေတစ်ခု၊ ငွေတစ်ခု၊ ၂၀၀၅ ခုနှစ် ဖိလစ်ပိုင်အာဆီယံဂိမ်း၌ ငွေနှစ်ခု၊ ၂၀၀၆ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပသည့်ပွဲ၌ ကြေးတံဆိပ်တစ်ခု စသည်ဖြင့် ဆုတံဆိပ်အသီးသီး ရရှိခဲ့သည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများနှင့်ပတ်သက်၍ ပညာပေးရေး၊ ဗဟုသုတဖြန့်ဝေရေးနှင့် ပြန်လည်ထူထောင်ရေးများကို အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများက တတ်အားသမျှ ဆောင်ရွက်ပေးလျက်ရှိသည်။ ပညာပေးစာတမ်းများ ဖြန့်ဝေပေးခြင်း၊ အိမ်တိုင်ရာရောက်ပညာပေးခြင်း၊ ပြန်လည်ထူထောင်ရေးကျောင်းများ ဖွင့်လှစ်ပေးနိုင်ခြင်း၊ သင်တန်းများပို့ချပေးခြင်း၊ မသန်စွမ်းသူများနှင့် ပတ်သက်သည့် အရင်းအမြစ်စင်တာများ ဖွင့်လှစ်ပေးနိုင်ခြင်း စသည့်တိုးတက်မှုများ ရှိလာခဲ့သည်။

ယင်းအပြင် မော်ဘီမြို့နယ် မြောင်းတကာတွင် လူထုအဖွဲ့အစည်းအတွင်း မသန်စွမ်းနှင့်ပတ်သက်သော သဘောထားများ၊ အယူအဆများ ပိုမိုနားလည်သဘောပေါက်လာစေရန်ရည်ရွယ်၍ မသန်စွမ်းမှုဗဟိုပြုဖွံ့ဖြိုးရေးစင်တာကို ဒေါင်ရိပ်မြုံမှ ကမကထပြု၍ ၂၀၀၈ ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး အဆိုပါသင်တန်း၌ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း၊ မသန်စွမ်းမှုညီမျှရေးသင်တန်း၊ မသန်စွမ်းမှုသတိပြုရေးသင်တန်း၊ မသန်စွမ်းမှုနှင့် ဖွံ့ဖြိုးရေးသင်တန်း စသည်တို့ကို ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်သည်။ ယင်းလုပ်ငန်းများသည် နိုင်ငံတစ်ခုလုံးနှင့်တိုင်းတာမည်ဆိုပါက ဝန်နှင့်အားမမျှသည့်ကိစ္စရပ်များလည်း ရှိနေရာ လူထုတစ်ရပ်လုံးနှင့် အစိုးရအဖွဲ့အစည်းများလည်း အလေးထားပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။


"မသန်စွမ်းသူတစ်ယောက်ကိုတွေ့ရင် သူ့ရဲ့အားနည်းချက်ဆိုတာထက် သူ့ရဲ့အားသာချက်ကို ကြည့်စေချင်တယ်။ မသန်စွမ်းသူတွေအနေနဲ့လည်း ကျွန်တော်တို့ဟာ မသန်စွမ်းဖြစ်ပေမယ့်လည်း တခြားသူတွေက ကူညီပေးတာ၊ ဖေးမပေးတာရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကလည်း လူ့အဖွဲ့အစည်းအတွက် အကျိုးပြုရမယ်။ လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး ဖွံ့ဖြိုးလာဖို့အတွက် မသန်စွမ်းတွေအပါအဝင် အားလုံးပါဝင်ဆောင်ရွက်စေချင်တယ်။ အခု ကျွန်တော့်အနေနဲ့လည်း မသန်စွမ်းနဲ့ပတ်သက်ပြီး သင်တန်းပေးတာ။ မသန်စွမ်းသူတွေအကြောင်း လူထုကြားထဲ ကျယ်ပြန့်လာဖို့အတွက် စာတမ်းဖြန့်ဝေပေးတာတွေ လုပ်နေပါတယ်" ဟု ကိုဇင်မင်းထက်က သူ၏ဆန္ဒနှင့် သူ၏လက်တွေ့လှုပ်ရှားနေပုံကို ပြောကြားသည်။

သူသည် မသန်စွမ်းသူတစ်ဦးအဖြစ် မွေးဖွားလာခဲ့သော်လည်း သူ၏ကြိုးစားမှုနှင့် ပတ်ဝန်းကျင်ကူညီမှုများကြောင့် ကိုယ်ပိုင်စွမ်းအားဖြင့် ရပ်တည်နိုင်ခဲ့၏။ ထို့ပြင် သူကိုယ်တိုင် လူ့ဘဝတွင် ရပ်တည်လာနိုင်ခဲ့သလို အခြားသော ဘဝတူများကိုလည်း သူတို့ခြေထောက်ပေါ် သူတို့ရပ်တည်လာစေချင်သည်။ လူထုကိုလည်း မသန်စွမ်းသူများအပေါ် အလေးထားကာ အမြင်များ ပြောင်းလဲလာစေချင်သည်။ ဤသည်တို့ကား သူ၏ဆန္ဒဖြစ်သည်။ သူ၏ရည်မှန်းချက်ဖြစ်သည်။ ထိုရည်မှန်းချက်များ အကောင်အထည်ပေါ်လာစေရန်အတွက်လည်း သူသည် ကွန်ပျူတာရှေ့တွင်ထိုင်ကာ စာလုံးများကို တစ်လုံးချင်းရိုက်၍နေလေ၏။

**ကျော်ဇေယျာထွန်း**

■

www.foreverspace.com.mm




# ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

www.foreverspace.com.mm



## ဘုရင့်နောင်ကုန်စည်ဈေးကွက်

မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန် ကောက်ပဲသီးနှံမျိုးစုံရောင်းဝယ်ရေး ဗဟိုချက်ဖြစ်သည့် မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်ပွဲရုံနှင့် အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းတွင် ဇူလိုင်လအတွင်း၌ ပါမစ်ရရှိမှုအနေအထားကြောင့် ဆန်ဈေးနှုန်းများ အေးနေသကဲ့သို့ စားအုန်းဆီဈေးနှုန်းများလည်း ကျလျက်ရှိကာ ကြက်သွန်နီ ဈေးနှုန်းမှာမူ ယခုနှစ်အတွင်း ပထမဆုံးအကြိမ် ဈေးအမြင့်သို့ပြောင်းလဲခဲ့သည်။ ထို့အတူ အာလူးမှာလည်း ပစ္စည်းပြတ်သည်အထိ အဝယ်လိုက်ခဲ့ပြီး ငရုတ်မှာမူ ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဇူလိုင်လအတွင်း ထူးခြားမှုတစ်ရပ်မှာ ပြည်ပပို့ကုန် ပဲမျိုးစုံဈေးကွက်အတွင်း မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းများ သိသိသာသာဈေးအမြင့်သို့ ပြောင်းလဲခဲ့ပြီး လှောင်လက်များ အမြတ်ရခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

## ပဲလှောင်လက်တွေမြတ်

ပြည်ပပို့ကုန်ပဲမျိုးစုံဈေးကွက်တွင် ကုန်သည်အများစု အရောင်းအဝယ်အီနေချိန်၌ အိန္ဒိယသို့ သင်္ဘောတင်မည့်သူများ ပဲအဝယ်သွက်၍ လှောင်လက်များအမြတ်ရခဲ့သည်။ အဆိုပါသင်္ဘောတင်သတင်းကြောင့် အဝေးမှန်း (ကြိုပွိုင့်) ဈေးနှုန်းတက်မည်ဟု မှန်းဆချက်နှင့် ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ ကြိုပွိုင့်အရောင်းအဝယ်များ ဈေးမြင့်လာခြင်းပင်ဖြစ်သည်။

ဇူလိုင်လ ၂၈ ရက်နေ့က ပဲစင်းငုံတစ်တန် လက်ငင်းအရောင်းအဝယ် ကျပ် ၆၈၀,၀၀၀ ဖြစ်နေချိန်တွင် တစ်လဆိုင်းငွေချေ တစ်တန်လျှင် ကျပ် ၇၅၀,၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ အဆိုပါဈေးနှုန်းသည် အတိုး ရှစ်ကျပ်နှုန်းနှင့်တွက်လျှင် ပဲဈေးကောင်းသည့်သဘောဖြစ်ကြောင်း ကုန်စည်ဒိုင်သို့ နေ့စဉ်လာရောက်လေ့ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

“ပဲဈေးကောင်းတယ်ဆိုတာတော့ မှန်ပါတယ်။ ဒါပေမဲ့ ငွေဈေးနဲ့တွက်ရင် မနှစ်ကဈေးကိုတော့ မမီသေးဘူး” ဟု ၎င်းက ဆိုသည်။

ပြီးခဲ့သည့်နှစ်က ပဲတီစိမ်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၆၀ ရှိပြီး ငွေလဲနှုန်းမှာ ၁,၄၀၀ ကျပ်ခန့်ရှိကြောင်း၊ ယခုအချိန်တွင် တစ်တန် ဒေါ်လာ ၇၂၀ အထိ ဈေးရသော်လည်း ငွေလဲနှုန်းမှာ ၁,၂၀၀ ကျပ်အောက်တွင်သာရှိကြောင်း အသောကလမ်းရှိ ပဲရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

ယခုကဲ့သို့ ပဲဈေးများ ပြန်လည်ကောင်းမွန်လာခြင်းမှာ မတ်ပဲနှင့် ပဲစင်းငုံကို နိုင်ငံစုံကဝယ်ယူလာချိန်၌ ပြည်တွင်းတွင် ပဲလက်ကျန်နည်းနေ၍ ဈေးကစားနိုင်ခြင်းကြောင့်ဖြစ်ကြောင်း၊ ရာသီဥတုအနေအထားကြောင့် ပဲလက်ကျန်နည်းနေကြောင်း၊ လာမည့်လများ၌ ပဲဈေးနှုန်းဆက်လက်ကောင်း၊ မကောင်းဆိုသည်မှာ အိန္ဒိယဝယ်လက်များ အဝယ်ထွက်၊ မထွက်နှင့် သင်္ဘောတင်ရှိ၊ မရှိပေါ်မှာသာ မူတည်ကြောင်း အဆိုပါ ဈေးကွက်စောင့်ကြည့်လေ့လာသူတစ်ဦးက ဆက်လက်ရှင်းပြသည်။

ဇူလိုင်လနောက်ဆုံးပတ်၌ မတ်ပဲပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ၆၉,၅၀၀ ကျပ် တစ်လမှ ခြောက်လဆိုင်းဖြင့် တန် ၃၀၀၊ ဩဂုတ်လ ပစ္စည်းအပ် တစ်အိတ်ကို ၇၁,၀၀၀ ကျပ်ဖြင့် တန် ၁၀၀၊ ဩဂုတ်လ ပစ္စည်းအပ်ငွေချေ ၇၂,၅၀၀ ကျပ်ဖြင့် တန် ၂၀၀၊ တစ်အိတ်လျှင် ၇၀,၀၀၀ ကျပ်ဖြင့် တန် ၁၀၀၀ အထိ တစ်လမှခြောက်လဆိုင်း အရောင်းအဝယ်ဖြစ်သကဲ့သို့ အတိုးမှာလည်း လေးကျပ်ခွဲမှ ရှစ်ကျပ်အထိရှိကြောင်း၊ ပဲစင်းငုံအနီ တစ်တန် တစ်လဆိုင်း ၇၅၀,၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ ပဲတီစိမ်းတစ်တန်ကို ၇၄၀,၀၀၀ ကျပ်ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်၏ အရောင်းအဝယ်စာရင်းများအရ သိရသည်။

## ဈေးကောင်းရသည့် ကြက်သွန်နီ

စားဖိုဆောင်သီးနှံမျိုးစုံဈေးကွက်တွင် မြဝတီဝယ်လက်များကြောင့် ဇူလိုင်လ ဒုတိယပတ်အတွင်း နယ်ကြက်သွန်နီဈေးနှုန်းများမှာ ယခုနှစ်အတွင်း ပထမဆုံးအကြိမ် တစ်ပိဿာ ၆၀၀ ကျပ်ဖြင့် ဈေးကောင်းရခဲ့ကြောင်း ကြက်သွန်နီရောင်းဝယ်ရေးလုပ်ငန်းရှင်များက ပြောကြားသည်။

သို့ရာတွင် မြဝတီဝယ်လက်များ အဝယ်လိုက်လာချိန်၌ နယ်ဝယ်လက်များသည် ခေါ်ဈေးများမြင့်လွန်းသဖြင့် အဝယ်ပြန်ဆိုင်းသွားပြီးနောက် ဈေးနှုန်းများပြန်အေးလာကြောင်း၊ ယခုကဲ့သို့ ဈေးကောင်းရလိုက်သဖြင့် တောက်လျှောက် ရှူးထားသူများ ဈေးပြန်ရသည့်အနေအထားဖြစ်ကြောင်း ၎င်းတို့ထံမှ သိရှိရသည်။

မြဝတီလိုင်းသမားများ နယ်ဆင်းဝယ်



www.foreverspace.com.mm

ချိန်တွင် ရန်ကုန်၌ တစ်ပိဿာလျှင် ၂၅၀ ကျပ်ရှိသော ကြက်သွန်နီဈေးနှုန်းသည် တစ်ရက်လျှင် ၁၀၊ ၁၅ ကျပ် ဈေးနှုန်းမြင့် ချိန်၌ ၂၅၊ ၅၀ ကျပ်အထိ တဖြည်းဖြည်း အမြင့်သို့ပြောင်းလဲသွားသောကြောင့် တစ်ပိဿာလျှင် ၆၀၀၊ ၆၅၀ ကျပ်အထိ ရောက်ရှိခဲ့ကြောင်း၊ နယ်တွင်မူ ဂွ (သောင်းပြောင်း) တစ်ပိဿာ ကျပ် ၅၀၀ ခန့်ရှိကြောင်း၊ တစ်ပိဿာ ၆၅၀ ကျပ်အထိရောက်ခဲ့သော ကြက်သွန်နီသည် လကုန်ရက်ပိုင်း၌ ၅၅၀၊ ၅၂၅ ကျပ်အထိ ပြန်ဆင်းလာကြောင်း အသောကလမ်းမှ ကြက်သွန်နီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။


ကြက်သွန်နီဈေးနှုန်းသည် ဇူလိုင်လ၌ နှစ်စဉ်တက်လေ့ရှိပြီး ယခုရာသီအတွင်း တစ်ပိဿာ ၃၀၀ ကျပ်နှင့် လှောင်ထားသူများသည် တစ်ပိဿာ ၄၀၀၊ ၄၅၀ ကျပ်ဖြင့် ရောင်းချခဲ့ကြကြောင်း၊ ဩဂုတ်လတွင် မြဝတီနယ်စပ်ကဆွဲသကဲ့သို့ ဘင်္ဂလားဒေ့ရှ်ကလည်း အဝယ်ရှိသေးကြောင်း၊ ယခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်မှ ဝယ်သည့်အသံ မကြားရသေးကြောင်း၊ မြင်းခြံ ကြက်သွန်နီမှာမူ တစ်ပိဿာ ၆၀၀ ကျပ်ခန့်ရှိကြောင်း၊ ကြက်သွန်နီကို ပြည်ပသို့တင်ပို့ရာ၌ သင်္ဘောဖြင့် ပုံမှန်တင်ပို့သည်ထက် နယ်စပ်ကုန်သွယ်ရေးမှသွားသည့်ပမာဏကများကြောင်း ဘုရင့်နောင်ပွဲရုံမှ လုပ်သက်ရင့်စားဖိုဆောင် သီးနှံမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

## ရောင်းလိုသူများသည့်ဆန်

ပုံမှန်အားဖြင့် မိုးရာသီကာလတွင် ဆန်ဈေးနှုန်း အမြင့်သို့ ပြောင်းလေ့ပြောင်းထရှိသော်လည်း ယခုနှစ်တွင်မူ အပြောင်းအလဲမရှိကြောင်း ပိတောက်လမ်းအခြေစိုက် ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းသို့ ဆန်တင်ပို့လိုသည့်သူများ အဆင်ပြေစေရန် အသင်းက စီစဉ်ပေးမည်ဖြစ်ကြောင်း၊ ဆန်အဝါဖောက်များမှာ မျှော်မှန်းထားသည်ထက် သက်တမ်းကြာရှည်စွာ ဈေးကွက်သို့ဝင်ရောက်နေကြောင်း၊ ဤပုံစံအတိုင်းသာဝင်ရောက်နေပါက နှစ်စဉ် ဩဂုတ်လရောက်တိုင်း ဆန်ဈေးတက်လေ့ရှိသော်လည်း ယခုနှစ်တွင်မူ တက်ရန်မရှိကြောင်း ပွဲရုံအများစုက သုံးသပ်ထားကြသည်။

ဆန်ကြမ်း ၁၀၈ ပေါင်တစ်အိတ်၏ ဇူလိုင်လနောက်ဆုံးပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့်ဈေးနှုန်းများမှာ မြောင်းမြ နွေဆန်အကြမ်းရှည် တစ်အိတ် ၁၇,၀၀၀ ကျပ်၊ နွေဆန်အနိမ့် တစ်အိတ် ၁၅,၀၀၀ ကျပ်မှ ၁၆,၀၀၀ ကျပ်ခန့်၊ ကျိုက်လတ်၊ မော်လမြိုင်ကျွန်း၊ ဒေးဒရဲ တစ်အိတ် ၁၅,၅၀၀ ကျပ်၊ အချောထိပ်စ ၃၅,၀၀၀ မှ ၃၆,၀၀၀ ကျပ်ခန့်၊ ပေါ်ကျွဲ (ပေါ်ဆန်းလတ်) တစ်အိတ် ၁၈,၅၀၀ ကျပ်ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။



www.foreverspace.com.mm



အိမ်အရောက်ပို့မှာ ပုံမှန်ထက် အနည်းငယ် အမှာများကြောင်း၊ နာဂစ်ပြီးခါစက ဝယ်ထားသည့်ဆန်များ ကုန်သွားပြီး ဩဂုတ်လအတွင်းရောက်လာလျှင် ဆန်ဈေးတက်မည်ဟု မှန်းဆချက်ဖြင့် တစ်အိတ်၊ နှစ်အိတ်မှာသူများလည်း ဇူလိုင်လကုန်၌ သုံးလေးအိတ်ခန့်ပိုမှာလာကြောင်း ဘုရင့်နောင်ပွဲရုံအခြေစိုက် အိမ်အရောက်ပို့ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## ဈေးမာသောငရုတ်သီး

ဇူလိုင်လပထမပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ငရုတ်သီးဈေးနှုန်းသည် နယ်စပ်သမားများအကြိုက် ဈေးနှုန်းများဖြစ်နေ၍ နောက်ပိုင်းတွင် ဈေးမာလာခဲ့သည်။ လကုန်ခါနီးရက်၌ နယ်စပ်သမားများ ထင်သလောက်မဆွဲ၍ ဈေးနှုန်းပြန်အေးခဲ့ကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသ ရွှေလောင်း၊ ဝါးခယ်မတို့မှ ငရုတ်ရှည်ဝင်ရောက်မှုရပ်သွားပြီး အညာငရုတ်ရှည်မှာမူ အောက်တိုဘာလပိုင်းမှသာ ပေါ်ရန်ရှိကြောင်း၊ ကျောက်ဆည်ဒေသမှ စိမ်းစားအပုမှာ တုံးခါနီးသော်လည်း ဩဂုတ်လတွင် မိတ္ထီလာ၊ ပျော်ဘွယ်၊ သဲတောဘက်မှ ပေါပေါများများထွက်လာရန်ရှိသဖြင့် ငရုတ်သီးဈေးနှုန်းတက်ရန်မရှိကြောင်း၊ ဇူလိုင်လ၌ လှောင်လက်အချို့နှင့် အမှုန့်ကြိတ်လုပ်ငန်းရှင်အချို့ အဝယ်ထွက်၍ ငရုတ်သီးဈေးနှုန်း တစ်ပိဿာကို ၂၀ ကျပ်၊ ၂၅ ကျပ်၊ ၅၀ ကျပ်အထိ တက်ခဲ့သော်လည်း ဩဂုတ်လတွင်မူ သိသိသာသာပြောင်းလဲရန်မရှိကြောင်း၊ ဇူလိုင်လနောက်ဆုံးပတ်၌ ကျောက်ဆည်မိုးထောင်တစ်ပိဿာ ၁,၇၅၀ မှ ၁,၈၀၀ ကျပ်ခန့်၊ ပျော်ဘွယ် ၂,၂၅၀ မှ ၂,၃၀၀ ကျပ်၊ အရှည်အညံ့ ၁,၉၀၀ မှ ထိပ်စ ၂,၀၀၀ ကျပ်၊ စိမ်းစားအပု ၂,၆၀၀ ကျပ်၊ စိမ်းစားအပွမှာ ဈေးကျပြီး ဆင်ဖြူကျွန်းမှာ တစ်ပိဿာ ၃,၀၀၀ မှ ၃,၅၀၀ ကျပ်ခန့်ရှိကြောင်း ငရုတ်သီးပွဲရုံများထံမှ စုံစမ်းသိရှိရသည်။

ဝမ်းတွင်းမှ ငရုတ်သီးပေါ်လာလျှင် ထူးထူးခြားခြားဈေးနှုန်းပြောင်းလဲရန်မရှိဘဲ ဆက်အေးနိုင်မည်ဟု ပွဲရုံလုပ်ငန်းရှင်များက ခန့်မှန်းထားကြသည်။

## ပြုတ်ကျခဲ့သောစားအုန်းဆီ

လူသုံးများသည့် အခြေခံစားကုန်ဖြစ်သော စားအုန်းဆီသည် နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တံငါသည်တံဆိပ်၊ ပုစွန်နှစ်ကောင်တံဆိပ် ၁၀ ပိဿာဝင်ပုံးများ ဝင်ရောက်လာခြင်းကြောင့် ဈေးနှုန်းများ ပြုတ်ကျခဲ့ရကြောင်း၊ ဇူလိုင်လ ၂ ရက်နေ့က လက်ငင်းဈေး တစ်ပိဿာ ၃,၀၆၀ ကျပ်ခန့်ရှိသော စားအုန်းဆီဈေးနှုန်းသည် ဇူလိုင်လ ၄ ရက်မှ ၉ ရက်နေ့တွင် တစ်ပိဿာ ၃,၀၉၀ ကျပ်အထိရောက်ပြီးနောက် တောက်လျှောက်ပြုတ်ကျခဲ့ကြောင်း၊ တစ်ပိဿာ ၂,၉၅၀ ကျပ်မှ တစ်ရက်လျှင် ၂၅၊ ၅၀ ကျပ်ခန့်စီကျဆင်းခဲ့ပြီး လကုန်ရက်တွင် တစ်ပိဿာ ၂,၇၅၀ ကျပ်၊ ၂,၇၃၅ ကျပ်ဝန်းကျင်၌ လှိုင်းစီးနေကြောင်း၊ ဇူလိုင်လနောက်ဆုံးပတ် ၃၁/၂၀၀၈ ခွဲတမ်းဈေးနှုန်းမှာ တစ်ပိဿာ ၂,၄၈၆ ကျပ်ခန့်ရှိကြောင်း ကုန် စည်ဒိုင်သတင်းများအရ သိရသည်။

ပုံးဆီ ၁၀ ပိဿာဝင်တစ်ပုံးလျှင် ၃၅,၀၀၀ ကျပ်မှ ဇူလိုင်လ ၂၁ ရက်နေ့တွင် ၃၂,၇၀၀ ကျပ်အထိ ကျဆင်းလာကြောင်း၊ ဇူလိုင်လ ၂၄ ရက်၊ ၂၅ ရက်နေ့တို့တွင် ၃၁,၀၀၀ ကျပ်အထိဖြစ်လာကြောင်း၊ ကော်ပုံးခွံတစ်ပုံးကို ပြန်သွင်းလျှင် ၁,၅၀၀ ကျပ်ခန့်ရ၍ ပုံးတန်ဖိုးသက်သာကြောင်း၊ သံပုံးမှာ ၃၁,၅၀၀ ကျပ်ခန့်ရှိကြောင်း၊ ပုံးဆီအများစုသည် ကန်ဆီများထက် အရည်



www.foreverspace.com.mm

အသွေးကောင်းမွန်သဖြင့် လူကြိုက်ပိုများကြောင်း စားအုန်းဆီရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။ ပဲဆီမှာမူ ပီပါဈေးနှုန်း တစ်ပိဿာ ၄,၇၀၀ မှ ၄,၈၀၀ ကျပ်ခန့်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

## အာလူးဈေးပြန်ကျ

ရှမ်းပြည်နယ်တောင်ပိုင်း ဟဲဟိုးဒေသတွင် အာလူးရာသီသိမ်းခါနီးသဖြင့် ဘုရင့်နောင်ပွဲရုံတွင် အာလူးပြတ်သည်အထိ အရောင်းအဝယ်ကောင်းခဲ့ကြောင်း၊ တစ်ပိဿာ ၇၀၀ ကျပ်အထိ ဈေးကောင်းခဲ့သော်လည်း လကုန်ပိုင်းတွင် တစ်ရက်တည်း ကား ၁၅ စီးခန့်ဝင်ရောက်လာသဖြင့် ဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ကြောင်း၊ အသစ်ပေါ်သည့်အာလူးသည် အစိုဓာတ်များပြီး အထားမခံသဖြင့် တစ်ပိဿာ ၅၀၀ ကျပ်ကျော်ခန့် ဈေးနှုန်းကျဆင်းလာကြောင်း၊ ဇူလိုင်လကုန်တွင် အာလူးအနိမ့် တစ်ပိဿာ ၁၅၀ မှ ၅၀၀ ကျပ်ခန့်သာရှိကြောင်း ဘုရင့်နောင်ပွဲရုံ အောင်သပြေလမ်းမှ အာလူးရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

ကြက်သွန်ဖြူမှာ နေ့စဉ် ပိဿာ ၃၀ ဝင်အိတ် ၇၀၀၊ ၈၀၀ ခန့် ပုံမှန်ဝင်ရောက်နေပြီး ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ၅၇၅ ကျပ်၊ ၄၇၅ ကျပ်၊ ၃၇၅ ကျပ်ခန့်၊ ကြူကုတ်ကြက်သွန်ဖြူမှာ တစ်ပိဿာ ၇၅၀၊ ၈၀၀ ကျပ်ခန့်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။



## ရခိုင်ပုစွန်ခြောက်အဝင်များ

ဘုရင့်နောင် ရေထွက်ကုန်ပစ္စည်းဈေးကွက်သို့ မြန်မာနိုင်ငံအနောက်ဘက်ခြမ်း ရခိုင်ပြည်နယ်မှ ပုစွန်ခြောက်များဝင်ရောက်လျက်ရှိပြီး မိုးရာသီဖြစ်၍ ကျပ်တိုက်စများလည်း ဝင်ရောက်လာကြောင်း၊ ကျပ်တိုက်စ တစ်ပိဿာ ၅,၅၀၀ မှ ၆,၀၀၀ ကျပ်၊ အသေး တစ်ပိဿာ ၅,၀၀၀ မှ ၅,၅၀၀ကျပ်၊ မြောက်ဦးစ တစ်ပိဿာ ၁၁,၀၀၀ မှ ၁၂,၀၀၀ ကျပ်၊ ရခိုင်အကြီးစ တစ်ပိဿာ ၁၂,၀၀၀ ကျပ်မှ ၁၃,၀၀၀ ကျပ်၊ ရခိုင်အသေး တစ်ပိဿာ ၉,၀၀၀ မှ ၉,၅၀၀ ကျပ်၊ လပွတ္တာစမှာ တစ်ပိဿာ ၁၁,၀၀၀ မှ ၁၂,၀၀၀ ကျပ် ခန့်ရှိကြောင်း ကံ့ကော်လမ်းမှ ရေထွက်ပစ္စည်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

## ဒေသစုံလှည့်သွားသည့်ကုန်ကား

ကုန်တင်ယာဉ်များသည် ကုန်ရရန် ၁၀ ရက်ကျော်ခန့်စောင့်နေရသဖြင့် ကိုယ့်လိုင်းနှင့်ကိုယ်မဟုတ်ဘဲ စရိတ်ကာမိရန် ကုန်ရလျှင်ရသကဲ့သို့ လှည့်ဆွဲလာကြကြောင်း၊ ယခင်က မန္တလေးကုန်တင်ယာဉ်သည် ရန်ကုန်–မန္တလေးသာသွားသကဲ့သို့ ရန်ကုန်–ဘားအံသွားသည့် ကုန်တင်ယာဉ်သည် ရန်ကုန်–ဘားအံခရီးကိုသာ ကိုယ့်ဒေသနှင့်ကိုယ် ကုန်သယ်ယူပို့ဆောင်လေ့ရှိသော်လည်း ဇူလိုင်လအတွင်း ကုန်မရသည့်အတွက် ကုန်ရှာရန် ဒေသစုံသို့ လှည့်ပတ်သွားလာကြကြောင်း အောင်သပြေလမ်းအခြေစိုက် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

နှစ်စဉ်နှစ်တိုင်း ဇူလိုင်၊ ဩဂုတ်လများသည် ထွန်တုံးပိတ်ချိန် တစ်နည်းအားဖြင့် လယ်ယာလုပ်ငန်းသိမ်း၍ ကောက်သစ်မပေါ်သေးချိန် ကြားကာလဖြစ်၍ အခြေခံစားကုန် ဆန်ဈေးနှုန်း၊ ဆီဈေးနှုန်းများ အမြင့်သို့ပြောင်းလဲသည့် အစဉ်အလာရှိကြောင်း၊ သို့ရာတွင် ယခုနှစ်၌ နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းဒေသအချို့၏ ဝယ်ယူစားသုံးမှု (ဖြုန်းအား) လျော့နည်းခြင်းနှင့်အတူ

www.foreverspace.com.mm



ဘုရင့်နောင်တွင် လယ်ယာထွက်ကုန်သီးနှံမျိုးစုံ သိသိသာသာအရောင်းအဝယ်အေးခဲ့ကြောင်း၊ သက်ဆိုင်ရာအသင်းအဖွဲ့များ၏ ကြိုတင်စီမံထားမှုများကြောင့် ရန်ကုန်မြို့တွင်း ဆန်အဝင်ဖူလုံနေခဲ့ကြောင်း၊ အကျိုးဆက်အနေဖြင့် ဈေးနှုန်းများ ထူးထူးခြားခြားပြောင်းလဲရန်မရှိနိုင်ကြောင်း ဝါရင့်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

## ညောင်ပင်လေးဈေးပလာဇာ

အခြေခံစားကုန်အချို့၊ အခြားအသင့်စားနှင့် အရန်စားကုန်အချို့တို့၏ ဝယ်လိုအားပမာဏ အနည်းငယ်အေးသည့်အသွင်ရှိနေကြသော်လည်း ဇူလိုင်လအတွင်း ညောင်ပင်လေးဈေးပလာဇာသို့ ပြည်တွင်း၊ ပြည်ပမှကုန်စည်များ အဆင်ပြေချောမွေ့စွာ ဝင်ရောက်လျက်ရှိနေခြင်းနှင့် ငွေကြေးနှုန်းထား တည်ငြိမ်နေခြင်းတို့ကြောင့် ကုန်စည်ဈေးနှုန်းများ ငြိမ်လျက်ရှိနေကြောင်း ယင်းဈေးကြီးအတွင်း ရောင်းဝယ်ဖောက်ကားသူတို့၏အဆိုအရ သိရသည်။

ထို့အပြင် ညောင်ပင်လေးဈေးပလာဇာအတွင်း ဇူလိုင်လ ဒုတိယပတ်ခန့်မှစတင်၍ ဆိုင်ခန်းများ ပစ္စည်းပျောက်ဆုံးမှုများအတွက် လုံခြုံရေးဆောင်ရွက်ရမည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်အရ လူ၊ ပစ္စည်း မသင်္ကာဖွယ်ရာတွေ့ရှိရပါက တိုင်ကြားရန်၊ ဈေးကြီးတွင်ရှိ ဆိုင်ခန်းများဖွင့်၊ ပိတ်မှုတို့ကို ပိုင်ရှင်ကိုယ်တိုင်သာဆောင်ရွက်ရန်၊ အလုပ်သမားတို့ကိုလည်း ရဲစခန်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (ရ.ယ.က) ထောက်ခံချက်များဖြင့်သာခန့်အပ်ရန်၊ ပစ္စည်းပျောက်ဆုံးပါက ဈေးတာဝန်ရှိသူများထံတိုင်ကြားရမည့်အချိန်နှင့် အရွယ်မရောက်သေးသည့် ကလေးသူငယ်များကို ခိုင်းစေခြင်းမပြုလုပ်ရန်တို့ ယင်းကြေညာချက်၌ ပါရှိသည်။



## သကြားစွာ၊ နို့ဆီအေး

မိုးဆက်တိုက်နီးပါး ရွာသွန်းနေသည့်အတွက် ဇူလိုင်လအတွင်း သကြားဈေးကွက်မှာ အရောင်းအဝယ်ပါးလျက်ရှိကြောင်း၊ သို့ရာတွင် ဇူလိုင်လဒုတိယပတ်အတွင်း ဈေးနှုန်းများ ထပ်မံမြင့်တက်သွားခဲ့ကြောင်း ဘုရင့်နောင်ပွဲရုံရှိ သကြားပွဲရုံအချို့ထံမှ သိရှိရသည်။ ဇူလိုင်လနောက်ဆုံးပတ်အတွင်း၌မူ အဆိုပါဈေးနှုန်းအတိုင်းပင် ငြိမ်သက်လျက်ရှိနေသည်ဟု ယင်းပွဲရုံများထံမှ သိရသည်။ ဇူလိုင်လအတွင်း ရောက်ရှိသွားသည့် သကြားဈေးနှုန်းတို့တွင် ထိပ်စမှာ ၈၀၀ ကျပ်မှစ၍ အရောင်ပေါ်မူတည်ပြီး ဈေးအမျိုးမျိုး



ရှိကြောင်း၊ အောက်စမှာလည်း ၇၅၀ ကျပ်မှ ၇၈၀ ကျပ်ကြားသို့ ရောက်ရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ယခင်လအတွင်းကမူ ထိပ်စမှာ ၇၁၀ ကျပ်မှ ၇၅၀ ခန့်တွင်းသာရှိ၍ အောက်စမှာ ၆၀၀ ကျပ်အောက်တွင်သာရှိခဲ့သည်။ ယင်းသို့ သကြားဈေးနှုန်းများ တက်သွားခြင်းကြောင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ထန်းလျက် ဈေးနှုန်းမှာလည်း အနည်းငယ်တက်သွားခဲ့ကြောင်းနှင့် ဇူလိုင်လနောက်ဆုံးပတ်တွင် သိရှိရသည့်ဈေးနှုန်းများအရ မလိုင်ထန်းလျက်မှာ ၅၃၀ ကျပ်မှ ၅၄၅ ကျပ်ခန့်အထိရှိနေပြီး ညောင်ဦး ထန်းလျက်မှာမူ ၆၀၀ ကျပ်မှ ၆၂၀ ကျပ် ဝန်းကျင်တွင်ရှိကြောင်းနှင့် ယခင်က ၅၀၀ ကျပ်စွန်းစွန်းတွင်သာရှိခဲ့ကြောင်း ထန်းလျက်ပွဲရုံလုပ်ငန်းရှင်ထံမှ သိရသည်။

ထို့အတူ နို့ဆီအမှတ်တံဆိပ်မျိုးစုံမှာလည်း ယခင်လပေါက်ဈေးများအတိုင်း ပျမ်းမျှ ၈၀၀ ကျပ်ကျော်ဝန်းကျင်တွင်သာရှိနေကြောင်း၊ ဇွန်လအတွင်း ထိုင်းနိုင်ငံမှ ဝင်ရောက်လာသည့် Shal အမှတ်တံဆိပ်နို့ဆီမှာ ကြော်ငြာထိုးဖောက်မှုအားကောင်းခြင်းကြောင့် မေးသူများသော်လည်း ဝယ်ယူသူနည်းနေသေးကြောင်း၊ ဈေးကွက်အတွင်း ယခုမှဝင်ရောက်ခြင်းဖြစ်သော်လည်း ဈေးအမြင့်၌ပင်ရှိကြောင်းနှင့် လက်ကားဈေးမှာ

www.foreverspace.com.mm



၇၃၀ ကျပ် ပေါက်ဈေးရှိနေကြောင်း ညောင်ပင်လေးဈေးရှိအရောင်းဆိုင်အချို့ထံမှ သိရသည်။ ယင်းအမှတ်တံဆိပ်၏ အရည်အသွေးပိုင်းကိုမူ တုံ့ပြန်မှုမသိရသေးကြောင်းလည်း လက်ကားရောင်းချသူတစ်ဦးက ဆိုပါတယ်။

## ငါးသေတ္တာ၊ အသားဘူး

ပြည်ပမှတင်သွင်းလာသည့် Hi-Q နှင့် Family အမှတ်တံဆိပ် ငါးသေတ္တာဘူးများမှာ ဇွန်လအတွင်းက ဈေးကွက်အတွင်း ပစ္စည်းဝင်ရောက်မှုမရှိခြင်းကြောင့် လက်ကားဆိုင်ကြီးများတွင် ပစ္စည်းပြတ်လပ်ခဲ့ရာမှ ယခုလအတွင်း Family အမှတ်တံဆိပ်မှာ ဈေးကွက်အတွင်း ပြန်လည်ဝင်ရောက်လာသော်လည်း Hi-Q မှာ ပစ္စည်းအဝင်ပြတ်လပ်ဆဲဖြစ်ကြောင်း ညောင်ပင်လေးဈေးပလာဇာရှိ လက်ကားရောင်းချသူများကဆိုသည်။ Family အမှတ်တံဆိပ်မှာလည်း ပြန်လည်ဝင်ရောက်လာသော် လည်း ပုံမှန်ဈေးပင်ရှိနေကြောင်း၊ လက်ကားရောင်းချဈေး ၆၇၅ ကျပ်ဖြစ်ကြောင်း ၎င်းတို့ထံမှ သိရှိရသည်။

ပြည်တွင်းထုတ် Ready အမှတ်တံဆိပ် ဆိတ်၊ အမဲနှင့် ငါးသလောက် အသားဘူးတို့မှာ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးကာလ ဈေးနှုန်းအောက် ၃၀ ကျပ်ခန့် ပြုတ်ကျလျက်ရှိသည်ကို တွေ့ရသည်။ ယင်းအမှတ်တံဆိပ် ဆာဒင်းငါးသေတ္တာမှာ ၄၈၀ ကျပ်နှင့် A1 မှာ ၃၆၀ ကျပ်ဖြစ်ကြောင်းလည်း လက်ကားရောင်းချသည့်ဈေးကွက်အတွင်းမှ သိရှိရသည်။

## ဝါတွင်းအဝင် အချိုရည်ငြိမ် Coffee Mix ပုံမှန်

ဝါတွင်းဝင်စ ဝါဆိုလအတွင်း အလှူအတန်းများကြောင့် အချိုရည်နှင့် ကော်ဖီမစ်များ အရောင်းသွက်ခဲ့ရာမှ ယခုအခါတွင် ပြန်လည်တည်ငြိမ်သွားပြီဖြစ်၍ ပုံမှန်ရောင်းချရမှုသာရှိတော့ကြောင်းနှင့် ဈေးအေးလျက်ရှိကြောင်း ရောင်းဝယ်ဖောက်ကားလျက်ရှိသူတို့ကဆိုသည်။ နှိုင်းယှဉ်ဈေးနှုန်းများအရ ယမန်နှစ်က ၁,၄၅၀ ကျပ်တွင်ရှိခဲ့သည့် Ve Ve ခွက်စုံမှာ ယခုအခါ ၂,၆၀၀ ကျပ်၊ Ve Ve မန်ကျည်းမှာလည်း ယခင်နှစ်က ၃,၈၅၀ ကျပ် ရှိခဲ့ပြီး ယခုအခါ ၄,၅၅၀ ကျပ်တို့ဖြစ်ကြောင်း ၎င်းတို့ထံမှသိရသည်။ ပြည်ပမှဝင်ရောက်သည့်အချိုရည်တို့မှာမူ ဈေးအနည်းငယ်ကျဆင်းလျက်ရှိနေကြောင်း ညောင်ပင်လေးဈေးပလာဇာအတွင်းမှ သိရသည်။


လက်ရှိတွင် ပြည်တွင်းမှထုတ်လုပ်သည့် Coffee Mix တို့မှာ ပုံမှန်အတိုင်း ထုတ်လုပ်ဖြန့်ချိနိုင်သည့်အတွက် ဈေးကွက်တွင်း ယခင်ဈေးနှုန်းများအတိုင်း ပုံမှန်ပြန်လည်ရောင်းချနိုင်ပြီဖြစ်ကြောင်း၊ Super Coffee Mix အထုပ်ကြီးမှာ ပြီးခဲ့သည့်လအတွင်းက ၄၈၀၀ ကျပ် ရှိခဲ့ရာမှ ၄,၅၀၀ ကျပ်သို့ရောက်ရှိခဲ့ကြောင်း၊ Gold Roast ကော်ဖီမစ်အထုပ်ကြီးမှာ ၄,၇၀၀ ကျပ် ဖြစ်သည်ဟု လက်ကားအရောင်းဆိုင်များမှ သိရသည်။

## ဆပ်ပြာ၊ ဆပ်ပြာမှုန့်

ပြည်တွင်းသုံးစွဲမှုအတွက် ဈေးကွက်အတွင်း လုံလောက်စွာရရှိနေသည့် နိုင်ငံပိုင်စက်ရုံထုတ် ရွှေဝါဆပ်ပြာတောင့်များမှာ ၁၆,၀၀၀ ကျပ်မှ ယခုလတွင် ၁၆,၄၀၀ ကျပ်ဈေးနှုန်းသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။ လက်ရှိတွင် ပြည်ပမှ မှာယူတင်သွင်းရသည့် ကုန်ကြမ်းဈေးနှုန်းများ ကျဆင်းနေသည့်အတွက် ဆပ်ပြာဈေးနှုန်း ကျဆင်းနိုင်ဖွယ်ရှိနေကြောင်း ဆပ်ပြာလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ ရာသီနှင့်ယှဉ်ပါက မိုးရာသီတွင် ဆပ်ပြာအရောင်းပါးလေ့ရှိသည့်အတွက် ယခုအချိန်သည် ဈေးကွက်၌ အရောင်းအဝယ်ဖြစ်ထွန်းမှု နည်းကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။ ယခုအချိန်တိုင်အောင် ဈေးကွက်ရှိဆဲဖြစ်သည့် မြန်မာကာဘော်လစ်မှာ လေးခဲတွဲပါတစ်တောင့်လျှင် ၄၀၈ ကျပ် ရှိနေပြီး အတောင့် ၅၀ ပါ တစ်ဖာလျှင် ၂၀,၄၀၀ ကျပ်ရှိသည်ဟု အဆိုပါဈေးကွက်မှ သိရသည်။

ပြီးခဲ့သည့်လက ဈေးကွက်အတွင်း ပစ္စည်းပြတ်ခဲ့သည့် သက်သာဆပ်ပြာမှုန့် မှာ ဈေးကွက်အတွင်း ပြန်လည်ရောက်ရှိနေပြီဖြစ်ပြီး ၂၀၀ ဂရမ်အထုပ် ၅၀ ပါအိတ်ကြီးတစ်အိတ်လျှင် ၁၃,၄၀၀ ကျပ်ရှိသည်။ ဈေးကွက်အတွင်း ရောင်းအားကောင်းသည်ဟုဆိုသော အီလန်အမှတ်တံဆိပ် ဆပ်ပြာမှုန့်မှာမူ ၂၀၀ ဂရမ်အထုပ်ကြီး ၅၀ ပါအိတ်ကြီးတစ်အိတ်လျှင် ၁၃,၆၀၀ ကျပ်ရှိနေကြောင်း ညောင်ပင်လေးဈေးလက်ကားဆိုင်ကြီးများ၏ အဆိုအရ သိရသည်။

**နိုင်မင်းဇေ ၊ ဇာလီကျော်**



# ညှဉ့်ဦးယံတက်မည့်ဒီရေနှင့်အတူ လိုက်ပါမည့်သူများ

နိုင်မင်းဝေ

www.foreverspace.com.mm

www.foreverspace.com.mm



**နှစ်ပေါင်း ၁၃၀ ခန့်အတွင်း မြန်မာနိုင်ငံ၌ အပြင်းထန်ဆုံးတိုက်ခတ်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် နိုင်ငံ၏ စပါးကျီဒေသကြီးတွင် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအသီးသီး ကြီးမားစွာပျက်စီးဆုံးရှုံးခဲ့ရသည်။ အထူးသဖြင့် မြန်မာ့စီးပွားရေး၏ကျောရိုးဖြစ်သော လယ်ယာလုပ်ငန်းတွင် များစွာသောဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ သို့ရာတွင် ရိုးသားပွင့်လင်း၍ ဖွဲ့မလျော့တတ်သည့် မြန်မာလယ်သမားများ၏ စရိုက်လက္ခဏာအတိုင်း နာဂစ်ကိုအန်တုရှ် အရှုံးမပေးလျှင် မရှုံးဘူးဟုဆိုသည့်ခံယူချက်ဖြင့် လုပ်ငန်းခွင်အတွင်းသို့ ပြန်လည်ဝင်ရောက်၍လုပ်ကိုင်နေကြသည်ကို အံ့သြဖွယ်ရာတွေ့ရှိရသည်။**


တစ်နည်းအားဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များ၏ စာနာထောက်ထားကူညီမှုများရှိနေသော်လည်း မြတ်ဗုဒ္ဓမိန့်ကြားသည့် 'အတ္တာဟိအတ္တာနောနာထော' မိမိကိုယ်သာကိုးကွယ်ရာဆိုသည့် သတ္တိဖြင့် လယ်ယာလုပ်ငန်းခွင် ပြန်လည်ဝင်ရောက်နေသည့်လယ်သမားများ၏ မြင်ကွင်းသည် နံနက်ခင်းက တက်ခဲ့သည့်ဒီရေကို မမီလိုက်သည့်အခါ ညဦးယံတက်မည့်ဒီရေနှင့်အမီလိုက်ပါမည်ဟူသော စိတ်အားထက်သန်မှုမျိုးဖြင့် မြစ်ဝကျွန်းပေါ်သားများ၏ ဘဝရှင်သန်မှုပုံသဏ္ဍာန်လည်း ဖြစ်ပေသည်။

## မြင်ကွင်း (၁)

နေရာကား ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် မဘောကျေးရွာအုပ်စု ရွာသာညွန့်ကျေးရွာ။ အချိန်ကား မွန်းလွဲ ၂ နာရီခန့်။ အသက် ၃၂ နှစ်အရွယ် ကိုမြင့်မောင်သည် စတီးဆေးထိုးအပ်တစ်ချောင်းကိုကိုင်၍ ၎င်းပိုင်ကျွဲတင်းကုပ်သို့သွားနေသည်။ ခွာနာလျှာနာရောဂါဖြစ်နေသော ၎င်း၏ကျွဲကို မော်လမြိုင်ကျွန်းမှ ပဲ့ထောင်ဖြင့်ပါလာသောဆေးဖြင့်ကုသရန် သွားနေခြင်းဖြစ်သည်။

၎င်းသည် နာဂစ်မုန်တိုင်းမတိုင်မီက ခိုင်းကျွဲခြောက်ကောင်ခန့်ပိုင်ဆိုင်ပြီး နာဂစ်မုန်တိုင်းကြောင့် နှစ်ကောင်သေဆုံးခဲ့ရသည်။ မုန်တိုင်းမှလွတ်လာသော ကျွဲလေးကောင်အနက် နှစ်ကောင်မှာလည်း လည်ပင်းရောင်ရောဂါနှင့် ထပ်မံသေဆုံးခဲ့ရသည်။ လက်ရှိခိုင်းနေသော ကျွဲတစ်ရှဉ်းအနက် တစ်ကောင်မှာ ခွာနာလျှာနာရောဂါကြောင့် ခွာကျွတ်သွားသဖြင့် လယ်ထွန်ခြင်းကို ရပ်နားထားရသည်။

ကိုမြင့်မောင်သည် ကိုင်းထွန်စက်တစ်လုံးဝယ်ယူ၍ ၎င်းပိုင်လယ်ခွက် ၂၀(၂၅ ဧကခန့်) ကို နံနက် ၆ နာရီမှ နေ့လယ် ၁၁ နာရီထိ တစ်ကြိမ်၊ နေ့လယ် ၁ နာရီမှ ညနေ ၅ နာရီအထိတစ်ကြိမ် တစ်ရက်လျှင် နှစ်ကြိမ် မနားမနေထွန်ယက်နေသည်။ ၎င်း၏ ကျွဲနှစ်ကောင်စလုံးသည်



www.foreverspace.com.mm

ယခုနှစ်မိုးရာသီတွင် အနားပေးရမည့်အခြေအနေကြောင့် ကိုင်းထွန်စက်ကို အရစ်ကျစနစ်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။

"ကျွန်တော် ဒါပဲလုပ်တတ်တာ ဒါပဲလုပ်ရမှာပေါ့။ ကျွန်တော့်ထက် အခြေအနေဆိုးတဲ့သူတွေ အများကြီး။ လယ်စိုက်ချိန်က ဝါခေါင်လပြည့်နေ့အထိ ရသေးတယ်။ တစ်လခွဲလောက်အချိန်ကျန်သေးတော့ လယ်အားလုံးပိတ် (စိုက်ပြီး) သွားမှာပါ" ဟု ကိုမြင့်မောင်က ယုံကြည်ချက်အပြည့်ဖြင့် ပြောပြသည်။

## မြင်ကွင်း (၂)

လပွတ္တာမြို့နယ် ကံဘဲ့ကျေးရွာမှ ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီခွဲခန့် အချိန်တွင် ဈေးဝယ်ပြီးပြန်လာသော လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာအုပ်စု မောင်ငယ်ချောင်းကျေးရွာနေ အသက် ၄၈ နှစ်ရှိ လယ်လုပ်သား ဦးထွန်းညိုက ၎င်းတွင် လယ်ဧက ၃၀ ကျော်ရှိကြောင်း၊ ယခု ၁၅ ဧက ထွန်ယက်ပြီးစီးသွားကြောင်း၊ ၎င်းပိုင် ကိုင်းထွန်စက်၏ဘီးတွင်တပ်ဆင်သည့် 'ပေါင်' ကွဲသွားသဖြင့် ကံဘဲ့ရွာသို့ သွားရောက်ဝယ်ယူခြင်းဖြစ်ကြောင်း ဆိုသည်။

သံကြွပ်ဖြင့်လုပ်ထားသည့် ပေါင်သည် ရွှံ့ထူထူထဲတွင် ကွေ့သည့်အခါ မူလီခေါင်းပေါက်များ ပွဲ့ကျခြင်း၊ ဝင်ရိုးပေါက်မှ ကွဲအက်ခြင်းများ ဖြစ်တတ်သည့် ကိရိယာအစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ပထမအကြိမ် လက်ယာဘက်ပေါင် ဝယ်စဉ်က ၁၂,၇၀၀ ကျပ်ပေးရပြီး၊ ယခု လက်ဝဲဘက်ပေါင်ကို ၁၃,၂၀၀ ကျပ်ပေးခဲ့ရကြောင်း နှစ်ပတ်အတွင်း ကျပ် ၅၀၀ ခန့် ဈေးပြောင်းသွားကြောင်း၊ ဝါခေါင်လပြည့်အမီ လယ်အားလုံးပြီးရန်သာ အရေးကြီးကြောင်း ရှင်းပြသည်။

"အခုနှစ် စက်သုံးဆီက တစ်ဧကကို နှစ်ဂါလန်ရတယ်။ စက်တစ်လုံးက တစ်နေကုန်မောင်းရင် ငါးဧကလောက်ပြီးတယ်။ ခွက်ကောက်သမား (ကောက်စိုက်၊ ပျိုးနုတ်လုပ်သား) ဒီနှစ်ရှားလို့ ကြဲခင်းပဲစိုက်တယ်။ အထွေထွေစိုက်ပျိုးစရိတ်က တစ်ဧက လေးသောင်းခွဲလောက်ကျတယ်" ဟု ၎င်း၏ လက်ရှိအခြေအနေကို ပြောကြားသည်။

## သည်အလုပ် စိတ်ဒဏ်ရာကုထုံး

"ကျွန်တော်တို့မိသားစုက ရွာမကြီးမှာနေရင် ဘာမှဖြစ်မှာမဟုတ်ဘူး။ အဲဒီနေ့ညနေပိုင်းက ကွင်းထဲကို မိသားစုတစ်စုလုံး လယ်လုပ်ဖို့ ပြောင်းသွားလို့ မိန်းမကော၊ ငါးနှစ်အရွယ်သမီးပါ ပါသွားတယ်" ဟု လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာအုပ်စု ထုံးဘူးကျွရွာသား အသက် ၂၅ နှစ်အရွယ် ကိုမြင့်ဇော်က လပွတ္တာသင်္ဘောပေါ်၌ ၎င်းအတွေ့အကြုံကို မျက်လုံးအိမ်နှစ်ဖက်တွင် မျက်ရည်များဝေသီလျက် စတင်ပြောပြသည်။

၎င်းသည် ယခုလပွတ္တာ-ရန်ကုန်သင်္ဘောဖြင့် ၎င်း၏ရွာသို့ ပြန်လာခြင်းဖြစ်ပြီး လပွတ္တာတွင် ထွန်စက်ထုတ်ရန် သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းသတင်းကို မသိဘဲ လယ်စိုက်ရန်အတွက် ကွင်းထဲ (လယ်ထဲ) သို့ သွားအိပ်သည့်ညမှာပင် ည



www.foreverspace.com.mm



ဘက်ရေတက်လာသည့်အခါ မိသားစုတစ်စုလုံး ပလတ်စတစ်ပုံးကိုကိုင်၍ ရေထဲ၌ နာရီအတော်ကြာကြာ မျောပါသွားခဲ့ကြောင်း ဆိုသည်။ "အဲဒီညက ကျွန်တော့်မိန်းမက ငါတို့ ဘယ်လိုလုပ်ကြမလဲလို့ တဖွဖွမေးတော့ ငါတို့ရောက်ဖူးတဲ့ ရွှေတိဂုံဘုရားကြီးကိုသာအာရုံပြုလို့ အားပေးရတယ်။ ငါးနှစ်အရွယ်သမီးကလည်း ဖေကြီးမှောင်လိုက်တာ မီးထွန်းပါဦးလို့ ခဏခဏပြောရင်း မြောက်လေအတိုက်မှာ တစ်စစီကွဲသွားတယ်" ဟု မုန်တိုင်းညအတွေ့အကြုံကို ကြေကြေကွဲကွဲ ပြန်လည်ပြောကြားသည်။

"ကိုယ့်မျက်စိအောက်မှာပဲ ဖြစ်တာဆိုတော့ ဖြေဖို့တော်တော်ခက်တယ်။ တတ်နိုင်သမျှ ကုသိုလ်ကောင်းမှုလုပ်ပြီး သူတို့ကို အမျှဝေတယ်။ အခုတော့ အလုပ်ထဲမှာပဲ စိတ်နှစ်ထားလိုက်တယ်။ ငါငွေများများရမှ သူတို့အတွက် ပိုလှူနိုင်မယ်လို့ တွေးမိတဲ့အတွက် အလုပ်ထဲမှာပဲ စိတ်နှစ်ထားတယ်" ဟု ၎င်း၏မိသားစုဝင်များ ဆုံးရှုံးခဲ့ရသည့်စိတ်ဒဏ်ရာအပေါ် ၎င်း၏ကုထုံးကို ပြောကြားသည်။

## ကြွဲခင်းနှင့်ဘောက်သမား

နာဂစ်မုန်တိုင်းတိုက်ခတ်မှုကို အပြင်းအထန်ခံခဲ့ရသည့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း နေထိုင်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်းဖြစ်သည်ဆိုသော်လည်း အဆိုပါလုပ်ငန်းကြီးနှစ်ခုကို မှီခိုလုပ်ကိုင်နေသည့် ဘောက်သမားခေါ် ကျပန်းလုပ်သားများ သုံးပုံတစ်ပုံခန့်ရှိကြောင်း တွေ့ရှိရသည်။ ဧရာဝတီတိုင်းမှ ဘောက်သမားအများစုသည် လယ်ယာလုပ်ငန်းစတင်ချိန်၌ ကောက်စိုက်၊ ပျိုးနုတ် စသည့်လုပ်ငန်းများကို နေ့စားခယူ၍ အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်ပြီး စပါးမှည့်ချိန်တွင် ကောက်ရိတ်၊ စပါးနယ်၊ စပါးသယ်လုပ်ငန်းများနှင့် အသက်မွေးကြသူများဖြစ်သည်။

ယခုနှစ်တွင် လယ်သမားအများစု



သည် နာဂစ်မုန်တိုင်းကြောင့် စိုက်ပျိုးချိန်နောက်ကျခဲ့သဖြင့် ပျိုးထောင်စိုက်ပျိုးမှုအစား ကြွဲခင်းစနစ်ဖြင့်သာ စိုက်ပျိုးကြသဖြင့် ကျပန်းလုပ်ကိုင်သူများအနေဖြင့် အလုပ်မရှိဖြစ်နေကြသည်။ လတ်တလော ကူညီထောက်ပံ့သည့်ရိက္ခာများဖြင့် ရပ်တည်နိုင်သေးသည်ဆိုသော်လည်း ရေရှည်တွင် ၎င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရန် လိုအပ်သည်။

ရွာလုံးကျွတ်ရေထဲပါသွားသည်ဆိုသည့် ရွာအများစုသည် အဆိုပါကျပန်းလုပ်သားများနေထိုင်သော ဖွံ့ဖြိုးမှုနိမ့်ကျသည့် ရွာများသာဖြစ်၍ အခြားတစ်ဖက်တွင် လယ်ယာလုပ်သားရှားပါသည့် ပြဿနာက ရှိနေပြန်သည်။

ထွန်ယက်စိုက်ပျိုးချိန်တွင် ကျွဲ၊ နွားအစား စက်ဖြင့် အစားထိုးနိုင်သော်လည်း ရိတ်သိမ်းချိန်အတွက်မူ လယ်ယာလုပ်သားရှားပါးမှုအခက်အခဲကို ဖြေရှင်းရန် ကြိုတင်စီမံထားသင့်သည်။

## စက်မောင်းသင်တန်းလို

လေဘေးဒဏ်သင့် လယ်သမားများ ပုံမှန်လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေးအတွက် လိုအပ်သည့် မျိုးစပါး၊ ကျွဲ၊ နွား၊ ထွန်စက်နှင့် စက်သုံးဆီများကို သက်ဆိုင်ရာနှင့်



www.foreverspace.com.mm

ပုဂ္ဂလိကအလှူရှင်များက အရေးပေါ်ထောက်ပံ့ပေးခဲ့သည်။ (ဇယား)

မုန်တိုင်းဒဏ်ကြောင့် ကျွဲ၊ နွား ကောင်ရေ သုံးသိန်းကျော်သေဆုံးခဲ့ရသည်။ လယ်မြေဧက ၁ ဒသမ ၃၆ သန်းအတွက် လယ်ဧက ၁၀၀ လျှင် ထွန်စက်တစ်စီးနှုန်းဖြင့် ထွန်စက်စုစုပေါင်း ၁၃၃၆၀ စီးလိုအပ်ကြောင်း အစိုးရ၏တရားဝင်ထုတ်ပြန်ချက်များအရ သိရှိရသည်။

မှတ်သုံ့ရာသီ လယ်ယာလုပ်ငန်းစတင်ချိန်သည် တစ်လခန့်နောက်ကျပြီး လယ်သမားများကို စိုက်ဧက ၆၀ လျှင် ထွန်စက်တစ်စီး၊ ၁၃၆ ဧကလျှင် ထွန်စက်တစ်



စီး၊ ၁၂၀ ဧကလျှင် ထွန်စက်တစ်စီး စသည်ဖြင့် ကျေးရွာအလိုက် လယ်သမားများ၏ လယ်ယာပိုင်ဆိုင်မှုအနေအထားပေါ်မူတည်၍ လယ်သမားတစ်ဦးချင်း သို့မဟုတ် နီးစပ်ရာလယ်သမားငါးဦးမှ ဆယ်ဦးခန့် စုပေါင်း၍ တစ်ဘီးနှုန်းဖြင့် လက်တွန်းထွန်စက်များကို သက်ဆိုင်ရာက အရစ်ကျရောင်းချပေးခဲ့သည်။

သို့ရာတွင် လယ်သမားအများစုမှာ ကျွဲ၊ နွားဖြင့် ထွန်ယက်သည့် အတွေ့အကြုံသာရှိပြီး စက်ပစ္စည်းသုံးစွဲသည့် အတွေ့အကြုံမရှိသဖြင့် စက်ချို့ယွင်းခြင်းနှင့် မကြာခဏကြုံတွေ့ကြရသည်။ အထူးသဖြင့် လယ်သမားများလေးငါးဦး စုပေါင်း ရယူထားသည့် ထွန်စက်များသည် တစ်လက်ကိုင်မဟုတ်ဘဲ လက်ပြောင်းလက်လွှဲကိုင်တွယ်ထွန်ယက်ကြရသဖြင့် စက်များ မကြာခဏချို့ယွင်းသည်ကို ပြင်ဆင်ကြရသည်။ လပွတ္တာမြို့နယ် ဘီတွတ်ကျေးရွာအုပ်စု ထုံးဘူးကျကျေးရွာမှ လယ်သမား ဦးမောင်ငယ်က နာဂစ်မုန်တိုင်းမတိုင်ခင်ကတည်းက ၎င်းတို့ရွာတွင် ကိုင်းထွန်စက် ကိုးစီးခန့်ရှိကြောင်း၊ နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးသည့်အခါ ခြောက်စီး ထပ်မံထုတ်ပေးသည့်အတွက် စုစုပေါင်း ၁၅ စီးခန့်ရှိကြောင်း၊ ဇူလိုင်လ ၂၀ ရက်နေ့အထိ လယ်သမားကိုးဦးခန့်၏ လယ်ဧက ၁၀၃ ဧကကျော် ထွန်ယက်ရန်ကျန်ရှိနေသေးကြောင်း၊ စက်မှုလယ်ယာဦးစီးဌာနက စက်ပြင်ဆရာတစ်ဦးပေးထားသော်လည်း ပျက်စီးမှုပမာဏများပြားသဖြင့် ပြင်၍မနိုင်တော့ကြောင်း၊ မုန်တိုင်းလက်ကျန် ထွန်စက်အများစုမှာလည်း ရေငန်ထိထားပြီး၊ အင်ဂျင်များ ပျက်စီးလျက်ရှိကြောင်း၊ သို့ဖြစ်၍ လယ်သမားများအား ထွန်စက်ကိုင်တွယ်ထိန်းသိမ်းနည်းကို နှစ်ရက်သုံးရက်ခန့် သင်ကြားပြသပေးသင့်ကြောင်း၊ လက်တွေ့နှင့် ပေါင်းစပ်သင်ကြားသဖြင့် နှစ်ရက်ခန့်နှင့် တတ်နိုင်ကြောင်း ၎င်းက အကြံပြုပြောကြားသည်။

"ဆီက တစ်ဧကကို နှစ်ဂါလန်ကုန်တယ်။ ဆီအလုံအလောက်ရပါတယ်။ ပေါင်းထူလွန်းတော့ အခု တစ်လခွဲအချိန်အတွင်းမှာ စက်တစ်လုံး အလွန်ဆုံးထွန်နိုင်ရင် ဧက ၅၀ လောက်ပဲ ရနိုင်တော့တယ်။ ဒါပေမဲ့ မိကျောင်းကျောကုန်း ကြက်ယက်အစာရှာတဲ့ကိစ္စမှမဟုတ်တာ လုပ်ရင်ဖြစ်ရမှာပေါ့" ဟု ၎င်းက တက်ကြွစွာပြောကြားသည်။

## မြေဆီလိုအပ်

ဧရာဝတီတိုင်း လေဘေးဒဏ်ခံရသောဒေသများသည် တစ်နှစ်လျှင် စပါးနှစ်သီးစိုက်ပျိုးကြသော ဒေသများလည်းဖြစ်သည်။ ပုံမှန်အားဖြင့် မိုးစပါးသည်



www.foreverspace.com.mm

## စိုက်ပျိုးရေးလုပ်ငန်း အထောက်အကူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှု စာရင်းချုပ် (၁၉-၇-၂၀၀၈ ထိ)

| စဉ် | ထိုးသတ် လှူဒါန်းသူ | ကျွဲ | နွား | လယ်ထွန်စက်(စီး) | လက်တွန်းထွန်စက် | မျိုးစပါး (တင်း) | ဓာတ်မြေသြဇာ | ရေစုပ်စက် | ဟင်းသီးဟင်းရွက် | ရွက်ဖျန်းမြေသြဇာ | ဆေး |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | (စီး) | | (အိတ်) | (စုံ) | (မျိုးစေ့) | (ပုလင်း) | (ပုလင်း) |
| ၁။ | အစိုးရ | ၁၇၈၅ | ၄၃၃ | | * ၆၄၇၃ | *** ၆၂၉၈၅၂.၅ | | ၁၃၀ | | | |
| ၂။ | ပြည်တွင်းမှလုပ်ငန်း ကုမ္ပဏီကြီးများ၊ ရဟန်းရှင်လူပုဂ္ဂလိကစေတနာရှင်များ | | ၉၀ | ၃ | ၁၀၅၇ ***၇၀၀ | ၇၄၄၁၆.၅ | ၅၉၄ | ၂၃ | ၁၉၄ဖာ ၂၄၀၀ကီလို | ၈၁၂၃ | ၂၄၃၈၀ |
| ၃။ | ပြည်ပနိုင်ငံနှင့်အဖွဲ့အစည်းများ | ၅၁၅ | – | | ၃၁၆ | ၂၇၄၅၁၃ | | | | | |
| | စုစုပေါင်း | ၂၈၁၃ | – | ၃ | ၈၅၄၆ | ၉၇၈၇၈၂ | ၅၉၄ | ၁၅၃ | ၁၉၄ဖာ ၂၄၀၀ကီလို | ၈၁၂၃ | ၂၄၃၈၀ |

**မှတ်ချက်**

*** အစိုးရက စာရင်းမှတ်စနစ်ဖြင့် ထုတ်ပေးခြင်းဖြစ်သည်။**

**** ကုမ္ပဏီက စာရင်းမှတ်စနစ်ဖြင့် ထုတ်ပေးခြင်းဖြစ်သည်။**

***** အစိုးရက စာရင်းမှတ်စနစ်ဖြင့် ဝယ်ယူထုတ်ပေးခြင်းဖြစ်ပါသည်။**

**(Source: ဩဂုတ်လ ၂၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၉)**

ဓာတ်မြေသြဇာကျွေးရန်မလိုအပ်ဘဲ နွေရာသီစပါးတွင်သာ မြေဆီကျွေးရန်လိုအပ်သည့်ဒေသဖြစ်သည်။ ယင်းသို့ လိုအပ်ခြင်းမှာ နွေစပါးသည် မိုးစပါးစိုက်ပျိုးပြီး မြေကိုအနားမပေးဘဲ စိုက်ပျိုးရခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် နွေစပါးမျိုးသည် သက်တမ်းစပါးခေါ် အထွက်တိုးစပါးများဖြစ်၍ မြေသြဇာ၊ ရေ၊ နေရောင်ခြည်ရှိရုံဖြင့် သက်တမ်းပြည့်လျှင် ရင့်မှည့်သည့်စပါးမျိုးများဖြစ်သောကြောင့် နွေစပါးစိုက်ပျိုးချိန်၌သာ ဓာတ်မြေသြဇာကဲ့သို့ သွင်းအားစုများထည့်သွင်းရခြင်း ဖြစ်သည်။

သို့ရာတွင် ယခုနှစ်မိုးစပါးပျိုးချိန်သည် နောက်ကျခဲ့ပြီး ပေါင်းမြက်လည်း ထူလွန်းကြောင်း၊ ထွန်ယက်ချိန်နောက်ကျသဖြင့် သမန်းမနပ်၍ မြေဆီမတက်ကြောင်း၊ နှစ်စဉ်ပုံမှန်အားဖြင့် မြေလှန်ထွန်ပြီးနောက် မြက်များပုပ်ဆွေး၍ မြေဆီ၊ မြေသြဇာတက်ကြောင်း၊ ယခုနှစ်တွင်မူ ဓာတ်မြေသြဇာကျွေးရန်လိုအပ်ကြောင်း လယ်သမားများက ရှင်းပြသည်။ ထို့ပြင် စိုက်ပျိုးရေးပညာရှင်အချို့က ရေငန်ဝင်ရောက်ခြင်းကို အဓိကပြဿနာဟု ယူဆကြသော်လည်း လယ်သမားများ၏ အဓိကအခက်အခဲမှာ နေလှန်းရန် အချိန်မရသဖြင့် မျိုးစေ့များ အမြစ်တွယ်ကပ်အားနည်းပါးပြီး အပင်ပေါက်နှုန်းနည်းပါးခြင်းဖြစ်ကြောင်း၊ ထို့ပြင် တာဘောင်များကျိုးပျက်ခြင်းနှင့် နေပြင်းခြင်းကြောင့် အောက်ရေနိမ့်၍ လယ်ကွက်တွင် ရေမတင်ကြောင်း ဘိတ်တွတ်ကျေးရွာမှ လယ်သမားများက ရှင်းပြသည်။

"တီဆူပါတစ်အိတ်၊ ပုလဲသုံးအိတ်လောက်ကျွေးလို့ရှိရင် စပါးအထွက်နှုန်းကောင်းမှာပါ။ မြေဆီတစ်အိတ်က နှစ်သောင်းခွဲကျော်လောက်ရှိတယ်။ စပါးပေါ်ချိန်ကျမှ ငွေချေဆိုပြီး အကြွေးရောင်းပေးရင်တော့ကောင်းမယ်" ဟု ထုံးဘုံးကျေးရွာမှ လယ်သမားတစ်ဦးဖြစ်သူ ဦးမောင်ငယ်က ဆိုသည်။

### နိဂုံး

မြစ်ဝကျွန်းပေါ်ဇာတိဖွား အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီက လောကဓံတရားနှင့်ပတ်သက်၍ ၎င်း၏ ဗေဒါလမ်းကဗျာများတွင် 'ဒီချောင်းကိုဝင်မိလျှင် တက်ချိန်တွင် ဆင်းနိုင်ပဲ၊

ဆင်းချိန်တွင် တက်လိုလည်း စောင့်ရစမြဲ

မနက်ကတက်တဲ့ ဒီ၊ မမီလိုက်လေလည်း


ညဦးယံ ဒီပြန်တက်ပါလိမ့် တက်စရာခက်ပါပဲ . . . ' ဟု စပ်ဆိုခဲ့ခြင်းသည် နာဂစ်ကိုအန်တုံ၍ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်နေကြသည့် လေဘေးဒဏ်သင့် လယ်သမားများအတွက် ခွန်အားတစ်ရပ်ကို ရရှိစေနိုင်ပါလိမ့်မည်။

**နိုင်မင်းဝေ**

www.foreverspace.com.mm

# SHAYI






**မြန်မာ့ရိုးရာအဝတ်အထည်ဒီဇိုင်းများကိုအခြေခံ၍ ဆင့်ပွားတီထွင်ဖန်တီးချုပ်လုပ်မှုဖြင့် မြန်မာအမျိုးသမီးများကို ဆွဲဆောင်နိုင်သည့်အပြင် နိုင်ငံခြားသူများအကြားပါ ထင်ရှားကျော်ကြားလျက်ရှိသည့် SHAYI အမှတ်တံဆိပ် အမျိုးသမီးအဝတ်အထည်များ ဖြစ်သည်။**

- ❑ Sun & Star Trading Co., Ltd. က ၂၀၀၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဒဂုံမြို့နယ်၊ နဝဒေးလမ်းတွင် စတင်ဖွင့်လှစ်ခဲ့။
- ❑ အကြီးအကဲနှင့် ဒီဇိုင်းပညာရှင်မှာ ဒေါ်ဆန်းဘောက်ရာဖြစ်ပြီး ဝန်ထမ်းအင်အား ၂၀ ဦးကျော်ရှိ။
- ❑ အမရပူရမြို့ရှိ ရက်ကန်းစင်တစ်ခုတွင် သီးသန့်ဒီဇိုင်းပေး မှာယူရက်လုပ်ထားသောချည်ထည်များကို အသုံးပြုထား။
- ❑ ကိုယ်ပိုင်ဒီဇိုင်း၊ ကိုယ်ပိုင်နည်းပညာကိုပင် အသုံးပြုထားပြီး ပြည်တွင်းရှိစက်ပစ္စည်းများဖြင့် ချုပ်လုပ်ဟုဆို။
- ❑ SHAYI အမှတ်တံဆိပ်အနေဖြင့် အမျိုးသမီးဝတ်အင်္ကျီ၊ ဘောင်းဘီ၊ စကတ်၊ ဂါဝန် စသည်ဖြင့် ဒီဇိုင်းအမျိုးမျိုးကို အရွယ်အစားအမျိုးမျိုးဖြင့်ထုတ်လုပ်ထား။
- ❑ လာရောက်ဝယ်ယူသူများအတွက် Fitting ချပေးခြင်းအပြင်၊ အသင့်ချုပ်ပြီးအထည်များ၏ အရွယ်အစားအတိုင်း အဆင်မပြေသူများအတွက် ကိုယ်တိုင်းနှင့် အပ်နှံနိုင်စေရန်နှင့် အရောင်ရွေးချယ်နိုင်စေရန် စီစဉ်ထား။
- ❑ ဒီဇင်ဘာလအတွက် သတ်မှတ်ထားသည့်ပမာဏအထိ ဝယ်ယူသူများအား ခရစ္စမတ်လက်ဆောင်ပေးခြင်းများကို အခါအားလျော်စွာ ပြုလုပ်လေ့ရှိကြောင်းသိရ။
- ❑ Blazon Department Store တွင်လည်း သီးသန့်အရောင်းကောင်တာဖွင့်လှစ်ထားပြီး ဆိုင်ခွဲများထပ်မံတိုးချဲ့ဖွင့်လှစ်သွားရန် အစီအစဉ်ရှိဟုဆို။
- ❑ လတ်တလောဖွင့်လှစ်ထားသည့်ဆိုင်များ–

– အမှတ်– ၂၄/၃၊ နဝဒေးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၀၁၇၇၊ ၂၅၃၉၁၀

– အမှတ်–D-၁၃၊ တတိယထပ်၊ CHINA TOWN POINT CENTRE၊ မဟာဗန္ဓုလလမ်းနှင့် ဘုန်းကြီးလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၁၅၂၄၄၊ ၂၁၅၅၆၀~ ၆၃ (လိုင်းခွဲ–၁၀၇)

www.foreverspace.com.mm



# သိင်္ဂီရွှေဝါ ပိုးထည်





**မြန်မာ့ပိုးထည်လောကအတွင်း ဝင်ရောက်ခဲ့သည်မှာ ဆယ်စုနှစ်သုံးခုကျော် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယခုထက်ထိ အောင်မြင်ထင်ရှားလျက်ရှိပြီး ဆိုင်ခွဲပေါင်း ငါးဆိုင်အထိ ဖွင့်လှစ်ထားနိုင်သည့် ပိုးထည်ဆိုင်ဖြစ်သည်။**

- ❑ ၁၉၇၃ ခုနှစ်တွင် မန္တလေးမြို့တော်ရှိ ဈေးချိုတွင် စတင်ဖွင့်လှစ်ခဲ့။
- ❑ သိင်္ဂီရွှေဝါကုမ္ပဏီလီမိတက်၏ အကြီးအကဲမှာ ဦးသောင်းညွန့်ဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင် နှစ်ဦး၊ ဝန်ထမ်းအင်အား ၂၅ ဦးခန့်ရှိ။
- ❑ အမရပူရမြို့ရှိ သိင်္ဂီရွှေဝါပိုးထည်တိုက်တွင် ကိုယ်တိုင်ထုတ်လုပ်ဟုဆို။
- ❑ ၁၉၉၇ ခုနှစ်တွင် ဗဟန်းရေတာရှည်လမ်း၌လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် ဒဂုံမြို့နယ် ဗိုလ်ရာညွန့်လမ်းတွင်လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် ကမာရွတ်မြို့နယ် နာနတ်တောလမ်းတွင်လည်းကောင်း ရန်ကုန်မြို့တော်၌ အသီးသီး တိုးချဲ့ဖွင့်လှစ်ခဲ့။
- ❑ ပိုးထည်များနှင့်ပတ်သက်သည့်ပိုးပဝါ၊ ပိုးချိတ်ပြည့်၊ ပိုးချိတ်ဒူးနား၊ ပိုးပုဆိုး၊ ပိုးအင်္ကျီစ၊ ပိုးချည်တစ်စုံစာ (ပိုးပန်းချီ) စသည်တို့ကို အရည်အသွေးစစ်မှန်စွာနှင့် ရောင်းချပေး။
- ❑ အခမ်းအနားနှင့် မင်္ဂလာဆောင်ခံပွဲများအတွက် အချိန်တစ်လခွဲကြိုတင်၍ အော်ဒါအပ်နှံမှာယူနိုင်။
- ❑ ဒီဇိုင်း၊ အရောင်အမျိုးမျိုးရွေးချယ်နိုင်ပြီး လောလောဆယ် ပိုးချိတ်အပြည့် အနည်းဆုံး ကျပ် ၉၈,၀၀၀ မှ ကျပ်နှစ်သိန်း၊ သုံးသိန်းဝန်းကျင်အထိလည်းကောင်း၊ ပိုးဒူးနားချိတ် အနည်းဆုံး ကျပ်ငါးသောင်းခန့်မှ ကျပ်တစ်သိန်း၊ နှစ်သိန်းဝန်းကျင်အထိလည်းကောင်း အမျိုးအစား၊ အဆင်ဒီဇိုင်းပေါ်မူတည်၍ ဈေးနှုန်းအသီးသီးရှိ။
- ❑ လတ်တလောဖွင့်လှစ်ထားရှိသည့် ဆိုင်ခွဲလိပ်စာများ–

– အမှတ်– C-4-8၊ ၃၃ လမ်း၊ ၇၇× ၇၈ လမ်းကြား၊ ၃၂× ၃၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၆၈၇၇၈

– စစ်ကိုင်း–မန္တလေးလမ်းမကြီး၊ ရေတွင်းညီနောင်ရပ်၊ အမရပူရမြို့။ ဖုန်း–၀၂–၇၀၀၅၁

– အမှတ်–၃၉၊ အလံပြဘုရားလမ်းနှင့် နဝဒေးလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၀၁၈၀၄၅

– အမှတ်–၂၄၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၉၃၄၆

– အမှတ်–၁၂၅ (စီ)၊ အနောက်ရွှေဂုံတိုင်လမ်းမကြီး၊ ယုဇနစင်တာရှေ့၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၉၄၃၀၊ ၅၅၂၉၈၂

www.foreverspace.com.mm

# ရက်စွဲမှတ်တမ်း

**၁၁-၇-၂၀၀၈**✳ မုန်တိုင်းသင့်ပြည်သူများအား အထောက်အပံ့ပေး ရေးဆိုင်ရာ အလှူရှင်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ ညှိနှိုင်း ဆွေးနွေးပွဲကို ရန်ကုန်မြို့ နတ်မောက်လမ်းရှိ ချတ်ထရီယံ ဟိုတယ်၌ ကျင်းပ။

**၁၂-၇-၂၀၀၈**✳ ရန်ကုန်–မော်လမြိုင်ကားလမ်းပေါ် မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်နှင့် ပဲခူးတိုင်း ပဲခူးခရိုင် ဝေါမြို့နယ် တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် ပင်မတံတားအရှည် ၁၃၆၅ ပေရှည်လျားသော စစ်တောင်းတံတား (မုပ္ပလင်) ဖွင့်လှစ်။

**၁၅-၇-၂၀၀၈**✳ စာရေးဆရာမောင်ရဲနိုင် (ခ) ဦးရဲမြင့် (အသက် ၆၈ နှစ်) ကွယ်လွန်။

**၁၆-၇-၂၀၀၈**✳ မြန်မာနိုင်ငံဆိုင်ရာ ဆူဒန်သမ္မတနိုင်ငံ၏ အထူး အာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ မီရ်ဂါနီမိုဟာမက်ဆာလိကို ခန့်အပ်ရန် သဘောတူပြီးဖြစ် ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

**၁၉-၇-၂၀၀၈**✳ ရွှေတိဂုံဘုရားမြောက်ဘက်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပခဲ့သော ၆၁ နှစ်ပြည့် အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ဂူဗိမာန်၌ သားကြီးဖြစ်သူ ဦးအောင် ဆန်းဦး၏ကိုယ်စား ဦးလှဖေက လွမ်းသူ့ပန်းခွေချ အလေးပြု ကန်တော့ခဲ့ပြီး ကျန်အာဇာနည်ကြီးများ၏ ဂူဗိမာန်များတွင် လည်း သက်ဆိုင်ရာမိသားစုဝင်များက လွမ်းသူ့ပန်းခွေများ အသီးသီးပေးပို့ဂါရဝပြုခဲ့ကြကြောင်း နိုင်ငံပိုင်သတင်းဌာနများ တွင် ဖော်ပြပါရှိ။

**✳ ယခင်မြန်မာမေဖလားဝါးဘဏ်လီမိတက် (တရားရုံးတော် အမိန့်ဖြင့် ဖျက်သိမ်းဆဲ) ၏ လာရောက်မထုတ်ယူသော အပ်နှံငွေအမျိုးမျိုးနှင့် အခြားပေးရန်ကျန်ငွေများကို အထောက် အထားပြည့်စုံစွာဖြင့် ရန်ကုန်ကော်လိတ္တော်အရာရှိ (Collector of Yangon)ဌာနမှူး၊ ကုမ္ပဏီများဆိုင်ရာအခွန်ရုံး (ရန်ကုန်တိုင်း) အမှတ် ၆၂ ဒုတိယထပ်၊ ပန်းဆိုးတန်း လမ်း၊ ရန်ကုန်မြို့ထဲတွင် လာရောက်တောင်းခံ/ထုတ်ယူနိုင် ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။**

**၂၁-၇-၂၀၀၈**✳ မြန်မာအစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂအဖွဲ့တို့ ပူးပေါင်းဖွဲ့စည်းထားသည့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့သည် ဆိုင်က လုန်းမုန်တိုင်းနာဂစ်အလွန် ပူးတွဲလေ့လာအကဲဖြတ်မှုအဖွဲ့အစီ ရင်ခံစာထုတ်ပြန်သည့် အခမ်းအနားကို ရန်ကုန်မြို့ အလံပြ ဘုရားလမ်းရှိ Park Royal ဟိုတယ်၌ကျင်းပ။

✳ ကြွက်မှတစ်ဆင့် လူသို့ကူးစက်တတ်သော အသည်းရောင် အသားဝါရောဂါ (Leptospirosis) နှင့်ပတ်သက်သည့် သတိ ပေးနှိုးဆော်ချက်များကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန် ကြေညာ။

**၂၂-၇-၂၀၀၈✳ ယခင်အာရှဓနဘဏ်လီမိတက် (တရားရုံးတော် အမိန့်ဖြင့်ဖျက်သိမ်းဆဲ) ၏ လာရောက်မထုတ်ယူသော အပ်နှံ ငွေအမျိုးမျိုးနှင့် အခြားပေးရန်ကျန်ငွေများကို အထောက်အထား ပြည့်စုံစွာဖြင့် ရန်ကုန်ကော်လိတ္တော်အရာရှိ (Collector of Yangon)ဌာနမှူး၊ ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး (ရန်ကုန် တိုင်း) အမှတ် ၆၂ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ ထဲတွင် လာရောက်တောင်းခံ/ထုတ်ယူနိုင်ကြောင်း နိုင်ငံပိုင် သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။**

**၂၄-၇-၂၀၀၈✳ ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေး ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ကုလသမဂ္ဂ ဒုတိယ အတွင်းရေးမှူးချုပ် H.E. Mr. John Holmes ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ။**

**၂၅-၇-၂၀၀၈**✳ စင်ကာပူနိုင်ငံတွင် ဇူလိုင်လ ၂၀ ရက်မှ ၂၄ ရက် အထိကျင်းပသည့် (၄၁) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ် ဝင်း ခေါင်းဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည် ရောက်ရှိ။

**၂၇-၇-၂၀၀၈**✳ မြန်မာနိုင်ငံတွင် အပြင်းစားကြက်ငှက်တုပ်ကွေး ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အမြစ်ပြတ်ချေမှုန်းရေး မြှင့် တင်ဆောင်ရွက်မှုလုပ်ငန်းစီမံကိန်း (Improvement of Prevention, Control and Education of HighlyPathogenic Avian Influenza in Myanmar Project-OSRO/MYA/801/ WBK) ဆောင်ရွက်ရန် သဘောတူညီချက်ကို မြန်မာနိုင်ငံ ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) တို့ပူးပေါင်း၍ အထက်ပါဦးစီးဌာနတွင် လက်မှတ်ရေးထိုး။

**၂၈-၇-၂၀၀၈**✳ မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်နှင့် စစ်ကိုင်း တိုင်း ထီးချိုင့်မြို့နယ်တို့ရှိ တကောင်းတောင်ဒေသ နီကယ်

www.foreverspace.com.mm

သတ္တုသိုက်အား ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားသည့်စနစ်ဖြင့် ဖယ်ရိုနီကယ်ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ်ကို သတ္တုတွင်းဝန်ကြီးဌာန အမှတ် (၃) သတ္တုတွင်းလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Nonferrous Metal Mining Nickel Co., Ltd. တို့ နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်တွင် လက်မှတ်ရေးထိုးချုပ်ဆို။

**၃၀-၇-၂၀၀၈**✳ မဲခေါင်ဒေသ ခြောက်နိုင်ငံဖြစ်သော မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ဆက်သွယ်ရေးအရာရှိကြီးများပါဝင်တက်ရောက်သော (၇) ကြိမ်မြောက် မဲခေါင်ဒေသနိုင်ငံများ သတင်းအချက်အလက်ဆက်သွယ်ရေး အမြန်ဆက်ကြောင်းတည်ဆောက်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (GMS Information Super-highway Implementation Group Meeting No. 7) ကို နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပ။

**၁-၈-၂၀၀၈**✳ အိုင်တီကုမ္ပဏီများ၊ သင်တန်းများ၊ ကွန်ပျူတာပစ္စည်းအရောင်းပြခန်းများနှင့် ဘာသာစကားသင်တန်းများဖွင့်လှစ်သွားမည့် မန္တလေးမြို့တော် ၂၆ လမ်းနှင့် ၈၅ လမ်းထောင့် ဈေးချိုပလာဇာ ပဥ္စမထပ်နှင့် ဆဋ္ဌမထပ်တို့ရှိ ဈေးချိုအိုင်တီဇုန်ဖွင့်လှစ်။

✳ စာရေးဆရာ၊ ဗေဒင်လက္ခဏာဆရာ မင်းသိခ် (ခ) ဦးအောင်ထွန်း အသက် (၇၀) နှစ် ကွယ်လွန်။

✳ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ တီဟီရန်မြို့၌ ဇူလိုင်လ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သော (၁၅) ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှုဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

**၄-၈-၂၀၀၈**✳ မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာဂျူးလီးယက်ဂျော့လွိုင်အား ခန့်အပ်ရန် သဘောတူပြီးဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

**၆-၈-၂၀၀၈✳ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ။**

**၇-၈-၂၀၀၈✳ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့၌ ကျင်းပမည့် ဘေဂျင်းအိုလံပစ်ပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ ထွက်ခွာ။**

www.foreverspace.com.mm

# Which & Why ဘယ်ပစ္စည်းဘာ့ကြောင့်

## Panasonic Cordless Caller ID Phone



Panasonic အမှတ်တံဆိပ် KX-TG330D2CID မော်ဒယ်လ်အမျိုးအစား Cordless Caller ID System Phone ဖြစ်။ ဖုန်းမြည်သံ ၂၀ မျိုးပါရှိ၊ ဖုန်းနံပါတ် ၁၀ ခုကို မှတ်သားပေးနိုင်။ Alarm ပေး၍ရသလို Inter- Call ကိုလည်း အသုံးပြုနိုင်။ Handset ကို ပေ ၄၀၀ ကျော်အထိ ယူဆောင်သွားပြီး ဆက်သွယ်စကားပြောနိုင်။ ပြက္ခဒိန်ပါရှိ။ မလေးရှားနိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၅၇,၀၀၀ ကျပ်ဖြစ်။



## နားကြားကိရိယာ

F-833 မော်ဒယ်လ်အမျိုးအစား ကြိုးမဲ့နားကြားကိရိယာဖြစ်။ အကြားအာရုံကြောအားနည်းသူ၊ နားမကြားသူများ အသုံးပြုနိုင်။ G-3 ဓာတ်ခဲတစ်လုံးဖြင့် အသုံးပြုရ။ အရွယ်အစားသေးငယ်ပြီး ပုံစံလေးမျိုးပါရှိ။ အသံအနိမ့်အမြင့် အဆင့်ငါးဆင့်ပါရှိကာ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၅,၀၀၀ ကျပ်ဖြစ်။

## G-Star DVD Player



G-Star အမှတ်တံဆိပ် GS-609 မော်ဒယ်လ်အမျိုးအစား DVD Player ဖြစ်။ MP 3, MP 4, CD, VCD, MPEG 4 များကိုလည်း အသုံးပြုနိုင်။ CD ခွေမရွေး အသုံးပြုနိုင်သည့် DVD စက်ဖြစ်။ CD နောက်ဆုံးကြည့်ရှုခဲ့သည့်နေရာကို မှတ်သားပေးသည့်စနစ်ပါရှိ။ AC/ DC-12 Volt နှစ်မျိုးစလုံး အသုံးပြုနိုင်။ မေတ္တာလက်ဆောင် တီရှပ်တစ်ထည်နှင့် စပီကာနှစ်လုံး အပိုပါရှိ။ ရောင်းဈေး ၆၁,၅၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## Real DVD Player

Real အမှတ်တံဆိပ် KG-66811 မော်ဒယ်လ်အမျိုးအစား DVD Player ဖြစ်။ MP 3, MP 4, CD, VCD, MPEG 4 များကိုလည်း အသုံးပြုနိုင်။ AC/DC-12 Volt နှစ်မျိုးစလုံး အသုံးပြုနိုင်။ အရွယ်အစားသေးငယ်၍ အလွယ်သယ်ဆောင်၍ရ။ နောက်ဆုံးကြည့်ရှုသည့်နေရာကို မှတ်သားပေးသည့်စနစ်ပါရှိ။ ရောင်းဈေး ၃၃,၀၀၀ ကျပ်ဖြစ်။

## အဝေးကြည့်မှန်ပြောင်း

အဆ ၃၀ အထိ ပုံရိပ်ကိုချဲ့ကြည့်နိုင်၊ Objective Diameter 60 ရှိ။ မှန်ပြောင်းကို ခေါက်ထောက်၍ အသုံးပြုနိုင်ရန် Tripod ပါရှိ၊ မှန်ပြောင်းကိုယ်ထည်ကို သားရေဖြင့် ဖုံးအုပ်ထားပေး။ တရုတ် (တိုင်ဝမ်) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၇၀,၀၀၀ ကျပ်ဖြစ်။





## BOSH ကြွက်ပြေးကိရိယာ

BOSH အမှတ်တံဆိပ် BS-888 မော်ဒယ်လ်အမျိုးအစား ကြွက်ပြေးသည့် ကိရိယာဖြစ်။ ကြွက်အပြင် အခြားပိုးမွှားများကိုလည်း ထွက်ပြေးစေရန် အသံဖြင့် မောင်းနှင်ပေးနိုင်၊ ပေ ၃၀ ပတ်လည်နေရာတွင်ရှိသော ပိုးမွှားများကိုပါ မောင်းနှင်ပေးနိုင်။ AC Volt ဖြင့် တိုက်ရိုက်အသုံးပြုနိုင်။ တရုတ် (တိုင်ဝမ်) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၅,၀၀၀ ကျပ်ဖြစ်။

## YUEHAIYIZU LENS ဆေးသည့်ကိရိယာ

YUEHAIYIZU အမှတ်တံဆိပ် YH-330 မော်ဒယ်လ်အမျိုးအစား Lens ဆေးသည့် ကိရိယာဖြစ်။ ကွန်ပျူတာ၊ ဒစ်ဂျစ်တယ်ကင်မရာ၊ VCD ၊ DVD တို့၏ Lens များကို ဆေးပေးနိုင်။ ဆေးရည်ပါရှိပြီး လေမှုတ်ရန်အတွက် ရော်ဘာဘူးတစ်ခု ပါရှိ။ စင်ကာပူလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၄၅၀ ကျပ်ဖြစ်။



www.foreverspace.com.mm

## Citizen သွေးအားတိုင်းကိရိယာ




itizen အမှတ်တံဆိပ် CH-056 C မော်ဒယ်လ်အမျိုးအစားသွေးအားတိုင်းကိရိယာဖြစ်၏။ လက်ကောက်ဝတ်တွင် တပ်ဆင်အသုံးပြုရ၏။ အပေါ်သွေး၊ အောက်သွေးနှင့် သွေးခုန်နှုန်းများကို တိုင်းတာပေးပြီး Digital ဖြင့် ဖော်ပြပေး၏။ AAA ဓာတ်ခဲနှစ်လုံးဖြင့် အသုံးပြုရ၏။ စင်ကာပူနိုင်ငံထုတ် ပစ္စည်းဖြစ်ပြီး ဈေးနှုန်း ၈၈,၅၀၀ ကျပ်ဖြစ်၏။



## Happy Life ကော်ဖီနွေးကိရိယာ

Happy Life အမှတ်တံဆိပ် ကော်ဖီနွေးသည့်ကိရိယာဖြစ်၏။ AC Volt ဖြင့် တိုက်ရိုက်အသုံးပြုနိုင်၏။ ရေ၊ ကော်ဖီတို့ကို နွေးရုံသာအသုံးပြုနိုင်၏။ ကိုယ်ထည်ကို ပလတ်စတစ်ဖြင့် ပြုလုပ်ထားခြင်းဖြစ်၏။ ညီသည့်ခွက်ကိုမဆို အသုံးပြုရ၏။ စင်ကာပူထုတ်ပစ္စည်းဖြစ်ပြီး ဈေးနှုန်း ၁၈၀၀ ကျပ်ဖြစ်၏။

## SIMP LIFE 5 in 1 Kitchen Mate



SIMP LIFE အမှတ်တံဆိပ် 5 in 1 Kitchen Mate မီးဖိုချောင်သုံး စွယ်စုံကိရိယာဖြစ်၏။ ကြက်ဥကို အကာနှင့်အနှစ်ခွဲ၍ရပြီး သံပုရာသီးညှစ်ရန်အတွက်လည်း အသုံးပြုနိုင်၏။ သစ်သီးများကိုခြစ်ရန်အတွက် အသုံးပြုနိုင်ပြီး ဆီကန်တော့လည်း ပါရှိ၏။ စင်ကာပူထုတ်ပစ္စည်းဖြစ်ပြီး ဈေးနှုန်း ၂,၀၀၀ ကျပ် ဖြစ်၏။



## Anber လျှပ်စစ်သွားတိုက်ကိရိယာ

Anber အမှတ်တံဆိပ် လျှပ်စစ်သွားတိုက်ကိရိယာဖြစ်၏။ AA ဓာတ်ခဲ နှစ်လုံးဖြင့် အသုံးပြု၍ရ၏။ သွားတိုက်ရန် Brush ခေါင်းအပိုလေးခုပါရှိ၏။ စင်ကာပူထုတ်ပစ္စည်းဖြစ်ပြီး ဈေးနှုန်း ၄၆၀၀ ကျပ်ဖြစ်၏။



## အိတ်ဆောင်ပန်ကာ

၁၆၃ မော်ဒယ်လ်အမျိုးအစား အိတ်ဆောင်ပန်ကာဖြစ်၏။ AA ဓာတ်ခဲနှစ်လုံးဖြင့် အသုံးပြုရ၏။ ပလတ်စတစ်ဖြင့်ပြုလုပ်ထားပြီး သေးငယ်ပေါ့ပါးသောကြောင့် အလွယ်တကူ သယ်ဆောင်သွားနိုင်၏။ စင်ကာပူထုတ်ပစ္စည်းဖြစ်ပြီး ဈေးနှုန်း ၁၂၀၀ ကျပ်ဖြစ်၏။

www.foreverspace.com.mm



## SHUN LEI ဖုန်စုပ်ကိရိယာ

SHUN LEI အမှတ်တံဆိပ် AF-50 မော်ဒယ်လ်အမျိုးအစား လျှပ်စစ်အားသွင်း၍ အသုံးပြုနိုင်သော ဖုန်စုပ်ကိရိယာဖြစ်။ မီးလာလျှင် အားသွင်းထားပြီး မီးပျက်လျှင် အသုံးပြုနိုင်။ ဖုန်စုပ်ကိရိယာတွင်တပ်ဆင်ရန် တုတ်တံ အတို၊ အရှည် သုံးမျိုးပါရှိ။ စင်ကာပူထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၆,၅၀၀ ကျပ် ဖြစ်။

## Ceiling Fan



၂၅ လက်မအရှည် မျက်နှာကြက်ကပ် ပန်ကာဖြစ်။ ပန်ကာမှာ မီးဆိုင်းလေးခုပါရှိ။ ပန်ကာရွက်များကို ကြိတ်သားများဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး အနေအထိုင်အတွက် သုံးဆောင်ပါရှိ။ ဘယ်၊ ညာ နှစ်ဖက်လှည့်အသုံးပြုနိုင်။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၂၅,၀၀၀ ကျပ်ဖြစ်။



## Multi-Function Automatic Electricity Pressure Cooker

MD-600 မော်ဒယ်လ်အမျိုးအစား Multi-Function Automatic Electricity Pressure Cooker ဖြစ်။ ထမင်းချက်၍ရသလို ဟင်းများပေါင်းရန်အတွက်လည်း အသုံးပြုနိုင်။ ကိုယ်ထည်ကို စတီးဖြင့် ပြုလုပ်ထားခြင်းဖြစ်။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၆၅,၀၀၀ ကျပ်ဖြစ်။



## TOSEEAB ပန်းကန်အခြောက်ခံစက်

TOSEEAB အမှတ်တံဆိပ် ပန်းကန်အခြောက်ခံစက်ဖြစ်။ ပန်းကန်ကို အခြောက်ခံပေးပြီး ပိုးသတ်ပေးနိုင်။ ဆေးပစ္စည်းသုံးကိရိယာများ ထားသိုနိုင်သည့်ကိရိယာဖြစ်။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂၆၀,၀၀၀ ကျပ်ဖြစ်။

ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ပစ္စည်းများနှင့်ပတ်သက်သည့်အချက်အလက်များကို ရန်ကုန်မြို့ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်ပစ္စည်းနှင့် Ever Fine စတိုးတို့မှ ရယူထားပါသည်။

အယ်ဒီတာ

www.foreverspace.com.mm



# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၅၈
၂၀၀၈ ခုနှစ်၊ စက်တင်ဘာ

## တက္ကသိုလ်ဝင်ပညာဒါန ထောက်ပံ့ရအောင်



နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရတဲ့ ရန်ကုန်တိုင်းနဲ့ ဧရာဝတီတိုင်း မြို့နယ်ကိုးမြို့နယ်က ပညာဆက်လက်သင်ယူဖို့ အခက်အခဲတွေနဲ့ရင်ဆိုင်နေကြရတဲ့ တက္ကသိုလ်ဝင်တန်းကျောင်းသူ၊ ကျောင်းသား ၂၀၀၀ ဦးကျော်အတွက် ပညာဒါနသင်ကြားမှုအစီအစဉ်ပါ။ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးနာဂလိုဏ်ဂူဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကိုခံယူပြီး ရန်ကုန်မြို့ MHR သင်တန်းကျောင်းမှာ Marketing Diploma Level I တက်ရောက်နေတဲ့ သင်တန်းသား ဦးအောင်ဆန်းလင်း (ခ) D အောင်ပိုင်နဲ့ ရန်ကုန်မြို့ပေါ်နဲ့ မုန်တိုင်းဒဏ်သင့်မြို့တွေက တက္ကသိုလ်ဝင်တန်းဘာသာရပ်နည်းပြဆရာ၊ ဆရာမတွေစုစည်းတည်ထောင်ဖွင့်လှစ်လိုက်တဲ့ D.A.P ပညာဒါနအခမဲ့သင်တန်းမှာ မုန်တိုင်းဒဏ်သင့်မြို့နယ်အသီးသီးက ယခုနှစ် ၂၀၀၈–၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမယ့် ကျောင်းသူ၊ ကျောင်းသား ၂၀၀၀ ဦးကျော်ကို စနေ၊ တနင်္ဂနွေ နဲ့ အစိုးရကျောင်းပိတ်ရက်တွေမှာ အဲဒီမြို့တွေမှာရှိတဲ့ သာသနာ့ဗိမာန်နဲ့ ဘုန်းတော်ကြီးကျောင်းတွေမှာ ပညာဒါန သင်ကြားပို့ချပေးလျက်ရှိပါတယ်။ ဆရာ၊ ဆရာမတွေက စေတနာ့ဝန်ထမ်း ပညာဒါနလာရောက်သင်ကြားပို့ချပေးပေမယ့်လည်း များပြားလှတဲ့ကျောင်းသူ၊ ကျောင်းသားတွေ အတွက် စာအုပ်စာတမ်းနဲ့ သင်ထောက်ကူပစ္စည်းတွေ၊ သင်တန်းသုံးပရိဘောဂတွေ ဝယ်ယူဖြည့်ဆည်းဖို့ အလှူငွေလိုအပ်နေဆဲလို့ သိရှိရပါတယ်။

နာဂစ်မုန်တိုင်းအပြီး အကြောင်းအမျိုးမျိုးကြောင့် ပညာဆက်လက်သင်ယူဖို့ အခက်အခဲဖြစ်နေကြရတဲ့ အဲဒီဒေသက တက္ကသိုလ်ဝင်တန်းကျောင်းသူ၊ ကျောင်းသားတွေကို တစ်တပ်တစ်အားပညာပါရမီဖြည့်ဆည်းလိုကြသူများအတွက် ဆက်သွယ်ပံ့ပိုးလှူဒါန်းနိုင်မယ့်လိပ်စာကို ဖော်ပြပေးလိုက်ပါတယ်။

**ဒေါ်အေးအေးခိုင် (မန်နေဂျာ)**

Myanmar Human Resources (MHR)

အခန်း–၉၀၅၊ ၉–ထပ်၊ သံဈေးကွန်ဒိုမီနီယမ်၊ လမ်းမတော်လမ်း၊

လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၆၁၆၈၊ ၃၉၅၈၀၂၊ ၇၀၇၈၂၂

## Golf ရိုက်ချင်တယ်ဆို

Golf ကို အပျော်တမ်းရိုက်ချင်လို့ပဲဖြစ်ဖြစ်၊ ကျန်းမာရေးအတွက် အထောက်အကူဖြစ်အောင် လေ့လာလိုက်စားလိုလို့ပဲဖြစ်ဖြစ် Golf လေ့ကျင့်ဖို့ စိတ်ကူးထားသူတွေအတွက် အဆင်ပြေနိုင်မယ့် နေရာတစ်ခုပါ။ တစ်ဦးချင်းဒါမှမဟုတ် အဖွဲ့လိုက်သင်ကြားမှုအစီအစဉ်တွေသာမက ချန်ပီယံအဆင့်အထိ သင်ကြားမှုအစီအစဉ်တွေပါ စီစဉ်ထားတာရှိတယ်လို့သိရပါတယ်။ ကိုယ်ကာယနဲ့ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုအတွက် သင်ပေးတာမျိုးနဲ့ အထူး Golf Clinic တို့လို အစီအစဉ်တွေကို ဝါရင့် Golf နည်းပြဆရာတွေဖြစ်တဲ့ ဦးချမ်းဟန်၊ ဦးကိုကိုလေး၊ စိုးကျော်နိုင်၊ ဇော်ပိုင်ဦးတို့က သင်ပေးမှာဖြစ်တယ်လို့ဆိုထားပါတယ်။ နိုင်ငံတကာအဆင့်မီ သင်ကြားမှုအထောက်အကူပြုပစ္စည်းတွေနဲ့ သင်ကြားပေးမှာဖြစ်တယ်လို့ သိရတာကြောင့် Professional အထိ ဖြစ်လိုသူတွေအတွက်လည်း လေ့ကျင့်ထစ်တစ်ခု ဖြစ်မှာပါ။

လိပ်စာ –

Myanmar Golf Club

Driving Range

Han Golf and Masters Academy

ကျောက်ရေတွင်းလမ်း၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း–၆၅၁၇၉၇

www.foreverspace.com.mm



# လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **Concordia International Co., Ltd.**
**နေပြည်တော်အရောင်းစင်တာနှင့်ရုံးခွဲ**
အမှတ်–၁၄၄၊ သီရိရတနာအဆင့်မြင့်ဈေး၊ (Shopping Complex)၊ နေပြည်တော်။ ဖုန်း–၀၆၇–၄၂၀၈၁၉
- **Royal Life Internet Cafe**
တိုက်–၁၁၂၊ အခန်း (၅)၊ မြေညီထပ်၊ ၈ မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၅၂၉၁၀၊ ၀၉–၅၂၄၁၀၁၃၊ ၀၉–၅၀၁၁၃၂၆
- **NEC Show Room & Authorised Service Centre**
အမှတ်၊ ၅၅၀/၅၅၂၊ ကုန်သည်လမ်း၊ ၃၆ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၅၁၈၀၊ ၂၀၄၀၇၁၊ ၃၈၄၁၀၉၊ Fax–၂၄၅၁၈၀
E-mail: sales@kmd.com.mm
- **နိုင်မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး**
အဆောင် (၄၃)၊ အခန်း(၁/၂)၊ စော်ဘွားကြီးကုန်းပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
- **GHEC English Language, Chinese Language and Pre-School**
အမှတ် (၄–A/B)၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၅၀၂၀၄၇၆၊ ၀၉–၅၀၁၈၅၄၆
- **Sky Choice ဓာတ်ပုံနှင့် ဗီဒီယိုစတူဒီယို**
အမှတ်–၃၈၊ အင်းစိန်လမ်း၊ ဘူတာရုံလမ်းမှတ်တိုင်အနီး၊ (၉) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။
- **TRUE NEWS (သစ္စာ) သတင်းဂျာနယ်**
အမှတ်–၁၁၀၊ ဒုတိယထပ်၊ လမ်း ၅၀၊ အလယ်ဘလောက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၃၆၇၉၊ ၇၀၈၄၃၉၊ ၀၉–၅၁၃၁၈၆၆၊
E-mail: editor@true-news.info
newsroom@true-news.info
- **Pansoldan ပန်းချီပြခန်း**
ပန်းဆိုးတန်းလမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **EXPOSURE Digital Photo & Video**
အမှတ်–၂၅၊ မဟာဗောဓိလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **လက်ကီးဘော့စ် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး**
အမှတ် (၂၁၇/က/၂)၊ ၃၅ လမ်း (အထက်)၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။
- **Mya Yeik Nyo Beauty Saloon & SPA**
ပုလဲလမ်း၊ (C) ဆောင်၊ မြရိပ်ညိုဟိုတယ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **Nail Art Beauty Line**
အမှတ် (၁/၂/၃)၊ ပထမထပ်၊ စံရိပ်ငြိမ်နှင့် ဆင်ရေတွင်း မှတ်တိုင်ကြား၊ အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **ACE Mobile Handsets & Accessories**
အမှတ်–၄၂၈၊ D-၃၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၃၃၅၇၊ ၀၉–၅၀၄၄၄၉၄
- **Mr.Gtalk**
**မိုဘိုင်းလ်ဖုန်းနှင့် အပိုပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေး**
အမှတ်–၉၊ ပြည်မြန်မာကုန်တိုက်ဝင်း၊ အင်းစိန်လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၇၆၂၉
- **09 Mobile Phone Sales & Service Center**
အမှတ်–၅၃၊ အင်းစိန်လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၇၂၂၉၊ ၀၉–၅၀၂၂၄၂၃၊ ၀၉–၅၀၆၀၄၂၃
- **Zegyo IT Zone**
ဈေးချိုပလာဇာ၊ ဈေးချိုတော်အနီး၊
၂၆ လမ်း× ၈၅ လမ်းထောင့်၊ မန္တလေး။
- **Ray World Complex**
၇၇× ၇၈ လမ်းကြား၊ မန္တလေး။
- **Sweet Digital Photo & Design**
၃၈ လမ်း× ၇၃ လမ်းထောင့်၊ မအူပင်ခြံ၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
- **Jasmine Phyu Gems & Jewellery**
အမှတ်–၅၆၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၁၇၆၂

# စားသောက်ဆိုင်သစ်

- **Mr. Bar B.Q**
အမှတ်–၄၂၃၊ အောက်ကြည့်မြင်တိုင်လမ်း၊ IT လက်ဖက်ရည်ဆိုင်နှင့်ကပ်လျက်၊ အလုံမြို့နယ်၊ ရန်ကုန်။
- **Mr.POEM (ဆိုင်ခွဲသစ်)**
**ကြေးအိုး၊ ကြက်ဆီထမင်း၊ ဆန်ပြုတ်**
ပါရမီလမ်း၊ ချော်တွင်းကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
- **Moon Bakery (ဆိုင်ခွဲသစ်)**
ယခင် မရိုးဆန်းရုပ်ရှင်ရုံ၊ သဇိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၄၄၀၄

www.foreverspace.com.mm

## နေရာပြောင်း ၊ လိပ်စာသစ်

- **YE NOOS & ASSOCIATES (Law firm & Audit firm)**
  အမှတ်–၁၇၆/၁၇၈(ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊ မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၉၆၁၃၂၊ ၂၀၃၀၂၃၊ ၂၀၃၄၉၆
- **Viewsonic Service Centre**
  အမှတ်–၈၊ ၈၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၉၆၀၁
- **နုရည်ပွင့် အဆင့်မြင့်စက်ချုပ်ဆိုင်**
  အမှတ်–၃၈၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၅၀၃၇
- **သရဖူ အလှပြုပြင်ရေးနှင့်စတိုး**
  အမှတ်–၉၇၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်။
- **Nobel Cake**
  အမှတ်–၂၅၀၊ ၂၈ လမ်း၊ ၈၂× ၈၃ လမ်းကြား၊ မန္တလေး။
- **Crystal Moon Digital Camera Shop**
  အမှတ်–၂၄၈(A)၊ ၃၃ လမ်း၊ ၈၂ လမ်း× ၈၃ လမ်း၊
  ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။
- **avita Distribution Channel**
  ဒုတိယထပ်၊ ဈေးချိုဟိုတယ်၊ ၂၇ လမ်း× ၂၈ လမ်းကြား၊ ၈၄ လမ်း၊ မန္တလေး။
- **Feel Man Beauty Salon**
  ၃၁ လမ်း၊ ၈၁ လမ်း× ၈၂ လမ်း၊ မန္တလေး။
- **ရွှေလီအသားကင်ဆိုင်**
  နာနတ်တောလမ်းနှင့် ပြည်လမ်းထောင့်၊ အမှတ် (၇) ရပ်ကွက်၊
  ကမာရွတ်မြို့နယ်၊ ရန်ကုန်။

## မန္တလေးမှာ ထောပတ် စစ်စစ် ဝယ်မယ်ဆိုရင်

၁၉၉၆ ခုနှစ်မှစလို့ ကိုယ်ပိုင်နို့ချက်စက်ရုံထုတ်ထောပတ်ဖြစ်ပြီး ဓာတုဗေဒဆေးဝါးမပါတဲ့အတွက် ကျန်းမာရေးနဲ့ ညီညွတ်တယ်လို့ ဆိုထားပါတယ်။ သန့်ရှင်းလတ်ဆတ်စွာနဲ့ ထုတ်လုပ်ထားတဲ့အတွက် လူမျိုးမရွေး၊ ဘာသာမရွေး စားသုံးနိုင်ပါတယ်။ လိုအပ်သလို အသုံးပြုနိုင်ပါတယ်။ ပလတ်စတစ်ဘူးများနဲ့ ထုပ်ပိုးထားတဲ့အတွက်ကြောင့်လည်း သယ်ဆောင်ရလွယ်ကူပါတယ်။ ကိုယ်တိုင်ထုတ်ရောင်းချတာ ဖြစ်တဲ့အတွက် ဈေးနှုန်းချိုသာပြီး လက်လီ လက်ကား ဝယ်ယူနိုင်ပါတယ်။

ပင်ရင်း – **ရွှေမြန်မာထောပတ်**
ငွေစန္ဒာဆီစက်၊ စက်ကွေ့ရပ်၊ မြစ်ငယ်မြို့၊ မန္တလေးတိုင်း။
ဖုန်း–၀၂–၅၄၄၉၈
ဆိုင်ခွဲ–W-22၊ မန်းမြန်မာပလာဇာ၊ မြေညီထပ်၊ ဈေးချိုထိုးမုန့်ဆိုင်များနှင့် မျက်နှာချင်းဆိုင်၊ မန္တလေးမြို့။
ဖုန်း–၀၉–၂၀၀၁၂၂၇၊ ၀၉–၂၀၃၀၆၆၉



www.foreverspace.com.mm



# ဟိုတယ်သင်တန်း တက်လိုသူများအတွက်

ဟိုတယ်ဆိုင်ရာလုပ်ငန်းခွင်ဝင်ရောက်လိုသူများအတွက် ဟိုတယ်သင်တန်းကျောင်းတစ်ခုကို လမ်းညွှန်လိုက်ပါရစေ။ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့်အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း၊ ဧည့်ကြို၊ ဟိုတယ်သုံးအင်္ဂလိပ်စာ၊ အထွေထွေအင်္ဂလိပ်စာတွေအပြင် ပန်းအလှပြုပြင်နည်းတွေကိုပါ သင်ကြားပေးလျက်ရှိပြီး သင်တန်းပြီးတာနဲ့ ပြည်တွင်း၊ ပြည်ပမှာရှိတဲ့ဟိုတယ်တွေမှာ အလုပ်ရရှိအောင် ဆောင်ရွက်ပေးတယ်လို့ ဆိုထားပါတယ်။ အထူးအစီအစဉ်အနေနဲ့ လေဘောသင့်ဒေသက တက္ကသိုလ်ဝင်တန်းအောင်ပြီးတဲ့ လူငယ်တွေကို ပညာဒါနအဖြစ် အခမဲ့သင်ကြားပေးသွားမယ်လို့ ဆိုထားပါတယ်။

လိပ်စာ–

Brightful Horizone Hotel Management & Training Centre

တိုက် (၁၀၅)၊ ၃–လွှာ၊ အခန်း(၄)၊
ဈ မိုင်လမ်းဆုံ၊ ပြည်လမ်း၊
မရမ်းကုန်းမြို့နယ်၊
ရန်ကုန်။
ဖုန်း–၆၆၅၂၃၅

# Quality အိတ်ချစ်သူများအတွက်

အိတ်ဆိုလိုက်တာနဲ့ လက်ကိုင်အိတ်လား၊ စလင်းဘက်အိတ်လား၊ ရှော့ပင်းဘက်အိတ်လား၊ လက်ကိုင်ခေါက်အိတ်လား၊ ခရီးဆောင်အိတ်လား စသလိုအမျိုးမျိုးရှိတဲ့အထဲက ဘယ်လိုအိတ်မျိုးမဆို ကြိုက်နှစ်သက်ကြတဲ့သူတွေအတွက် လမ်းညွှန်ပေးလိုက်တာပါ။ ဒီဆိုင်မှာ ဒီဇိုင်းအမျိုးအစားတစ်မျိုးထဲ သီးသန့်ရောင်းတာမျိုးမဟုတ်ဘဲ Brand အလိုက် အိတ်အမျိုးအစားအစုံအလင် ရောင်းချပေးတာ တွေ့ရပါတယ်။

အမှတ်တံဆိပ်သီးသန့်မရှိတဲ့ ဖန်စီလိုပေါ့ပေါ့ပါးပါးနဲ့ ဈေးနှုန်းသက်သာတဲ့အိတ်တွေလိုမျိုးတွေမဟုတ်ဘဲ နာမည်ကျော်အမှတ်တံဆိပ်အရည်အသွေးမြင့်အိတ်တွေကို ကိုယ်တိုင်သုံးစွဲဖို့ပဲဖြစ်ဖြစ်၊ လက်ဆောင်ပေးဖို့ပဲဖြစ်ဖြစ် ဝယ်ချင်တဲ့သူတွေအတွက် လမ်းညွှန်ပေးလိုက်ရခြင်းပါ။ အီတလီ Brandတွေဖြစ်တဲ့ Le Vargee, Valentino, Rudy နဲ့ ဂျပန်နိုင်ငံလုပ် ACE အမှတ်တံဆိပ်တွေလည်း ရနိုင်ပါတယ်။ ဒီဈေးကွက်တွေအတွက် သီးသန့်ထုတ်လုပ်တဲ့ဆီက တိုက်ရိုက်တင်သွင်းရောင်းချတာမို့ ဈေးနှုန်းသင့်တင့်စွာနဲ့ ရောင်းချပေးနိုင်တာပါလို့ ဆိုပါတယ်။ Ocean Supercenter၊ စိန်ဂေဟာဆူပါစင်တာ၊ ဂမုန်းပွင့်၊ Blazon နဲ့ လှည်းတန်းက Post Collection တွေမှာလည်း ဝယ်ယူနိုင်တာ တွေ့ရပါတယ်။

**SWEET BAGS**

– J-10 ပထမထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၀၁၁၈၇၆၊ ၀၉–၉၈၂၈၈၁၃
– အမှတ်–၁၀၂ (A)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
– မိနီစတိုး၊ မန္တလေး။



www.foreverspace.com.mm



# SS Food Channel
## ဝါတွင်းသုံးလအစီအစဉ်

စားသောက်ဖွယ်အတော်များများကို တစ်နေရာတည်းမှာ ရွေးချယ်စားသုံးနိုင်တဲ့ဆိုင်တစ်ခုပါ။ နံနက်စာကစလို့ ညစာအထိ Menu အတော်စုံစုံလင်လင်ရနိုင်လို့ အများကိုဧည့်ခံကျွေးမွေးချင်ရင်ပဲဖြစ်ဖြစ်၊ မိသားစုလိုက် သွားရောက်သုံးဆောင်လိုရင်ပဲဖြစ်ဖြစ် အဆင်ပြေနိုင်တာတွေ့ရပါတယ်။ အခုကာလကတော့ ဗုဒ္ဓဘာသာဝင်တွေရဲ့ အထူးအမြတ်ကာလဖြစ်တဲ့ ဝါတွင်းကာလဖြစ်တာမို့ အရင်က သက်သတ်လွတ်မစားတဲ့သူတောင် ဒီကာလရောက်ရင် သက်သတ်လွတ်စားကြ၊ ဥပုသ်စောင့်ကြနဲ့ တတ်နိုင်သမျှ ကုသိုလ်ယူကြလေ့ရှိပါတယ်။ ကိုယ့်ယုံကြည်မှုနဲ့ကိုယ် သက်သတ်လွတ်ပဲစားစား၊ အရင်ကတည်းက အသားမစားကြတဲ့သူတွေပဲဖြစ်ဖြစ်၊ အသီးအရွက်ဆိုတာ လူတိုင်းနဲ့သင့်လျော်တာမို့ SS Food Channel ရဲ့ ဝါတွင်းသုံးလအထူးအစီအစဉ်အဖြစ်ရောင်းချတဲ့ သက်သတ်လွတ်ဟင်းပွဲတွေကို မြည်းစမ်းနိုင်အောင် လမ်းညွှန်ပေးလိုက်တာပါ။

လိပ်စာ –

SS Food Channel
အမှတ်–၆၀၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၅၆၂၂၄၊ ၅၅၃၉၄၁

# Laptop ဝယ်မယ်ဆို

ကွန်ပျူတာသုံးစွဲမှု တဖြည်းဖြည်းများပြားလာနေတဲ့ ဒီနေ့ခေတ်မှာ Laptop ကွန်ပျူတာတွေဟာလည်း အတော်နေရာယူလာပါတယ်။ သွားလေရာကို အလွယ်တကူသယ်ဆောင်သွားနိုင်ပြီး အင်တာနက်ကိုပါ ထိုင်ရာမထ ချိတ်ဆက်အသုံးပြုနိုင်တာကြောင့် ကျောင်းသား၊ ကျောင်းသူတွေကအစ ရုံးဝန်ထမ်းအဆုံး Dasktop PC နေရာကို အစားထိုးအသုံးပြုလာကြတာကို တွေ့ရပါတယ်။ စီးပွားရေးလုပ်ငန်းတွေဆောင်ရွက်ဖို့သာမက Life Style တစ်ခုအနေနဲ့ပါ ရေပန်းစားလာတဲ့ အဲဒီ Laptop ကွန်ပျူတာကို ဝယ်ယူလိုသူတွေအတွက် အမှတ်တံဆိပ်မျိုးစုံဝယ်ယူရရှိနိုင်တဲ့ ရန်ကုန်မြို့လယ်အနီးက ဆိုင်တစ်ဆိုင်ကို လမ်းညွှန်လိုပါတယ်။ ဒီဆိုင်မှာ Laptop ကွန်ပျူတာမျိုးစုံကို ရွေးချယ်ဝယ်ယူနိုင်ပြီး Service ပိုင်းပါ တာဝန်ယူတယ်လို့ဆိုထားပါတယ်။ မိမိကြိုက်နှစ်သက်တဲ့ ဒီဇိုင်း၊ Function ပါဝင်မှု၊ ငွေကြေးအနေအထားပေါ်မူတည်ပြီး ရွေးချယ်ဝယ်ယူလိုသူတွေအတွက် လမ်းညွှန်လိုက်ပါတယ်။

လိပ်စာ–

VCT Group Laptop Computer Sales & Services
အမှတ် (၃၀/ A)၊ ယောမင်းကြီးလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၅၁၇၉၊ Fax-၂၄၅၀၃၇
E-mail:vet@myanmar.com.mm



www.foreverspace.com.mm



## ပန်းရိုက်သံထည် အော်ဒါမှာမယ်ဆို

နေအိမ်ဝင်းတံခါးမှာပဲဖြစ်ဖြစ်၊ ဝရံတာအလှဆင်ဖို့ပဲဖြစ်ဖြစ် သံပန်း၊ သံတံခါးမျိုးစုံ ဝယ်ယူနိုင်တဲ့နေရာပါ။ စိတ်ကြိုက်ဒီဇိုင်းအတိုင်း ပန်းရိုက်သံထည်တွေကို အော်ဒါမှာမယ်ဆိုရင်လည်း လက်ခံပြုလုပ်ဆောင်ရွက်ပေးတယ်လို့ သိရပါတယ်။ ဒီနေရာမှာ အဆင့်မြင့်ပုံဖော်သံဒီဇိုင်းမျိုးစုံအပြင် ပရိဘောဂနဲ့ Steel ပစ္စည်းတွေကိုပါ ဝယ်ယူနိုင်မှာပါ။

လိပ်စာ – **Myanmar KEK Group Co., Ltd.**

အမှတ်–၆၆၊ ရွှေတိဂုံဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း–၂၄၁၂၆၇၊ ၂၄၂၁၉၇၊ ၂၅၆၀၂၁၊ ဖက်စ်–၂၅၆၀၂၁

## ဝါသနာအိုးတွေအတွက် ဘောကန်ဖိနပ်ကောင်းကောင်း

ရုပ်သံမီဒီယာနဲ့ဂျာနယ်၊ မဂ္ဂဇင်းသာမက အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းတွေအထိ ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့် ပိုပိုပြီးနေရာယူလာတဲ့အတွက်ကြောင့် ဘောလုံးဝါသနာပါသူတွေ တစ်နေ့ထက်တစ်နေ့ ပိုတိုးလာတာ မလွဲဧကန်ပါ။ ဒါကြောင့် ဒီတစ်ပတ်အတွက် ကွင်းထဲမှာ ခြေထောက်နာလို့၊ ဝတ်ထားတဲ့ဖိနပ်ကြီးက မတော်မတည့်ဖြစ်နေလို့ စိတ်ညစ်နေတဲ့ ဘောလုံးကန်ဝါသနာအိုးတွေကို ဘောကန်ဖိနပ်ကောင်းကောင်းရတဲ့နေရာလေးကို လမ်းညွှန်ပေးလိုက်ပါတယ်။ ဒီဆိုင်မှာ သားရေစစ်စစ်နဲ့ချုပ်လုပ်ထားတဲ့ဖိနပ်တွေပဲ ရောင်းချပေးမယ်လို့ ဆိုပါတယ်။ ဒါကြောင့် ကိုယ်လိုချင်တဲ့ပုံစံရှိ၊ မရှိနဲ့ ဈေးနှုန်းစုံစမ်းလိုသူတွေ ကြိုတင်စုံစမ်းနိုင်အောင်လို့ လိပ်စာက–

**ကျော်မြင့် အဆင့်မြင့် ဘောကန်ဖိနပ်များ**

အမှတ်–၁၉၂၊ သုခလမ်း၊ (၈) ရပ်ကွက်၊ လှိုင်မြို့နယ်၊

ရန်ကုန်။ ဖုန်း–၅၂၇၂၀၅၊ ၀၉–၅၁၁၀၅၈၄

## နေပြည်တော်က ဘက်စုံသားဖွားသင်တန်း

နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး သုံးနှစ်တာဝန်ထမ်းဆောင်ရမယ့် နေပြည်တော်က ဘက်စုံသားဖွား ၁၈ လ သင်တန်းပါ။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်က သူနာပြုသားဖွားသင်တန်းကျောင်းများမှ ဖွင့်လှစ်သင်ကြားပေးမယ့်သင်တန်းဖြစ်လို့ ဒီသင်တန်းတက်ရောက်ဖို့အသက်၊ ကိုယ်ရေးရာဇဝင်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် စတာတွေအပြင် တခြားအချက်အလက်အချို့လည်း လိုအပ်ပါတယ်။ ဒီသင်တန်းတက်ရောက်ဖို့ စိတ်ဝင်စားသူတွေအတွက် အသေးစိတ်စုံစမ်းနိုင်ဖို့ လိပ်စာကို ဖော်ပြပေးလိုက်ပါတယ်။

**သက်ဆိုင်ရာ ပြည်နယ်/တိုင်း**

**ကျန်းမာရေးဦးစီးဌာနမှူးရုံးများ**

**ဆေးသိပ္ပံပညာဦးစီးဌာန**

(သူနာပြုဌာနစိတ်)၊ နေပြည်တော်။

ဖုန်း–၀၆၇–၄၁၁၁၄၈၊ ၄၁၁၁၄၉



www.foreverspace.com.mm

# ဆံပင်ဖြောင့်လိုသူတွေအတွက်

အခုနောက်ပိုင်း မြန်မာမိန်းကလေးတော်တော်များများဟာ သဘာဝဆံပင်ကို ပြောင်းလဲပစ်ဖို့ဝန်မလေးဘဲ လိုက်ဖက်ရာ၊ လိုက်ဖက်မယ်ထင်ရာ ဆံပင်ပုံစံကို ပြောင်းလဲပြုလုပ်လာကြလေ့ရှိတာ တွေ့ရပါတယ်။ အဲဒီထဲကမှ ရိုးရိုးဆံပင်ညှပ်ပုံပြောင်းတာမျိုး မဟုတ်ဘဲ ဆံပင်ကောက်တာ၊ ဖြောင့်တာ၊ ဆေးဆိုးတာမျိုးတွေကို ကြီးကြီး၊ ငယ်ငယ်မရွေး လုပ်ဆောင်လာကြတယ်ဆိုတာကို 'ဆံပင်အထူးဖြောင့်သည်၊ ကောက်သည်' စတဲ့ကြော်ငြာတွေကို မြင်တွေ့ရရုံနဲ့ သိနိုင်ပါတယ်။

မြန်မာမိန်းကလေးတွေအနေနဲ့တော့ ဆံပင်ကောက်တာထက်စာရင် ဆံပင်ဖြောင့်တာက အတော်များများနဲ့ လိုက်ဖက်မယ်ထင်ပါတယ်။ ဘာလို့ဆို ဆံပင်ကောက်ထားရင် ဒီဆံပင်နဲ့လိုက်ဖက်တဲ့ ဝတ်စားဆင်ယင်ပုံကို အထူးဂရုစိုက်ရလို့ပါ။ ဒီအမြင်ပေါ်တော့ အယူအဆမတူသူတွေလည်း ရှိပါလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဆံပင်ဖြောင့်၊ ကောက်တော့မယ်လို့ စဉ်းစားလိုက်တာနဲ့ အဓိကအရေးကြီးတာ ဆေးအရည်အသွေးရယ်၊ အာမခံပေးနိုင်မှုရယ်ပါပဲ။ ဆံပင်နဲ့ပတ်သက်ပြီး ဆေးထိလို့ ဆံပင်တွေကြေသွားတာ၊ ဦးရေပြားထိခိုက်မိတာ၊ ကိုယ့်ဘာသာလက်တည့်စမ်းမိလို့ ဆံပင်အထွေးလိုက်ကျွတ်ကုန်တာ စသလိုမျိုးတွေလည်း ကြားရလေ့ရှိလို့ပါ။

အခုဖော်ပြပေးလိုက်တဲ့ ဆံပင်ဖြောင့်နိုင်တဲ့ဆိုင်တွေက အယ်ဒီတာအနေနဲ့ ရွေးချယ်ထားတာမျိုးမဟုတ်ဘဲ ကျသင့်မယ့်ဈေးနှုန်းနဲ့တကွ ကြော်ငြာလေ့ရှိတဲ့ဆိုင်တွေကို လက်လှမ်းမီသလောက် စုစည်းပြီးဖော်ပြပေးလိုက်တာပါ။ ဈေးနှုန်းနဲ့တကွပေးနိုင်မယ့်ဝန်ဆောင်မှုကိုပါ ကြော်ငြာထားတော့ ပြုလုပ်သူတွေရဲ့ စိတ်ဝင်စားမှုကိုလည်း ရရှိတတ်တာတွေ့ရပါတယ်။ လူတစ်ကိုယ်မှာ အရေးကြီးတဲ့ ဆံကေသာနဲ့ဆက်စပ်နေတာမို့ မပြုလုပ်ခင်မှာ ကျသင့်မယ့် ဈေးနှုန်း၊ အာမခံပေးနိုင်မှု၊ ပြုလုပ်ပေးမယ့် ဆေးရဲ့ အရည်အသွေးတွေကို သေသေချာချာ မေးမြန်းရွေးချယ်ဖို့တော့လို ပါလိမ့်မယ်။

- **MOMIJI**

  – အမှတ်–၁၄၉၊ အထက်ပုဇွန်တောင်စာတိုက်မှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၅၁၈၆၉၀၀
  – အမှတ်–၄၄၄၊ ကုန်သည်လမ်း၊
  ၄၃ လမ်းနှင့် ၄၄ လမ်းကြား၊ ဘိုကလေးဈေးမှတ်တိုင်အနီး၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၉၇၉၃၀၊ ၀၉–၅၁၉၁၂၈၄

- **ဒဏ္ဍာရီ**

  – အမှတ်–၂၇၅၊ ဗညားဒလလမ်း၊
  အောင်မင်္ဂလာမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။
  – အမှတ်–၁၁၄/၁၁၆ မြေညီထပ်၊ ၄၆ လမ်း (အထက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
  – ရွှေတိဂုံဘုရားလမ်းနှင့် ဦးဝိစာရလမ်းထောင့်၊
  ဒဂုံပန်းခြံအတွင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

- **7th Corner**

  – သိမ်ဖြူလမ်း၊ ဖို့မြေလမ်းထောင့်၊
  သိမ်ဖြူဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
  – (၁၇) လမ်းထိပ်၊ အနော်ရထာလမ်းမပေါ်၊ လသာမြို့နယ်၊ ရန်ကုန်။
  – မြေနီကုန်းမီးပွိုင့်၊ ပြည်လမ်း၊ ရတနာပုံရုပ်ရှင်ရုံ၊ ပထမထပ်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

- **You Beauty Saloon**

  အမှတ်–၂၀၊ ၈၈ လမ်း၊ ကန်တော်ကလေး၊
  မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၄၀၃၄

- **Y.Y.A**

  အမှတ်–၂၇၉၊ မြေညီထပ် အခန်း (D)၊ ဗညားဒလလမ်း၊
  ဘုရင့်နောင်ရုပ်ရှင်ရုံဟောင်း၊ အရှိုးကုန်းရပ်ကွက်၊
  တာမွေမြို့နယ်၊
  (အောင်မင်္ဂလာမှတ်တိုင်)၊ ရန်ကုန်။ ဖုန်း–၇၂၄၂၈၀

- **Nail Art Beauty Line**

  တိုက်–၁၊ ၂၊ ၃၊ ပထမထပ်၊
  စံရိပ်ငြိမ်နှင့် ဆင်ရေတွင်းမှတ်တိုင်ကြား၊ အင်းစိန်လမ်း၊
  ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၅၁၁၃၆၁၂

- **မြတ်နိုးသူ**

  အမှတ်–၅၅၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊
  တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၁၁၇၇၈

- **တင့်တယ်(အလှစံအိမ်)**

  အမှတ်–(၁၇/ခ)၊ ရတနာလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း–၀၉–၅၁၈၈၄၇၇၊ ၀၉–၅၁၂၇၈၇၅

- **MI DORI Beauty Centre**

  အမှတ်–၃၂/၃၊ အလံပြဘုရားလမ်း၊ Parkroyal Hotel ရှေ့၊
  ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၅၂၃၁၄၊ ၃၈၉၂၁၈၊ ၀၉–၉၈၄၁၆၀၄

- **LADY LIGHT Beauty Saloon**

  တိုက်–၉၊ အခန်း–၀၀၁၊ အောင်ချမ်းသာအိမ်ရာ၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ တာမွေအဝိုင်းမှတ်တိုင်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၅၄၁၀၀၊ ၅၅၄၁၂၂ (လိုင်းခွဲ–၃၂၅)

www.foreverspace.com.mm



- **aroma (Hair & Beauty Spa)**
  **Aroma Wellness Shopping Centre Level-4**
  အမှတ် S-25၊ Level 4၊ ဦးချစ်မောင်အိမ်ရာ၊
  ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၅၆၈၁၁
- **Zenith**
  အမှတ်-၅၃၊ အောင်လှရိပ်သာလမ်း၊ (၁) ရပ်ကွက်၊
  အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၃၀၀၀၁
- **ငွေကုံကော်**
  တိုက်-၂၁၉၊ အခန်း-၂၊ ၁၂ လုံးတန်းမီးပွိုင့်အနီး၊
  ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၅၁၃၁၄၉၇
- **SEVEN HANA**
  အမှတ်-၆၂၊ ၁၆ လမ်း (အောက်)၊ လမ်းမတော်မြို့နယ်၊
  ရန်ကုန်။ ဖုန်း-၂၂၆၃၁၅
- **SHINE**
  တိုက်-၆၊ အခန်း-၁၀၃၊ အောင်ချမ်းသာအိမ်ရာ၊
  အရှေ့ရွှေဂုံတိုင်လမ်း၊ တာမွေအဝိုင်းမှတ်တိုင်အနီး၊
  အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၅၀၃၉၆၂၄၊ ၅၅၄၁၀၀ (လိုင်းခွဲ-၃၅၄)
- **AMY KO KO**
  – အမှတ်-B-12၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်းနှင့်
  ဆရာစံလမ်းထောင့်၊ ဟာမစ်တစ်မီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်၊
  ရန်ကုန်။ ဖုန်း-၅၅၇၄၈၆ (လိုင်းခွဲ-၈၇၅)
  – အမှတ်-၁၉-A၊ ကမ္ဘောဇလမ်း၊
  ရွှေတောင်ကြား (၂) ရပ်ကွက်၊ မူကြိုကျောင်းရှေ့၊
  ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၇၀၃၁၄၅၊ ၀၉-၈၀၂၀၂၀၆

## မော်လမြိုင်ကျွန်းမြို့က ရေကန်ကြီးထမင်းဆိုင်

မော်လမြိုင်ကျွန်းမြို့လယ် ရေကန်အနီးမှာတည်ရှိပြီး မြန်မာ၊ တရုတ် အစားအသောက်နှစ်မျိုးစလုံးရတယ်လို့ ဆိုပါတယ်။ အထူးသဖြင့် မြန်မာဟင်းချက် အလွန်ကောင်းပြီး ဟင်းအမယ်လည်း နယ်မြို့လေးတစ်မြို့ရဲ့ ထမင်းဆိုင်လို့မထင်ရအောင် စုံလှသလို အရန်ဟင်းရည်ကိုလည်း တစ်ရက်တစ်မျိုး မရိုးအောင် ချက်ပေးထားတယ်လို့ ဆိုပါတယ်။ ရုံဖန်ရံခါ အရေးပေါ်လုပ်ပေးတဲ့ မြင်းခွာရွက်ဟင်းချို၊ ပဲပင်ပေါက်ဟင်းချိုတွေဟာ အရသာရှိသလို ငါးပိထောင်းနဲ့တို့စရာ၊ ငံပြာရည်ချက်များ စားကောင်းလှပါတယ်။ အဲဒီဆိုင်ရဲ့ထူးခြားချက်တစ်ခုကတော့ ထမင်းစားပြီးတဲ့အခါ အဆာချေအအီပြေဖို့ ထန်းလျက်နဲ့သာမက လိမ္မော်လျက်ဆားပုလင်းလေးပါ ချထားပေးခြင်း ဖြစ်ပါတယ်။ နယ်မြို့တစ်မြို့နဲ့အညီ သန့်ရှင်းမှုလည်းရှိပြီး ဆက်ဆံရေးကလည်း နွေးထွေးဖော်ရွေပါတယ်။

လိပ်စာ – **ပိုတင်စားသောက်ဆိုင်**
၇-လမ်း၊ A၊ မော်လမြိုင်ကျွန်းမြို့နယ်။

## ဆိုလာပြားတပ်ဆင်လိုလျှင်

လျှပ်စစ်ဓာတ်အားမရရှိတဲ့နေရာတွေမှာ နေရောင်ခြည်ကနေ လျှပ်စစ်ဓာတ်အားရရှိအောင် ဆိုလာပြား တပ်ဆင်လိုသူတွေအတွက် ဆိုလာပြားဝယ်ယူရရှိနိုင်မယ့် နေရာတစ်ခုကို လမ်းညွှန်လိုပါတယ်။ ဆိုလာပြားတပ်ဆင်ထားတာကြောင့် လျှပ်စစ်ဓာတ်အားအလွယ်တကူရရှိပြီး လုပ်ငန်းတွေဆောင်ရွက်ရာမှာ လွယ်ကူလျင်မြန်စေမှာပါ။ လေဘေးသင့်ဒေသတွေမှာ လျှပ်စစ်မီးရရှိအောင် ဆိုလာပြားတပ်ဆင်လှူဒါန်းလိုသူတွေအတွက်လည်း စုံစမ်းဝယ်ယူလှူဒါန်းနိုင်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကို မညစ်ညမ်း မပျက်စီးစေဘဲ လျှပ်စစ်မီးရရှိနိုင်တာမို့လို့ လမ်းညွှန်လိုက်ရခြင်းပါ။

လိပ်စာ-

**Solar Power**
အမှတ်(၆၃)၊ ၉ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၂၁၄၅၁၊ ၂၂၃၆၀၊ ၂၁၄၈၂၅၊ ၂၂၀၂၉၅၊ ၂၂၁၉၃၂၊ ၂၂၆၉၀၄
E-mail: spci@yangon.net.mm

## Romantic ဆန်ဆန်စားချင်သူများအတွက်

စားသောက်ဖွယ်ရာတွေ စုံစုံလင်လင်လည်းစားချင်တယ်၊ ဈေးနှုန်းလည်းသက်သာချင်တယ်၊ Romantic ဆန်ဆန်လည်းစားချင်တယ်ဆိုရင်တော့ အဲဒါတွေအားလုံးနဲ့ ပြည့်စုံတဲ့ Romantic စားသောက်ဆိုင်ကို ညွှန်ပြရမှာပါ။ အဲဒီဆိုင်မှာ လူမျိုး၊ ဘာသာမရွေးစားသုံးနိုင်တဲ့အပြင် ထိုင်းအစားအစာ၊ တရုတ်စာ၊ ဂျပန်၊ ကိုရီးယားစတဲ့ အစားအစာတွေ၊ ဥရောပအစားအစာတွေ၊ ပင်လယ်စာတွေကို သင့်တင့်မျှတတဲ့ဈေးနှုန်းနှင့် စားသောက်နိုင်ပါတယ်။

ချစ်သူစုံတွဲတွေအတွက် နှစ်ယောက်ချင်းပဲဖြစ်ဖြစ်၊ သူငယ်ချင်းတွေနဲ့ပဲဖြစ်ဖြစ်၊ မိသားစုလိုက်ဖြစ်ဖြစ် တိတ်ဆိတ်စွာစားသောက်လို့ရအောင် သီးသန့်ခန်းလေးတွေ စီစဉ်ပေးထားတာတွေ့ရပါတယ်။ ဝန်ဆောင်ခလည်းသီးသန့်ထပ်ပေးစရာမလိုပါဘူး။ လေညင်းခံရင်းစားချင်ရင်လည်းပဲ အေးမြတဲ့ရေကန်ရင်ပြင်ပေါ်မှာ တည်ဆောက်ထားတဲ့စားပွဲဝိုင်းတွေနဲ့စားသောက်နိုင်မှာပါ။ စားသောက်ရင်းနဲ့ လေးဆူဓာတ်ပုံရွှေတိဂုံဘုရားကြီးကိုလည်း ဖူးမြော်နိုင်တာမို့ လမ်းညွှန်ပေးလိုက်ရခြင်းပါ။

လိပ်စာ –

**ROMANTIC**
သီရိနန္ဒာပန်းခြံဝင်း၊ ဦးထောင်ဘိုအဝိုင်းအနီးနှင့်
ဗဟန်း (၃) လမ်းမှတ်တိုင်အနီး၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။
ဖုန်း-၇၂၂၃၉၉

# နိုင်ငံတကာအစားအစာများ

လုပ်ငန်းသဘောအရ နိုင်ငံခြားသားဧည့်သည်ကို ဧည့်ခံဖို့အတွက်ပဲဖြစ်ဖြစ်၊ ကိုယ်တိုင်က နိုင်ငံတကာအစားအစာတွေကို ကြိုက်နှစ်သက်လို့ သွားရောက်စားသုံးဖို့အတွက်ပဲဖြစ်ဖြစ် အသုံးဝင်စေဖို့ရည်ရွယ်ပြီး နိုင်ငံတကာအစားအစာတွေ ဘယ်နေရာတွေမှာရနိုင်တယ်ဆိုတာ ဖော်ပြပေးထားပါတယ်။ တချို့ဆိုင်တွေမှာ ရိုးရာအစားအစာတွေ တစ်မျိုးမက ရနိုင်တာကိုလည်း တွေ့ရမှာပါ။

နိုင်ငံတကာအစားအစာတွေထဲမှာ တရုတ်အစားအစာဆိုင်တွေကတော့ ဆိုင်အရေအတွက်များတာရယ်၊ လူတော်တော်များများလည်းသိနှင့်ကြပြီး ဆိုင်တိုင်းလိုလို မှာယူသုံးဆောင်နိုင်တာတွေရယ်ကြောင့် သီးသန့်ဖော်ပြပေးမထားတာပါ။

## ဥရောပအစားအစာ

❑ **J-Bon**

အမှတ်–၁၅၃၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၅၀၈၄၉

❑ **J's Irrawaddy Dream**

မြကျွန်းသာဝင်းအတွင်း၊ ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၆၄၀၂၂

❑ **Kipling's Restaurant**

အမှတ်–၁၂၉၊ Savoy ဟိုတယ်၊ ဓမ္မစေတီလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၆၂၈၉၊ ၅၂၆၂၉၈၊ ၅၂၆၃၀၅

❑ **Gourmet Corner**

အမှတ်–၁၁(C)၊ ပါရမီလမ်း၊ မလိခလမ်းထောင့်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၇၄၄၉

❑ **Eugenia**

အမှတ်–၄၇(A)၊ မနော်ဟာရီအိမ်ရာ၊ ဗဟိုလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်။

❑ **Salon Orient**

အမှတ်–၉(D)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်။ ဖုန်း–၅၇၈၉၁၃

❑ **Zephyr**

အမှတ်–၂၈၊ စိမ်းလန်းစိုပြည်ဝင်းအတွင်း၊ အင်းလျားလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၂၇၂၀၊
၀၉–၈၀၂၂၁၇၈၊ ၀၉–၅၁၄၈၆၃၅

❑ **Burger Busters**

အမှတ်(၁၁၄/ B ) အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်။ ဖုန်း–၅၂၄၈၉၇

❑ **Million Coins**

– တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဝင်ပေါက် (၂) ရှေ့၊
ဗိုလ်မင်းခေါင်လမ်း၊ ဂျိုးဖြူလမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၃၇၈၆၊ ၂၄၆၇၀၁
– ဥက္ကလာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၂၁၆၉၉

❑ **Manis Restaurant**

အမှတ်–၁၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၇၅၀၆၊ ၅၁၂၅၆၉

❑ **Signature**

ကန်တော်ကြီး Relaxation Zone၊ ကန်တော်ကြီးသဘာဝဥယျာဉ်၊ ဗဟန်းလမ်း၊ ဦးထောင်ဘိုအဝိုင်းအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၆၄၈၈၊ ၅၄၃၃၈၇၊ ၅၄၆၄၈၇

❑ **Emporia Steak House**

အမှတ်–၄၀၊ Chatrium Hotel၊ နတ်မောက်လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၄၅၀၀၊ ၅၄၄၄၀၀

❑ **50th Street Bar & Grill**

အမှတ်–၉/၁၃၊ လမ်း–၅၀၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၈၀၉၆၊ ၂၉၈၂၈၇

❑ **Revo**

အမှတ်–၁၂၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၀၂၃၈၂၊ ၅၂၆၇၈၃

❑ **AD Garden**

အမှတ်–၉/၁၁၊ ပါရမီလမ်း၊ ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၆၃၉၆

## ထိုင်းအစားအစာ

❑ **Bua Thai**

အမှတ်–၄၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၆၆၃၁၃၊ ၀၉–၅၁၅၁၀၅၈

❑ **Mai Thai**

အမှတ်–၃၄၊ ကမ္ဘာအေးဘုရားလမ်း၊ ဆင်ရေတွင်းလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၁၁၀၈

❑ **Phai Lin Restaurant**

– အမှတ်–၆၉၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၂၅၄၀၃၊ ၅၂၆၅၁၈
– အမှတ်–၃၄၊ အလုပ်သမားဆေးရုံရှေ့၊ ကျိုက္ကဆံလမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၆၉၉၂

❑ **Sabai Sabai**

အမှတ်–၂၃၂၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၄၇၂၄



www.foreverspace.com.mm

www.foreverspace.com.mm

- **Swe Thai**
  အမှတ်–၃၄၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၄၀၆၇
- **Bangkok Kitchen Thai Restaurant**
  မြိုင်မာလာကျွန်း၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၇၄၄၆၊ ၅၅၆၉၀၁၊ ၅၄၈၈၄၄
- **သဘာဝ**
  – အမှတ်–၂၅၊ ကျောက်ရေတွင်းလမ်း၊ မလွှကုန်းလမ်းနှင့် မြို့သစ် (၁) လမ်းထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၄၅၃၉
  – တိုက်–၂၇၃၊ အခန်း (၄)၊ ရန်ကင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၆၅၈၄ (လိုင်းခွဲ–၂၂၃)
- **Coca Suki**
  အမှတ်–၃၅၀၊ Summit Parkview ဟိုတယ်၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၉၉၀၄၊ ၂၂၉၉၀၅
- **Yinn Dee**
  အမှတ်–၁၂၆၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၆၅၂၆
- **7 Eleven**
  အမှတ်–ပ–၄၊ ပဒုမ္မာလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၆၁၇၃၃
- **Pattaya**
  အမှတ်–၃၇၇၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၀၀၅၆
- **ပန်းစွယ်တော်**
  အမှတ်–၂၂၈၊ အလုံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၁၅၃၆၃

## အိန္ဒိယအစားအစာ

- **Asohaka**
  အမှတ်–၂၈ (ဘီ)၊ ဖိုးစိန်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၅၅၃၉၊ ၅၃၆၁၇၄
- **ချယ်ရီမန်း**
  အမှတ်–၄၀၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၄၈၉၁
- **Bharat**
  အမှတ်–၃၅၆၊ မဟာဗန္ဓုလလမ်း၊ ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၂၂၅၃
- **Shanti**
  အခန်း–၄၊ ကန်တော်ကြီးဝင်းအတွင်း၊ ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၇၄၄၇၊ ၂၉၂၆၃၁ (လိုင်းခွဲ–၁၆)၊ ၂၉၂၆၁၉ (လိုင်းခွဲ–၁၆)
- **Maharaja**
  တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဝင်းအတွင်း၊ ဗိုလ်မင်းခေါင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၉၃၀၉၆
- **Zaiha-bar**
  အမှတ်–၂၇၇ (ပထမထပ်)၊ အာရှပလာဇာဟိုတယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၉၁၀၇၀ (လိုင်းခွဲ–၁၀၈)၊ ၃၉၁၀၇၁ (လိုင်းခွဲ–၁၀၈)၊ ၃၉၁၃၇၆၊ ၃၉၁၄၀၃
- **ဒို့မိတ်ဆွေ**
  – အမှတ် ၁၁၊ မင်းနန္ဒာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၁၇၂၆
  – အမှတ်–၂၃၂၊ ဗားကရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၉၅၅၉
  – အခန်း–၀၀၁/၀၀၂၊ ဒဂုံတာဝါ၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၄၉၈၀၊ ၀၉–၅၁၅၁၂၅၂
- **India Chitty Restaurant**
  အမှတ်–၈၁၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၉၄၀၇၆
- **Kaw Kaw**
  အမှတ်–၂၇၅၊ အထက်ဘလောက်၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၈၀၂၄၅၂၉
- **လက်ချိုမီး**
  အမှတ်–၈၁၊ နတ်စင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၂၀၃၉

## အီတလီအစားအစာ

- **Cafe' Dibar**
  အမှတ်–၁၄/၂၀၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၀၀၆၁၄၃
- **Orzo**
  ဆီဒိုးနားဟိုတယ်၊ အမှတ်–၁၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
- **Rossini Restaurant**
  အမှတ်–၁၂၉၊ Savoy Hotel၊ ဓမ္မစေတီလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၆၃၈၉၊ ၅၂၆၂၉၈၊ ၅၂၆၃၀၅
- **L'Opera (1)**
  အမှတ်–၆၂ (ဒီ)၊ ဦးထွန်းငြိမ်းလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၅၅၁၆
- **L'O pera (2)**
  အမှတ်–၈၊ Marina Residence၊ ကမ္ဘာအေးဘုရားလမ်း၊

www.foreverspace.com.mm

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၅၀၆၅၁ (လိုင်းခွဲ–၇)

## ဂျပန်အစားအစာ

- ❑ **Benkay Restaurant**
  အမှတ်–၄၀၊ Chatrium ဟိုတယ်၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၄၅၀၀ (လိုင်းခွဲ–၆၂၃၁)
- ❑ **Han IL Kwan**
  အမှတ်–၃၃၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၄၉၈၆၊ ၅၃၁၈၄၂၊ ၀၉–၅၁၇၁၈၉၂
- ❑ **Howdy's**
  အမှတ်–၃၅ (ဘီ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၆၇၈၀၊ ၂၅၂၇၃၀
- ❑ **Samurai Sushi**
  အမှတ်–၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၃၂၄၂
- ❑ **Tenri**
  အမှတ်–၆၂၊ A-2၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၄၈၆၇
- ❑ **Shiki-Tei**
  အမှတ်–၃၃၊ ဒုတိယထပ်၊ Parkroyal Hotel၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၀၃၈၈ (လိုင်းခွဲ–၈၁၁၉)
- ❑ **Fuji**
  အမှတ်–၁၁၆၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၅၃၇၁
- ❑ **Yakiniku**
  အမှတ်–၃၅၇၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၄၇၃၈
- ❑ **Nagasaik Tei**
  အမှတ်–၅၀ (A)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၈၆၆၈၊ ၀၉–၅၁၃၃၅၀၆
- ❑ **Tategoto**
  အမှတ်–၂၂၃၊ မြေညီထပ်၊ Traders Hotel၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၄၂၈၂၈ (လိုင်းခွဲ–၆၄၄၈၊ ၆၄၅၀)
- ❑ **Tokyo Bar**
  အမှတ်–၃၂၇၊ ဒုတိယထပ်၊ The Grand Mee Ya Hta (Executive Residence)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၅၁၀၁၊ ၂၅၆၃၅၅၊ ၂၅၆၃၅၆

## ကိုရီးယားအစားအစာ

- ❑ **Arirang**
  အမှတ်–၁၉၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၀၈၁၇
- ❑ **Hanaro**
  အမှတ်–(4-B)၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၀၈၉၅၊ ၀၉–၅၁၄၅၈၀၄
- ❑ **Swan Swan**
  အမှတ်–၂၄၊ ဗဟိုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၁၄၉၇၊ ၀၉–၅၀၀၆၅၀၀
- ❑ **Koo's**
  အမှတ်–(3-B)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၆၂၄၂၂
- ❑ **Korean**
  အမှတ်–၂၄ (ဘီ)၊ ၇ မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း–၆၆၂၇၅၇
- ❑ **Moon Bakery (3)**
  အမှတ်–၂ (အေ)၊ ၆–မိုင်ခွဲ၊ ပြည်လမ်း၊ ကန်လမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၆၃၇၅

## ပြင်သစ်အစားအစာ

- ❑ **Gourment Palace**
  အမှတ်–၁၁၆ (ဘီ)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၄၉၈၀၊ ၅၃၇၁၄၇
- ❑ **Zaw Gyi House**
  အမှတ်–၃၇၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၆၃၅၅ (လိုင်းခွဲ–၃၀၂၇)၊ ၃၈၀၃၉၈
- ❑ **Le Planteur**
  အမှတ်–(2-B)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၁၉၉၇
- ❑ **Mandalay**
  အမှတ်–၃၅၊ The Governor's Residence၊ တော်ဝင်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၉၈၆၀

## အင်ဒိုနီးရှားအစားအစာ

- ❑ **Manis Restaurant**
  အမှတ်–၁၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၇၅၀၆

## ကမ္ဘောဒီးယားအစားအစာ

- ❑ **Moonsoon**
  အမှတ်–၈၅/၈၇၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၅၂၂၄၊ ၇၀၅၀၆၃၊ ၀၉–၅၀၁၅၆၅၃ ■


www.foreverspace.com.mm



# ပညာရေးလမ်းညွှန်

## အာရှဖွံ့ဖြိုးရေးဘဏ် ဂျပန်ပညာသင်ဆုလျှောက်ထားချိန်တန်

Knowledge is Power ဆိုသကဲ့သို့ပင် သတင်းအချက်အလက်များကို အလွယ်တကူရရှိနေသူများအဖို့ သတင်းအချက်အလက်ကို အချိန်နှင့်တစ်ပြေးညီ ပြည့်ပြည့်စုံစုံမရရှိနိုင်သူများထက်စာလျှင် ပညာသင်ဆုလျှောက်ထားရာတွင် အခွင့်အရေးများစွာ ပို၍ရရှိနေသည်ကို တွေ့ရပါသည်။ အင်တာနက် Search Engine နှင့် ကောင်းစွာရင်းနှီးနေသည့်အပြင် အင်တာနက်ကို အချိန်မရွေးသုံးနိုင်သူများအနေဖြင့် ပညာသင်ဆုနှင့်ပတ်သက်သော သတင်းအချက်အလက်များကို လွယ်လွယ်ကူကူရရှိနေချိန်တွင် အရည်အချင်းရှိသော်လည်း အကြောင်းကြောင်းကြောင့် ပညာသင်ဆုသတင်းများနှင့် အလှမ်းဝေးနေသူများအတွက် Living Color က ပညာသင်ဆုအမျိုးမျိုးနှင့်ပတ်သက်သော အချက်အလက်များကို လစဉ် ဖော်ပြပေးလျက်ရှိပါသည်။ ယခုတစ်လတွင် အာရှဖွံ့ဖြိုးရေးဘဏ် ဂျပန်ပညာသင်ဆုကို မိတ်ဆက်ဖော်ပြလိုက်ရပါသည်။




ဂျပန်အစိုးရ၏ ငွေကြေးအထောက်အပံ့ဖြင့် ၁၉၈၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ADB-JSP ပညာသင်ဆုသည် အာရှတစ်ခွင်ရှိ ဖွံ့ဖြိုးမှုမြင့်မားသောနိုင်ငံများမှ နိုင်ငံသားများကို ချန်လှပ်၍ ဖွံ့ဖြိုးဆဲနိုင်ငံများမှ အရည်အချင်းပြည့်မီသည့် နိုင်ငံသားများကိုသာ စီးပွားရေးဘာသာရပ်များ၊ စီမံခန့်ခွဲမှုဘာသာရပ်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဘာသာရပ်များနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဘာသာရပ်များကို သင်ယူရန်ပေးအပ်နေသော ပညာသင်ဆုအမျိုးအစားဖြစ်ပါသည်။ ပညာသင်ဆုရရှိသူများသည် သက်ဆိုင်ရာတက္ကသိုလ်တွင် သင်ယူမှုပြီးမြောက်ပါက မိမိတို့၏နိုင်ငံများသို့ ပြန်လာ၍ ဇာတိမြေ၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးအောင် ဆောင်ရွက်ရန် ADB-JSP ပညာသင်ဆုပေးသူများက ရည်ရွယ်ချက် ထားရှိပါသည်။

ADB-JSP ပညာသင်ဆုရရှိသူများအနေဖြင့် မိမိတို့ဝင်ခွင့်ရရှိသွားသော တက္ကသိုလ်ကို ပေးသွင်းရမည့် ကျောင်းလခ၊ လစဉ်နေစရိတ်၊ စားစရိတ်၊ အခြားစာအုပ်စာတမ်းလိုအပ်ချက်များ ဝယ်ယူရန်စရိတ်၊ ပညာသင်နေစဉ်ကာလအတွက် ကျန်းမာရေးအာမခံနှင့် ခရီးသွားလာရသည့်အခါ ခရီးစရိတ်များကို ခံစားခွင့်ရှိမည်ဖြစ်သည်။ ADB-JSP ပညာသင်ဆုကို မြန်မာနိုင်ငံသား အတော်များများရရှိခဲ့ဖူးပြီး လက်ရှိတွင်လည်း ADB ၏ အထောက်အပံ့ဖြင့် ပညာသင်ယူနေသူများ အာရှတက္ကသိုလ်အတော်များများတွင် ရှိပါသည်။ ADB ၏ အထောက်အပံ့ဖြင့် တက်ရောက်ခွင့်ပြုထားသော တက္ကသိုလ်များစာရင်းကို သီးခြားဖော်ပြထားပါသည်။ ပညာသင်ဆု ရရှိသူများအနေဖြင့် အထက်တွင်ဖော်ပြခဲ့သော အခြေခံလိုအပ်ချက်များကို ခံစားခွင့်ရှိမည့်အပြင် မိမိ၏ ဘာသာရပ်ဆိုင်ရာသုတေသနများပြုလုပ်ရန် လိုအပ်သည့်အခါ အထူးသုတေသန ထောက်ပံ့ကြေးကိုပါ ခံစားခွင့်ရှိမည် ဖြစ်ပါသည်။ ထို့ပြင် အချို့သောဘာသာရပ်များ၊ တက္ကသိုလ်များသို့ တက်ရောက်ရသောအခါ မိမိတို့၏ ပင်မဘာသာရပ်များကို မသင်ယူရမီကာလတွင် အကြိုပြင်ဆင်မှုအဖြစ် သင်ယူရသော ကွန်ပျူတာကျွမ်းကျင်မှု၊ ဘာသာစကားကျွမ်းကျင်မှုအပါအဝင် အခြားအလားတူ သင်တန်းအချို့အတွင်း ကုန်ကျသောစရိတ်များကိုလည်း ADB က ထောက်ပံ့ပေးပါသည်။

ADB သည် မဟာဝိဇ္ဇာဘွဲ့များနှင့် ပါရဂူဘွဲ့အတွက် အများဆုံး ၂ နှစ်ခန့် ပညာသင်ဆုထောက်ပံ့ပေးသည်။ စာသင်နှစ် ပထမတစ်နှစ်ပြီးချိန်တွင် သက်ဆိုင်ရာတက္ကသိုလ်၏ သတ်မှတ်အရည်အချင်းပြည့်မီစွာ အောင်မြင်မှုသာလျှင် နောက်

www.foreverspace.com.mm

၄ နှစ်အတွက် ဆက်လက်ထောက်ပံ့ခြင်းဖြစ်ကြောင်း သဘောပေါက်ရပါမည်။

ADB ကို လျှောက်ထားရန်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်မီရပါမည်။

၁။ လျှောက်ထားသူသည် အာရှဖွံ့ဖြိုးရေးဘဏ်မှ ငွေချေးနေဆဲနိုင်ငံ၏ နိုင်ငံသားဖြစ်ရပါမည်။ ဆက်လက်ငွေချေးယူရန်မလိုအပ်တော့သည့် တရုတ်၊ ထိုင်ဝမ်၊ ဂျပန်... အစရှိသည့် နိုင်ငံသားများ ဤပညာသင်ဆုကို လျှောက်ထားရန် အကျုံးမဝင်ပါ။

၂။ သက်ဆိုင်ရာတက္ကသိုလ်များ၏ ခွင့်ပြုချက်ကို ရရှိမှသာလျှင် ADB ပညာသင်ဆုကို ခံစားခွင့်ရှိပါမည်။

၃။ တက္ကသိုလ်ပညာရေးတွင် ရရှိခဲ့သည့် ရိုးရိုးဘွဲ့များတွင် အရည်အချင်းမြင့်မားစွာ အောင်မြင်ခဲ့သူဖြစ်ရပါမည်။

၄။ လုပ်ငန်းခွင်တစ်ခုခု၌ လုပ်သက်အပြည့် ၂ နှစ်ရှိပြီးသူဖြစ်ရပါမည်။

၅။ ပညာသင်ယူရန်အတွက် လိုအပ်သော အရေး၊ အဖတ်၊ အပြော အစရှိသော အင်္ဂလိပ်စာအရည်အချင်းပြည့်မီရပါမည်။ ဤအချက်မှာ သက်ဆိုင်ရာတက္ကသိုလ်များက သတ်မှတ်ထားသော အင်္ဂလိပ်စာလိုအပ်ချက်ပေါ်တွင် မူတည်ပါသည်။

၆။ လျှောက်ထားသည့်အချိန်တွင် အသက် ၃၅ နှစ်အောက် ဖြစ်ရပါမည်။

၇။ ကျန်းမာရေးကောင်းသူဖြစ်ရမည်။

၈။ ပညာသင်ယူမှုပြီးဆုံးချိန်တွင် မိမိနိုင်ငံသို့ မဖြစ်မနေပြန်၍ တာဝန်ထမ်းဆောင်ရပါမည်။

၉။ ADB က ပညာသင်ယူခွင့်ပေးထားသော အာရှ၊ ဩစတြေးလျတစ်ခွင်မှ တက္ကသိုလ်ကြီးများတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ လျှောက်ထားခွင့်မရှိပါ။

၁၀။ ADB တွင် တာဝန်ထမ်းဆောင်နေသော အကြီးတန်း၊ အငယ်တန်း ဝန်ထမ်းအားလုံးနှင့် ၎င်းတို့၏ ဆွေမျိုးသားချင်းများ လျှောက်ထားခွင့်မရှိပါ။

၁၁။ ADB မဟုတ်သည့် အခြားနိုင်ငံတကာအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသော အကြီးတန်းဝန်ထမ်းအားလုံး လျှောက်ထားခွင့်မရှိပါ။

၁၂။ မြန်မာနိုင်ငံ၏ ပြင်ပတွင်နေထိုင်သော မြန်မာနိုင်ငံသားများ လျှောက်ထားခွင့်မရှိပါ။

၁၃။ ADB သည် မဟာဝိဇ္ဇာဘွဲ့နှင့် ပါရဂူဘွဲ့ အစရှိသည့် ဘွဲ့လွန်တန်းများမှအပ အခြားဘွဲ့ကြိုတန်းများ၊ အဝေးသင်ပညာရေးအစီအစဉ်များ၊ ကာလတိုသင်တန်းများ၊ ကွန်ဖရင့်များ၊ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲများ၊ စာတမ်းရေးသားမှုများနှင့် သုတေသနများအတွက် ငွေကြေးထောက်ပံ့ခြင်းမရှိပါ။

ADB သည် လက်ရှိတွင် နိုင်ငံတကာတက္ကသိုလ်ကြီး ၂၀ တွင် ပညာသင်ယူသူဖွံ့ဖြိုးဆဲအာရှနိုင်ငံသားများကို အထောက်အပံ့ပေးလျက်ရှိပြီး လျှောက်ထားသူများအတွက် ပညာသင်ဆုပေးသင့်၊ မပေးသင့်ကို အောက်ပါအစီအစဉ်အတိုင်း အဆိုပါတက္ကသိုလ်ကြီးများနှင့် ညှိနှိုင်းဆောင်ရွက်ပါသည်။ လျှောက်ထားသူသည် သက်ဆိုင်ရာ တက္ကသိုလ်များတွင် ADB အနေဖြင့် ပညာသင်ဆုပေးနေသော ဘာသာရပ်များစာရင်းတွင် မိမိသင်ယူလိုသောဘာသာရပ် အကျုံးဝင်၊ မဝင် စစ်ဆေးကြည့်ရပါမည်။ မိမိလျှောက်ထားလိုသော ဘာသာရပ်သည် ADB က ခွင့်ပြုထားသော ဘာသာရပ်များတွင် ပါဝင်နေပါက ကျောင်းလျှောက်လွှာကို အဆိုပါတက္ကသိုလ်၏ Website တွင် Download လုပ်ခြင်းအားဖြင့်လည်းကောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများထံမှ တောင်းယူခြင်းဖြင့်လည်းကောင်း ရရှိနိုင်ပါသည်။ အဆိုပါတက္ကသိုလ်ကတောင်းဆိုထားသော စာရွက်စာတမ်းအားလုံးကို ဖြည့်ဆည်း၍ တက္ကသိုလ်သို့ E-mail ဖြင့်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း ပြန်လည်ပေးပို့ရပါမည်။ ထိုသို့ လျှောက်

## ပြည်ပ ပညာသင်သွားမယ့်သူတွေ ပညာရေးကင်းရှင်းကြောင်း ထောက်ခံချက်ယူမယ်ဆိုရင်

ပြည်ပနိုင်ငံတွေမှာ ပညာသင်ကြားဖို့သွားရောက်မယ့်သူတွေအတွက် မဖြစ်မနေဆောင်ရွက်ရတဲ့ ပညာရေးကင်းရှင်းကြောင်းထောက်ခံချက်ရယူရင် လိုအပ်တာတွေနဲ့ သွားရမယ့်နေရာကို လမ်းညွှန်ပေးလိုက်ပါတယ်။ ဒီထောက်ခံချက်ရယူလိုတဲ့သူတွေဟာ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ပတ်စ်ပို့ဓာတ်ပုံ၊ ဘွဲ့လက်မှတ်မိတ္တူနဲ့ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သထုံလမ်းမှာရှိတဲ့ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ကိုသွားပြီး လျှောက်လွှာတင်ရမှာပါ။ ပြီးရင် ဘဏ်မှာ လျော်ကြေးငွေသွင်းဖို့အတွက် ပုံစံစာရွက်ကိုရယူပြီး မြန်မာ့ စီးပွားရေးဘဏ် (၃) မှာ သတ်မှတ်နှုန်းအတိုင်း ငွေပေးသွင်းရမယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ရရှိထားတဲ့ဘွဲ့နဲ့သွားရောက်မယ့်နိုင်ငံအပေါ်မူတည်ပြီး ငွေသွင်းရတဲ့ပမာဏ ကွာခြားပါတယ်။ အနိမ့်ဆုံးပမာဏ ကျပ်တစ်သောင်းခန့် ပေးသွင်းရပါတယ်။ ရလာတဲ့ ငွေသွင်းချလန်ကို အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ကို ပြန်ပို့ပြီး နှစ်ရက်လောက်နေရင်တော့ ပြည်ပနိုင်ငံတွေမှာ ကိုယ့်အစီအစဉ်နဲ့ကိုယ်ပညာသင်ဖို့ သွားကြမယ့်သူတွေအတွက် မဖြစ်မနေလိုအပ်တဲ့ ပညာရေးကင်းရှင်းကြောင်းထောက်ခံချက်ကို ရရှိမှာပါ။

www.foreverspace.com.mm



လွှာများကို ရေးဖြည့်စဉ် ADB မှ ပညာသင်ဆုအထောက်အပံ့ကို လျှောက်ထားလိုကြောင်း ဖော်ပြရပါမည်။ သို့သော် အဆိုပါလျှောက်လွှာများကို ADB သို့တစ်စုံ သီးသန့်ပေးပို့လျှောက်ထားရန် မလိုအပ်ပါ။

တက္ကသိုလ်များသည် လျှောက်လွှာများကို ၎င်းတို့သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်မီသူများကို ရွေးချယ်၍ ၎င်းတို့အနက် ADB ၏ ပညာသင်ဆုလျှောက်ထားသူများစာရင်းကို ADB သို့ အကြောင်းကြားပေးပါမည်။ ထိုအခါ ADB က ၎င်းတို့ ပညာသင်ဆုပေးအပ်လိုသူများကို ထပ်မံ၍ ဆန်ခါတင်စစ်ဆေးပါသည်။ ယေဘုယျအားဖြင့် ပညာသင်ဆုလျှောက်ထားကြရာတွင် သက်ဆိုင်ရာတက္ကသိုလ်များ၏ စိစစ်ရွေးချယ်မှုထက် ငွေကြေးအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများ၏ စိစစ်ရွေးချယ်မှုက ပို၍ တင်းကျပ်လေ့ရှိပါသည်။ သို့သော် လျှောက်ထားကြသူအများစုမှာ ကျောင်းဝင်ခွင့်ကို ပို၍ စိုးရိမ်လေ့ရှိကြပြီး ငွေကြေးအထောက်အပံ့ရ၊ မရမှာ ကျောင်းအပေါ်တွင်သာ မူတည်သည်ဟု အထင်ရောက်လေ့ရှိပါသည်။ အမှန်မှာ အများအားဖြင့် တက္ကသိုလ်များ၏ ဆုံးဖြတ်ချက်ထက် ငွေကြေးအထောက်အပံ့ပေးမည့်သူများ၏ ဆုံးဖြတ်ချက်ကပို၍ အခရာကျပါသည်။

ADB အနေဖြင့် ပညာသင်ဆုခံစားခွင့်ရှိသူများကို ရွေးချယ်ရာတွင် အောက်ပါအချက်များကို အဓိကထားစဉ်းစားပါသည်။

၁။ လျှောက်ထားသူ၏ ပညာအရည်အသွေး။

၂။ လျှောက်ထားသည့်တက္ကသိုလ်က ပေးလိုက်သောမှတ်ချက်။

၃။ လုပ်သက် ၂ နှစ်ရှိ မရှိ၊ မရှိလျှင် မရွေးပါ။

၄။ အမျိုးသမီးလျှောက်ထားသူကို ဦးစားပေးရန်။

၅။ ယခင်က ပြည်ပတွင် ပညာသင်ယူခွင့်ရရှိခဲ့ဖူးသူဟုတ်၊ မဟုတ်၊ ဟုတ်လျှင် မရွေးပါ။

၆။ ငွေကြေးအထောက်အပံ့ပို၍ လိုအပ်သူဟုတ်၊ မဟုတ်။

၇။ ဒုတိယတစ်ကြိမ် မဟာဝိဇ္ဇာဘွဲ့ ရယူရန် သို့မဟုတ် ဒုတိယတစ်ကြိမ် ပါရဂူဘွဲ့ရယူရန် ကြိုးပမ်းသူများကို မပေးရန်။

၈။ ADB အနေဖြင့် ပညာသင်ဆုပေးရာတွင် Program တစ်ခုတွင် နိုင်ငံ စုံစုံလင်လင်ပါဝင်စေရန်။

ပုံမှန်အားဖြင့် ADB ပညာသင်ဆုကို လျှောက်ထားသူသည် အနည်းဆုံးသက်ဆိုင်ရာတက္ကသိုလ်၏ ပညာသင်နှစ်စထက် ခြောက်လစောခွာ၍ လျှောက်ထားရပါမည်။ တက္ကသိုလ်အသီးသီးအတွက် လျှောက်လွှာတင်ရမည့် အချိန်များကို ဇယားတွင် အသေးစိတ်ကြည့်ရှုနိုင်ပါသည်။

လျှောက်ထားသူများအနေဖြင့် ပညာသင်နှစ်တစ်ခုအတွက် တက္ကသိုလ်တစ်ခုက လျှောက်ထားရန် ADB က

# အာရှဖွံ့ဖြိုးရေးဘဏ် ပညာသင်ဆုလျှောက်ထားနိုင်မယ့် တိုကျိုတက္ကသိုလ် Website




အာရှဖွံ့ဖြိုးရေးဘဏ်က မြန်မာကျောင်းသားတွေကို ပညာသင်ဆုပေးနေတဲ့ တက္ကသိုလ်ကြီး ၂၀ အနက်က တိုကျိုတက္ကသိုလ်ရဲ့ Website ကိုရွေးချယ်ဖော်ပြလိုက်ရပါတယ်။ အများအားဖြင့် မြန်မာနိုင်ငံရဲ့ လိုအပ်ချက်အခြေအနေကိုလိုက်ပြီး ပညာသင်ဆုပေးနေတဲ့ အဖွဲ့အစည်းအတော်များများဟာ လူမှုရေးသိပ္ပံဘာသာရပ်တွေကို လောလောဆယ်ဦးစားပေးထောက်ပံ့နေပေမယ့် ADB ပညာသင်ဆုတွေကတော့ သိပ္ပံဘာသာရပ်တွေရော၊ ဝိဇ္ဇာဘာသာရပ်တွေကို အခြေပြုတဲ့ လူမှုရေးသိပ္ပံဘာသာရပ်တွေကိုရော မျှတအောင်ပေးတာကို တွေ့ရပါတယ်။ တိုကျိုတက္ကသိုလ်ရဲ့ မြို့ပြအင်ဂျင်နီယာဌာနဟာ မြန်မာကျောင်းသားတွေလျှောက်ထားနိုင်တဲ့ နည်းပညာတက္ကသိုလ်တွေထဲကတစ်ခုပါ။ ဒီပညာသင်ဆုအတွက်လျှောက်ထားလိုသူများအနေနဲ့ ပုံမှန် နှစ်စဉ်ဒီဇင်ဘာလအမီ လျှောက်ထားရမှာဖြစ်ပြီး လျှောက်လွှာများကို http//www.civil.t.u-tokyo.ac.jp/FSO/faq.html မှာ ရယူနိုင်ပါတယ်။

လျှောက်ထားသူများဟာ Website မှာ ဖော်ပြတောင်းဆိုထားတဲ့ အင်္ဂလိပ်စာ လိုအပ်ချက်၊ ယခင်ဘွဲ့လက်မှတ်အထောက်အထား အစရှိတဲ့စာရွက်စာတမ်းတွေကို သေချာစွာစိစစ်ပြီး နှစ်စဉ် ဒီဇင်ဘာလ ၂၄ ရက်နေ့မတိုင်ခင် ပေးပို့လျှောက်ထားရမှာ ဖြစ်ပါတယ်။ နောက်ကျတဲ့လျှောက်လွှာကို လက်ခံစဉ်းစားမှာမဟုတ်ဘူးလို့ တက္ကသိုလ်ရဲ့ ပြည်ပကျောင်းသားဌာနက ဆိုပါတယ်။ ပြီးတော့ လိုအပ်တဲ့ စာရွက်စာတမ်းလျှောက်လွှာတွေကို Online ကပို့လို့ မရပါဘူး။ စာတိုက်နဲ့ပေးပို့ရင်လည်း ဌာနကတောင်းဆိုထားတဲ့ စာရွက်စာတမ်းတစ်ခုစီရဲ့အပေါ်မှာ တံဆိပ်ခေါင်းတစ်ခုစီကပ်ပြီးမှ ပေးပို့ရပါမယ်။ ကျောင်းဝင်ခွင့်ရ၊ မရကို နှစ်စဉ် ဖေဖော်ဝါရီလမှာ ကြေညာလေ့ရှိပါတယ်။

www.foreverspace.com.mm

| INSTITUTION | LOCATION |
|---|---|
| 1. Crawford School of Economics and Government (National Centre for Development Studies) Australian National University | Canberra, Australia |
| 2. University of Melbourne | Melbourne, Australia |
| 3. University of Sydney | Sydney, Australia |
| 4. University of Hong Kong | Hong Kong, China |
| 5. Indian Institute of Technology, Delhi | New Delhi, India |
| 6. International University of Japan | Niigata, Japan |
| 7. Keio University International Graduate Programs on Advanced Science and Technology | Yokohama, Japan |
| 8. Nagoya University Graduate School of International Development | Nagoya, Japan |
| 9. National Graduate Institute for Policy Studies (formerly Graduate School of Policy Science, Saitama University) | Tokyo, Japan |
| 10. Ritsumeikan University Graduate School of Economics | Kyoto, Japan |
| 11. Saitama University Department of Civil & Environmental Engineering | Urawa, Japan |
| 12. University of Tokyo Department of Civil Engineering Institute of Environmental Studies School of International Health Department of Urban Engineering | Tokyo, Japan |
| 13. University of Auckland | Auckland, New Zealand |
| 14. Lahore University of Management Sciences | Lahore, Pakistan |
| 15. Asian Institute of Management | Manila, Philippines |
| 16. International Rice Research Institute University of the Philippines, Los Baños | Laguna, Philippines |
| 17. National University of Singapore | Singapore |
| 18. Asian Institute of Technology | Bangkok, Thailand |
| 19. Thammasat University | Bangkok, Thailand |
| 20. East-West Center, University of Hawaii | Hawaii, USA |

တရားဝင်ခွင့်ပြုထားပါသည်။ အကယ်၍ တက္ကသိုလ်တစ်ခုခုက ခွင့်ပြု၍ ADB က ပညာသင်ဆုပေးလိုက်ပါက အဆိုပါ လျှောက်ထားသူ၏ ခံစားခွင့်မှာ ၎င်းအား မှီခိုသူများနှင့် အိမ်ထောင်ဖက်များ ခေါ်ယူရန်အတွက် အကျုံးမဝင်ပါ။ ထုံးစံအားဖြင့် ADB ပညာသင်ဆုတစ်ကြိမ်ရရှိပြီးထားသူသည် နောက်တစ်ကြိမ် ထပ်မံလျှောက်ထားခွင့်မရှိပါ။ လျှောက်ထားပုံအဆင့်ဆင့်ကို www.adb.org/JSP/Procedures.asp တွင် Download ရယူနိုင်ပါသည်။

■

www.foreverspace.com.mm



# Keyboard မရှိဘဲ ကွန်ပျူတာမှာ ဘယ်လိုစာရိုက်မလဲ



ဒီတစ်လတော့ Living Color စာဖတ်သူတွေအတွက် လိုက်လုပ်ကြည့်ရမှာလဲ လွယ်ကူပြီး တကယ်လည်းအသုံးဝင်တဲ့ Tips တစ်ခု ဖော်ပြပေးလိုက်ပါတယ်။ ကွန်ပျူတာနဲ့အမြဲမပြတ်ထိတွေ့နေရတဲ့သူတွေ နှစ်ခြိုက်ကြမှာပါ။

မနက်ဖြန်မနက်ပို့ရမယ့် အရေးကြီးစာတစ်စောင်ကို ညကြီးသန်းခေါင် ကွန်ပျူတာနဲ့ရိုက်နေတုန်း Keyboard ရုတ်တရက် အလုပ်မလုပ်တော့ရင် ဘယ်လိုလုပ်ကြမလဲ။ Keyboard ပြေးဝယ်ဖို့ကလည်းမလွယ်။ ဒါမှမဟုတ် စာရိုက်တာသိပ်မ ကျွမ်းကျင်သေးတဲ့သူတွေ စာရိုက်တဲ့အခါ Keyboard ကို ငုံ့ကြည့်လိုက် မော်နီတာကို ပြန်မော့ကြည့်လိုက်နဲ့ အလုပ်ရှုပ်နေရလို့ မူးလာရင်ရော ဘယ်လိုလုပ်မလဲ။ စာရိုက်တာကိုရပ်ထားကြရမှာလား။ စိတ်မရှုပ်ပါနဲ့။ လွယ်လွယ်လေးပါ။ Windows စနစ်ထဲမှာ တစ်ပါတည်းပါလာပြီးသား Virtual Keyboard ဖြစ်တဲ့ On-screen Keyboard နဲ့ ရိုက်ကြည့်ပါ။ အဲဒီအတွက် လုံးဝ နောက်ထပ်ငွေကုန်ကြေးကျလည်း မရှိပါဘူး။ လိုအပ်တဲ့ပစ္စည်းတွေကတော့ Hang မနေသေးတဲ့ ကွန်ပျူတာနဲ့ Keyboard လိုမပျက်ဘဲ အကောင်းတိုင်းကျန်နေသေးတဲ့ Mouse ပါပဲ။

ဒီအဆင့်တွေအတိုင်း လိုက်လုပ်ကြည့်ပါ။ တကယ့်ကိုလွယ်ပါတယ်။

၁။ Start ထဲက Run ထဲမှာ osk လို့ ရိုက်ထည့်လိုက်ပြီး Enter ခေါက်ပါ။ On-screen Keyboard ပေါ်လာပါလိမ့်မယ်။

(osk လို့ရိုက်ထည့်ဖို့ မမှတ်မိသူတွေက ဒီလိုလုပ်ကြည့်ပါ။ Start ထဲက All Programs ထဲက Accessories ထဲက Accessibility ထဲက On-Screen Keyboard ကိုရွေးပါ။ ခုနကအတိုင်းပဲ On-Screen Keyboard ပေါ်လာလိမ့်မယ်)

၂။ ဒါဆိုရင် သင်ကြိုက်ရာနေရာတွေမှာ တကယ့် Keyboard အတိုင်း ရိုက်လို့ရပါပြီ။

၃။ ရိုက်တဲ့အခါ ကိုယ်ရိုက်ချင်တဲ့ Key တစ်ခုချင်းစီအတွက် Mouse ကို တစ်ချက်ချင်းနှိပ်ပြီး ရိုက်တာနဲ့ Key တစ်ခုချင်းစီပေါ်ကို Mouse ကို ခဏတင်ထားပြီး ရိုက်တာဆိုပြီး နှစ်ခုရှိပါတယ်။ တစ်ခုချင်းစီ Click နှိပ်ပြီး ရိုက်ရတာ ပိုလွယ်မယ်ထင်ပါတယ်။

အခုဆိုရင် Word ထဲမှာရိုက်မလား။ Folder Name တွေ File Name တွေ အသစ်ပေးမလား။ ဒါမှမဟုတ် Chat Room ထဲမှာလား။ G-Talk ထဲမှာလား။ အားလုံးကို တကယ့် Keyboard အတိုင်း ရိုက်နိုင်ပါပြီ။ ဒါ့အပြင် ခါတိုင်းလို Keyboard ရဲ့ Short Cut Key တွေဖြစ်တဲ့ Ctrl+C တို့ Ctrl+V တို့တွေလည်း သုံးလို့ရပါတယ်။ တကယ့် Keyboard အတိုင်းပါပဲ။

**Tips**

– On-Screen Keyboard ဖြစ်တဲ့အတွက် Keyboard က သင်ဖွင့်သမျှ Application တွေရဲ့အပေါ်မှာ အမြဲတမ်းပေါ်နေမှာ ဖြစ်ပါတယ်။ စာရိုက်ရင်း မမြင်ရရင် Keyboard ကို ဟိုရွှေ့ဒီရွှေ့လည်း လုပ်လို့ရပါ သေးတယ်။ Application တစ်ခုနဲ့တစ်ခုအပြောင်း ပျောက်သွား ရင် Click တစ်ချက်ပြန်နှိပ်ပေးတာနဲ့ ပြန်ပေါ်လာပါလိမ့်မယ်။

– Professional Typist တွေလို စာတွေအများကြီးရိုက်ရမယ့်သူတွေကတော့ ဒီ On-Screen Keyboard ကို အားကိုးလို့မလွယ်လောက်ပါဘူး။ တကယ့် Keyboard အစစ်သာပြေးဝယ်လိုက်ပါတော့။ Keyboard အရေးတကြီးလိုနေတဲ့သူတွေနဲ့၊ Keyboard သွားဝယ်ဖို့ အပျင်းထူနေသေးတဲ့သူတွေအတွက် အသုံးဝင်ပါလိမ့်မယ်။

# ဆံပင်ညှပ်၊ ကောက်၊ ဖြောင့် အခမဲ့ပညာဒါနသင်တန်း

အမျိုးသမီးများ အသက်မွေးဝမ်းကျောင်းပညာရပ်အဖြစ် ကိုယ့်ဘဝကိုယ့်ဘာသာရပ်တည်နိုင်မယ့် ပညာရပ်တစ်ခုပါ။ ဆံပင်ညှပ်ခြင်း၊ ကောက်ခြင်း၊ ဖြောင့်ခြင်း စတဲ့ ပညာရပ်ပေါင်း ၆၀ ကျော်ကို သုံးလပြတ် ဒါမှမဟုတ် ခြောက်လပြတ် အခမဲ့ ပညာဒါနအဖြစ် Koo's Korea Cosmetic က Ms. Koo Hee ရဲ့ ကိုရီးယားနည်းစနစ်အတိုင်း သင်ကြားပေးမယ်လို့ ဆိုပါတယ်။ ဒါ့အပြင် နယ်ကနေ လာရောက်သင်ယူမယ့်သူတွေအတွက် နေရေး၊ စားရေးပါ စီစဉ်ပေးဦးမှာပါ။ ဒီလို Professional တစ်ယောက်လို အသက်မွေးဝမ်းကျောင်း ပညာရပ်ကို အခမဲ့ပညာဒါနပညာပေးမှာဖြစ်တဲ့အတွက် သေသေချာချာစုံစမ်းဖို့တော့ လိုပါမယ်။

**Lady Light Beauty Saloon & Fancy Shop** - တိုက် (၈)၊ အခန်း-၀၀၁၊ အောင်ချမ်းသာအိမ်ရာ၊
အရှေ့ရွှေဂုံတိုင်လမ်း/ ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ (တာမွေအဝိုင်းမှတ်တိုင်အနီး) ၊ ဖုန်း-၀၁-၅၅၄၁၀၀၊ ၅၅၄၁၂၂၊ လိုင်းခွဲ-၃၂၅

www.foreverspace.com.mm

# ၂၀၀၈ ခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ်အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | အမျိုးသားရောဂါသိကောင်းစရာ<br>စာမူခွင့်ပြုချက်အမှတ် -၄၀၀၃၈၈၀၃၀၈ | ဆရာမြင့်<br>(စကြာမင်း) | ၁၀၀၀ | ၁၅၀၀ | ရန်အောင် | ၂၀၀၈၊ ဩဂုတ်<br>(တ-ကြိမ်) | ကျန်းမာရေး |
| ၂။ | တရုတ်ပညာရှင်ကြီးမိန်ရှုပ်<br>စာမူခွင့်ပြုချက်အမှတ် - ၄၀၁၄၂၂၁၂၇၀ | သက်လုံ | ၅၀၀ | ၆၀၀ | စိတ်ကူးချိုချို | ၂၀၀၈၊ ဩဂုတ်<br>(ဒု-ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၃။ | ကျီးပေါင်းတက်ရောဂါနှင့် အပ်စိုက်ကုပညာ<br>စာမူခွင့်ပြုချက်အမှတ် - ၄၀၀၀၈၄၀၁၀၈ | ဒေါက်တာ<br>အောင်မြတ်သွင် | ၅၀၀ | ၁၀၀၀ | စိတ်ကူးချိုချို | ၂၀၀၈၊ ဩဂုတ်<br>(ပ-ကြိမ်) | ဆေးပညာ |
| ၄။ | နာမည်တစ်လုံးရမလာခင်တုန်းက<br>စာမူခွင့်ပြုချက်အမှတ် - ၄၀၀၃၃၇၀၃၀၈ | ဖေမြင့် | ၁၀၀၀ | ၁၅၀၀ | ဖေမြင့်စာပေ | ၂၀၀၈၊ ဇွန်<br>(ပ-ကြိမ်) | အောင်မြင်ရေး |
| ၅။ | ဂျင်ဂျာမုန့်ရုပ်ကလေး<br>စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၀၈၀၂၀၈ | တက္ကသိုလ်<br>ရွှေရီဝင်း | ၅၀၀ | ၁၅၀၀ | မုံရွေး | ၂၀၀၈၊ ဇွန်<br>(ပ-ကြိမ်) | ကလေးစာပေ |
| ၆။ | စိတ်ဖိစီးမှုကို ဖြေဖျောက်နည်း<br>စာမူခွင့်ပြုချက်အမှတ် - ၄၀၀၅၅၆၀၅၀၈ | သစ်လုပ်ငန်း<br>ရွှေဘော် | ၁၀၀၀ | ၁၀၀၀ | ကံ့ကော်မြိုင် | ၂၀၀၈၊ ဇွန်<br>(ပ-ကြိမ်) | ကျန်းမာရေး |
| ၇။ | သမုဒ်ပင်လယ်ပြာနှိုင်းပမာ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၂၄၃၀၃၀၈ | နန္ဒာသိန်းဇံ | ၁၀၀၀ | ၁၅၀၀ | လှိုင်းသစ် | ၂၀၀၈၊ ဇူလိုင်<br>(ပ-ကြိမ်) | ဒဿနစာစုများ |
| ၈။ | ဆုံးမကွပ်ကောင်းမကွပ်ကောင်း...ဟု<br>စာမူခွင့်ပြုချက်အမှတ် -၄၀၁၄၂၁၁၂၀၇ | နေဝင်းမြင့် | ၅၀၀ | ၁၂၀၀ | ရှုဝံ | ၂၀၀၈၊ ဇူလိုင်<br>(ပ-ကြိမ်) | မိသားစုဆယ်ကျော်သက် ပြဿနာ |
| ၉။ | အမှောင်ကိုလွန်မြောက်သော်<br>စာမူခွင့်ပြုချက်အမှတ် -၅၀၁၁၈၈၀၉၀၇ | အထောက်<br>တော်လှအောင် | ၅၀၀ | ၂၀၀၀ | ကံ့ကော်ဝတ်ရည် | ၂၀၀၈၊ ဇူလိုင်<br>(ဒု-ကြိမ်) | ဘာသာပြန် |
| ၁၀။ | ဓားစာခံ<br>စာမူခွင့်ပြုချက်အမှတ်-၅၀၀၀၅၉၀၅၀၈ | တက္ကသိုလ်နေဝင်း | ၅၀၀ | ၂၅၀၀ | ကျော်မွေး | ၂၀၀၈ ၊ ဇူလိုင်<br>(ဒု-ကြိမ်) | ဘာသာပြန် |
| ၁၁။ | သံယောဇဉ်ကမ်းခြေ<br>စာမူခွင့်ပြုချက်အမှတ် -၅၀၁၀၅၆၀၉၀၇ | တင်မောင်မြင့် | ၁၀၀၀ | ၃၀၀၀ | ပုဂံ | ၂၀၀၈၊ ဩဂုတ်<br>(ဒု-ကြိမ်) | ဘာသာပြန် |
| ၁၂။ | ရာဇဝင်ထဲမှာ ပုဏ္ဏား<br>စာမူခွင့်ပြုချက်အမှတ်-၃၁၀၀၈၁၀၆၁၀ | ဒေါက်တာဒဂုန် | ၅၀၀ | ၅၀၀၀ | ဇောတိက | ၂၀၀၈၊ ဇွန်<br>(ပ-ကြိမ်) | - |
| ၁၃။ | မိသားစုသဘောတူစီမံမှု<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၂၀၆၀၂၀၈ | ဦးကျော်ဇေယျ | ၅၀၀ | ၁၀၀၀ | မယ်နဲ့မောင် | ၂၀၀၈၊ ဇွန်<br>(ပ-ကြိမ်) | ဥပဒေ |
| ၁၄။ | သို့ဖတ်သို့မှတ်<br>စာမူခွင့်ပြုချက်အမှတ်-၄၀၁၃၃၉၀၂၀၇ | မောင်ဘနောက် | ၅၀၀ | ၂၀၀၀ | ဒီလှိုင်း | ၂၀၀၈၊ ဇူလိုင်<br>(ပ-ကြိမ်) | ဆောင်းပါး |
| ၁၅။ | ပေးဝေခြင်းနှင့် တစ်သားတည်းဖြစ်ပါစေ စာမူခွင့်ပြုချက်အမှတ်- ၄၀၀၂၄၁၀၂၀၈ | ခင်စောတင့် | ၅၀၀ | ၁၃၀၀ | ကံ့ကော်<br>ဝတ်ရည် | ၂၀၀၈၊ ဇူလိုင်<br>(ပ-ကြိမ်) | ရသစာစု |
| ၁၆။ | ဗလာမိုးကောင်းကင်ရဲ့အစွန်းတစ်ဖက်မှာ<br>စာမူခွင့်ပြုချက်အမှတ်-၄၀၀၂၅၅၀၃၀၈ | မိုးသက်ဟန် | ၅၀၀ | ၁၅၀၀ | ရွှေရည်<br>မြင့်မြတ် | ၂၀၀၈၊ (ဩဂုတ်)<br>(ပ-ကြိမ်) | ဘာသာပြန် |

www.foreverspace.com.mm



| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁၇။ | ကိုင်း ပြောလိုက်စမ်းမယ် သောင်းပြောင်းထွေလာ စာမူခွင့်ပြုချက်အမှတ်–၄၀၀၀၃၆၀၆၀၁ | ခင်မျိုးချစ် | ၅၀၀ | ၂၀၀၀ | ရတနာပုံ | ၂၀၀၈၊ ဇွန် (တ–ကြိမ်) | ဆောင်းပါး ပေါင်းချုပ် |
| ၁၈။ | မြန်မာအမျိုးသမီး စာမူခွင့်ပြုချက်အမှတ်–၄၀၀၄၆၃၀၄၀၈ | စောမုံညွင်း | ၅၀၀ | ၄၀၀၀ | စိတ်ကူးချိုချို | ၂၀၀၈၊ ဩဂုတ် (တ–ကြိမ်) | မြန်မာအမျိုးသမီး ခေါင်းဆောင်များ |
| ၁၉။ | မြန်မာဝတ္ထုတို(၂၀၀၆) စာမူခွင့်ပြုချက်အမှတ်–၅၀၀၈၅၀၀၅၀၈ | စာရေးဆရာများ | ၅၀၀ | ၂၃၀၀ | စိတ်ကူးချိုချို | ၂၀၀၈၊ ဩဂုတ် (ပ–ကြိမ်) | ဝတ္ထုတိုစုစည်းမှု |
| ၂၀။ | စာရေးသူစိတ်ကြိုက် စာမူခွင့်ပြုချက်အမှတ်–၄၀၀၅၉၂၀၅၀၈ | စာရေးဆရာများ | ၅၀၀ | ၁၀၀၀ | နေရီရီ | ၂၀၀၈၊ ဇူလိုင် (ပ–ကြိမ်) | ဆောင်းပါး ပေါင်းချုပ် |
| ၂၁။ | ပျိုဖော်ဝင်စအရွယ်ယောကျ်ာလေး၊ မိန်းကလေးသိမှတ်စရာ စာမူခွင့်ပြုချက်အမှတ်–၄၀၀၁၉၉၀၂၀၈ | ဒေါက်တာ အောင်ခင်ဆင့် | ၁၀၀၀ | ၁၅၀၀ | ပုဂံ | ၂၀၀၈၊ ဇူလိုင် (ပ–ကြိမ်) | ကျန်းမာရေး ပညာပေး |
| ၂၂။ | ဒါစိုးရိမ်စရာလား စာမူခွင့်ပြုချက်အမှတ်–၄၀၀၄၄၇၀၄၀၈ | ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာရဲမြင့်ကျော် | ၁၀၀၀ | ၂၀၀၀ | ရတနာတိုက် | ၂၀၀၈၊ ဇူလိုင် (ပ–ကြိမ်) | ကျန်းမာရေး ပညာပေး |
| ၂၃။ | အမ်အိုင်–၅ စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၂၇၀၅၀၈ | ရဲမြင့်သိန်း | ၅၀၀ | ၂၀၀၀ | ဖိုးလမင်း | ၂၀၀၈၊ ဇူလိုင် (ပ–ကြိမ်) | ဘာသာပြန် |
| ၂၄။ | ကာမူးမိတ်ဆက် စာမူခွင့်ပြုချက်အမှတ်–၄၀၁၀၄၆၀၉၀၇ | ဂျူနီယာဝင်း | ၅၀၀ | ၁၇၀၀ | မုံရွေး | ၂၀၀၈၊ ဇွန် (ပ–ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၂၅။ | ဗိုလ်ချုပ်အောင်ဆန်း၏အမွိုင်သို့ လျှို့ဝှက်ခရီး စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၃၂၀၆၀၈ | သုတေသီ မြင့်ထွန်း | ၁၀၀၀ | ၂၂၀၀ | စိုး | ၂၀၀၈၊ ဇူလိုင် (တ–ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၂၆။ | ဗေဒါနှင့်မောင့်မမငြိမ်း စာမူခွင့်ပြုချက်အမှတ်–၅၀၀၆၇၄၀၆၀၇ | အောင်လင်း | – | ၂၅၀၀ | ရန်အောင်စာပေ–၂ | ၂၀၀၈၊ ဇွန် (တ–ကြိမ်) | ဝတ္ထု |
| ၂၇။ | ကောင်းတုံအောင်ပွဲ စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၈၇၁၂၀၇ | ကောင်းထက် | ၅၀၀ | ၁၂၀၀ | ကျော်စွာ | ၂၀၀၈၊ ဇူလိုင် (ပ–ကြိမ်) | သမိုင်းဝတ္ထု |
| ၂၈။ | ပျော်ရွှင်ခြင်းရဲ့ ပွဲတင်သံများ စာမူခွင့်ပြုချက်အမှတ်–၄၀၁၄၁၈၁၂၀၇ | ခင်စောတင့် | ၅၀၀ | ၁၅၀၀ | မုံရွေး | ၂၀၀၈၊ ဇွန် (ပ–ကြိမ်) | ဆောင်းပါး ပေါင်းချုပ် |
| ၂၉။ | ရှေးဟောင်းဆီဆေးပန်းချီကားများ စာမူခွင့်ပြုချက်အမှတ်–၄၀၁၃၉၁၂၀၇ | ဘတင့် (ဓာတုအနုပညာ) | ၁၀၀၀ | – | ထက်ဝေယံ | ၂၀၀၈၊ ဇူလိုင် (ဒု–ကြိမ်) | ပန်းချီ |
| ၃၀။ | အမှတ်တရစာစုများ စာမူခွင့်ပြုချက်အမှတ်–၄၀၀၇၀၈၀၆၀၈ | ဆလိုင်းရွှေလင်း | ၅၀၀ | – | သုဒ္ဓ | ၂၀၀၈၊ စက်တင်ဘာ (ပ–ကြိမ်) | ရသစာစု |
| ၃၁။ | အရိပ်သည်အကောင်မဟုတ်ပါ စာမူခွင့်ပြုချက်အမှတ်–၃၂၀၇၄၈၀၆၀၈ | မောင်ကံထူး | ၁၀၀၀ | ၁၂၀၀ | ကံ့ကော်မြိုင် | ၂၀၀၈၊ (ဇွန်) (ဒု–ကြိမ်) | ဘာသာရေး |

www.foreverspace.com.mm

LIVING COLOR. No.158, SEPTEMBER. 2008.


# စာအုပ်လမ်းညွှန်
Editor's Choice

## သတင်းဋီကာ

**မောင်ဝံသ**

'သတင်းလောကကြီးရဲ့ အနာဂတ်ဖြောင့်ဖြူးရေးဟာ သတင်းသမားများ၊ သတင်းလုပ်ငန်းပိုင်ရှင်များနဲ့ ပရိသတ်များ တည်းဟူသော သုံးပွင့်ဆိုင်ပေါ်မှာ လုံးဝတည်နေတယ်။ သတင်းစာဖတ်ပရိသတ်များနဲ့ တီဗီကြည့်ပရိသတ်များက သိချင်တာ (Want to Know) တွေနောက်ချည်း မလိုက်ကြတော့ဘဲ သိအပ်တာ (Need to Know) တွေကို တိုး၍လက်ခံကြရင် ကောင်းမွန်သောသတင်းစာပညာ (Good Journalism) ကြွင်းကျန်ရှင်သန်နေနိုင်လိမ့်မယ်။ သို့မဟုတ်ရင်တော့ သတင်းခေတ်ရဲ့အနာဂတ်ဟာ မကောင်းနိုင်ဘူးလို့ပဲဆိုရမှာဖြစ်ပါတယ်'ဟု စာအုပ်ကျောဖုံးတွင်ရေးသားဖော်ပြထားသည့် 'သတင်းဋီကာ' မှာ လေးနက်သတင်းစာပညာ (Serious Journalism) ဟာ လူ့အဖွဲ့အစည်းကို ကောင်းစွာအကျိုးပြုနိုင်သည့် အကြောင်း သတင်းဇာတ်လမ်းများစွာ နမူနာပေးတင်ပြထားသော ဝါရင့်သတင်းစာဆရာများဖြစ်သည့် Leonard Downic Jr.နှင့် Robert G.Kaiser တို့ ၂၀၀၂ ခုနှစ်က ပြုစုထုတ်ဝေခဲ့သော The News about the News: American Journalism in Peril စာအုပ်ကိုမှီငြမ်း၍ သတင်းစာဆရာ၊ စာရေးဆရာ မောင်ဝံသက တင်ဆက်ထားခြင်းဖြစ်သည်။

အခန်းပေါင်း ခုနစ်ခန်းဖွဲ့စည်းတင်ပြထားသည့် ဤစာအုပ်တွင် ကမ္ဘာ့သတင်းလောက၏ ဦးဆောင်နိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စုရှိ သတင်းစာနယ်ပယ်နှင့် စပ်လျဉ်းသမျှ အကြောင်းခြင်းရာများ၊ အယူအဆများ၊ အပြောင်းအလဲများကို




ပြည့်ပြည့်ဝဝဖော်ပြထားသည်။ အခန်း (၁) တွင် သတင်းစာများ၌ ပါဝင်လေ့ရှိသော ပင်တိုင်ဆောင်းပါးများ၏ အကျိုးသက်ရောက်မှုစွမ်းပကား၊ မကောင်းတဲ့သတင်းစာပညာ (Bad Journalism) အကြောင်းကို ဝါရှင်တန်ပို့စ်သတင်းစာကြီးအား နမူနာပေး၍ ဖော်ပြထားမှုတို့ ပါဝင်သည်။

**လူ့အဖွဲ့အစည်းတိုင်းမှာ အရေးကြီးဆုံးအချက်ဖြစ်တဲ့ တာဝန်ခံမှုဆိုင်ရာယဉ်ကျေးမှု(Culture of Accountability) ကို သတင်းစာဆရာတွေက ပျိုးထောင်ပေးတာဖြစ်တယ် . . .'၊ 'သတင်းစာပညာက လူတွေရဲ့ သိချင်စိတ်ကို ပြေပျောက်စေပါတယ်...'** (စာ-၁၆) (အခန်း-၂) ၌ ပါဝင်သည့် အမေရိကန်များနှင့် သူတို့အကြိုက်သတင်းများ၊ အဝါရောင်သတင်းစာပညာ (Yellow Journalism ပေါ်ပေါက်လာပုံ၊ Sensational News ခေါ် လူပြိန်းကြိုက်သတင်းအကြောင်း) လူပြိန်းကြိုက်သတင်းစာ(Tabloid) များ ခေတ်စားလာပုံ၊ တယ်လီဗေးရှင်းပေါ်လာမှုကြောင့် သတင်းစာများ ပြောင်းလဲမှုကြုံရပုံ၊ အမေရိကန်တက္ကသိုလ်များ၌ သတင်းစာပညာ (Journalism)သည် ရေပန်းအစားဆုံး အဓိကဘာသာရပ်တစ်ခုဖြစ်လာပုံ၊ သတင်းစာရေးနည်းပုံစံသစ်များအပေါ် နှစ်လိုမှုပြောင်းလဲလာပုံတို့ကို သာဓကများဆောင်၍ တင်ပြထားသည်။ ထိုအခန်း၌ မျက်စိဖွင့်သတင်းစာပညာ (Revelatory Journalism) နှင့် စပ်လျဉ်းသည့် သတင်းစားသုံးသူများ၏ ကျင့်ကြံပုံကိုလည်း တွေ့ရမည်ဖြစ်သည်။ **'လူတွေက သူတို့ရဲ့အကျိုးစီးပွားအတွက် အရေးကြီးလာပြီဆိုရင် ကောင်းတဲ့သတင်းစာပညာ(Good Journalism)ဟာ သူတို့အတွက် တကယ်လိုအပ်တယ်လို့ လက်ခံလာကြ...'(စာ-၃၃) 'ကောင်းတဲ့သတင်းစာပညာနဲ့ လုပ်စားကိုင်စားလို့ရတာကတော့ သေချာပါတယ်....' (စာ-၃၄)**

အခန်း (၃) တွင် သတင်းနှင့်ယင်း၏ နောက်ဆက်တွဲရလဒ်ကို နယူးယောက်တိုင်းမ် ပြည်တွင်းသတင်းဌာနမှ သတင်းထောက် ဒတ်ဖရန့်ဇ် ၁၉၉၆ ခုနှစ်အတွင်း ခြေရာခံကြိုးပမ်းတင်ပြခဲ့သော ဘာသာရေးအရေခြုံအသင်းတစ်သင်း အခွန်ရှောင်တိမ်းခဲ့ပုံသတင်းနှင့် ရလဒ်တွေကို နမူနာပေးတင်ပြထားခြင်းမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ စူးစမ်းဖော်ထုတ်သတင်းထောက်လှမ်းခြင်း (Investigative Reporting) နှင့်ပတ်သက်သည့် လိုက်နာဖွယ်ရာများကို လေ့လာနိုင်မည်ဖြစ်ပြီး တာဝန်သိသတင်းစာပညာ (Accountability Journalism) ၏အဓိပ္ပာယ်ကိုလည်း ဖွင့်ဆိုရှင်းပြ၍ အလွန်ထင်ရှားခဲ့ သည့်ဖြစ်ရပ်သာဓကများကို လေ့လာမှတ်သားသုံးသပ်နိုင်ရန် ဖော်ပြထား၍ စာဖတ်သူများအတွက် အကျိုးများမည်ဟု ဆိုချင်သည်။ 'သတင်းစာပညာဟာ ဒေသတစ်ခု၊ တစ်ခါတစ်ရံ နိုင်ငံတစ်ခု၊ နောက်ဆုံး ကမ္ဘာကြီးတစ်ခုလုံးကို သိသိသာသာပြောင်းလဲစေနိုင်တဲ့စွမ်းပကားရှိတယ်။ သတင်းစာဆရာဟာ သတင်းတွေကိုတင်ပြတဲ့အခါ အများပြည်သူရဲ့ အမှ

www.foreverspace.com.mm

ပော်ကို ထမ်းဆောင်နေတယ်လို့ သဘောထားရပါတယ်။'...(စာ-၆၃) တီဗီသတင်းနှင့် သတင်းစာသတင်း ထိရောက်မှုနှင့် အရည်အသွေးကွဲပြားပုံ၊ သတင်းပေးပုံပေးနည်းကွာခြားပုံ၊ အမေရိကန်သတင်းစာများကျဆင်းလာပုံ၊ ဒေသတွင်းသတင်းစာတစ်စောင်၏ အကျိုးပြုပုံ၊ Project News ချမှတ်လုပ်ဆောင်ပုံ၊ ပုဂ္ဂလိကခိဋ္ဌာန်များဖြင့် သတင်းစာတစ်စောင်လည်ပတ်ပုံ၊ မိသားစုပိုင်သတင်းစာများ၏ အနေအထား၊ ငွေကြေးအမြတ်နှင့် သတင်းစာဂုဏ်သိက္ခာအဆက်အစပ်၊ သတင်းစာများပြန်လည်ဦးမော့လာရေးကြိုးပမ်းပုံ၊ သတင်းစာများကနည်းပေးလမ်းပြလုပ်ရန် လိုအပ်ပုံ၊ သတင်းစာဆရာနှင့် လစဉ်ခံစားခွင့်အနေအထားစသည်တို့ကို အခန်း (၄) တွင် ချိတ်ဆက်ဖတ်ရှုရင်း ပညာဗဟုသုတတိုးလာမည်ဖြစ်သည်။ 'အစိုးရအရာရှိတွေနဲ့ နိုင်ငံရေးသမားတွေကတော့ သတင်းစာတွေရဲ့ အရေးပါမှုကိုသိတယ်။ ဒါကြောင့် သတင်းစာ၊ သတင်းထောက်တွေနဲ့ အဆက်မပြတ်အောင်နေကြတယ်' .... (စာ-၆၇)။ 'သတင်းစာကောင်းတွေရှိနေတဲ့လူ့အဖွဲ့အစည်းဟာ တော်တော်ကလေး နေပျော်ပါတယ်'.... (စာ-၇၀)။ 'သတင်းစာပညာဆိုတာ တီထွင်ဖန်တီးတဲ့အလုပ်အမျိုးအစားဖြစ်တယ်'... (စာ-၈၂)။ 'တကယ့်သတင်းကြီးတွေဖြစ်လာပြီဆိုမှ သတင်းစာတွေရဲ့အရည်အသွေးကွာဟချက်တွေလည်း သိသိသာသာပေါ်ထွက်လာပါတယ်'... (စာ-၉၅)

အခန်း(၅) ၌ မျက်မှောက်ကာလတွင် အလွန်အစွမ်းထက်နေသည့် ဂြိုဟ်တုရုပ်သံသတင်းများနှင့်ပတ်သက်သော အမေရိကန်ပြည်သူများ၏ အနေအထား၊ သတင်းဖျော်ဖြေရေးနှင့် ကြော်ငြာများအနက် ဦးစားပေးရမည့်အရာ ရွေးချယ်ရေးကိစ္စနှင့် အကျိုးအပြစ်များ၊ ရုပ်သံသတင်းသမားများနှင့် ရုပ်သံသတင်းများဆိုင်ရာကိစ္စများ၊ အင်တာနက်သတင်းဝက်ဘ်ဆိုက်လွှင့်တင်ခြင်းရလဒ်များ၊ အင်တာနက်သတင်းစုဆောင်းပုံ၊ သတင်းစာကြီးများနှင့် အွန်လိုင်းပရိသတ်အနေအထား၊ Web Journalism ၏ အခန်းကဏ္ဍနှင့် အနာဂတ်ဆန်းစစ်ချက် စသည့် အကြောင်းအရာများ တင်ဆက်ထားသည်။ **'ကြီးမားတဲ့သတင်းတွေကို တီဗီကတင်ပြတာဟာ ပုံနှိပ်စာလုံးနဲ့ ဖော်ပြတာလောက် လူတွေကို ကျေနပ်မှုမပေးနိုင်ဘူး'... (စာ- ၁၀၇)။ 'သတင်း၊ ဖျော်ဖြေရေးနဲ့ကြော်ငြာဆိုတဲ့ သုံးမျိုးသုံးကဏ္ဍ ထိပ်တိုက်တွေ့ကြတဲ့အခါ လုပ်ငန်းရှင်ကြီးတွေဟာ အများပြည်သူအကျိုးဆိုတာထက် ပိုက်ဆံဘက်ကို ပါခဲ့ကြတာ အစဉ်အလာသဖွယ်ဖြစ်ခဲ့ပါတယ်...'(စာ-၁၁၃)။ 'သတင်းလိုက်ဖို့စဉ်းစားရင်း စရိတ်ဘယ်လောက်ကုန်မလဲဆိုတာကို အရင်စဉ်းစားကြရပြီ' .....(စာ-၁၁၉)။** သတင်းစာကြီးများ Web Journalism အသုံးချကြရပုံကို ဖတ်ရှု၍ ဗဟုသုတများစွာရမည်ဖြစ်သည်။

အခန်း (၆) တွင် သတင်းတန်ဖိုးအကြောင်း၊ ထင်ပေါ်ကျော်ကြားသူများအကြောင်း ဦးစားပေးသည့်သတင်း (Celebrities News) များ၏ အခန်းကဏ္ဍနှင့် ယင်းသတင်းများ၏တန်ဖိုး၊ ဆီလီဘရီတီနောက်လိုက်သတင်းစာပညာနှင့် ရေလိုက်လွဲခဲ့သော ဆီလီဘရီတီဂျာနယ်လစ်များအကြောင်း၊ Tabloid Journalism ဆိုင်ရာသာဓကဖြစ်ရပ်အချို့၊ သတင်းနှင့် ဖျော်ဖြေရေး ဝိရောဓိဖြစ်မှု၊ သတင်းတန်ဖိုးအပြောင်းအလဲတို့ကို ဖော်ပြထားသည်။ နောက်ဆုံးအခန်းတွင်မှ သတင်းများ၊ သတင်းစာများ၏အနာဂတ်ကို သုံးသပ်တင်ဆက်ထားသည်ကို လေ့လာနိုင်မည်ဖြစ်သည်။

ခြုံ၍ဆိုရလျှင် 'သတင်းဋီကာ' စာအုပ်မှာ အမေရိကန်သတင်းစာလောကအကြောင်းကို ရှုထောင့်စုံမြင်ကွင်းအဖြစ် လေ့လာနိုင်မည့်စာအုပ်တစ်အုပ်ဖြစ်ပြီး သတင်းစာပညာနှင့် သတင်းမီဒီယာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာရန် လိုအပ်နေသေးသည့် ကျွန်ုပ်တို့နိုင်ငံအတွက် အကျိုးရှိမည့် ဖြည့်ဆည်းမှုတစ်ရပ်လည်းဖြစ်နေသည်ဟု သုံးသပ်မိသည်။ စာရေးသူ၏ စေတနာနှင့် အားထုတ်မှုကို အထင်းသားတွေ့မြင်ရမည်ဖြစ်သည်။ ယင်းအတွက် အသိအမှတ်ပြုရမည်ဖြစ်သည်။ ရေးသားတင်ပြပုံ ပြေပြစ်သွက်လက်၍ စာအကျအပေါက်ကောင်းသည်။ သတင်းများ၏အရေးပါမှုကို အလေးအနက်ထားသူတိုင်း သတင်းစာပညာကိုစိတ်ဝင်စားသူတိုင်း၊ သတင်းမီဒီယာလောကနှင့်ပတ်သက်နေသူတိုင်း ဖတ်ရှုသင့်သည့်စာအုပ်ပင်ဖြစ်သည်။ စာကြည့်တိုက်များတွင်ရှိရမည့် စာအုပ်တစ်အုပ် ဖြစ်သည်။ စာအုပ်အပြင်အဆင်ကောင်းသည်။

ထုတ်ဝေသူ - နန်းဒေဝီစာပေ
မျက်နှာဖုံးဒီဇိုင်း - စိုးဝင်းငြိမ်း
ထုတ်ဝေသည့်နှစ်- ၂၀၀၈ ခုနှစ် မေလ
အကြိမ်- ပထမအကြိမ်
တန်ဖိုး - ၂၀၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ် - ၄၀၁၃၈၀၁၂၀၇

## ပြည်သူအတွက် သစ်တောပညာ

**ဒေါက်တာကျော်တင့်**

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အပန်းဖြေနားနေရေး၊ ရေ-မြေသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတု ညီညွတ်မျှတရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် ကြွယ်ဝရေး၊ စားနပ်ရိက္ခာဖူလုံရေး အစရှိသည့် လူမှုကိစ္စဆိုင်ရာကဏ္ဍများစွာအတွက် အလွန်အရေးပါနေသော သစ်တောများ၏တန်ဖိုးများအပေါ် လူပုဂ္ဂိုလ်အသီးသီးတို့၏ နားလည်အသိအမှတ်ပြုနိုင်မှုအားနည်းခဲ့ကြောင်း၊ အားနည်းနေဆဲဖြစ်ကြောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုထိန်းသိမ်းရေးတွင် သစ်တောများမပြုန်းတီးရေးသည် အရေးကြီးဆုံးလုပ်ဆောင်ရမည့်ကိစ္စဖြစ်ကြောင်း၊ သစ်တောဂေဟစနစ်ကို လျော်ကန်သင့်မြတ်စွာ စီမံအုပ်ချုပ်ခြင်းများပြုလုပ်ရန် အထူးလိုအပ်ကြောင်း အမှာပါးထားသော 'ပြည်သူအတွက်သစ်တောပညာ' ဟူသည့် စာအုပ်မှာ မျက်မှောက်ကာလတွင် သစ်တောသယံဇာတကြွယ်ဝသည့် မြန်မာနိုင်ငံရှိ နိုင်ငံသားများအတွက် အလွန်အကျိုးရှိစေမည့်

www.foreverspace.com.mm

စာအုပ်ဖြစ်နေသည်ကို တွေ့ရသည်။

အခန်း (၁) တွင် သစ်တောဆိုသည့် ဝေါဟာရ၏ အနက်အဓိပ္ပာယ်၊ သစ်တောများ၏ ထိရောက်မှု၊ ကမ္ဘာ့သစ်တောများနှင့် မြန်မာ့သစ်တောများ၏ မျက်မှောက်အခြေအနေ၊ မြန်မာနိုင်ငံတွင် မှတ်တမ်းတင်ထားပြီး အပင်မျိုးများနှင့် တိရစ္ဆာန်မျိုးများ အရေအတွက်၊ ကျောက်တံခါးမြို့နယ်နှင့် ပေါက်ခေါင်းမြို့နယ်များရှိ သစ်တောဖုံးလွှမ်းမှုအနေအထားပြောင်းလဲခြင်း၊ ကျွန်းသစ်တောထွက်ရှိမှုပမာဏ အပြောင်းအလဲတို့ကို ဖော်ပြထားသည်။ အခန်း (၂) တွင် ကမ္ဘာ့သစ်တောများ အကျယ်အဝန်းနှင့် ပြောင်းလဲမှု၊ သစ်တောအမျိုးအစားထုထည်နှင့် အလေးချိန်၊ သစ်တောစိုက်ခင်းများ၏ အနေအထား၊ အာဆီယံဒေသသစ်တောများ၏ အကျယ်အဝန်း၊ ပြောင်းလဲမှု၊ သစ်ထုထည်၊ မြန်မာ့သစ်တောများ၏ အကျယ်အဝန်း၊ ပြောင်းလဲမှု၊ သစ်တောအမျိုးအစားများ၊ ထုထည်၊ အလေးချိန်၊ သစ်တောစိုက်ခင်းများ စသည့် အကြောင်းအရာများကို လိုအပ်သော အထောက်အကူပြု ကိန်းဂဏန်းဇယားဖော်ပြချက်များ၊ ဓာတ်ပုံများဖြင့် တင်ပြထားသည်မှာ အလွန်ထောင့်စေ့ပြီး အထူးစိတ်ဝင်စားဖွယ်ကောင်းပါသည်။

အခန်း (၃) တွင်မူ သစ်တောများကြောင့်ရရှိလာမည့် အကျိုးတရားများကို ဖော်ပြထားရာတွင် သစ်တောများရှိခြင်းဖြင့် ရေအရင်းအမြစ်များ ကြွယ်ဝလာနိုင်ပုံ၊ သစ်တော၏ဂုဏ်သတ္တိများ၊ ရေသယံဇာတနှင့် မြေလွှာများအပေါ် သစ်တောကပေးစွမ်းနိုင်သည့်ရလဒ်များကို စနစ်တကျ ပြုစုဖော်ပြထားသည်မှာ စာရှုသူများအတွက် သစ်တောပညာကို အနီးကပ်သင်ယူနေရသကဲ့သို့ဖြစ်နေမည်ဟု ဆိုချင်သည်။ ထိုအခန်းတွင် သစ်တောများနှင့် သဘာဝအခြေခံစီးပွားလုပ်ငန်းအဆက်အစပ်ကိုလည်း တင်ပြထားသည်။ ကမ္ဘာကြီးပူနွေးလာခြင်းဖြစ်စဉ်၊ ရာသီဥတုပြောင်းလဲမှုအလားအလာကိုမှန်းဆခြင်းနှင့် ယင်းပြောင်းလဲမှုအပေါ် ထိန်းချုပ်နိုင်ရေးဖွဲ့စည်းဆောင်ရွက်ပုံ၊ သဲကန္တာရဖြစ်ထွန်းခြင်း၊ သစ်တောများနှင့်




ဇီဝမျိုးစုံမျိုးကွဲဆက်စပ်မှု၊ သစ်၏ဂုဏ်သတ္တိများ၊ သစ်တောစက်မှုကဏ္ဍ၊ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများအကြောင်း၊ သစ်တောအသုံးချခြင်းများ စသည့်ခေါင်းစဉ်ခွဲများဖြင့် တင်ပြထားမှုတို့မှာ ထိရောက်မှုရှိပြီး ဗဟုသုတများစွာ ရနိုင်မည်မှာလည်း ဧကန်ပင်။

အခန်း (၄) တွင်မူ သစ်တောစိုက်ပျိုးပြုစုနည်းစနစ်များကို တစ်ဆင့်ခြင်းဖော်ပြထားသည်။ သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် ပတ်သက်သမျှကျင့်ကြံမှတ်သားဖွယ်များကို အခန်း (၅) တွင် အပြည့်အစုံဖတ်ရှုရမည်ဖြစ်သည်။ အခန်း (၆) ၌ သစ်တောတိုင်းတာခြင်းဆိုင်ရာပညာ (Forest Mensuration) ကို အခြေခံသင်ရိုးကုန်ထည့်သွင်းတင်ပြထားသည်ဟု ညွှန်းလိုသည်။ အခန်း (၇) တွင် တောထွက်သတ်မှတ်ခြင်းခေါင်းစဉ်မှာ အရေးကြီးသည့် သစ်တောပညာဆိုင်ရာ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ ဒီရေတောများ (Mangrove Forest) ၏ အဓိပ္ပာယ်သတ်မှတ်ခြင်း၊ ဒီရေတော၏ ကုန်ထုတ်စွမ်းအားနှင့် အကျိုးကျေးဇူးများ၊ မြန်မာ့ဒီရေတောများအကြောင်းကို၊ ဒီရေတော စိုက်ပျိုးပြုစုသည့် နည်းစနစ်များကို အခန်း (၈) တွင် အသေးစိတ်လေ့လာမှတ်သားကြရမည် ဖြစ်ပါသည်။

အခန်း (၉) ၌ သစ်တောများရေရှည်တည်တံ့စေရန် အုပ်ချုပ်လုပ်ကိုင်မှုနှင့် စပ်လျဉ်းသောအကြောင်းခြင်းရာများပါရှိနေပြီး အခန်း (၁၀) တွင် ဖော်ပြထားသောသစ်တောဂေဟစနစ်အုပ်ချုပ်လုပ်ကိုင်မှုနှင့် ဆက်စပ်လေ့လာဆင်ခြင်နိုင်မည့် အခွင့်အလမ်း ဤစာအုပ်၌ ပါရှိသည်။ သစ်ပင်သစ်တောကဏ္ဍရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်စိစစ်နိုင်ပုံများကို စီးပွားရေးပညာရပ်ရှုထောင့်ဖြင့် တင်ပြထားသည်ကို ဖတ်ရှုရပေမည်။ သစ်တောများကို တန်ဖိုးဖြတ်ခြင်းဟူသော အခန်း (၁၂) ၌ သစ်တောများ၊ ယင်းတို့၏ ဘက်စုံအသုံးများနှင့် ဆက်စပ်သော စီးပွားရေးတန်ဖိုးများကို အကဲဖြတ်နိုင်မည့်နည်းလမ်းများ တင်ပြထားသည်။

ဤစာအုပ်မှာ သစ်တောပညာနှင့် ပတ်သက်၍ သိသင့်သိအပ်သည်များကို သိစေနိုင်မည့် ကျမ်းတစ်စောင်ပင်ဖြစ်သည်ဟု ခံယူ၍ရည်ညွှန်းလိုသည်။ စာအုပ်စင်တိုင်းတွင် ရှိသင့်သည့် ရှိရမည့်စာအုပ်တစ်အုပ်ပင်။ ပြင်ဆင်ဖွဲ့စည်းမှုကောင်းသည်။ စာလုံးအကျအပေါက်ကင်းစင်သည်။ စာရေးသူ ဒေါက်တာကျော်တင့်နှင့် စီစဉ်သည့် အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များ၏ အားထုတ်မှုနှင့် စေတနာကို အလေးအနက်အသိအမှတ်ပြုမိသည်။ ဤစာအုပ်ကို သေချာလေ့လာဖတ်ရှုပြီးလျှင် စာဖတ်သူအနေဖြင့် သစ်တောပညာကို အခြေခံအဆင့် ကျေညက်စွာ သဘောပေါက်သွားမည်မှာ သေချာပါသည်။ သစ်တောများအကြောင်း 'သိသွားခြင်း' ၏အာနိသင်မှာ လူ့အဖွဲ့အစည်းအတွက် အလွန်အကျိုးများမည်ဖြစ်၍ မဖြစ်မနေဖတ်ရှုရန် တိုက်တွန်းလိုသည်။

ထုတ်ဝေသူ - လင်းဦးတာရာစာပေ

မျက်နှာဖုံးဒီဇိုင်း- ပန်းချီသန်းမြင့်အောင်

ထုတ်ဝေသည့်နှစ်- ၂၀၀၈ ခုနှစ် မေလ

အကြိမ် - ပထမအကြိမ်

တန်ဖိုး - ၂၅၀၀ ကျပ်

စာမူခွင့်ပြုချက်အမှတ်-၄၀၀၂၁၃၀၂၀၈

www.foreverspace.com.mm



# မွေးလ ရက်ဂဏန်းကပြောသော စီးပွားရေးကံဇာတာ

မောင်မောင်မြင့်သန်းမောင်

**ဗေဒင်ဟောနည်းများအနက် ဂဏန်းများကိုဆန်းစစ်လေ့လာပြီးဟောကိန်းထုတ်ရသည့် ဂဏန်းဗေဒင်ပညာအရ လူတစ်ဦးတစ်ယောက်၏ မွေးရက်ဂဏန်းက ထိုသူ၏ဘဝဖြစ်စဉ်နှင့် ဆက်နွယ်လျက်ရှိပေသည်။ မွေးရက်ဂဏန်းသည် ပြောင်းလဲ၍မရနိုင်ခြင်း၊ မွေးဖွားသောရက်၌ ကြီးစိုးသောဂြိုဟ်၏ ရောင်ခြည်သြဇာသက်ရောက်ခြင်းနှင့် ဆက်စပ်နေခြင်း၊ အာကာသဓာတ်နှင့်ဆက်စပ်နေခြင်းတို့ကြောင့် မွေးရက်ဂဏန်းသည် လူတစ်ယောက်၏ မွေးသည်မှ သေဆုံးသည်အထိ ဘဝဖြစ်စဉ်များအပေါ် သြဇာသက်ရောက်လွှမ်းမိုးနေသော အရေးအကြီးဆုံးအဓိကဂဏန်းဖြစ်ပေသည်။**

မျိုးဆက်သစ်နက္ခတ်ဗေဒင်ပညာရှင်တစ်ဦးလည်းဖြစ် နက္ခတ်ဗေဒင်ပညာကို နှစ်ပေါင်း ၃၀ ကျော် လေ့လာဆည်းပူး သုတေသနပြု ဟောပြောခဲ့ပြီးသူလည်း ဖြစ်သော စာရေးသူသည် ဂဏန်းဗေဒင်ပညာအရ လူသားတို့၏ဘဝဖြစ်စဉ်များကို ဂဏန်းများက ထူးထူးခြားခြား လွှမ်းမိုးစေ့ဆော်နေသည်ကို လက်တွေ့သိမြင်ခဲ့ရပေသည်။

မိမိတို့၏ တစ်သက်တာ ငွေကြေးစီးပွားရေးဆိုင်ရာ ဟောကိန်းများရေးသားပေးပါရန် စာရေးသူထံ ဖုန်းဖြင့်ဆက်သွယ်တောင်းဆိုသူ အများအပြားရှိခဲ့ပါသည်။ တောင်းဆိုသူအများစုအနေဖြင့် ဖွားဇာတာမရှိကြသဖြင့် ဖွားဇာတာအရ စီးပွားရေးဆိုင်ရာ ဟောကိန်းများကို ရေးဟောင်းအိန္ဒိယနက္ခတ်ဗေဒင်ကျမ်းအကိုးအကား၊ အထောက်အထားများဖြင့် ရေးသားပေးလိုသော်လည်း ဖွားဇာတာမရှိသော စာဖတ်ပရိသတ်အား အကျိုးပြုနိုင်မည် မဟုတ်ပေ။

သို့ဖြစ်၍ မိမိတို့၏အင်္ဂလိပ်မွေးလနှင့် မွေးရက်ကိုသိရုံမျှနှင့် မိမိတို့၏ တစ်သက်တာ ငွေကြေးစီးပွားရေး အခြေအနေကို ကြိုတင်ခန့်မှန်းနိုင်စေမည့် ဂဏန်းဗေဒင်ဟောကိန်းများကို ရေးသားဖော်ပြအပ်ပါသည်။

## ဇန်နဝါရီလ ၁-၁၀-၁၉ နှင့် ၂၈ ရက်နေ့များတွင် မွေးဖွားသူများ

ငွေကြေးသုံးစွဲရာတွင် စနစ်တကျ ချွေတာသုံးစွဲတတ်သည်။ ငွေကြေးအကျိုးအမြတ်သေချာပေါက် ရရှိနိုင်သော စီးပွားရေးလုပ်ငန်းမျိုးတွင် အရင်းအနှီးများများ ထည့်ဝင်လုပ်ကိုင်တတ်သည်။ မရေရာသောစီးပွားရေးလုပ်ငန်းမျိုးတွင် စုပုံရင်းနှီးမြှုပ်နှံခြင်းမရှိတတ်ပေ။ စီးပွားရေးအခြေအနေကောင်းမည့် အခွင့်အလမ်းမျိုးကို ကြုံတွေ့ရပါက လက်လွှတ်မခံဘဲ မရရအောင် ယူတတ်သည်။

အများအပေါ် ပေးကမ်းရက်ရောတတ်သောသဘောရှိသည်။ ထူးခြားသောအခြေအနေမျိုးကို တိုက်ဆိုင်စွာ တွေ့ကြုံရသည်မှလွဲ၍ အသက်အရွယ်ကြီးချိန် မတိုင်မီ ဘဝအောင်မြင်မှုရရှိရန် ခက်ခဲမည်။

## ဖေဖော်ဝါရီလ ၁-၁၀-၁၉ နှင့် ၂၈ ရက်နေ့များတွင် မွေးဖွားသူများ

အခြားသူများ၏ ငွေကြေးစီးပွားနှင့် ပတ်သက်၍ ကြားဝင်ဆောင်ရွက်ခြင်း၊ လောင်းကစားဆန်ဆန်လုပ်ပေးမိပါက ဆုံးရှုံးမှုရှိတတ်သည်။ မကြာခဏငွေကို အလွယ်တကူရလိုစိတ်ဇောဖြင့် တိုးချဲ့လုပ်ကိုင်မိက မှားတတ်သည်။ မိမိတို့ကို ကြီးစိုးသော ဂြိုဟ်အနေအထားအရ အခြားသူများအတွက် အလုပ်လုပ်ပေးရခြင်းထက် ကိုယ့်အတွက်ကိုယ် အလုပ်လုပ်ရခြင်းက ပို၍ ဝင်ငွေကောင်းမည့်ဇာတာပါသည်။

ဖေဖော်ဝါရီ ၁-၁၀-၁၉ နှင့် ၂၈ ရက်နေ့တွင်မွေးဖွားသူများအနက်ဆရာဝန်၊ ရှေ့နေ၊ အနုပညာရှင် စသည့်သူများသည် ငွေရကံသိပ်မကောင်းလှချေ။ လုပ်ငန်းကြီးမားခိုင်မာသည့် စီးပွားရေးလုပ်ငန်းများဖြစ်သည့် ဘဏ်လုပ်ငန်း၊ ငွေရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ စက်မှုလုပ်ငန်းများတွင်စီမံအုပ်ချုပ်သူအဖြစ် စီးပွားရှာပါက ငွေဝင်လမ်းဖြောင့်မည်။

အစုစပ်စီးပွားရှာမည်ဆိုပါက အထူးသတိထားရမည်။ မိမိတစ်ယောက်တည်း သီးသန့်လုပ်ကိုင် စီးပွားရှာပါက ပို၍အဆင်ပြေလိမ့်မည်။ အခြားသူများက မိမိအပေါ် သစ္စာမရှိခြင်း၊ လိမ်လည်လှည့်ဖြားခြင်းနှင့် မိမိအားခုတုံးလုပ်၍ ကျော် တက်သွားခြင်းများနှင့် ကြုံတွေ့ရတတ်သော ကံဇာတာပါရှိသည်။

## မတ်လ ၁-၁၀-၁၉ နှင့် ၂၈ ရက်နေ့များ မွေးဖွားသူများ

ငွေကြေးစီးပွားရေးနှင့် ပတ်သက်၍ ကံကောင်းမည်။ မိမိဘဝတစ်လျှောက်လုံးတွင် အဖြစ်အပျက်အပြောင်းအလဲ အမျိုးမျိုး ကြုံတွေ့ရမည်။ အပြောင်းအလဲကာလများတွင် ငွေကြေးအတွက် စိုးရိမ်သောကရောက်ရတတ်သော်လည်း နောက်ဆုံးတွင် အောင်မြင်လာမည်သာဖြစ်သည်။

အောင်မြင်မှုရရှိနိုင်မည့် ထူးခြားသောအခွင့်အရေးကောင်းများနှင့် တိုက်ဆိုင်ကြုံ တွေ့ရတတ်သည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းကြီးများတွင် တာဝန်ကြီးမားပြီး လုပ်ပိုင်ခွင့်ရရှိသည့် အဆင့်အတန်းမျိုးသို့ ရောက်ရှိနိုင်သည်။

စပ်တူစီးပွားရေးလုပ်ငန်းလုပ်ပါက မိမိ၏ လွှမ်းမိုးခြယ်လှယ်တတ်သော သဘာဝကြောင့် အခက်အခဲပြဿနာကြုံရတတ်သည်။ မည်သို့ပင်ဖြစ်စေ မိမိကို ကြီးစိုးသောဂြိုဟ်၏ သဘာဝအရ ငွေကြေး

www.foreverspace.com.mm

အဆင်ပြေမည်သာဖြစ်သည်။ မတ်လ ၂၈ ရက်နေ့တွင် မွေးဖွားသူဖြစ်ပါက ပို၍ အောင်မြင်နိုင်သောကံဇာတာ ပါရှိသည်။

## ဧပြီလ ၁-၁၀-၁၉ နှင့် ၂၈ ရက်နေ့များတွင် မွေးဖွားသူများ

ငွေကြေးနှင့် ပတ်သက်၍ ရလိုက်၊ ကုန်လိုက်တစ်လှည့်စီရှိမည်။ များသောအားဖြင့် ငွေကြေးကိစ္စတွင် အလောတကြီး ဆုံးဖြတ်ဆောင်ရွက်တတ်သော စရိုက်ရှိသည်။ စီးပွားရေးလုပ်ငန်းများတွင်လည်း ကိုယ်တိုင်ထိန်းသိမ်းလုပ်ကိုင်နိုင်စွမ်းမရှိသော လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ပါက ဆုံးရှုံးတတ်သည်။

မည်သည့် စီးပွားရေးတွင်မဆို စပ်တူလုပ်ကိုင်ခြင်းထက် တစ်ဦးတည်း ကိုယ်ပိုင်လုပ်ဆောင်လျှင် ပိုမိုအောင်မြင်နိုင်သည်။ ရက်ရောစွာ ပေးကမ်းစွန့်ကြဲတတ်သည်။ မကြာခဏ ငွေကြေးအမြောက်အမြားရရှိနိုင်မည်။

## မေလ ၁-၁၀-၁၉ နှင့် ၂၈ ရက်နေ့များတွင် မွေးဖွားသူများ

ငွေကြေးဆိုင်ရာကုသိုလ်ကံကောင်းမည်။ စည်းစိမ်ရှိရှိ နေထိုင်စားသောက်သုံးဖြုန်းတတ်သောသူများဖြစ်ကြသည်။ စီးပွားရေးလုပ်ငန်းကြီးများတွင် စွန့်စားလုပ်ကိုင်တတ်ကြသော်လည်း အကြီးအကျယ်ဆုံးရှုံးနစ်နာမှုမရှိတတ်ပေ။ အများအားဖြင့် စီးပွားရေးတွင် အောင်မြင်ကြမည်။

## ဇွန်လ ၁-၁၀-၁၉နှင့် ၂၈ ရက်နေ့များတွင် မွေးဖွားသူများ

မိမိကိုကြီးစိုးသော ဂြိုဟ်ခွင်အနေအထားအရ ငွေကြေးကိစ္စတွင် ကံကောင်းတတ်ကြသည်။ စီးပွားရေးနှင့် ပတ်သက်၍ အကြံအစည်ကောင်းမည်။ မိမိ၏စိတ်ကူး၊ အကြံအစည်၊ အရည်အချင်းကြောင့် ငွေဝင်များမည်။ ဖြစ်လာနိုင်မည့် အခြေအနေများကို ကြိုတင်တွက်ဆလုပ်ကိုင်တတ်ခြင်းကြောင့် ကြီးပွားမည်။ စီးပွားရေးတွင် အခြားသူများ၏ အကြံဉာဏ်အတိုင်း ဆောင်ရွက်ခြင်းမပြုဘဲ မိမိ၏အလိုလို အသိစိတ်နှင့် ကိုယ်ပိုင်အကြံအစည်အတိုင်း ရဲရဲဝံ့ဝံ့လုပ်ကိုင်ပါက အောင်မြင်မည်။

## ဇူလိုင်လ ၁-၁၀-၁၉ နှင့် ၂၈ ရက်နေ့များတွင် မွေးဖွားသူများ

စီးပွားရှာရာတွင် ငွေကြေးချမ်းသာကြွယ်ဝရေးထက် မိမိ၏စားဝတ်နေရေး ပြည့်စုံရေးကို အဓိကထားတတ်သည်။ ငွေကြေးချမ်းသာလာပါကလည်း ဝင့်ကြွားပလွှားမှုမရှိဘဲ ရိုးကုပ်စွာနေတတ်ကြသူများဖြစ်သည်။ မိမိ၏ငွေကြေးဥစ္စာများကို အများအကျိုးပြုလုပ်ငန်းများတွင် လှူဒါန်းတတ်သည်။

ဤရက်ဖွားများအနက်စီးပွားရှာရာတွင် အပြောင်းအလဲများတတ်ပြီး ပေါ့ပေါ့နေ ပျော်ပျော်သုံးစွဲတတ်သဖြင့် ငွေကြေးမစုဆောင်းမိဘဲ စီးပွားရေး အဆင်မပြေဖြစ်တတ်သူ လူတန်းစားနှင့် စီးပွားရှာရာတွင် တည်ငြိမ်စွာနှင့် အပြောမဟုတ်ဘဲ လက်တွေ့လုပ်ကိုင်ရှာဖွေပြီး ငွေကြေးကို စနစ်တကျခွဲဝေသုံးစွဲ တတ်သဖြင့် ငွေကြေးစုဆောင်းမိပြီးစီးပွားရေး အဆင်ပြေလာတတ်သော လူတန်းစားဟူ၍ နှစ်မျိုးရှိတတ်သည်။

## ဩဂုတ်လ ၁-၁၀-၁၉ နှင့် ၂၈ ရက်နေ့များတွင် မွေးဖွားသူများ

စီးပွားငွေကြေးဥစ္စာနှင့် ပတ်သက်၍ ကံကောင်းမည်။ ငယ်ရွယ်စဉ်ဘဝတွင် အခက်အခဲမျိုးစုံနှင့်ကြုံတွေ့ရတတ်သည်။ အသက် ၃၇ နှစ် ကျော်မှ စီးပွားရေးအဆင်ပြေလာမည်။

## စင်တင်ဘာလ ၁-၁၀-၁၉ နှင့် ၂၈ ရက်နေ့များတွင် မွေးဖွားသူများ

ငယ်စဉ်ကပင်ချမ်းသာကြွယ်ဝလိုသော ဆန္ဒကြီးမားခဲ့မည်။ သို့သော် ဉာဏ်ပညာထက်မြက်သူဖြစ်သော်လည်း အရွယ်အလယ်အလတ်ရောက်သည်အထိ ငွေကြေးဥစ္စာ စုဆောင်းမိခြင်းမရှိတတ်ပေ။

## အောက်တိုဘာလ ၁-၁၀-၁၉ နှင့် ၂၈ ရက်နေ့များတွင် မွေးဖွားသူများ

သာမန်စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခြင်းထက် မိမိ၏ရည်ရွယ်ချက်နှင့် ဉာဏ်ပညာကို အသုံးပြုလုပ်ကိုင်ရသော လုပ်ငန်းမျိုးတွင် ပိုပြီးအောင်မြင်ဖြစ်ထွန်းတတ်သည်။ စီးပွားရှာရာတွင် ကြီးပွားချမ်းသာလိုခြင်းထက် မိမိ၏ မွန်မြတ်သောရည်ရွယ်ချက်အောင်မြင်ရာကို အဓိကထားလျက် ငွေကြေးစီးပွားရှာတတ်ကြသည်။

## နိုဝင်ဘာလ ၁-၁၀-၁၉ နှင့် ၂၈ ရက်နေ့များတွင် မွေးဖွားသူများ

မည်သည့်လုပ်ငန်းလုပ်ကိုင်သည်ဖြစ်စေ ငွေဝင်ကောင်းပြီး ချမ်းသာကြီးပွားမည်။ သို့သော် မိမိရလာသမျှငွေကြေးကို စုဆောင်းနိုင်စွမ်းနည်းပါးတတ်သည်။ နိုဝင်ဘာလ ၂၈ ရက်နေ့တွင်မွေးဖွားသူဖြစ်ပါက ရည်မှန်းချက်အလွန်ကြီးမားသောကြောင့် မည်သည့်လုပ်ငန်းတွင်မဆို နာမည်ထင်ရှားကျော်ကြားတတ်သော်လည်း ငွေကြေးရရှိမှုတွင် ကံမကောင်းတတ်ချေ။

## ဒီဇင်ဘာလ ၁-၁၀-၁၉ နှင့် ၂၈ ရက်နေ့များတွင် မွေးဖွားသူများ

မည်သည့်လုပ်ငန်းလုပ်ကိုင်သည်ဖြစ်စေ ဝင်ငွေကောင်းမည်။ သို့သော် အလွန်စွန့်စားလုပ်ကိုင်တတ်သူများဖြစ်သဖြင့် အမြတ် အရှုံးမသေချာသောလုပ်ငန်းမျိုးတွင် စုပုံရင်းနှီးမြှုပ်နှံတတ်ကြသောကြောင့် အဆုံးအရှုံးများတတ်သည်။ စေတနာသဒ္ဓါထက်သန်ကြပြီး ဆင်းရဲနိမ့်ကျသူများအား ထောက်ပံ့ကူညီရလွန်းသဖြင့် ငွေကြေးစုဆောင်းမိမည်မဟုတ်ချေ။

ငွေကြေးအကုန်အကျများခြင်း အဆုံးအရှုံးနှင့်ရင်ဆိုင်ရသော်လည်း စိတ်သောကမရောက်တတ်သည့်အပြင် မည်သူ့ကိုမှ အပြစ်မတင်တတ်ကြချေ။ အကျိုးအမြတ် ပြန်လည်ရရှိနိုင်စေရန် ကြိုးစားဆောင်ရွက်ရင်း ဝင်ငွေကောင်းကောင်းရရှိလာပြန်တတ်သည်။ ဇွဲ၊ လုံ့လ အပြည့်ရှိသူဖြစ်သဖြင့် ဆုံးရှုံးမှုရှိပါက အောင်မြင်မှုရှိစေရန် နည်းလမ်းပေါင်းစုံဖြင့် ဆက်လက်ကြိုးပမ်းလုပ်ကိုင်ခြင်းကြောင့် နောက်ဆုံးတွင် အောင်မြင်မှု ရရှိတတ်ကြသည်။

ဆက်လက်ဖော်ပြပါမည်။

**မောင်မောင်မြင့်သန်းမောင်**

■

# ကုန်စျေးနှုန်း

၂၀၀၈ ခုနှစ်၊ ဩဂုတ်လနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်စျေးနှုန်းများ

## ကားစျေးနှုန်း (၂၉-၈-၂၀၀၈)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | စျေးနှုန်း (သိန်း) |
|---|---|---|---|
| Suzuki Wagon | $R^+$ | ၁ဂ(ဓီးရောင်/ပစ္စည်းစုံ) | ၄၂၀ |
| Suzuki Wagon | $R^+$ | (၉ခ)(ဓီးရောင်) | ၄၀၀ |
| Corolla 1.5 Limited | 86/87 | (သ) | ၂၉၀ |
| Corolla 1.5 Limited | 88/89 | (၁က) | ၃၆၀ |
| Corolla 1.5 Limited | 91 | (၆က) | ၄၂၀ |
| Corolla 1.5 Limited | 90/91 | (၁က) | ၃၈၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (သ) | ၂၂၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၂က) | ၃၈၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (အ) | ၃၂၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁ခ) | ၅၆၀ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 86/87 | (အ) | ၁၆၅ |
| Toyota Publica | 81 | (ဒ) | ၁၁၀ |
| Toyota Publica | 86/87 | (ဘ) | ၁၄၀ |
| Toyota Publica | 88 | (၂က) | ၂၀၀ |
| Sunny Pick-up | 86/87 | (၁က) | ၁၂၀ |
| Sunny Pick-up | 90/91 | (၂က) | ၁၃၀ |
| Sunny Super Saloon (1.5) | 86/87 | (သ) | ၂၆၀ |
| Sunny Super Saloon (1.5) | 86/87 | (၁က) | ၃၀၀ |
| Sunny Super Saloon (1.5) | 88/89 | (၁က) | ၃၂၀ |
| Sunny Super Saloon (1.5) | 88/89 | (သ) | ၂၇၅ |
| Sunny Super Saloon (1.5) | 92 | (၆က) | ၄၂၀ |
| TOYOTA LANDCRUISER | 2004 | (၉ခ) | ၂၆၀၀ |
| TOYOTA PRADO | 97 | (၃ခ) | ၁၅၅၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ စျေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ စျေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်စျေးများသာ ဖြစ်သည်။





www.foreverspace.com.mm

www.foreverspace.com.mm



## တီဗီရောင်စုံ

(၂၉-၈-၂၀၀၈)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| SAMSUNG | CS-29 M21 FA | 29" | ၁၈၅၀၀၀၀ |
| SAMSUNG | CS-21 K30 | 21" | ၁၉၄၀၀၀၀ |
| SAMSUNG | CS-21 K40 | 21" | ၈၉၀၀၀၀ |
| STAR | S2107C | 21" | ၂၇၄၀၀၀ |
| STAR | T2107C | 21" | ၁၄၁၆၀၀ |
| LG | 21 FB5RG | 21" | ၁၀၉၀၀၀၀ |
| LG | RT -29 FD 17 R | 29" | ၄၇၉၀၀၀ |
| SONY | KV-SW 14M51 | 14" | ၂၂၉၀၀၀ |
| SONY | KV-BZ 213M50 | 21" | ၂၃၉၀၀၀ |
| SAKURA | 14 GI 1485 | 14" | ၁၄၀၀၀၀ |
| SAKURA | 29 F29 M2 | 29" | ၁၃၄၀၀၀ |

## ရေခဲသေတ္တာ

(၂၉-၈-၂၀၀၈)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| MITSUBISHI | MR-F25R | ၄၅၀,၀၀၀ |
| MITSUBISHI | MR-F62PST-P(504L) | ၂၄၀,၀၀၀ |
| STAR | AR-150A | ၂၅၀,၀၀၀ |
| STAR | R-130M (1 door) | ၇၀၀,၀၀၀ |
| STAR | 18 DR4HA (2door) | ၄၈၀,၀၀၀ |
| STAR (Two door) | R-130 | ၂၆၅,၀၀၀ |
| STAR | R-170 | ၃၂၄,၀၀၀ |
| Daewoo(One door) | FR 360 | ၄၉၅,၀၀၀ |
| Daewoo(One door) | FR 064 | ၁၄၅,၀၀၀ |
| Daewoo(Two door) | FR 291 | ၃၅၅,၀၀၀ |
| LG | GC-051SNS | ၁၄၅,၀၀၀ |
| LG | GC-151SNA | ၁၉၅,၀၀၀ |
| LG | GNV 212 | ၃၆၈,၀၀၀ |
| SAMSUNG (Two door) | RT-24MHBBK | ၄၂၄,၇၀၀ |
| SAMSUNG (Two door) | RT-21 MGBB/K | ၄၀၃,၀၀၀ |
| SAMSUNG (One door) | RA 18FHSS/K | ၂၇၀,၅၀၀ |

## DVD ပြစက်

(၂၉-၈-၂၀၀၈)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | DVD246K | ၆၅,၀၀၀ |
| LG | DVDP256K | ၆၉,၀၀၀ |
| STAR | B-036 | ၇၁,၅၀၀ |
| STAR | B-096(MP4+DC) | ၅၇,၅၀၀ |
| STAR | T51DC | ၅၁,၆၀၀ |
| STAR | T11 | ၆၂,၃၀၀ |
| Daewoo | DV 1400S | ၆၅,၀၀၀ |
| Panasonic | DV DS2 | ၉၅,၀၀၀ |

## လေအေးစက်

(၂၉-၈-၂၀၀၈)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | AW-09P/HDA | ၂၄၅,၀၀၀ |
| SAMSUNG | AW-12P/HDA | ၃၂၉,၀၀၀ |
| SAMSUNG | AS-09 WHWD | ၃၃၈,၅၀၀ |
| SAMSUNG | AS-12 WHWD | ၃၂၈,၀၀၀ |
| SAMSUNG | Aw-07FISDA | ၃၆၅,၀၀၀ |
| STAR | MS-12 | ၂၃၅,၀၀၀ |
| STAR | MS-09 | ၂၄၈,၀၀၀ |
| Daewoo(Splite Type) | 1HP DSB 095L | ၂၉၈,၀၀၀ |
| Daewoo | 1.5HP DSB 125L | ၃၅၈,၅၀၀ |
| Daewoo | 2HP DSB 189L | ၅၀၅,၀၀၀ |

## အဝတ်လျှော်စက်

(၂၉-၈-၂၀၀၈)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | WP-750 (Semi Auto) | ၁၈၉,၀၀၀ |
| LG | WP-900 (Semi Auto) | ၂၀၉,၀၀၀ |
| LG | WP.S 650(Full Auto) | ၃၀၀,၀၀၀ |
| SAMSUNG | WA-90R3 | ၂၈၁,၉၀၀ |
| SAMSUNG | WA-90F3 | ၃၄၆,၂၀၀ |
| SAMSUNG | WA-90J7 | ၃၅၇,၁၀၀ |
| STAR | WT-75 H2 | ၁၅၉,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၂၉-၈-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၆,၅၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၇၅၀ |
| Junior Horlick (400g) | ၃,၄၀၀ |
| Milo (400g) ခဲထုပ် | ၃,၀၀၀ |
| Milo (400g) (ပုလင်း) | ၃,၇၀၀ |
| Maltova (450g) (နီ) | ၃,၀၅၀ |

www.foreverspace.com.mm

| | |
|---|---|
| Ovaltine (400g) နို | ၃,၅၅၀ |
| Ovaltine (200g) နို | ၁,၆၅၀ |
| Ovaltine 400g (ဖြူ) | ၃,၉၅၀ |
| Ovaltine 200g (ဖြူ) | ၂,၂၅၀ |
| Ovaltine 400g (စက္ကူဘူးဖြူ) | ၃,၅၀၀ |

## နို့မှုန့်ဘူး

(၂၉-၈-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Dumex (Step 1,2)(900g) | ၁၂,၃၀၀/၁၁,၂၀၀ |
| Dumex (3plus)(700g) | ၈,၀၀၀ |
| Dumex Step 1,2 700g | ၈,၉၀၀၊ ၈,၆၀၀ |
| Dumex 1Plus 700g | ၈,၁၀၀ |
| Dumex Ma Ma Plus 400g | ၇,၁၀၀ |
| Dumex Lactose free 400g | ၇,၉၀၀ |
| Nestle ဆန် သံဘူး Stage 1 300 g | ၃,၇၀၀ |
| Nestle ဂျုံ သံဘူး | ၅,၈၀၀ |

## နိုင်ငံခြားအရက်

(၂၉-၈-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75Cl) (12YearsOld) | ၁၁,၆၀၀ |
| VAT 69 (75Cl) | ၁၀,၈၀၀ |
| Jonnie Walker (Red)(75Cl) | ၁၁,၇၀၀ |
| Jonnie Walker (Red)(37.5Cl) | ၆,၆၀၀ |
| Jonnie Walker (Red)(1Liter) | ၁၅,၀၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၂,၅၀၀ |
| Jonnie Walker (Black)(75Cl) | ၂၂,၆၀၀ |
| Jonnie Walker(Black)(1Liter) | ၂၇,၀၀၀ |
| Black & White (1Liter) | ၁၄,၀၀၀ |
| Black & White (75Cl) | ၁၂,၇၀၀ |
| Gold Label (75Cl) | ၃၉,၆၀၀ |
| SCOTTISH LEADER | ၇,၂၀၀ |
| Grand Royal (အပြား)ရွှေပတ် | ၃,၃၀၀ |
| SPY(CLASSIC)(Red) (Wine) | ၅,၂၀၀ |
| Mekhong (75CL) | ၅,၃၀၀ |
| Mekhong (37.5CL) | ၂,၃၀၀ |
| SPEY ROYAL (70Cl) | ၇,၂၀၀ |

## မုန့်ပုံးသံဘူး

(၂၉-၈-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| မိသားစု | ၆,၅၀၀ |
| Cream Crackers(Hup Seng) | ၇,၃၀၀ |
| (KHIAN GUAN) Top Choice | ၆,၇၀၀ |
| (HWA TA) Choice | ၅,၅၀၀ |
| (Munchys) Funmix | ၈,၈၀၀ |
| Hwa Tai Wonderful | ၅,၅၀၀ |
| Lee Daily Delight | ၅,၅၀၀ |
| Every Time | ၅,၅၀၀ |
| Summer Day | ၅,၈၀၀ |
| (Shan Fatl) Party | ၃,၅၀၀ |
| (Julie's) Biscuit Assorties | ၆,၅၀၀ |
| (Julie's) Love letters | ၄,၉၀၀ |

## ခေါက်ဆွဲခြောက်

(၂၉-၈-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၂၀၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၅၀ |
| MAMEE ကြာဆံ | ၂၅၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၅၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၁၅၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၅၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၂၀၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၅၀ |
| Shin Shin (ကြာဆံ) | ၂၀၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၂၀၀ |
| Yum Yum ကြက်သားချဉ်စပ် | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၂၅၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၂၅၀ |

## သွားတိုက်ဆေး

(၂၉-၈-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Fresh Up ဘူးကြီး | ၇၅၀ |
| Best-T (125g) White | ၆၀၀ |
| Colgate (40g) Double Cool Stripe | ၄၅၀ |
| Col gate (160g) Double Cool Stripe | ၁,၅၀၀ |
| Close-Up (New)(18 g) | ၂၀၀ |
| Close-Up (160g) ပြာ | ၂,၆၀၀ |

www.foreverspace.com.mm

| | |
|---|---|
| Colgate Fresh Cool Mint 200g | ၁,၈၀၀ |
| Colgate Great Regular 200 g | ၃,၀၀၀ |
| Colgate Whitening 160g | ၂,၆၀၀ |
| Colgate gel (စိမ်း) 160g | ၁,၈၅၀ |
| 3D | ၄၅၀ |

## ကိုယ်တိုက်ဆပ်ပြာ

(၂၉-၈-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၂၅၀ |
| Imperial Leather (125g) | ၄၅၀ |
| Fashion | ၃၀၀ |
| Miss | ၃၀၀ |
| DOVE | ၈၅၀ |
| Kanebo | ၁,၁၃၀ |
| YOKO WHITENING Herbal 110g | ၁,၁၅၀ |
| Family Care 125g | ၄၅၀ |
| ASEPSO | ၇၅၀ |
| CAMAY | ၅၀၀ |
| Spa | ၃၅၀ |
| E-Lan | ၃၀၀ |
| LUX 100g | ၃၅၀ |
| KAO | ၄၅၀ |
| Parrot | ၂၅၀ |
| Paris 135g | ၄၀၀ |
| A21 (နက်)70g | ၂၅၀ |
| A21 (နက်)125g | ၄၀၀ |
| DG Soap 100g | ၃၅၀ |

## ခေါင်းလျှော်ရည်

(၂၉-၈-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Head and Shoulder 400g | ၄,၂၀၀ |
| Head and Shoulder 200g | ၂,၂၀၀ |
| Head and Shoulder 90g | ၇,၅၀ |
| Pantene 400g | ၄,၂၀၀ |
| Pantene 200g | ၂,၂၀၀ |
| Pantene 90g | ၇,၅၀ |
| Clinic Clear 380g | ၄,၃၅၀ |
| Clinic Clear 90g | ၄,၀၀၀ |
| Palmolive 100 g | ၁,၂၀၀ |
| Palmolive 200 g | ၂,၇၀၀ |
| Rejoice 100 g | ၆၀၀ |
| Rejoice 200 g | ၁,၆၅၀ |

## ခြင်ဆေးခွေ

(၂၉-၈-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၄၀၀ |
| Fumakilla (10) coils | ၂၅၀ |
| MARS | ၂၅၀ |
| Fuji | ၃၀၀ |
| Raid | ၄၀၀ |
| ATAK | ၄၀၀ |
| FIGHTER | ၂၅၀ |
| GO! | ၂၅၀ |
| ပါရမီ | ၃၀၀ |
| MOSFLY | ၂၅၀ |
| ဂေါ်ဇီလာ | ၄၀၀ |
| Spider | ၃၀၀ |
| Golden Lion | ၂၅၀၀ |
| Special | ၃၅၀ |

LIVING COLOR MEDIA

ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂ ၊

၀၉-၉၉၇၄၃၄၃

www.foreverspace.com.mm

# ကွန်ပျူတာ ဈေးနှုန်းများ



(၂၆-၈-၂၀၀၈)

### TOSHIBA Notebook Satellite L300- OOH003

- Intel Celeron 550 2.0 GHz
- 512 MB DDR 667
- 15.4" WXGA 200 NIT CSV (Latest Clear Super View) Dispaly
- Intel X 3100 GL Graphic
- 80 GB HDD
- WIFI 802.11g
- Builtin 10/100 Ethernet Lan, 56K Fax & Data Modem
- DVD RW Super, Card Reader, Web Camera
- Intel Graphic 960
- 1 Year International Warranty

Price 699,000 Ks

### KMD Basic Model

- Intel Celeron 1.6 GHz (420)(512 KB L2 Cache, 800 MHz)
- MSI M900 Pentium 4 Motherboard (775/DDR2/1066) with PCIE + Sound + LAN
- 80 GB HDD (Seagate, 7200 RPM) SATA
- 512 MB DDR2 RAM (PC 667, Kingston)
- 15" Color Digital Monitor (Viewsonic)
- 1.44 MB Floppy Disk Drive
- A4 Tech PS II Keyboard , A4 Tech PSII Optical Mouse & Pad
- P4 Tower Casing

Price 382,000 Ks

### CFTG SOHO Computer Intel 775

- Intel P4 Celeron 1.6 GHz Processor
- MSI P4 M900 M/B (Sound+PCIE+LAN Builtin)
- 512MB DDRII RAM (PC 400MHz)
- 80GB IDE HDD (Seagate, 7200 RPM)
- 1.44 MB FDD(Mitsumi)
- P4 Tower Casing with 500W Power Supply
- PS2 Keyboard, Mouse and Pad
- Viewsonic 15" Digital Monitor (Digital Control)

Price 378,000 Ks

### Lucky Bird P4 Accelerator PC 775

- Intel Pentium 4-775 Core 2 Duo 2.4 GHz (775 CPU)
- ASUS I'ntel 945 Chipset
- 1GB DDR RAM
- 160 GB HDD SATA
- 15" Samsung Monitor
- PS2 Keyboard & Optical Mouse & Mouse Pad
- P4 ATX Tower Cusing
- Free Speaker

Price 509,000 Ks

### KMD CLASSIC MODEL

- Intel Pentium Dual Core 2.0 GHz (1MB, L2 Cache, 800 MHz)
- GIGA 945 GCM S2C Pentium4 Motherboard (775/DDR2/1333) (With PCIE+Sound+LAN)
- 512 MB DDR RAM (PC 667 MHz) Kingston
- 80 GB HDD (Seagate, 7200 RPM)
- 15" SVGA Color Monitor (Viewsonic)
- PS II Keyboard & PS II Optical Scroll Mouse
- Optical Mouse Pad
- P4 Casing (Medium Light)

Price 421,000 Ks

### CFTG Power Computer

- Intel Pentium 4 3.0 F GHz processor (LGA 775)
- ASUS GMX M/B Sound + PCIE+ & LAN Built-in
- 512 MB DDR RAM (PC 533 MHz)
- 80 GB IDE HDD (Seagate) ,7200 rpm
- 1.44 MB FDD (Mitsumi)
- P4 ATX Tower Casing with 500W Power Supply

www.foreverspace.com.mm

- PS2 Win 98 Keyboard
- PS2 Mouse & Pad
- 15" SVGA Colour Monitor (Viewsonic)

Price 415,000 Ks

## ❑ CFTG High Performance Computer

- Intel Pentium Core 2 Duo 2.22 GHz Processor
- ASUS GCMX M/B 1MB (Sound+ AGP + LAN Built-in)
- 1 GB DDR Ram (PC 400 MHz)
- 1.44 MB Floppy Drive (Mitsumi)
- 160 GB IDE HDD (Seagate PRM 7200)
- P4 Tower Casing with 500W Power Supply
- 15" Digital Color Monitor (Viewsonic / Samsung)
- PS2 Win 98 Keyboard, mouse (PS/2)
- Mouse Pad

Price 518,000 Ks

(အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၀၈ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

## ❑ Multimedia

| | |
|---|---|
| 16x DVD ROM (Sony) | 29,000 KS |
| Sony CD Writer (52 x 32 x 52 x) | 29,000 Ks |
| Sony 20 x DVD Writer | 39,000 Ks |
| 52 x 32 x 52 x 16 Combo (Sony) | 35,000 Ks |
| 20 x DVD Writer (ASUS) | 48,000 Ks |
| Microlab FC 570 Speakers with sub woofer | 75,000 Ks |
| Microlab M-300ll Speakers with sub woofer | 58,000 Ks |
| Microlab FC-361 Speakers with sub woofer | 75,000 Ks |

## ❑ Memory

| | |
|---|---|
| 512 MB (DDR RAM) PC 400 MHz (Kingston) | 32,000 Ks |
| 512 MB (DDR 2 RAM) PC 667 MHz (Kingston) | 18,000 Ks |
| 1GB (DDR 2 RAM) 667 MHz (Kingston) | 27,500Ks |
| 1GB (DDR 2 RAM) 800 MHz (Kingston) | 29,000Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) | 53,000Ks |

## ❑ Storage Device

| | |
|---|---|
| 160 GB (Hitachi) IDE | 67,000 Ks |
| 160 GB (Seagate) IDE | 69,000 Ks |
| 250 GB (Seagate) SATA | 72,000 Ks |
| 320 GB (Seagate) SATA | 97,000 Ks |
| 320 GB (Samsung) SATA | 96,000 Ks |

## ❑ Monitor

| | |
|---|---|
| 15" SVGA Color Monitor (Sammie) | 91,000 Ks |
| 15" SVGA Color Monitor (Samsung) | 113,000 Ks |
| 17" SVGA Color Monitor (Dyna) | 105,000 Ks |
| 17" SVGA Color Monitor (NEC) | 152,000 Ks |
| 17" LCD Color Monitor (Samsung) | 241,000 Ks |
| 17" LCD Color Monitor (View Sonic) | 242,000 Ks |
| 17" LCD Color Monitor (ASUS) | 258,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1926W | 272,000 Ks |
| 19" LCD Color Monitor (ASUS)Wide View 193T | 298,000 Ks |

## ❑ Printer

| | |
|---|---|
| Canon Laserjet LPB 2900 Printer (USB) | 150,000 Ks |
| HP Laserjet 2015 Printer (USB) | 327,000 Ks |
| HP Color Laserjet 2600N Printer (USB) | 520,000 Ks |
| HP Laserjet 1005 A Printer (USB) | 145,000 Ks |
| EPSON Acculaser C 1100 | 725,000 Ks |
| EPSON C 110 Inkject Printer | 150,000 Ks |
| EPSON C x 9300 F Printer | 300,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 227,500 Ks |
| EPSON Dot Matrix Ptinter LQ 2180 | 800,000 Ks |
| EPSON C90 Inkjet Printer | 93,000 Ks |
| EPSON SP 230 Photo Printer | 208,000 Ks |
| EPSON SP 1390 Photo Printer | 585,000 Ks |
| EPSON CX 5500 SPC Printer | 156,000 Ks |
| EPSON 6200 L Laser Printer | 218,000 Ks |
| Fuji Xerox Color Laser DPC 1110 Network Ready | 605US$ |
| Fuji Xerox Colour Laser DPC 1110B | 480US$ |
| Fuji Xerox Colour Laser Multifunction 2090Fs | 1350US$ |
| Fuji Xerox Multifunction WC PE 220 | 500US$ |

## ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 66,500 Ks |
| HP 1010/ 1320/ 1300 Toner | 74,500 Ks |
| HP 2015 Toner | 81,500 Ks |
| Canon 2900 Toner | 61,500 Ks |
| Canon 1120 Toner | 61,500 Ks |

## ❑ Scanner

| | |
|---|---|
| EPSON Perfection V10 Scanner | 120,000 Ks |
| EPSON Perfection V200 Scanner(A4 Film) | 195,000 Ks |
| HP Flatbed Scanner 2410 (USB) | 129,000 Ks |
| Canon Flatbed Scanner Lide 25 (USB) | 71,000 Ks |

## ❑ UPS

| | |
|---|---|
| 650 VA (Power Tree) Basic | 52,000 Ks |
| 1250 VA (Power Tree) | 92,000 Ks |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Client Focus Technology Group ? Lucky Bird Co., Ltd.? Concordia International Ltd. နှင့် KMD Computer Centreတို့မှ ရယူထားပါသည်။**

(အယ်ဒီတာ)

www.foreverspace.com.mm



(ယခင်လမှအဆက်)



# "လူငယ်တွေမှာ မဖော်ပြနိုင်တဲ့အားတွေရှိပြီးသား"

## လူငယ်စေတနာ့ဝန်ထမ်းများနှင့်ပတ်သက်သော စကားဝိုင်းဆွေးနွေးပွဲ

ကျော်နိုင်

**L.C ။ ။ အဖွဲ့အစည်းတွေ၊ NGO တွေရဲ့ ဦးဆောင်မှုနဲ့ Volunteer သွားလုပ်ကြတဲ့ လူငယ်တွထဲမှာ တချို့ကျတော့ လစာလိုဝင်ငွေထောက်ပံ့မှုကောင်းကောင်းရကြသလို တချို့ကျတော့ ခရီးစရိတ်နဲ့ ထမင်းစရိတ်သာသာပဲ ရကြတာတွေရှိတယ်။ တချို့ဆိုရင် တစ်ပြားတစ်ချပ်မှမရဘဲ ကိုယ့်ထမင်းကိုယ်စားပြီး လိုက်သွားကြတာတွေလည်း တွေ့ရတယ်။ ကျွန်တော်တို့ကြားသိရသလောက်ဆို VTA လို့ခေါ်တဲ့ တိုင်းတာရေးလုပ်ငန်းတွေမှာ ပါဝင်လုပ်ကိုင်ကြတဲ့ Volunteer တချို့ဆိုရင် တစ်ရက်ကို ၂၅,၀၀၀ လောက်ရကြတယ်လို့ သိရတယ်။ လူငယ်တွေဟာ အဲဒီငွေကြေးတွေကြောင့် Volunteer စိတ်ဓာတ်ပျောက်မသွားနိုင်ဘူးလား။ ဒါတွေကြောင့် INGO တွေ ကဝန်ထမ်းတွေရဲ့ ပုံမှန်လုပ်ခလစာတွေရော ဘယ်လိုဖြစ်သွားနိုင်ပါသလဲ။**

**ဒေါက်တာစစ်နိုင်။ ။** ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရရယ်၊ အာဆီယံရယ်၊ ကုလသမဂ္ဂရယ်ပေါင်းပြီး Joint Assessment ဆိုပြီး မုန်တိုင်းဒဏ်ကြောင့် ဘာတွေဘယ်လိုပျက်စီးဆုံးရှုံးသွားသလဲဆိုတာ စစ်တမ်းကောက်ကြတယ်။ Village Tract Assessment လုပ်ငန်းတွေလည်းပါတာပေါ့။ ကျေးရွာတွေအထိ ဘယ်လောက်ထိပျက်စီးသွားသလဲဆိုတာ လေ့လာကြတာ။ အဲဒီမှာ ခုနကကိစ္စကပေါ်လာတယ်။ အဲဒီအဖွဲ့မှာဝိုင်းပြီး ကူညီကြဖို့ခေါ်တော့ ကျွန်တော်တို့အဖွဲ့ကကွင်း ဆင်းနေကျလူငယ်တွေထည့်ပေးလိုက်တယ်။ တခြားအဖွဲ့တွေကလည်း ပါကြတယ်။ ပထမတုန်းက ဒီအဖွဲ့ကြီးကပဲ တစ်ဦးချင်းစီကို နေ့တွက်စရိတ် ၁၅၀,၀၀ လောက်စီပေးမယ်လို့ဆိုတယ်။ နောက်ကျတော့ ထင်ထားတာကထက် စရိတ်

www.foreverspace.com.mm



စကပိုကုန်တဲ့အတွက် မပေးတော့ဘဲ အဖွဲ့အစည်းတွေကလာတဲ့ လူငယ်တွေကို သူ့သက်ဆိုင်ရာအဖွဲ့တွေကပဲ ပေးပါစေတော့လို့ သတ်မှတ်လိုက်တယ်။ အဖွဲ့ကြီးတွေက သူ့ဟာသူတတ်နိုင်သလို သတ်မှတ်ပေးကြတာပေါ့။ တချို့က ၅၀၀၀ ပေးတယ်။ တချို့က ၆၀၀၀ ပေးတယ်။ တချို့က လည်း ၄၀၀၀ က စားဖို့သက်သက်၊ ခရီးစရိတ်ကသက်သက်ဆိုပြီး ပေးတယ်။ အဲဒါတွေကိုကြည့်ပြီး ကျွန်တော်တို့ ဘာကိုစိုးရိမ်ခဲ့ကြသလဲဆို လူငယ်အချင်းချင်း စိတ်ဝမ်းတစ်ကွဲတစ်ပြားဖြစ်ကြမလားပေါ့။ ပြန်လာကြတဲ့လူငယ်တွေ မေးကြည့်လိုက်တော့ သူတို့ရဲ့စိတ်ထဲမှာ အဲဒီကိစ္စကို ဘယ်လိုမှမနေဘူး။ သူတို့စိတ်ထဲမှာ ဒါဟာ တကယ့်ကိုလုပ်သင့်လုပ်ထိုက်တဲ့၊ ဘယ်သူ့ကိုမှ မေးစရာမလိုတော့တဲ့ လုပ်ငန်းကြီးတစ်ခုအနေနဲ့ လုပ်ကြတာ။ လူငယ်တွေဖြစ်တဲ့အတွက် စိတ်ထဲ အဲဒါတွေမရှိဘူး။

ဒါပေမဲ့ Volunteer တွေကို ကာလတိုတာဝန်ပေးတဲ့အခါမျိုးမှာ ဘာသွားတွေ့ရသလဲဆို တချို့ INGO တွေက လခစားဝန်ထမ်းတွေလို ခေါ်လိုက်တာတွေရှိတယ်။ လုပ်ငန်းကာလသုံးလ၊ ခြောက်လ စသည်ဖြင့်ပေါ့။ တချို့အဖွဲ့ကြီးတွေကျတော့ သုံးနှစ်စီမံကိန်းတွေအထိ ချကြတယ်။ အဲဒီအဖွဲ့ကြီးတွေက ဘာပြောကြသလဲဆို Volunteer တာဝန်ထမ်းဆောင်မယ့်သူကို သင်ရဦးမယ်။ သင်စရာတွေက အများကြီးပဲ။ အပြင်ကလူကိုခေါ်လိုက်ရင် အဖွဲ့အစည်းရဲ့သဘောတို့၊ မူဝါဒတို့ကို ပြန်ထပ်သင်ပေးဖို့ အချိန်ကမရှိတော့ဘူး။ အဲဒီအခါ အဲဒီအဖွဲ့အစည်းကြီးတွေက ဘာလုပ်လာသလဲဆို လက်ရှိတခြားစီမံချက်တွေမှာလုပ်နေတဲ့ Volunteer တွေ၊ ဝန်ထမ်းတွေကို ဆွဲခေါ်ထည့်လိုက်တယ်။ ဝန်ထမ်းတွေအ တွက်က လစာက ပိုများသွားတယ်။ ဒါကတော့ Volunteer မဟုတ်တော့ဘူးပေါ့။ ရာထူးတစ်ဆင့်တိုးတာမျိုးလည်း ဖြစ်သွားတယ်။ Field ထဲသွားချင်အောင် နည်းနည်း Incentive ပေးထားတဲ့သဘောပေါ့။ အဲဒါကို ကြိုးစားပမ်းစားသွားနေကြတယ်။ သူတို့ကိုပြန်မေးကြည့်တော့ စီမံချက်က သုံးနှစ်ကြီးများတောင်။ နဂိုလုပ်နေတဲ့ဟာထက်တောင် ပိုကောင်းသလိုပဲလို့ ပြောလာကြတယ်။ ဒါကတစ်ပိုင်းပေါ့။ ဒါကလည်း ကိုယ့်ရဲ့စားဝတ်နေရေးနဲ့လုပ်ငန်းတက်လမ်းတွေကိုမြင်ပြီး လုပ်ကြတာကိုး။ အုံနဲ့ကျင်းနဲ့ အများကြီးလုပ်ပေးနေတဲ့လူငယ်တွေကြားမှာတော့ အဲဒီဟာမျိုး သိပ်များများစားစား မတွေ့ရဘူး။

မုန်တိုင်းအပြီး တစ်လလောက်မှာ ကုလသမဂ္ဂရုံးတွေရှေ့မှာ လူငယ်တွေ ကြိတ်ကြိတ်တိုးနေတာပဲ။ အလုပ်တစ်ခုခုများ ရမလားပေါ့။ Volunteer စိတ်ဓာတ်နဲ့ ဘာလုပ်ပေးရမလဲဆိုပြီး လာကြည့်တာတွေလည်းပါတယ်။ တချို့ကြတော့ အလုပ်ရှာတာပေါ့။ ဒီကိစ္စကြောင့် အလုပ်နေရာတွေ အများကြီးပဲပေါ်လာတယ်။ ရန်ပုံငွေတွေလည်း အများကြီးဝင်လာတယ်။ လူတွေကပဲ သွားရောက်ဖြန့်ဖြူးပေးရမှာဆိုတော့ လူအင်အားလိုတယ်။ Position တွေဖော်ပြီးတော့ အလုပ်တွေ အများကြီးခေါ်ကြတယ်။ တချို့နိုင်ငံခြားကနေ ပြန်



ဒေါက်တာစစ်နိုင်

လာလုပ်ကြတာတွေလည်းရှိတယ်။ ကျွန်တော်တို့ဆီမှာ အခုထိတော့ တကယ့်ကို Volunteer စိတ်ဓာတ်နဲ့ Certificate တွေလည်း မမျှော်လင့်ဘူး၊ တစ်ဖွဲ့ဖွဲ့ကပဲ သူတို့ကို Permanent ပြန်ခန့်မလားဆိုတဲ့စိတ်လည်း အများစုမှာ မရှိကြဘဲနဲ့ လိုအပ်တာတွေကို လိုအပ်တဲ့အချိန်မှာ လုပ်ကြတာတွေ ပိုများပါတယ်။

ကျွန်တော်တို့ဆီမှာ Civil Society တွေ ရှိပြီးသားပါ။ အခုဆို (အဖွဲ့အစည်းတွေဖွဲ့ဖို့ ဘယ်သူကမှလည်း မတိုက်တွန်းဘဲ၊ တချို့လည်း အဖွဲ့အစည်းရယ်လို့တောင် မခံစားကြဘဲနဲ့) အဖွဲ့ကလေးတွေဖွဲ့ပြီးတော့ လုပ်ငန်းတွေလုပ်ကြတယ်။ တစ်ခုခုနာမည်ကောက်တတ်ပြီး လုပ်လိုက်ကြတာမျိုး။ ဥပမာ–လမ်း ၃၀ မိသားစုလိုပေါ့။ နောင် ဒီလမ်း ၃၀ မိသားစုနာမည်ကြီးနဲ့ ဘာလုပ်ဖို့မှလည်း မရည်ရွယ်ပါဘူး။ ဒါပေမဲ့ ကယ်ဆယ်ရေးသွားတဲ့အခါမှာ စုစုစည်းစည်းနဲ့ ဘယ်သူတွေပါဆိုတဲ့ Identity လေးတစ်ခုပေါ်ရင်ပြီးရောဆိုပြီး သွားလုပ်ကြတာမျိုးလည်း ရှိတယ်။ ကျွန်တော်တို့ကဟဲ့ . . . လုပ်ကြပါဟဲ့လို လိုက်ပြီးတိုက်တွန်းရင်တောင် လုပ်ဖြစ်ချင်မှလုပ်ဖြစ်ကြမှာ။ တစ်ဖက်ကလည်း တစ်ဖွဲ့နဲ့တစ်ဖွဲ့ တစ်ဦးနဲ့တစ်ဦး ချိတ်ဆက်ပြီးလုပ်နိုင်တဲ့ အခွင့်အလမ်းနည်းတဲ့အတွက် နည်းနည်းလေးတော့ ဟာကွက်တွေ ရှိကောင်းရှိမယ်။

**L.C ။ ။ ဒီလိုမျိုး စိတ်ဓာတ်တွေ လူငယ်တွေမှာ မပေါ်ပေါက်အောင် လေ့ကျင့်ပေးတာကအစ သွားရမယ့်နေရာတွေမှာ ဆင်ခြင်သင့်တာတွေအဆုံးပေါ့။ စီမံခန့်ခွဲတဲ့သူတွေ**

www.foreverspace.com.mm



ဦးဇော်ထူးဦး

**ဘက်မှာပဲ တာဝန်ရှိတယ်လို့ ယူဆပါသလား။ အကယ်၍ အဲဒါနဲ့ပတ်သက်လို့ ပြဿနာတစ်စုံတစ်ရာပေါ်ခဲ့ရင်လည်း စီမံခန့်ခွဲတဲ့ဘက်မှာပဲ ပေါ်မယ်လို့ပါ ယူဆပါသလား။**

**ဒေါက်တာစစ်နိုင်။** ။ Management အတွက် ကြီးမားတဲ့ပြဿနာပါပဲ။ အကုန်လုံးကို တာဝန်ယူထားရတာကိုး။ ကွင်းထဲဆင်းတုန်း ရေတွင်းထဲပြုတ်ကျမယ့် အန္တရာယ်သတိပေးရတာကအစပေါ့။ ဖြစ်သမျှပြဿနာ တာဝန်ယူရှင်းရမှာဆိုတဲ့ ကိစ္စကြီးက ခေါင်းပေါ်အမြဲရောက်ရောက်လာတယ်။

ဒါတွေဟာ လိုအပ်ချက်တွေရှိလို့ လုပ်ပေးဖို့ပေါ်လာတဲ့ကိစ္စပဲ။ မြန်မြန်ဆန်ဆန်လုပ်ရမယ်။ သိပ်ပြီးအချိန်ဆွဲနေလို့မရဘူး။ ကိုင်းလာကြဟေ့ဆိုပြီး အဖွဲ့ဖွဲ့ပြီးတော့ ညှိနှိုင်းကြရအောင်၊ ဒီလိုလေးလုပ်ကြရင်ကောင်းမလား၊ ခံစားခဲ့ရတဲ့သူတွေလည်း ခေါ်မေးကြည့်ပါဦးဆိုပြီး ခါတိုင်းလုပ်နေကျပုံစံမျိုးနဲ့ သွားလုပ်နေလို့ မရဘူး။ မြန်မြန်ဆန်ဆန်ဆောင်ရွက်မှုရမယ်။ မြန်မြန်လုပ်တော့ ဘာဖြစ်လာသလဲဆို အမှားကတော့ပါမှာပဲ။ ဒါကိုလည်း လက်ခံပြီးသားပါ။ အဖွဲ့တွေမှာလည်းမှားမယ်။ တစ်ဦးချင်းမှာလည်းမှားမယ်။ မှားနိုင်တယ်မလုပ်ကြနဲ့ဟေ့ဆိုရင် ပိုပြီးဒုက္ခရောက်ကြဖို့ပဲရှိတော့တယ်။ မှားမှာကို လက်ခံထားပြီးတော့ မြန်မြန်ဆန်ဆန်လုပ်။ မြန်မြန်ဆုံးဖြတ်ချက်ချ၊ မြန်မြန်သွား။ အဲဒီလိုလွှတ်လိုက်ကြလို့ ပြီးတဲ့အခါ အဲဒါတွေရဲ့အကျိုးဆက်က ပြန်တက်လာလိမ့်မယ်။ အဲဒီလိုလွှတ်လိုက်လို့ အဲဒီလိုဖြစ်သွားပြီပေါ့။

အဲဒီမှာ စေတနာ့ဝန်ထမ်းစစ်စစ်ပုံစံနဲ့ လွှတ်လိုက်တဲ့သူတွေကို ကျွန်တော်တို့က တစ်ဖက်က ဘာစဉ်းစားမိလာသလဲဆို သူတို့ရဲ့ ရပိုင်ခွင့်တွေကိုများ ကျွန်တော်တို့က အလွဲသုံးစားလုပ်မိသလားပေါ့။ အမြတ်ထုတ်မိသလားပေါ့။ အန္တရာယ်ကြားကလုပ်နေကြရတဲ့အတွက် အဲဒီလိုမဖြစ်ရအောင် စဉ်းစားပေးလာရတယ်။ စက်လှေနဲ့ အဝေးကြီးသွားရတဲ့ခရီးတွေကို တယ်လီဖုန်းပါအောင် ပေးလိုက်တယ်။ Life Jacket ပေးလိုက်တယ်။ စားစရာသောက်စရာအပြည့်ပေးလိုက်တယ်။ မျိုးစုံဝိုင်းပံ့ပိုးပေးကြတာပေါ့။ တစ်ခုခုကြုံရင် နောက်ကလိုက်ဖို့ ကားအရန်သင့်လုပ်ထားတာတွေရှိတယ်။ တချို့ကျတော့လည်း ခရီးမှာသုံးဖို့ ငွေအလုံအလောက်ထည့်ပေးလိုက်တာတွေရှိတယ်။ Allowance ကိုတော့ တတ်နိုင်တဲ့အဖွဲ့ကြီးတွေကပေးတယ်။ နည်းနည်းပေးတာရှိတယ်၊ များများပေးနိုင်တာလည်းရှိတယ်။ လုံးလုံးကို မပေးနိုင်တာလည်းရှိတယ်။ တချို့ စေတနာ့ဝန်ထမ်းတောက်လျှောက်လုပ်လာတဲ့အဖွဲ့ကြီးတွေဆို မပေးနိုင်ဘူး။ ပေးတဲ့အဖွဲ့တွေက ဟာ . . . ငါတို့ ဒီလူတွေကို Volunteer စိတ်ဓာတ်ပျက်အောင် လုပ်မိသလားပေါ့။ မပေးတဲ့အဖွဲ့တွေကလည်း ဟာ . . . ငါတို့တော့ ဒီလူတွေကို ခေါင်းပုံဖြတ်ခိုင်းစေမိသလားပေါ့။ အဲဒါတွေကို ကျွန်တော်တို့က ချိန်လာရတယ်။ ဥပမာလေးတစ်ခုပေးရရင် အဖွဲ့တစ်ဖွဲ့က ပညာရှင်ဝန်ထမ်းတွေ အသစ်ခေါ်ခန့်ပြီး အဲဒီ မုန်တိုင်းသင့်ဒေသတွေကို လွှတ်တယ်။ အတွေ့အကြုံလုံးဝမရှိတဲ့ အဲဒီပညာရှင်တွေကိုပေးလိုက်တဲ့လစာက အဲဒီအဖွဲ့အစည်းမှာရော တခြားအဖွဲ့အစည်းတွေမှာပါ ပုံမှန်လုပ်နေကြတဲ့အတွေ့အကြုံရှိပြီး ကျွမ်းကျင်မှုလည်းရှိတဲ့ ဌာနဆိုင်ရာတွေ၊ ဒေသခံအာဏာပိုင်တွေနဲ့ဒုက္ခသည်တွေအကြား ဆက်သွယ်တဲ့တာဝန်ယူရသေးတဲ့ စီမံခန့်ခွဲမှုတာဝန်လည်းယူရတယ်ဆိုတဲ့သူတွေရဲ့လစာထက် နှစ်ဆဖြစ်နေတယ်။ သူတို့ကိုမေးကြည့်တော့ အဲဒီလိုမှပေးပြီးမခေါ်ရင်လည်း လူတွေရမှာ မဟုတ်ဘူးပေါ့။ သူတို့ဟာ စိတ်ဓာတ်ရှိသလားဆိုရင် ရှိတယ်။ ကြိုးပမ်းအားထုတ်မှုရှိသလားဆိုရင် ရှိတယ်။ ဒီလို Skill ရှိတဲ့ လူငယ်တွေကို အဖွဲ့အစည်းတွေက ဟိုကဆွဲဒီကဆွဲနဲ့ တော်တော်ရှားလာတယ်။ လုပ်ငန်းလိုအပ်ချက်အရ အတွေ့အကြုံမရှိသေးတဲ့လူငယ်တွေကိုပဲ လိုအပ်မယ်ထင်သလောက်ပေးပြီးခေါ်တယ်။ ဒီထက်အတွေ့အကြုံအများကြီးနဲ့ တစ်ပြည်လုံးမှာလုပ်နေကြတဲ့ လူငယ်တွေရဲ့လစာရဲ့ နှစ်ဆလောက်ဖြစ်ကုန်ရော။ တချို့နေရာတွေမှာ သူပြိုင်ကိုယ်ပြိုင်ပေးရင်နဲ့ အိမ်လခတွေ၊ မီတာခတွေကအစ ဈေးတက်ကုန်ရော။ အဲဒါ ဖြစ်သင့်သလား၊ မဖြစ်သင့်ဘူးလား အချိန်ယူပြီး ဆွေးနွေးတိုင်ပင်ရမယ့်အခြေအနေမရှိဘူးဖြစ်သွားတာပေါ့နော်။ လပိုင်းလောက်ကာလထဲမှာ အပြီးလုပ်ရမယ်ဆိုရင်တော့ ဒီလိုခေါ်သုံးရမယ်ဆိုတာ ဖြစ်နေတယ်။ စေတနာ့ဝန်ထမ်းအပိုင်းမှာ အဲဒီပြဿနာရှိတယ်။

ဒါပေမဲ့ ဝန်ထမ်းလုပ်မနေတဲ့သူတွေက အတွေ့အကြုံမရှိတာလည်း ပါတယ်။ စိတ်ထဲမှာ ဒါကိုထည့်စဉ်းစားမနေဘူး။ ဒီ Field ထဲမှာ ငါ့အတွက် ဘာထူးမလဲဆို မမေးဘူး။ ဘယ်လောက်ပေးမှာလည်းမမေးဘူး။ ခေါ်လိုက်တာနဲ့ လာလိုက်ကြတာပဲ။ သူတို့

www.foreverspace.com.mm



Field ထဲမဆင်းခင် ကိုယ်ကတောင် လိုက်သတိပေးနေရတယ်။ ဟဲ့ . . . ဒါမလုပ်နဲ့နော်၊ ရေထဲသွားရမှာ သတိထားဦး။ ဟိုဟာတွေ လျှောက်မစားနဲ့။ တစ်ခုခုဆို ဖုန်းလှမ်းဆက်နော်။ အန္တရာယ်အဖြစ်မခံနဲ့။ ကိုယ်ကတောင် ပြန်သတိပေးမှာနေရသေးတာ။ စိတ်ဓာတ်တက်ကြွပြီး အန္တရာယ်ကိုကြိုမသိမှာစိုးလို့ အန္တရာယ်တွေက ရှိပြီးသား။ အဲဒါလေးတွေကို ထိန်းပြီးလုပ်ပေးနေရတယ်။

**ဦးဇော်ထူးဦး** ။ ။ Volunteer အနေနဲ့ ဒီကိစ္စက သိပ်ပြဿနာမရှိဘူး။ ကျွန်တော်တို့ဆီက Volunteer လူငယ်လေးတွေက အဲဒီကိုသွားဖို့အတွက် တံဆိပ်ကလေးပါတဲ့ အင်္ကျီကလေးဝတ်ရရင်၊ ဂျာစီကလေးကိုဝတ်ရရင်၊ ရင်ဘတ်တံဆိပ်ကလေးတပ်ရရင်ကိုပဲ ကျေနပ်နေကြတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ လုပ်နေကြတဲ့ Volunteer တွေက ဘာလိုချင်သလဲဆို သူတို့ကိုအသိအမှတ်ပြုခံစေချင်တယ်။ ဒီလိုမျိုးကိစ္စမှာ တံဆိပ်ကလေးတွေတပ်၊ အင်္ကျီဆင်တူကလေးဝတ်ပြီး ဝိုင်းလုပ်ကြရတာကို ကြည်နူးတယ်။

ဒါပေမဲ့ အဖွဲ့အစည်းတော်တော်များများက ရေရှည်အတွက် သုံးနှစ်လောက်အထိ Plan ဆွဲထားတာတွေရှိတယ်။ အဲဒီမှာ ဒီလို Volunteer လုပ်ရင်းကနေ အခွင့်အလမ်း (Opportunity) ပေါ်လာတယ်လို့ ပြောလို့ရတယ်။ ကျွန်တော်တွေ့ရသလောက်ဆို NGO တွေက အလုပ်တွေခေါ်တဲ့အချိန်မှာ Volunteer လုပ်တဲ့သူတွေရော၊ တခြား Volunteer လုပ်ဖို့ စိတ်မပါတဲ့သူတွေအတွက်ပါ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်လာတယ်။ ပေါ်လာတဲ့အခါကျတော့ အဖွဲ့အစည်းအသီးသီးကို အလုပ်လျှောက်တယ်။ အဲဒီမှာ ဘာတွေ့ရသလဲဆို အဖွဲ့အစည်းတစ်ခုက ခန့်လိုက်တယ်။ ဒေါ်လာ ၂၀၀ ပေးတယ်။ အဲဒီမှာလုပ်နေရင်း ဟိုဘက်အဖွဲ့အစည်းကို ထပ်လျှောက်ကြည့်တဲ့အခါ ၅၀၀ ပေးတယ်။ ဒီမှာက သူ့ကို ၂၀၀ နဲ့ ခန့်လိုက်တဲ့ Appointment က ထွက်နေပြီ။ သူက မရှိတော့ဘူး။ ဟိုဘက် ၅၀၀ ပေးတဲ့ဆီရောက်သွားတယ်။ ဒါတကယ်ဖြစ်နေတာနော်။ တစ်ပိုင်းကပြောရရင် အလုပ်အကိုင်အခွင့်အလမ်းအနေနဲ့ကတော့ ကောင်းတာပေါ့။

နောက် . . . . လာလျှောက်တဲ့သူတွေ၊ ဝင်လုပ်တဲ့သူတွေမှာလည်း နှစ်မျိုးရှိတယ်။ ပထမတစ်မျိုးက အတွေ့အကြုံလိုချင်လို့။ ဒီမှာဝင်လုပ်ခြင်းအားဖြင့် နိုင်ငံတကာနဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေ၊ လုပ်ငန်းအတွေ့အကြုံတွေ သူတို့က လိုချင်တယ်။ နောက်တစ်မျိုးက ဒီလိုလုပ်ရင်းကနေ သူ့အတွက် Survival (ရပ်တည်ဖို့) အတွက် အသက်မွေးဝမ်းကျောင်းအနေနဲ့ လမ်းကြောင်းတစ်ခုလျှောက်ဖို့အတွက် မှန်းထားတယ်။ ဒါက Volunteer တွေဘက်က Side ။ နောက်တစ်ခုက Staff တွေဘက်က Side ။ လက်ရှိ NGO တွေမှာ ဝန်ထမ်းတွေ ခန့်ထားတာတွေရှိတယ်။ အဲဒီဝန်ထမ်း



www.foreverspace.com.mm





ဦးအေးကျော်

တွေရဲ့လစာနဲ့ အခုပေါ်လာတဲ့ Nargis Operation ကြီးရဲ့လစာက နှစ်ဆသုံးဆ ကွာတယ်။ အဲဒီတော့ ဒီဘက်က NGO ကြီးတွေမှာ လုပ်နေကြတဲ့၊ Training တွေအများကြီးတက်ထားတဲ့၊ လုပ်ငန်းအတွေ့အကြုံတွေ အများကြီးရှိထားသူတွေကျတော့ (ဟိုဘက်မှာ ၁၀၀၀ ပေးပြီး ဒီဘက်မှာ ပုံမှန် ၅၀၀ လောက်ပဲရနေတဲ့သူတွေကျတော့) တော်တော်များများ Feel ဖြစ်ကြတယ်။ ဒါ အဖွဲ့အစည်းတော်တော်များများမှာ တွေ့ရတယ်။ အဖွဲ့အစည်းတစ်ခုဆိုလို့ရှိရင် Nargis အတွက် Logistic ကို နိုင်ငံခြားသားအကြီးအကဲက ကြိုက်လို့ ဒေါ်လာ ၁၅၀၀ ပေးတယ်။ ဒီဘက်မှာ အဲဒီအဖွဲ့အစည်းရဲ့ အမြင့်ဆုံးလစာက ၆၀၀ လောက်ပဲရှိတယ်။ ဒီဘက်ကဝန်ထမ်းတွေက ကန့်ကွက်ကြတယ်။ ဟိုလူတွေသည် တကယ့်ကို Skillfull ဖြစ်သလားဆို မဖြစ်ဘူး။ ရုတ်တရက် ပေါ်လာရတာ။ ဒီဘက်က အင်အားကို ဖြည့်ရတဲ့သဘောပေါ့။ ဟို ဘက်ကိုသွားဖို့အတွက် ဒီဘက် Head Quarter (ရုံးချုပ်) က ဝန်ထမ်း အယောက် ၂၀ နဲ့ မလောက်လို့ နောက်ထပ်အယောက် ၂၀ ခန့်ရတဲ့အမျိုးပဲ။ Special Chance မျိုး လခကို တင်လိုက်တဲ့အခါကျတော့ ဒီဘက်မှာ ဝန်ထမ်းတွေ မကျေမနပ်ဖြစ်ကုန်ရော။ အဲဒါ ဘာသွားတွေ့ရသလဲဆိုတော့ သူတို့နိုင်ငံတကာမှာပေးနေတဲ့ ဝန်ထမ်းလစာနှုန်းထားနဲ့ ပြည်တွင်းမှာလုပ်နေတဲ့ မြန်မာဝန်ထမ်းတွေရဲ့လစာ ကွာတဲ့သဘောပဲ။

ဒီမှာ INGO တစ်ခုက Delegate (ကိုယ်စားလှယ်) တစ်ယောက်ဆို လစာတစ်သောင်းခွဲအထိရတယ်။ ကျွန်တော်တို့ မြန်မာဝန်ထမ်းတွေထဲက အမြင့်ဆုံးလုပ်နေတဲ့သူဆို ၁၀၀၀၊ ၁၅၀၀ လောက်ပဲရတယ်။ International NGO တွေဖြစ်ပေမယ့် Mode က International Mode မဟုတ်ဘဲ မြန်မာ့နည်းလမ်းနဲ့ပဲဖြစ်နေတယ်။ ကျွန်တော်တို့ဆီက Technician တွေဆိုရင် လစာက ကျွန်တော်တို့နဲ့ ၁၀ ဆလောက် ကွာတယ်။ အေးအေးဆေးဆေး လုပ်နေရတာ။ ဒါတွေက လက်ရှိ INGO တွေက တာဝန်ရှိတဲ့သူတွေရဲ့အပိုင်းပဲ။ စဉ်းစားရမယ့်အချက်ပဲ။ ကျွန်တော်တို့တင် မဟုတ်ပါဘူး။ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ Local Staff တွေကို လစာပေးတာ တော်တော်နည်းတယ်။ ဒါ Staff အပိုင်း။

ခုနက Volunteer ကိုပါ ပါဒီယံကြေး ၅၀၀၀ ပေးတယ်၊ ၁၀၀၀၀ ပေးတယ်ဆိုတာလည်း သူ့အဖွဲ့အစည်းက သတ်မှတ်ချက်အရပေးတာပဲ။ ဒါပေမဲ့ တကယ့် Volunteer တွေအနေနဲ့က အထက်လူကြီးတစ်ယောက်ယောက် အသိအမှတ်ပြုတာပဲဖြစ်ဖြစ်၊ ကတ်ပြားလေးတစ်ခုပေးတာကိုပဲဖြစ်ဖြစ်၊ အင်္ကျီလေးတစ်ထည်ပေးတာပဲဖြစ်ဖြစ်၊ တံဆိပ်လေးတစ်ခုပေးတာပဲဖြစ်ဖြစ် ကျေနပ်တယ်။ ဘယ်လောက်ရတယ်ဆိုတာကို သူတို့စိတ်ထဲမှာ သိပ်ပြီးမရှိဘူး။ လုပ်ရတယ်ဆိုတာကိုပဲ တန်ဖိုးထားတယ်။

**ဦးအေးကျော်** ။ ။ ဒီအသင်းအဖွဲ့က နေ့တွက် ၅၀၀၀ ပေးတယ်။ ဒီအသင်းက ၂၀၀၀ ပဲပေးတယ်။ ဟိုတစ်ဖွဲ့က ၁၀၀၀၀ ပေးတယ်။ ဒီတစ်ဖွဲ့ကျတော့ တစ်ပြားမှမပေးဘူးဆိုတဲ့အပေါ်မှာ Volunteer တွေ ဘယ်လိုဖြစ်မလဲပေါ့နော်။ ကျွန်တော်တို့ Management မှာ Expectancy Theory ဆိုတာရှိတယ်။ ကိုယ်စိုက်ထုတ်လိုက်ရတဲ့ Effort (အားထုတ်မှု) ပမာဏနဲ့ ကိုယ်ပေးလိုက်ရတဲ့အချိန်ပမာဏ၊ ကိုယ်ရဲ့ နှစ်ပေါင်းများစွာသော အတွေ့အကြုံတွေ အဲဒါတွေနဲ့တန်တာကို ရသလားဆိုတာကိုတိုင်းတဲ့ သီအိုရီပေါ့။ အဲဒီဟာကစလုပ်ကတည်းက ဝင်ငွေ (Earning) ဆိုတဲ့သဘော၊ စီးပွားဖြစ်ဆိုတဲ့သဘောတွေနဲ့ လုပ်ကြတဲ့သူတွေဆီမှာပဲ အများဆုံးရှိမယ်။ Volunteer တကယ်လုပ်တဲ့သူတွေဆီမှာက အဲဒါမျိုး သိပ်မရှိလောက်ဘူး။ အဲဒီသီအိုရီက Staff တွေမှာ သုံးနိုင်တယ်။ Volunteer တွေမှာ မသုံးတဲ့အတွက် ကြီးမားတဲ့ Impact (အကျိုးသက်ရောက်မှု) ရှိမှာမဟုတ်ဘူးလို့ ကျွန်တော်တို့ထင်တယ်။

နောက်တစ်ချက်က Information Management Unit ရှိနေရင် သိပ်ကောင်းတယ်။ မြန်မာနိုင်ငံရဲ့ Information Flow ပေါ့နော်။ Transparency နဲ့လည်း ဆိုင်တယ်။ UNDP Project မှာ ၁၉၈၆ ကနေ ၁၉၉၂ အထိလုပ်တုန်းက ကျွန်တော်တို့နဲ့လက်တွဲလုပ်လာတဲ့ Expert က ကျွန်တော့်ပခုံးကိုဖက်ပြီးတော့ "ခင်ဗျားတို့မြန်မာတွေ အောင်မြင်ကြီးပွားတိုးတက်နှုန်း နှေးရတာက ခင်ဗျားတို့မှာ ချို့ယွင်းချက်နည်းနည်းရှိတယ်။ မင်းတို့မြန်မာတွေ Communication ညံ့တယ်လို့ ပြောတယ်" ကျွန်တော်က ဟုတ်တယ်

www.foreverspace.com.mm



လို့ ချက်ချင်းဝန်ခံလိုက်တယ်။ ဘာကြောင့်လဲဆိုရင် ရှက်လို့ရယ်၊ ကြောက်လို့ရယ်။ အားနာလို့ရယ် မပြောဖြစ်တာ။ ခုနက ဒီဘက်က ၅၀၀၀ ရပြီး ဟိုဘက်က ၁၀၀၀၀ ရတယ်ဆိုတဲ့ Information ခံစားခွင့်တွေနဲ့ပတ်သက်တဲ့ Flow က အများကြီးမပြတတ်ဘူး။ ဘယ် NGO က ဘယ်မြို့မှာ ဘယ်လောက်ပေးထားသလဲဆိုတဲ့ တရားဝင်ထုတ်ပြန်ထားတာလဲ မရှိဘူး။ ဝင်ကြည့်ရတဲ့ Website လည်းမရှိဘူး။ လိုက်လည်းမကြေညာဘူး။ အဲဒီတော့ Information Flow နည်းခြင်း၊ Communication ညံ့ခြင်း၊ Transparency မဖြစ်ခြင်းကြောင့် အဲဒီ Impact ကနည်းတယ်။ အစကတည်းက Expectancy သီအိုရီနဲ့ မတွက်ဘူး။ ဘယ်လောက်ရင်းရင် ဘယ်လောက်ပြန်ရမယ်ဆိုတာလည်း မတွက်တတ်တော့ Volunteer လောကမှာ သိပ်ပြဿနာမရှိနိုင်ဘူး။ ပြဿနာက Staff ဘက်မှာပဲ ပေါ်လာမယ်။ Management ဘက်က အဲဒီကိစ္စကို Strategy ချပြီး ဆွေးနွေးသင့်ပြီ။ ဒါပေမဲ့ ဒီကောင်ကြီးက ရေရှည်မှာတော့ ဖြစ်မသွားနိုင်ဘူး။ သူ့ရဲ့ သက်တမ်းကာလ သုံးနှစ်ထဲမှာပဲ ဒီကိစ္စ ရပ်သွားလိမ့်မယ်။ ဒီကိစ္စက နောက်ထပ် Disaster တွေ ထပ်မဖြစ်ခဲ့ရင် Staff အပေါ်လာတဲ့ Impact က Medium Term ပဲ ဖြစ်သွားနိုင်တယ် Long Term တော့ မဖြစ်နိုင်ဘူး။ ဒါ Volunteer နဲ့ Staff အကြောင်း ကျွန်တော်ဆွေးနွေးတာပါ။

**ဦးဇော်နိုင်** ။ ။ Volunteer စိတ်ဓာတ် အရင်းခံပြီး ဒါဟာ လူသားတစ်ယောက်အနေနဲ့ ဆောင်ရွက်ရမယ့်ကိစ္စလို့ခံယူပြီး ဆောင်ရွက်တယ်ဆိုရင် ဘယ်လောက်ပဲရရ၊ မရရ၊ ခံယူချက်ကြီးမားရင် အကျိုးကျေးဇူးလည်းကြီးမားမှာပါ။ ခံယူချက်ကြီးမားတဲ့သူတစ် ယောက်က ဘယ်လောက်ရတယ်၊ မရတယ်နဲ့မဆိုင်ဘူး။ Creativity (တီထွင်ဆောင်ရွက်မှု) ရှိလာတယ်။ မရရအောင်ဆောင်ရွက်မယ့်စိတ်ဓာတ်ရှိလာတယ်။ မရောက်ရောက်အောင်သွားမယ်ဆိုတဲ့ခွန်အားတွေ ရှိလာတယ်။ အဲဒီအခါကျရင် အကျိုးကျေးဇူးခံစားရတဲ့ လေဘေးသင့်ဒုက္ခသည်အရေအတွက် ပိုများလာမယ်။ ကျွန်တော်ပြောခဲ့တဲ့ Multiplication Effect / Synergy Effect တို့လိုပေါ့။ ဒီလူငယ်တွေသာမပါရင် ဒုက္ခသည်တွေအကျိုးခံစားရမှု အရေအတွက် ဘယ်လောက်တောင်နည်းသွားမလဲပေါ့။

မြတ်စွာဘုရားဟောထားတာ တစ်ခုရှိတယ်လေ။ ညောင်စေ့လောက်လှူပေမယ့် ညောင်ပင်ကြီးလောက်ရရင်ရမယ်။ ညောင်ပင်ကြီးလောက်လှူပေမယ့် ညောင်စေ့လောက်ပဲရရင်ရမယ်။ ငွေကြေး အများကြီးရပေမယ့် နည်းနည်းလေးပဲလုပ်ရတဲ့ သူရှိသလို ငွေကြေး တစ်ပြားမှမရဘဲ များများလုပ်နိုင်တဲ့သူတွေလည်းရှိတယ်။ ပထမဆုံးက ခံယူချက်အရေးကြီးတယ်။ ဒုတိယက သူ့မှာ အဲဒီလုပ်ငန်းတာဝန်တွေကို ဆောင်ရွက်နိုင်မယ့်ခွန်အား (စိတ်ဓာတ်၊ ဉာဏ်ပညာ၊ နည်းပညာ၊ အတတ်ပညာ သုံးစွဲနိုင်မှုတွေ) ရှိဖို့လိုတယ်။ အဲဒီခွန်အားတွေမြင့်လေ သူကြောင့် အကျိုးကျေးဇူးဖြစ်ထွန်းတဲ့ ဒုက္ခသည်အရေအတွက် များပြားလေပဲ။ သူ့ကို ၂၅၀၀၀ ပဲပေးပေး၊ ၂၅၀၀ ပဲပေးပေး သူ့ရဲ့အကျိုးကျေးဇူး၊ သူဆောင်ရွက်နိုင်မှုစွမ်းအားဆိုတာ သူရဲ့ခွန်အားတွေအပေါ်ပဲ မူတည်ပါတယ်။ သူ့ရဲ့အကျိုးကျေးဇူး၊ သူဆောင်ရွက်မှုစွမ်းအားဆိုတာ သူရဲ့ခွန်အားတွေ အပေါ်ပဲမူတည်ပါတယ်။ သူရဲ့ခံယူချက်ခွန်အား၊ တတ်ကျွမ်းမှုခွန်အား၊ ဉာဏ်ပညာခွန်အားတွေပေါ့။

**ဦးသူရိန်ထွန်း** ။ ။ အခု နာဂစ်မုန်တိုင်းဖြစ်လာပြီးနောက်မှ အထူးသဖြင့် နိုင်ငံတကာက ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ ကုလသမဂ္ဂမဟုတ်တဲ့ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းတွေ ဝင်လာပြီး သူတို့တွေရဲ့ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဖို့ ဝန်ထမ်းအင်အားစုဆောင်းလာတဲ့အခါမှာ လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးပေါ်လာတယ်။ သူတို့ နိုင်ငံတကာမှာ ကယ်ဆယ်ရေးလုပ်သားတွေကို ပေးတဲ့လစာနှုန်းအတိုင်းပေးတဲ့အခါ ခုနကပြောတဲ့တစ်ရက်ကို မြန်မာငွေ ၂၅၀၀၀ လောက်အထိရကြတဲ့ အခွင့်အရေးတွေပေါ်လာခဲ့တယ်။ ကိုယ့်နိုင်ငံမှာ လူငယ်တွေအတွက် ဒီလိုအလုပ်အကိုင်အခွင့်အလမ်းတွေ၊ ဒီလိုလစာတွေ ရရှိတာတွေကိုပြောရရင်တကယ့်ကို ဝမ်းသာစရာမကောင်းတဲ့ကိစ္စပါ။ စေတနာ့ဝန်ထမ်းအလုပ်လုပ်ရင်းနဲ့ သူတို့မိသားစုတွေအပေါ် တစ်ဖက်တစ်လမ်း အထောက်အကူဖြစ်သွားတယ်ဆိုတဲ့ အခွင့်အရေးပေါ်လာတယ်။ ဒါပေမဲ့ ဒီလိုအခွင့်အရေးရတဲ့သူ အရေအတွက်က အကန့်အသတ် ရှိနေသေးတယ်။ အဲဒီအုပ်စုထဲပါကြတဲ့သူတွေက ကိုယ့်



www.foreverspace.com.mm



**ဦးသူရိန်ထွန်း**

ရဲ့မူရင်းစိတ်ပေါ့။ ကယ်ဆယ်ရေးလုပ်မယ်။ ဒုက္ခသည်တွေကို ငါတို့ရဲ့ခွန်အားတွေနဲ့ အမြန်ဆုံးကူညီမယ်ဆိုတဲ့ စိတ်ဓာတ်အရင်းခံက အရေးကြီးတယ်။ ဒီတစ်ဒဂ်ရရှိတဲ့အကျိုးအမြတ်အပေါ်မှာ မသာယာသွားကြဖို့ လိုတယ်။ ဒီသာယာမှုအခွင့်အရေးတွေက ဘဝတစ်သက်တာအတွက် အရေးကြီးတဲ့ကိစ္စမဟုတ်ဘူး။ ကိုယ့်စိတ်ထဲမှာတကယ်ရှိနေတဲ့ စိတ်ဓာတ်အရင်းခံ၊ စေတနာအရင်းခံတွေကသာ ဘဝတစ်သက်တာအတွက် အကျိုးပေးမှာ။ ဒီတစ်ဒဂ်မှာရတဲ့ အခွင့်အရေးဟာ တစ်ဒဂ်အတွက်ပဲဖြစ်တယ်။ သူကတော့ အခွင့်အရေးဒီထဲမှာ ရွေးချယ်ခံရတယ်။ ငါကတော့ ရွေးချယ်မခံရဘူးဆိုပြီး ဒီလိုအခွင့် အရေးမရလို့ အားငယ်ပြီး နဂိုရည်ရွယ်ထားတဲ့ လူမှုရေးကယ်ဆယ်ရေးစိတ်ဓာတ်တွေ ပျောက်သွားတာမျိုး၊ ဒီအခွင့်အရေးပေါ်မှာသွားပြီးသာယာမိတာမျိုး၊ ဒီအခွင့်အရေးမရရှိလို့ ကိုယ်ရဲ့မူရင်းရည်ရွယ်ချက်ပျောက်သွားတာမျိုးမဖြစ်ဖို့ အရေးကြီးတယ်။ တစ်ရက်ကို နှစ်သောင်း၊ နှစ်သောင်းခွဲလောက်ရတဲ့လူငယ်တွေအနေနဲ့ကလည်း သတိထားရမှာက ငါကတော့ တစ်ရက်ကို နှစ်သောင်း၊ နှစ်သောင်းခွဲရတဲ့ အရည်အချင်းရှိတဲ့သူဖြစ်တယ်ဆိုတဲ့ စိတ်ကြီးဝင်သွားပြီး သတ်မှတ်ထားတဲ့ Project ကာလပြည့်လို့ ဒီအလုပ်ကို ဆက်မလုပ်ရတော့တဲ့အချိန်မှာ တစ်ချိန်တုန်းကရထားတဲ့လစာအမြင့်ကြီးကို စဉ်းစားပြီး တော်ရုံတန်ရုံလစာလောက်နဲ့ ငါတော့မထိုက်တန်ဘူးဆိုတဲ့စိတ်မျိုး မဝင်မိကြဖို့လိုတယ်။ တစ်ခါအခွင့်အရေးရဖူးတာနဲ့ ကိုယ့်အရည်အချင်းဟာ ဒီလောက်လစာနဲ့မှ ထိုက်တန်မယ်ဆိုတဲ့ဟာမျိုး မစဉ်းစားမိဖို့၊ မာနမတက်သွားကြဖို့ ပြောချင်ပါတယ်။

**L.C ။ ။ ကျွန်တော်တို့ဆီမှာ ဒီလောက်ကြီးမားတဲ့ Disaster မျိုး အခုမှပဲ ကြုံဖူးတာပေါ့နော်။ Disaster တွေကိုတောင် သိပ်မကြုံဖူးတော့ Disaster Management အပိုင်းမှာ အားနည်းတာ၊ လိုအပ်တာတွေ အများကြီးရှိမှာပဲ။ အခု Volunteer သွားလုပ်တဲ့သူတွေအနေနဲ့ Diseaster နဲ့ပတ်သက်လို့ စနစ်တကျလေ့ကျင့်သင်ကြားထားတာမျိုးမရှိတော့ လုပ်ငန်းခွင် (Field) တွေထဲမှာ အသုံးတည့်ရဲ့လား။ အံဝင်ခွင်ကျ ဖြစ်ရဲ့လား။**

**ဒေါက်တာစစ်နိုင်။** ။ ကျွန်တော်တို့ အဖွဲ့အစည်းတော်တော်များများသွားလုပ်နေကြတာတွေက Relief (ကယ်ဆယ်ရေး) နဲ့ပတ်သက်လို့ သိပ်အတွေ့အကြုံတွေမရှိကြသေးဘူး။ Relief သွားလုပ်ပေးခဲ့ရတာတွေရှိခဲ့ပေမယ့် ဒီလောက် ကြီးကြီးမားမား လုပ်ရတာမျိုးမရှိခဲ့ဖူးဘူး။ ဖြစ်နေတုန်း (မုန်တိုင်းတိုက်နေတုန်း) တောင်မှ မတွက်ဆတတ်ကြဘူး။ ဒီမှာလေ ဒီလောက်နှုန်း တိုက်နေရင် ဟိုမှာတော့ ဘယ်လောက်တိုက်နေပြီပေါ့။ ရန်ကုန်မှာပဲ အဆိုးဆုံးလို့ပဲထင်ခဲ့မိတာ။ ပြီးပြီးချင်းဘာလုပ်ရမှန်းမသိသေးဘူး။ ဟိုမေးသည်မေး၊ အင်တာနက်ထဲမှာ အချက်အလက်တွေရှာ၊ စာအုပ်တွေကောက်လှန်နဲ့။ ပွင့်ပွင့်လင်းလင်းဝန်ခံရရင် လုပ်တတ်လို့ လုပ်ကြတာတော့ မဟုတ်ဘူး။ ဒါကို အကြောင်းပြုပြီးတော့လည်း လုပ်တတ်တဲ့၊ စီမံတတ်တဲ့၊ အတွေ့အကြုံရှိတဲ့သူတွေကိုခေါ်ရတာတွေ ရှိတယ်။ လုပ်ရင်းနဲ့ပဲသင်သွားတဲ့ပုံစံမျိုးက များတယ်။

ကျွန်တော်တို့အဖွဲ့အစည်းဆို Relief အဖွဲ့အစည်းမဟုတ်ဘူး။ ပုံမှန်အားဖြင့် ဘယ်တုန်းကမှ Relief မဆင်းခဲ့ဖူးဘူး။ Relief ကို သီးသန့်ကိုင်တဲ့အဖွဲ့ကြီးတွေ သတ်သတ်ရှိပြီးသား။ သို့သော် ကိုယ့် Project ရှိနေပြီးသားနေရာတွေပါလို့ လက်လှမ်းမီသလောက် လုပ်ပေးရင်းနဲ့ကို Relief လုပ်ဖြစ်သွားတာပဲ။ ကိုယ့်တစ်ဖွဲ့ထဲမဟုတ်ဘဲ တခြား Relif အဖွဲ့ကြီးတွေနဲ့ ချိန်ပြီး ဝင်ရတာတွေလည်းရှိတယ်။ နောက်ပိုင်းမှာတော့ ဆေးဝါးကုသမှုအပိုင်းနဲ့ ဆေးဝါးလိုအပ်ချက်တွေ ဖြည့်ဆည်းပေးတဲ့အပိုင်း လုပ်ပေးတယ်။ လိုအပ်ချက်တွေလည်းရှိတယ်။ မှားတာတွေလည်းရှိတာပဲ။ information မယူမိဘူး။ သူတို့လိုအပ်ချက်ကို သေသေချာချာမရှာနိုင်ခဲ့မိဘူး။ ကျွန်တော်တို့အဖွဲ့တစ်ခုတည်းမဟုတ်ဘူး။ တခြားအဖွဲ့တွေလည်းကြုံရတာ။ ဥပမာ–စစချင်းစစ်တမ်းကောက်တဲ့ Form (ပုံစံ) တွေက ခြောက်မျိုးလောက်ရှိနေတယ်။ သူတို့က ဘာဖြည့်ရမှန်း၊ ဘယ်လိုဖြည့်ရမှန်းမသိဘူး။ ခြောက်မျိုးစလုံးမှာ ကျွန်တော်တို့ အဓိကလုပ်နေတဲ့မျိုးဆက်ပွားကျန်းမာရေးကိစ္စမပါဘူး။ ရလာတဲ့ Information တွေကလည်း ပေါင်းစပ်လို့မရဘူး။ လိုအပ်တာတွေ လိုက်လုပ်ပေးရင်း၊ ဝင်ကူပေးရင်းနဲ့ ကျေနပ်နေခဲ့ရတာ။ ကျေနပ်နေခဲ့တာ။

www.foreverspace.com.mm



နိုင်ငံတကာမှာ ဘေးအန္တရာယ်တစ်ခုခုဖြစ်ခဲ့ရင်၊ အရေးပေါ် အခြေအနေတစ်ခုခုဖြစ်ခဲ့ရင် စီမံခန့်ခွဲဆောင်ရွက်ပေးနိုင်တဲ့ နိုင်ငံပေါင်းစုံက အဖွဲ့အစည်းပေါင်းစုံပါတဲ့ စီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဘောင်အတိုင်းလုပ်ပေမယ့်လည်း အဲဒီပုံဘောင်ဝင်အောင်လိုအပ်တာတွေ ရှိသေးတယ်။ အခက်အခဲတွေ အများကြီးရှိတယ်။ ဘာစလုပ်လို့ လုပ်ရမှန်းမသိခဲ့တာမျိုးပေါ့။ Presentation ပြန်ပြဖို့၊ ပြန်လည်ဆွေးနွေးတင်ပြဖို့အတွက် ခါတ်ပုံတောင် သေချာမရိုက်တတ်ကြဘူး။ မေးလိုက်ရင်လည်း တခြားအရေးကြီးတဲ့ အကြောင်းရာတွေ ထည့်ပြောရကောင်းမှန်းမသိကြဘူး။ တချို့က မြင်တတ်တယ်။ တချို့က မမြင်တတ်ဘူး။ ဥပမာ–ဒုက္ခသည်စခန်းမှာ လူဦးရေဘယ်လောက် ရှိတယ်။ အိမ်သာကတော့ ဘယ်နှလုံးရှိတယ်။ အမျိုးသား၊ အမျိုးသမီး ခွဲထား မထားဆိုတာမျိုးပေါ့။ အရေးကြီးတာတစ်ခုပြောပြချင်တာက ကျွန်တော်တို့ဆီမှာ Logistic သိပ်အားနည်းတယ်။ ဒါကို ပညာတစ်ခုလို့တောင် မမြင်ကြဘူး။ ပစ္စည်းတွေဝယ်ပြီးပို့တာကို ဘယ်သူလုပ်လုပ်ရတာပဲထင်ကြတာ။ အခုအချိန်မှာ Logistician တွေ သိပ်တန်ဖိုးရှိတာ ဒီမှာလုပ်နေတဲ့သူကိုဟိုက လစာပိုပေးပြီး ဆွဲခေါ်လိုက်။ နောက်တစ်ဖွဲ့က လစာထပ်တိုးပေးပြီးဆွဲခေါ်ပြန်လိုက်။ အဲဒါမျိုးတွေတောင် ရှိနေတယ်။ Logistic ရာထူးတွေရထားပေမယ့် တကယ့် Logistician သိပ်မရှိဘူး။ လိုအပ်တဲ့ပစ္စည်းတွေကို ရှာရတော့မယ်။ ဝယ်ရတော့မယ်။ ထုပ်ပိုးရမယ်။ ပို့ရတော့မယ်။ အခု ကျွန်တော်တို့မှာ Dignity Kids ဆိုတဲ့အမျိုးသမီးတွေအတွက် လိုအပ်တဲ့ပစ္စည်းတွေကို ပံ့ပိုးပေးမယ့်အလှူရှင်တွေရှိတယ်။ ဒါပေမဲ့ အလျင်မီအောင် မထွက်နိုင်ဘူးဖြစ်နေတယ်။ ပစ္စည်းဝယ်မရတာတို့ တစ်ခုချင်းထည့်တာကြာတာတို့ပေါ့။ လှူတဲ့သူက လှူထားတာတောင်မှ အလျင်မီအောင် မထုတ်ပေးနိုင်တာမျိုး။

ဆေးကုသတဲ့အပိုင်းမှာလည်း ဒီလိုပဲ။ အရေးပေါ်အခြေအနေမျိုးမှာကြုံရတဲ့ပြဿနာလေးတွေကိုပြောပြပြီး လွှတ်လိုက်တယ်။ အတိုလေးတွေပဲ သင်ပေးလိုက်နိုင်တယ်။ ဘာတွေတွေ့တတ်တယ်။ ဘယ်လိုကုရမယ်ပေါ့။ ဘာက အရေးကြီးတယ်ပေါ့။ တကယ် ကွင်းဆင်းကြည့်တော့ ကိုယ့်အဖွဲ့တွေရော၊ တခြားအဖွဲ့တွေရော ပုံမှန်အခြေအနေမှာ ဆေးခန်း (G.P) ထိုင်သလိုမျိုး ထိုင်ကုပေးနေတယ်။ လိုလို၊ မလိုလို ဆေးပေးတဲ့ဟာတွေ၊ ဆေးသွင်းတာတွေ။ ကိုယ့်လူတွေတင်မဟုတ်ဘူး။ နိုင်ငံခြားကလာတဲ့ဆေးအဖွဲ့တွေလည်း အဲဒီလိုလုပ်နေတာ။ တန်းစီပြီး Drip သွင်းပေးနေကြတာ။ မလိုအပ်ဘဲနဲ့ စိတ်ကျေနပ်အောင် ဖြည့်ဆည်းပေးလိုက်တာမျိုးတွေပေါ့။ ဒါက ပညာရပ်အပိုင်း၊ ဆေးကုတဲ့အပိုင်းပဲ ရှိသေးတယ်။ ခုနကလို ပစ္စည်းဝယ်ယူရေး၊ ဖြန့်ဖြူးရေး၊ ကာယကံရှင်ဒုက္ခသည်တွေလက်ထဲ ရောက်မရောက် အများကြီးရှိသေးတယ်။ ပွင့်ပွင့်လင်းလင်းဝန်ခံရရင် ကျွန်တော်တို့ရော၊ တခြားအဖွဲ့တွေရောက လုပ်ရင်းနဲ့ သင်ယူနေရတာ။

**ဦးဇော်ထူးဦး ။** ။ ခုနက Volunteer ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် လုပ်တဲ့ကိုင်တဲ့နေရာမှာ ကျွမ်းကျင်မှု (Skill) ပေါ့နော်။ Disaster Management မှာ ကြက်ခြေနီတို့ ဘာတို့က ဒီအတွက် Training (လေ့ကျင့်မှု) ပေးထားတာရှိတယ်။ အလားတူပဲ UN အဖွဲ့အစည်းတွေမှာလည်း ဒီဟာနဲ့ပတ်သက်ပြီး Training တွေရှိတယ်။ နိုင်ငံတကာမှာလည်း ဥပမာ–ဆူနာမီတို့ ဘာတို့မှာ အတွေ့အကြုံတွေရှိထားတယ်။ Disaster Management မှာ Preparedness, Response နဲ့ Rehabilitation ဆိုတာရှိတယ်။ ကျွန်တော်တို့ဆီမှာ ကြက်ခြေနီ Volunteer တွေကို Preparedness နဲ့ပတ်သက်ပြီး Train လုပ်ထားတာရှိတယ်။ Response နဲ့ပတ်သက်ပြီးတော့လည်း Traing လုပ်ထားတာတွေရှိတယ်။ အဲ . . . Rehabilitation နဲ့ပတ်သက်ပြီးတော့က NGO တွေတောင် . . . ။ ကျွန်တော်တို့က Leading Role မှာမဟုတ်ဘူး။ သက်ဆိုင်ရာအစိုးရကို Support လုပ်တဲ့ Role မှာပဲရှိတယ်။

အခုဖြစ်ခဲ့တာက မျှော်မှန်းထားတာထက်ကို ပျက်စီးမှုကများတယ်။ ဆူနာမီတုန်းက အတွေ့အကြုံတွေအရဆို ကျွန်တော်တို့ မြန်မာနိုင်ငံက သိပ်များများစားစား မထိခိုက်ခဲ့ဘူး။ ကျွန်တော်တို့ကိုယ်တိုင် ထိခိုက်ပျက်စီးခဲ့တဲ့နေရာတွေကိုသွားပြီး Assessment တွေလုပ်ခဲ့ရတယ်။ အခုဟာက တော်တော်ကြီးကို ခြားနားသွားတယ်။ ဘာလုပ်ရမှန်းကိုမသိဘူးဖြစ်သွားတယ်။ ကျွန်တော်တို့ရထား၊ ရှိထားပြီးသား Training တို့ ဘာတို့က သေးသေးလေးဖြစ်သွားတယ်။ Disaster ဖြစ်နေတဲ့အချိန်မှာ ဘာလုပ်ရတော့မယ်



www.foreverspace.com.mm

ဆိုတာကို ကျွန်တော်တို့ Volunteer တွေအနေနဲ့ သိနေတယ်။ ဘာလုပ်ရမယ်၊ ဘယ်လိုကယ်ရမယ်ဆိုတာတွေပေါ့။ ဒါပေမဲ့ သူတို့မှာ Facility မရှိဘူး။ အတတ်ပညာနဲ့လုပ်နိုင်တဲ့ အရည်အချင်းရှိတယ်။ နောက်တစ်ချက်က Response (တုံ့ပြန်ဆောင်ရွက်မှု) အပိုင်းမှာ ဖြစ်ပြီးတာနဲ့ ချက်ချင်း Assessment လုပ်ရတယ်။ ကျွန်တော်တို့ဆီမှာ DANA လို့ခေါ်တယ်။ ကျွန်တော်တို့ Volunteer ပဲဖြစ်ဖြစ်၊ Staff ပဲဖြစ်ဖြစ် ဘေးဒုက္ခဖြစ်ပြီးချိန်မှာ အဲဒါကို အဓိကကိုင်ရတယ်။ ဖြစ်ပြီးတာနဲ့ နောက်တစ်ရက်မှာ ကျွန်တော်တို့ဆီက အဖွဲ့တွေ ဆင်းသွားတယ်။ ဒေသခံ Volunteer တွေကို Assessment ဘယ်လိုလုပ်ရတယ်ဆိုတာ သင်ထားပေးပြီးသား။ ဒေသခံ Volunteer တွေရဲ့ Assessment တွေအပေါ်မူတည်ပြီး ကျွန်တော်တို့ဆီကို Feedback ပြန်ပေးပြီးတော့မှ Relief (ကယ်ဆယ်ရေး) ကိစ္စလုပ်ရတယ်။ ကျွန်တော်တို့လုပ်ထားခဲ့တဲ့ Assessment က သိပ်ပြီးအသေးစိတ် (Detail) မရှိဘူး။ အသေးစိတ်ဆိုကျန်းမာရေးနောက်ဆက်တွဲပြဿနာတွေကအစပါတယ်။ Volunteer တွေက Assessment ကို ကျွမ်းကျင်ဖို့လည်းလိုတယ်။

ကျွန်တော်တို့ NGO တွေ အဓိကလုပ်ရမှာက ဖြစ်ပြီးနောက်မှာ လူတစ်ယောက်ဆက်လက်အသက်ရှင်ဖို့ Basic Needs (အခြေခံလိုအပ်ချက်တွေ) ဘာလိုသလဲ။ ရေတို့၊ အစားအစာတို့၊ ယာယီနေထိုင်ဖို့ အဲဒီဟာမျိုးတွေကို Assessment လုပ်ရတယ်။ အခု ဘာတွေ့ရသလဲဆို Assessment အဖွဲ့တွေ သွားတော့သွားနေတာပဲ။ ပြည့်စုံမှုအားနည်းတာတွေရှိတယ်။ ဘာအားနည်းသလဲဆို အဲဒီ Assessment သွားလုပ်ရတဲ့အဖွဲ့တွေ၊ တခြား NGO တွေက ဖြစ်ပြီးပြီးချင်းမှာ မရောက်ကြသေးဘူး။

နံပါတ် (၁) က Volunteer တွေကို Assessment နဲ့ပတ်သက်ပြီး Training ပေးသင့်တယ်။ နောက်တစ်ချက်က Relief မှာ ကျွမ်းကျင်မှုနဲ့ပတ်သက်လို့ပဲ။ ဥပမာ–ရွက်ထည်တဲတွေကို နိုင်ငံခြားက ပို့လိုက်တယ်။ အဲဒီတဲ ဘယ်လိုထိုးရတယ်ဆိုတာ ကျွန်တော်တို့ မသိဘူး။ အဲဒီတော့ ဘာလုပ်ရသလဲဆို ဒီမှာ Training ပြန်ပေးရတယ်။ အဲဒီ Training အတွက်ကို Shelter Expart တွေ နိုင်ငံခြားကနေခေါ်ပြီး Volunteer တွေကို သင်တန်းပေးရ တယ်။ အဲဒီကျမှပဲ တဲထိုးလို့ရတော့တယ်။ နောက်တစ်ခုက ရေသန့်စက်။ ရေသန့်စက်ကို ဘယ်လိုတပ်သလဲ၊ ရေကိုဘယ်လိုသန့်သလဲ ဆိုတာကို Training ပေးရတယ်။ အဲဒါတွေသည် ကျွန်တော်တို့ဆီမှာ လက်ရှိအနေအထားအရ ကျွမ်းကျင်တဲ့ Staff တို့၊ Volunteer တို့ မရှိဘူး။ အဲဒီအားနည်းချက်ရှိတယ်။

နောက်ပြီးခုနက ဆရာစစ်နိုင်ပြောတဲ့ Logistics ကိစ္စ။ ပစ္စည်းကိုပို့မယ်။ ကျွန်တော်တို့ဆီကို လေယာဉ်တွေအများရောက်လာတယ်။ ဒီလေယာဉ်ကြီးတွေ ကျွန်တော်တို့ တစ်ခါမှ မမြင်ဖူးဘူး။ အဲဒီလေယာဉ်တွေက တန်ဘယ်လောက်သယ်လာသလဲ။ ပစ္စည်းတွေကို လေယာဉ်ပျံပေါ်ကနေ ဘယ်လိုချမလဲ။ အဲဒီလိုချဖို့ သယ်ယူပို့ဆောင်ရေး ပစ္စည်းကိရိယာတွေ ဒီမှာရှိသလား။ အဲဒါတွေကို မခန့်မှန်းနိုင်တဲ့အခါကျတော့ နောက်ကျကုန်ရော။ နောက်တစ်ခုက နယ်ကိုပို့ရမယ်။ အဲဒီလမ်းက ၁၀ ဘီးကား သွားလို့ရတဲ့လမ်းလား။ အဲဒါတွေကို ကြိုတင်ပြီးတော့ Information တွေမရဘူး။ Assessment မလုပ်ထားဘူး။ ၁၀ ဘီးကားလွှတ်လိုက်တယ်။ လမ်းမှာတံတားကျိုးနေတော့ ဆက်မသွားနိုင်တာတွေ တွေ့ရတယ်။

နောက်တစ်ချက်က ဒီ Volunteer တွေနဲ့ ပို့လိုက်တဲ့ပစ္စည်းတွေဟာ နိုင်ငံတကာအဆင့်မီဖြစ်တဲ့အတွက် (ဥပမာ–Personal Hygine Kits) အထဲကပစ္စည်းတွေကို ဘယ်လိုသုံးရမလဲဆိုတာ မသိထားဘူး။ အဲဒီလို ပစ္စည်းတွေကို မှန်တိုင်းဒုက္ခသည်တွေကို တိုက်ရိုက်ဝေလိုက်ရင် ဘာသာစကားအခက်အခဲကြောင့် ရှင်းမပြတတ်ဘူး။ အဲဒီလိုအခက်အခဲတွေရှိတယ်။ အဲဒီတော့ Volunteer တွေအနေနဲ့ ကျွမ်းကျင်မှု Training တွေလိုအပ်တယ်။ ဒါပေမဲ့ လက်ရှိ Situation (အခြေအနေ) အရ ဝုန်ဒိုင်းဝုန်းဒိုင်းလုပ်ရတာဖြစ်တဲ့အတွက် အားနည်းမှုတွေကတော့ ရှိမှာပဲ။ နောက် ဒီလိုမျိုး . . . ကြိုတင်ပြင်ဆင်မှုရှိတဲ့အနေနဲ့ Volunteer တွေကို သင်တန်းပေးဖို့၊ စိတ်ပိုင်းဆိုင်ရာအားပေးဖို့၊ နောက်တစ်ခုက First Aid (ရှေးဦးပြုစုခြင်း)။ အဲဒါတွေကို ဟိုဘက် (Field) ကိုမလွှတ်ခင်မှာ Training တစ်ရက်လုပ်တယ်။ ကျွန်တော်ဆိုလိုချင်တာက Volunteer တွေဟာ အခုလိုကိစ္စတွေပဲဖြစ်ဖြစ်၊ အခြား Relief ကိစ္စတွေမှာပဲဖြစ်ဖြစ် Training နဲ့ Knowledge လိုအပ်တယ်။



www.foreverspace.com.mm

**ဦးခင်အေးကျော်** ။ ။ လူငယ်က ကူညီချင်စိတ်ရှိတယ်။ ဒီ Volunteer ကိစ္စမှာ အဓိကနှစ်မျိုးပဲရှိတယ်။ တစ်ခုက What ?၊ တစ်ခုက How? ။ What to do? ဘာလုပ်ရမလဲ။ တဲထိုးပေးရမယ်ဆိုတာ What ။ ဘယ်လိုထိုးမလဲဆိုတာ How to do? ဒီလူငယ်တွေက စနစ်ကျတဲ့ အဖွဲ့အစည်းတစ်ခုရဲ့ အစီအမံနဲ့သွားရင်တော့ အတိုင်းအတာတစ်ခုအထိရမယ်။ အဲဒီလိုမသွားဘဲ ကိုယ့်အုပ်စုနဲ့ကိုယ်ပဲ သွားမယ်ဆိုရင်တော့ အများကြီးလိုလာတယ်။ Disaster Management က Major ဖြစ်သွားတာပေါ့။ အဲဒီပညာပြန့်ပွားမှုမရှိခဲ့ဘူး။ Awareness မရှိဘူး။ Recognizing မရှိဘူး။ Knowledge မရှိဘူး။ သူ့ကို Support လုပ်မယ့်ဟာက ခုနက ဒေါက်တာစစ်နိုင်ပြောခဲ့တဲ့ Logistics Management ။ အခု ပြန်လည်ထူထောင်ရေးလုပ်တဲ့ကာလဆိုရင် Project Management၊ ဒါတွေဟာ Major Subject တွေ။ နောက် မထင်မှတ်ဘဲနဲ့ လုပ်ရင်းကိုင်ရင်းနဲ့ သွားလိုတဲ့ဟာရှိတယ်။ သွားမယ့်လူငယ်တွေ Crisis Management နဲ့ပတ်သက်လို့ သိထားဖို့ နည်းနည်းလိုမယ်။ Minor ပေမယ့် မထင်မှတ်ဘဲ Major Subject ဖြစ်သွားနိုင်တယ်။ သူ့မှာ အာဏာပိုင်တွေနဲ့ Negotiation လိုတယ်။ ခုနက Disaster Management နဲ့တွဲပြီး လာမယ့် Project Management၊ Logistics Management ၊ နောက် Crisis Management ဒါတွေက မြန်မာနိုင်ငံက တက္ကသိုလ်ပညာရေးမှာ ဘာသာရပ်အနေနဲ့ သင်ထားတာမရှိဘူး။ NGO တွေရှိလို့သာ နည်းနည်းချင်းသိလာရတာ။ အခုတော့ Learning by doing ဖြစ်သွားတော့ နောက်တစ်ကြိမ် ဒီလိုမဖြစ်အောင် အဲဒါတွေသင်ထားဖို့တော့လိုတယ်။

အခု ကျွန်တော်တို့ Seminar တွေ ခေါင်းစဉ်အမျိုးမျိုးနဲ့ လုပ်တယ်။ ပညာရှင်ပေါင်းစုံပြောတယ်။ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဆို တစ်နှစ်ကို ၂၄ ကြိမ် လုပ်တယ်။ UMFCCI ကလည်း လုပ်တယ်။ သက်ဆိုင်ရာအဖွဲ့အစည်းတွေကလည်း Sponsor ပေးတယ်။ ဒါပေမဲ့ Disaster Management ခေါင်းစဉ်နဲ့ မပါလာဘူး။ ဒါကို လိုမယ်လို့မထင်တဲ့အတွက် ကျွန်တော်တို့က ကြိုတင်ပြင်ဆင်မှုမရှိခဲ့တာ။ အခုတော့ ကျွန်တော်တို့ကို သင်ခန်းစာပေးခဲ့ပြီ။ သက်ဆိုင်ရာကျွမ်းကျင်တဲ့အဖွဲ့အစည်းတွေ ဒီခေါင်းစဉ်နဲ့ ပတ်သက်တဲ့ Seminar တွေ လုပ်ဖို့လိုလာပြီ။

ဘာလိုသလဲဆို Aware ဖြစ်ဖို့လိုတာပေါ့နော်။ လူငယ်တွေ ဒါတွေကိုသင်ဖို့လိုတယ်။ ဒါတွေသိပြီး ကြိုတင်ပြင်ဆင်ထားဖို့လိုတယ်။ ဒါတွေကို လိုတယ်လို့ မထင်မိထားတဲ့အတွက် Initiate လုပ်ပြီး မစထားခဲ့ဘူး။ ဒါ Knowledge နဲ့ Understanding ပေါ့။ အဲဒီနှစ်ဆင့်ရအောင်ဝိုင်းလုပ်ကြဖို့လိုတယ်။ Skill ရအောင်ကတော့ Practical Application များမှရမယ်။ ချက်ချင်းမရနိုင်ဘူး။ ဘောလုံးကစားနည်းသင်တန်းတက်ပြီးရင် ဘောလုံးကန်စရာကွင်းရှိဖို့လိုတယ်။ အခုဘာပဲပြောပြော ဒီဒေသကြီးက ကွင်းကြီးတစ်ခုလို ဖြစ်နေတာပေါ့နော်။ Pracitical Application တွေပေါင်းလိုက်မှ Skill ဖြစ်မှာ။ ကျွန်တော်တို့ဘက်က လုပ်ပေးနိုင်တာ Knowledge နဲ့



ဦးဇော်နိုင်

Understanding ၊ အဲဒီနှစ်မျိုးရအောင် ဝိုင်းလုပ်ကြဖို့လိုတယ်။

**ဦးဇော်နိုင်** ။ ။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု (Human Resource Development) နဲ့ လုပ်နိုင်စွမ်း စွမ်းအားတွေကို မြှင့်တင်မှု (Capacity Building) တို့ဟာ အခုလို Disaster Management (ဘေးဒုက္ခစီမံခန့်ခွဲမှု) မှာတင်မကဘူး။ နယ်ပယ်အသီးသီးအတွက်ပါ လုပ်နေရမှာပါ။ ရေတိုကာလအတွက်သာမဟုတ်ဘဲ ရေရှည်ကာလအတွက်ပါ လုပ်နေရမှာပါ။ အစိုးရကဏ္ဍကလည်း တာဝန်ရှိသလို ပုဂ္ဂလိက ကဏ္ဍတွေကလည်း တာဝန်ရှိတယ်။ အခုဆို မုန်တိုင်းဒဏ်သင့်ဒေသကလူငယ်တွေကို အခမဲ့ပညာတွေ သင်ပေးတယ်။ အဲဒီဒေသက လူငယ်တွေကို Capacity Building မြှင့်တင်ပေးတာ။ အခု Nargis Action Grup ဖွဲ့လိုက်ပြီး အဲဒီက လူငယ်တွေကို Training တွေပေးတယ်။ အဲဒါလည်း Capacity Building တစ်ခုပဲ။ အဲဒါတွေဟာ လျှပ်တစ်ပြက်ဆောင်ရွက်ရတဲ့ကိစ္စတွေမဟုတ်ဘဲ ရေရှည်ဆောင်ရွက်သွားဖို့ လိုပါလိမ့်မယ်။ အဲဒီလိုဆောင်ရွက်ဖို့က Disaster Management ကို သီးသန့်ဘာသာရပ်တစ်ခုအနေနဲ့ တက္ကသိုလ်၊ ကောလိပ်တွေမှာ ဘွဲ့ဒီဂရီပေးနိုင်တဲ့အထိ သင်ကြားပို့ချနိုင်ဖို့ လုပ်သင့်ပါပြီ။ Disaster Management မှာ Human Resourcs Management လည်း ပါပါတယ်။ Logistics (ထောက်ပံ့ပို့ဆောင်ရေး) လုပ်ငန်းတွေလည်း ပါပါတယ်။ Psychology (စိတ်ပညာရပ်) တွေလည်း ပါပါတယ်။ နောက်ပြီးတော့ Health (ကျန်းမာရေး) နဲ့ပတ်သက်တဲ့ အသိဉာဏ်တွေလည်းရှိရပါမယ်။ အဲဒီလို နယ်ပယ်အသီးသီးမှာ ဘက်စုံ

www.foreverspace.com.mm

ပြည့်စုံအောင် မြှင့်တင်ပေးနိုင်တဲ့၊ Capacity Building လုပ်ပေးနိုင်တဲ့ ပညာရေးအစီအစဉ်တွေကို အစိုးရကဏ္ဍကရော၊ ပုဂ္ဂလိကကဏ္ဍကပါ အားထည့်ပြီးလုပ်ဆောင်သွားဖို့ လိုပါတယ်။ အများကြီးလုပ်ဖို့ လိုပါသေးတယ်။

**ဦးသူရိန်ထွန်း** ။ ။ ဒီသဘာဝဘေးအန္တရာယ်ပေါ်လာလို့ ချက်ချင်းလူအင်အားစုဆောင်းပြီးတော့ ကယ်ဆယ်ရေးလုပ်ငန်းတွေကို အရေးပေါ်လုပ်ရတဲ့အခါမှာ ခုနကပြောခဲ့ကြသလို ဒီလူငယ်တွေအကုန်လုံးဟာ စနစ်တကျလေ့ကျင့်သင်ကြားထားရတဲ့သူတွေ မဟုတ်တဲ့အတွက် အခက်အခဲတွေရှိမလား၊ အသုံးရောဝင်ပါ့မလား ဆိုတာစဉ်းစားစရာဖြစ်လာတယ်။ အသုံးဝင်တယ် မဝင်ဘူးဆိုတာ အဲဒီလူငယ်တစ်ဦးချင်းစီရဲ့ စေတနာအရင်းခံ၊ Common Sense တွေအပေါ်မှာ မူတည်တယ်။ Professional တွေမဟုတ်တဲ့အတွက် ကယ်ဆယ်ရေးလုပ်တဲ့အခါ အချို့အပိုင်းတွေမှာ အကောင်းဆုံးဆိုတဲ့ သူရဲ့လုပ်ဆောင်နိုင်မှုကို မရနိုင်ပေမယ့်လည်း သူတို့ရဲ့စေတနာနဲ့ ဘယ်လိုနေရာတွေမှာ ဘာလိုတယ်။ ဘယ်လိုကူညီရမယ်ဆိုတဲ့ အခြေခံ Common Sense ရှိနေတဲ့သူတွေကတော့ အသက်ဘယ်လောက်ပဲငယ်ငယ်၊ အတတ်ပညာ ဘာမှမတတ်ထားပေ့စေ၊ အဲဒီလူငယ်တွေရဲ့စွမ်းဆောင်မှုက တန်ဖိုးဖြတ်လို့ မရပါဘူး။ တချို့ကျတော့လည်း ကယ်ဆယ်ရေးခေါင်းစဉ်တပ်ပြီးလာကြပေမယ့် အပြုသဘောမဆောင်ကြဘဲနဲ့ အလုပ်လုပ်ရင်း အချင်းချင်းအဆင်မပြေဖြစ်ကြတာတို့၊ စိတ်ဝမ်းကွဲတာတို့၊ ခေါင်းဆောင်တွေရဲ့ ဦးဆောင်မှုကို စနစ်တကျမလိုက်နာတာတို့ တွေ့ကြုံရတဲ့အတွက် ကျွန်တော်တို့ရဲ့စီမံခန့်ခွဲမှုတွေမှာ ဟာကွက်တွေ၊ အခက်အခဲတွေ ဖြစ်လာရတာတွေရှိတယ်။ တစ်ခါတလေကျတော့လည်း ရွာတွေရောက်တဲ့အခါမှာ သူတို့ရဲ့ ပင်ကိုယ်နေတတ်တဲ့ ဝသီကလေးတွေက ဒုက္ခသည်တွေအတွက် စိတ်အနှောင့်အယှက်ဖြစ်စေတာမျိုး တွေ့ကြုံရတာတွေရှိတယ်။ အနှစ်ချုပ်ပြောရင် သူတို့တွေသည် စနစ်တကျ လေ့ကျင့်ထားတယ်၊ မထားဘူးဆိုတာထက် အခြေခံစိတ်စေတနာရယ်၊ တကယ့်ကို ကူညီချင်စိတ်ရယ်ပါလာတဲ့ လူငယ်တွေရဲ့အင်အားတွေက တန်ဖိုးမဖြတ်နိုင်ပါဘူး။ တန်ဖိုးမဖြတ်နိုင်အောင် အသုံးဝင်ခဲ့တာတွေရှိသလို ခုနကပြောခဲ့တဲ့ တချို့လူငယ်တွေရဲ့အပြုအမူတွေကြောင့် ဒုက္ခသည်တွေ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတာတွေ၊ အဖွဲ့အစည်းတွေမှာ အခက်အခဲတွေ ဖြစ်ခဲ့ရတာတွေလည်း ရှိတယ်။ ငါက ကယ်ဆယ်ရေးလာတာပဲဆိုတဲ့ နာမည်ကိုတပ်ထားပြီး ကိုယ့်ရဲ့အပြုအမူကို သတိမထားမိတာမျိုးမဖြစ်အောင် ဒုက္ခသည်တွေ စိတ်အနှောင့်အယှက်မဖြစ်အောင်၊ အဖွဲ့အစည်းတွေ အခက်အခဲမဖြစ်အောင် သတိထားသင့်တယ်လို့ ကျွန်တော်မြင်ပါတယ်။

**L.C** ။ ။ **အခုနာဂစ်မုန်တိုင်းကြောင့် ပြည်တွင်းပြည်ပက NGO တွေအနေနဲ့ ဝန်ထမ်းတွေအများကြီးခေါ်ခန့်ရတာတွေရှိပါတယ်။ ကျွန်တော်တို့ဆီက လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေပေါ်လာသလို အဲဒီအလုပ်အကိုင်အခွင့်အလမ်းတွေရဲ့ ပုံသဏ္ဍာန်တွေကလည်း တစ်မျိုးပြောင်းမသွားနိုင်ဘူးလား။ ဘယ်လိုပြောင်းလဲသွားတယ်လို့ မြင်မိပါသလဲ။ လူငယ်တွေအတွက်ကော ဘယ်လိုခံယူမိပါသလဲခင်ဗျ။**

**ဒေါက်တာစစ်နိုင်** ။ ။ ဒါကတော့အားလုံးသိတဲ့ မြင်တဲ့အတိုင်းပဲတကယ့်ကို Change တစ်ခုဖြစ်သွားတာပေါ့နော်။ တစ်ဖက်က Crisis (အကျပ်အတည်းဘေးဒုက္ခ) ဖြစ်သလို တစ်ဖက်ကလည်း Opportunity (အခွင့်အလမ်း) တွေလည်းပါလာတာပေါ့။ ယူတတ်မယ်၊ မြင်တတ်မယ်ဆိုရင် တကယ့်အခွင့်အလမ်းတွေပေါ့။ အဲဒီအခွင့်အလမ်းတွေထဲမှာ တစ်ခုပါလာတာက ခုနကပြောတဲ့အလုပ်အကိုင်ပဲ။ ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေလုပ်ရမှာဖြစ်တဲ့အတွက် လူအင်အားတွေလိုလာတယ်။ အဲဒီအတွက် လူတွေကိုခန့်အပ်ရမယ်။ တာဝန်ပေးအပ်ရတော့မယ်။ နဂိုကတည်းက Training ရှိပြီးသားလူတွေပါလာသလို မရှိသေးတဲ့သူတွေကိုလည်း သင်ပေးပေါ့။ တချို့ Training ရှိပြီးသားဆိုပေမယ့်လည်း အခုလို သဘာဝဘေးအန္တရာယ်နဲ့ ဆက်စပ်တာတွေကို ထပ်ပြီး လေ့ကျင့်သင်ကြားပေးရတာတွေလည်း ရှိတယ်။ ဒီမှာ ကျွန်တော်တစ်ခုစဉ်းစားမိတာက လူငယ်တွေအတွက် Volunteer ပဲဖြစ်ဖြစ်၊ ဝန်ထမ်းပဲဖြစ်ဖြစ် လုပ်ကိုင်ခွင့်ရလိုက်တာဟာ Certificate လည်း မမျှော်လင့်ဘူး၊ ဘာမှလဲ မမျှော်လင့်တဲ့သူတွေပေါ့။ ဘဝမှာ တန်ဖိုးမပြတ်နိုင်တဲ့ အတွေ့အကြုံတစ်ခုပါပဲ။ လူတစ်သိန်းခွဲနီးပါးရဲ့ အသက်၊ တစ်သန်းခွဲနီးပါးရဲ့ ဒုက္ခနဲ့ ရင်းထားရတာမို့လို့



www.foreverspace.com.mm

ဆုံးရှုံးမှုအရမ်းများပါတယ်။ ဒါကိုဖြေရှင်းပေးဖို့ အတွေ့အကြုံနဲ့ အခွင့်အလမ်းတွေ အများကြီးရလာစေတယ်။ ခုနက စေတနာ့ဝန်ထမ်းစိတ်ဓာတ်နဲ့ လုပ်အားပေးဝင်လုပ်တဲ့သူတွေဟာ ဒါကို မမျှော်လင့်ဘူး။ မသိလိုက်ဘဲနဲ့ တန်ဖိုးရှိသွားတာကတော့ C.V ပြန်ရေးတဲ့အခါ ဒီ Record တွေပါသွားတာပဲ။ ဒီကလူငယ်အချို့က အဲဒီတန်ဖိုးကို သိပ်မသိလိုက်ကြဘူး။ နိုင်ငံခြား INGO တွေက ပုဂ္ဂိုလ်တွေက ဒါကိုသိတယ်။ တချို့ ဒီကယ်ဆယ်ရေးနဲ့ကပ်ပြီး လွတ်သွားတဲ့သူတွေ၊ တခြားတစ်နိုင်ငံရောက်သွားတဲ့သူတွေဆို တောက်တခေါက်ခေါက်နဲ့ သူတို့ လွတ်သွားလို့။ တချို့ဆို ဝင်လို့မရဘူးဆိုပေမယ့် တစ်ပတ်ဝင်ရဝင်ရ၊ နှစ်ပတ်ဝင်ရဝင်ရ၊ ဘာကိုပဲ လာလုပ်ပေးရလုပ်ပေးရဆိုပြီး လာတဲ့သူတွေလည်း အများကြီးရှိတယ်။ လာရတာ၊ ဝင်ရတာမလွယ်ဘူးဆိုပေမယ့် ရာဂဏန်းကနေ ထောင်ဂဏန်းလောက်ရောက်နေတယ်။ သူတို့အတွက် အခွင့်အလမ်းပဲ။ နာဂစ်တုန်းက မြန်မာနိုင်ငံမှာ ဘာတွေလုပ်ပေးခဲ့ရတယ်ဆိုတဲ့ အတွေ့အကြုံကလေးက သူတို့ C.V အတွက် တစ်အားကောင်းသွားတာပေါ့။ ပွင့်ပွင့်လင်းလင်းပြောရင် ဒီအချိန်မှာ အလုပ်ရှာရဖွေရလွယ်တယ်။ အလုပ်ရလွယ်တယ်။ တခြားနိုင်ငံတစ်ခုခုမှာ အရေးပေါ်အခြေအနေတစ်ခုခုပေါ်လာခဲ့ရင် သွားပြီးတော့ ဘယ်တုန်းက ဘာအတွေ့အကြုံရှိထားတယ်ဆိုပြီး ဝင်လုပ်လို့ရတယ်။ ကျွန်တော့်ဆီက Volunteer စိတ်ဓာတ်နဲ့ပဲလုပ်ခဲ့ကြတဲ့သူတွေအတွက် (လုပ်တတ်ပြီးသားသူတွေရော၊ အခုမှလုပ်ရင်းနဲ့ သင်ယူသွားကြတဲ့သူတွေရောပေါ့) ဒါသည် အင်မတန်တန်ဖိုးရှိတဲ့ အသက်နဲ့ဒုက္ခတွေနဲ့ ရင်းထားရတဲ့အတွေ့အကြုံတစ်ခုပဲ။ ဒီကရလာတဲ့အတွေ့အကြုံနဲ့ ပညာက တစ်အားတန်ဖိုးရှိပါတယ်။ တစ်နေ့နေ့ တစ်နေရာရာမှာ ဒါမျိုး တို့ပြန်လေ့ကျင့်သင်ကြားကြရအောင်ဆိုတာလည်း ဘယ်လိုမှမဖြစ်နိုင်တော့တဲ့ကိစ္စ။ မျှော်လင့်ထားလို့ပဲဖြစ်ဖြစ်၊ မမျှော်လင့်ဘဲနဲ့ဖြစ်ဖြစ် တော်တော်ကလေးအသုံးတည့်မယ့် တန်ဖိုးရှိတဲ့ အတွေ့အကြုံပါ။

**ဦးဇော်ထူးဦး** ။ ။ မမျှော်လင့်ဘဲပေါ်လာတဲ့ ဒီဖြစ်စဉ်အပေါ် မူတည်ပြီး လူငယ်တွေအနေနဲ့ အခွင့်အလမ်းတစ်ခုရလိုက်တယ်လို့ ကျွန်တော်တို့ ပြောလို့ရပါတယ်။ အဲဒီလို ရလိုက်တဲ့အခါမှာ နှစ်ပိုင်းရှိတယ်။ တစ်ပိုင်းက အတွေ့အကြုံနဲ့ စေတနာ့ဝန်ထမ်းလုပ်အားပေးခွင့်ရလိုက်သလို တစ်ဖက်ကလည်း သူရဲ့ အသက်မွေးဝမ်းကျောင်းအတွက် အခိုက်အတန့် အဆင်ပြေသွားစေနိုင်တယ်။ ဒီအတွေ့အကြုံတွေဟာ လူငယ်တွေရဲ့ Life (ဘဝ)အတွက် အများကြီးအကျိုးရှိတယ်။ ဒီမှာတာဝန်ထမ်းဆောင်ပြီး Project ပြီးသွားပေမယ့်လည်း နောက်တစ်ခုပြောင်းလဲလုပ်ကိုင်တဲ့အခါ သူတို့အတွက် အကျိုးရှိတဲ့ Record တစ်ခုဖြစ်စေတယ်လို့ ပြောလို့ရတယ်။ သတိထားရမယ့်တစ်ချက်က အခုလုပ်တဲ့လုပ်ငန်းတွေဟာ ပထမတော့ ရေတိုအတွက် စဉ်းစားရာကနေ တချို့ Project ကာလက နှစ်နဲ့ချီကြာမယ့်သဘောတွေရှိတယ်။ အဲဒီ Project တွေမှာ အလုပ်ဝင်မယ့်သူတွေ ကိုယ်လိုချင်တဲ့လစာ မျှော်လင့်ချက် လိုအင်ဆန္ဒတွေ သိပ်များသွားမယ်ဆိုရင် ရှေ့က တကယ့်ကို နှလုံးသားဖြူဖြူစင်စင်နဲ့လုပ်အားပေးခဲ့တဲ့ စိတ်ဓာတ်တွေပါ ပြောင်းသွားပြီးတော့ Professional လိုင်းထဲ လုံးဝဝင်သွားနိုင်တဲ့သဘောရှိတယ်။ အဲဒါ စိုးရိမ်စရာတစ်ခုပဲ။ ဖြစ်ခဲ့ဖူးတဲ့သာဓကတွေလည်း ရှိတယ်။ အခုအချိန်မှာဖြူဖြူစင်စင်နဲ့ Volunteer လုပ်နေကြပေမယ့် ရေရှည်သွားနေတဲ့အခါမှာဆိုတော့ တစ်ချိန်ချိန်မှာ သူတို့နေထိုင်စားသောက်ရေးအတွက်ပါ အထောက်အပံ့တစ်ခုခုရလာကြတော့မယ်။ အဲဒီလိုဖြစ်လာတဲ့အခါမှာလည်း စေတနာနဲ့ ဆက်လက်လုပ်ကိုင်ပေးဖို့လိုတယ်။ နောက်တစ်ချက်က NGO တွေ ကယ်ဆယ်ရေးလုပ်ငန်းလုပ်တာ Donar (အလှူရှင်) တွေရဲပိုက်ဆံနဲ့ လုပ်တာ။ အလှူရှင်လှူလိုက်တဲ့ပိုက်ဆံကို အလှူရှင်ဒါနမြောက်အောင် စေတနာသန့်သန့်နဲ့လုပ်ပေးဖို့လည်းလိုတယ်။ သိပ်ပြီးတော့ စီးပွားရေးဆန်ဆန်လုပ်မယ်ဆိုလို့ရှိရင် အလှူရှင် ဒါနမမြောက်ဘဲဖြစ်သွားမယ်။ ကိုယ့်အတွက်လည်းမကောင်းဘူး။ ဘာသာရေးအတွက်လည်းမကောင်းဘူး။ NGO တွေမှာ လုပ်နေတဲ့သူတွေဟာ အလှူရှင်တွေက စေတနာသန့်သန့်နဲ့လှူလိုက်တဲ့ ငွေတွေနဲ့ လုပ်ကိုင်နေကြတာဖြစ်တဲ့အတွက် စိတ်ထားသန့်သန့် မွန်မွန်မြတ်မြတ်နဲ့ လုပ်ဖို့လိုတယ်။

**ဦးအေးကျော်** ။ ။ အလုပ်အကိုင်ဆိုလို့ လေးမျိုးပဲရှိတယ်။ တစ်ခုက ကိုယ်ပိုင်လုပ်ငန်းလုပ်တာ။ မိဘလုပ်ငန်းပဲလုပ်လုပ်၊ ကိုယ့်ဟာကိုယ်ပဲလုပ်လုပ်ပေါ့။ နောက်တစ်ခုက အစိုးရဌာနဆိုင်ရာဝန်ထမ်း။ Public Servents ပေါ့။ နောက်တစ်ခုက ပုဂ္ဂလိကကုမ္ပဏီတွေမှာ ဝန်ထမ်းလုပ်တာ။ နောက်တစ်ခုက ဘာသာရေး၊ လူမှုရေးအဖွဲ့တွေမှာလုပ်တာ။ မြန်မာနိုင်ငံမှာ မလွန်ဆန်လှူအသင်းဆိုတာ နှစ်ရာနဲ့ချီကြာခဲ့ပြီ။ ကြက်ခြေနီအသင်းဆိုတာလည်း နှစ်ရာနဲ့ချီကြာခဲ့ပြီ။ အဲဒီလေးမျိုးမှာ အရင်တုန်းက၊ ၁၉၈၈ မတိုင်မီလောက်က အလုပ်လုပ်တယ်လို့ပြောရင် အစိုးရဌာနအလုပ်လို့မြင်မိတယ်။ ၁၉၈၉ နောက်ပိုင်းမှာ ပုဂ္ဂလိကကုမ္ပဏီတွေပေါ်လာတော့ (အထူးသဖြင့်အမျိုးသမီးတွေ) ဝန်ထမ်းဝင်လုပ်ကြတာများလာတယ်။ UN ကလုပ်တာတို့၊ မလွန်ဆန်လှူအသင်းလုပ်တာတို့၊ ခရစ်ယာန်မစ်ရှင်တွေလုပ်တာတို့က အရင်တုန်းက သိပ်မထင်ပေါ်ခဲ့ဘူး။ အခု နာဂစ်ပေါ်လာပြီးနောက်ပိုင်းမှာ ဒီလူမှုရေးလုပ်ငန်းတွေ၊ Community Development တို့၊ Social Work တို့က ကြီးမားတဲ့အလုပ်အကိုင်ဈေးကွက်ကြီးတစ်ခုလိုဖြစ်လာတယ်။ လူငယ်တွေကိုပုတ်ပြီး သတိပေးလိုက်သလိုဖြစ်သွားတယ်။ အိမ်နီးချင်း လာအို၊ ကမ္ဘောဒီယား၊ ထိုင်း၊ ဗီယက်နမ် စတဲ့နိုင်ငံတွေကိုကြည့်လိုက်ရင်လည်း ဒီလူမှုရေးလုပ်ငန်းတွေလုပ်ကိုင်နေတဲ့ NGO သောင်းဂဏန်းရှိတယ်။ ဆိုလိုတာက Developing Country အများစုရဲ့ လက္ခဏာအရ လူမှုရေးလုပ်ငန်းဆိုတဲ့ဈေးကွက်ကြီးက ရှိကိုရှိနေမှာ။ တဖြည်းဖြည်းနဲ့ ပြည်ပ INGO တွေများလာမယ်။ Local NGO တွေလည်း တိုးလာမယ်ဆိုရင် ဒီကလူငယ်တွေ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝဖြစ်သွားမယ်။ နောင်ဆို မင်းဘွဲ့ရရင် ဘာလုပ်မလဲဆိုရင် NGO မှာ ဝင်မယ်လို့တောင်ပြောကြတော့မယ်။ ဒါက ခုနက ဒေါက်တာ

www.foreverspace.com.mm

စစ်နိုင်ငံပြောသွားသလိုပဲ ဆုံးရှုံးနစ်နာမှုနဲ့အတူ ပူးတွဲပြီးပါလာတဲ့ Opportunity တစ်ခုပဲ။ နဂိုကတည်းက အများအကျိုးဆောင်ချင်တဲ့စိတ်အခံကရှိပြီးသား၊ ကိုယ့်ရဲ့ဘဝရပ်တည်မှုအတွက် လုပ်ဖို့ အခွင့်အလမ်းနည်းနေရာကနေ အခုအခွင့်အလမ်းပေါ်လာသလိုဖြစ်သွားတယ်။

**ဦးဇော်နိုင်** ။ ။ အရင်ကဆို ကျွန်တော်တို့ဆီက လူငယ်တွေ လက်ဖက်ရည်ဆိုင်ထိုင် အချိန်ဖြုန်းတဲ့သူတွေမနည်းဘူး။ Shopping Center သွားတဲ့သူတွေမနည်းဘူး။ ဘောလုံးပွဲကြည့်တဲ့သူ၊ လောင်းတဲ့သူတွေလည်းမနည်းဘူး။ ယောကျ်ားလေးရော၊ မိန်းကလေးရော။ အလုပ်ကိုတောက်လျှောက်လုပ်လာတဲ့သူက အလုပ်ရဲ့တန်ဖိုးကိုသိတယ်။ ပိုက်ဆံရတာ၊ မရတာ၊ နည်းတာ၊ များတာထက် အလုပ်အတွေ့အကြုံ၊ အသိအမြင်၊ သင်ခန်းစာ၊ ပျော်ရွှင်မှုတွေရတယ်။ ဘယ်အဖွဲ့အစည်းမှာပဲလုပ်လုပ် အလုပ်လုပ်ခြင်းရဲ့တန်ဖိုးက သိပ်အရေးကြီးတယ်။ ငွေရေးကြေးရေးနဲ့တိုင်းတာလို့မရတဲ့တန်ဖိုးတွေက အများကြီးပဲ။

အခု INGO တွေ၊ NGO တွေမှာ (ပိုက်ဆံရရ၊ မရရ) နာဂစ်ကဖန်တီးပေးတဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေဟာ ခဏကလေးမဟုတ်ဘူး။ အကြာကြီးလုပ်ရဦးမှာ။ ကယ်ဆယ်ရေးလုပ်ငန်းတွေပြီးသွားပြီလို့ဆိုပေမယ့် ထူထောင်ရေးလုပ်ငန်းတွေ၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ အများကြီးလုပ်ရဦးမှာ။ နာဂစ်ဒဏ်ခံခဲ့ရတဲ့ဒေသတွေတင်မကဘူး။ တိုင်းပြည်တစ်ခုလုံးရဲ့ ထူထောင်ရေးလုပ်ငန်းတွေကိုလည်း ကျွန်တော်တို့လုပ်ကြရဦးမှာ။ တိုင်းပြည်ရဲ့ထူထောင်ရေးလုပ်ငန်းတွေ၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်ကြဖို့ ဒီလူငယ်တွေအတွေ့အကြုံတွေရထားဖို့လိုတယ်။ ဘယ်အဖွဲ့အစည်းမှာပဲလုပ်လုပ် ရလာတဲ့အတွေ့အကြုံ၊ သင်ခန်းစာ၊ အောင်မြင်မှု၊ ပျော်ရွှင်မှုတွေအားလုံးဟာ အဲဒီအချိန်တွေကို တန်ဖိုးရှိရှိအသုံးချခဲ့တာဖြစ်ပြီးတော့ ကိုယ့်ကိုယ်ကိုယ်ပြုစုပျိုးထောင်နေတာလည်းဖြစ်သလို တိုင်းပြည်အတွက်ပါ ပြုစုပျိုးထောင်နေတာလို့ ကျွန်တော်မြင်တယ်။ အဆိုးထဲကအကောင်းပြောရရင် နာဂစ်မုန်တိုင်းဟာ လူငယ်တွေကို အလုပ်အကိုင်အတွေ့အကြုံတွေပေးတဲ့ဖြစ်ရပ်တစ်ခု၊ ဒါ့အပြင် တိုင်းပြည်ထူထောင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်ကို သွားတဲ့အခါ တာဝန်ယူဆောင်ရွက်ရမယ့်လူငယ်တွေအတွက် အတွေ့အကြုံကြီးကြီးမားမားရတဲ့အချိန်ပါပဲ။

**ဦးသုရိန်ထွန်း** ။ ။ ကျွန်တော့်အနေနဲ့မြင်တာက အလုပ်အကိုင်အခွင့်အလမ်းတွေသာမကဘူးဗျ။ လူငယ်တွေရနိုင်တဲ့ တခြားအခွင့်အလမ်းတွေလည်း အများကြီးပဲပေါ်လာတယ်။ သိသာထင်ရှားတဲ့အခွင့်အလမ်းက ခုကဆရာတို့ပြောသလို UN အဖွဲ့အစည်းတွေဝင်လာတယ်။ INGO တွေဝင်လာတယ်။ ဒီကလုပ်ငန်းတွေမှာ မရနိုင်တဲ့ လစာအခွင့်အလမ်းတွေနဲ့ Vancancy တွေ အများကြီးပေါ်လာတယ်။ လူငယ်တွေ အလုပ်အကိုင်ရရှိကြတယ်။ နောက်တစ်ခုအနေနဲ့က အဖွဲ့အစည်းနဲ့လုပ်တဲ့ Team Work တွေရလာတာ။ နဂိုကျောင်းတက်ခဲ့တဲ့ကာလတစ်လျှောက်မှာ မရရှိခဲ့တဲ့ Team Work ရဲ့ သဘောတရားတွေ၊ Organization Culture တွေကို လေ့လာခွင့်ရတဲ့ အခွင့်အရေးတွေရလာတယ်။ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝမှာ အတူလက်တွဲလုပ်ခဲ့ကြတဲ့ Team Work ကပဲ ဘဝကို အောင်မြင်အောင်လုပ်နိုင်ခဲ့တယ်။

အခုအလုပ်မှာ အင်တာဗျူးလာဖြေတဲ့လူငယ်တွေကို မင်းလူမှုရေးလုပ်ငန်းတွေမှာ ဘာတွေလုပ်ထားဖူးတဲ့အတွေ့အကြုံရှိသလဲလို့မေးလိုက်ရင် ဘာမှမပါလာတဲ့သူတွေအများကြီးပဲ။ ကျွန်တော်တို့မှာ ဒီလိုအသင်းအဖွဲ့နဲ့ လုပ်ခဲ့တဲ့သူတွေ၊ လူမှုရေးစိတ်ရှိတဲ့သူတွေကိုလိုချင်ပေမယ့် အဲဒီလိုလုပ်ခဲ့ဖို့ အခွင့်အလမ်းတွေမရခဲ့ကြလို့၊ အဲဒီအဖွဲ့အစည်းတွေမှာ မပါခဲ့ကြလို့ တက္ကသိုလ်ကသာ ဘွဲ့ရထားတယ်။ စိတ်ကမရင့်ကျက်ဘူးဖြစ်နေတယ်။ နောက်တစ်ခါ အင်တာဗျူးတွေမှာ အခုလိုနာဂစ်ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ဘယ်လိုကူညီခဲ့ရတာ၊ ဘယ်သူတွေနဲ့လက်တွဲလုပ်ခဲ့ရတာ၊ ဘယ်လောက်ကြာကြာလုပ်ခဲ့ရတာဆိုတဲ့ သူတို့ရဲ့ Record တွေသာပါလာလို့ရှိရင် ကျွန်တော်တို့ဆိုရင်တော့ အလုပ်တန်ခန့်လိုက်မယ်။ အဲဒီလိုအချိန်မှာ ဒီလို Community Service အတွေ့အကြုံတွေကို အမိအရသာယူခဲ့နိုင်ရင် နောင်တစ်ချိန်မှာ သူတို့လုပ်ရမယ့်အလုပ်အကိုင်အခွင့်အလမ်းတွေအတွက် Record ကောင်းတွေဖြစ်လာမှာ။ လောလောဆယ် ဒီလိုဝိုင်းလုပ်လို့ ပိုက်ဆံရတာ၊ မရတာထား။ သူတို့ရဲ့အချိန်တွေကိုပေးပြီး ဒီ Community Service တွေလုပ်ခဲ့ကြမယ်ဆိုရင် ခုနက Team Work ရဲ့သဘောတရားကို နားလည်လာမယ်။ Field ထဲ ကယ်ဆယ်ရေးမဆင်းခင် အရင် Survey ဆင်း၊ အဓိကလိုအပ်ချက်တွေကို Assessment လုပ်ပြီးရလာတဲ့ Result တွေအပေါ်မူတည်ပြီး စနစ်တကျ Supporting ပေးတဲ့ဟာတွေ၊ အလုပ်တစ်ခုကို ဘယ်ကစလို့ လေ့လာပြီး၊ Plan ဘယ်လိုချပြီး ဘယ်လိုအလုပ်လုပ်တယ်၊ ကိုယ့်ရဲ့ Result က ဘယ်လိုဖြစ်လာတယ်ဆိုတာတွေကို လူငယ်တွေ အလုပ်လုပ်ရင်းနဲ့ ရယူတတ်တဲ့ အခွင့်အရေးသာရသွားရင် သူ့ဘဝအတွက် တန်ဖိုးမဖြတ်နိုင်ဘူးလို့ မြင်တယ်။

နောက်နိုင်ငံတကာမှာ ကျောင်းသွားတက်ချင်တဲ့သူတွေ ကျောင်းလျှောက်တဲ့အခါ Community Service ဘာရှိထားသလဲ မေးထားတာတွေကို ကိုယ့်ရဲ့လုပ်ဆောင်ခဲ့မှု မှတ်တမ်းတွေ ဖော်ပြနိုင်ရင် ကျောင်းဝင်ခွင့်နဲ့ Scholar အပိုင်းမှာလည်း အထောက်အပံ့တွေအများကြီးရနိုင်တယ်။ ဒါကြောင့်မို့လို့ ဒီနာဂစ်သည် ခံစားခဲ့ရတဲ့ဒုက္ခသည်တွေအတွက် ရင်နင့်ဖွယ်ခါးသီးတဲ့အတွေ့အကြုံတွေ ပေးခဲ့ပေမယ့် လူငယ်တွေအတွက် တကယ်လည်းစေတနာနဲ့လုပ်ခဲ့ကြမယ်ဆိုရင် ရရှိနိုင်တဲ့အကျိုးကျေးဇူးတွေဟာ မဖော်ပြနိုင်လောက်အောင်များပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**ကျော်နိုင်**

■

www.foreverspace.com.mm



# တွေ့ဆုံဆွေးနွေးမှုများ

## ၇-၇-၂၀၀၈

* မြန်မာနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆိုင်ကလုန်းမုန်တိုင်းသတိပေးကွန်ရက်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးရန် ရန်ကုန်မြို့သို့ရောက်ရှိနေသော ထိုင်းနိုင်ငံ ပြန်ကြားရေးနှင့် နည်းပညာဆက်သွယ်ရေးဝန်ကြီး ဌာနဝန်ကြီး ဒေါက်တာမွန်ပါတာနိုထိုင်းသည် အာဆီယံ–မြန်မာ–ကုလသမဂ္ဂ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၉-၇-၂၀၀၈

* မြန်မာနိုင်ငံဆိုင်ရာ မက္ကဆီကိုပြည်ထောင်စုနိုင်ငံ သံအမတ်ကြီး မစ္စတာဟွမ်(န်)ဟိုဆေးဂိုမေ့ဇ်ကမာချိုသည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာအိုင်ဗန်ဟိုတက်ခ်သည်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အသီးသီး တွေ့ဆုံဆွေးနွေး။
* ဂျပန်နိုင်ငံ DPJပါတီမှ အထက်လွှတ်တော်အမတ်နှင့် မြန်မာ–ဂျပန်ချစ်ကြည်ရေးပါလီမန်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.Hideo Watanabe နှင့် အဖွဲ့ဝင်များသည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး နှင့် တွေ့ဆုံဆွေးနွေး။

## ၁၂-၇-၂၀၀၈

* ဂျပန်နိုင်ငံ DPJ ပါတီမှ အထက်လွှတ်တော်အမတ်နှင့် မြန်မာ–ဂျပန် ချစ်ကြည်ရေးပါလီမန်အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.Hideo Watanabe နှင့် အဖွဲ့ဝင်များသည် အမျိုးသားသဘာဝ ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တွေ့ဆုံဆွေးနွေး။

## ၁၄-၇-၂၀၀၈

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr.Gu Zhao Xi ခေါင်းဆောင်သည့် အဖွဲ့ဝင်ကိုးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၅-၇-၂၀၀၈

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr.Gu Zhao Xi ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တွေ့ဆုံဆွေးနွေး။

## ၂၁-၇-၂၀၀၈

* နယူးယောက်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ရုံးမှ Director of Emergency Operations ဖြစ်သူ Mr.Louis-Georges Arsenault သည် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် တွေ့ဆုံဆွေးနွေး။

## ၂၃-၇-၂၀၀၈

* ကုလသမဂ္ဂလူသားချင်းစာနာမှုအကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် H.E Mr.John Holmes သည် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ ဥက္ကဋ္ဌနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် တွေ့ဆုံဆွေးနွေး။

## ၂၄-၇-၂၀၀၈

* ကုလသမဂ္ဂလူသားချင်းစာနာမှုအကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် H.E. Mr.John Holmes ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။
* စင်ကာပူသမ္မတနိုင်ငံ သီရိလင်္ကာရ ရာမကျောင်းတိုက်တွင် သီတင်းသုံးတော်မူသည့် မဟာကရုဏာ ဗုဒ္ဓဘာသာအသင်းမှ ဆရာတော်ဒေါက်တာဂုဏရတနာသည် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၈-၇-၂၀၀၈

* မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး H.E.Dr. Giuseppe CINTI သည် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

www.foreverspace.com.mm

# FOREVER (FER) Shirts



**မြန်မာနိုင်ငံ သွင်းကုန်အစားထိုးဈေးကွက်အတွင်း ကိုယ်ပိုင်အမှတ်တံဆိပ်တပ်၍ အဆင့်မီချုပ်လုပ်ထားသော အဝတ်အထည်များတွင်ပါဝင်သည့် အမျိုးသားဝတ်ရှပ်အင်္ကျီများဖြစ်သည်။**

☆ Golden Sun Shirt Center က ၂၀၀၄ ခုနှစ်တွင် စတင်ထုတ်လုပ်ဖြန့်ချိခဲ့။

☆ အုပ်ချုပ်မှုဒါရိုက်တာမှာ ဦးဇော်မင်းဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်လေးဦးနှင့် ဝန်ထမ်းအင်အား ၁၀၀ ဦးကျော်ရှိ။

☆ အင်္ဂလန်နည်းပညာကိုမှီငြမ်းပြီး ဂျပန်နိုင်ငံလုပ်စက်ပစ္စည်းများကို အသုံးပြု၍ ကိုယ်ပိုင်နည်းပညာဖြင့် ပေါင်းစပ်ထုတ်လုပ်ထားဟုဆို။

☆ ကုန်ကြမ်းပစ္စည်းများကို ထိုင်းနိုင်ငံမှ မှာယူတင်သွင်း။

☆ ရှပ်အင်္ကျီလက်တို၊ လက်ရှည်များကို အကွက်၊ အစင်း စသဖြင့် အရောင်အသွေးဒီဇိုင်း အစုံအလင်ထုတ်လုပ်ထားပြီး အချို့ဒီဇိုင်းများတွင် ရွေးချယ်စရာ ၂၄ ရောင်အထိရှိဟုဆို။

☆ FOREVER အမှတ်တံဆိပ်အပြင် Gloria Future စသည့် အမှတ်တံဆိပ်ရှပ်အင်္ကျီများကိုပါ ထုတ်လုပ်နေကြောင်းသိရ။

☆ လုပ်ငန်းမှ တိုက်ရိုက်ဖြန့်ချိလျက်ရှိပြီး လတ်တလောလက်ကားဈေးနှုန်းများမှာ တစ်ထည်လျှင် ကျပ် ၃၀၀၀ မှ ကျပ် ၄၀၀၀ အထိရှိ။

☆ ဆက်လက်၍ ရှပ်အင်္ကျီများအပြင် တီရှပ်၊ စပို့ရှပ်များကိုလည်း တိုးချဲ့ထုတ်လုပ်သွားရန် အစီအစဉ်ရှိကြောင်းသိရ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

**ဦးဇော်မင်း (MD)**

**Golden Sun Shirt Center**


အမှတ်-(E-22)၊ ဝင်ပေါက် (၄) ၊ မြေညီထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၉၇၆၀၀၊ ၂၀၀၇၄၇ (လိုင်းခွဲ-၁၉၈၉)၊ ၀၉-၅၁၆၈၈၂၆

www.foreverspace.com.mm



# Baby Joy ကလေးအဝတ်အထည်နှင့်အသုံးအဆောင်ပစ္စည်း







**မြန်မာနိုင်ငံတွင် အဆင့်မီချုပ်လုပ်ထားပြီး မွေးကင်းစကလေးငယ်များ၊ လသားများအတွက် မရှိမဖြစ်အသုံးဝင်သည့် အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများဖြစ်သည်။**

☆ Baby Joy Baby Products က ၁၉၉၈ ခုနှစ်တွင် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ လုပ်ငန်းအကြီးအကဲမှာ ဦးစိုင်းခွန်ဆိုင်းဖြစ်ပြီး ဝန်ထမ်းအင်အား ၂၀ ဦးခန့်ရှိ။

☆ ပြည်တွင်းမှစက်ပစ္စည်းများကို အသုံးပြု၍ ကိုယ်ပိုင်နည်းပညာဖြင့်ထုတ်လုပ်ခြင်းဖြစ်။

☆ ပြည်တွင်းမှ ကုန်ကြမ်းပစ္စည်းများကို အဓိကအသုံးပြုထားပြီး ထိုင်းနိုင်ငံမှကုန်ကြမ်းအချို့ရယူဟုဆို။

☆ မွေးကင်းစမှ တစ်နှစ်အောက်လသားအရွယ်အထိ အသုံးပြုနိုင်သော အင်္ကျီကြိုးချည်(ကျောကွဲ)၊ ဘောင်းဘီ၊ အလုဝတ်အင်္ကျီ၊ ဘောင်းဘီ၊ ခြေအိတ်၊ လက်အိတ်၊ ဦးထုပ်၊ ခေါင်းအုံး၊ ဖက်လုံး၊ နို့ဘူး စသည်ဖြင့် အမျိုးအစားပေါင်း ၁၀ မျိုးခန့် ထုတ်လုပ်။

☆ အဝတ်အထည်နှင့်အသုံးအဆောင်များကို မြန်မာနိုင်ငံရာသီဥတုနှင့်ကိုက်ညီသည့် ချည်သားများကို အသုံးပြုချုပ်လုပ်ထား၍ ခေါင်းအုံး၊ ဖက်လုံး၊ မွေ့ရာများကိုမူ လျှော်ဖွပ်ရလွယ်ကူသည့် ဆီလီကွန်များကို အသုံးပြုချုပ်လုပ်ထား။

☆ လတ်တလောထုတ်လုပ်ထားသည့် ကုန်ပစ္စည်း၏ဈေးနှုန်းများမှာ အမျိုးအစားအလိုက် ၂၅၀ ကျပ်မှ ၃၅၀၀ ကျပ်ကျော်အထိ အသီးသီးရှိ။

☆ ပင်ရင်းမှ တိုက်ရိုက်ဖြန့်ချိလျက်ရှိပြီး City Mart Supermarket ဆိုင်ခွဲများနှင့် သိမ်ကြီးဈေး၊ မင်္ဂလာဈေးတို့တွင်လည်း အလွယ်တကူဝယ်ယူနိုင်အောင်စီစဉ်ထား။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

**ဒေါ်သီတာထွန်း (ဆိုင်တာဝန်ခံ)**

အမှတ်–၁၂(D)၊ နှင်းဆီလမ်း၊ ပါရမီရိပ်သာ၊

ရန်ကင်းမြို့နယ်၊ ရန်ကုန်။

ဖုန်း–၆၆၁၆၉၇၊ ၀၉–၉၉၇၁၉၀၇

E-mail: babyjoy.prem@gmail.com

www.foreverspace.com.mm

# Givenhill Shirts




**မြန်မာနိုင်ငံ အထည်ချုပ်ဈေးကွက်အတွင်း ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့်ထိုးဖောက်ဝင်ရောက်လာသော အမျိုးသားဝတ်ရှပ်အင်္ကျီများဖြစ်သည်။**

☆ Yangon Star International Co.,Ltd. ၏ ညီနောင်လုပ်ငန်းတစ်ခုအနေဖြင့် ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ မန်နေဂျင်းဒါရိုက်တာမှာ ဦးကျော်မြင့်ဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်နှစ်ဦး၊ ချုပ်လုပ်/ဖြန့်ချိသည့် ဝန်ထမ်းအင်အားပေါင်း ၆၀ ဦးခန့်ရှိ။

☆ ရှပ်အင်္ကျီများကို ထုတ်လုပ်ရာတွင် အသုံးပြုသည့်ကုန်ကြမ်းပစ္စည်း၊ နည်းပညာ၊ စက်ပစ္စည်းများကို တရုတ်နှင့်ထိုင်းနိုင်ငံတို့မှရယူဟုဆို။

☆ အကွက်၊ အစင်း၊ ဖြောင့်၊ အပွင့်စသည့် ဒီဇိုင်းများဖြင့် ရှပ်အင်္ကျီလက်တို၊ လက်ရှည်၊ လည်ကတုံးများထုတ်လုပ်လျက်ရှိပြီး တစ်လလျှင် အနည်းဆုံး ဒီဇိုင်းသစ် ငါးမျိုးခန့်ထွက်ရှိနိုင်ရန် စီစဉ်ထား။

☆ လောလောဆယ် Givenhill အမှတ်တံဆိပ်အပြင် Balenciaga အမှတ်တံဆိပ်ရှပ်အမျိုးမျိုးကို ထုတ်လုပ်ဖြန့်ချိလျက်ရှိ။

☆ ဆက်လက်၍ တီရှပ်နှင့် စပို့ရှပ်များကို တိုးချဲ့ထုတ်လုပ်သွားမည်ဟုဆို။

☆ လုပ်ငန်းမှတိုက်ရိုက်ဖြန့်ချိလျက်ရှိပြီး နယ်မြို့အသီးသီးအတွက် ကိုယ်စားလှယ်များပေးထား။

☆ ဈေးနှုန်းအနိမ့်ဆုံး ကျပ် ၂၅၀၀ မှ ကျပ် ၄၅၀၀ အထိ အသီးသီးရှိ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

**ဦးကျော်မြင့် (MD)**

**Givenhill Shirts**

အမှတ်-၁၀၅၊ မြေညီထပ်၊ (၁၀၁) လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၉၀၇၈၂၊ ၀၉-၅၁၄၃၆၉၁
E-mail: yangonstar@myanmar.com.mm

www.foreverspace.com.mm



# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | G-STAR DVD Player (စင်ကာပူ) | GENIUS GROUP G- STAR ELECTRONIC<br>အမှတ်–F-1၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၅၂၇၂၁ | ဦးစိုးမိုးညွန့် (Director) | G- STAR ELECTRONIC<br>အမှတ်–၃၅၀၊ ၈၃လမ်း၊ ၃၀ × ၃၁ လမ်းကြား၊ မန္တလေး။<br>ဖုန်း–၀၂–၆၉၄၈၁ |
| ၂။ | NEC VERSA Notebook (ဂျပန်) | KMD CO., LTD.<br>NEC Show Room & Sales Centre<br>အမှတ်–၅၅၀/၅၅၂၊ ကုန်သည်လမ်းနှင့်သုဖလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၀၄၀၇၁၊ ၃၈၄၁၀၉၊ ၂၄၅၁၈၀<br>ဖက်စ်–၂၄၅၁၈၀<br>E-mail:sales@kmd.com.mm | ဒေါ်သင်းသင်းစိုး (Sale Director) | KMD CO., LTD.<br>အမှတ်–၁၀၃/၁၊ ၇၇ လမ်း၊ ၂၇× ၂၈လမ်းကြား၊ မန္တလေး။<br>ဖုန်း–၀၂–၆၀၂၃၉၊ ၄၄၂၅၇၊ ၆၀၃၆၀<br>Email:kmd-sales@mandalay.net.mm |
| ၃။ | Mitsubishi Electric Breaker (ဂျပန်) | PEACE MYANMAR ELECTRIC CO., LTD.<br>အမှတ်–၁၃၇/၁၃၉၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၀၂၁၁၇၊ ဖက်စ်–၂၉၆၆၈၈<br>E-mail: sa-ho@pme.com.mm<br>kmm-ho@pme.com.mm | ဒေါ်နီနီဝင်း (Marketing Manager) | PEACE MYANMAR ELECTRIC CO., LTD.<br>အမှတ်–၄၃၈၊ ၈၃ လမ်း၊ ၃၄× ၃၅ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၄၄၃၂၈၊ ၃၄၂၁၃၊ ၆၈၇၃၂ |
| ၄။ | KHIND Aircon (မလေးရှား) | MONARCH CO., LTD.<br>Office & Showroom (2)<br>အမှတ်–၁၅၁၊ မြေညီထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၃၈၀၄၇၅၊ ၂၄၂၃၀၇ | ဦးထွန်းမင်း (General Manager) | မရှိ |
| ၅။ | Standard Deep Freezer (တရုတ်) | GOOD LINK TRADING CO., LTD.<br>အမှတ်–၁၉၅/၁၉၉၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၅၃၈၁၄၊ ၂၅၃၈၁၅၊<br>၀၉–၅၁၄၀၄၅၀ | ဦးမောင်မောင်ဦး (General Manager) | မရှိ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့ (အခမဲ့) ဝန်ဆောင်မှုပေးခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm

ဤကဏ္ဍတွင် . . . . .

၁၃၀ နာဂစ်သင်ခန်းစာ
၁၃၈ ကျန်းမာရေးအတွေ့အကြုံ
၁၄၆ သူတို့ဆီက အိုးအိမ်ကိစ္စ
၁၅၀ သူတို့လိုလူများ
၁၅၄ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၁၂)

# နာဂစ်သင်ခန်းစာ

မြသန်းသန်းနု

**ပြီး ခဲ့တဲ့မေလ ၂ ရက်နေ့နဲ့ ၃ ရက်နေ့တွေမှာ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနေရာဒေသအနှံ့အပြားနဲ့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဒေသအတော်များများမှာ မွှေနှောက်သွားခဲ့တဲ့ 'နာဂစ်မုန်တိုင်း' သဘာဝဘေးဆိုးကြီးအကြောင်းကို ကိုယ်တွေ့ကြုံခဲ့ရသူတိုင်း ခုချိန်ထိ ပြောမဆုံးဖြစ်နေကြရပါတယ်။**

နာဂစ်မုန်တိုင်းကြီးဟာ သူဖြတ်သန်းတိုက်ခတ်သွားတဲ့လမ်းကြောင်းတစ်လျှောက် သက်ရှိသက်မဲ့ ဘယ်အရာကိုမှ ချမ်းသာမပေးခဲ့ပါ။ အသက် ၇၀ ကျော် ၈၀ ကျော် သက်ကြီးရွယ်အိုတွေတောင် ဒီလောက်ကြမ်းတမ်းရက်စက်တဲ့မုန်တိုင်းမျိုး မကြုံခဲ့ကြရဘူးလို့ ဆိုကြပါတယ်။



ရန်ကုန်မြို့သူမြို့သားတွေအဖို့ မေလ ၁ ရက်နေ့ကတည်းက မုန်တိုင်းလာလိမ့်မယ်လို့ ကောလာဟလသဘောမျိုး သာမန်ပြောဆိုနေကြသံတွေ ကြားခဲ့ရပါတယ်။ အဲဒီရက်ပိုင်းတွေမှာ မိုးကလည်း အုံ့လိုက်၊ ရွာလိုက်၊ တဖွဲဖွဲ၊ တစ်ခါတလေ ခပ်သဲသဲဖြစ်နေခဲ့ပြီး မေလဆိုတာကလည်း မြန်မာနိုင်ငံမှာ မိုးရွာချင်ရင် ရွာတတ်တာကြောင့် သိပ်ပြီးအလေးမထားခဲ့မိပါ။ မုန်တိုင်း ဆိုပေမယ့်လည်း မိုးတွေတဝုန်းဝုန်းရွာ၊ လေနီကြမ်းတိုက်တယ်ဆိုတာမျိုး၊ လေခပ်ကြမ်းကြမ်းတိုက်သလောက်ဖြစ်လိမ့်မယ်လို့ပဲ ခန့်မှန်းခဲ့မိပါတယ်။

အဲဒီနေ့က မှတ်မှတ်ရရ အပြင်လည်းမထွက်မိတာကြောင့် မုန်တိုင်းကျမယ်ဆိုတဲ့သတင်းစကားကလွဲပြီး တခြားတောင်တောင်မြောက်မြောက်သတင်း

www.foreverspace.com.mm

စကားတွေ မကြားရပါ။ တစ်နေ့လုံးမိုးအုံ့ပြီး မိုးဖွဲဖွဲကျနေခဲ့တယ်လို့ အမှတ်ရမိပါတယ်။ ညနေ ၄ နာရီခွဲလောက်မှာ လေလည်း အတော်ပါလာပါတယ်။ ညနေစောင်းခါစဆိုပေမယ့် အတော်ကြီးမှောင်နေပါတယ်။ တကယ်တော့ ရန်ကုန်မြို့မှာ မုန်တိုင်းကျဖို့ရှိတယ်ဆိုပြီး ပြောဆိုနေချိန်မှာ ဟိုင်းကြီးကျွန်း ကုန်သလောက်ရှိနေသလို ဧရာဝတီတိုင်း ဒေသအတော်များများ အလူးအလိမ့်ခံစားရင်း ပျောက်ပျက်တန်သလောက် ပျောက်ပျက်ကုန်ခဲ့ကြပြီးပြီဆိုတာ မုန်တိုင်းပြီးမှပဲ သိရပါတော့တယ်။ ရန်ကုန်မြို့ပေါ်မှာ ည ၉ နာရီကျော် ၁၀ နာရီလောက်မှာမှ မုန်တိုင်း တကယ်လာနေပြီလို့ ခံစားကြရပေမယ့် ဧရာဝတီတိုင်းမှာ မေလ ၂ ရက် မွန်းလွဲ ၁၂ နာရီလောက်ကတည်းက မုန်တိုင်းကျပြီး ၁၀ ပေ၊ ၁၂ ပေလောက်မြင့်တဲ့ လှိုင်းလုံးကြီးတွေ ရွာစဉ်အလိုက်ဝင်ပြီး တွေ့သမျှ ဆွဲချသွားတာပဲလို့ ဒေးဒရဲဘက်က ကံကောင်းထောက်မပြီး အသက်ရှင်ကျန်ရစ်တဲ့ ဆွေမျိုးတွေပြောပြလို့ သိခဲ့ရပါတယ်။ နာဂစ်မုန်တိုင်းနဲ့ ဘတစ်ပြန်ကျားတစ်ပြန် နပန်းလုံးရင်း အသက်လုပြေးခဲ့ရသူတွေနဲ့ မတွေ့ရခင်က ရန်ကုန်မြို့မှာတောင် ကိုယ့်ဒုက္ခသာ အကြီးမားဆုံးလို့ တွေးခဲ့မိပါတယ်။ တကယ်တော့ တစ်နာရီ မိုင် ၁၂၀ နှုန်းနဲ့ တိုက်ခိုက်ခဲ့တဲ့ လေမုန်တိုင်းဟာ ဘယ်သူ့ကိုညှာတာတော့မှာလဲ။ ရွာထဲ၊ အိမ်တွေထဲ လှိုင်းလုံးကြီးတွေ တလိပ်လိပ်တက်လာချိန် ကိုယ်လွတ်ရုန်းပြေးကြရတယ်ဆိုပေမယ့် အဖေအို၊ အမေအိုနဲ့ ကလေးငယ်တွေက ရှိပါသေးတယ်။ ပြေးဖို့မဆိုထားနဲ့ မတ်တတ်ရပ်ဖို့တောင် ခဲယဉ်းခဲ့ပါတယ်လို့ ပြောပြသူတွေကလည်း အများအပြားပါ။ စပါးလှောင်ရုံကိုအရောက်သွားနိုင်လို့သာ အသက်ဘေးကလွတ်ခဲ့ရသူတွေရှိသလို အုန်းပင်တစ်ပင်မှာ မိသားစုလိုက် တွယ်ဖက်ထားရင်း အသက်လုခဲ့ရသူတွေလည်း ရှိပါတယ်။ တချို့မိသားစုကျပြန်တော့လည်း အုန်းပင်ဖက်တွယ်ထားရင်း လှိုင်းပုတ်ဒဏ်၊ လေဒဏ်မခံနိုင်တော့ပဲ လက်အန်သေပြီး ကိုယ့်မျက်စိရှေ့မှာ ရေနဲ့မျောပါသွားခဲ့တဲ့ သားသမီးကို မကယ်လိုက်နိုင်တဲ့ မိဘတွေ ရှိသလို ရေမျောသွားတဲ့ မိဘဆွေမျိုးသားချင်းတွေကို မကယ်နိုင်သူတွေလည်း ရှိပါတယ်။ ကမ်းစပ်မှာလှိုင်းပုတ်ဒဏ်၊ ရေမျောဒဏ်တွေ ကြံ့ကြံ့ခံ ကိုယ်လွတ်ရုန်းနိုင်ပြီး ကုန်းတွင်းပိုင်းမြေမြင့်ပေါ်က ဘုန်းတော်ကြီးကျောင်းအထိ အရောက်သွားရင်း ခိုလှုံနိုင်ခဲ့ပြီးကာမှ ကျောင်းနံရံ၊ ကျောင်းအုတ်တံတိုင်းပြိုကျလို့ပဲပြီး အသက်ဆုံးခဲ့ရသူတွေလည်း ရှိပါတယ်။

မေလ ၅ ရက်နေ့မှာ ကျွန်မတို့ဆီရောက်လာသူတွေကို မြင်ရရုံနဲ့ ကိုယ်ရောစိတ်ပါ ဘယ်လောက်ဒုက္ခရောက်ခဲ့ကြသလဲဆိုတာ မှန်းဆကြည့်နိုင်ပါတယ်။ ကော်ဖီတိုက် မုန့်ကျွေးပြီး လောလောဆယ်အိမ်မှာရှိတဲ့ အဝတ်အစားတွေကိုပဲ ဝေမျှပေးဖို့ ကျွန်မတို့ဇနီးမောင်နှံနှစ်ယောက် ပြင်ဆင်ကြရပါတယ်။ ကျွန်မတို့တတ်နိုင်သလောက် ငွေသား၊ ဆေးဝါးနဲ့ အဝတ်အစားအိတ်ကြီးနှစ်အိတ် ပေးလိုက်ပါတယ်။ လက်လှမ်းမီသမျှ ဆက်ပြီးအကူအညီပေးသွားဖို့လည်း တစ်ထိုင်တည်း ဆုံးဖြတ်လိုက်ပါတယ်။


ဧရာဝတီတိုင်းဘက်မှာ မုန်တိုင်းကျချိန်ဟာ မေလ ၂ ရက် နေ့လယ် ၁၂ နာရီဝန်းကျင်ကနေ မေလ ၃ ရက် နေ့လယ် ၁၂ နာရီလောက်အထိဆိုတော့လည်း စိတ်ချောက်ချားလောက်ပါတယ်။ ဒါပေမဲ့ ဒီအတွေ့အကြုံဆိုးကြီးကို ကျော်လွှားနိုင်ရေးအတွက် ‘မိမိ’က အဓိကနေရာကရပ်တည်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ရရှိတဲ့ မေတ္တာစေတနာကူညီပံ့ပိုးမှုတွေသိုင်းဝိုင်းရင်း ကြံ့ကြံ့ခံသွားဖို့ပဲရှိပါတယ်။ ရေတိုလွယ်ကူတဲ့ကိစ္စတော့ မဟုတ်ပါ။ မုန်တိုင်းကျတဲ့ညက ရွာလုံးကျွတ် မျောပါခံရပြီး ကိုယ်လွတ်ရုန်းပြေးရသူတွေရဲ့အတွေ့အကြုံနဲ့ယှဉ်ကြည့်ရင် မပြောပလောက်တဲ့ဒုက္ခမျိုးနဲ့ ကြုံတွေ့ခဲ့ရတဲ့ ကျွန်မတို့တောင် ဒီကနေ့အထိ မူလအခြေအနေပြန်ရောက်အောင် အတော်ကြိုးစားယူခဲ့ရပါတယ်။ ကျွန်မတို့ခြံထဲမှာရော၊ ပတ်ဝန်းကျင်တစ်ဝိုက်မှာပါ နှစ် ၅၀၊ ၆၀ ကျော် သစ်ပင်ကြီးတွေ အကိုင်းချင်းယှက်၊ အရွက်ချင်းဆက်ပြီးရှိခဲ့ရာက အခုဆိုရင် သစ်ကြီးဝါးကြီး မရှိသလောက်ပါဘဲ။ ဘယ်လောက်ထိပြုန်းတီးသွားသလဲဆိုရင် အမှတ်တမဲ့နေခဲ့မိတဲ့ အရပ်ရှစ်မျက်နှာမှာ အရင်ကမရှိခဲ့ဘူးလို့ ထင်ရတဲ့ တိုက်တာအဆောက်အအုံတွေ တွေ့မြင်နေရပါပြီ။ တခြားရပ်ကွက်တွေမှာလည်း ဒီနည်းအတိုင်း ဖြစ်ပါလိမ့်မယ်။ ဒီအသက်ဒီအရွယ်အထိ တစ်ခါမှမကြုံဖူးခဲ့တဲ့ လေမုန်တိုင်းကြီး မာန်ဖီချင်တိုင်း မာန်ဖီနေတာကြောင့် အိမ်ခေါင်ကယိုတဲ့မိုးရေ၊ လေမုန်တိုင်းအရှိန်နဲ့ မိုးရေတွေ တစ်အားကျုံးပက်သလိုခံရတဲ့အတွက် ပြတင်းပေါက်တွေနဲ့ စရွေးမကိုက်တဲ့နေရာတွေက ဒလဟောစီးဝင်လာတဲ့ရေတွေကို မနိုင်မနင်းသုတ်ရင်း “ဒါလောက်ပြင်းထန်တဲ့လေမုန်တိုင်း၊ ဒီခြံတစ်ခုတည်းမှာပဲ တိုက်နေပြီထင်တယ်”ဆိုတဲ့ ကလေးကလားအတွေးအခေါ်တွေတောင် ဝင်ခဲ့မိပါတယ်။ တစ်ညလုံး ဂါထာတော်တွေရွတ်လိုက်၊ ဝေနေယျသတ္တဝါတွေကို မေတ္တာပို့လိုက်၊ စီးဝင်လာတဲ့ရေတွေကို အဝတ်တွေနဲ့ပိတ်ဆို့လိုက်၊ ကြမ်းတိုက်လိုက်နဲ့ မေလ ၃ ရက်နေ့ အရုဏ်ကျင်းလို့ အလင်းရောင်လေးရလာချိန်ကျမှ စိတ်သက်သာရာရခဲ့ရပါတယ်။ လေကတော့ ကြမ်းဆဲပါပဲ။ အရုဏ်မတိုင်ခင်မှာလည်း လေအား ပျော့တော့မလိုလိုနဲ့ မလဲမပြိုသေးတဲ့သစ်ပင် အကြွင်းအကျန်တွေကို အရှိန်ကောင်းကောင်းနဲ့ တွန်းလှဲခဲ့ပါသေးတယ်။ ကျွန်မတို့ခေါင်မိုးက မဟုတ်ပေမယ့် ဘေးပတ်ဝန်းကျင်က သွပ်ပြားကွာသံ၊ လွင့်သံတွေကလည်း လေသံတွေကြားမှာ အဆက်မပြတ် ကြားနေရပါတယ်။ အလင်းရောင်ရမှာပဲ တစ်ညလုံး အိမ်ခေါင်မိုးကို ဆွဲခွာနေသလို ကြားခဲ့ရတဲ့ အသံတွေဟာ ဘာသံလဲဆိုတာ သိရပါတော့တယ်။

www.foreverspace.com.mm

အိမ်ရှေ့က သရက်ပင်ကြီးတစ်ပင် အိမ်ဘက်ယိုင်ကျနေတာ တွေ့ရပါတယ်။ အိမ်နဲ့သရက်ပင်ကြီး အလှမ်းနည်းနည်းကွာဝေးတာကြောင့် အကိုင်းဖျားတွေ အိမ်ရှေ့ဝရံတာပေါ်မှာ အုပ်မိုးထားတဲ့ နေကာ၊ ရေကာ (မိုးရေပါကာပေးပေမယ့် Sun Shade လို့ပဲ ခေါ်ကြပါတယ်။) ကိုခွပြီး အိမ်ဘက်ထိုးဝင်ရုံထိုးဝင်ခဲ့လို့ ကံကောင်းတယ်လို့ဆိုနိုင်ပါတယ်။ ဒါပေမဲ့ လေကြမ်းရမ်းတိုင်း Sun Shade ကို ဆွဲလှန်နေသံတွေ ထွက်ပေါ်လာခဲ့ပါတယ်။ ဒီကနေတစ်ဆင့် ခြံထဲလှမ်းကြည့်လိုက်တဲ့အခါ လမ်းမကြီးကိုအထင်းသားမြင်နေရပါတယ်။ လေမငြိမ်သေးဘဲ မိုးတွေရွာနေတဲ့ကြားက လမ်းမပေါ်မှာ လူတွေ သွားလာနေတာတွေ့ရပါတယ်။

မေလ ၃ ရက်နေ့ စနေနေ့ မွန်းလွဲပြီး လေမိုးငြိမ်သက်စပြုချိန်ရောက်မှ ဆာသလိုလိုရှိလာပါတယ်။ အရဏ်ဆွမ်းကပ်ဖို့ဆွမ်းချက်တိုင်း ကျွန်မတို့အတွက်ပါ ထမင်းချက်လေ့ရှိတာကြောင့် အဲဒီမနက်ကလည်း ဂက်စ်နဲ့ချက်ထားတဲ့ထမင်းရှိနေပါပြီ။ ရေပြတ်သွားပေမယ့် ၂ ရက်နေ့မနက်က အပြည့်ဖြည့်ထားတဲ့ ရေတိုင်ကီမှာ ရေရှိနေသေးတော့ ရေလိုသူတွေကိုပါ မျှနိုင်ခဲ့ပါတယ်။ ကျွန်မတို့ဆီမှာ နေ့စဉ်အချိန်ပိုင်းနဲ့ အလုပ်ကူလုပ်ပေးနေတဲ့ မိန်းကလေးကလည်း သူ့အိမ်ကိုပစ်ပြီး လေမိုးငြိမ်တာနဲ့ ကံဘဲ့ကနေ လမ်းလျှောက်လာရှာပါတယ်။ အဲဒီတုန်းက ဒုက္ခရောက်လိုက်တာလို့ ညည်းညူမိခဲ့ပေမယ့် အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ စားစရာမရှိ၊ သောက်စရာရေမရှိ၊ ပင်လယ်ဆားငန်ရေ ပတ်လည်ဝိုင်းနေတဲ့နေရာမှာ တကယ်ပဲ 'ဒုက္ခပင်လယ်ဝေ'ခံကြသူတွေနဲ့စာရင် ကျွန်မတို့တစ် တွေဒုက္ခကြားက အဆင်ပြေအောင် နေနိုင်ခဲ့ကြပါတယ်။

တစ်ခြံလုံးသစ်ပင်တွေလဲ၊ သစ်ကိုင်းတွေကျိုးနဲ့ စုံတောမြိုင်ထဲရောက်နေသလိုထင်ရပေမယ့် မမောနိုင်သေးပါ။ အကူမိန်းကလေးအိမ်မှာ မောင်နှမသားချင်းထဲက အသက် ၂၀ ဝန်းကျင် လူငယ်ခြောက်ယောက်၊ ခုနစ်ယောက်လောက်ရှိပြီး ၄၀ ကျော် အမျိုးသား ငါးယောက်လောက်ရှိတာကြောင့် ကျွန်မတို့ခြံရှင်းဖို့ အတော်လုံလောက်နေပါတယ်။ ခြံပြင်ကလမ်းကလေးကတော့ ကျွန်မတို့ရပ်ကွက်တစ်ခုလုံးနဲ့ သက်ဆိုင်နေပါတယ်။ အဲဒီလမ်းလေးပေါ်မှာလည်း သစ်ပင်သစ်ကိုင်းတွေနဲ့ ပိတ်ဆို့နေပါတယ်။ ကျွန်မတို့က ခြံထဲကသစ်ကိုင်းတွေရှင်းထုတ်ဖို့ ကြိုးစားနေဆဲမှာပဲ ခြံပြင်လမ်းလေးပေါ်မှာ အသစ်အသစ်သော သစ်ကိုင်းပုံတွေရော၊ အိမ်တွေမှာ အနှစ်နှစ်အလလပုံထားတဲ့ ပစ္စည်းအလေအလွင့်တွေ၊ မီးဖိုဆောင်က အမှိုက်သရိုက်နဲ့ အစားအသောက်အကြွင်းအကျန်တွေရောနေရာယူထားပြီးပါပြီ။ ဒါလောက်နဲ့ မပြီးသေးပါဘူး။ ခွေးသေကောင်ပုပ်လည်း ပါပါသေးတယ်။ ကိုယ့်အိမ်ကခွေးလေး သေတာပဲ ခြံထဲမှာ မြေကြီးတူးပြီး မြှုပ်လိုက်ရင်မကောင်းပါလား။ ကျွန်မတို့အိမ်က လမ်းကလေးနဲ့လမ်းမကြီး ဦးတိုက်နေတဲ့နေရာမှာ ထိပ်ဆုံးကအိမ်ဆိုတော့ ပုံသမျှအမှိုက်မျိုးစုံရဲ့ အနံ့မျိုးစုံ လွှမ်းမိုးနေပါတယ်။ လမ်းတစ်ဖက်အရှေ့အိမ်က ကုမ္ပဏီတစ်ခုကိုငှားထားတဲ့အိမ်ပါ။ မုန်တိုင်းမကျခင်လေးမှာ ကုမ္ပဏီက တခြားပြောင်းသွားလို့ အိမ်လွတ်နေပေမယ့် စွန့်ပစ်စရာတွေက အိမ်ထဲမှာရော နံဘေးက ဂိုဒေါင်ထဲမှာပါ အပြည့်ဖြစ်ပါလိမ့်မယ်။ မုန်တိုင်းအပြီး လမ်းမပေါ်



www.foreverspace.com.mm

မှာ သစ်ပင်သစ်ကိုင်းတွေ ရှုပ်ပွနေချိန်မှာ မုန်တိုင်းနဲ့ ဘာမှမပတ်သက်တဲ့ ပစ္စည်းအစုတ်အပြတ်တွေ ခြံပြင်လွင့်ပစ်နေတာကို မြင်ရတော့ စိတ်ပျက်မိပါတယ်။ ကျွန်မတို့ ရပ်ကွက်လမ်းလေးရှင်းဖို့ ငွေစုကြရပါတယ်။ ဒီလမ်းကလေးထဲမှာ ဒီလူတွေနဲ့ နေ့စဉ်ဆိုသလို ထိတွေ့နေရပေမယ့် နာဂစ်မုန်တိုင်းမှာ အတွင်းသဘော ပိုပြီးပီပီပြင်ပြင်တွေ့လာရပါတယ်။ သစ်ကိုင်းခြောက်တွေ၊ သစ်တုံးတွေ လမ်းလေးပေါ် ထွက်ပုံပြန်တော့လည်း လွတ်တဲ့နေရာ ပုံမရပြန်ပါဘူး။ ဒီအပိုင်းက သူနဲ့ဆိုင်တယ်၊ ဒီနေရာက ကိုယ့်အိမ်ရှေ့ကျတယ်၊ မော်တော်ကားထွက်ရင် မလွတ်မှာစိုးရတယ် စသည် စသည်ဖြင့် မုန်တိုင်းထက်ပြင်းထန်တဲ့အတ္တစိတ်တွေကြောင့် ပုံပြီးသားသစ်ကိုင်းသစ်တုံးတွေကို ပြန်ရွှေ့ရတဲ့အဖြစ်တွေလည်း ရှိခဲ့ပါတယ်။

ကျွန်မတို့ခြံထဲက ယိုင်နေတဲ့သစ်ပင်တွေ ပြန်ပြီးရှင်လိုရှင်ငြား ပြုစုပျိုးထောင်ပေးခဲ့လို့ ပင်စည်မကြီးလှသေးတဲ့ တမာပင်၊ ဒန့်သလွန်၊ ဇီးဖြူ၊ ရိုးလှသန္တာ (ဆိတ်ဖလူးပင်)၊ စွယ်တော်၊ သနပ်ခါးပန်း စတဲ့အပင်တွေကို ပြန်ရှင်ကြပါတယ်။ လုံးလုံးလဲကျသွားတဲ့အပင်တွေရဲ့ အကိုင်းအလက်တွေကို ကံဘဲ့ကလူငယ်တစ်သိုက် ခုတ်ပိုင်းနိုင်ကြပေမယ့် ထက်ပိုင်းပြတ်သွားပြီး ကျိုးကျသွားတဲ့အပင်တွေရယ်၊ Sun Shade ကို ခွပြီး အိမ်ထဲထိုးဝင်နေတဲ့ သရက်ပင်ကြီးရယ်၊ ရေကန်ထဲစိုက်နေတဲ့ သရက်ပင်ကြီးတွေရယ်၊ ယိုင်သွားတဲ့အုန်းပင်၊ ကွမ်းသီးပင်တွေကျတော့ ကံဘဲ့ကလူငယ်တွေ မကိုင်တွယ်တတ်ကြပါ။ သူတို့တစ်တွေနဲ့ ပြန်ရှင်နိုင်သမျှ သစ်ပင်၊ ပန်းပင်တွေပြန်ပြီးရှင်သန်အောင် မြေတောင်မြှောက်ပေးခဲ့ကြပါတယ်။ အဲဒီလို ကြိုးစားဆောင်ရွက်နေကြတုန်း Agencies သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရပါတယ်။ Amsterdam မြို့က လာတဲ့သတင်းတစ်ပုဒ်ပါ။ Dutch အစိုးရအရာရှိများနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဝင်များဟာ သစ်ပင်တစ်ပင်ခုတ်ရေး၊ မခုတ်ရေးကို အကြောင်းပြုပြီး တရားရုံးတော်တက်ရတဲ့အထိ အငြင်းပွားခဲ့ကြပါတယ်။ တရားရုံးတော်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဝင်တွေကို အမှုအနိုင်ပေးခဲ့တဲ့အတွက် ပြဿနာတက်ခဲ့ရတဲ့သစ်ပင်ကြီး နောက်ထပ် ၁၅ နှစ်ကြာ အသက်ရှည်ဦးမယ်လို့ Agencies သတင်းမှာ ဖော်ပြထားပါတယ်။ ဘယ်လောက်တန်ဖိုးကြီးတဲ့ အပင်ကြီးပါလိမ့်။ ဒါမှမဟုတ် ကမ္ဘာနဲ့ချီပြီး ရှားပါးတဲ့အပင်ကြီးများဖြစ်နေလေမလားလို့ စဉ်းစားစရာပါပဲ။ အဲဒီအပင်ကြီးဟာ ဒုတိယကမ္ဘာစစ်အတွင်း နာဇီ(Nazis)တို့ရဲ့ အဖမ်းအဆီးအန္တရာယ်ကလွတ်မြောက်အောင် နယ်သာလန်နိုင်ငံ Amsterdam မြို့မှာပုန်းအောင်းနေရတဲ့ Anee Frank မိသားစု နေထိုင်ခဲ့တဲ့ နေအိမ်နားက ဝေသိန္နီပင်လို့လည်းခေါ်တဲ့ ရေမျှောပင် (Horse Chestnut) ပဲဖြစ်ပါတယ်။ အဲဒီသစ်ပင်ကြီးဟာ သက်တမ်းအတော်ကြီးပြီး ဟန့်တားနိုင်ခြင်းမရှိတော့တဲ့ ရောဂါပိုးလည်းကျနေပြီမို့ ဒတ်ချ်အစိုးရ အရာရှိတွေက ခုတ်လှဲလိုကြပါတယ်။ အပင်ကြီးကို အခုနေမခုတ်လှဲရင် အပင်ကြီး မတော်တဆလဲတဲ့အခါ Anne Frank မိသားစု ပုန်းခိုနေခဲ့တဲ့ လျှို့ဝှက်တိုးချဲ့ဆောင်ပေါ်ပိသွားမှာ အရာရှိတွေ စိုးရိမ်ပူပန်ခဲ့ကြပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဝင်တွေနဲ့ Anne Frank သစ်ပင်ဆက်လက်ရှင်သန်ရေးဖောင်ဒေးရှင်း (Support Anne Frank Tree Foundation) တို့ပူးပေါင်းပြီး ရုံးတော်ကို ဦးတိုက်လျှောက်တဲ့အခါ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလအတွင်း ရုံးတော်က သူတို့ကို အနိုင်ပေးခဲ့ပါတယ်။ အဲဒီလို အနိုင်ပေးလိုက်ပြန်တော့လည်း စောစောပိုင်းက သစ်ပင်ကြီးခုတ်မှဖြစ်မယ်လို့ ဆုံးဖြတ်ခဲ့ကြတဲ့ အစိုးရပိုင်းက သဘောထားကြီးကြီးနဲ့ ဒေသခံတွေ၊ Anne Frank ပြတိုက်ထိန်းသိမ်းရေးအဖွဲ့တို့ကိုပါဆော်ဩပြီး ရုံးတော်မှာ အမှုဆိုင်ခဲ့တဲ့အဖွဲ့တွေနဲ့အတူ ဒီနှစ်ဆန်းပိုင်းက ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါတယ်။ ဒီကြေညာချက်အရ သူတို့အားလုံး သက်တမ်း ၁၅၀ ကျော်နေပြီဖြစ်တဲ့ အပင်ကြီးပတ်ပတ်လည်မှာ ခိုင်ခံ့တဲ့အကာအရံနဲ့ ဘောင်ခတ်ပေးဖို့ သဘောတူကြောင်း လက်မှတ်ရေးထိုးကြပါတယ်။ အဲဒီလိုလုပ်ပေးလိုက်ရင် သစ်ပင်ကြီးဟာ အနည်းဆုံး နောက်ထပ် ငါးနှစ်ကနေ ၁၅ နှစ် သက်တမ်းရှည်လိမ့်ဦးမယ်လို့ ဆိုကြပါတယ်။ ရေရှည်စီမံကိန်းရေးဆွဲပြီး အပင်ကြီးအခြေအနေနဲ့ အန္တရာယ်ကင်းရှင်းရေးအတွက် အနီးကပ်စောင့်ကြည့်အရေးယူ ဆောင်ရွက်သွားကြမယ်လို့လည်း သဘောတူကြပါတယ်။ သမိုင်းကြောင်းမပျောက်ပျက်အောင် ထိန်းသိမ်းကြတဲ့ လုပ်ရပ်ပါ။

Annelies Marie Anne Frank ဟာ ဂျာမနီနိုင်ငံ Frankfurt ဇာတိ ဂျူးနွယ် ဖွားကလေးမလေးဖြစ်ပါတယ်။ နာဇီတွေ အင်အားကောင်းလာပြီး ဂျူးလူမျိုးတွေကို ဖမ်းဆီးသုတ်သင်ခဲ့တာကြောင့် Anne တို့မိသားစုလေးဦး နယ်သာလန်နိုင်ငံ Amsterdam မြို့ကို တိမ်းရှောင်ခဲ့ရပါတယ်။ ဂျာမန်တွေ နယ်သာလန်နိုင်ငံကို ဝင်သိမ်းပြန်တဲ့အခါ Anne တို့မိသားစုလေးယောက်ဟာ ဖခင်ရဲ့ ရုံးအဆောက်အအုံနဲ့ တွဲပြီးဆောက်ထားတဲ့ လျှို့ဝှက်တိုးချဲ့ဆောင်မှာ ပုန်းအောင်းနေထိုင်ခဲ့ရပါ တယ်။ နောက်ပိုင်း မိတ်ဆွေလေးယောက် လာပေါင်းပြီး ခိုလှုံခဲ့ပါတယ်။ Anne အဲဒီလိုပုန်းခိုရင်း နေ့စဉ်မှတ်တမ်းဒိုင်ယာရီ ရေးသားခဲ့ပါတယ်။

Anne ဟာ လျှို့ဝှက်တိုးချဲ့ထပ်ခိုးခန်းမှာ ပုန်းခိုနေရင်း ရေးသားခဲ့တဲ့ဒိုင်ယာရီမှာ နာမည်ကျော်ရေမျှောပင်ကြီး (Horse Chestnut) အကြောင်း အကြိမ်များစွာ ရေးသားမှတ်တမ်းတင်ခဲ့ပါတယ်။ Anne တို့မိသားစု ၁၉၄၄ ခုနှစ်မှာ နာဇီတွေရဲ့ ဖမ်းဆီးတာ ခံခဲ့ရပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးပြီးခါနီး ၁၉၄၅ ခုနှစ်မှာ Anne ဟာ နာဇီအကျဉ်းစခန်းအတွင်း သေဆုံးခဲ့ပါ

www.foreverspace.com.mm

တယ်။ Anne တို့ မိသားစုအဖမ်းခံရစဉ်က Anne ရဲ့ ဒိုင်ယာရီမှတ်တမ်းဟာ သူတို့ ပုန်းခိုနေတဲ့ လျှို့ဝှက်ထပ်ခိုးမှာ ကျန်ရစ်ပါတယ်။ Anne တို့ရဲ့မိတ်ဆွေတစ်ဦးက ရှာတွေ့ပြီး လုံလုံခြုံခြုံသိမ်းထားပါတယ်။ စစ်အပြီးမှာ Anne ရဲ့ ဖခင်ကြီး Mr. OTTO FRANK လက်ထဲ ရောက်ရှိခဲ့ပါတယ်။ စစ်အတွင်း Anne တို့ညီမနှစ်ယောက်နဲ့မိခင် သေဆုံးခဲ့ပါတယ်။ သေဆုံးချိန်မှာ Anne ဟာ အသက် ၁၆ နှစ်သာ ရှိပါသေးတယ်။

Anne ရဲ့ ဖခင်ကြီးက ဒတ်ချ်ဘာသာနဲ့ ရေးသားခဲ့တဲ့ Anne ရဲ့ ဒိုင်ယာရီမှတ်တမ်းကို စာအုပ်အဖြစ် စုစည်းပုံနှိပ်ထုတ်ပေခဲ့ပါတယ်။ "The Diary of a Young Girl" အမည်နဲ့ အုပ်ရေ ၂၅ သန်းကျော်ရောင်းချခဲ့ရတဲ့ Anne ရဲ့ ဒိုင်ယာရီမှတ်တမ်းစာအုပ်ကို ဘာသာပေါင်း ၅၀ ကျော် ပြန်ဆိုထုတ်ဝေခဲ့ပြီးပါပြီ။ ကျွန်မတို့ဆီမှာလည်း လူသိများတဲ့စာအုပ်တစ်အုပ်ဖြစ်ပါတယ်။

"Anne ရဲ့ အဲဒီဒိုင်ယာရီမှတ်တမ်းထဲက Horse Chestnut ပင်ကြီးဟာ သာမန်အပင်မဟုတ်ပါဘူး။ ဂျူးလူမျိုးတွေ နှိပ်ကွပ်ခံခဲ့ရမှုကို ရောင်ပြန်ဟပ်ပေါ်လွင်စေတဲ့ အပင်ကြီးပါပဲ" လို့ Support Anne Frank Tree Foundation အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ Arnold Heertie က ပြောပါတယ်။ ဒီသစ်ပင်ကြီးမှာ နှစ်ပေါင်းများစွာကတည်းက မှိုစွဲပိုးထိုးနေတယ်လို့သိရပါတယ်။ အခုတော့ သက်ဆိုင်ရာအစိုးရပိုင်းနဲ့လည်း တရားရေးအရ အနိုင်ရရှိပြီး သဘောတူညီမှုလည်း ရရှိပြီးတာကြောင့် ၂၇ တန် အလေးချိန်ရှိပြီး ထီးထီးကြီး မြင့်မားလှတဲ့အပင်ကြီးကို အစိုးရလက်ထဲကနေ Foundation က လက်လွှဲယူလိုက်ပြီ ဖြစ်ပါတယ်။ သစ်ပင်ကြီးကို ဘောင်ခတ်ပေးဖို့ လိုအပ်တဲ့ယူရိုငွေ ၅၀,၀၀၀ (အမေရိကန်ဒေါ်လာ ၇၃,၀၉၀) ကိုလည်း Foundation က တာဝန်ယူ ကောက်ခံပေးတယ်လို့သိရပါတယ်။ သူတို့နိုင်ငံတွေမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအရေးကြီးပုံနဲ့ သစ်ပင်တန်ဖိုးရှိပုံတို့ကို ရှေ့တန်းတင်ထားလိုက်ကြတာ အားကျစရာပါ။ ကျေနပ်အားရစရာပါ။

ကျွန်မတို့ခြံထဲမှာတော့ မုန်တိုင်းကြောင့် လဲကျကျိုးကျသွားတဲ့အပင်ငယ်လေးတွေကို ရသမျှပြန်စိုက်ပြီးသွားပါပြီ။ ဒါပေမဲ့ အပင်ကြီးတွေအပိုင်း ကျန်ပါသေးတယ်။ အုန်းပင်က လေဒဏ်ခံနိုင်တယ်လို့ ဆိုပေမယ့် ပြင်းထန်လွန်းတဲ့လေကြောင့် ကျိုးမကျတာတောင် ခပ်ယိုင်ယိုင်ဖြစ်သွားတဲ့အပင်တွေ လှဲရမှာဖြစ်ပါတယ်။ ကွမ်းသီးပင်တချို့လည်း ထိုနည်းတူပါပဲ။ Sun Shade နဲ့ ညှပ်နေတဲ့သရက်ပင်ကြီးကိုလည်း ဘယ်သူမှ မရှင်းရဲပါ။ ရေကန်ထဲစိုက်ကျနေတဲ့ သရက်ပင်တွေကြောင့် ရေကန်ထဲကငါးတွေ အတော်များများလည်း သေကုန်ပါတယ်။ သစ်ရွက်တွေပုပ်ပြီး ရေညစ်ညမ်းသွားလို့ပါပဲ။ ကျွန်မတို့ခေါ်ထားတဲ့ လူငယ်လေးတွေ အဲဒီလဲကျနေတဲ့ သရက်ပင်တွေပေါ်ခွထိုင်ရင်း အကိုင်းတွေ ဖြတ်ကြပါတယ်။ ရေထဲမှာစိုက်နေတဲ့ အပင်ကြီးတွေကို ဆွဲထုတ်နိုင်ဖို့ နေနေသာသာ သစ်ကိုင်းတွေဖြတ်ဖို့တောင် ခဲယဉ်းနေကြပါတယ်။ ဒီအတိုင်းဆိုရင်တော့ နေ့တွက်လုပ်အားခနဲ့ပဲ ကျွန်မတို့ရှေ့ဆက် အလုပ်တွင်ကျယ်ဖို့ ခက်ပါလိမ့်မယ်။

အလုံဘက်မှာ ကျွန်မတို့နဲ့ ညီမအရင်းအချာတွေလိုဖြစ်နေတဲ့ ဆရာဝန်မကြီးတစ်ယောက် နေပါတယ်။ ဆရာဝန်မကြီးအိမ် တစ်ရက်အလည်သွားတော့ ဧည့်ခန်းထောင့်တစ်နေရာမှာ ကရင်အမျိုးသားတစ်ဦးထိုင်နေပါတယ်။ ဆရာဝန်မကြီးက မိတ်ဆက်ပေးပါတယ်။ "သန်းသန်းနု သူ့ကို မှတ်ထားနော်၊ သူ့နာမည်က ဦးဝင်းကြည်၊ သစ်ပင်ခုတ်တဲ့နေရာမှာတော့ ပထမတန်းပဲ။ မခုတ်သင့်ရင်မခုတ်ဘူး၊ စိတ်လည်းချရတယ်။ မမနဲ့သိနေတာ နှစ် ၂၀ လောက်ရှိနေပြီ"။ ကျွန်မလည်း မှတ်ထားလိုက်ပါတယ်။ "လိုအပ်ရင် ဆရာဝန်မကြီးကတစ်ဆင့် အကြောင်းကြားလိုက်ပါ့မယ်" လို့ ပြောလိုက်ပါတယ်။ "ခင်ဗျားတို့နေတဲ့ဘက်တွေ ကျွန်တော်မသိဘူး။ ကျွန်တော်က ဒီအရပ်တွေမှာပဲ ကျွမ်းကျင်တယ်။ ခေါ်ချင်တဲ့အခါ လာခေါ်လိုက်ပေါ့" လို့ ဦးဝင်းကြည်ဆိုသူက ခပ်ပြတ်ပြတ်ပြန်ပြောပါတယ်။

အကြောင်းကြီးငယ်မရှိတော့ ကျွန်မတို့လည်း မခေါ်ဖြစ်ပါ။ အခုလေမုန်တိုင်းကျပြီး သစ်ပင်တွေကျိုးကျ၊ လဲကျမှပဲ ဦးဝင်းကြည်ကို သတိရမိပါတယ်။ ဆရာဝန်မကြီးဆီသွားပြီး ဦးဝင်းကြည် ဘယ်လိုခေါ်ရမလဲလို့ မေးလိုက်ပါတယ်။ ဦးဝင်းကြည်က ဆရာဝန်မကြီးအိမ် လေး၊ ငါးလတစ်ကြိမ် အလုပ်ရှိ၊ မရှိ မေးဖို့ရောက်လာတတ်တာကြောင့် ဆရာဝန်မကြီးက ဦးဝင်းကြည်အိမ် မမှတ်မိတော့ပါ။ "မမ သူ့အိမ်နောက်ဆုံးရောက်တာ ၁၅ နှစ်လောက်ရှိနေပြီ။ အလုံ သစ်တောဝင်းထဲမှာလား၊ အဲဒီနားက ရပ်ကွက်ထဲမှာလား။ မမှတ်မိတော့ဘူး။ အခုမုန်တိုင်းကျထားတော့ သူတို့တဲလေးတွေလည်း ပျက်လောက်တယ်။ ဟိုဘက်လမ်း ဈေးထိပ်က အုန်းသီးဆိုင်မှာမေးရင်ရ တယ်လို့တော့ တစ်ခါပြောဖူးတယ်။ မမလည်း လိုက်ပြီးမေးပေးမယ်" ဆိုပြီး ကျွန်မနဲ့လိုက်လာပါတယ်။ အုန်းသီးဆိုင်ရှင်က ဦးဝင်းကြည်တို့ရပ်ကွက် မုန်တိုင်းထဲပါသွားလို့ သုံးလမ်းကျော်က ဘုန်းတော်ကြီးကျောင်းမှာ ပြောင်းနေကြရတယ်လို့ ပြောပြပါတယ်။ ဘုန်းကြီးကျောင်းရောက်တော့ ကလေးတွေ ၁၀ ယောက်၊ ၁၂ ယောက်လောက် ပြေးထွက်လာပြီး ကျွန်မတို့မော်တော်ကားကို ဝိုင်းထားကြပါတယ်။ ဒီကလေးတွေဟာ ဦးဝင်းကြည်တို့ ရပ်ကွက်ကရော၊ တခြားရပ်ကွက်တွေကပါ နေစရာမရှိတော့လို့ လာပြီးခိုလှုံနေကြတဲ့ မိသားစုတွေရဲ့ ကလေးတွေပါ။ ကျွန်မတို့ ဘာကိစ္စနဲ့လာကြသလဲဆိုတာ တစ်ယောက်တစ်ပေါက် စပ်စုကြပါတယ်။ ဦးဝင်းကြည်ကို မသိတဲ့ကလေးတွေမရှိပါ။ တချို့ကလေး

www.foreverspace.com.mm

တွေကျတော့လည်း သူတို့နဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းဆိုသလို "ဝင်းမိုးထက် အဘိုးမဟုတ်လား၊ ဝင်းမိုးက အရပ်ပုပု၊ အ သားနည်းနည်းညိုတယ်လေ"၊ "အောင် အောင်ရဲ့အဘိုးမဟုတ်လား၊ အရပ်သိပ်မ ရှည်ဘူးလေ၊ ကြိုးထုံးကြီးတစ်ထုံးလည်း သူ့လက်ထဲမှာ အမြဲကိုင်ထားတယ်လေ" စသည်စသည်ဖြင့် မေးလိုက်၊ ပြောလိုက်နဲ့ ဆူညံနေပါတယ်။ ဧည့်သည်လာလို့ ပျော် နေကြပုံလည်းရပါတယ်။ သူတို့မိဘတွေ လို့ထင်ရပါတယ်။ ဟိုတစ်စု၊ ဒီတစ်စု ထ မင်းဟင်း ချက်နေကြပါတယ်။ နောက်ဆုံး ဦးဝင်းကြည် ရှာပုံတော်မှာ အဖြေရရှိသွား ပါတယ်။ ဦးဝင်းကြည်တို့မိသားစု ဘယ် ကိုမှမပြောင်းရွှေ့ဘဲ သူတို့နေအိမ်မှာပဲ ဆက်နေကြပါတယ်တဲ့။

နောက်ဆုံးတော့ ကလေးတွေပြောပြ လိုက်တဲ့လိပ်စာအတိုင်း သွားလိုက်တာ ဦးဝင်းကြည်တို့အိမ်ကို ရောက်သွားပါ တယ်။ အိမ်ကိုရောက်သွားတယ်ဆိုပေမယ့် အိမ်ရှေ့အထိသွားနိုင်တာ မဟုတ်ပါဘူး။ မော်တော်ကားသွားဖို့မပြောနဲ့၊ လမ်း လျှောက်သွားရတာတောင် အတော်ခက်တဲ့ နေရာပါ။ အိမ်အမိုးလွင့်တဲ့အိမ်တွေ များပါ တယ်။ တစ်အိမ်လုံးပြိုနေတာရှိသလို 'တိုင်' လောက်ပဲကျန်တော့တဲ့အိမ်တွေလည်းရှိပါ တယ်။ ကျွန်မတို့ ယာဉ်မောင်းသူငယ်လေး ဦးဝင်းကြည်အိမ်ရှာတွေ့သွားပါတယ်။ ဦး ဝင်းကြည်အိမ်မှာမရှိပါ။ နောက်ဆုံး ဆရာ ဝန်မကြီးအိမ် အရှေ့ဘက် တစ်လမ်းကျော် က ခြံကြီးတစ်ခြံမှာ သစ်ပင်တွေ ခုတ်ပိုင်း နေတာတွေ့ရပါတယ်။ ကောင်းကောင်း ကျန်းမာပုံလည်း မရပါ။ ဆရာဝန်မကြီးက နောက်တစ်ရက် ကျွန်မတို့အိမ်မှာ သစ်ပင် တွေရှင်းပေးဖို့ ပြောပါတယ်။ ဦးဝင်းကြည် က သူဖျားနေတဲ့အကြောင်းပြောပြီး "မနက် ဖြန် အိမ်မှာလာခေါ်လိုက်ပါ။ မနက် ၈ နာ ရီခွဲလောက်ရောက်ရင်ကောင်းတယ်။ ဒါနဲ့ အလုပ်ဘယ်လောက်များသလဲ" လို့ မေးပါ တယ်။ ကျွန်မက သူ့ဆီကလိုအပ်တဲ့ ဝန် ဆောင်မှုတွေအကြောင်းပြောပြတော့ အား လုံးသဘောတူပေမယ့် ရေကန်ထဲစိုက်နေ တဲ့သရက်ပင်တွေခုတ်ပြီး ရေထဲကဆယ် ပေးဖို့ကိစ္စကိုတော့ ငြင်းပါတယ်။ "ဘာဖြစ် လို့လဲ" မေးတော့ "ကျွန်တော်က လဲပြီးတဲ့ သစ်ပင် မခုတ်ဘူး" လို့ ခပ်ပြတ်ပြတ်ဖြေပါ တယ်။ ဆရာဝန်မကြီးက ကြားဝင်ပြီး "မနက်ဖြန် လိုက်ကြည့်လိုက်ပါဦး။ ဦးဝင်း ကြည်ကို တကူးတကလာခေါ်နေတာပဲ။ သူကဘယ်သူလဲ သိသလား" လို့ မေးပါ တယ်။ "ကျွန်တော်က ဘယ်လိုလုပ်ပြီး သိ မှာလဲ" လို့ ရိုးရိုးသားသားဖြေရှာပါတယ်။

နောက်တစ်နေ့မနက် ဦးဝင်းကြည် ရောက်ချိန်မှာ ကျွန်မတို့ခြံရှင်းပေးနေတဲ့ သူ ငယ်လေးတွေ ရေကန်ထဲစိုက်ကျနေတဲ့ သ ရက်ပင်စည်ပေါ်ခွထိုင်ကြပြီး ထုံးစံအတိုင်း အကိုင်းခြိုင်ရင်း ရေထဲပြုတ်ကျရင်း ဖြစ်နေ ပါတယ်။ ဦးဝင်းကြည် အဲဒီအပင်တွေကို တစ်ချက်မှလှည့်မကြည့်ပါ။ အရင်ဆုံး Sun Shade နဲ့ငြိပြီး အိမ်ထဲဝင်နေတဲ့ သရက်ပင် ကြီးကို ခုတ်ပါတယ်။ အကိုင်းဖျားအထိ တက်ရမယ့်ကိစ္စပါ။ ပထမပင်စည်ကြီး ခုတ် ချိန်မှာ အိမ်နဲ့လွတ်အောင် လမ်းကြောင်း လွှဲပေးဖို့လိုပါတယ်။ သူ့မှာပါလာတဲ့ ကြိုး ထုံးကြီးနဲ့ပင်စည်ကိုချိပြီး ခပ်လှမ်းလှမ်းက အုန်းပင်မှာ ချည်လိုက်ပါတယ်။ အဲဒီက

**စာရေးသူ၏ ကိုယ်ရေးအကျဉ်း**

**အမည်ရင်း** – သန်းသန်းနု

**မိဘ** – ဦးနု(ဝန်ကြီးချုပ်ဟောင်း)–ဒေါ်မြရီ

**မွေးသက္ကရာဇ်** – ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

**ပညာအရည်အချင်း**– ၁၉၆၄–၆၈ စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရ။

**အလုပ်အကိုင်** – ၁၉၈၀ ခုနှစ်မှ ၂၀၀၃ အထိ အိန္ဒိယနိုင်ငံ All India Radio (AIR) နိုင်ငံပိုင်အသံလွှင့်ဌာနတွင် ဘာသာပြန်/အသံလွှင့် သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဇူလိုင်လ တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

**စာပေလောကဝင် ရောက်သည့်နှစ်** – ၂၀၀၇ ခုနှစ်တွင် ပြည့်စုံစာပေမှ မျက်စိအကြောင်းသိ ကောင်းစရာ ဘာသာပြန်စာအုပ်ထုတ်ဝေခဲ့။ ကလောင် အမည် သန်းသန်းနုဖြစ်ပြီး ယခု မြသန်းသန်းနု ကလောင် အမည်ထားရှိ။

**ခင်ပွန်း** – ဦးအောင်ငြိမ်း

သားနှစ်ဦးရှိရာ မောင်ရှိန်မင်း (MBA) (အမေရိကန်ပြည် ထောင်စု လော့စ်အိန်းဂျလိစ်မြို့ အစိုးရဌာနတွင် Management Administrator အဖြစ် တာဝန်ထမ်းဆောင်နေ) နှင့် ဒေါက်တာအောင်စည် Ph.D (NEURO SCIENCES) RESEARCHER, AUSTRALIAN NATIONAL UNIVERSITY CANBERRA တို့ဖြစ်။

www.foreverspace.com.mm

တစ်ဆင့် အကိုင်းဖျားတွေဆီရောက်တဲ့အခါ ခပ်ကြီးကြီးအကိုင်းတွေကို တစ်ကိုင်းချင်း ကြိုးချည်ပါတယ်။ ဦးဝင်းကြည် သစ်ပင်အတက်အဆင်းလုပ်တာပေါ့ပါးပြီး ပညာသားပါလှသလို အကိုင်း၊ ပင်စည်တွေကို ကြိုးချည်ပုံ၊ Angle ယူပုံကလည်း ပညာသားပါလှပါတယ်။ ကြိုးချည်ပြီး အကိုင်းတွေကို ခုတ်ချတဲ့အခါ အကိုင်းတွေ မြေပေါ်ပြုတ်မကျဘဲ ပင်မကြီးကနေ တွဲလဲကျနေတာ ကြည့်လို့တောင်ကောင်းနေပါတယ်။ ဦးဝင်းကြည် သစ်ပင်ကြိုးချည်ပုံ၊ သစ်ပင်တက်ပုံတို့ကို မြင်ရသူတိုင်း ရပ်မကြည့်ဘဲမနေနိုင်လောက်အောင် ထူးခြားလှပါတယ်။ လေမုန်တိုင်းဒဏ်ကြောင့် အလက်တွေအားလုံး ပြုတ်ကျပြီး၊ အတွင်းမှာ ပုပ်သွားတဲ့အိမ်နံဘေးက အုန်းဘီလူးပင်ကြီးကိုဖြစ်ဖြစ်၊ အချိန်မရွေးလဲကျပြီး အုတ်တံတိုင်းပြိုစေနိုင်တဲ့ အုန်းပင်အမြင့်ကြီးတွေကိုဖြစ်ဖြစ် ခုတ်ပိုင်းတဲ့နေရာမှာလည်း အံ့ဩလောက်ပါတယ်။ ကြိုးနဲ့တွဲပြီး တစ်ဖြတ်ချင်းခုတ်ရပါတယ်။ အုန်းပင်မှာ ခွထိုင်နေပုံကလည်း သားရေဆိုဖာ (Leather Sofa) အိအိလေးပေါ် သက်သောင့်သက်သာထိုင်နေသလိုပါပဲ။ ရှေ့တစ်ရက်ကဖျားတဲ့အခံရှိနေတော့ အိမ်ရောက်ချိန်မှာ မျက်တွင်းချိုင့်ပြီး ပင်ပန်းနေပုံရပါတယ်။ "အလုပ်လုပ်လို့ဖြစ်ပါ့မလား" လို့မေးတဲ့အခါ "ဘာကြောင့်မဖြစ်ရမှာလဲ" လို့ ပြန်ဖြေပါတယ်။ အလုပ်မစခင် လက်ဖက်ရည်ပူပူနဲ့ မုန့်ကျွေးရင်း၊ ပါရာစီတမောလ်နဲ့ ဗိုက်တာမင် C ပါတဲ့ B-Complex အားဆေးတစ်တောင့်ပါ တိုက်လိုက်ပါတယ်။ ဦးဝင်းကြည်က သူ့သားနဲ့မြေးပါ အဖော်ခေါ်လာပေမယ့် အဓိကအလုပ်တွေ သူပဲဦးဆောင်လုပ်ပါတယ်။ အာဟာရချို့တဲ့ပေမယ့် သွက်လက်ပေါ့ပါးတယ်။ ကိုယ့်အားကိုယ်ကိုးသူဖြစ်တယ်။ နေ့လယ်ထမင်းစားချိန်ရောက်တော့ "ဆရာမကို ကျေးဇူးတင်တယ်။ ဆေးသောက်ပြီး နေကောင်းသွားပြီ" လို့ပြောပါတယ်။ အဘက်ဘက်က ချို့တဲ့တော့လည်း ခန္ဓာကိုယ်မှာ အဆီအသားခန်းခြောက်နေပါတယ်။ အားဆေးမသောက်ဖူးတာကြောင့် ဆေးမယဉ်သေးဘဲ တစ်လုံးတည်းနဲ့ ထိရောက်သွားပုံရပါတယ်။ ဦးဝင်းကြည်က အနေအထိုင်အစားအသောက်ချို့တဲ့မှုကြောင့် အဘိုးကြီးရုပ်ပေါက်နေပေမယ့် ကျွန်မထက် အသက်ငယ်ပါလိမ့်မယ်။ နေ့လယ်ခဏနားအပြီး ရေကန်ထဲကသရက်ပင်ကြီးတွေ ကြိုးစားခုတ်ဖြတ်နေကြတဲ့ကလေးတွေနားသွားပြီး "မင်းတို့ ဒါလောက်လူများများနဲ့ ဘာအလုပ်မှလဲမပြီးဘူး။ ဘယ်နှရက်ရှိပြီလဲ" လို့ မေးရင်း ဦးဝင်းကြည်က သူ့သားနဲ့ ၁၂ နှစ်အရွယ်လောက်ရှိမယ့် မြေးလေးကိုခေါ်ပြီး ရေကန်ထဲဆင်းလိုက်ပါတယ်။ မြေးကလေးကလည်း လှိုင်မြစ်ကမ်းပါးကြီးပြင်းသူပီပီ ရေထဲမှာ ငါးလေးလို ရေကူးကျင်လည်လှပါတယ်။ ရေကန်ထဲကအမှိုက်တွေဆယ်ဖို့ ကျွန်မတို့ ရေချထားတဲ့လှေကလေးကိုလည်း အရွယ်နဲ့မလိုက်လှော်နေလိုက်တာ ကျွမ်းကျင်လှပါတယ်။ ဦးဝင်းကြည်တို့သားအဖက သစ်ကိုင်းတွေကို ပညာသားပါပါ ကြိုးချည်ပြီး အဖျားကနေ တစ်ကိုင်းပြီး တစ်ကိုင်းခုတ်ပါတယ်။ မြေးလေးက နွံနစ်နေတဲ့သစ်ကိုင်းတွေကို အဘိုးချည်ပေးထားတဲ့ ကြိုးစတွေကတစ်ဆင့် လှေပေါ်ဆွဲတင်ပါတယ်။ ရေထဲစိုက်နေတဲ့ အကိုင်းတွေအားလုံးကုန်သွားပြီး ရေကန်ဘောင်ပေါ်မှာလည်း အစီအရီ ဖြစ်နေပါပြီ။ ပင်စည်တွေလည်း ဖြတ်တောက်ပြီး ရေကန်ထဲရှင်းလင်းပြီးသွားမှ ကျွန်မတို့လည်း စိတ်ချမ်းသာသွားပါတယ်။

ညနေစောင်းအလုပ်သိမ်းချိန် လက်ဖက်ရည်တိုက် မုန့်ကျွေးပြီး ဦးဝင်းကြည်ကို တောင်တောင်မြောက်မြောက်မေးမိပါတယ်။ "အစက လဲပြီးသားသစ်ပင်တွေ မခုတ်ဘူးဆိုပြီး အခု ဘာဖြစ်လို့ခုတ်နေရတာလဲ" ဆိုတဲ့မေးခွန်းကို ကျွန်မ အင်မတန်မေးချင်ပါတယ်။ ဒါပေမဲ့ မမေးတော့ပါ။ သူဖျားနေတာကို ဂရုတစိုက်ဆေးတိုက်ပြီး အားဆေးပါပေးလိုက်လို့ဖြစ်မှာပါဆိုတဲ့ အတွေးနဲ့ပဲ ကျေနပ်လိုက်ပါတယ်။

ဦးဝင်းကြည်က ကော့ကရိတ်ဇာတိဖြစ်ပါတယ်။ အသက် ၁၈ နှစ်ကတည်းက ရန်ကုန်မြို့ရောက်လာပြီး အလုပ်မျိုးစုံပြောင်းလုပ်ဖူးပါတယ်။ ရန်ကုန်မှာပဲ အိမ်ထောင်ကျပြီး အခုလက်ရှိနေရာမှာ အခြေစိုက်တယ် လို့ ပြောပြပါတယ်။ သားသုံးယောက်နဲ့ သမီးနှစ်ယောက်ထွန်းကားပြီး အားလုံး အိမ်ထောင်ကျကြပြီဖြစ်ပါတယ်။ ဦးဝင်းကြည်နဲ့အတူနေ သားနှစ်ယောက်ထဲက အငယ်ဆုံးသားက ဦးဝင်းကြည်လို သစ်ပင်တက်ပါရဂူ ဖြစ်နေပါပြီ။ ဦးဝင်းကြည်က သူ ရန်ကုန်မှာ အလုပ်လုပ်ဖို့ ရောက်လာတော့ အခုလိုသစ်ပင်တက်ရလိမ့်မယ်လို့ မစဉ်းစားမိခဲ့ဖူးလို့ ပြောပါတယ်။ သားက ဦးဝင်းကြည်ခြေရာ မမီသေးပေမယ့် သားအဖနှစ်ယောက်စလုံး သစ်ပင်တက်၊ သစ်ခုတ်တဲ့ နေရာမှာသာကျွမ်းကျင်တာမဟုတ်ဘဲ သစ်ပင်အကြောင်း၊ ရေအတိမ်အနက်အကြောင်းပါ နှံ့စပ်ကြပါတယ်။ သူ့အလုပ်မှာ ဂဃနဏ ပိုင်နိုင်တော့လည်း ဘွဲ့ထူးဂုဏ်ထူးမရှိပေမယ့် ဦးဝင်းကြည်လည်း ပညာရှင်ပါပဲ။ "ဒါနဲ့ စကားမစပ်မေးရဦးမယ်။ လူကသာ အဘိုးကြီးလို ဖြစ်နေပေမယ့် သွက်လွန်းလို့ အသက်ဘယ်လောက်ရှိပြီလဲ။ ကျွန်မထက်ငယ်တယ်မဟုတ်လား" လို့ မေးလိုက်ပါတယ်။ "ဘယ်လိုလုပ်ပြီး ငယ်ရမှာလဲ။ ခင်ဗျားအဖေကြီးကို ကျုပ်က ငယ်ငယ်လေးထဲက သံယောဇဉ်ရှိပြီး လေးစားခဲ့တာ။ ကျုပ်အသက် ၇၂ နှစ်ရှိပြီ"။ ဦးဝင်းကြည် အားပါးတရ ပြောလိုက်တဲ့စကားကိုကြားမှ သဘောပေါက်ပါတော့တယ်။ ကျွန်မ အားဆေးတိုက်လို့မဟုတ်ပါ။

**မြသန်းသန်းနု**

■

www.foreverspace.com.mm



www.foreverspace.com.mm



# ကျန်းမာရေးအတွေ့အကြုံ

သခင်တင်မြ

## အယ်ဒီတာ၏တိုက်တွန်းမှု

၂၀၀၈ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့ နံနက် ၁၀ နာရီခန့်တွင် Living Color မဂ္ဂဇင်းနှင့် The Voice Weekly တိုက်ရှိရာ သမ္မတ ဟိုတယ်သို့ ကျွန်တော်ရောက်ခဲ့သည်။ Living Color မဂ္ဂဇင်း အယ်ဒီတာက "အန်ကယ် ရေးတဲ့ ကိုယ်တွေ့ကျန်းမာရေးဆောင်းပါး ကို စာဖတ်သူတွေ စိတ်ဝင်စားကြပါတယ်။ ကျန်းမာရေးဆောင်းပါးတွေ ဆက်ရေးစေ လိုပါတယ်"

ရော . . . ခက်ပြီ။ ကျန်းမာရေး ဆောင်းပါးတွေ ဆက်ရေးနိုင်အောင် ကျွန် တော်က ဆရာဝန်လည်းမဟုတ်။ မြန်မာ ဘယဆေးဖြင့် လူနာများကို ကုသဖူးခြင်း လည်းမရှိပါ။ ထို့ကြောင့် ကျွန်တော် ကျန်း မာရေးအတွေ့အကြုံ များများစားစားမရှိ ပါ။ ကျွန်တော်တွေ့ကြုံခဲ့သည့် ကျန်းမာရေး အတွေ့အကြုံနှင့်ပတ်သက်၍ 'ကျွန်တော့် ကျန်းမာရေးအတွက်' ဆောင်းပါးတွင် ရေး ခဲ့ပြီး ဖြစ်ပါသည်။

အယ်ဒီတာ၏တိုက်တွန်းမှု အလဟ သ မဖြစ်စေရန် 'ကျွန်တော့် ကျန်းမာရေး အတွက်' ဆောင်းပါးတွင် မေ့ကျန်ရစ်သော ကျွန်တော်၏ ဒူလာသွေးဝမ်း (အတွင်းလိပ် ခေါင်း) ရောဂါကို ဇနီး မဖြူ တိုက်တွန်း သဖြင့် ကျွန်တော် ယနေ့ထက်တိုင် သောက်နေသော ဇကမ္ဗာ ဦးအေးမောင်၏ နန္ဒင်းခါးဆေးကြောင့် ခေတ်သစ်အင်္ဂလိပ် ဆေးကုနည်းဖြင့် မကုရဘဲ ပျောက်ကင်း သလောက်နီးနီး သက်သာခဲ့ပုံကို ရေးပါ မည်။

## ဒူလာသွေးဝမ်းနှင့် နန္ဒင်းခါး

၁၉၉၃ ခုနှစ် ဇွန်လတွင် ကျွန်တော် ဆီးကျိတ်ရောဂါ ဖြစ်ခဲ့သည်။ ဆီးသွားရန် ဆီးကို ညှစ်ထုတ်ရလွန်းသဖြင့် ထင်ပါ သည်။ အပြင်လိပ်ခေါင်းလည်း ဖြစ်လာပါ သည်။

ရန်ကုန်ဆေးရုံကြီးတွင် ဆီးကျိတ် ရောဂါကုရင်း အပြင်လိပ်ခေါင်းရောဂါကို ပါ ခွဲစိတ်ကုသခဲ့ပါသည်။ ဤသို့ ကုသ လိုက်သောအခါ အပြင်လိပ်ခေါင်းရောဂါမှာ ပျောက်ကင်းသွားပါသည်။ နောက် ငါးနှစ် အထိ လိပ်ခေါင်းရောဂါ ပြန်ပေါ်မလာ တော့ပါ။

ကျွန်တော်သည် ရောဂါတစ်ခုခုဖြစ် လျှင် ဆေးရုံ၊ ဆေးခန်းရှိ ဆရာဝန်နှင့် ပြသ လေ့ရှိပါသည်။ ယခင်က မြန်မာဘယဆေး များကို သိပ္ပံနည်းမကျ၊ ခေတ်မမီ၊ ရှေး ဟောင်းနည်း အကြမ်းစားများဟုသာ တစ် ယူသန်ပြီး အထင်အမြင်သေးခဲ့ဖူးပါသည်။

ဇနီးမဖြူကတော့ ကျွန်တော့်လို တစ် ယူမသန်ပါ။ အင်္ဂလိပ်ခေတ်သစ်ဆေးနည်း ရော၊ မြန်မာဘယဆေးပါ မျှမျှတတ ယုံ ကြည်ပါသည်။ သူ့ရောဂါကို နှစ်နည်းလုံး ဖြင့် ကုသမှုပြုပါသည်။

သူ့ကျန်းမာရေးဆောင်ပုဒ်မှာ "ရောဂါ ပျောက်ဖို့ဆိုရင် ချေးစားရ စားရ စားမယ်" ဟူ၍ ဖြစ်ပါသည်။ ဤခံယူချက်ဖြင့် မဖြူ သည် သူ့တွင်စွဲကပ်နေသော အရိုးပွရောဂါ အကြောင်းသိစေရန် ဆရာဝန်တင်ရွှေ မြန်မာဘာသာဖြင့် ပြုစုသည့် 'အရိုးရောဂါ အဖြာဖြာ' စာအုပ်ကို ကြိမ်ဖန်များစွာ ဖတ် မှတ်လေ့လာခဲ့ပါသည်။ ထို့ကြောင့် မဖြူ သည် ဆေးရုံတက်ရမှာလည်း ဝန်မလေး။ သူ့အရိုးပွရောဂါကြောင့် ပေါင်ထိပ်ရိုး ဘု သီး ပျက်စီးနေသည်ကို ဖြတ်တောက်ခွဲစိတ် ကုသရမည်ကိုလည်းမကြောက်ဘဲ ပေါင် ထိပ်ရိုးဘုသီးကို နှစ်ခါဖြတ်ခဲ့ရပြီး သုံးကြိမ် ခွဲစိတ်ကုသခံခဲ့ပါသည်။

ဇနီးမဖြူသည် အရိုးပွရောဂါဖြစ်နေ ဆဲ အခြားရောဂါကြီးများ (ကင်ဆာရော ဂါ) ဖြစ်မလာစေရန် အထူးသတိထားပါ သည်။ မြန်မာဘယဆေးကျမ်းများဖတ်ပြီး အစာလမ်းကြောင်းကင်ဆာရောဂါမဖြစ် စေရန် ဇကမ္ဗာ ဦးအေးမောင်၏ နန္ဒင်း ခါးကို ဆေးညွှန်းအတိုင်း ၁၉၉၃ ခုနှစ်က တည်းက စားခဲ့ပါသည်။

၁၉၉၉ ခုနှစ် ဩဂုတ်လတွင် ကျွန်တော် ဝမ်းသွားပါက သွေးပါလာပါသည်။ ဤသို့ ဖြစ်လာသည်နှင့် ကျွန်တော် ဆရာဝန်သွား ပြပါသည်။ ဆရာဝန်က ကျွန်တော့် စအို တွင်း လက်သွင်းပြီး စမ်းကြည့်ပါသည်။ ပြီးဆေးစာအုပ်တွင် ရုပ်ပုံကလေးများ ရေး ပြီးမှတ်ချက်ရေးပါသည်။ ဘာဆိုလိုမှန်း ကျွန်တော်နားမလည်ပါ။ ဆရာဝန်ကိုမေး ကြည့်တော့ "အန်ကယ့်စအိုဝမှာ အဖုက လေးသုံးခုတွေ့ရတယ်။ အစာမာမာ စားမိ ရင် ဝမ်းမာပြီး အဲဒီအဖုကလေးတွေကို ပွတ် တိုက်မိတာကြောင့် သွေးထွက်လာတာပါ။ အဲဒီအဖုသုံးဖုကို သေနတ်ပစ်ပြီး ဖြတ်ပစ်ရ မယ်။ ဒါမှ ဝမ်းသွားရင် သွေးမကျတော့မှာ ပါ" ဟု ပြောပြပါသည်။ "လောလောဆယ် သေနတ်ပစ်လို့မရသေးပါဘူး။ အဖုကလေးတွေ က သွေးမကျအောင် ဆေးတစ်ပတ်လောက် စားပြီးမှ ရော်ဘာကွင်းစွပ်ပြီး အဖုကလေး တွေကို ဖြတ်ပစ်နိုင်ပါမယ်" ဟု ဆရာဝန်က အသေးစိတ်ရှင်းပြပါသည်။

သည်အကြောင်း ဇနီးမဖြူကို ရှင်းပြ ရာ မဖြူက "ရှင်တစ်ယူမသန်ပါနဲ့။ မြန်မာ ဘယဆေးတွေလည်း စွမ်းပါတယ်။ ရှင့် စအိုထဲက အဖုကလေးတွေကို ပျောက်

www.foreverspace.com.mm

သွားအောင် ကျွန်မစားနေတဲ့ နနွင်းခါးစားကြည့်" ဟု တိုက်တွန်းပါသည်။

ပျောက်လိုပျောက်ငြား စမ်းစားကြည့်တာပဲလေဟု သဘောထားပြီး ကျွန်တော် ဆေးစာအညွှန်းအရ အစာစားပြီးတိုင်း နနွင်းခါးရှစ်လုံး စားပါသည်။ တစ်ပတ်ကြာသောအခါ ရက်ချိန်းစေ့သဖြင့် ဆရာဝန်ထံသွားပြပါသည်။ ကျွန်တော့်စအိုတွင်း လက်သွင်းစမ်းကြည့်ပြီး ဆရာဝန်မှာ အံ့သြသွားပါသည်။ "အဖုလေးတွေက သွေးလည်း မထွက်တော့ဘူး။ ကျုံ့လည်းသွားတာ တွေ့ရတယ်။ အန်ကယ် ဒီရက်အတွင်း ဘာဆေးတွေ စားပါသလဲ" ဟု မေးပါသည်။ "ဒေါက်တာပေးတဲ့ဆေးလည်း စားတယ်။ နနွင်းခါးလည်း အန်ကယ် စားပါတယ်" ဟု ကျွန်တော် ဖြေလိုက်သည်။

ဆရာဝန်က "အန်ကယ် သေနတ်ပစ်ဦးမလား" ဟုမေးရာ ကျွန်တော်က "နနွင်းခါးစားပြီး တစ်ပတ်လောက်စောင့်ကြည့်ဦးမယ်" ဟု ပြော၍ ဆေးရုံမှ ပြန်ခဲ့ပါသည်။ ဆရာဝန်ပေးသည့်ဆေးကို ဖြတ်လိုက်ပြီး ဧကမ္ဘာ ဦးအေးမောင်၏ နနွင်းခါးသာ အစာစားပြီးတိုင်း ကျွန်တော် မှန်မှန်စားခဲ့ပါသည်။ ဒူလာသွေးဝမ်း ထပ်မဖြစ်တော့ပါ။ အစာမာမာစားလည်း ဝမ်းသွားပါက သွေးမပါတော့ပါ။ ဆရာဝန်ထံလည်း သွားမပြတော့ပါ။ နနွင်းခါးကို အစာစားပြီးတိုင်း ရှစ်လုံးမှန်မှန်စားခဲ့သည်မှာ ကိုးနှစ်တိုင်ခဲ့ပါပြီ။ ယနေ့အထိ ဒူလာသွေးဝမ်း ထပ်မဖြစ်တော့ပါ။

ဇနီးမဖြူ ချွတ်ခဲ့သဖြင့် ကျွန်တော် အကျွတ်တရားရပြီး ကျွန်တော်၏ ခေတ်မီအင်္ဂလိပ်ဆေးနည်းကိုသာ ယုံကြည်သည့် သဘောထားလည်း ပြောင်းခဲ့ပါပြီ။ ခေတ်မီအင်္ဂလိပ်ဆေးနည်းရော မြန်မာဘယဆေးနည်းကိုပါ သက်ဝင်ယုံကြည်၍ ရောဂါပျောက်ဖို့အတွက် နှစ်နည်းလုံးကို ကျွန်တော် အသုံးပြုလေ့ ရှိပါတော့သည်။

## အရိုးပွရောဂါ

မြန်မာ့ဆေးပညာတွင် 'ယောကျ်ားမှာဆီး၊ မိန်းမမှာမီး' ဟု ဆိုပါသည်။ ယောကျ်ားများသည် ဆီးရောဂါအမျိုးမျိုး ဖြစ်လေ့ရှိပြီး မိန်းမများမှာ မီးယပ်ရောဂါများ ဖြစ်လေ့ဖြစ်ထရှိပါသည်။

မီးယပ်ရောဂါတစ်မျိုးဖြစ်သည့် အရိုးပွရောဂါ (Ostio-porosis) သည် ကလေးများများမွေးခဲ့သူအမျိုးသမီးများတွင် အဖြစ်များသည်ဟု ဆရာဝန်များက ဆိုပါသည်။

မိခင်သည် ကိုယ်ဝန်ဆောင်စဉ်တွင် ဝမ်းတွင်းရှိ သန္ဓေသားအတွက် အရိုးတည်ဆောက်နိုင်ရန် မိမိ၏အရိုးဓာတ် (ကယ်လ်စီယမ်ဓာတ်အမျိုးမျိုး) ကို မျှဝေပေးခဲ့ရသဖြင့် အရိုးဓာတ်အားနည်းသွားပါသည်။ အရိုးဓာတ် (ကယ်လ်စီယမ်) အားနည်းသွားသဖြင့် အရိုးသိပ်သည်းမှု (Bone Density) နည်းသွားပါသည်။ သို့ဖြင့် အရိုးများ ပွလာပါသည်။ ခန္ဓာကိုယ်တစ်ခုလုံး၏ အလေးချိန်ကို ထမ်းပိုးပြီး သွားလာလှုပ်ရှားရာတွင် ပေါင်ထိပ်ရိုးဘုသီးများနှင့် တင်ပါးဆုံရိုးမှ စုပ်ခွက်များသည် အရာကျပြီး ပေါင်ထိပ်ရိုးနှစ်ဖက်မှာ အလှုပ်ရှားရဆုံးနေရာဖြစ်သဖြင့် အရိုးကို ဖုံးထားသောအရွက်များ ပျက်စီးသွားပါသည်။ အရိုးပွအခြေအနေ သိရန် မဖြူအား ရှေ့နောက် ဘေးတစ်ဖက်တစ်ချက်တို့ကို ဓာတ်မှန် (X-Ray) ရိုက်ပြီး ဆရာဝန် ကြည့်ပါသည်။ ကျွန်တော်တို့ လူပြိန်းများ ဓာတ်မှန်ကိုကြည့်စေကာမူ နားမလည်ပါ။ မဖြူအား ပထမအကြိမ်နှင့် ဒုတိယအကြိမ်ခွဲစဉ်က ဖြတ်ယူလိုက်သော ပေါင်ထိပ်ရိုး ဘုသီးတစ်စုံကို ကျွန်တော့်ကို အရိုးကုဆရာဝန် ဒေါက်တာညွန့်ဟန်နှင့် အရိုးအဆစ်ပါရဂူ ဒေါက်တာကျော်မြင့်နိုင်တို့က ပြပါသည်။ အရိုးဘုသီးထိပ်တွင် လက်မဝက်ခန့် ချိုင့်ဝင်ပျက်စီးနေသည်ကို တွေ့ရပါသည်။ ပေါင်ထိပ်ရိုးဘုသီးပျက်စီးပါက တင်ပါးဆုံရိုးစုပ်ခွက်လည်း မကြာမတင် ပျက်စီးသွားကြောင်း ဆရာဝန်တင်ရွှေက သူ၏ 'အရိုးရောဂါအဖြာဖြာ' တွင် ရေးထားပါသည်။ အရိုးပွရောဂါမှာ အရိုးပွရုံမက အရိုးကြွပ်ဆတ်သွားပါသည်။ သာမန်လဲရုံဖြင့် အရိုးအက်သွားခြင်း၊ ကွဲအက်သွားခြင်း ဖြစ်လေ့ရှိပါသည်။

## ရောဂါဖြစ်လာပုံ

ဇနီးမဖြူသည် သားလေးယောက်နှင့် သမီးတစ်ယောက်ကို ကိုယ်ဝန်ဆောင်ခဲ့ရသည်။ ၁၉၉၃ ခုနှစ် ဇွန်လတွင် ချော်လဲပြီး တင်ပါးဆုံရိုးအက်သွားပါသည်။ ကျွန်တော် ရန်ကုန်ဆေးရုံကြီးတွင် ဆီးကျိတ်ရောဂါကြောင့် တက်ရောက်ကုသနေစဉ် မဖြူ လက်တွန်းလှည်းတွင်ထိုင်ပြီး ကျွန်တော့် အခြေအနေကို လာကြည့်ရပါသည်။ ကျွန်တော် ဆေးရုံကဆင်းပြီးနောက် မဖြူရောဂါမသက်သာသဖြင့် ရွှေဘုံသာလမ်းမှ ချယ်ရီဆေးခန်းရှိ အရိုးအဆစ်ပါရဂူ ဒေါက်တာကျော်မြင့်နိုင်ထံ တစ်ပတ်တစ်ကြိမ်ပြ၍ ကုသခဲ့ရပါသည်။ ဒေါက်တာကျော်မြင့်နိုင်က Mene Press ဆိုသည့် ဆေးကိုပေးပြီး ရောဂါဒဏ်ခံနိုင်ပြီး ညတိုင်းအိပ်ပျော်စေရန် အကိုက်အပျောက်ဆေးထိုးပေးပါသည်။ "ဒေါ်ဖြူ အသက်က ၆၀ ကျော်နေပြီ။ ဒီရောဂါမပျောက်နိုင်ဘူး။ ရောဂါဒဏ်ခံနိုင်ဖို့ အကိုက်အခဲပျောက်ဆေး အမြဲထိုးနေရမယ်" ဟု ဒေါက်တာကျော်မြင့်နိုင်က ပြောပါသည်။ ကယ်လ်စီယမ်ဆေးပြား ၁၀၀၀ အားကိုလည်း နေ့စဉ်စားရန် ညွှန်ကြားပါသည်။ (သို့သော်လည်း မပျောက်ပါ။ ယာယီသက်သာရုံသာဖြစ်ပါသည်။)

အမျိုးသမီးများအဖို့ အရိုးပွရောဂါကို ကြိုတင်ကာကွယ်နိုင်သည်ဟု ဆရာဝန်တင်ရွှေ၏ 'အရိုးရောဂါအဖြာဖြာ' တွင် ရေးထားပါသည်။ အမျိုးသမီးများ သွေးမဆုံးမီ အရိုးဓာတ်သန်မာ ကျစ်လျစ်စေရန် ထိုးဓာတ်အမျိုးမျိုးပါသည့် ကယ်လ်စီယံဆေးပြားကို တစ်နေ့လျှင် ၁၀၀၀ အား နှစ်ပြားစားပေးရမည် ဆိုပါသည်။ မဖြူက သွေးဆုံးခဲ့သည်မှာ ၁၅ နှစ်ပင် ရှိခဲ့ပြီ။ အရိုးပွရောဂါကို ကြိုတင်ကာကွယ်မှုမပြုနိုင်တော့ပါ။ သို့ရာတွင် ရောဂါဖြစ်မှ မပြင်းထန်စေရန်၊ မမြန်စေရန် ကယ်လ်စီယံဆေးပြားစားရန် ဒေါက်တာကျော်မြင့်နိုင်က မဖြူ၏ဆေးညွှန်းတွင် ရေးပေးခြင်းဖြစ်ပါသည်။

www.foreverspace.com.mm



အကိုက်အခဲပျောက်ဆေး တစ်ပတ်တစ်ကြိမ် ထိုးပေးရာမှ တစ်ပတ်နှစ်ကြိမ်၊ တစ်ပတ်သုံးကြိမ် တိုးတိုး၍ ထိုးပေးရပါသည်။ ၁၉၉၀ ခုနှစ်ရောက်သောအခါ တစ်ရက်တစ်ကြိမ် ဖြစ်လာပါသည်။ တစ်ပတ်နှစ်ကြိမ် ထိုးပေးရကတည်းက ဆေးထိုးပေးမည့် ရွှေတောင်ကြားထဲမှ ဒေါက်တာစန်းစန်းကိုသွားခေါ်၊ ပြန်ပို့ အလုပ်များလှသဖြင့် ဒေါက်တာစန်းစန်းနှင့် တိုင်ပင်ပြီး အကိုက်အခဲပျောက် အသားဆေး (Intramuscular) ကိုတင်ပါးထိုးနည်းကို ကျွန် တော် သင်ယူပါသည်။ အကြောဆေး (Intravenous) တော့ ကျွန်တော် မထိုးရဲပါ။ အဖျားသွေးတိုင်းသည့် သာမိုမီတာနှင့် အပေါ်သွေး၊ အောက်သွေးတိုင်းသည့် ကိရိယာကို ဝယ်ထားပြီး ကိုင်တွယ်တိုင်းတာနည်းကိုပါ ဒေါက်တာစန်းစန်းထံတွင် ကျွန် တော် သင်ထားပါသည်။

၁၉၉၆ ခုနှစ် နှစ်ဦးတွင် ဒေါက်တာကျော်မြင့်နိုင် မန္တလေးဆေးရုံကြီးသို့ ရာထူးတိုးပြီး ပြောင်းရွှေ့သွားရပါသည်။ ဒေါက်တာကျော်မြင့်နိုင်က ဇနီးမဖြူကို ကြည့်မြင်တိုင် အရိုးကုဆေးရုံနှင့် ဆက်သွယ်ပေးခဲ့ပါသည်။ ၁၉၉၆ ခုနှစ် နိုဝင်ဘာလတွင် မဖြူလုံးဝလမ်းမလျှောက်နိုင်တော့ပါ။ ညာဘက်ပေါင်တစ်ချောင်းလုံး ကိုက်ခဲနေသဖြင့် အကိုက်အခဲပျောက်ဆေးထိုးလည်း မသက်သာပါ။ ထို့ကြောင့် ကြည့်မြင်တိုင်အရိုးဆေးရုံကို သွားပြပါသည်။ တာဝန်ကျဆရာဝန် ဒေါက်တာညွန့်ဟန်က ဆေးရုံချက်ချင်းတက်ခိုင်းသဖြင့် တက်ရပါသည်။ ဒေါက်တာညွန့်ဟန်က မဖြူ၏ညာဘက်ပေါင်ထိပ်ရိုးဘုသီးကိုဖြတ်၍ ဘုသီးအတု (Titaniam) သတ္တုကို အမြန်တပ်ဆင်ရမည်ဟုပြောပြီး ဘုသီးအတု (အရွယ်အစားနံပါတ်) ရေး၍ ပေးသဖြင့် ရွှေဘုံသာလမ်း အလယ်ဘလောက်မှ ပန်ချာပီဆေးဆိုင်တွင် ဘုသီးအတုကို ၁၃၀,၀၀၀ ကျပ်ဖြင့် ဝယ်ခဲ့ရပါသည်။

မဖြူကို ခွဲစိတ်၍ သတ္တုဘုသီးအတု တပ်ဆင်ပြီး ဆေးရုံတွင် ၁၂ ရက် နေခဲ့ရပါသည်။ ပေါင်ထိပ်ရိုးဘုသီးကို ဖြတ်လိုက်ရသဖြင့် မဖြူ၏ညာခြေမှာ တစ်လက်မခန့် တိုသွားပါသည်။ ခြေနှစ်ဖက်မျှသွားစေရန် ညာခြေဖိနပ်က တစ်လက်မကျော်ထူပြီး ဘယ်ခြေဖိနပ်က တစ်မတ်ထုသာရှိပါတော့သည်။ ဆေးရုံကဆင်းကတည်းက မဖြူသည် ချိုင်းထောက်များကို သုံးရပါသည်။ ဆရာဝန်က ချိုင်းထောက်ကိုသုံးမှ ကိုယ်အလေးချိန်ကို ခြေထောက်များ ဒဏ်မပိဘဲ ထမ်းထားနိုင်မည်ဟု ပြောပါသည်။ ဆေးရုံကဆင်းပြီး အိမ်အပေါ်ထပ်တွင် မဖြူအိပ်ခန်းတွင်းအဝင် ချိုင်းထောက်ချော်ပြီး လဲသွားပါသည်။ လဲရာမှ မထနိုင်တော့ပါ။ အောက်ထပ်ရှိမြေး ဖိုးတည်က မဖြူကိုပွေ့၍ အောက်ထပ်ဆင်း ကားပေါ်တင်ပြီး ကြည့်မြင်တိုင် အရိုးဆေးရုံတွင် သွားပြပါသည်။ တာဝန်ကျဆရာဝန်က မဖြူကို စစ်ဆေးကြည့်ပြီး ချိုင်းထောက်ကို မသုံးရန်၊ လူ့အလေးချိန်ကို ထိန်းထားနိုင်သည့် လေးချောင်းထောက်ကိုသာ အသုံးပြုရန် ညွှန်ကြားပါသည်။ အရိုးဆေးရုံမှ သံချောင်းသုံးဘုလုံးဖြင့် လုပ်ထားသော လေးချောင်းထောက်တစ်ခုကို ဝယ်ခဲ့ပါသည်။ သံချောင်းသုံးဘုလုံးဖြင့် လုပ်ထားသဖြင့် လေးချောင်းထောက်မှာ အတော်လေးပါသည်။ ထို့ကြောင့် ဒန်ပိုက်ဖြင့်ပြုလုပ်ထားသော ပေါ့ပါးသည် လေးချောင်းထောက်တစ်ခုကို ဆူးလေဘုရားလမ်းမှ အေ-အေဆေးဆိုင်က ဝယ်၍ သုံးခဲ့ပါသည်။

## ဘယ်ဘက်ပေါင်ထိပ်ရိုးကို အစားလဲခြင်း

၁၉၉၇ ခုနှစ် ဩဂုတ်လတွင် မဖြူ၏ဘယ်ခြေပေါင်ထိပ်ရိုး မခံမရပ်နိုင်အောင်နာကျင်လာသဖြင့် ကုသပေးမည့်ဆရာဝန်ကို စုံစမ်းရာ ဒေါက်တာကျော်မြင့်နိုင် ရန်ကုန်ပြန်ရောက်နေပြီဟု သိရသဖြင့် လမ်းမတော် ဗဟိုစည်ဆေးရုံသို့သွား၍ ဒေါက်တာကျော်မြင့်နိုင်နှင့် ပြပါသည်။ မဖြူကို ဓာတ်မှန်ရိုက် စမ်းသပ်ပြီး ဆေးရုံချက်ချင်းတက်ခိုင်းပါသည်။

"ဒေါ်ဖြူရဲ့ ဘယ်ဘက်ပေါင်ထိပ်ရိုးဘုသီးရော တင်ပါးဆုံက စုပ်ခွက်ပါ အတော်လေးပျက်စီးနေပြီ။ အထက်အောက်တစ်စုံလုံး ဖြတ်ပြီးလဲရမည်။ ရန်ကုန်မှာက ပေါင်ထိပ်ရိုးဘုသီးအတုသာရှိသည်။ အပေါ်ကစုပ်ခွက် (Cup) မရှိပါ။ စင်ကာပူမှာတော့ ရှိသည်။ အတိုင်းအထွာနှင့် မှာရမည်။ တစ်လခန့်ကြာမည်။ တစ်လကြာ အကိုက်အခဲပျောက်ဆေးထိုးပြီး နေနိုင်မလားဒေါ်ဖြူ" ဟု ဒေါက်တာကျော်မြင့်နိုင်ကမေးရာ မဖြူက "အမြဲကိုက်ခဲနေတာ ဆေးထိုးလည်း ခဏပဲသက်သာတယ်။ မအိပ်နိုင်ဘူး။ အစားလည်းပျက်တယ်။ ဒီဒဏ်တွေကို အန်တီမခံနိုင်တော့ဘူးဆရာ။ ရှိတဲ့ပစ္စည်းကိုထည့်ပေးရင် အကိုက်အခဲသက်သာမလားဆရာ" ဟု မေးရာ ဒေါက်တာကျော်မြင့်နိုင်က "ရှိတဲ့ဘုသီးအတုနဲ့ အစားလဲပေးရင် အကိုက်အခဲတော့ သက်သာမယ်။ နောက်တစ်ခါထပ်ပြီး ခွဲစိတ်ရမှာပဲ" ဟု ပြောပါသည်။

ဤတွင် လူမမာမဖြူ၏ ဆန္ဒအတိုင်း သတ္တုဘုသီးအတုကို ရွှေဘုံသာလမ်း ပန်ချာပီဆိုင်မှ ဝယ်ရပြန်သည်။ သတ္တုဘုသီးက ဈေးတက်သွားသည်။ ၂၀၀,၀၀၀ တိတိ ပေးခဲ့ရသည်။

မဖြူ၏ပျက်စီးနေသော ဘယ်ခြေပေါင်ထိပ်ရိုးဘုသီးကိုဖြတ်၍ သတ္တုဘုသီးအတုကို ဒေါက်တာကျော်မြင့်နိုင် ခွဲစိတ်ကုသပေးခဲ့သည်။ ဒေါက်တာကျော်မြင့်နိုင်နှင့်လည်း ကျွန်တော် ကျွမ်းဝင်ခင်မင်လာသည်။ ဒေါက်တာကျော်မြင့်နိုင်၏ မအူကုန်းလမ်း နေအိမ်သို့လည်း ကျွန်တော်တို့ မကြာခဏရောက်ခဲ့သည်။ ဒေါက်တာကျော်မြင့်နိုင်၏ယောက္ခမမှာ နာမည်ကြီးစာရေးဆရာမ ရွှေဘိုဒေါ်မိမိကြီးဖြစ်သည်။ ဆေးပညာအကြောင်းဆွေးနွေးရင်း မဖြူပေါင်ထိပ်ရိုးနှစ်ဖက်တွင် အစားထိုးလဲလှယ်ထားသော သတ္တုတိုက်တေနီယမ်အကြောင်းလည်း အတော်အတန်သိလာသည်။ ဤ Titanium သတ္တုသည် အလွန်ပေါ့ပါးသော်လည်း ခိုင်ခံ့ပါသည်။ ပွတ်တိုက်မှုကို ခံနိုင်စွမ်းရှိသည်။ အာကာသထဲလွှတ်တင်ခဲ့သော ဒုံးပျံထိပ်ဖူးများမှာ ဤသတ္တုဖြင့် ပြုလုပ်ထားခြင်းဖြစ်ကြောင်း ဒေါက်တာကျော်မြင့်နိုင်က ရှင်းပြပါသည်။

www.foreverspace.com.mm

စစ်မဖြစ်မီက မန္တလေးမှ အရိုးကုဆရာဝန်ကြီးတစ်ဦးက ဆင်စွယ်ဖြင့် ပေါင်ထိပ်ရိုးဘုသီးအတုပြုလုပ်၍ အသုံးပြုခဲ့ဖူးကြောင်းကိုလည်း ဒေါက်တာ ကျော်မြင့်နိုင်က ပြောပြပါသည်။

၁၉၉၇ ခုနှစ် ဒီဇင်ဘာလလောက်တွင် ဒေါက်တာကျော်မြင့်နိုင် မန္တလေးဆေးရုံကြီးသို့ ပြောင်းသွားရပြန်သည်။ ဒေါက်တာကျော်မြင့်နိုင် တစ်လ တစ်ကြိမ်လောက် ရန်ကုန် မအူကုန်းအိမ်သို့ ပြန်လာလေ့ရှိသည်။ သူပြန်ရောက်တိုင်း မဖြူကို သွားပြခဲ့သည်။

၁၉၉၈ ခုနှစ် ဇန်နဝါရီလ ဒေါက်တာကျော်မြင့်နိုင် ရန်ကုန်ပြန်ရောက်စဉ် မဖြူအတွက် ဝမ်းသာဖွယ်စကားကြားရသည်။ ပေါင်ထိပ်ရိုးအတုကို ကွန်ပျူတာထိန်းကိရိယာနဲ့ ဆွဲဖြတ်ပြီး တင်ပါးဆုံရိုးအသစ် လဲပေးတဲ့ကိရိယာနဲ့အတူ "ပြင်သစ်က ဆရာဝန်နှစ်ယောက် မန္တလေးဆေးရုံကြီးကို ရောက်လာမယ်။ ဒေါ်ဖြူကို မန္တလေးကို ပို့ပေးနိုင်မလား" ဟု ဒေါက်တာ ကျော်မြင့်နိုင်က မေးလာပါသည်။ ကျွန်တော် ချက်ချင်းဆုံးဖြတ်လိုက်ပြီး "အန်ကယ်တို့ မန္တလေးဆေးရုံကြီးကို လာခဲ့မယ်။ လာရမယ့်ရက်ကိုသာ ဆရာပြောပါ" ဟုပြောတော့ ဒေါက်တာကျော်မြင့်နိုင်က "အန်ကယ်တို့ မန္တလေးဆေးရုံကို ဖေဖော်ဝါရီလကုန် အရောက်လာခဲ့ပါ။ ဆောင်းတွင်းဆိုတော့ လူနာအတွက် သက်သက်သာသာဖြစ်တာပေါ့" ဟု ပြောပါသည်။ "ခွဲစိတ်ခ ဘယ်လောက်ကျမလဲ ဆရာ" ဟုမေးရာ ဒေါက်တာ ကျော်မြင့်နိုင်က "တင်ပါးဆုံရိုးစုပ်ခွက်နဲ့ ပေါင်ထိပ်ရိုးဘုသီးအတုပါ တစ်စုံလုံး အသစ်လဲ (Total Hip Replacement) ရမယ်။ လဲရမယ့် ပစ္စည်းကို မန္တလေးဈေးချိုက ပန်ချာပီဆိုင်မှာ ဝယ်ရမယ်။ ပြင်သစ်က ဆရာဝန်နှစ်ဦးနဲ့အတူ ကျွန်တော်ပါ ခွဲစိတ်ကုသပေးမယ်။ ကုသခ မပေးရပါဘူး။ အန်ကယ်တို့ စေတနာရှိသလောက် မန္တလေးအရိုးကုဆေးရုံကို လှူပါ" ဟု ဒေါက်တာ ကျော်မြင့်နိုင်က ပြောပါသည်။

ကျွန်တော် အိမ်ပြန်ရောက်သည်နှင့် ဇနီးမဖြူနှင့် တိုင်ပင်ကြပါသည်။ အလှူငွေနှင့် မန္တလေးအသွားအပြန် စရိတ်၊ စားစရိတ်နှင့် ပစ္စည်းကိရိယာအတွက် ကုန်ကျစရိတ်များရှိမည်။ လောလောဆယ် လက်ထဲတွင် ငွေမရှိပါ။ မကြာမီကဝယ်ထား သည့် ဆူပါရ (ဖ်) ကားတစ်စီးတော့ ရှိသည်။ ကားရောင်းပြီး မဖြူကို မန္တလေးပို့ဆေးကုပေးရန် ဆုံးဖြတ်လိုက်သည်။ ကားကိုရောင်းတော့ ငွေအမြန်လိုနေသဖြင့် ဝယ်စဉ်က ၂၄ သိန်း၊ ပြန်ရောင်းတော့ နှစ်သိန်းအရှုံးခံပြီး ၂၂ သိန်းဖြင့် ရောင်းလိုက်ရသည်။ မန္တလေးဆေးရုံသို့ ငွေငါးသိန်းလှူမည်။ အစားထိုးလဲလှယ်ရမည့် သတ္တုအတုတစ်စုံအတွက် ငါးသိန်းလျာထားသည်။ အသွားအပြန် လေယာဉ်ခ၊ ကားခနှင့် စားစရိတ်များအတွက် ရှစ်သိန်းခန့် ကုန်ကျမည်ဟုမှန်းရာ စုစုပေါင်း ၁၈ သိန်းခန့် ကုန်ကျမည်။

သည်လိုဆုံးဖြတ်ပြီး မဖြူကို လေယာဉ်ပေါ်သို့ ပွေ့တင်၊ ပွေ့ချမည့် မြေးကြီးဖိုးတည်ကို မဖြူနှင့်အတူ မန္တလေးသို့ လေယာဉ်ဖြင့် သွားစေပြီး ကျွန်တော်နှင့် အိမ်အကူ ဝေဝေအောင်က အဝေးပြေးကားဖြင့်သွားခဲ့သည်။ ကျွန်တော်တို့က ရန်ကုန်မှ တစ်ရက်ကြိုထွက်ခဲ့ပြီး မန္တလေး ရောက်သည်နေ့ မနက်တွင် ချမ်းမြသာစည်လေဆိပ်သို့ ဆေးရုံကားဖြင့် မဖြူတို့ကို ကျွန်တော် သွားကြိုခဲ့ပါသည်။ ဖိုးတည်က ထိုနေ့ညတွင် အဝေးပြေးကားဖြင့် ရန်ကုန်ပြန်ပါသည်။

## ငွေကုန်လူပန်း

မန္တလေးအရိုးဆေးရုံတွင် သီးသန့်ခန်းမရသဖြင့် အများနှင့်ရောနေရသည့် လူနာခန်းတွင် မဖြူနေရပါသည်။ လူနာစောင့် ဝေဝေအောင်က ခုတင်လွတ်တွင် အိပ်တန်အိပ်၊ လူနာဆင်းသွားသည့်ခုတင်တွင် အိပ်ရသည့်နေ့အိပ်ဖြင့် တစ်ပတ်ကျော်အကြာတွင် တပ်ထားသည့် အရိုးတုကို ကွန်ပျူတာဖြင့် ဆွဲချွတ်မည့်ကိရိယာနှင့် ပြင်သစ်ကဆရာဝန်တို့ ရောက်အလာကို စောင့်ခဲ့ရသည်။ ရောက်လာပြန်တော့ အကြီးစားခွဲစိတ်ကုသမှု (Major Operation) ပြု လုပ်ရန် မန္တလေးအရိုးကုဆေးရုံမှ နှလုံးအထူးကုဆရာဝန်နှင့် မဖြူကို ပြရပြန်သည်။ နှလုံးအထူးကုဆရာဝန်မှတ်ချက်က "လူနာတွင် နှလုံးရောဂါဖြစ်စပြုနေပြီ။ နှလုံးအားနည်းနေသဖြင့် ခွဲစိတ်ကုသမှု မပြုသင့်ပါ" ဟု ရေးလိုက်ရာ ဒေါက်တာကျော်မြင့်နိုင် မဖြူကို ခွဲစိတ်ကုသခြင်း မပြုရဲတော့ပါ။

ဒေါက်တာကျော်မြင့်နိုင်က ကျွန်တော့်ကို ခေါ်ပြောပါသည်။ "အန်ကယ်တို့ကို ကျွန်တော် အားနာပါတယ်။ အန်ကယ်တို့ ရန်ကုန်ပြန်ပြီး အန်တီရဲ့နှလုံးရောဂါကို ပျောက်အောင်ကုပြီးမှ မန္တလေးပြန်လာပါ။ နောက်သုံးလအကြာမှာ ပြင်သစ်ဆရာဝန်တွေ မန္တလေးကို ပြန်လာဖို့ရှိပါတယ်။ ဒီရက်အတွင်း အန်တီရဲ့နှလုံးရောဂါကို ပျောက်အောင်ကုပေါ့။ ကျွန်တော့်သူငယ်ချင်း နှလုံးအထူးကု ဒေါက်တာအောင်ချိန်ဆီ ကျွန်တော် စာရေးပေးလိုက်ပါမယ်။ အန်တီရဲ့နှလုံးရောဂါက ဖြစ်စဆိုတော့ သုံးလအတွင်း ပျောက်အောင်ကုနိုင်မှာပါ" ဟု ပြောပါသည်။

သည်အခြေအနေကြောင့် မန္တလေးသွားခဲ့သော်လည်း မဖြူကို ဆေးမကုရဘဲ တစ်ပတ်အကြာတွင် ကျွန်တော်တို့ ရန်ကုန်ပြန်ခဲ့ရပါသည်။ အသွားအပြန်စရိတ်ကုန်သည်က သုံးသိန်း။ လူပင်ပန်း စိတ်ပင်ပန်းရသည်က သုံးသိန်းတန်ဖိုးမကပါ။

## အောင်ဇေဆေးတိုက်နှင့် ဒေါက်တာအောင်ချိန်

ရန်ကုန်ရောက်သည်နှင့် ဒေါက်တာအောင်ချိန်ကို ရှာရသည်။ ဒေါက်တာအောင်ချိန်က မြောက်ဥက္ကလာဆေးရုံ နှလုံးဌာနတာဝန်ခံ။ ညနေ ၆ နာရီမှ ၁၀ နာရီအထိ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ 'အောင်ဇေ' ဆေးတိုက်တွင်ထိုင်ပြီး ၁၀ နာရီမှ ည ၁၂ နာရီအထိ ဗိုလ်အောင်ကျော်လမ်း ကမ်းနားဘလောက်ရှိ 'အောင်ကျော်ရောဂါရှာဖွေရေး' ဆေးခန်းတွင် ထိုင်သည်။ 'အောင်ဇေ' ဆေးတိုက်သာ ကျွန်

www.foreverspace.com.mm



တော်တို့အတွက် အဆင်ပြေသဖြင့် တစ်ည ၆ နာရီမတိုင်မီကပင် 'အောင်ဇေ' ဆေးတိုက်သို့ ကျွန်တော်တို့ ရောက်သွားပါသည်။ ဒေါက်တာအောင်ချိန် ရောက်သောအခါ အခန်းစောင့်သူနာပြုက မန္တလေးဒေါက်တာ ကျော်မြင့်နိုင်၏စာပါသဖြင့် ကျွန်တော်တို့ကို ဦးစားပေးပြီး အရင်ဆုံးအခန်းတွင်းသို့ ဝင်ခွင့်ပြုပါသည်။

ဒေါက်တာကျော်မြင့်နိုင်၏စာကို ကြည့်ပြီးသည်နှင့် မဖြူကို ဒေါက်တာအောင်ချိန်က နှလုံးစမ်းသပ်စစ်ဆေးပါသည်။ ဒေါက်တာအောင်ချိန်က "အန်ကယ်တို့ မနက်ဖြန်မနက် ၁၀ နာရီလောက်မှာ မြောက်ဥက္ကလာပဆေးရုံကို ဒေါ်ဖြူကိုခေါ်ပြီးလာခဲ့ပါ။ နောက်ဆုံးပေါ် နှလုံးစမ်းသပ်စက်နဲ့ ကျွန်တော် စစ်ဆေးချင်တယ်" ဟု ပြောပါသည်။

ကျွန်တော်က "မဖြူနဲ့အတူ မနက်ဖြန် ၁၀ နာရီမှာ မြောက်ဥက္ကလာဆေးရုံကို အန်ကယ်လာခဲ့မယ်" ဟု ပြောလိုက်ပါသည်။ မြောက်ဥက္ကလာဆေးရုံတွင် နှလုံးစမ်းသပ်ဖြင့် မဖြူကို စမ်းသပ်စစ်ဆေးပြီး "ဒေါ်ဖြူကို သုံးလအတွင်း နှလုံးရောဂါ ပျောက်အောင် ကျွန်တော်ကုပေးမယ်။ စားရမယ့်ဆေးတွေကိုလည်း ကျွန်တော် ရေးပေးလိုက်မယ်" ဆိုပြီး ဆေးညွှန်းကို ရေးပေးပါသည်။ တစ်ပတ်တစ်ခါလည်း 'အောင်ဇေ' ဆေးတိုက်သွားပြီး မဖြူကို ဒေါက်တာ အောင်ချိန်နှင့် ပြရပါသည်။ တစ်ညတွင် ဒေါက်တာအောင်ချိန်က "အန်ကယ်လည်း အသက်ကြီးပြီ။ နှလုံးရောဂါဖြစ်၊ မဖြစ် ကြိုတင်စမ်းထားရင်ကောင်းမယ်" ပြောပြီး ကျွန်တော့်နှလုံးကို နားကြပ်ဖြင့် စမ်းသပ်ပါသည်။ ဒေါက်တာအောင်ချိန်က "အန်ကယ်ရဲ့နှလုံးခုန်သံက လေးလေးမှန်မှန်နဲ့ အသံပြင်းတော့ အန်ကယ့်တစ်သက်မှာ နှလုံးရောဂါရဖို့ အလားအလာမရှိဘူး" ဟု မှတ်ချက်ပေးပါသည်။

"အန်ကယ် ဘာလေ့ကျင့်ခန်းယူလဲ" ဟု ထပ်မေးရာ ကျွန်တော်က "အန်ကယ် မနက်စောစော သွေးပူလေ့ကျင့်ခန်းယူရင်း အသက်ပြင်းပြင်းရှူတယ်" ဟု ပြောပြရာ ဒေါက်တာအောင်ချိန်က "နှလုံးရောဂါ မဖြစ်လိုတဲ့လူတိုင်း ဒီလိုလေ့ကျင့်ခန်းယူဖို့ လိုပါတယ်" ဟု မှတ်ချက်ချပါသည်။

သုံးလကျော်ကြာသောအခါ မဖြူကို "နှလုံးရောဂါ ပျောက်သွားပြီ။ အကြီးစားခွဲစိတ်ကုသမှု ခံယူနိုင်ပြီ" ဟူသော ဆေးမှတ်ချက်ကို ဒေါက်တာအောင်ချိန်က ရေးပေးပါသည်။

ဤတွင် မန္တလေးဆေးကုသွားဖို့ ဒေါက်တာကျော်မြင့်နိုင်ထံ မအူကုန်းအိမ်မှ တစ်ဆင့် စုံစမ်းသည်။ ပြင်သစ်မှ ဆရာဝန်နှစ်ဦး မန္တလေးအရိုးကုဆေးရုံသို့ ရောက်မည့်နေ့ကိုမှန်းပြီး ကျွန်တော်တို့တစ်သိုက် ခရီးထွက်ခဲ့သည်။ မဖြူနှင့် သူ့မြေး ဖိုးတည်က လေယာဉ်ဖြင့်၊ ကျွန်တော်နှင့် အိမ်အကူ ကရင်မလေး 'ပေါပေါ'က အဝေးပြေးကားဖြင့် လိုက်သွားပါသည်။ (အိမ်အကူ ဝေဝေအောင် လက်ထပ်သွားသဖြင့် ကျွန်တော်တို့အိမ်တွင် မရှိတော့ပါ။)

မန္တလေးရောက်သည်နှင့် ပြင်သစ်အရိုးကုဆရာဝန်နှစ်ယောက်နှင့်အတူ ဒေါက်တာ ကျော်မြင့်နိုင်တို့ မဖြူကို တင်ပါးဆုံရိုးလုံးဝလဲလှယ်ခြင်း (Total Hip Replacement) ကို အရိုးကုဆေးရုံ ခွဲစိတ်ခန်း (Operation Theater) တွင် နှစ်နာရီအကြာ ခွဲစိတ်ကုသပါသည်။ ခွဲစိတ်ခန်းက ထွက်လာသောအခါ စောင့်နေသည့် ကျွန်တော့်ကို ဒေါက်တာကျော်မြင့်နိုင်က "ဒေါ်ဖြူခွဲစိတ်တာ လုံးဝအောင်မြင်တယ်။ သွေးနှစ်ပုလင်းပဲ သုံးရတယ်" ဟု ပြောပါသည်။ ကျန်သွေးတစ်ပုလင်းကို သွေးလှူဘဏ်သို့ ကျွန်တော်ပြန်သွင်းခဲ့သည်။

မဖြူကို ခွဲစိတ်ခန်းက သယ်ယူလာချိန်တွင် မေ့ဆေးကြောင့် သတိမရသေးပါ။ အောက်ထပ် အထူးကြပ်မတ်ဆောင် (Intensive Care Unit) သို့ ပို့ထားရပါသည်။

ကျွန်တော် အသွားအလာလွယ်စေရန် မန္တလေးဆေးရုံကြီးအနီးမှ ကိုဘခက်၏ ဝမ်းကွဲအစ်မ ဒေါ်စောရီ၏တိုက်တွင် တည်းခိုခဲ့ပါသည်။ အပေါ်ထပ်တစ်ထပ်လုံးတွင် ကျွန်တော်တစ်ယောက်သာရှိသည်။ တစ်ပတ်လျှင် ငါးရက်ခန့် တိုက်အောက်ထပ်ရုံးခန်းသို့ ဒေါ်စောရီ၏သား ကိုလတ် ရောက်လာလေ့ရှိသည်။ ကျွန်တော်၏ နိစ္စဓူဝအလုပ်မှာ နံနက် ၅ နာရီ အိပ်ရာထ၊ ကိုယ်လက်သန့်စင်ပြီး မိနစ် ၃၀ ကြာ ကျန်းမာရေးလေ့ကျင့်၊ ၆ နာရီတွင် အောက်ထပ်ဆင်း၊ လမ်းထောင့်မှ အကြော်ဆိုင်သွား၊ ပဲကပ်ကြော်နှင့် ကောက်ညှင်းပေါင်းဝယ်၊ အနားမှ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်နှင့် ပဲကပ်ကြော်၊ ကောက်ညှင်းပေါင်းတို့ကို စားသောက်ပြီး မန္တလေး အရိုးကုဆေးရုံသို့ ခြေလျင်သွား၊ အောက်ထပ် မဖြူရှိရာ အထူးဆောင်သို့လာ၊ မဖြူအခြေအနေမေး၊ မနက်စာကို အိမ်အကူ ကရင်မလေး ဝယ်ပေးသည့် ထမင်း၊ ဟင်းတို့ကို မဖြူနှင့်အတူ စား၊ တစ်ရေးအိပ်ရန် တည်းခိုအိမ်သို့ပြန်၊ ညနေ ၄ နာရီတွင် ဆေးရုံပြန်လာ၊ ဆေးရုံတွင် ထမင်းစား၊ ည ၇ နာရီလောက်မှ တည်းခိုအိမ်ပြန်အိပ်ရပါသည်။

## အရိုးကုဆေးရုံအတွက် ပြင်သစ်အကူအညီ

တစ်နေ့ တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲလောက်တွင် ဒေါက်တာကျော်မြင့်နိုင် ဆေးရုံသို့ ရောက်လာပါသည်။ သူနာပြုတစ်ယောက်လာခေါ်သဖြင့် ကျွန်တော် လိုက်သွားခဲ့ပါသည်။ ဒေါက်တာ ကျော်မြင့်နိုင်တစ်ယောက်တည်း သူရုံးခန်းတွင်ရှိနေသည်။ သူအားနေသဖြင့် စကား စမြည်ပြောရန် ခေါ်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြပါသည်။

ဒေါက်တာကျော်မြင့်နိုင်က "အန်ကယ်သိချင်တဲ့ ပြင်သစ်ဆရာဝန်တွေနဲ့ ကျွန်တော် အဆက်အသွယ် ဘယ်လိုရခဲ့တယ်၊ အရိုးကုသရေးမှာ ပြင်သစ်နိုင်ငံ ဆေးတက္ကသိုလ်က ဘယ်လိုကူညီနေတယ်ဆိုတာကို ကျွန်တော် ပြောပြပါမယ်"

"လွန်ခဲ့တဲ့ ရှစ်နှစ်လောက်က ကျွန်တော့်ကို အစိုးရက အရိုးကုဆေးပညာ ထပ်သင်ဖို့ ပြင်သစ်နိုင်ငံ ဆေးတက္ကသိုလ်ရဲ့အထောက်အပံ့နဲ့ ပြင်သစ်ကို လွှတ်ခဲ့တယ်။ အဲဒီဆေးတက္ကသိုလ်မှာ ကျွန်တော် တစ်နှစ်ကြာခဲ့တယ်။ အဲဒီဆေးရုံက ပါမောက္ခနဲ့

www.foreverspace.com.mm

ကျူးဝင်ခင်မင်ခဲ့တယ်။ ပြင်သစ်နိုင်ငံဟာ ဒုတိယကမ္ဘာစစ်မတိုင်မီက ဗီယက်နမ်၊ ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံတို့ကို အုပ်စိုးခဲ့တယ်။ အဲဒီကတည်းက အဲဒီသုံးနိုင်ငံဟာ ပြင်သစ်နိုင်ငံနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့မှာ အဆက်မဖြတ်ခဲ့ဘူး။ ပြင်သစ်နိုင်ငံက သူရဲ့ကိုလိုနီဟောင်းနိုင်ငံတွေကို စီးပွားရေးနဲ့ လူမှုရေးအကူအညီတွေ မပြတ်ပေးခဲ့တယ်။ လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က စပြီး ပြင်သစ်နိုင်ငံဆေးတက္ကသိုလ်တွေက အဲဒီသုံးနိုင်ငံကို ဆေးပညာရပ်မှာ ပစ္စည်းကိရိယာတွေပါ အကူအညီပေးခဲ့ပါတယ်။ ကျွန်တော်တက်ရောက်သင်ကြားခဲ့တဲ့ ဆေးတက္ကသိုလ်က အရိုးအဆစ်ခွဲစိတ်မှုပညာကို အထူးပြုသင်ကြားပေးတဲ့ တက္ကသိုလ်ပါ။ အဲဒီဆေးတက္ကသိုလ်က ခေါင်းဆောင်ပြီး သူတို့ကိုလိုနီဟောင်းသုံးနိုင်ငံအတွက် နှစ်စဉ် အရိုးအဆစ်ကုဆေးပညာသင်ဖို့ ဆရာဝန်နဲ့ သူနာပြုတွေကို ခေါ်ယူသင်ကြားပေးနေပါတယ်။

လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကစပြီး ထိုင်းနိုင်ငံအစိုးရရဲ့ မေတ္တာရပ်ခံချက်နဲ့ အရိုးကုဆေးပညာ သင်ကြားရေးနဲ့ ဆေးပစ္စည်းအထောက်အပံ့တွေကို ထိုင်းနိုင်ငံကို အဲဒီပြင်သစ်ဆေးတက္ကသိုလ်က ပေးခဲ့ပါတယ်။

ကျွန်တော်လည်း မန္တလေး ဆေးရုံမှာ တာဝန်ကျနေတုန်း မန္တလေးအရိုးကုဆေးရုံအတွက် အထောက်အပံ့ပေးဖို့ ကျွန်တော့်ဆရာ ပါမောက္ခကို အကူအညီတောင်းခဲ့ပါတယ်။ အဲဒီပါမောက္ခကလည်း အကူအညီပေးပါတယ်။ မန္တလေးအရိုးကုဆေးရုံ နှစ်ထပ်အဆောက်အအုံနဲ့ ဆေးရုံသုံးပစ္စည်းသုံးကိရိယာတွေကို ပြင်သစ်ဆေးတက္ကသိုလ်က လှူထားတာပါ။

Total Hip Replacement စက်ကိရိယာတွေနဲ့ ဒူးခေါင်းရိုးတစ်ခုလုံး အစားထိုးလဲလှယ်ခြင်း (Total Kneel Replacement) အတွက် ကွန်ပျူတာထိန်းစက်ကိရိယာတွေဟာ ဒေါ်လာသန်းချီတန်တဲ့အတွက် ကျွန်တော်တို့ကို မလှူနိုင်ဘူး။ အသုံးပြုခွင့်သာပေးနေပါတယ်။

ပြင်သစ်ရဲ့ ကိုလိုနီဟောင်းဖြစ်တဲ့ ကမ္ဘောဒီးယားနိုင်ငံမှာ အဲဒီစက်ကိရိယာကို ပုံသေထားပြီး အလှည့်ကျ လာအို၊ ထိုင်းနဲ့ မြန်မာနိုင်ငံတွေကို စက်ကိုင်သူ ဆရာဝန်များနှင့်အတူ ပို့ပေးပြီး ကုသပေးနေပါတယ်။ ဗီယက်နမ်နိုင်ငံကိုတော့ သီးခြားစက်ကိရိယာတစ်စုံ လှူထားပါတယ်။

အရိုးကုပညာရပ်ကို သင်ကြားပေးဖို့ မန္တလေးက ဆရာဝန်နဲ့ သူနာပြုတွေကို ပြင်သစ်နိုင်ငံက ဆေးတက္ကသိုလ်ကို ကျွန်တော်တို့ နှစ်စဉ်ပို့ပြီး သင်ကြားပေးနေပါတယ်။ ခုဆိုရင် အဲဒီပြင်သစ်ဆေးတက္ကသိုလ်ကျောင်းဆင်းဆရာဝန်လေးယောက်နဲ့ သူနာပြု ၁၅ ယောက်ရှိနေပါပြီ။

## ကြည့်မြင်တိုင်အရိုးကုဆေးရုံ

ရန်ကုန်ကြည့်မြင်တိုင်မှာရှိတဲ့ အရိုးကုဆေးရုံအတွက်လည်း စက်ကိရိယာတွေ လှူဖို့အစီအစဉ်တွေရှိပါတယ်။ ခက်နေတာက ကျွန်တော့်ကို တူသားလိုခင်မင်ပြီး အကူအညီပေးနေတာဖြစ်တော့ ကျွန်တော် ရန်ကုန်ပြန်ရောက်မှ အဲဒီအရိုးကု စက်ကိရိယာတွေနဲ့ ဆေးပစ္စည်းတွေ ကြည့်မြင်တိုင်အရိုးကုဆေးရုံအတွက် ရမလို ဖြစ်နေပါတယ်။

မဖြူ ခွဲစိတ်ဒဏ်ရာ လုံးဝပျောက်သည်အထိ ကျွန်တော်တို့ မန္တလေးတွင်ရက်ပေါင်းနှစ်ဆယ်ကြာခဲ့ပါတယ်။ မမျှော်လင့်သည့်စရိတ်စကများသွားသဖြင့် မဖြူပြန်စရိတ်လေယာဉ်ခ မကျန်တော့ပါ။

"ဒေါ်ဖြူဆေးရုံက ဆင်းနိုင်ပြီ" ဟု ဒေါက်တာကျော်မြင့်နိုင် ပြောသောအခါ ကျွန်တော်က "ဆရာ ကျွန်တော်တို့ မီးရထားနဲ့ပြန်ရင်ဖြစ်မလား" ဟု မေးလိုက်ပါသည်။

ဒေါက်တာကျော်မြင့်နိုင်က "ဖြစ်ပါတယ်" လိုရမယ်ရ အန်တီ့ကို ကျွန်တော် ဗိုလ်လ်တာရင် (အကိုက်အခဲပျောက်ဆေး) တစ်လုံး ထိုးပေးလိုက်မယ်" ဟု ပြောပါသည်။

မန္တလေးဘူတာရုံကြီးက မနက် ၈ နာရီတွင် ရထားထွက်ခဲ့ပြီး ရန်ကုန်ဘူတာကြီးသို့ နောက်တစ်နေ့ မနက် ၉ နာရီတွင် ရထားဆိုက်ပါသည်။

ဒေါက်တာကျော်မြင့်နိုင် နောက်သုံးနှစ်အကြာ ရန်ကုန်သို့ ပြန်ရောက်သည့်အခါ အရိုးကု ကွန်ပျူတာထိန်းစက်ကိရိယာများနှင့် ဆေးပစ္စည်းနှင့်အတူ ကြည့်မြင်တိုင်အရိုးကုဆေးရုံသို့ ပြင်သစ်ဆရာဝန်များလာရောက်ကုသမည့်သတင်း ကြားခဲ့ရပါသည်။ အသက် ၈၂ နှစ်ရှိ ဓနုဖြူမြို့နယ်အသင်းဥက္ကဋ္ဌဟောင်း ဦးအုန်းခင် ညာဘက်ဒူးခေါင်းရိုးပျက်စီးနေသဖြင့် ဒေါက်တာကျော်မြင့်နိုင်နှင့် ကျွန်တော်ဆက်သွယ်ပေးခဲ့ပါသည်။ ဤအဆက်အသွယ်ဖြင့် ဦးအုန်းခင် ကြည့်မြင်တိုင်အရိုးကုဆေးရုံသို့ တက်ရောက်ကုသခဲ့သည်။ ဦးအုန်းခင်တွင် ဆီးချိုရောဂါရှိသဖြင့် ဆီးချိုကို အရင်ချပြီးမှ ပြင်သစ်ဆရာဝန်များနှင့် ဒေါက်တာကျော်မြင့်နိုင်တို့ ဦးအုန်းခင်၏ ပျက်စီးနေသည့် ဒူးထိပ်ရိုးတစ်ခုလုံးကို အစားထိုးလဲလှယ်ပေးခဲ့ရာ အောင်မြင်ခဲ့ပါသည်။ ရောဂါကြောင့် အိပ်ရာထက်လဲနေသော ဦးအုန်းခင် လမ်းပြန်လျှောက်နိုင်ပါသည်။ ဦးအုန်းခင်က ကြည့်မြင်တိုင်အရိုးကုဆေးရုံသို့ သိန်း ၃၀ လှူခဲ့ပါသည်။

ဇနီး မဖြူသည် သုံးကြိမ်တိုင် ပေါင်ထိပ်ရိုးကို ခွဲစိတ်ကုသခဲ့ရပါသည်။ နောက်ပိုင်းတွင် အကိုက်အခဲပျောက်ဆေး (Niclofanae) ကို နေ့စဉ် ညအိပ်ရာဝင်ချိန်တွင် ထိုးပေးခဲ့ရပါသည်။ ဇနီးမဖြူသည် ကျွန်တော့်ထက် သုံးနှစ်ကြီးပါသည်။ အရိုးပွရောဂါသည် မဖြူကို ကျွန်တော် ၁၃ နှစ်တိုင် ပြုစုခဲ့ရပါသည်။ ရောဂါသည် မဖြူသည် အလွန်အားနည်းလာသဖြင့် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ဆေးရုံကြီးနှင့်နီးသည့် ၁၈ လမ်းထိပ်ရှိ သားမောင် ရဲမြင့်အိမ်သို့ ပြောင်းခဲ့ရပါသည်။ ထိုအိမ် တွင်ပင် ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့ နံနက် ၅ နာရီတွင် လူကြီးရောဂါဖြင့် မဖြူ ညင်ညင်သာသာကွယ်လွန်ခဲ့ပါသည်။

**သခင်တင်မြ**

■

www.foreverspace.com.mm



LIVING COLOR. No.158, SEPTEMBER. 2008.


# သူတို့ဆီက အိုးအိမ်ကိစ္စ

ကိုဝမ်း

**ဘန်ကောက်တွင် ကျွန်တော်တည်းခိုသော အိမ်၏အဖွင့်က ၁၈ ပေခန့်ရှိ၏။ ခြံဝင်းတံခါးမှဝင်ဝင်ချင်း ၁၀ ပေခန့်က ကားထားရန်ဖြစ်သည်။ ယင်းမှ အုတ်လှေကားတစ်ထစ်တက်သော် အိမ်ဝင်ပေါက် ဖြစ်သည်။ အောက်ထပ်သည် ခန်းမကျယ်ကြီးဖြစ်ပြီး အပေါ်တက်မည့်လှေကားနှင့်ကပ်လျက်က အိမ်သာ၊ ရေချိုးခန်းဖြစ်သည်။ ရေချိုးခန်းရှေ့အပေါက်မှဝင်သော် မီးဖိုခန်းဖြစ်၍ အိမ်အဖွင့်အတိုင်း ရှည်လျား၍ အနံကမူ ငါးပေခန့်ရှိပြီး ထမင်းစားခန်းအဖြစ် အသုံးပြု၍ရသည်။ မီးဖိုကမူ ဂက်စ်မီးဖိုဖြစ်သည်။ ဂက်စ်ကုန်သော် လမ်းထိပ်ကုန်စုံဆိုင်သို့ ဖုန်းဆက်က တစ်လုံးယူလာကာ ပိုက်ဖြုတ်၍ ပြန်ဆက်ပေးသွားသည်။**

လှေကားမှတက်တက်ချင်းက ဘုရားခန်းဖြစ်သည်။ ဗုဒ္ဓဘာသာနိုင်ငံမို့ ဘုန်းကြီးဆွမ်းကျွေးဖို့ရန် ဘုရားခန်းကို အကျယ်ကြီးထားပေးသည်။ လှေကားနှင့် တည့်တည့်တွင် အပေါ်ထပ်ရေချိုးခန်း ဖြစ်သည်။ ရေချိုးခန်းရှေ့ လူသွားလမ်းငယ်၏ ဘေးတွင် တစ်ယောက်ခန်းဖြစ်သည်။ နောက်ဖေးကအိပ်ခန်းကမူ အိမ်အဖွင့်အတိုင်း အခန်းကျယ်ကြီးဖြစ်၍ အပြင်ထွက်သော် ဝရန်တာရှိသည်။ ဘုရားခန်းမှ အပြင်ထွက်လျှင်လည်း ဝရန်တာအတိုရှိသည်။ ခေတ်မီအိမ်တို့ထုံးစံနှင့်အညီ ခြင်လုံသံဆန်ခါတပ်ထားပါသည်။ ဤအိမ်ငှားခသည် ၁၉၉၀ ခုနှစ် ဘတ်သုံးထောင်ဖြစ်၍ ရေဖိုး၊ မီးဖိုးပေါင်းသော် ဘတ် ၄၅၀၀ ခန့်ကျသင့်လေသည်။ ယင်းဆွိုင်ပရာဝှစ်လမ်းဝင်ဝင်ချင်း လုံးချင်းအိမ်များဖြစ်သော်လည်း ဤအိမ်၏ ညာဘက်မှစကာ ဘယ်ဘက်လမ်းတစ်လျှောက်တွင် ဤအိမ်နှင့်အလားတူ ပုံစံတူ တစ်ဆက်တည်းဖြစ်လေသည်။ နောင်ဟိုနားဒီနားလမ်းလျှောက်ရင်းကြည့်သော် အလားတူ ပုံစံတူ အိမ်လုံးချင်းတွဲတွေကို မြင်တွေ့ရပါသည်။





များသောအားဖြင့်တော့ Apartment

www.foreverspace.com.mm



တွေနှင့် နေကြသည်။ ယင်းအပြင် ကွန်ဒို မိနီယံတွေလည်းရှိသည်။ ကွန်ဒိုက ပိုကြီးသည်။ အိပ်ခန်းနှစ်ခန်း၊ သုံးခန်းတွေပါသည်။ Apartment က အိမ်ခန်းတစ်ခန်းပါတာရှိသလို မပါတာလည်းရှိသည်။ ထိုင်းနိုင်ငံတွင် နိုင်ငံခြားသားမြေဝယ်ခွင့်မရှိပါ။ ဥပမာ–ယခုတည်းခိုအိမ်သည် မြေပါနေသောကြောင့် နိုင်ငံခြားသားက ဝယ်၍မရပါ။ Apartment တို့၊ ကွန်ဒိုမိနီယံတို့ကိုသာ ဝယ်ခွင့်ရှိသည်။ ဘန်ကောက်မြို့တော်တွင် ဆင်းရဲသားတဲအိမ်တွေရှိသည်။ တဲအိမ်ဆိုသော်လည်း သွပ်မိုးထားသည်။ တချို့အိမ်တွေက သွပ်လဲလှယ်သောအခါ အဟောင်းကို လွှင့်ပစ်သည်။ သူတို့အတွက် အဟောင်းပေးသည့် ဆင်းရဲသားအတွက်က ဖြင့် အကောင်းဖြစ်သည်။ ထို့ကြောင့် သူတို့ဆီမှာက ဆင်းရဲရတာတောင် သွပ်မိုးဖြင့် ဆင်းရဲလေသည်။

မလေးရှားကို စရောက်သောနေ့မှာပဲ ဘန်ဒါဘာရူးဆိုသည့် မြို့သစ်တစ်ခုကို ရောက်သွားခြင်းဖြစ်သည်။ အသိနေသော မြို့သစ်များလားဆိုပြီး လိပ်စာကိုင်၍ လိုက်ရှာသည်။ မြို့သစ်တွင် တိုက်လုံးချင်းလေးတွေကိုယ်စီဖြစ်၏။ လမ်းဖောက်ပြီးသား၊ ကတ္တရာလမ်းခင်းပြီးသား၊ ဓာတ်မီးတိုင်သွယ်ပြီးသား၊ ဘတ်စ်ကားပြေးပြီးသား။ အားလုံး အဆင်သင့်ဖြစ်သည်။ မြို့သက်တမ်း သိပ်မရှိသေးဟုတွက်ဆရသည်။ တိုက်တွေအားလုံးက အသစ်လတ်လတ်ဆတ်ဆတ်။ စိုက်ထားသောသစ်ပင်တွေက မကြီးသေးပါ။

ဟောင်ကောင်တွင် လူစည်ကားရာ၌ တိုက်ခန်းတွေဖြစ်သော်လည်း တချို့နေရာတွေက လုံးချင်းဖြစ်သည်။ ဟောင်ကောင် အိမ်မြေဈေးကွက် ကောင်းသည်။ တရုတ်ပြည်သို့မလွှဲမီ တချို့က ကနေဒါ၊ အမေရိကန် ပြောင်းသွားသည်။ သုံးနှစ်ခန့်နေပြီး ဟောင်ကောင်ပြန်လာသော အခါ ကိုယ့်အိမ်ကို ပြန်၍မဝယ်နိုင်တော့။ ဈေးက အဆမတန် ကြီးနေပြီဖြစ်သည်။

မကာအိုတစ်မြို့လုံးမှာက တိုက်ခန်းတွေဖြစ်သည်။ Hall Type တွေမဟုတ်ပါ။ အခန်းတွေဖွဲ့ထားသည်။ မကာအိုတွင် အိမ်ခြံမြေကုမ္ပဏီတွေက သူတို့အခန်းရှေ့မှာ အခန်းပုံစံနှင့် အနီးစပ်ဆုံးဈေးရေးရန် ကပ်ထားသည်။ ဝယ်လိုသူက အပြင်ကနေ လေ့လာ၊ ကြိုက်တာတွေ့သော် ဝင်၍စုံစမ်း။ အရောင်းချည်းမဟုတ်။ အငှားလည်းပါ၏။ အငှားက တစ်လခ ပွဲခပေးရသည်။ အရောင်းကမူ နှစ်ရာခိုင်နှုန်း ဖြစ်သည်။ တိုက်ခန်းအခေါ်အဝေါ်တွေက ဤသို့ဖြစ်သည်။ ယတ်ဖောင်းယတ်တင်း ဆိုသည်က တစ်ခန်းတစ်ထပ်၊ တင်းဆိုသည်က အမိုးဖြစ်သည်။ လျောင်ဖောင်းယတ်တင်းက နှစ်ခန်းတစ်မိုး (တစ်ထပ်) ဖြစ်သည်။ ဆမ်းဖောင်းလျောင်တင်းဆိုသည်က နှစ်ထပ်သုံးခန်းဖြစ်သည်။ တိုက်ခန်းကိုပဲ ပထမထပ်၊ ဒုတိယထပ်ရှိပြီး ကြောင်လိမ်လှေကားလို လှေကားအသေးဖြင့် ဆက်ထားသည်။ ရွှေ့ပြောင်းအလုပ်သမားတွေက အခန်းတစ်



www.foreverspace.com.mm

ခန်းကိုပဲ ငှားနေရသည်။ ဖိလစ်ပိုင်တွေက လူများရာ တစ်ဦးက စပေါ်တစ်လခတင်၍ တစ်ထပ်လုံးငှားလိုက်သည်။ နောက်အခန်းတွေကို ပြန်ငှားစားသည်။

သူတို့အရပ်မှာ တိုက်ခန်းဝယ်ရတာ လွယ်သည်။ ခိုင်မြဲသောအလုပ်တစ်ခုရှိက ဘဏ်က ပိုက်ဆံချေး၍ ဝယ်ရုံဖြစ်သည်။ ဘဏ်ကဝယ်မည့် တိုက်ခန်းကိုကြည့်ပါသည်။ ၁၅ နှစ်၊ အနှစ် ၂၀ ကြာမြင့်နေသော တိုက်ခန်းမျိုးဆိုက မချေးပါ။ အသစ် သို့မဟုတ် သင့်တင့်သောသက်တမ်းရှိသည့် တိုက်ခန်းကို ဝယ်ဖို့သာချေးသည်။ ၁၅ နှစ်ခန့် အတိုးအရင်းအရစ်ကျဆပ်ရပါသည်။

တိုက်ခန်းတွေ၏ အဝင်ဝတွင် နှိပ်ရန် ခလုတ်လေးများရှိ၏။ ဥပမာ–ငါးထပ် အေအခန်းဆိုတာ 5(A) ခလုတ်ကို နှိပ်ပါ။ ထိုအခါ ယင်းအခန်းတွင် အင်တာကောလ် (Inter Call) တွင် အသံမြည်သည်။ အိမ်ရှင်က စကားပြောခွက်ကိုမ၍ ဘယ်သူလဲဟု မေးသည်၊ လာသည့်သူက သူ့အမည် ပြောမည်။ ထိုအခါ လက်ခံပါက အိမ်ရှင်က တံခါးဖွင့်သည့်အပေါ်က ခလုတ်ကိုနှိပ်ကာ ဖွင့်ပေးလိုက်သောအခါ အဝင်ဝတံခါးက ပွင့်သွားကာ ဝင်၍ရသည်။ ယင်းတိုက်ခန်းများ၏ အဝင်ဝတံခါးများသည် လျှပ်စစ်ခလုတ်ဖြင့် အဖွင့်အပိတ်ပြုသည်။ ဖွင့်ပါပိတ်ပါများသော်ပျက်သည် (သို့မဟုတ်) တံခါးအသစ်လဲဖို့လိုမည်။ ဤတိုက်ခန်းများတွင်နေသောသူတွေက ကျသင့်သလောက်ပေး၍ ပြင်ကြရသည်။ ဤကဲ့သို့ တိုက်ခန်းများတွင် ဦးဆောင်ဦးရွက်ပြုသူ တစ်ဦးကို ရွေးထားကြသည်။ အများသုံး လှေကားဖြစ်ပေရာ ညစ်ပတ်သည်။ တစ်လ တစ်ခါသန့်ရှင်းရေးသမားကိုခေါ်၍ လှေကားကို ဆေးကြောသည်။ စပေါင်းကျခံကြရ၏။ ယခုအခါ ရန်ကုန်မြို့တွင်း အချို့ကွန်ဒိုများတွင် ဤအင်တာကောလ်အသုံးပြုမှုစနစ်ကို တချို့ဆောက်လုပ်ရေးလုပ်ငန်းများက အသုံးပြု၍နေပါပြီ။ ပို၍တောင် ခေတ်မီ၏။ မော်နီတာ (Monitor) ကင်မရာတပ်ထား၍ မည်သူလာသည်ကိုပင် အပေါ်က မြင်နိုင်သည်ဆို၏။

မကာအိုသည်မြို့ကျဉ်းလေးတွင် လူဦးရေ လေးသိန်းနေသည်ဖြစ်ရာ ကိုယ်ပိုင်အိမ်ရာခြံဝင်းက ရှိတော့ရှိ၏။ နည်း၏။ သူဌေးကြီးများသာနေနိုင်၏။ ဤသို့ နေတော့လည်း လုံခြုံရေးနှင့် မော်နီတာ ကင်မရာတပ်ထားပြီးနေကြရ၏။ တိုက်ခန်းက ဝင်းခြံထက်ပို၍ လုံခြုံ၏။ ထိုအရပ်တွင် တိုက်ခန်းဝယ်က အချို့က အပေါ်ဆုံးထပ်ကိုရွေးဝယ်၏။ အပေါ်ဆုံးထပ်ကို တစ်ထပ်ထပ်တင်ကာ မိမိနေ၏။ မူလအထပ်ကို အငှားချ၏။ သူတို့ဆီက အိမ်ခေါင်မိုးက သွပ်မိုးမဟုတ်ပါ။ အပေါ်ဆုံးထပ်ကို အင်္ဂတေလောင်းပြီးမိုးထားခြင်းဖြစ်သည်။ ထုမှာ ၈ လက်မ ၉ လက်မခန့် ထုသည်။ ယင်းသို့ အင်္ဂတေအမိုးမိုးထား၍ နောက်တစ်ထပ် ထပ်တင်၍ရခြင်းဖြစ်သည်။ ယင်းအထပ်သည် တရားမဝင်ပါ။ ကျွန်တော် ၁၀ နှစ်ကျော်နေခဲ့သော တိုက်ခန်းတွင် မြန်မာနိုင်ငံအိမ်ရှင်ဇနီးမောင်နှံက နှစ်ထပ်တောင် တင်ထားပါသေးသည်။ ဟောင်ကောင်သတင်းစာတွင် ဤကဲ့သို့ တရားမဝင်အထပ်တင်ထားမှုများကို အရေးယူမည်ဟု မကြာခဏရေးသားသည်။ တကယ်တော့ အစိုးရက မလုပ်ပါ။ ဒီအရပ်မှာက တရားမဝင်အထပ်တစ်ထပ်တင်သည်က ထုံးစံလို ဖြစ်လို့နေပါပြီ။

လိပ်စာတွင် တရုတ်လို တိုင်ဟာ၊ ပေါ်တူဂီလို Edificio အမည်ကို ထည့်ရေးရသည်။ လူနေတိုက်တိုင်းမှာ နာမည်ရှိသည်။ ကျွန်တော်နေခဲ့သောတိုက်က 'ယိတ်ထိုင်' ဖြစ်သည်။ ယင်းတိုက်ခန်းသည် အဖွင့် ၂၄ ပေရှိပြီး နောက်ကို ပေ ၃၀ ခန့်ရှိသည်။ ဟိုဘက်ခန်းနှင့်ကြားမှာ လှေကားရှိသည်။ ထို့ကြောင့် ယင်းအဆောက်အအုံသည် ၄၈ ပေပေါ်တွင် ဆောက်ထားခြင်းဖြစ်သည်။ နောက်ဖေးတိုက် ဟိုဘက်ခန်းဒီဘက်ခန်းကြားတွင် ၁၂ ပေပတ်လည်ခန့်လေဝင်ရန် ကွက်လပ်ရှိသည်။ အစိုးရကဆောက်သော တိုက်ခန်းလည်းရှိကာ ဈေးအနည်းငယ်သက်သာသည်။ အစိုးရတိုက်ခန်းကို ပုဂ္ဂလိကဝန်ထမ်းလည်း ဝယ်၍ရပါသည်။

သာမန် Apartment တိုက်ခန်းက သိပ်မမြင့်ပါ။ ခြောက်ထပ်က အမြင့်ဆုံးဖြစ်သည်။ ထို့ကြောင့် ယင်းကိုဆောက်သောအခါ ပိုင်တိုင်ရိုက်မသွင်းပါ။ အထပ် ၂၀ လို ကွန်ဒိုမျိုးဆောက်လျှင်တော့ ပိုင်ရိုက်သွင်းပါသည်။ ကွန်ဒိုတွင် ဓာတ်လှေကားပါသည်။ ဓာတ်လှေကားဖိုးက တစ်လကို ၃၀၀ ပါတာကပ် ကျသင့်သည်။ ပြီးတော့ လုံခြုံရေးလည်း ထားရသည်။ သန့်ရှင်းရေးစရိတ်လည်း ရှိသည်။ ကြမ်းကို အားလုံးက ပါကေးခင်းသည်။ ပြန်လည်မွမ်းမံခြင်း (Renovation) လုပ်သောအခါ ညစ်ပတ်နေသောကြမ်းကို စက်နှင့်စားပစ်ကာ ပေါလစ်တင်လေသည်။

ဤကား သူတို့အရပ်က အိုးအိမ်ပုံစံဖြစ်ပါသည်။

**ကိုဝမ်း**

■

**သူတို့အရပ်မှာ တိုက်ခန်းဝယ်ရတာ လွယ်သည်။ ခိုင်မြဲသောအလုပ်တစ်ခုရှိက ဘဏ်က ပိုက်ဆံချေး၍ ဝယ်ရုံဖြစ်သည်။ ဘဏ်ကဝယ်မည့်တိုက်ခန်းကို ကြည့်ပါသည်။ ၁၅ နှစ်၊ အနှစ် ၂၀ ကြာမြင့်နေသော တိုက်ခန်းမျိုးဆိုက မချေးပါ။ အသစ် သို့မဟုတ် သင့်တင့်သောသက်တမ်းရှိသည့်တိုက်ခန်းကို ဝယ်ဖို့သာချေးသည်။ ၁၅ နှစ်ခန့် အတိုးအရင်း အရစ်ကျဆပ်ရပါသည်။**

www.foreverspace.com.mm





# သူတို့လိုလူများ

မောင်မောင်တင်

**ကျွန်တော်သည် စီးပွားရေးအတွက် လုပ်ငန်းတစ်ခုလုပ်မည်ဟု တွေးတောကြံဆနေရာမှ နောက်ဆုံးတွင် ဆေးကုခန်းတစ်ခုကို ထူထောင်ဖြစ်ခဲ့ပါသည်။ နှစ်ပေါင်း ၃၀ အတွင်း တွေ့ကြုံခဲ့ရသော အဆိုးအကောင်းများကို စာဖွဲ့၍ မကုန်နိုင်သော်လည်း ဆေးကုခန်းထူထောင်သူများ၊ ဆေးကုပေးသောဆရာဝန်များ၊ ဆေးကုသခံယူသောလူနာများ၊ လူနာရှင်များ သိသင့်သိထိုက်သော အကြောင်းအရာများကို ရေးသားဖော်ပြခဲ့ရာ ယခုဆောင်းပါးတွင် ဆေးကုသရေးလုပ်ငန်းမှ အတုယူဖွယ်၊ လေးစားကြည်ညိုဖွယ်ကောင်းသော ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများအကြောင်းကိုလည်း ဖော်ပြလိုစိတ်ပေါ်လာပြန်ပါသည်။ သို့ဖြစ်၍ ဤဆောင်းပါးကို ထပ်မံရေးသားဖော်ပြလိုက်ရပြန်ပါသည်။**

ကျွန်တော်ဆေးကုခန်းကို ၁၉၇၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ အထူးကုဆရာဝန်များနှင့် မရင်းနှီးသော လူနာများရှိရာ ဒေသတွင် ဖွင့်လှစ်မိသားဖြစ်နေပါသည်။ မြို့သူမြို့သားအများစုသည် ရိုးရိုးဘွဲ့ရဆရာဝန်များနှင့် ကုသနေရာ ဆေးခန်းသွား၍ တစ်ခါပြလျှင် ငါးကျပ်မှ ၁၀ ကျပ်အတွင်းသာ ကုန်ကျပါသည်။ ထိုအချိန်အခါမျိုးတွင် အထူးကုဆေးခန်းတစ်ခန်းကို ဖွင့်လှစ်လိုက်ရာ လူနာတစ်ဦးလာပြလျှင် အထူးကုဆရာဝန်ကြီး၏ စမ်းသပ်ခမှာ ၃၂ ကျပ်ဖြစ်ပြီး ဆေးဖိုးနှင့် စာရွက်စာတမ်းကြေးပေါင်းလိုက်လျှင် ငွေ ၅၀ ကျပ်မပါလျှင် ဆေးမကုနိုင်တော့ပါ။ ဤတွင် မိတ်မရှိသေးသော ဆေးကုခန်းအသစ်တွင် ဈေးနှုန်းက ကြီးမြင့်နေ၍ လူနာတွေက မကြိုက်တော့ပါ။ အဲဒီဆေးခန်းက ဈေးသိပ်ကြီးတာ သူများထက် လေးဆလောက်ယူတယ်” ဆိုသော စကားသည် တစ်မြို့နယ်လုံး ပျံ့နှံ့သွားပါတော့သည်။

ကျွန်တော် ဆေးကုခန်းလုပ်ငန်းကို အတော်စိတ်ပျက်သွားပါသည်။ အထင်နှင့်လက်တွေ့သည် များစွာကွာခြားနေသည်ကို တွေ့ရပါသည်။ ဆေးကုခန်းလုပ်ငန်းကို စိတ်ပျက်နေစဉ် ကျွန်တော့်ကျောင်းနေဖက်သူငယ်ချင်းများမှ ဘွဲ့လွန်ဆရာဝန်ကြီးဖြစ်နေကြသောသူများက ကူညီကြပါသည်။ “သူငယ်ချင်း စိတ်မပျက်နဲ့၊ တို့တွေ ဆေးခန်းလာထိုင်ပေးမယ်၊ လူနာမရလည်း ညနေစာ ထမင်းစုစားပြီး ပြန်ကြတာပေါ့” ဟု ပြောပြီး ဆေးခန်းထိုင်ပေးကြပါသည်။ ထိုသူငယ်ချင်းများမှာ ဒေါက်တာဝင်းကို (သားဖွားမီးယပ်အထူးကု)၊ ဒေါက်တာလှမြင့်ချစ် (သမားတော်)၊ ဒေါက်တာမောင်ညို (မျက်စိ)၊ ဒေါက်တာရီရီမြင့် (နား၊ နှာခေါင်း၊ လည်ချောင်း) နှင့် ထိုသူငယ်ချင်းဆရာဝန်များ ပြောပေး၍ ဆေးခန်းထိုင်ပေးသော ဒေါက်တာ မောင်မောင်အေး (ခွဲစိတ်) တို့ပင် ဖြစ်ပါသည်။

ထိုဆရာဝန်ကြီးများအကူအညီဖြင့် ဆင်းရဲလျှင် ငွေမယူ၊ အခမဲ့ကုသပေး၊ ငွေ

www.foreverspace.com.mm



**ကျွန်တော် ရုံးခန်းတွင်ထိုင်ရင်း လေဘောဒုက္ခသည်များ၏ ကျန်းမာရေးကို တွေးတောပူပန်မိပါသည်။ စေတနာရှင်များ၊ ဆရာဝန်အသင်းအဖွဲ့များနှင့် အစိုးရတို့ တတ်နိုင်သရွေ့ ပံ့ပိုးကူညီနေကြသော်လည်း ပြည့်စုံမှုမရှိသေး။ လောလောဆယ် ဆေးမကုလျှင်မဖြစ်သောလူနာတွေ ဘယ်လောက်များ ကျန်နေသေးသလဲ၊ တို့ဆေးရုံက စေတနာရှင်ပါမောက္ခကြီးလိုလူမျိုးတွေ အများကြီးလိုမှာပဲ။ ဒီလို ပါမောက္ခကြီးတွေ အများကြီးရှိသော်လည်း ဘယ်ဆေးကုခန်းတွေက ကူညီပေးမှာလဲ။**

ပေးနိုင်သူလူနာများထဲမှ အနည်းဆုံး အခကြေးငွေကိုယူ၍ စခဲ့ကြရာ ခြောက်လကျော်လာသောအခါ အထူးကုဆရာဝန်များနှင့် ဆေးကုရသည်မှာ ထိရောက်ကြောင်း မြို့နယ်သူ၊ မြို့နယ်သားများ သိရှိလာကြပါသည်။ ကျွန်တော့်ဆေးကုခန်းသည် အရှိန်ရလာပါသည်။ အဆိုပါဆရာဝန်များသည် သူငယ်ချင်းအပေါ် ခင်မင်တွယ်တာမှုဖြင့် တစ်နှစ်ခန့် ကျွန်တော့်ဆေးခန်းကို ကူညီခဲ့ပြီး လူနာပေါင်းများစွာ ကုန်ကျမှုသက်သာစွာဖြင့် ရောဂါကုသပျောက်ကင်းစေခဲ့ပါသည်။

ကျွန်တော်ဆေးကုခန်းထူထောင်၍ ၁၅ နှစ်ခန့်ကြာသောအခါ အထူးကုဆရာဝန်များ စုံစုံညီညီရှိလာပါသည်။ သို့သော် လုပ်ငန်းတိုးချဲ့ရန် ငွေကြေးမနိုင်နင်းသေးသဖြင့် အတွင်းလူနာကို ခရီးဝေးလူနာများသာ ကုသပေးနိုင်ပြီး ပတ်ဝန်းကျင်မှလူနာများကို ဆေးခန်းတွင် ထားပေးနိုင်ခြင်းမရှိပါ။ ဆေးခန်းတွင် အသေးစားခွဲစိတ်ကုသနိုင်သောခွဲစိတ်ခန်းငယ် (Minor Theatre) တစ်ခုလည်း ထည့်သွင်းဖွဲ့စည်းထားပါသည်။ တစ်ရက်တွင် နယ်မှ အရေးတကြီးရောဂါနှင့် လူနာကို ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းမြင့်က စမ်းသပ်စစ်ဆေးပြီး ချက်ချင်းခွဲစိတ်ရမည်ဖြစ်သည်။ ရှိသည့်ခွဲစိတ်ခန်းတွင်ပင် ခွဲစိတ်မှ ဖြစ်မည်။ အချိန်စောင့်၍မရတော့ဟုပြော ပြီး မေ့ဆေးဆရာဝန်ကို အကြောင်းကြားခေါ်ယူပြီး ခွဲစိတ်လိုက်ပါသည်။ အောင်မြင်စွာခွဲစိတ်ပြီးသွားပြီဖြစ်၍ ထုံးစံအတိုင်း ငွေကြေးကိစ္စတောင်းခံရပါသည်။ လူနာရှင်က "ကျွန်တော်တို့မှာ ငွေကျပ် ၃၀,၀၀၀ ပါလာပါတယ်။ ဒါကလည်း အိမ်ကနွားများရောင်းထားတဲ့ငွေပါ၊ နောက်ထပ်ရောင်းစရာလည်း မရှိပါဘူး၊ လူနာက သိပ်အရေးကြီးတယ်ပြောလို့ ဒီရောက်အောင်လာခဲ့ရတာပါ"ဟု ပြောလိုက်သောစကားကြောင့် ကျွန်တော်က "ပေးနိုင်သလောက်သာ ပေးပါ၊ ခင်ဗျားတို့ပြန်ဖို့ စရိတ်လည်း ချန်ထားဦး"ဟု ပြောပြီး ပထမဆုံးသော ခွဲစိတ်လူနာတွင် ဒါနပြုခဲ့ရပါသည်။

နောက်ရက်များတွင် ခွဲစိတ်ဆရာဝန်ကြီးနှင့် မေ့ဆေးဆရာဝန်ကြီးကိုတွေ့ရာ လူနာအကြောင်းကို ပြောပြလိုက်ပါသည်။ "ကိစ္စမရှိပါဘူးဗျာ။ ဒါက အသက်မကယ်လို့မဖြစ်တဲ့လူနာ၊ နောက်နေ့ထိအောင် စောင့်လို့မရဘူး။ ကျွန်တော်တို့ စုပေါင်းပြီး ကုသိုလ်ယူလိုက်တယ်လို့ပဲ သဘောထားကြတာပေါ့"ဟု ပြန်ပြောပါသည်။ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းမြင့် (ယခု ပါမောက္ခအငြိမ်းစား) နှင့် မေ့ဆေးဆရာဝန်ကြီး ဒေါက်တာအောင်သိန်းထွန်း (တွဲဖက်ပါမောက္ခ) တို့သည် ယခုတိုင် ရှိလျှင်လျှော့ယူ၊ မရှိလျှင် လှူ၍ လူနာပေါင်းများစွာအသက်ကို ကယ်ဆယ်ခဲ့သော ဆရာဝန်ကြီးများ ဖြစ်ပါသည်။ ဆေးကုသရေးလုပ်ငန်း တိုးတက်လာသောအခါ ခွဲစိတ်ခန်းနှင့် သားဖွားခန်းများကို စနစ်တကျဖွဲ့စည်းဖွင့်လှစ်လိုက်ပါသည်။ ခွဲစိတ်မှု၊ မွေးဖွားမှုနှင့် အခြား ဆေးကုသမှုများလည်း များလာပါသည်။ သို့ဖြစ်၍ လူနာများအတွက် ပိုမိုထိရောက်သောကုသမှုဖြစ်ရေးအတွက် စဉ်းစားကြပါသည်။ ကျွန်တော်တို့ ကုမ္ပဏီ အုပ်ချုပ်နေသောဒါရိုက်တာများတွင် ဆရာဝန်များမပါဝင်၍မဖြစ်ကြောင်းကို တွေ့ရှိလာရပါသည်။ သို့ဖြစ်၍ အရင်းနှီးဆုံးနှင့် ဆေးကုခန်းတွင် အကြာဆုံးပါဝင်ကူညီနေသော ဆရာဝန်ကြီးများဖြစ်သည့် သမားတော်ကြီး ပါမောက္ခ ဒေါက်တာမာလာသန်း၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးပါမောက္ခ ဒေါက်တာ ဝင်းမြင့်၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်သိန်းဦးနှင့် မေ့ဆေးဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာ အောင်သိန်းထွန်းတို့ကို ဆေးကုသရေးတွင် အကြံပေးနိုင်ရန် အကြံပေးအဖွဲ့တစ်ခု ဖွဲ့စည်းလိုက်ပါသည်။

ပါမောက္ခဆရာဝန်ကြီးများက ဆေးကုသရေးတွင် ပါဝင်အကြံပေး၍ လူနာများအတွက် ငွေကြေးသက်သာမှု ဆေးဝါးပြည့်စုံမှု၊ စိတ်ချမ်းသာမှုများရရှိပြီး ရောဂါပျောက်ကင်း၍ ဆေးရုံမှဆင်းသွားကြသောလူနာများ များလာပါသည်။ ထိုအတောအတွင်း အမှန်တကယ်ဆင်းရဲနွမ်းပါးသူရောက်ရှိလာပါက ငွေကြေးကုန်ကျမှုအသက်သာဆုံးဖြစ်အောင် ဘယ်လိုဆောင်ရွက်သင့်သည်ကိုလည်း အကြံပေးကြပါသည်။

ပါမောက္ခဆရာဝန်ကြီးများအဖွဲ့သည် ဒါရိုက်တာအဖွဲ့နှင့်ပူးပေါင်းညှိနှိုင်း၍ လူနာများ စိတ်ချမ်းသာစွာ ဆေးကုသနိုင်ရေး၊ ငွေကြေးကုန်ကျမှု သက်သာရေးများကို အထူးအလေးထား ဆွေးနွေးကြပါသည်။

ကျွန်တော်သည် ဆေးကုသရေးလုပ်ငန်းကာလ နှစ်ပေါင်းများစွာတွင် အထူးကုဆရာဝန်ကြီးပေါင်းများစွာနှင့် တွဲဖက်အလုပ်လုပ်ကိုင်ခဲ့ရပါသည်။ ဆရာဝန်ကြီးအများစုနှင့် ရင်းနှီးချစ်ခင်ခဲ့ကြပြီး ကျွန်တော်တောင်းခံသော အကူအညီများကိုလည်း ပေးခဲ့သူများ ဖြစ်ပါသည်။ ဤသို့ ရင်းနှီး

www.foreverspace.com.mm

ချမ်းခင်ခဲ့ကြ၍ ကျွန်တော့်အား အကူအညီ
ပေးခဲ့ကြသော်လည်း လူနာများ ငွေကြေး
အခက်အခဲရှိ၍ အကူအညီတောင်းသော
အခါ အခမဲ့သော်လည်းကောင်း၊ လျှော့ချ
၍သော်လည်းကောင်း ကူညီသောဆရာဝန်
ကြီးများမှာ အနည်းငယ်သာ ရှိပါသည်။

ကျွန်တော်တို့လုပ်ငန်း ဒါရိုက်တာ
အဖွဲ့သည် ဆေးဝါးပြည့်စုံရေး၊ ရောဂါ
အမြန်ဆုံးပျောက်ကင်း၍ ငွေကြေးကုန်ကျ
မှုသက်သာရေးနှင့် လူနာများစိတ်ချမ်းသာ
ရေးကို အထူးကြိုးစားဆောင်ရွက်နေသော်
လည်း ငွေကြေးကုန်ကျမှုသက်သာရေးတွင်
ဆရာဝန်များပါမလာသည့်အခါ မည်သို့မျှ
ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ ထိုသို့တွေ့ကြုံ
ရသော ဆေးဝါးကုသမှု မချောမွေ့သည့်
အထဲမှ အထက်တွင်ရေးသားဖော်ပြခဲ့သော
ဆရာဝန်ကြီးများမှာ ကျွန်တော့်ဆေးကုသ
ရေးလုပ်ငန်းအတွက် မှတ်တမ်းတင်ချီး
ကျူးရမည့် ဆရာဝန်ကြီးများဖြစ်ပါသည်။

ကျွန်တော်ရေးသားဖော်ပြနေသော
ဆရာဝန်ကြီးများမှာ ပုဂ္ဂိုလ်ရေး ရင်းနှီးချီး
ကျူးစကားပြောနေခြင်းမဟုတ်၊ ပင်ကိုယ်
စေတနာရှိသူများသာဖြစ်ပါသည်။ အသေး
စိတ်အကြောင်းအရာများကို ရေးသားဖော်
ပြလျှင် ဆုံးမည်မထင်ပါ။ ထိုဆရာဝန်ကြီး
များနှင့်ပတ်သက်၍ပင် ရေးသားရန် ယခု
တွေ့ရပြန်ပါသည်။ နာဂစ်မုန်တိုင်းဒဏ်
မြန်မာတို့ ခံရသည်ကို ကမ္ဘာသိဖြစ်ပါ
သည်။ ကျွန်တော်တို့သည် ကျွန်တော်တို့
ဝန်ထမ်း ၃၂ ဦး မုန်တိုင်းဒဏ်ခံရ၍ ၃-
၅-၂၀၀၈ ညနေပိုင်းနှင့် ၄-၅-၂၀၀၈ တစ်
ရက်လုံး ကယ်ဆယ်ရေးများ လုပ်ကြပါ
သည်။ ထိုဝန်ထမ်းများအတွက် ဒါရိုက်တာ
အဖွဲ့က ငွေကျပ် ၂၄ သိန်း လှူဒါန်းလိုက်ရ
ပါသည်။ ဝန်ထမ်းထဲတွင် ဒဏ်ရာရသူမပါ
သည်မှာ ကံကောင်းလှပါသည်။

ကျွန်တော်နှင့် ဒါရိုက်တာအဖွဲ့ ဝန်
ထမ်းကိစ္စနှင့် အလုပ်ရှုပ်နေစဉ် ကျွန်တော့်
ဆေးခန်းမှ ပါမောက္ခကြီးများ လေဘေး
ဒုက္ခရောက်နယ်မြေများကို ဆင်းကြပါ
သည်။ ဆေးကုသမှုပေးသည်၊ လှူဖွယ်
ပစ္စည်းများ လှူကြပါသည်။ ကျွန်တော် လူ



၅၀ စာ အဝတ်အထည်များ လှူဒါန်းလိုက်
ပါသည်။ သို့နှင့် လေဘေးဒုက္ခ တဖြည်း
ဖြည်းငြိမ်းအေးသွားပြီ ဖြစ်ပါသည်။

သို့သော် တစ်နေ့သောနံနက် ၈ နာရီ
ခန့်တွင် လူနာတစ်ဦးနှင့် လူနာရှင်နှစ်ဦး
ရောက်လာပါသည်။ ခွဲစိတ်ကုသခံယူဖို့လာ
ခြင်းဖြစ်သည် ဆိုပါသည်။ ကျွန်တော်
အကြောင်းစုံကို မေးကြည့်ပါသည်။ ရန်
ကုန်တစ်ဖက်ကမ်း လေဘေးဒဏ်ခံရသည့်
မြို့နယ်မှ ဖြစ်ပါသည်။ ကျွန်တော့် ဆေးကု
ခန်းမှ ပါမောက္ခဆရာဝန်ကြီး သွားရောက်
စဉ်က ရောဂါကို တွေ့ပါသည်။ ခွဲစိတ်ရန်
လိုကြောင်းပြောရာ လေဘေးဒုက္ခသည်ဖြစ်
၍ ရန်ကုန်သို့လာပြီး ခွဲစိတ်ခံဖို့ မှာခဲ့သည်။
ငွေကြေးကုန်ကျမှုမရှိပါ၊ ဆရာက အခမဲ့
ခွဲစိတ်ပေးမည်ဟုပြောခဲ့ကြောင်း လူနာရှင်
က ပြောပြပါသည်။ ကျွန်တော်က ပါ
မောက္ခကြီးကို ဖုန်းဆက်၍ အကျိုးအ
ကြောင်းပြောပြသောအခါ ပါမောက္ခကြီး
က "ဟုတ်တယ် ကိုမောင်မောင်တင်ရေ သူ
တို့မှာ အခက်အခဲရှိတယ်၊ တတ်နိုင်တာလုပ်
ပေးပါ" ဟု ပြန်ပြောသည်။

လူနာကို ဆေးရုံတင်လိုက်ပါသည်။
နောက်နေ့ လူနာကို ခွဲစိတ်ကုသပါသည်။
ကျွန်တော်တို့က ထုံးစံအတိုင်း ကုန်ကျ
စရိတ်များတွက်ပါသည်။ ဆရာဝန်များခွဲ
စိတ်ခ၊ ခွဲခန်းခ၊ နားနေခန်းခ၊ သူနာပြုခနှင့်
လျှော့နိုင်သည့်ငွေကြေးကို လျှော့ချလိုက်ပါ
သည်။ လူနာရှင်က ငွေကျပ် ၆၀,၀၀၀
ထုတ်ပေးပါသည်။ သို့သော်လည်း ကျန်ငွေ
ရှိနေသေး၍ ကျွန်တော်တို့ဆေးခန်းမှ လှူ
လိုက်ရပါသည်။

ပထမလူနာဆင်းသွား၍ သုံးရက်
မြောက်နေ့တွင် ဒုတိယလူနာတစ်ဦးထပ်၍
ရောက်လာပြန်ပါသည်။ ကျွန်တော်တို့ မေး
မြန်းစုံစမ်းရာ ပါမောက္ခကြီး၏ လူနာပင်
ဖြစ်ပါသည်။ ထိုလူနာမဆင်းမီ တတိယ
လူနာ ထပ်မံရောက်ရှိလာပါသည်။ ဒုတိယ
လူနာအား ပထမဆုံးရောက်ရှိလာသော လူ
နာများအတိုင်း အကောင်းဆုံးဖြစ်အောင်၊
အသက်သာဆုံးဖြစ်အောင် စီစဉ်ဆောင်
ရွက်ပေးလိုက်ပါသည်။ လူနာများ ကျေနပ်
၍ ရောဂါပျောက်ကင်းသွားကြသည့်အ
တွက် ကျွန်တော်တို့ ဆေးကုခန်းမှလည်း
ဝမ်းသာကြည်နူးရပါသည်။

စတုတ္ထလူနာသည် တတိယလူနာနှင့်

www.foreverspace.com.mm



နှစ်ရက်ခြား၍ ရောက်လာပါသည်။ လူနာအား ခွဲစိတ်ကုသရမည့်အကြောင်းစုံ ရှင်းလင်းပြောကြားပြီး ဤသို့ခွဲစိတ်ကုသရသည့်အတွက် ကုန်ကျစရိတ်များရှိမှာဖြစ်ကြောင်း၊ ဆေးရုံမှဆင်းသွားသည်အထိ စုစုပေါင်း မည်မျှကုန်ကျမည်ဖြစ်ကြောင်း ရှင်းလင်းပြောပြပါသည်။ လူနာက ဆရာဝန်ကြီးကခေါ်၍ လာခဲ့ကြောင်း ငွေကြေးကုန်ကျမှု အနည်းငယ်သာဖြစ်မည်ဖြစ်ကြောင်း၊ မိမိတို့တွင် ယခုတွက်ပြသော ငွေကိုပေးနိုင်မည်မဟုတ်ကြောင်း ပြန်ပြောပါသည်။

ကျွန်တော်တို့သည် သက်ဆိုင်သည့် ပါမောက္ခဆရာဝန်ကြီးနှင့် ဆက်သွယ်စုံစမ်းရာ ယခုလူနာမှာ သူမှာထားသောလူနာဖြစ်ကြောင်း၊ ငွေကြေးကုန်ကျမှုကို မိမိကိုယ်တိုင် စိုက်ထုတ်ကုပေးသွားမှာဖြစ်ကြောင်း၊ လောလောဆယ်သာ ဆေးရုံတင်ထား၍ လိုအပ်သည်များ ပြည့်စုံအောင် ကူညီပေးထားဖို့လိုအပ်ကြောင်း၊ လူနာအတွက် စားစရိတ်ကိုပါ မိမိပေးမည်ဖြစ်ကြောင်း ပြောကြားပါသည်။

လူနာကို ဆေးရုံတင်လိုက်ပါသည်။ နံနက်စာ၊ ညစာ ကျွေးမွေး၍ထားပါသည်။ လူနာမှာ အမျိုးသမီးဖြစ်၍ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးက လာရောက်ကြည့်ရှုပြီး စိတ်ချမ်းသာစွာနေဖို့ မှာကြားသွားပါသည်။ ပါမောက္ခဆရာဝန်ကြီးက လူနာကုန်ကျစရိတ်အားလုံး သူကပေးမှာဖြစ်ကြောင်း ပြောပါသည်။

ကျွန်တော် ရုံးခန်းတွင်ထိုင်ရင်း လေဘေးဒုက္ခသည်များ၏ ကျန်းမာရေးကို တွေးတောပူပန်မိပါသည်။ စေတနာရှင်များ၊ ဆရာဝန်အသင်းအဖွဲ့များနှင့် အစိုးရတို့ တတ်နိုင်သရွေ့ ပံ့ပိုးကူညီနေကြသော်လည်း ပြည့်စုံမှုမရှိသေး။ လောလောဆယ် ဆေးမကုလျှင်မဖြစ်သောလူနာတွေ ဘယ်လောက်များကျန်နေသေးသလဲ၊ တို့ဆေးရုံက စေတနာရှင်ပါမောက္ခကြီးလို လူမျိုးတွေ အများကြီးလိုမှာပဲ။ ဒီလိုပါမောက္ခကြီးတွေ အများကြီးရှိသော်လည်း ဘယ်ဆေးကုခန်းတွေက ကူညီပေးမှာလဲ။ မေးခွန်းပေါင်းများစွာကိုတွေးတောနေစဉ် ကျွန်တော့်တယ်လီဖုန်း မြည်လာပါသည်။ ဖုန်းကိုကောက်ကိုင်လိုက်၍ "အမိန့်ရှိပါ" ဟု ကျွန်တော် ထူးလိုက်သောအခါ ကျွန်တော့်တပည့်မက "အန်ကယ် လေဘေးလူနာတစ်ဦး ထပ်ရောက်လာပါတယ်။ လူနာက သည်းခြေထုတ်ရမှာပါ၊ အဲဒါ ဒီမှာရှင်းပြတာ အဆင်မပြေလို့ အန်ကယ့်ကို ဆက်တာပါ" ဟု ပြောပါသည်။ "အေး . . . ငါ့ဆီလွှတ်လိုက်" လို့ ပြန်ပြောလိုက်ရပါသည်။

လူနာရှင်များ ကျွန်တော်ထံရောက်လာပါသည်။ လူနာကတော့ အသက် ၇၃ နှစ်ဖြစ်နေ၍ ဧည့်ခန်းမှာ နားနေရပါသည်။ လူနာရှင်များနှင့် စကားပြောကြည့်တော့ ယခင်လူနာများအတိုင်း ပါမောက္ခကြီးမှာ၍ လာကြောင်း၊ ပါမောက္ခကြီးက "အနည်းအပါးတော့ကုန်မယ်၊ ကျွန်တော်တို့က အခမဲ့ခွဲစိတ်ပေးမှာပါ" ပြော၍ ယနေ့လာကြောင်း ပြောပါသည်။ ကျွန်တော့်ဆေးရုံမှ ဝန်ထမ်းက ဒီရောဂါခွဲစိတ်ကုသရင် အားလုံးပေါင်း ငါးသိန်းကျော်ကုန်ကျမည်ပြောသည်။ ကျွန်တော်တို့က ဒီလောက်များများ ဘယ်လိုမှ မတတ်နိုင်ပါဘူးဟုပြောပြီး ကျွန်တော့်မျက်နှာကိုသာ ကြည့်နေပါသည်။ ကျွန်တော် ဘာအဖြေပေးရမည်မသိ၊ ပါမောက္ခဆရာဝန်ကြီးက ဘယ်လိုပြောခဲ့မှန်းလည်း မသိ၊ ကျွန်တော့်ကိုလည်း ကြိုတင်အကြောင်းကြားထားခြင်းလည်းမရှိပါ။ ကျွန်တော် ခေတ္တစဉ်းစားပြီး "ဒီလိုလုပ်ရအောင်၊ ခင်ဗျားတို့ ရန်ကုန်မှာတည်းဖို့ရှိလား"၊ "ရှိပါတယ်"၊ "ဒါဆို မနက်ဖြန်ရုံးချိန် တစ်ယောက် ကျွန်တော်နှင့် လာတွေ့ပါ။ ကျွန်တော် ပါမောက္ခဆရာဝန်ကြီးနဲ့တွေ့ပြီး အဆင်ပြေနိုင်အောင် စီစဉ်ပေးမည်" ဟု ပြောလိုက်ပါသည်။ လူနာနှင့် လူနာရှင်များ ဆေးခန်းမှ ပြန်သွားကြပါသည်။

လူနာများပြန်သွားသည်နှင့် ပါမောက္ခဆရာဝန်ကြီးကို ဖုန်းဆက်ပါသည်။ လေဘေးဒုက္ခသည် သည်းခြေရောဂါသည် အကြောင်း၊ ငွေကြေးအကြောင်း၊ လူနာ၏ သဘောထား၊ ဆေးကုခန်းမှ အကုန်အကျခံနိုင်မည့်အင်အား စသည် စသည်များ တသီတတန်းကြီး ပြောပြလိုက်ပါသည်။ ဆရာဝန်ကြီးက သူဘက်က အခကြေးငွေ လုံးဝမယူဘဲ ခွဲစိတ်ပေးမှာဖြစ်ကြောင်း ပြန်ပြောပါသည်။ ကျွန်တော်တပည့်များနှင့် သေသေချာချာတွက်ချက်၍ စုစုပေါင်း ကျပ်နှစ်သိန်းထက် ပိုမကုန်အောင် ဆောင်ရွက်ရန် ညွှန်ကြားလိုက်ပါသည်။

နောက်တစ်နေ့ လူနာရှင်လာသောအခါ သေချာစွာရှင်းလင်းပြောပြပြီး ဆေးရုံကို တက်ပါ။ ယခုပြောပြသည့်ငွေကိုလည်း ချက်ချင်းကြီးပေးရန်မလိုဘဲ ဆေးရုံတက်နေစဉ်အတွင်း ပေးသွင်းသွားရန် ပြောပြပါသည်။ လူနာရှင်က သဘောတူပါသည်။ ယင်းနေ့တွင်ပင် လူနာကို ဆေးရုံတင်၍ နှစ်ရက်အကြာတွင် ခွဲစိတ်ကုသလိုက်ပါသည်။ လူနာ ကျန်းမာပါသည်။ လူနာရှင်များလည်း ဝမ်းသာပါသည်။ ဆရာဝန်ကြီးနှင့်အဖွဲ့ကို ကျေးဇူးတင်ကြောင်း ပြောကြားပါသည်။ ကျွန်တော် တတ်နိုင်သောဒါန ပေးလှူရ၍ ပီတိဖြစ်ရပါသည်။

ကျွန်တော် ဒုက္ခသည်လူနာများကို မျှော်နေမိပါသည်။ သို့သော် ကျွန်တော်မျှော်နေသည်မှာ ကျွန်တော်တတ်ကျွမ်း၍ မဟုတ်ပါ။ ကျွန်တော်အားကိုးအားထားပြုနေရသော ဆရာဝန်ကြီးများကြောင့်ဖြစ်ပါသည်။ ထိုဆရာဝန်ကြီးများသည် ကျွန်တော်ဖြစ်ချင်သော ဆေးကုသရေးအစီအစဉ်ကို ဖြစ်အောင်ကူညီပေးနေကြသောကြောင့် ဖြစ်ပါသည်။


ကျွန်တော်တို့ဆေးကုခန်း၏ တိုးတက်ရေး ကူညီပေးသောဆရာဝန်ကြီးများ၊ လူနာများရောဂါပျောက်ကင်းချမ်းသာအောင်၊ ငွေကြေးကုန်ကျမှုသက်သာအောင် အစဉ်တစိုက်စေတနာထားသော ဆရာဝန်ကြီးများ၊ စေတနာအပြည့်အဝဖြင့် ကူညီကြသော တာဝန်ခံဆရာဝန်များ၊ ဆရာမများနှင့် ဝန်ထမ်းများကို ကျွန်တော်တို့ ဒါရိုက်တာအဖွဲ့က အမြဲတမ်းကျေးဇူးတင်မိနေကြောင်း ဖော်ပြလိုက်ရပါသည်။

**မောင်မောင်တင်**

www.foreverspace.com.mm



ယခင်လမှအဆက် . . .



**ရုပ်ရှင်သရုပ်ဆောင်၊ မော်ဒယ်လ် Kathy Ireland**

# သူဌေးဖြစ်နည်း လျှို့ဝှက်ချက် ၁၂

ဦးလှဝင်း (လေသူရဲတစ်ဦး)

ကေသီ စီးပွားရေးလောကမှာ ဘာကြောင့်အောင်မြင်ရတာလဲ။ ဘာကြောင့် သူဌေးဖြစ်ခဲ့ရတာလဲ။ သူမ သူဌေးဖြစ်ခဲ့ရတဲ့ အဓိကလျှို့ဝှက်ချက်က ဘာလဲ။ ဒီမေးခွန်းတွေရဲ့အဖြေက တစ်ခုပဲရှိတယ်ခင်ဗျာ။

သူမဟာ သူမမှာ ရှိပြီးသား ရှိနေတဲ့ အင်အားတွေကို ချသုံးတတ်တယ်။

သူမရဲ့ အဓိကနဲ့ ပထမအင်အားက ဘာလဲ။

ကျော်ကြားမှုခင်ဗျာ။

သူမဟာ မော်ဒယ်အနေနဲ့လည်း ကျော်ကြားတယ်။

ရုပ်ရှင်မင်းသမီးအနေနဲ့လည်း ကျော်ကြားတယ်။

ကြော်ငြာမယ်အနေနဲ့လည်း ကျော်ကြားတယ်။

သူမဟာ စီးပွားရေးလောကကို မဝင်ခင်ကတည်းက ပြည်သူလူထု အဲ . . . စား သုံးသူလူထုက သိနေကြပြီ။

ဒီလိုကျော်ကြားသူတွေရဲ့ လုပ်ရပ်အကုန်လုံးကို ပြည်သူလူထုက စိတ်ဝင်စားတယ်။

ဒီလိုစိတ်ဝင်စားတော့ စာနယ်ဇင်းသမားတွေကလည်း သူမအနောက်မှ အမြဲရှိတယ်။

ကေသီနဲ့သတင်းဆိုတာ ခွဲခြားလို့မရဘူး။

သူမလုပ်ဆောင်ချက်အားလုံးက သတင်းဖြစ်နေတယ်။ ဒီလိုသတင်းဖြစ်နေတော့ စာနယ်ဇင်းသမားတွေက သူ့ထက်ငါလုပြီး သတင်းအဖြစ် ဖော်ပြကြတယ်။

ဒီလိုဖော်ပြတော့ စားသုံးသူပြည်သူလူထုက ကေသီရဲ့ ကုန်ပစ္စည်းတွေအပေါ်မှာ စိတ်ဝင်စားတယ်။ ဒီလိုစိတ်ဝင်စားတော့ အစမ်းအဖြစ် ဝယ်သုံးကြတယ်။ ဒီလို ဝယ်သုံးတော့လည်း ကေသီ့ပစ္စည်းက မညံ့ ဘူး။ ကောင်းတယ်။

ဈေးနှုန်းကလည်း တခြားဈေးကွက်ဝင်ပြီး ပစ္စည်းတွေနဲ့ ယှဉ်နိုင်တယ်။

အဲဒီလိုကောင်းလည်းကောင်း၊ ဈေးနှုန်းကလည်းမှန်တယ်ဆိုတော့ စားသုံးသူတွေရဲ့ အားပေးမှုကို အလွယ်တကူ ရနိုင်

www.foreverspace.com.mm

ကာပေါ့ခင်ဗျာ။

ဒီလို မိမိရဲ့အောင်မြင်ကျော်ကြားမှုကို လက်နက်တစ်ခုအဖြစ် သုံးတတ်ကြတာကတော့ တကယ်တော့ မဆန်းပါဘူး။

စီးပွားရေးလောက အောင်မြင်မှုတစ်ခုအတွက်သာ သုံးတာမဟုတ်ပါဘူး။ တခြားလောကတွေမှာလည်း လက်နက်အဖြစ် သုံးတတ်ကြပါတယ်။

ဥပမာ . . . နိုင်ငံရေးလောက. . .။

အမေရိကန်သမ္မတကြီး အိုက်စင်ဟာဝါ။

ဒီပုဂ္ဂိုလ်ဟာ ဒုတိယကမ္ဘာစစ်ကြီး မတိုင်ခင်က ဒုတိယဗိုလ်မှူးကြီးအဆင့်ပဲ ရှိပါတယ်။ သူ့ကိုယ်သူ ဗိုလ်မှူးကြီးအဆင့် လောက်နဲ့ပဲ သူ့ဘဝဟာ ဇာတ်သိမ်းရတော့မယ်၊ ပင်စင်ယူရတော့မယ်လို့ ထင်ခဲ့တယ်။

ဟော . . . ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာတယ်။

အိုက်စင်ဟာဝါဟာ အောင်ပွဲတွေ တစ်ခုပြီးတစ်ခုရပြီး ဗိုလ်ချုပ်ကြီးဖြစ်လာတယ်။ စစ်သေနာပတိကြီးအဖြစ် အမေရိကန်ပြည်ထောင်စုသာ မဟုတ်ဘူး။ ကမ္ဘာတစ်ခုလုံးမှာပဲ ကျော်ကြားထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်လာတယ်။


ဒီကျော်ကြားမှုကို လက်နက်အဖြစ် သုံးပြီး နိုင်ငံရေးလောကကို ဝင်တယ်။

သမ္မတရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်တယ်။

ဟော . . . စစ်ကြီးပြီးလို့ ဘာမှမကြာဘူး။ သမ္မတကြီး တက်ဖြစ်သွားတယ်။

အိုက်စင်ဟာဝါဟာ ဒုတိယကမ္ဘာစစ်ကြီးဆိုတာ မဖြစ်လာဘူး။ ဗိုလ်ချုပ်ကြီးအဆင့်ဆိုတာကို မရောက်လာခဲ့ဘူး။ မဟာမိတ်တပ်တွေအားလုံးရဲ့ စစ်သေနာပတိအဖြစ် ကျော်ကြားတဲ့ပုဂ္ဂိုလ်ကြီးသာ မဖြစ်လာဘူးဆိုရင် သူ့ကို အမေရိကန်ပြည်သူလူထုက သိမှာမဟုတ်ဘူး။

ဘယ်လိုမှ သမ္မတရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နိုင်မှာ မဟုတ်ဘူး။



**အမေရိကန်သမ္မတ အိုက်စင်ဟာဝါ**

သမ္မတအဖြစ် အရွေးခံစရာ မရှိပါဘူး။

စစ်ကြီးကြောင့် အလွန်ကျော်ကြားတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ခဲ့ပြီး နောက်ဆုံး အမေရိကန်ပြည်ထောင်စုရဲ့ အကြီးမြင့်ဆုံးရာထူးဖြစ်တဲ့ သမ္မတဆိုတဲ့ရာထူးကို ရအောင်ယူနိုင်ခဲ့တာပါ။

မြန်မာနိုင်ငံမှာလည်း အောင်မြင်ကျော်ကြားမှုတွေကို လက်နက်အဖြစ်သုံးပြီး စီးပွားရေးလောကကို ဝင်နိုင်ခဲ့တဲ့လူတွေ ရှိပါတယ်။

ဥပမာ . . . ဆရာကိုဝင်းဦး . . . ။

ကွယ်လွန်သွားတဲ့ မင်းသားဝင်းဦးပါခင်ဗျာ။

သူ့ခေတ်မှာ သူဟာ မြန်မာတစ်နိုင်ငံလုံး မသိတဲ့လူမရှိတဲ့အဖြစ်မျိုးရောက်အောင် ကျော်ကြားခဲ့ပါတယ်။

ရုပ်ရှင်မင်းသားအနေနဲ့လည်း ကျော်ကြားတယ်။

ဂီတအနုပညာရှင် . . . တေးသံရှင်အဖြစ်လည်း ကျော်ကြားတယ်။

နောက် . . . စာရေးဆရာအဖြစ်လည်း ကျော်ကြားတယ်။ ရုပ်ရှင်သရုပ်ဆောင်ကောင်းသလို သူ သီချင်းလည်း ဆိုနိုင်တယ်။ စာရေးနိုင်တယ်။

ဘုရားပေးကုသိုလ်ကောင်း ကံအကျိုးပေးကောင်းတာတွေ သူ့မှာ အများကြီး ရှိပါတယ်။

အထူးသဖြင့် ရုပ်ရည်အားဖြင့်လည်း အလွန်ချောတဲ့ပုဂ္ဂိုလ်ပါ။

ဘယ်လောက်တောင် ချောတဲ့ပုဂ္ဂိုလ်

www.foreverspace.com.mm

ဖြစ်သလဲဆိုရင် ၁၉၈၈ ခုနှစ် အရေးအခင်းကြီးဖြစ်နေတဲ့အချိန်မှာ သူ့အိမ်ကို ကျွန်တော်ရောက်သွားတယ်။

မြို့ထဲကအိမ်ပါ။

ဆရာမင်းယုဝေ၊ ဆရာပါရဂူတို့နဲ့ အတူ ရောက်သွားတာပါ။

အဲဒီအချိန်မှာ သူ မကျန်းမာတော့ဘူး။ ကင်ဆာဝေဒနာ ခံစားနေရပါပြီ။

ကျွန်တော်တို့ရောက်သွားတဲ့အချိန်မှာ သူ ကွပ်ပျစ်လို လျောင်းလို့လှဲလို့ရတဲ့ နေရာလေးမှာ ပက်လက်ကလေး အိပ်နေတယ်။ ကျွန်တော်တို့ဝင်သွားမှ လှဲနေရာက ထထိုင်ပြီး နှုတ်ဆက်ပါတယ်။

အဲဒီအချိန်မှာ သူဟာ ဝေဒနာသည်ပါ။

မကြာခင် ကွယ်လွန်တော့မယ့် ပုဂ္ဂိုလ်ပါ။

တော်တော်လေး ပိန်ချုံးနေပါပြီ။

အဲ . . . ဒါပေမဲ့ခင်ဗျား။ သူ့မျက်နှာလေးဟာ ချစ်စရာလေးကို လှနေပါတယ်။ အသားအရောင်ကလည်း မပျက်ဘူး။

ဖြူဝါဝါ . . . ။

ဆင်စွယ်ရောင်နဲ့တူတဲ့ အသားအရောင်ပါ။

ဆံပင်လည်း မဖီးထားဘူး။ ကျွန်တော်တို့မြင်မှ လက်နဲ့သပ်ပြီး ဖီးလိုက်ပါတယ်။

"ဆရာ ကျန်းမာရေးသာ မကောင်းဘူးလို့ ပြောတယ်။ ခုချိန်ထိ ချောတုန်းပဲ"

ကျွန်တော်ပြောလိုက်မိသော စကားပါ။

"ကျေးဇူးတင်ပါတယ် ဆရာလေးသူရဲ"

**ရုပ်ရှင်သရုပ်ဆောင်၊ တေးသံရှင် စာရေးဆရာ အကယ်ဒမီဝင်းဦး**



သူက နှစ်ခြိုက်စွာ ချစ်စဖွယ်ပြုံးပြီး ကျွန်တော့်ကို ပြန်ပြောလိုက်ပါတယ်။

သူ့အသံဟာ အလွန်တိုးနေပါတယ်။

အဲဒီအကြိမ်ဟာ သူ့ကို ကျွန်တော် နောက်ဆုံးမြင်တွေ့ခဲ့ရခြင်းပါပဲ။

နောက် မကြာခင် သူကွယ်လွန်သွားပါတယ်။

ဆရာကိုဝင်းဦးဟာ အနုပညာကို ဝါသနာပါသလို စီးပွားရေးကိုလည်း စိတ်ဝင်စားပါတယ်။

သူ့ရဲ့ စန္ဒာရုပ်ရှင်၊ စန္ဒာမဂ္ဂဇင်း ...။

ရုပ်ရှင်ရော၊ မဂ္ဂဇင်းရော နှစ်ခုလုံး အောင်မြင်ပါတယ်။

ရုပ်ရှင်ကတော့ ကျွန်တော့်လိုင်း မဟုတ်လို့ ကျွန်တော် မဝေဖန်ချင်ပါဘူး။

မဂ္ဂဇင်း . . . ။

စန္ဒာမဂ္ဂဇင်း . . . ။

ဘာကြောင့် စန္ဒာမဂ္ဂဇင်း အောင်မြင်ရသလဲ။

မဂ္ဂဇင်းသစ်တစ်ခုအနေနဲ့ ကျွန်တော်တို့ စာပေလောကမှာ ဝင်တိုးဖို့ဆိုတာ အလွန် ခက်ပါတယ်။

ဆရာကိုဝင်းဦးရဲ့ စန္ဒာမဂ္ဂဇင်းဟာ စထွက်ကတည်းက အောင်မြင်ပါတယ်။

ပြည်သူလူထု စိတ်ဝင်စားတယ်။

ဝယ်ချင်သူများတယ်။

ကျွန်တော်မှတ်မိသလောက် စန္ဒာမဂ္ဂဇင်းရဲ့ အားသာချက်ဆိုလို့ စာအုပ်အဆင်အပြင်လှတယ်။

ဒီတစ်ခုပဲ ချီးမွမ်းမယ်ဆိုရင် ချီးမွမ်းစရာရှိပါတယ်။


တခြားအထူးအလေးပေးပြီး ထောက်ပြစရာ၊ ချီးမွမ်းစရာတွေ မရှိပါဘူး။

ဒါပေမဲ့ စောစောက ကျွန်တော် တင်ပြသလို စန္ဒာမဂ္ဂဇင်းဟာ အရှိန်အဟုန်နဲ့ အောင်မြင်တဲ့ မဂ္ဂဇင်းတစ်ခု ဖြစ်ခဲ့တယ်။

ဘာကြောင့် အောင်မြင်ရသလဲ။

ကိုဝင်းဦးရဲ့ အရှိန်ကြောင့်ပါ။ ကိုဝင်းဦးရဲ့ အောင်မြင်မှု၊ ကျော်ကြားမှု၊ ပြည်သူအများသိတဲ့ ထင်ရှားကျော်ဇောမှုတွေကို ကိုဝင်းဦးက သူ့စီးပွားရေးလုပ်ငန်းမှာ လက်နက်အဖြစ် သုံးတတ်ခဲ့လို့ပါပဲ။ ဆရာ ကို

www.foreverspace.com.mm







**ဝင်းဦးထုတ်ဝေခဲ့သည့် စန္ဒာမဂ္ဂဇင်းများ**

ဝင်းဦးမှာ စီးပွားရေးနဲ့ပတ်သက်ပြီး ထူးခြားတဲ့ ဘုရားပေးပါရမီ (Gift) တွေ ရှိပါတယ်။

မှန်ပါတယ်ခင်ဗျာ။

တကယ်တော့ ကိုဝင်းဦးဟာ သူဌေးမကြီးကေသီလို စီးပွားရေးတစ်ခုတည်းကို တကယ်ဇောက်ချလုပ်ခဲ့မယ်၊ ကေသီလို အကွက်မြင်မယ်၊ အသုံးချတတ်မယ်။ အဲ . . . နောက် အသက်လည်း ရှည်ခဲ့မယ်ဆိုရင်ပေါ့ဗျာ။ သူဟာ မြန်မာနိုင်ငံမှာ အလွန်ချမ်းသာတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်လာနိုင်ပါတယ်။

ဆရာကိုဝင်းဦးရဲ့ အဓိကအားနည်းချက်က စီးပွားရေးထက် အနုပညာကို ပိုခုံမင်တယ်။ စီးပွားရေးလောကကို ပိုအချိန်ပေးဖို့ထက် အနုပညာလောကကို ပိုအချိန်ပေးခဲ့တယ်။ မီးမောင်းအောက်မှာ နေရတဲ့ ဘဝကို ပိုသာယာတယ်။ ဒါတောင်မှ ...။

ကျွန်တော် မှတ်မိသေးတယ်။

ဆရာဦးလောယုံခြံလို့ ထင်ပါတယ်။

အင်းလျားကန်နဲ့ ကပ်လျက်မှာ ဝင်းခြံအကျယ်ကြီးနဲ့ အိမ်ကြီးတစ်လုံးကိုလည်း သူဝယ်ခဲ့ဖူးသေးတယ်။ အဲဒီအိမ်တစ်လုံးပဲ ဒီနေ့ သူ့လက်ထဲမှာ ကျန်နေမယ်ဆိုရင် အနည်းဆုံး အမေရိကန်ဒေါ်လာ ဆယ်သန်းလောက်နဲ့ သူပြန်ရောင်းစားနိုင်ပါလိမ့်မယ်။

ဒေါ်လာနဲ့ကို သန်းချီချမ်းသာတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်လာနိုင်တာပေါ့ခင်ဗျာ။

မှန်ပါတယ်။

ကျွန်တော် ရတနာလောကမှာ အောင်မြင်ခဲ့ရတာလည်း ကျွန်တော့်ရဲ့ စာပေနယ်ပယ်က ကျော်ကြားမှုတွေကို စီးပွားရေးလောကမှာ လက်နက်အဖြစ် သုံးတတ်ခဲ့လို့ပါပဲ။

၁၉၉၀ ခုနှစ်အထိ ရန်ကုန်ရတနာကုန်သည်လောကမှာ ကျွန်တော့်ကို ရတနာကုန်သည်အဖြစ် ဘယ်သူမှ မသိပါဘူး။

မိုးကုတ်သားပတ်ဝန်းကျင်ကွက်ကွက်လေးမှာပဲ ကျွန်တော့်ကို သိကြတဲ့သူတွေရှိပါတယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်းကစပြီး ရန်ကုန်ရတနာကုန်သည်လောကဟာ ပြောင်းသွားတယ်။

ရတနာလုပ်ငန်းအပေါ်မှာ စိတ်ဝင်စားတဲ့လူတွေ အလွန်များလာပါတယ်။

ကျောက်မျက်ရတနာဆိုင်တွေ၊ ရွှေဆိုင်တွေ အများကြီးပေါ်လာတယ်ခင်ဗျာ။

မြန်မာ့ဆိုရှယ်လစ်ပါတီခေတ်တစ်ခုလုံးမှာ ကျောက်မျက်ရတနာအလုပ်ဆိုတာ တိုးတိုးတိတ်တိတ်လုပ်ရတဲ့ခေတ် ခင်ဗျာ။ ကိုယ် ဒီအလုပ်လုပ်စားတာကို လူသိများလေ ကိုယ့်အတွက် ရင်ဆိုင်ရနိုင်တဲ့အန္တရာယ်တွေက များလေပဲ။

တိုးတိုးတိတ်တိတ် ပိပိရိရိနဲ့ လိမ်လိမ်မာမာလုပ်ကိုင်တတ်၊ နေတတ်လေ အန္တရာယ်ကင်းလေ၊ အောင်မြင်မှုရလေပဲ ခင်ဗျာ။

၁၉၈၈ ခုနှစ်နောက်ပိုင်းကျတော့ ကျွန်တော်တို့ ကျောက်မျက်စီးပွားရေးလောကရဲ့ အနေအထားက လုံးဝပြောင်းပြန်ကြီး ဖြစ်သွားတယ်ခင်ဗျ။

စောစောက ကျွန်တော်တင်ပြသလို လူသစ်တွေ အများကြီး တိုးဝင်လာတယ်။

အဲဒီအထဲမှာ အရင်းအနှီးအမြောက်အမြားနဲ့ ဝင်လာသူတွေလည်းပါတယ် ခင်ဗျာ။

အဲဒီလူမျိုးတွေကို ကျွန်တော်တို့ လူဟောင်းတွေက အကြောက်ဆုံးပဲ။

စီးပွားရေးလောကမှာ ငွေအားနဲ့ဖိပြီး သတ်တာကို ခံရရင် ပြန်သတ်ဖို့ဆိုတာ မလွယ်ဘူး။ ဒါကို ကုန်သည်ကြီးတိုင်းသိပါတယ်။

ဒီလူတွေမှာ အားနည်းချက်တစ်ခုကတော့ ရှိပါတယ်။ ရတနာလောကမှာ ကျွန်တော်တို့ လူဟောင်းတွေလို ပညာမရှိဘူး။ အတွေ့အကြုံမရှိဘူး။

ဒါပေမဲ့ . . . ပိုက်ဆံချမ်းသာတဲ့၊ ငွေအားရှိတဲ့လူတိုင်းက မညံ့ကြဘူးခင်ဗျာ။ သူတို့မှာ ဉာဏ်ရှိတယ်။ မညံ့လို့လည်း ပိုက် ဆံရှိ၊ ငွေအင်အား ရှိနေကြတာပေါ့။

ဆက်လက်ဖော်ပြပါမည်။

**ဦးလှဝင်း (လေသူရဲတစ်ဦး)**